# ရွှေသွေး ဂျာနယ်

## ပေါင်းချုပ်



အတွဲ·၅·အမှတ်·၁·မှ·၂၆ထိ

အတွဲ ၅ အမှတ် ၁

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခုပြာသိုလဆန်း ၃ရက်(၆-၁-၇၃)





စနေနေ့တိုင်းထုတ်ဝေသည်။

ပန်းချီ-ဦးဘကြည်

# “အဘအို”


ဇါတ်လမ်း-ရန်အောင်




အဘအိုသည် အိမ်ကလေးတွင် သူငယ်လေး တယောက်နှင့်နေစဉ်–
အဖေက– ထီပေါက်တဲ့ငွေလို– အဖေ မသေခင် သား သမီးတွေ ပေးရမှာစိုးလို့ တယောက်ထဲ ခွဲနေ တာပေါ့ လေ
အဖေ မသေခင် အလှူဒါန ပြုသွားချင် လို့– သား သမီးတွေကို မပေးနိုင်တာပါ
တနေ့တွင် မောင်ကြီးရောက်လာ၏။
အဖေ တသိန်းတောင် ထီပေါက်တာဘဲ၊ သား သမီးတွေကို–တသောင်းစီ လောက်. ခွဲပေး ပါလား အဖေရယ်
သားသမီးတွေကို လူလား မြောက်အောင် ကျွေးမွေးခဲ့–ပညာ သင်ပေးခဲ့ တာဟာ တယောက်အတွက် တသောင်းမက ကုန်ခဲ့ပါပြီ ကွယ်။
ရက်များမကြာမီ မောင်လတ် ပေါက်လာ၏။
..အဖေ့ ငွေကို . ကျွန်တော် မလိုချင်ပါဘူး၊ အဖေ . ကျွန် တော်တို့အိမ် လာနေပါ၊
သား သမီး တွေကို ဒုက္ခ မပေးချင် တော့ပါဘူး ကွယ်
နောက်တနေ့တွင်မောင်ငယ် လာပြန်သည်။
အဖေ တယောက်ထဲ မနေပါနဲ့။ ကျွန်တော် ကျွေးထားပါ့မယ်။ အဖေ့ ငွေကို ကျွန် တော် မယူပါဘူး
အဖေတယောက်ထဲ နေတာဟာ– ရည် ရွယ် ချက် ရှိ လို့ ကွယ်
ရက်အနည်းငယ်အကြာ မောင်ထွေး လာ၍–
ငွေ တွေ အားလုံး – လှူပစ်ခဲ့ ဘို့ရည်ရွယ်ချက်လား
တခြား ရည်ရွယ်ချက်လဲ ရှိသေးတယ်
ဘာ ရည်ရွယ်ချက်လဲ
တနေ့တော့ မင်းတို့သိမှာပေါ့ ....


မောင်ကြီးတို့ အိမ်မှာ အဖေနေတယ်ထင်လို့ သွားရှာတာ၊ မောင်ကြီး ပြောမှ - ဒီမှာ နေမှန်း သိရတယ်။ အဖေ - မိနှောင်းတို့ အိမ်လာနေပါ။
အဖေ တယောက်ထဲ နေမယ်
တနေ့တွင် သမီး မနှောင်း ရောက်လာသည်။
အဖေ - အစား အသောက် ခက်ခဲနေမှာပေါ့
မောင်အေး က ချက်ကျွေးတယ်
မိနှောင်း ချက်ပါ့မယ်။ အချိန်တန်တော့ မောင်အေးလာယူပါစေ
အဖေ ထီပေါက်တဲ့ငွေ တသိန်းတော့ မသေမီ - အားလုံး လှူသွားမယ်
ကောင်းတယ် - အဖေ ကုသိုလ်ထူးကြီး ပါသွားတာပေါ့.
မနှောင်းသည် နေ့စဉ်မပြတ် ချက်ပြုတ်ထား၏။
မောင်အေးကလည်း နေ့စဉ်သွားယူ၍ အဘအိုကို ကျွေးမွေးလေသည်။


အင်း - ဒီတခါ - အခံရ တယ် ဆိုးပါလား
သားတွေလဲ တယောက်မှ မပေါ်လာဘူး
ထိုနောက် အနည်းငယ်ကြာသောအခါ အဘဒိုသည် အကြီးအကျယ် မကျန်းမမာ ဖြစ်၏။
အမေ - ဆေးလေး တစက် သောက် လိုက်အုံး - နော်
မနှောင်းမှာ အဘဒိုအိမ်သို့ ပြောင်းလာကာ နေ့ရောညပါ မနေမနားပြုစုလေသည်။
အညစ်အကြေးမနှောင် သုတ်သင်ပေးသည်။
မောင်အေး - မောင်ဝေ - ကို သွား ခေါ်စမ်း
ဟုတ်ကဲ့ အဘ
တချိန်တွင် အဘဒိုသည် တပည့်ကိုခေါ်၍ –
မောင်ဝေ၊ ဦးကြီး သေယင် - သင်္ဂြိုဟ်စရိတ် နုတ်ပြီး - ကျန်တဲ့ငွေ အားလုံး - မနှောင်းကို ထုတ်ပေး လိုက်ပါ။
မိနှောင်း တပြားမှ မယူပါဘူး၊ အမေ မသေခင် အားလုံး လှူသွားပါ
မကြာမီပင် မောင်ဝေရောက်လာ၏။
မိဖကို ပြုစုတဲ့ သမီးကို ပေးတာလဲ လှူတာပါကွဲ။
မိနှောင်း မယူပါဘူး အမေ
အမေ - မမာ ယင်ပြုစုတဲ့ သား သမီး ကိုပေးခဲ့ဘို့ အမေ ရည်ရွယ် ပြီးသားပါ။ မိနှောင်းတယောက် ဘဲ အမေ့ကို ပြုစုတယ်



တကယ်လို့ မိနှောင်း မပြုရယင်ကော
အားလုံး လှူခဲ့မှာပေါ့
ဘာတွေ လှူမလဲ - အဖေ
ဆေးရုံတို့
လူအိုရုံတို့
စာသင်ကျောင်းတို့
ခိုကိုးရာမဲ့ ဂေဟာတို့ ခွဲဝေလှူခဲ့မယ်
နောက်တနေ့တွင် မနှောင်းသည် ဘုန်းကြီးတပါး ပင့်လာ၏။ မောင်ဝေလည်း ရောက်နေ၏။
အဖေ့ ငွေ အားလုံးကို - ဆေးရုံ၊ လူအိုရုံ၊ စာသင်ကျောင်း၊ ခိုကိုးရာမဲ့ ဂေဟာ တို့ အတွက် - ရေစက်ချပြီး လှူပါအဖေ
အဖေ နောက်ဆုံး စကားပြောမယ်၊ မိနှောင်း အတွက် တသောင်းယူ
မိနှောင်းတို့ အရွယ်ရောက်လာအောင် ကျွေးမွေးပြီး ပညာသင်ပေးခဲ့တဲ့ ကျေးဇူးတွေ ဆပ်လို့ မကုန်နိုင်ပါဘူး
အဖေ ပေးတာ မယူယင် - အဖေသေခါနီး စိတ်မကောင်း ဖြစ်နေလိမ့်မယ်
... ကဲ - မောင်ဝေက အလှူတာရင်း ရေးစမ်း -(၁)- × × × × × × × × × × × × × × × × ×
ယခုတ် ကဲ့


...ဤသို့လှူဒါန်းရ
သော ကုသိုလ် က
စေတနာတို့ကြောင့်
စာရင်းပြုလုပ်ပြီးသောအခါ ဘုန်းတော်ကြီးရှေ့တွင် ရေစက်ချ၍ လှူဒါန်းလေသည်။
အဘအို ကွယ်လွန်သွားသော အခါ
မနှောင်းသည် သူရသည့် ငွေတသောင်းကို
ရသမျှ · ကုသိုလ်
အဖို့ . - အမျှဝေပါ
တယ် အမေရယ်.
အမျှ
အမျှ
အမျှ
ဆေးမျိုးစုံ
ဆေးမျိုးစုံ
သူ့အမေလှူခဲ့သည့် အလှူမျိုးပြုကာ အဘအိုအား အမျှအတန်းပေးဝေလေသည်။
ပြီး

# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ
ကျော်ကျော်



## ဟင်နရီမိုဟော့

ယခုအခါခမာနိုင်ငံဟုခေါ်သော ခမာလူမျိုးတို့၏ ကမ္ဘောဒီးယားနိုင်ငံသည် တကြိမ်က အလွန်ကြီးကျယ် ခမ်းနားခဲ့သည်။ ကိုးရာစုမှ ဆယ့်သုံးရာစုအတွင်းတွင် ကမ္ဘောဒီးယား နိုင်ငံ၏ ဩဇာသည် ပတ်ဝန်းကျင် ဒေသများသို့တိုင် လွှမ်းမိုးခဲ့၏။ ခမာမင်းဆက် ပြတ်သွားသော အခါတွင် ခမာမင်းတို့၏ ယဉ်ကျေးမှု အမွေအနှစ်များသည်လည်း အစရှာမရအောင်ပင် ပျောက်ကွယ်သွားခဲ့လေသည်။

အရှေ့တောင် အာရှသို့ ရောက်ရှိလာသော ခရီးသည်များသည် ခမာ ယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေစူးစမ်းလိုကြသော်လည်း ကမ္ဘောဒီးယားနိုင်ငံ၏ အလယ်ပိုင်းလွင်ပြင်တခုလုံးကို ဖုံးလွှမ်းထားသော တောကြီးများကြောင့် အခက်တွေ့ကြရလေသည်။

၁၈၆၀ ပြည့်နှစ်တွင် ဟင်နရီမိုဟော့အမည်ရှိပြင်သစ်လူမျိုး ပိုးမွှားဗေဒပညာရှင်တဦးသည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ရောက်လာလေသည်။ သူသည် ရှားပါးသော လိပ်ပြာများ ရှာဖွေရန် ရောက်လာခြင်းဖြစ်၏။



ဟင်နရီမိုဟော့သည် ဖနွမ်းပင်၏မြောက်ဖက်သို့ တယောက်တည်း ခရီး ထွက်ခဲ့ပေသည်။ သူ့တွင် လိုအပ်မည့် ပစ္စည်းကလေးများထည့်လာသော ကျောပိုးအိတ် တလုံးနှင့် လက်နက် အဖြစ် ပစ္စတိုတလက်နှင့် ကရစ်ခေါ် ဓားတချောင်းသာ ပါလေသည်။

မိုဟော့သည် သစ်ပင်ချုံနွယ်များကို ဓားဖြင့်ခုတ်ထွင် ရှင်းလင်းကာ နေ့စဉ်ရက်ဆက် ခရီးနှင်လာခဲ့၏။ တနေ့သောနံနက်တွင် သစ်ပင်တပင်၌ နားနေသော အလွန် ထူးဆန်းသည့် လိပ်ပြာတကောင်ကို တွေ့ရ၏။ ထို့ကြောင့် သူသည် ပိုက်ကို ထုတ်ကာ လိပ်ပြာကို ဖမ်းရန် ပြင်ဆင်လိုက်




လေသည်။ သို့သော် လိပ်ပြာသည် အဝေးသို့ ပျံသွားလေပြီ။

ဟင်နရီမိုဟော့မှာ လိပ်ပြာနောက်သို့ လိုက်ရင်း လိုက်ရင်းနှင့် တောနက်ရာသို့ရောက်လာခဲ့၏။ ထို့နောက် သူသည် သစ်ပင်ကြီးများ အကြားမှ ထိုးထွက်နေသော ညိုမည်းသော ကျောက်တုံးကြီးများဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံကြီးကို တွေ့ရသည်။ ထို အဆောက်အအုံကြီး၏ထိပ်တွင် ကြာပွင့်ပုံသဏ္ဌာန် မျှော်စင်ကြီးငါးခုတည်ရှိနေ၏။

ဟင်နရီမိုဟော့မှာ လိပ်ပြာကို မေ့သွားပေပြီ။ ထိုအဆောက်အအုံကြီးကိုသာ ငေးမော ကြည့်ရှုနေမိ၏။ ထို့နောက် လှည့်လည် ကြည့်ရှုလေ့လာပြန်သည်။ အဆောက်အအုံကြီးထဲတွင် ထူးဆန်းသော တိရစ္ဆာန်များ ပုံသဏ္ဌာန်ထွင်းထုထားသည့် ကျောက်တိုင်ကြီးများကို တွေ့ရ၏။ နဂါးခေါင်းပုံသဏ္ဌာန် ကျောက်တိုင်ကြီးများလည်း ရှိပေသည်။ သူ့တသက်နှင့်တကိုယ်တွင် ဤမျှ ကြီးကျယ်ခမ်းနားသော အဆောက်အအုံမျိုးကို မမြင်မတွေ့ဘူးသေးပေ။

အစ ပထမတွင် ထိုအဆောက် အအုံကြီးသည် မည်သည့် အဆောက်အအုံကြီး ဖြစ်သည်ကို ဟင်နရီမိုဟော့ မခန့်မှန်းတတ်ပေ။ ဆက်လက်လေ့လာသောအခါမှသာ ခမာမင်းတို့၏ အန်ကောဝပ်ကျောင်းတော်ကြီးဖြစ်ကြောင်း သိရတော့သည်။



အန်ကောဝပ် ကျောင်းတော်ကြီးကို ခရစ်နှစ် ၇၀၀ နှင့် ၁၂၀၀ အတွင်းက ခမာမင်းများ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဗိဿနိုး နတ်မင်းကို ပူဇော်ရာ ကျောင်းတော်ကြီးပင် ဖြစ်၏။ ထိပ်တွင် တည်ရှိသော မျှော်စင်ကြီးများမှာ ပေ ၂၀၀ ခန့် မြင့်ပေသည်။

ဟင်နရီမိုဟော့ကြောင့်သာ ခမာတို့၏ ယဉ်ကျေးမှု လက်ရာဖြစ်သော ကမ္ဘာကျော် အန်ကောဝပ် ကျောင်းတော်ကြီး၏ အကြောင်းကို ကျွန်ုပ်တို့သိရှိရခြင်းဖြစ်ပေတော့သည်။


ဥုံစကြာ
စက်မဒါ
ဇာတ်လမ်း - မေကျော်
သရုပ်ဖော် - ကာဆု
နီတွတ်သည် ရှစ်တန်းကျောင်းသားဖြစ်၏။
တနေ့တွင်ဦးလေးသာထွန်းထံ ရောက်သွားရာ....
ရှစ်တန်းဆိုတော့ အရေးကြီးတဲ့စာမေးပွဲဖြစ်လို့ စာမေးပွဲအောင်တဲ့ဂါထာမလိုချင်ဘူးလား
ဟာ-လိုချင်တာပေါ့ဦးလေးရဲ့
ဒါဖြင့်၊ ဦးလေးရေးပေးလိုက်မယ် --- ကော့ယူသွား
နေ့တိုင်း၊ စာမကျက်ခင် ဒီဂါထာကို သုံးခေါက်ရွတ်ရမယ်၊ ဒါပေမဲ့သင်ခန်းစာတွေကိုတော့ကုန်အောင်ကျက်ရတယ်ကွယ့် ဒီတော့မှ ဂါထာတန်ခိုးနဲ့ စာမေးပွဲမှာ ကိုယ်ရတာနဲ့ တိုးမှာကွယ့်
ဟုတ်ကဲ့ဦးလေး
ဒီဂါထာကိုယုံယုံကြည်ကြည်နဲ့ရွတ်ရမယ်ကွယ့်၊ ရင်းနှီးတဲ့သူငယ်ချင်းတွေကိုလဲ တိုးတိုးတိတ်တိတ်ပေးပေါ့
ဟုတ်ကဲ့ ဦးလေး


နီတွတ်၊ ဖိုးကျား၊ ဇော်မင်းတို့ သူငယ်ချင်း သုံးဦးမှာ ရှစ်တန်းစာမေးပွဲ ဖြေရလေပြီ။
ဟေ့ဖိုးကျား-ဇော်မင်း မင်းတို့ဖြေနိုင်ကြရဲ့လားကွ
အေး-ဖြေနိုင်တယ် မင်းကောနီတွတ်
ငါလဲဖြေနိုင်တယ်၊ သိပ်ခွမ်းတဲ့ ဂါထာဘဲကွ၊ ငါကျက်တာတွေနဲ့ချည်း တိုးနေတာဘဲကွ
အေး၊ နို့လဲ ဒီလိုဘဲကွ
စာမေးပွဲအောင်စာရင်း ထွက်လာသောအခါ နီတွတ်တို့သုံးဦးစလုံး အောင်ကြ၏။
အောင်ပြီကွ အောင်ပြီ
သိပ္ပံနဲ့ကွ
ငါလဲသိပ္ပံဘဲကွ
ကျနော်တို့စာမေးပွဲ ဘာလို့အောင်ကြတယ်ထင်လဲဖေဖေ
သားတို့စာကြိုးစားကြလို့ အောင်ကြတာပေါ့
မဟုတ်ဘူးဖေဖေ၊ ဦးလေးသာဒွန်း ပေးတဲ့ဂါထာကြောင့်အောင်ကြတာဖေဖေ


ဟော-တယ်ခွမ်းတဲ့ဂါထာပါလား
ဂါထာက-ဘယ်လိုလဲပြောပါအုံး
ဂါထာက -"ဉုံ ခရော-ခက်မခါ"
ပါဖေဖေ၊ နေ့တိုင်းစာမကျက်ခင်
သုံးခေါက်ရွတ်ရတယ် ဖေဖေ
ဟုတ်ပြီ
ကျောင်းစာတွေကိုတော့ကုန်အောင်
ကျက်ရတယ်ဖေဖေ၊ ဒီတော့မှဂါထာ
တန်ခိုးနဲ့၊ စာမေးပွဲမှာကိုယ်ရတာနဲ့
တိုးတာဖေဖေ
ဉုံ ခရော -ခက်မခါ
ဉုံ ခရော-ခက်မခါ--
အင်း---------
ဟား-ဟား--ဟား-ဟား
လက်စသတ်တော့ဂါထာက
ဒီလိုကိုး------
ဟုတ်တာပေါ့၊ ဉုံခရော-ခက်မခါ-
ဆိုတော့၊ ဉုံစာကျက်-စာမခက်ပေါ့
ဒါကြောင့် သားတို့စာမေးပွဲအောင်
ကြတာပေါ့၊ ဟား-ဟား-ဟား---

# ငါးခြောက်သည် ငါးစိုထက် ဘာကြောင့် ပို၍ အထားခံသနည်း



နံနက်ဈေးမှဝယ်လာသော ငါးစိုကို မချက်ပဲထားပါက နေ့လယ် လောက်တွင် ပုပ်သိုး၍ အနံ့ဆိုးများ ထွက်လာသည်ကို သင်တို့ တွေ့မြင် ဘူးကြပေမည်။ ငါးခြောက်ကား ဤသို့မဟုတ်။ လနှင့်ချီ၍ပင် အထား ခံသည်ကို တွေ့ရပေမည်။

ငါးခြောက်ပြုလုပ်ရာ၌ ငါးစိုကို ဆားများဖြင့် လိမ်းကျံပြီး နေပူတွင် လှန်း ပေးရသည်။ ငါးခြောက် တာရှည်စွာအထားခံခြင်းမှာ ဆား ကြောင့်ဖြစ်သည်။

ဆားသည် အသားထဲမှရေကို စုတ်ယူနိုင်သည်။ ရေထွက်သွားသော ကြောင့် အသားသည် ခြောက်လာသည်။ ရေမရှိလျှင် အသားများကို ပုပ်သိုးစေတတ်သော ဗက်တီးရီးယားများ အသက်ရှင် မနေနိုင်ပေ။ ထို့ကြောင့် ငါးခြောက်တွင် ဗက်တီးရီးယားများ ပေါက်ပွား နေထိုင် ခြင်းမပြုနိုင်သောကြောင့် ပုပ်သိုးခြင်းမရှိပဲ ကြာရှည်စွာအထားခံခြင်းဖြစ် လေသည်။

တင်လှဦး

## အဖြေမှန် သိပါစေ

၁။ မိုတ်တုတ်မိုတ်တုတ် အလင်းထုတ်၊
ကြယ်လဲမဟုတ် ဂြိုဟ်မဟုတ်၊
လကမ္ဘာသွားဖို့ သူ့အလုပ်လုပ်။

၂။ စက္ကူမြွေနဲ့ ဝါခင်းတိုင်လုပ်၊
မီးခိုးတွက်ချင် ဝယ်၍ထုတ်။

၃။ အမြှာရောင်ကို နောက်ခံလား၊
တစ္ဆေဝရှသွားတဲ့ ဂွမ်းပုံများ။

ဦးလှတ






ငါးခြောက်ဆယ်တန် ဖေါ့ခရစ်စများနှင့် ခေါက်ထီးကိုယ်စီကိုင်ထားကြသော အစ်မကြီးသုံးယောက်သည် အုန်းရည်သောက်ရင်း တက်ထရွန်ရောင်စုံများအကြောင်း ပြောနေကြသည်။ နေပူထဲတွင် ရေဆာလာသည် ထင်ပါသည်။ တယောက်ကို အုန်းရည် နှစ်ခွက်ကျစီ သောက်ပါသည်။ သောက်ပြီး အကြွေဆယ့်ငါးပြား ထုတ်ပေးပါသည်။

"တခွက်ငါးပြားကျပါတယ် အမ။ ခြောက်ခွက်ဆိုတော့ပြား သုံးဆယ်ကျပါတယ်"

"ဟင်–အဝသောက်ငါးပြား မဟုတ်ဘူးလား။ ဈေးများလှချည်လားကွ"

နေကာမျက်မှန်တပ် အစ်မကြီးသည် အကြွေ ဆယ့်ငါးပြားထပ်ထုတ်ပေးရင်း မကျေမနပ် ပြောလိုက်ပါသည်။

"အမရယ်–ကျနေ့ အုန်းရည်ဘိုးက ပြားသုံးဆယ့်ထဲပါ။ အမတို့ လက်ထဲက ဝယ်လာတဲ့ မှောင်ခို ပစ္စည်း တွေ လောက် တန်ဘိုးမများပါဘူးခင်ဗျာ"

"အောင်မယ်–ဈေးသယ်က လူပါးဝလို့။ ငယ်ငယ်ကလေးရှိသေးတယ်၊ စကား ပြော ကြီး ကျယ်လိုက်တာ"

အစ်မကြီးသုံးဦးသည် ကျွန်တော့်ကို ရန်တွေ့ပြီး ထွက်သွားပါသည်။ ကျွန်တော်သည် သူတို့ကိုကြည့်ပြီး စိတ်ထဲတွင် ဝမ်းနည်းသလို ဖြစ်လာပါသည်။

နေအလွန်ပူပါသည်။ သွားလာနေသော လူများ၏မျက်နှာပြင်ဝယ် ချွေးများ စီးကျနေသော်လည်း သူတို့သည် ပူအိုက်ရမှန်းမသိပါ။ မှောင်ခို အဝတ်အထည်များကို အလုအယက် တိုးဝှေ့ဝယ်နေကြပါသည်။

နေထွက်မှ နေဝင် မှောင်ခိုဈေးတန်းသည်ကား စည်ကားမြဲဖြစ်သည်။ ကျိုက်ဖန် ဆိပ်ကမ်းသို့ မော်တော်ဆိုက်ပြီ ဆိုလျှင် လမုတန်းတွင် မှောင်ခိုပစ္စည်းမျိုးစုံတော့သည်။ မှောင်ခိုသမားများသည် ကျိုက်ဖန်ဆိပ်မှ မှောင်ခို ပစ္စည်းများကို သယ်ပြီး လမုတန်း သို့ လာရောင်းကြသည်။ မော်လမြိုင်မြို့သည် ယခင်က ဒူး ရင်း သီးကြောင့် နာမည် ကြီးခဲ့သော်လည်း ယခုမူ ယိုးဒယားမှောင်ခိုပစ္စည်းများကြောင့် နာမည်ကြီးပါသည်။

"ချာတိတ်၊ အုန်းရေတခွက် ဘယ်လောက်လဲကွ"

"ငါးပြားပါအကို"

အစ်ကိုကြီးသည် ပိုက်ဆံအကြွေငါးပြား ထုတ် ပေး ပြီး အုန်းရေကို အိုးမှခပ်သောက်ပါသည်။ မော်လမြိုင်သည် အုန်းသီးအထွက်ပေါသဖြင့် အုန်းရည်လှိုင် လှိုင် ရ ရှိ ပါ သည်။ ကျွန်တော်သည် အုန်းရည်ကို အိုးတွင်ထည့်ပြီး လမုတန်း 'မှောင်ခိုဈေးတန်း အ လယ် တွင် ချရောင်းပါသည်။

"ကလေး၊ အုန်းရည်သုံးခွက်ပေးဟေ့"

လက်ထဲတွင် တကိုက်လေး

ဒေါသလည်း ဖြစ်မိပါသည်။ သို့သော် ကျွန်တော် ဘာမျှမတတ်နိုင်ပါ။ ဈေးသည်ဘဝမို့ ဈေးရောင်းရအုံးမည်ဖြစ်ပါသည်။

"ဟော့–ဖိုးအောင်၊ ရောင်းကောင်းရဲ့လားကွ"

ကျော်နိုင်သည် ယိုးဒယားမှလာသော အိတ်နီလေးကို လက်တဖက်မှကိုင်ပြီးကျွန်တော့်ထံ လျှောက်လာနေပါသည်။ ကျော်နိုင်သည် ကျွန်တော်၏ အရင်းနှီးဆုံးသော သူငယ်ချင်းဖြစ်သော်လည်း သူနှင့် ကျွန်တော် စိတ်ခေတ်ခြင်း မတူပါ။ ကျော်နိုင်သည် သူ့မိဘများမသိအောင် မှောင်ခိုပစ္စည်းများကို ရောင်းချသူဖြစ်ပါသည်။ မှောင်ခို သမားကြီးများက သူ့ကို ရောင်းပေးခ တနေ့ ငွေတဆယ် ပေးပါသည်။

"ငါနဲ့အတူ ပစ္စည်း ရောင်းပါလားဖိုးအောင်ရာ။ တနေ့တဆယ်ဆိုတာ မနဲဘူးကွ။ မင်းအုန်းရည်က တနေ့မှ တကျပ်နှစ်ကျပ်လောက်ဘဲရတာ"

"နေပါစေ သူငယ်ချင်းရာ၊ အုန်းရည်ရောင်းတာက ဘေးကင်းပါတယ်"

နေ့လည် ၁၂ နာရီ အချိန်ဖြစ်ပါသည်။ ရဲကားနှစ်စီးသည် ရုတ်တရက် လမ်းတန်းရှိမှောင်ခိုလမ်းကို တဖက်စီ ထိုးရပ်ကာ မှောင်ခို ပစ္စည်းများကို သိမ်းဆည်းပြီး ရောင်းသူများကို အတင်းဖမ်းပါတော့သည်။ မှောင်ခိုရောင်းသူများ ပြေးကြလွှားကြနှင့် ဆူညံ သွားပါတော့သည်။ ရဲကား ထွက်သွားသောအခါ ကားပေါ်တွင် မှောင်ခိုပစ္စည်းများနှင့်အတူ ကျော်နိုင်အပါအဝင် မှောင်ခို ရောင်းသူဆယ်ဦး ခန့် ပါသွားပါသည်။ အားလုံးသာ ဖမ်းမိမည်ဆိုလျှင် ကား ဆယ်စီးတိုက်တောင် နိုင်မည်မထင်ပါ။

"ညီလေးရေ– အုန်းရည်တခွက်လောက် ပေးစမ်းပါကွယ်။ အင်း – ငါ့ညီက လောဘမရှိဘဲ ရိုးရိုး သား သား အုန်းရည်ရောင်းတော့ မှောင်ခိုအရောင်းသမားတွေနဲ့ ယှဉ်လိုက်ယင် ငါ့ညီဘဝက အေးချမ်းတာပေါ့ကွာ။ ကြည့်စမ်း၊ သူတို့တွေ ဘယ်လောက် ရုပ်ပျက် ဆင်းပျက် ဖြစ်သလဲ။ ငါ့ညီက ဥပဒေအတွင်းက ဈေးရောင်းတော့ သူတို့လို ရုပ်ပျက်စရာလဲ မလိုဘူး။ ပြေးဘို့လွှားဘို့လဲ မလိုဘူး။ ဘယ်လောက် အေးချမ်းလိုက်သလဲ"

ကျွန်တော် အံ့သြစွာ မော့ကြည့်မိပါသည်။ ကျွန်တော့်ချိုချိုအေး အုန်းရည်ဝယ်သောက်သူ ပင်နီတိုက်ပုံအကျီနှင့် အစ်ကိုကြီးသည် ဘယ်လို လူကြီးပါလိမ့်။ သို့သော် ကျွန်တော့် အုန်းရည်တခွက်ကြောင့် အစ်ကိုကြီးရင် အေးမြမည်ဖြစ်သလို အစ်ကိုကြီးစကားကြောင့် ကျွန်တော့်ရင် ရွှင်လန်းချမ်းမြေ့သွားသည် ကတော့ အမှန် ဖြစ်ပါသည်။

## အောင်လံမြူးချိန်

ပြောက်လေပြေအေး
ရိုက်ဆော်သွေး၊
ခွာညိုသင်းပြန့်မွှေး။

လွတ်လပ်ရေးနေ့ ပွဲသဘင်၊
အုန်းဖြိမ့်ညံပျော်ရွှင်။

နှစ်စဉ်နှစ်စဉ် ကျင်းပလေ့၊
ဇန္နဝါရီလေးရက်နေ့။


မမေ့ရှေးက ဗိုလ်ပြည်ဝယ်၊
နယ်ချဲ့စိုးမိုးတယ်။

ဇွဲစိတ်နဲ့ကွယ်တော်လှန်ခဲ့၊
တောင်ပေါ်မြေပြန့်ဥမကွဲ။

ခိုင်ခိုင်မြဲမြဲ ခွန်ရှည်အောင်၊
ထိန်းသိမ်းကြစို့မောင်။

တပြည်ထောင်လုံး ဒီနေ့ထူး၊
အောင်လံလွင့်လွင့်မြူး။ ။

ပေသိန်းဦး (မုံရွာ)



R. 517



# မျောက်မောင်းမ

မျောက်မောင်းမ မျိုးထဲတွင် အနောက် အာဖရိကတိုက်နှင့် ဂီနီ နယ်၌ တွေ့ရသော မန်ဒရီး ခေါ် မျောက်မောင်းမမျိုးမှာ အထွား ကျိုင်းဆုံးနှင့် ကြောက်စရာအကောင်း ဆုံး ဖြစ်သည်။ အရုပ်လည်းဆိုးသည်။ ဝက်ကဲ့သို့သော မျက်လုံးများနှင့် ခွေးကဲ့သို့သော နှုတ်သီးများ ရှိခြင်းကြောင့်ပင် ဖြစ်သည်။ မျက်ကွင်းကျယ်ပြီး ချွန်ထက်သော အစွယ်များရှိသည်။ ပါးပြင်တွင် အပြာရောင်နှင့် ကြက်သွေးရောင် အစင်းများရှိပြီး၊ ကိုယ်အပေါ်ပိုင်းမှာ အနီရောင် ဖြစ်သည်။ အမြီးမှာ နှစ်လက်မခန့်ရှည်သော အငုတ်ကလေး ဖြစ်သည်။

မြေပြင်တွင် လေးဖက်ထောက်၍ လျင်မြန်စွာ သွားလာနိုင်သော်လည်း၊ သစ်ပင်ကိုမူ လွယ်ကူစွာ မတက်နိုင်ပေ။

သစ်သီးသစ်ဥများကိုသာမက၊ ပိုးမွှားများနှင့် တိရစ္ဆာန်ငယ်များကိုပါ စားသောက်သည်။ လူတို့စိုက်ပျိုးထားသော သီးနှံများကိုဝင်ရောက် စားသောက်တတ်ကြရာ အပျက်အစီးများလွန်းသဖြင့် လယ်သမားတို့က ယင်းတို့ကိုအလွန် မုန်းတီးသည်။

မန်ဒရီးမျောက်မောင်းမငယ်များကို လူတို့မွေးမြူထားနိုင်သော်လည်း၊ အကောင်ကြီးများမှာ အန္တရာယ်ပေးတတ်သည်။

အခြား မျောက်မောင်းမမျိုးများ ကဲ့သို့ပင် အုပ်စုဖွဲ့၍ နေထိုင်ကျက်စားကြသည်။

ရဲမြင့်





ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးသင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၅ အမှတ်-၂

# ရွှေသွေး ဂျာနယ်

## မြူသီး နှင့် ကျီးညို

ပန်းချီ-ဦးဘကြည်
ဓါတ်လမ်း-နူနု


၁၃၃၄ ခု၊ ပြာသိုလဆန်း ၁၀ ရက် (၁၃-၁-၇၃)



စနေနေ့တိုင်း ထုတ်ဝေသည်။


ကိုဖိုးဆိတ် ဘယ်လဲဗျ
ကွင်းထဲ သွားမလို့
ဟဲ့ မျှော့ ဘယ် လဲ
ဘယ် ဖြစ်ဖြစ်
မြှုသီးသည် သွက်လက်၍ မိတ်ဆွေဖွဲ့ကောင်း သော ခွေးကလေးဖြစ်၏။
ဟင် - ခါတိုင်းဆိုယင် ငါလာယင် ဝင်းဝ က - ထွက်လာပြီး ကြိုပါတယ် - ဒီနေ့ - ဘယ်များ သွားနေပါ လိမ့်
ဖြူသီး ရေ
ဖြူ သီး
တနေ့တွင် မသီတာ ကျောင်းမှပြန်လာစဉ် မြှုသီးကို ခါတိုင်းလိုမတွေ့သဖြင့်—
အဖေယ် - ဟော့ ကောင်။ မင်း - ဒီချောင်ထဲ ဘာလါလုပ် နေတာ လဲ
အာ
အာ
လိုက်ရှာရာ တံခါးကြားထဲ၌ ကုပ်ကုပ်လေး ထိုင်နေသည်ကို တွေ့၍
ကြည့်ရာ.... လက်တွင် ဆူးစူးနေသည်ကို တွေ့သောကြောင့် ကုသပေးလေသည်။
ချွတ်
ဖလပ်
ဖလပ်
လက်နာပျောက်ပြီးနောက် ခြံထဲ၌ ကစား နေစဉ် ရိုပ်ခနဲမြင်လိုက်ရ၍
ဟဲ့ - - ချုံထဲဝင်သွားတာ ယုန်ခုက်ကလေးနဲ့ တူတယ် - ဟဲ့
လိုက်ဖမ်း ရယင်ပျော်မှာတဲ့။ အသားလေး ချောင်း လိုက်အုံးမှ



အမယ်လေး - ကြောင်ကြီး
ခွေးပါဟဲ့ - နင်ဘာဖြစ်လို့လဲ
- တော်ပါသေးရဲ့ - - - - - ဘုန်းပင်ပေါ်က - အသိုက်ချာ့မှာ အပျံသင်ရင်း လိမ့်ကျလို့ အတောင်တဖက် နာသွားတယ်၊ အပေါ်ပျံတက် လို့မရတော့ဘူး
အနားသို့ရောက်သွားလျှင် ကျီးကန်းကလေးဖြစ်နေ၏။
ငါ့ကို ကိုက်စား တော့မယ် ထင်တယ်
ထို့ကြောင့် အိမ်သို့ချီသွား၏။
ဟင် - အမေရေ... ဖြူသီးရယ် .... ကျီးကန်းလေးတကောင် ချီလာတယ်၊ အတောင်များ နာနေလား မသိဘူး
ဟယ် - ကြက်တူရွေး လှောင်ချိုင့်ဟောင်း တခု ရှိသားဘဲ၊ ထည့်ထားလိုက်။ ပူစီက စိတ်မချ ရဘူး။
အိမ်ရောက်လျှင် မသီတာအနား ချလိုက်၏။
ရွှေကျီးညို ဘယ့်နယ်နေသေးလဲ
သက်သာပါပြီ။ မမသီတာ ဆနွင်း က-တယ်ကောင်း တဲ့ဆေးဘဲ။ နို့နဲ့ထမင်း ကလဲ - တယ်စား ကောင်း တာဘဲ
သုံးလေးရက် ကြာသော် ဒဏ်ရာပျောက် သွားပြီး ဖြူသီးနှင့် ပိုမိုခင်မင်လာ၏။
သွားပေတော့ ရွှေကျီးညိုလေးရေ
အမေ့တွေ့မှ စွန့်စားခန်းတွေ ပြောပြရအုံးမယ်
နောက်တနေ့တွင် ကျီးညိုကို ပြန်လွှတ်လိုက်၏။
ကိုဖြူသီး ကျေးဇူးကို တသက် မမေ့ပါဘူး။ အခွင့်ကြုံယင် - ပြန်ဆပ် ပါ့မယ်
ဘယ်ကြုံမလဲကွ - ငါက - ခွေးဘဲ၊ မင်းက ကျီးကန်းဘဲ - - ဟဲဟဲ
သို့သော် ဖြူသီးထံ နေ့စဉ်လာလည်၏။




တနေ့တွင် ကျီးညိုတို့ ကစားနေကြစဉ်....





ကျီးညိုနှင့်အပေါင်းပါတို့ ထိုးဆင်းသွားပြီး




လိုအပ်သော အကူအညီကို ပေးကြသည်။




ထို့နောက် ကျီးညိုသည် မသီတာထံ ပြေး ပြီး သတင်းပို့လေသည်။




မသီတာသည် ဖြူသီးကို ပွေ့ယူလာပြီး အိမ်တွင် တိရစ္ဆာန်ဆရာဝန်နှင့် ပြသရာ ကျိုးသွားသောခြေကို ကုသပေးလေ၏။





ဖြူသီးသည် ခြေနာ သက်သာလာပြီးနောက် နေ့စဉ် ခြံစည်းရိုးအနီး၌ အရိုးတချောင်း သွားချထားလေ့ရှိ၏။ မည်သူ့အတွက် ဖြစ်မည်နည်း။

ပြီး


ကြောင်ကလေး
ညောင်ညောင်
ရေးဆွဲသူ-ကာတွန်းမြေဇာ
ကြောင်မကြီး မယ်ကျားမှာ ညောင်ညောင် ဆိုတဲ့ ကြောင်ကလေးတကောင် ရှိသတဲ့။
ညောင်ညောင်ဟာ အလွန်တတ်သိနားလည် ချင်တဲ့ ကြောင်ကလေးတဲ့။
လောကကြီးမှာ ငါမသိတာ အများကြီး ရှိတယ်-
ဟော-ငါမသိတာတခု တွေးမိပြန်ပြီ-မေမေ့ကို သွားမေးဦးမယ်
သူမသိတာဆိုယင် ကိုယ်ပိုင်ဉာဏ်နဲ့ မတွေးပဲ သူ့မေမေဆီ ပြေးမေးလေ့ ရှိသတဲ့။
မေမေ ကျနော့်ခြေထောက် လေးချောင်းက ဘာလုပ်ရလဲ ဟင်
သူ့မေမေက သူ့ကိုအပြေးခိုင်းလိုက်တော့မှ-
အော်-
ခြေထောက်ဆိုတာ ပြေးဖို့ လွှားဖို့ သွားဖို့ လာဖို့ကိုး-



နောက်တနေ့တွင် ညောင်ညောင်ဟာ သူ့ရဲ့ မျက်စိနှစ်လုံးကို သတိပြုမိသတဲ့။
မေမေ - ကျွန်တော့် မျက်စိနှစ်လုံးဟာ ဘာလုပ်ဖို့လဲဟင်
သူ့မေမေက မျက်စိနှစ်လုံးကို မှိတ်ခိုင်းလိုက်တယ်။
မှိတ်လိုက်တော့ ဘာမှမမြင်ရဘူးပေါ့ မျက်စိရဲ့အလုပ်က ဒါပဲလား
ဒါဖြင့် ဖွင့်လိုက်ဦး
ဖွင့်လိုက်တော့ မြင်ရတယ်
ဒါဖြင့်ဘာတွေ မြင်ရသလဲ ဆိုတာလိုက်ကြည့်
လိုက်ကြည့်တော့ ကြက်မကြီးနဲ့ သားတအုပ်ကို တွေ့ရတယ်။
ခွေးကလေး ဝေါင်ဝေါင်ကိုလဲ တွေ့ရတယ်။ ဒီတော့မှ —
အော်..
မျက်စိဆိုတာက ကြည့်ဖို့ ရှုဖို့ လေ့လာဖို့ပဲ အင်း —


နောက်နေ့မှာ ညောင်ညောင်ဟာ သူ့နား နှစ်ဖက်ကို တွေ့ပြန်တော့–
မေမေ နားက ဘာ လုပ်ဖို့လဲ
သူ့မေမေက ပတ်ဝန်းကျင်က အသံတွေ ထွက်သလဲ နားထောင်ခိုင်းမှ–
ကတော်! ကတော်! ကတော်!
ဝုတ်! ဝုတ်!
အော်-နားက အသံဗလံ ဖြစ်ရ သမျှ နားထောင် ဖို့တာကိုး_
ထို့နောက် ညောင်ညောင်ဟာ သူ့ရဲ့ပါးစပ်ကို သတိပြုမိပြန်သတဲ့။
ပါးစပ် ?
သူ့မေမေက စကားပြောခိုင်းတယ် အစာ စားခိုင်းတယ် ဒီတော့မှ –
အော - ပါးစပ်က စကားပြောဖို့တယ် ခန္ဓာကိုယ်တခုလုံးအတွက် စားဖို့တယ်— ဒါပေမဲ့-
မေမေဟာ ကျွန်တော်မေးတာ တွေကို အလွယ်တကူပြောပြနိုင်သွား နဲ့- ဘာလို့ တိုက်ရိုက်မပြောဘဲ ခိုင်းနေဖို့တာလဲ ?
အလွယ်တကူပြောလိုက်ရင် အလွယ်တကူ မေ့မှာပေါ့- သား ကိုယ်ပိုင်အတွေ့ အကြုံနဲ့ သိမှ မမေ့တော့ဘူး၊ တွေ့ကြုံ ထားတာတွေက တန်ဖိုးပိုရှိ သွားတာပေါ့-ဟုတ်လား
ဟုတ်တယ်
ပြီး

# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဇေ ကျော်ကျော်



## ဟိုင်းနရစ်ဟဲရာ

ဟိုင်းနရစ်ဟဲရာသည် ဂျာမန်လူမျိုးဖြစ်သည်။ သူသည် စကီးစီး ချန်ပီယံဖြစ်၍ ကျွမ်းကျင်သော တောင်တက်သမားတဦးလည်းဖြစ်ပေသည်။ ၁၉၃၈ ခုနှစ်က ဟိုင်းနရစ်ဟဲရာသည် ခရီးသွားအဖွဲ့တဖွဲ့နှင့်အတူ အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေ၏။ ၁၉၃၉ ခုနှစ်တွင် ဒုတိယ ကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသောအခါ ဒယ်ရာဒွန်းမြို့ရှိ အကျဉ်းစခန်းတွင် အကျဉ်းချထားခြင်းခံရလေသည်။



အကျဉ်းစခန်းမှ ထွက်ပြေးရန် နှစ်ကြိမ်တိုင်တိုင် ကြိုးစည်ခဲ့သော်လည်း မအောင်မြင်ပေ။ တတိယ အကြိမ်တွင်မှ အကြံအောင်ကာ အကျဉ်းစခန်းမှထွက်ပြေးလွတ်မြောက်လာခဲ့၏။

ဟိုင်းနရစ်ဟဲရာနှင့်အတူ အော့ဖ်ရှနိုက်တာ အမည်ရှိ သူငယ်ချင်း တောင်တက်သမား တဦးလည်း ပါလာခဲ့ပေသည်။ သူတို့သည် တိဗက်ပြည်သို့ ဦးတည် ထွက်ပြေးလာခဲ့ကြခြင်း ဖြစ်၏။

သူတို့သွားလိုသော တိဗက်ပြည် လာဆာမြို့မှာ မိုင်တထောင်ခန့်ဝေးပေသည်။ လမ်းခရီးတွင် အခက်အခဲပေါင်း မြောက်မြားစွာနှင့် ရင်ဆိုင်ကြရ၏။ အစာငတ်ပြတ်ခြင်း၊ ရာသီဥတု အလွန်ဆိုးရွားခြင်း၊ အားအင်ကုန်ခန်းမောပန်းခြင်း စသည်တို့ကြောင့် ဖြည်းဖြည်းချင်းသာ ခရီးသွားခဲ့ကြရသဖြင့် နှစ်နှစ်ခန့် ကြာသည့်တိုင်အောင် ခရီးမတွင် လိုရာမရောက်ပဲ ဖြစ်နေခဲ့ပေသည်။

အတန်ကြာမှ ကြည်ရုံအမည်ရှိ ရွာကလေးတရွာသို့ရောက်ကြ၏။ ထိုမှဆက်၍ ခရီးနှင်ခဲ့ရာ လမ်းတွင် တောခွေးကြီးတကောင်နှင့် ရင်ဆိုင်တွေ့ပြီး အန္တရာယ်ပြုခြင်းကို ခံရလေသည်။ တောခွေး၏ရန်ကို ခုခံကာကွယ်နိုင်ခဲ့သော်လည်း လက်မောင်းတွင် ဒဏ်ရာရခဲ့၏။

ရပ်နားလိုက် သွားလိုက်ဖြင့် တောင်ကိုကျော်၊ တောကိုဖြတ်ကာ ခရီးနှင်ခဲ့ကြရာ ထရက်ချင်အမည်ရှိ ရွာကလေးတရွာသို့ ရောက်ပြန်၏။ ထိုရွာမှ ယက်ခေါ် တိဗက်နွားတကောင်နှင့် သိုးရေဖြင့် ချုပ်ထားသော အင်္ကျီများကို ဝယ်ယူခဲ့ကြ၏။



ထိုမှဆက်၍ ခရီးနှင်ခဲ့ပြန်ရာ လမ်းတွင် ခမ်းပတ်ခေါ် ဓားပြဂိုဏ်းနှင့် တွေ့ပြီး အဖမ်းခံရ ပြန်သည်။ တိတ်တဆိတ် ထွက်ပြေး လွတ်မြောက်လာပြီးနောက် လာဆာမြို့သို့ ခရီးပြင်းနှင်ခဲ့ကြပြန်၏။ ရာသီဥတုမှာ အလွန် အေးမြလှပေရာ ဟိုင်းနရစ်ဟဲရာမှာ ကိုယ် လက်နှင့် ခြေထောက်များ ကိုက်ခဲလာပြီး လမ်းမလျှောက်နိုင် လောက်အောင် အခြေအနေဆိုးလာသည်။ မဖြစ်မနေ ဇွဲဖြင့် ဆက်လျှောက်လာခဲ့ရာတွင် ရေပူစမ်းများကို တွေ့ရပြီး ရေဆင်းချိုးလိုက်ရာ ခံစားနေရသော ဝေဒနာသက်သာသွားလေသည်။ ထိုမှဆက်လက်လာခဲ့ရာ လာဆာမြို့သို့ရောက်ရှိမည့် လမ်းစ ကို တွေ့ရတော့၏။ သုံးရက်မျှ ခရီးနှင်ပြီးနောက် လာဆာမြို့သို့ရောက်ရှိလေတော့သည်။ ကြည်ရုံရွာကလေးမှ ထွက်ခွာလာပြီးနောက် အချိန်အားဖြင့် ၇၅ ရက်အကြာ၊ အကွာအဝေးအားဖြင့် မိုင်ပေါင်း ၆၀၀ ကျော် ခရီးနှင်ခဲ့ပြီး လာဆာမြို့သို့ ရောက်ရှိခြင်း ဖြစ်၏။

သူတို့သည် တိဗက်ရဟန်းမင်း ဒလိုင်းလာမာ၏ ဆောင်းရာသီစံနန်းတော်ကို ဦးဆုံးတွေ့ကြရသည်။ နှစ်ပေါင်းသုံးရာ အိုမင်းပြီဖြစ်သော ဆောင်းရာသီစံနန်းတော် တော်ပိုတလာမှာ ရွှေရောင်တောက်ပလျက်ရှိ၏။ သူတို့သည် တိဗက်ပြည်တွင် တည်းခိုနေကြစဉ် သူတို့ရောက်ရှိနေသောသတင်းကို ဒလိုင်းလာမာသိရှိသွားသည်။ နောက်ဆုံးတွင် ဟိုင်းနရစ်ဟဲရာနှင့် ဒလိုင်းလာမာတို့သည် ခင်မင်ရင်းနှီးသွားလေ၏။ ဟိုင်းနရစ်သည် ရုပ်ရှင်ရုံ တည်ဆောက်ပေးခြင်းအားဖြင့် ဒလိုင်းလာမာကို ကူညီခဲ့သည်။ ဟိုင်းနရစ်မှာ ဂျာမန်လူမျိုးဖြစ်ရာ ဂျာမန်တို့၏ ဉာဏ်စွမ်းထက်မြက်မှုကို လေးစားသော ဒလိုင်းလာမာက ဟိုင်းနရစ်ကို သူ၏ နည်းပြဆရာအဖြစ် ခန့်ထားလိုက်၏။

ဤသို့ဖြင့် ဟိုင်းနရစ်ဟဲရာသည်တိဗက်ပြည်တွင် အတော်ကြာ နေထိုင်ခဲ့ပြီး နိုင်ငံရေး အခြေအနေ ဆိုးရွားလာမှ တိဗက်မှ ထွက်ခွာလာခဲ့၏။ ''ကျွန်ုပ်မည်သည့်ဒေသသို့ရောက်ရောက်၊ တိဗက်ကိုတော့ သတိရနေမည်ပင်''ဟူ၍ ဟိုင်းနရစ်ဟဲရာက တိဗက်ကို နှုတ်ဆက်သွားခဲ့ပေသည်။




မိုးမိုး၊ ပေါက်ပေါက်နှင့် မိုးတူးတို့သည် တလမ်းတည်းနေ ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။
ဟေ့
မိုးမိုးနှင့် ပေါက်ပေါက်တို့သည် ချေမ်းစွာကစားလိုသူများ ဖြစ်ကြသော်လည်း မိုးတူးမှာ အပြောခံ အဆိုခံရမည့် ကစားနည်းကိုမှ ရွေး၍ ကစားလိုသူ ဖြစ်သည်။
တခါတရံ မိုးမိုးတို့အလစ်တွင် မိုးတူးသောင်းကျန်းတတ်ပြန်ပါသေးသည်။


မိုးမိုးနှင့် ပေါက်ပေါက်တို့သည် ဖိုးတူးအတွက် အမြဲအနှစ်နာခံကြသည်။ သို့သော် ဖိုးတူးကမူ သဘောမပေါက်ပေ။
ဟင်း
အခု၊ ဝယ်ပေး
မကြာမီ ဖိုးတူးသည် မိုးမိုးတို့အား ခပ်တန်းတန်း နေလာပြီး တလမ်းကျော်မှ အောင်ဘုတို့နှင့် တတွဲတွဲဖြစ်နေသည်။
ဖိုးတူးသည် သူနှင့် စိတ်တူသဘောတူ ရှိလှသော အောင်ဘုတို့နှင့်တွဲကာ ပျော်လျက်ရှိ၏။
ဒါပေါ့
အောင်ဘုတို့သည် ဖိုးတူးလုပ်သမျှ မတားရုံမက အားပင်ပေးကြသည်။ တနေ့တွင် —
သူတို့သည် ဦးပျော့၏ ကြက်ခြံ
ရောက်လာကြသည်။


ဖိုးတုးသည် ခြံထဲသို့ခိုးဝင်သွားပြီး ကြက်များကိုပစ်ရန် ချောင်းနေသည်။
ခြံထဲမှာ၊ ရေ ရှိချင်ရှိမယ် နဲနဲစောင့်အုံးမှ၊
ခြံထဲသို့ ဖိုးတုးဝင်သွားသောအခါ အောင်ဘုတို့ နှစ်ယောက်သည် ခြံအပြင်တွင် ကျန်ရစ်ခဲ့လေသည်
ဟေ့ကောင်လေးတွေ မင်းတို့ ငါ့ခြံထဲကာ ဘာလို့ ချောင်းနေတာလဲ
မှာ၊ ကျနော်တို့မဟုတ်ဘူး၊ ဟို ဖိုးတုး-ဖိုးတုး
ဟုတ်တယ်၊ ဟိုဖက်လမ်းက ဖိုးတုး၊ ဦးလေးပျော့ကြက်ခြံ ထဲဝင်သွားတာမြင်လို့ မသင်္ကာတာနဲ့ ချောင်းနေတာပါ
ဟုတ်တယ်
ဟုတ်လား ကျေးဇူးပါဘဲ
အောင်ဘုတို့ ဖော်ကောင်လုပ်လိုက်သဖြင့် ဖိုးတုးမှာ အမိခံလိုက်ရသည်။
ဒီမှာ၊ ခင်ဗျားသား ဖိုးတုး ကျုပ်ခြံထဲဝင်ပြီး ကြက်ခိုးမလို့ဗျ၊ အောင်ဘုတို့ ပြောပေလို့ပေါ့
လက်စသတ်တော့ ဒီကောင်တွေက
ဦးပျော့က အိမ်သို့တိုင်သဖြင့် ဖိုးတုး အရိုက်ခံရသည်။
ဟေ့ ကြက်သခိုး
အေးကွာ၊ မင်းတို့ သားဆို၊ ငါ့ကို
ဟားဟား
ဒါပေါ့
နောက်ပြီး၊ ဒီလိုမကောင်းတဲ့ ကစားနည်းမျိုးကိုလဲ၊ မင်းတို့သားဆိုယင်၊ ငါ့ကိုမလုပ်ဖို့တားကြမှာဘဲ၊ ခုတော့ ငါရှက်မိတယ်ကွာ၊
အေး၊ ဦး့စေတနာကို မင်းနားလည်သွားတာ ဝမ်းသာပါတယ်
ပြီး

# အစာစားစဉ် ကျွန်ုပ်တို့ ပါးစပ်မှ ဘာကြောင့်တံတွေးထွက်ရသနည်း




ကျွန်ုပ်တို့ စားသုံးလိုက်သော အစားအစာကို ခန္ဓာကိုယ်က တိုက်ရိုက်အသုံးမချနိုင်ပေ။ ယင်းတို့ကို ပြုပြင်ပြောင်းလဲပြီးမှ ခန္ဓာကိုယ်က အသုံးပြုနိုင်သည်။ ထိုသို့ အသုံးပြုနိုင်ရန် လိုအပ်သော အာဟာရပစ္စည်းများသည် ရေတွင် ပျော်ဝင်နေရပေမည်။ အစားအစာကို သေးငယ် မှုန့်ညက်အောင် သွားများဖြင့် ကြိတ်ဝါးရ၏။ ထိုအခါ တံတွေး ထွက်လာသည်။ တံတွေးကြောင့် ကျေညက်သော အစာများသည် စိုစွတ်၍ အရည်ပျော်လာသည်။ ယင်းကြောင့် လျှာကလည်း အရသာပို၍ ခံစားလာနိုင်သည်။

အစားအစာ များသည် တံတွေးကြောင့်ပို၍ စိုစွတ် ချောမွတ်သောကြောင့် မျိုချရလွယ်ကူသည်။ ထို့ပြင် တံတွေးသည် အစာထဲမှ ကစီဓာတ်ကို ခန္ဓာကိုယ်က လိုအပ်သော သကြားဓာတ် (ဂလူးကို့) အဖြစ် ပြောင်းလဲပေးလေသည်။

တင်လှဦး

## အသံတု မှုတ်ကြည့်ပါ



# ကျွန်တော်နှင့်ဦးမြဟန်

မောင်သန်းစိုး



မှတ်မိပါသေးသည်။ ကျွန်တော် လေးတန်း အောင်သောအခါ အမေက ကျွန်တော့်ကို ကျောင်း ဆက်မထားနိုင်တော့ဟု ဆို၍ ကျွန်တော် ဝမ်းနည်းစွာ ငိုမိပါသည်။ အမေကချော့ပါသည်။

"မငိုပါနဲ့သားရယ်၊အမေလဲ မတတ်နိုင်လို့ပါ။ တကယ်လို့ ထားမယ်ဆိုယင် ဒီ အတန်းလောက်တော့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အတန်း ကြီးလာယင်တော့ တတ်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ရှေ့ဆက် အကျိုးကျေးဇူးတွေ ရတဲ့ ထွက်ထား လိုက်ပေါ့။ သား ခုစာရေးတတ် ဖတ်တတ်နေမှာ။ ဂဏန်းလဲ တွက်တတ်နေပြီ။ ဒါလောက်ဆို တော်ပါပြီ။"

ကျွန်တော့်အဖေသည် ကျွန်တော်တို့ သားအမိနှစ်ယောက်ကို ကျွန်တော်ငယ်စဉ်က ခွဲသွားပါသည်။ အဖေသည် ဆန်စက်တစက်မှာ လုပ်သားတယောက်ဖြစ်ခဲ့ပြီး ဝမ်းရောဂါဖြင့် ဆုံးသွားပါသည်။ အမေမှာ လုပ်မြဲအလုပ် ဖြစ်သော ဟင်း ရွက်ရောင်း ခြင်း ကို သာ လုပ် နိုင်ပါသည်။ ကျွန်တော့်ကို ရွာထဲက မူလတန်းကျောင်းမှာ ကြိုးစား၍ ကျောင်း ထား ခဲ့ ရာယခုအခါ အမေ့ စီးပွားရေးနှင့် မဖြစ်နိုင်တော့မှန်း ကျွန်တော်နားလည်ပါသည်။

ကျွန်တော် စိတ် ညစ် ညစ်ဖြင့် အိမ်မှ ထွက်၍ လျှောက်သွား နေ မိ ပါ သည်။ လမ်းလျှောက် ရင်း သစ် ပင် တ ပင်အောက်၌ ထိုင်ချလိုက်ပါသည်။ ထိုအချိန်တွင် လူကြီးတဦး လမ်းလျှောက်လာရာမှ —

"ဟေ့-ခလေး၊ မင်း ရွှေညိုရဲ့သားမဟုတ်လား"

"ဟုတ်ကဲ့ ဦး"

"အေး-မင်းအဖေနဲ့ဦးနဲ့ဟာ သိပ်ခင်ကြတာ။ ဦးနာမယ်လဲ မှတ်ထားအုံး မြဟန်တဲ့။ မင်းတို့အ ဖေ ရှိ တုန်း က လုပ်သွားတဲ့ ဆန်စက်မှာ စပါးထမ်းတယ်"

"ဟင်- မင်းမျက်လုံး မှာလဲ မျက်ရည်စတွေနဲ့၊ ဘာဖြစ်လို့လဲကွ"

ကျွန် တော် က အ ဖြစ် မှန် အ တိုင်း ကျောင်း နေ ရ သည့် အခက်အခဲကို ပြောပြပါသည်။ ထိုအခါ သူကမျက်မှောင်ကြုတ်၍ စဉ်းစားပြီးနောက် —

"ကဲ - ဘာမှ အားမငယ်နဲ့ငါ့တူ။ မင်းအလုပ် လုပ်မလား"

"ဘာအလုပ်လဲ ဦး"

"ဒို့ စက် မှာ သန့် ရှင်း ရေး အလုပ်ပေါ့။ ဆန်တွေ ဖွဲတွေ ပေါက်ကျနေတာကို ကျုံးပေးရမယ်။ စက်လည်ဘီးတွေ နေရာမှာ ဓါတ်မြက်စည်း လှည်းရမယ်။ မင်း တနေ့ တကျပ်ရမယ်။ ဒါဖြင့်ယင် ကျောင်း ဆက် နေနိုင်တာပေါ့ကွ"

ကျွန်တော် ဝမ်း သာ သွား ပါသည်။ နောက် အိမ်ဆီသို့ပြေးလာပြီး အမေ့ကို အားရ ဝမ်းသာ ပြောပြပါသည်။ အမေက ကျွန်တော် အသက် ငယ်သေး၍ တား မြစ် ပါ သည်။ သို့သော်

ကျွန်တော်က အတင်း ပူဆာ တော့မှ ခွင့်မပေးချင် ပေးချင် နှင့် သဘောတူလိုက်ပါသည်။

ကျွန်တော့် အဖို့ ကျောင်း စရိတ် လုံလောက်စွာရပြီ ဖြစ်၍ ကျောင်းကို စိတ် ချမ်း သာ စွာ နေနိုင်ပါပြီ။ ပိုလျှံသော ပိုက်ဆံ များကိုပင် အမေ့ထံ အပ်ထား ရပါ သေးသည်။ ဦး မြ ဟန် က လည်း ခဏခဏ ကျွန်တော့်ကို အားပေးပါသည်။

ကျွန်တော်သည် မနက် အ စောကြီးထ၊ စာကျက်ပြီးမှ ဝေ လီဝေလင်းမှာ ဆန်စက်သို့သွား ၍ သန့်ရှင်းရေး တာဝန်ကို လုပ် ပါသည်။ ပြီးမှ အိမ်ပြန်လာ၊ ရေ ချိုး၊ အစာစားပြီး ကျောင်းသို့ သွားပါသည်။

နောက်တလခန့် အကြာ၌ ဦးမြဟန်သည် ပုသိမ် ဖက်သို့ ပြောင်း ရွှေ့ သွား ရ ပါသည်။ သို့သော် မကြာမကြာ ဦးမြဟန် ထံမှ စာလာပါသည်။

သည် လို နှင့် စာ သင် ရက် သည် နှစ်ဝက်ကျော်၍ ဒီဇင် ဘာလသို့တိုင်လာပါပြီ။ သီတင်း ကျွတ် ကျောင်းမပိတ်မီက အ စမ်းစာမေးပွဲတွင် ကျွန်တော်အ တန်းထဲ၌ ပထမရပါသည်။ ယခု ဒီဇင်ဘာ ကျောင်း ပိတ် ပြီး ၍ ကျောင်းပြန်ဖွင့်စ လေးငါးရက် ကြာသွားပါပြီ။ သည်နေ့မှာ ဦးမြဟန်ထံမှစာတစောင်ရောက် လာပြန်သည်။ သူ့စာမှာ တိုတို နှင့် ဝမ်းသာစရာ ဖြစ်ပါသည်။

ဘိုးနီရေ —

ငါပြောထားတဲ့ စကားတွေ ကို မမေ့နဲ့နော်။ ဘာဘဲဖြစ်ဖြစ် လုံ့လ၊ ဝီရိယ၊ ဇွဲရှိယင် အောင် မြင်ရမှာဘဲ။ ငါတော့ ဒီအတိုင်း လုပ်ဆောင်ခဲ့လို့ စံပြ လုပ်သား အဖြစ် ရွေးချယ်ခံရပြီ။ ငါတို့ ရွှေလဆန်းယင် အင်းလေးကို သွားရမယ်။ ငါတော့ သိပ်ဂုဏ် ယူသကွာ။ မင်းလဲကြိုးစားပါ၊ တိုးတက်ရမယ်။ ကဲ တော်ပြီ။ မင်းလဲစာထည့်ပါကွာ — နော်”

ကျွန်တော်သည် ဦးမြဟန် ၏ စာအဆုံး၌ ကြည်နူးသွား ပြီး ဦးမြဟန် အ တွက် လည်း ဂုဏ်ယူမိပါသည်။ မိမိကိုယ် အ တွက်လည်း ဂုဏ်ယူမဆုံးပါ။ အ ဘယ်ကြောင့်ဆိုသော် သည်နေ့ သည် ပထမ အစမ်းနှင့် ဒုတိယ အစမ်းစာမေးပွဲများကိုပေါင်း၍ ကျောင်းသားများ၏ ပညာရည် တိုးတက်မှု အရည်အခြင်း အ လိုက် ဆုပေးပွဲ ကျင်းပသည့်နေ့ ဖြစ်ပါသည်။ သည်နေ့မှာ ပဥ္စမ တန်းမှ ပထမဆုကို ကျွန်တော် က ဆွတ်ခူးခဲ့ပါသည်။

သည် အကြောင်းကို ဦးမြ ဟန်ထံ စာပြန်ရပါဦးမည်။

အကယ်၍ ဦးမြဟန် တ ယောက် နောက်ရက်များတွင် အလည်လာပါက ကျွန်တော်၏ ပညာရည်ချွန် ပထမဆုအဖြစ်ရ သော ပစ္စည်းကလေး များကို ကျွန်တော်၏ ကြိုးစားမှု ရလဒ် အဖြစ် ပြရပေဦးမည် တကား။

## မြန်မာတို့အကြောင်း

ဆင်းရဲချမ်းသာ မရွေးပါ၊
ထားကြစေတနာ။

ကူညီတန်တာ ကူညီရေး၊
အမြဲဦးမလေး။

မြန်မာ့သွေးမို့ စကားဆို၊
ရင်ထဲမေတ္တာခို။

သစ္စာဆို ဘယ်မပျက်၊
ခိုင်ကြည်တည်တံ့လျက်၊

ရဲရင့်တဲ့ဘက် ကြည့်ပါလျှင်၊
ခေတ်အဆက်ဆက်ပင်။

လက်နက်ကြီးရှင်
ဘယ်လိုချောက်၊

မြန်မာဒူးမထောက်။

မကြောက်မရွံ့ ရဲစိတ်ဝင်၊
ဝါးရင်းဒုတ်ဖြင့်ယှဉ်။

သမိုင်းဝင်တဲ့ မြန်မာ့ဓား၊
အစွမ်းထက်တကား။ ။

ကျော်စမ်းမင်း (လှိုင်ရိမ်)



R. 517



# ဂေါ်ရီလာမျောက်ဝံ

ဂေါ်ရီလာ မျောက်ဝံသည် မျောက်ဝံမျိုးထဲတွင် အကြီးဆုံး ဖြစ်သည်။ ခြေနှစ်ချောင်းပေါ်တွင် ရပ်လိုက်ပါက ခြောက်ပေနီးပါး မြင့်သည်။ ဂေါ်ရီလာ မျောက်ဝံကို အလွန် ရက်စက်ကြမ်းကြုတ်သည်ဟု ယူဆခဲ့ကြသည်။ အမှန်မှ ယင်းတို့သည် အေးအေးချမ်းချမ်း နေတတ်ကြသည်။ ရန်မူသူရှိမှ အင်အားသုံးကာ ခုခံတိုက်ခိုက်တတ်၍ ရှောင်နိုင်က ရှောင်သွားလေ့ရှိသည်။

ဂေါ်ရီလာမျောက်ဝံသည် ခြေလက်လေးချောင်းစလုံးထောက်၍သွားလာသည်။ နောက်ခြေထောက်များပေါ်တွင် ရပ်ခဲသည်။ ရှေ့လက်များ သန်မာရှည်လျားသလောက် နောက်ခြေများမှာ တို၍ အားနည်းသည်။ မျက်စိအလွန်လျင်သည်။ အန္တရာယ်မြင်ပါက ချုံတောများအကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ့ရှိသည်။ ကွင်းပြင်တွင်ဖြစ်၍ မရှောင်တိမ်းသာလျှင် ခေါင်းဆောင်အထီးကြီးသည် တကောင်တည်းချန်ရစ်ကာ ရန်သူကို ခုခံတိုက်ခိုက်သည်။ အထီးကြီးများမှာ ထူထဲသောမျက်ခုံးများ၊ မည်းနက်သောမျက်နှာ၊ နဖူးပေါ်မှဖုကြီး၊ ချွန်ထက်သောအစွယ်များဖြင့် ကြောက်ဖွယ်ကောင်းလှသည်။ အမွေးအရောင်မှာလည်း မည်းနက်သည်။

နေ့အချိန်တွင် သီးနှံပင်များ၊ အသီးများ၊ ဝါးပင်များကို ရှာဖွေစားသောက်ကြသည်။ ညအချိန်တွင် သစ်ပင်များပေါ်သို့ တက်အိပ်ကြသည်။ ထိုအခါ ခေါင်းဆောင်အထီးကြီးသည် မြေပြင်သစ်ပင်ရင်းတွင် အိပ်စက်လေ့ရှိသည်။

ဂေါ်ရီလာမျောက်ဝံများသည် အုပ်ဖွဲ့၍ သွားလာကျက်စားလေ့ရှိသည်။ အုပ်စုတစုလျှင် ခေါင်းဆောင်အထီးကြီးတကောင်အမြဲရှိသည်။ ဂေါ်ရီလာမျောက်ဝံများကို အာဖရိက အလယ်ပိုင်းတွင်သာ တွေ့ရလေသည်။

ရဲမြင့်






ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးတင်ကြိုင်က ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၉၁ ပြည်သူ့ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅ အမှတ် ၃


# ရွှေသွေး ဂျာနယ်

၁၃၃၄၊ ခု၊ ပြာသိုလဆုတ် ၂ ရက် (၂၀-၁-၇၃)




စနေနေ့တိုင်းထုတ်ဝေသည်။


၉-နာရီထိုးဘို့ ၁၀-မိနစ်
ရဲကြပ်ကြီးတယောက်ဟာ မဟာဗန္ဓုလပန်းခြံကို ရောက်တော့ လက်ပတ်နာရီကြည့်ပြီး–
တရားရုံးချုပ်က နာရီကို လှမ်းကြည့်ပြန်တယ်။
ဆောင်းညက အေးတာကြောင့် လမ်းလျှောက်လာတဲ့သူတွေ ရှင်းနေတယ်။ လွတ်လပ်ရေး ကျောက်တိုင်နားမှာတော့ လူတယောက် ရပ်နေတာကို တွေ့ရတယ်။ ရဲကြပ်ကြီးဟာ အဲဒီလူဆီကို တည့်တည့် မတ်မတ် လျှောက်သွားတယ်။
မီးခြစ်ပါယင် တခြစ်လောက်
ရှိပါတယ်
အနားရောက်တော့ အဲဒီလူက ဆီးပြီး–
ဓာတ်မီးခြစ်ရောင်ကြောင့် ထိုသူရဲ့ မျက်နှာကို သေသေချာချာ မြင်လိုက်ရတယ်။


ကျွန်တော့် - မိတ်ဆွေ တယောက်ကို - စောင့်နေတယ်.. လွန်ခဲ့တဲ့ - ၁၅ - နှစ်က - ချိန်းထားတာ ဆန်းမနေဘူးလား၊ ချိန်းထားတဲ့အချိန်က ကနေ့ည - ၉ - နာရီဘဲ၊ - ၉ - နာရီ ထိုးတော့မယ်.....
ဓာတ်မီးခြစ် ပြန်ပေးရင်း -
... လွန်ခဲ့တဲ့ - ၁၅ - နှစ်က - ည - ၉ - နာရီမှာ ကျွန်တော်တို့နှစ်ဦး - ဒီပန်းခြံမှာခွဲခဲ့ကြတယ်၊ ကျွန်တော့်မိတ်ဆွေ - အသက်ရှင်နေသေးရင်တော့ - လွတ်လပ်ရေး ကျောက်တိုင်ကို - မရောက် ရောက်အောင် လာမှာဘဲ... ........
ခင်ဗျားတို့ အချိန်းအချက်က စိတ်ဝင်စားစရာကောင်းသမျှ ----- ဒါနဲ့ - နေစမ်းပါအုံး၊ ခင်ဗျားတို့ ခွဲခဲ့ကြပြီး ခင်ဗျား မိတ်ဆွေ အကြောင်း - ဘာမှ မကြားဘူးလား
ပထမ - တနှစ် - နှစ်နှစ် လောက် မှာတော့ - စာအဆက်အသွယ် ရှိခဲ့ကြသေးတယ်၊ နောက်ပိုင်းတော့ အဆက်အသွယ် ပြတ်သွားတယ်၊
ကိုင်း - ကျွန်တော်သွားမယ်၊ ခင်ဗျားမိတ်ဆွေလဲ - ရောက်လာပါလိမ့်မယ်၊ စောင့်ကြည့်အုံး ပေါ့ -
ထိုလူ စီးကရက် နောက်တလိပ် ထပ်ညှိပြီး တရားရုံးချုပ်က နာရီ ၉ နာရီထိုးသံကြားရစဉ် လူတယောက် သုတ်သုတ် ပြာပြာ ဝင်လာတယ်။
ဒေါင် ဒေါင် ဒေါင်
ဒေါင် ဒေါင် ဒေါင်
ကိုဘဆက် မဟုတ်လား
ခင်ဗျား - ကိုထွန်းလူလား




(ရဲကြပ်ကြီး - ကိုထွန်းလှသည် - တိုင်းပြည် "တါဝန်" ကျေသောသူဖြစ်ကြောင်း - ကျွန်ုပ်ပြလိုက်လေသတည်း။)


ကျောင်းအားရက် တရက်တွင် ခင်ဇော်တို့ သူငယ်ချင်းတစုသည် မြေနီကုန်းသို့ ရုပ်ရှင်လာကြည့်ကြသည်။

# သူ့အပြစ်နဲ့သူ

ရေး… မျိုးမြင့်မြတ်

ကာတွန်း…





သို့နှင့် ပိုက်ဆံ လုပြေးသော ကောင်လေး နှစ်ယောက်အနက် တယောက်ကို တွေ့ရသဖြင့် –
ဟာ-ဟိုမှာ ဟိုကောင်မဟုတ်လား-



မ-မ ဟုတ်ပါဘူးဦး-ကျနော်မသိပါဘူး
အတန်တန် ငြင်း၍မရတော့သည့်အဆုံးတွင်မူ ---
မင်းတို့က ကော ဘယ်ကလဲကွ၊ မင်းတို့နာမယ်တွေ ဘယ်လို ခေါ်လဲ
ရဲစခန်းမှ အထွက်တွင် ---
သို့သော် ရုပ်ရှင်မမှီသဖြင့် လှည့်ပြန်လာကြရလေသည်။

# စူးစမ်းရှာဖွေ သူများ

မုံရွာဝင်းဖေ

ကျော်ကျော်




## ရှားလွတ်အက်မင်နာ

ရှားလွတ်အက်မင်နာသည် အမေရိကန်ပြည်သူ အမျိုးသမီးသတင်းထောက်တဦးဖြစ်၍ နိုင်ငံတကာဆိုင်ရာ သတင်းဖြန့်ချိရေးဌာနတွင် သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၄ ခုနှစ်တွင် သူသည် ကြက်ခြေနီလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အာရှတိုက်သို့ သွားရောက်ခဲ့ပြီးနောက် အိန္ဒိယ၊ မြန်မာနှင့် တရုပ်နိုင်ငံတို့တွင် ကြက်ခြေနီလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ အာရှတိုက်တွင် ထူးခြားသော အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိပေသည်။ ယင်းတို့ကား တရုပ်နိုင်ငံတွင် တော်လှန်ရေးဖြစ်ပွားခြင်း၊ အိန္ဒိယနိုင်ငံတွင် ပဒေသရာဇ်စံနစ်ချုပ်ငြိမ်းခြင်း၊ အင်ဒိုနီးရှားနှင့် အခြားအရှေ့တောင်အာရှနိုင်ငံများတွင် လွတ်လပ်ရေးတိုက်ပွဲများ ပြင်းထန်နေခြင်း၊ ကိုရီးယားနှင့် ဗီယက်နမ်တွင် စစ်ဖြစ်နေခြင်း စသည်တို့ပင် ဖြစ်၏။ ယင်းသို့သော စိတ်ဝင်စားဘွယ် ဖြစ်ရပ်များကြောင့် ရှားလွတ်အက်မင်နာသည် အမေရိကန်သို့ မပြန်သေးပဲ အာရှတိုက်တွင်သံသရာလည်နေခဲ့ပေသည်။သူသည်သတင်းစာသမား တယောက်အဖြစ် စစ်မြေပြင်များ အတွင်း စွန့်စားသွားလာနေခဲ့၏။



၁၉၄၆ ခုနှစ်တွင် သူသည် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်သို့သွားရောက်ခဲ့၏။ထိုစဉ်က ထိုဒေသများမှာ ပြင်သစ်ပိုင် အင်ဒိုချိုင်းနားဟု ခေါ်သော ပြင်သစ်လက်အောက်ခံ ကိုလိုနီနယ်မြေများ ဖြစ်ပေသည်။ ကိုလိုနီစံနစ်ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးကို ဦးတည်သော ဒေသခံ



တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ နှင့် ပြင်သစ်တို့ စစ်ဖြစ်ပွားနေသော အခါကာ လလည်း ဖြစ်၏။

တနေ့တွင် ရှားလွတ်အက်မင်နာသည် ကမ္ဘောဒီးယားရှိ အန်ကောဝပ်ဘုရားကျောင်း တော်သို့ သွားရောက်လေ့လာကြည့်ရှုလေသည်။ ထိုစဉ် အစ်ဆာရက် ခေါ် ကမ္ဘောဒီးယား ပြောက်ကျားများ၏ ချောင်းမြောင်းပစ်ခတ်ခြင်းခံရရာ ပြင်သစ်စစ်သားတဦးက ကယ်ဆယ်ခဲ့သဖြင့် အသက်ချမ်းသာရာ ရခဲ့သည်။

ထိုနောက် သူသည် ပြင်သစ်စစ်စခန်းတခုသို့ ရောက်ရှိသွားပြီး လက်ဖတင်နင် ရောဗတ် ဂိုဗင်ဆိုသူနှင့် ရင်းနှီးခင်မင်ခဲ့၏။ တနေ့တွင် ရောဗတ်ဂိုဗင်နှင့်အတူ ဆိုင်ဂုံသို့ ဂျစ်ကားဖြင့် သွားကြစဉ် လမ်း၌ ဗီယက်မင်းပျောက်ကျားတပ်တတပ်နှင့် တွေ့ဆုံကာ တိုက်ပွဲဖြစ်ပွား၏။ ရှားလွတ်၊ အက်မင်နာမှာ တိုက်ပွဲတွင် ကျဆုံးသူများကို တွေ့ရသောအခါ မူးမေ့သွားလေသည်။ ရောဗတ် ဂိုဗင်က သူ့ကို သတိရအောင်ပြုစုမှ သတိရလာလေသည်။ အက်မင်နာသည် သတိရလျှင်ရချင်း ရှိုက်ကြီးတငင်ငိုကြွေးတော့၏။ “ငိုပါ၊ ငိုပါ၊ ခင်များဟာ မိန်းမသားတယောက်ဘဲ။ အားရအောင်သာ ငိုလိုက်ပါ။ အခုလို ငိုနိုင်တာကိုဘဲ ဘုရားသခင်ကို ကျေးဇူးတင်ဦး”ဟု ရောဗတ် ဂိုဗင်က အားပေးနှစ်သိမ့်ရ၏။

ထိုနောက်တွင် ရှားလွတ်အက်မင်နာသည် စစ်မြေပြင်အနှံ့ လှည့်ပတ်သွားလာနေခဲ့၏။ သတင်းစာသမားတဦးဖြစ်မှန်းသိသွားကြသဖြင့် မည်သူကမျှ သူ့ကို အန္တရာယ်မပြုကြတော့ပေ။ အက်မင်နာသည် တိုင်းရင်းသားများနှင့် တွေ့ဆုံ၍လည်း စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်သည်။ “ကျွန်တော်တို့ဟာ ကိုယ့်တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့မြေပေါ်မှာ ကျူးကျော်လာပြီး ကျွန်တော်တို့ကို လက်နက်ကိုင်တိုက်ခိုက်နေတဲ့ နိုင်ငံခြားသားများဟာ ဘယ်တော့မှ အနိုင်ရလိမ့်မယ် မဟုတ်ဘူး”ဟု တိုင်းရင်းသားများက ပြောပြကြ၏။

ဤသို့ဖြင့် ရှားလွတ်အက်မင်နာသည် တရားသော စစ်နှင့် မတရားသော စစ်တို့၏ ခြားနားပုံကို မြင်လာကာ မှတ်တမ်းတင်ခဲ့သည်။ သူ၏စွန့်စားမှုသည် ကမ္ဘာသူ ကမ္ဘာသားတို့အတွက် ဖြစ်ရပ်မှန်များကို တနည်းတလမ်း ဆောင်ကြဉ်းပေးနိုင်ခဲ့ပေသည်။




ရှိုးထမင်း ဆွ
ကာတွန်း
မောင်မောင်သက်
နယ်သူနယ်သားအပေါင်းတို့လေး -- မနက်ဖြန် ရွှေပြည်သာဘုရင်ကြီးကြွလာမည်ဖြစ်၍-စားသောက်ဘွယ်ရာပွဲတော်များ ဆက်သနိုင်သည် ---
တခါတုန်းက ရွှေပြည်သာတိုင်းပြည်တွင် -
တို့နယ်ကနာမယ်ကြီးတဲ့ နို့ထမင်းဆက်သယင် မကောင်းဘူးလား-
ဒီအကြံကောင်းတယ်
ကောင်းတယ်
အင်း-ဘုရင်ကြီးကို တခါမှ မမြင်ဘူးတော့ နို့ထမင်းဆက်ဘို့ ခက်တယ်
ဘုရင်ကိုဆက်ဘို့ ငါတို့လဲနားမလည်ဘူး-ကွ
ကျုပ်လဲနို့ထမင်းဆက်မှာဘဲ-ခင်ဗျားတို့ ဘာမှ မပူကြနဲ့ ကျုပ်လုပ်သလိုသာ လိုက်လုပ်ကြပေါ့
ဟုတ်ကဲ့
ထိုအချိန်တွင် မြို့စားကြီးရောက်လာပြီး
နောက်တနေ့ ဘုရင်ကြီးကြွလာစဉ်-
ကဲ-ကျုပ်ရှေ့ဆုံးကသွားမယ်၊ နောက်ကတန်းစီဖြီးလိုက်ကြ၊ ကျုပ်ကိုကြည့်ပြီးလုပ်ကြဘို့ မမေ့ကြနဲ့-နော်
ဟုတ်ကဲ့




အမယ်လေး
မြို့စားကြီးသည် ဘုရင့်ရှေ့တွင် လဲကျသွားရာ
ဟိုမှာမြို့စားကြီးလုပ်တာ မြင်ကြလား၊ သူလုပ်သလို လိုက်လုပ်ကြပေဟေ့
မင်းတို့ ရူးနေကြသလား
မြို့စားကြီးက မြင်သော် ---
မင်းတို့ ရူးနေကြသလား
မင်းတို့ ရူးနေကြသလား
မင်းတို့ ရူးနေကြသလား


ကဲ့ကွာ
မြို့စားကြီးသည် စိတ်ဆိုးပြီး လက်သီး ဖြင့် ထိုးလေသည်။
ဖုပ်
ကဲ့ကွာ
နယ်သား များသည် မြို့စားကြီး လုပ်သည့်အတိုင်း လိုက်လုပ်ကြပြန်လေသည်။
ဒီနယ်ကဧည့်ခံတာအဆန်းဆုံးဘဲ
ဟား-ဟား-ဟား
ဟား-ဟား-ဟား
ဟား ဟား ဟား
ကဲ-ကွာ
ဖုပ်
မင်းတို့ လါကြစမ်း
ငါတို့အားလုံး မင်းဒဏ် သင့်တော့ မယ်-ကွ
မြို့စားကြီး က ငါလုပ် သလိုလိုက် လုပ်ဆို..
မှန်လှပါ ရိုးသား လှတဲ့နယ်သား များကိုခွင့်လွှတ် တော်မူပါ-
ဪ-စိတ်ပျော်ရွှင်အောင် ဧည့်ခံကြလို့သင်တို့ အားလုံး ဆုတော် ငွေများ ချီး မြှင့်မည်၊
ပြီး

# အရိပ်ဘာ့ကြောင့်ပေါ်ရသနည်း




အလင်းရောင်သည် ဖြောင့်တန်းစွာ သွားသည်။ အချို့ပစ္စည်းထဲသို့ အလင်းရောင် ဖောက်ထွင်းသွားနိုင်သည်။ ဥပမာ– လေ၊ ရေ၊ မှန်ထဲသို့ အလင်းရောင်သည် အဆီးအတားမရှိ ကောင်းမွန်စွာ ဖြတ်သန်းနိုင်သည်။ ထိုအခါ အရိပ်ဖြစ်ပေါ်ခြင်းမရှိပေ။ စက္ကူ၊ ကပ်တူပြား၊ သံပြား၊ ကျောက်ပြား၊ စာအုပ် စသည်တို့ကိုမူ အလင်းရောင်သည် ဖောက်ထွင်း၍ မသွားနိုင်ပေ။ အလင်းတန်းသည် ယင်းတို့ကြောင့် ရပ်တန့်သွားသည်။ ထိုအခါ ယင်းတို့၏ အရိပ် ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် ဖယောင်းတိုင် မီးတောက်နှင့် စာအုပ် သို့မဟုတ် စက္ကူထူတချပ်အကြား သင့်လက်ကို ဖြန့်ထားလိုက်ပါက သင့်လက်၏အရိပ်သည် စာအုပ် သို့မဟုတ် စက္ကူထူပေါ်တွင် ပေါ်နေသည်ကို သင်တွေ့ရပေမည်။ သင့်လက်အစား မှန်ပြားတချပ်ကို ထားကြည့်ပါက အရိပ်မထင်ကြောင်း တွေ့ရမည်ဖြစ်သည်။

တင်လှဦး

## ဘောလုံးပြဿနာအဖြေရှာ




ကလေးတို့ရေ

" ဂျင်လုံး " ဆိုတဲ့ ကောင်လေး တယောက် ခုနစ်ပေနက်တဲ့တွင်းထဲ သူ့ဘောလုံး ကျသွားလို့ စိတ်ညစ်နေတယ်။ မြေပြင်ပေါ်ကို လက်နဲ့မထိဘဲ ဘောလုံး ရောက်အောင် သူလုပ်ချင်တယ်။ ဘောလုံးဟာ တွင်းနဲ့အံကျဖြစ်နေတယ်။ ဘောလုံးလေးကို လက်နှင့် မထိဘဲ မြေပြင်ပေါ်ရောက်အောင် ဘယ်လိုလုပ်မလဲကွယ်။

# နားလည်ပါပြီ

ညိုညိုယဉ် (ဒိုက်ဦး)



"တုတ်တုတ်ရေ – အမ ရှိလား"

အိမ်ရှေ့မှနေ၍ ဒေါ်တင်က မေးပါသည်။ တုတ်တုတ် မဖြေခင်ပင် မေမေက ဒေါ်တင်ကို လှမ်းခေါ်လိုက်ပါသည်။

ဒေါ်တင်သည် ကျောင်းပိတ်ရက်နေ့တိုင်း တုတ်တုတ်တို့ အိမ်သို့ ရောက်လာမြဲ ဖြစ်ပါသည်။ ဒေါ်တင်လာတိုင်း မေမေက ဝမ်းသာအားရ ကြိုပြီး အိမ်ရှိ စားစရာများကို ကျွေးပါသည်။ အဝတ်များ ကိုလည်း ပေးပါသည်။ ဒေါ်တင်သည် တုတ်တုတ်တို့အိမ်မှ အလုပ်များကို ကူညီ၍ လုပ်ကိုင်ပေးတတ်ပါသည်။ မေမေ့ အလုပ်များကို ကူလုပ်ပေး၍ တုတ်တုတ် သဘော ကျပါသည်။ သို့သော် တုတ်တုတ်တို့၏ အဝတ်များကို ပေး၍ တုတ်တုတ် မကျေနပ်ပါ။

"တုတ်တုတ်တို့ အင်္ကျီလေးတွေ မပေးပါနဲ့မေမေရယ်"

တုတ်တုတ်က အမြဲပြောပါသည်။ သို့သော် မေမေသည် တုတ်တုတ်၏ အင်္ကျီလေးများသာမဟုတ်၊ မေမေတို့၏ အဝတ်များ ကိုလည်း ပေးပါသည်။ အိမ်တွင် စားစရာ လုပ်တိုင်းလည်း မေမေက ပို့ပေးပါသည်။ တုတ်တုတ်က အင်္ကျီတွေ အဝတ်တွေမပေးရန်ပြောတိုင်း "သနားပါတယ် သမီးရဲ့" ဟု မေမေက ပြောပါသည်။

သည်နေ့လည်းဒေါ်တင်လာပြန်ပြီး အိမ်ရှိ အလုပ်များကို ဝိုင်းကူလုပ်ပေးပါသည်။ ဒေါ်တင်ပြန်ခါနီးတွင် –

"ရော့ – မတင်ရေ၊ ညည်းတူမ အင်္ကျီလေးတွေ သေတ္တာရှင်းရင်းနဲ့ တွေ့လို့ ယူသွားပေတော့" ဟု ပြောသံကြားလိုက်ပါသည်။ မေမေ့အသံကြောင့် တုတ်တုတ် ထွက်ကြည့်မိ၏။ မေမေက တုတ်တုတ်အင်္ကျီလေးများ ပေးလိုက်သည်ကို တွေ့ရ ပါသည်။ တုတ်တုတ် မေမေ့ကို မကျေနပ်ပါ။ အင်္ကျီလေးများကို နှမြောသည်။ ထို့ကြောင့် တုတ်တုတ် မေမေ့ကို စကားမပြောပဲ စိတ်ကောက်နေမိ၏။

"ရှင့် သမီးတော့ သူ့အင်္ကျီလေးတွေ မတင်ကို ပေးပစ်လို့ စိတ်ကောက်နေလေရဲ့" ဟုမေမေက ဖေဖေ့ကိုပြောသံကြားရ၏။ မကြာမီပင် –

"သမီးလာအုံး"

ဖေဖေကလှမ်းခေါ်၍ တုတ်တုတ် ထွက်လာရ၏။

"သမီးက သမီးအင်္ကျီလေးတွေ ပေးပစ်လို့ စိတ်ဆိုးနေတယ်ပေါ့"

"သမီး နှမြောလို့ပါဖေဖေ"

"နှမြောတော့ နှမြောရတာပေါ့ သမီးရဲ့။ သမီးဆီက အသုံးဝင်တဲ့ပစ္စည်းတခုခု၊ ဥပမာ သမီးရဲ့အခုသုံးနေတဲ့ စာအုပ်တအုပ် ပျောက်သွားတယ် ဆိုပါတော့၊ သမီး နှမြောမိမှာ အမှန်ဘဲ"

တုတ်တုတ်က ခေါင်းငြိမ့်ပြလိုက်၏။

"အေးပေါ့၊ ဒါက ကိုယ်အသုံးပြုနေတဲ့ ပစ္စည်းကိုးကွဲ့။ ဒါပေမဲ့ ကိုယ့်အဖို့ အသုံးပြုလို့မရ

တဲ့ပစ္စည်းတွေကတော့ နှမြောစရာမဟုတ်ပါဘူး။ ကိုယ်အသုံးမပြုနိုင်ယင်’ သုံးနိုင်တဲ့သူကိုပေးလိုက်ထာဟာလဲ မှန်မြတ်တဲ့အလုပ်ဘဲ သမီးရဲ့။ ဖေဖေပြောတာ သမီး သဘောပေါက်တယ်နော်”

“ဟုတ်ကဲ့ ဖေဖေ”

“အခု အင်္ကျီလေးတွေဟာ သမီးဆီမှာ ထားတော့ အလကားဆွေးသွားရုံဘဲရှိမယ်။ကိုယ့်ထက်အငယ်မရှိတော့ ဘယ်နားသွားသုံး မှာလဲ။ အခုလို ပေးလိုက်တော့ သမီးလဲ ကုသိုလ်ရတယ်။ အင်္ကျီလေးတွေလဲ အသုံးဝင်သွားတာပေါ့။ စေတနာဆိုတာ မတွန့်တို ကောင်းဘူး။ သမီးလဲ ဒီစေတနာ ကြောင့်နောက်အင်္ကျီ အသစ် ရလာမှာဘဲ။ ပြီးတော့ ဘာပစ္စည်းဘဲဖြစ်ဖြစ်တန်ဖိုးရှိတဲ့နေရာမှာ သုံးတတ် ရမယ်။ သမီးဆီမှာသာထားယင် ဒီအင်္ကျီ ‘လေးတွေဟာ ဝတ်မရတော့ တန်ဖိုးမရှိဘူး။ မတင်ကို ပေးလိုက်တော့ သူ့သမီး လေးတွေ ဝတ်ရတာပေါ့။ ဒီတော့ တန်ဖိုးရှိလာတာပေါ့။ ဖေဖေပြောတာကို သမီးနားလည်တယ် မဟုတ်လား”

ဖေဖေပြောပြသည်ကို တုတ်တုတ်နားလည်ပါပြီ။

စေတနာဆိုသည်မှာ မတွန့်တိုကောင်းပေ။

မည်သည့် ပစ္စည်း ဖြစ်စေ တန်ဖိုးရှိသည့် နေရာတွင် အသုံးပြုတတ်ရပေမည်။



## ဧရာ လမ်း

ဧရာဝတီ မဟာလမ်း၊
သူမွေးဖွားရာ
မြောက်ဖက်ခြမ်း။
နှစ်မြွာရောပြွမ်း ဖြစ်ပေါ် လာ၊
မေလိခနဲ့ မေခပါ။
ပခုက္ကူတည့်ရာ အထက်နား၊
ချင်းတွင်းညီငယ်
ပေါင်းဝင်သွား။
အင်အားကောင်းတဲ့ ဧရာရေ၊
စီးဆင်း အမြဲပေ။
နုန်းတင်မြေ ဝဲယာကမ်း၊
စိုက်ပျိုးခင်းတွေလွှမ်း။
ရေလမ်းခရီး အဖိုးတန်၊
သွားကြ စုန်အဆန်။
ဘူမိနက်သန် မှန်ရာအရပ်၊
မြို့ပြကြီးတွေ မြစ်ကမ်းစပ်။
အနားမရပ် အမြဲပင်၊
ပင်လယ်ထဲသို့ဝင်။
သားတို့ပြည်ခွင် အုံ့မခန်း၊
ဧရာဆိုတဲ့ မြစ်ကြောင်းလမ်း။ ။

လက်ပံနီ (ရေနံ့သာ)



R. 517



# ပင်လယ်ဖျံ

ပင်လယ်ဖျံသည် ခွေး၊ ကြောင်တို့ကဲ့သို့ အသားစားသော နို့တိုက်သတ္တဝါ တမျိုးဖြစ်သည်။ ရေထဲတွင်နေသော်လည်း ခွေး၊ ကြောင်တို့ကဲ့သို့ပင် သွေးနွေးသတ္တဝါဖြစ်သည်။ ရေထဲတွင် ကြာကြာ နေနိုင်ရန် ကိုယ်အရေပြားအောက်ရှိ အဆီပြင်နှင့် ရေမြှုပ်သဖွယ် တစ်ရှူးထပ်တို့က အထောက်အကူပြုသည်။

ပင်လယ်ဖျံ၏ ကိုယ်သည် လုံး၍ အထက်ပိုင်းကြီးပြီး အောက်ပိုင်းသွယ်သည်။ ဝေလငါး၏ကိုယ်နှင့် ဆင်ဆင်တူသည်။ ကိုယ်ပေါ်တွင် အမွေးတိုကလေးများ ပေါက်လျက်ရှိသည်။ ကိုယ်အရေပြားမှာ ဆီဆွတ်ထားသကဲ့သို့ ပြောင်နေသည်။ အရေပြားဆက် ခြေဖဝါး လက်ဖဝါးများ ရှိသည်။ ယင်းတို့ဖြင့် ရေထဲတွင် ယက်ကူးသွားလာသည်။ ရေအောက်၌ မိနစ်သုံးဆယ်ခန့်အထိ ငုပ်နေနိုင်သည်။ ယင်းလက်များဖြင့် ကုန်းပေါ်တွင် တွားသွားနိုင်သည်။

ပင်လယ်ဖျံမျိုး များစွာရှိသည်။ အထင်ရှားဆုံးမှာ ပင်လယ်ဖျံစစ် သို့မဟုတ် အမွေးရှိ ပင်လယ်ဖျံ၊ ဆီးလိုင်းယင်း ပင်လယ်ဖျံနှင့် သားမွေးရ ပင်လယ်ဖျံတို့ပင် ဖြစ်သည်။ ယင်းတို့အားလုံးသည် ပုံသဏ္ဌာန်အားဖြင့် ဆင်တူကြသော်လည်း အရွယ်မတူပေ။ အချို့မှာ ခြောက်ပေခန့် ရှည်ပြီး ကိုယ်အလေးချိန်ပေါင် ၁၀၀ ခန့်သာ ရှိသည်။ အချို့ကား ၁၆ ပေခန့် ရှည်ပြီး နှစ်တန်ခွဲခန့်အထိ လေးသည်။ အရောင်မှာ မီးခိုးရောင်၊ အညိုရောင်နှင့် အပြောက် အစက် အရစ်များ ဖြစ်ကြသည်။



တနှစ်လျှင် သားငယ်တကောင် သို့မဟုတ် နှစ်ကောင်အထိပေါက်သည်။

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၄။

# ရွှေသွေး ဂျာနယ်

၁၃၃၄၊ ခု၊ ပြာသိုလဆုတ် ၉ ရက် (၂၇-၁-၇၃)






စနေနေ့တိုင်း ထုတ်ဝေသည်၊




ဒီမုန့်တွေကို မိန်းမ-မမြင်အောင်ဖြီးလိုက် ထုပ်သွားမှကွာ၊ နောက်ကြမှ အကြောင်း မိန်းမကို ပြောမယ်၊
ဒီမှာ မိန်းမရေ၊ မနေ့က တီးတိုးပြောစရာ ရှိတယ်ကွဲ့၊ ငါလေ တောထဲမှာ ဂုဏ်ရှာတွေ တွေ့ခဲ့တယ်၊ အဲဒီဂူထဲမှာ ထည့်ကို အိတ်သွားရှာယူခဲ့ ပေါ့၊
အို့ ဟုတ်လား-ဝမ်းသာလိုက်တာတော်- ဒီလိုဆိုရင် ပြောပါနော်၊
ထိုနောက်လင်မယားနှစ်ယောက်တို့သည် ဂူရှာ ထွက်ကြသည်။
ငါ့မိန်းမ-မမြင်အောင် မုန့်တွေကို ချုံပုတ်တွေ ပေါ်ပစ်တင်သွားမှကွာ၊
ဒီမုန့်တွေက ၊ ကာယ်လို ချုံတွေပေါ်ကောက် နေတာလဲ၊
မုန့်မိုးရွာလို့ ချုံတွေပေါ်ကောက်နေ တာပါကွယ်၊
အော်- ဟုတ်လား- ထူးဆန်းလိုက်တာ၊
ဒီငါးတွေက ၊ ကာယ်လို ငါးတွေ ကောက် နေတာလဲ-ဟင်-
ငါးတွေဟာ မိုးရွာတာ မှုတ်ဘူး၊ ငါးတွေ ကောက်လို့ တာပါ ကွယ်၊


ထိုနောက် သူတို့သည် တောထဲမှ ဂုတ်နာများကို
ထို့နောက် ရွာသူကြီး ကာလသားမယား နှစ်ယောက်အား ခေါ်၍




ရတနာတောင်
ဇါတ်လမ်း
ပန်းချီ
တခါတုန်းက ရွာတရွာမှာ မုဆိုးမ တယောက် နဲ့ မောင်ရဲသူ ဆိုတဲ့ သားတယောက် ရှိသတဲ့ တနေ့ တော့–
သား၊ လဲ အရွယ်ရောက်ဖြီ မဟုတ်လား၊ ဒီတော့ သား အလုပ်တခုခု ရှာလုပ်ပါ သားဦးယ်…
ဒါနဲ့ မောင်ရဲသူဟာ အလုပ်ရှာထွက် ခဲ့တာ ကုန်သည်ကြီး ဦးဟိန္ဒထံမှာ အလုပ်ရသတဲ့။
ဒီနေ့ကစဖြီး၊ မင်းကိုဦး အလုပ်ခန့် ပါတယ်.
မောင်ရဲသူ အလုပ်ရပြီးနောက် လေးရက် မြောက်တဲ့နေ့မှာ ဦးဟိန္ဒဟာ နွားသားရေ စိမ်းတခုကို ဝယ်ခိုင်းပြီး ခရီးထွက်ခဲ့ကြ တယ်။
ခရီးထွက်ပြီး သုံးရက်မြောက်တဲ့နေ့မှာ တောင်ခြေ တခုကို ရောက်သွားကြတယ်။
ကဲ ငါတို့ ယူခဲ့တဲ့ နွားသားရေကို ခင်းဖြီး၊ အဲဒီ့ အပေါ်မှာ…… မောင်ရဲသူ လှဲအိပ်လိုက် ပါ
မောင်ရဲသူ နွားသားရေပေါ် လှဲအိပ်လိုက်တာနဲ့ တပြိုင်နက် ဦးဟိန္ဒက သူ့ကိုလျင်မြန်စွာ တုပ်ချည် ပြီး တောင်စွယ်တခုမှာ ပုန်းနေလိုက်တယ်။
မကြာမီ ကြီးမားလှတဲ့ ငှက်ကြီးနှစ်ကောင် ဟာ နွားသားရေကို ထိုးသုတ်ပြီး တောင် ထိပ်ပေါ်သို့ ချီသွားတော့တယ်။



တောင်ထိပ်ပေါ်ကို ရောက်တဲ့အခါ နွားသားရေကို နှုတ်သီးနဲ့ထိုးဖောက်တော့ မောင်ရဲသူကို တွေ့ပြီး လန့်ပျံကြတာပေါ့။
ဒီအခါမှာ -
မောင်ရဲသူရေ၊ အဲဒီက ရတနာတွေကို၊ အောက် ပစ်ချလိုက်ပေါ့—
ကျနော် ဘယ်လို ပြန်ဆင်းရမှာလဲ၊ ဦးဟိန္ဒူရဲ့
မပူပါနဲ့ကွာ၊ ရတနာတွေသာ များများ ချပေးစမ်းပါ၊ နောက်တော့ ဆင်းဖို့ ငါ ပြောမှာပေါ့
မောင်ရဲသူ ချပေးတဲ့ ကျောက်သံ ပတ္တမြားတွေ အိတ်တလုံးပြည့်တဲ့အခါ
မောင်ရဲသူရေ...
ငါဟာ၊ ဘာကြောင့်
အလုပ်သမားတွေကို
မကြာခဏ ငှားတယ်
ဆိုတာ၊ မင်းသိပြီပေါ့
ကဲ၊ ငါသွားမယ်ဟေ့
မောင်ရဲသူဟာ ပတ်ဝန်းကျင်ကိုကြည့်လိုက်တဲ့အခါ ရတနာတွေကြားမှာ အရိုးတွေကို တွေ့တော့ အတော် အားငယ်သွားတာပေါ့။
အဲဒီအချိန်မှာဘဲ ငှက်တကောင်ဟာ တောင်ထိပ်ပေါ်မှာ လာနားပြီး ထအပျံမှာ မောင်ရဲသူဟာ ငှက်ခြေထောက်ကို ခိုဆွဲရင်း လိုက်ပါသွားတာ မြေပြင်ကို အန္တရာယ် ကင်းစွာ ရောက်သွားခဲ့တယ်။
နောက်တနေ့မှာ မောင်ရဲသူဟာ ရုပ်ဖျက်ပြီး ဦးဟိန္ဒူထံ အလုပ်ရှာသွားပြန်တယ်။ ဦးဟိန္ဒူဟာ ထုံးစံအတိုင်း လေးရက်မြောက်တဲ့နေ့မှာ ခရီးထွက်ခဲ့ပြန်တယ်။


ရတနာတောင်ခြေကိုရောက်တဲ့အခါ –
ဦးဟိန္ဒူ၊ ကျွန်တော် ဘာလုပ်ပေးရမှာလဲ
ဘယ်လိုအိပ်ရမလဲ ဆိုတာ၊ ဦးဟိန္ဒူအာ ရုံအိတ်ပြပါလား
လွယ်ပါတယ် ကွဲ၊ ဒီနွားသရေ ပေါ်မှာ အိပ် လိုက်ပါ
ဦးဟိန္ဒူလဲအိပ်ပြရော မောင်ရဲသူက လျင်မြန် စွာ ထုပ်ချည်လိုက်ပြီး တောင်စွယ်မှာ ပုန်း နေစဉ်မှာဘဲ ငှက်ကြီးနှစ်ကောင်ဟာ နွား သားရေကို တောင်ထိပ်ပေါ်ချီပြီး ပျံသွား ကြတယ်။
ဦးဟိန္ဒူ တောင်ထိပ်ပေါ်ကိုရောက်တာနဲ့ မောင်ရဲ သူဟာ ရှင်ဖျက်ထားတဲ့ နှုတ်ခမ်းမွေးတွေကို ဖြုတ် ပြီး –
ဗျို့– ဦးဟိန္ဒူ ကျုပ်ဘယ်သူ ဆိုတာသိပြီမ ဟုတ်လား….. ကျုပ်အလှည့်တွန်း ကလို့၊ ရတနာ တွေကိုပစ်ချ ပေးပါအုံး ဗျို့
ဟင်! မောင်ရဲသူ ခင်ဗျားတောင်ပေါ်ကဘယ်လို ပြန်ဆင်း သလဲဆိုတာ ငါ့ကို ပြောပြပါအုံး..
ရတနာတွေကို သာအောက်ကိုချ ပေးစမ်းပါ၊ နောက် တော့ပြောပြမှာပေါ့!
ရတနာတွေတော့ ဖြည့်ပြီ၊ ခင်ဗျားတော်ပေါ်မှာဘဲနေရစ်တော့! သူများကိုမကောင်း ကြံတဲ့လူဟာ၊ ကိုယ့်အလှည့် ကြတော့ ဘယ်လိုခံရ ရတယ်ဆိုတာ ခင်ဗျား ကိုယ်ချင်းစာကြည့် ပေါ့၊ ကဲ သွားမယ် ဗျို့…
ဦးဟိန္ဒူဟာ အလွန် ကြောက်ရွံ့ တုန်လှုပ် သွားပြီး သူ့ကြောင့်သေ ရတဲ့ လူတွေအပေါ် ကိုယ်ချင်းစာ မိလာ တယ်။
ဒါပေမဲ့ စိတ်ထားသိမ်မွေ့တဲ့ မောင် ရဲသူဟာ အချိန်အတော်ကြာတဲ့အခါ မှာ ဦးဟိန္ဒူကို တောင်အောက်ကိုဆင်း ဘို့ နည်းလမ်း ပြောပြလိုက်ပြီး နှစ် ယောက်သား အတူ ပြန်ခဲ့ကြတော့ တယ်။
ပြီး





# ရှေးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ
ကျော်ကျော်

## ဟိုင်းနရစ် ရှလီမန်

ဟိုင်းနရစ်ရှလီမန် ကို ၁၈၂၂ ခု ဇန်နဝါရီလ–၆–ရက်နေ့တွင် ဂျာမနီနိုင်ငံ အရှေ့ပိုင်း ပိုလန်နယ်စပ်အနီးတွင် ဖွားမြင်သည်။ သူ၏ ဖခင်မှာ ခရစ်ယန် ဘုန်းကြီးဖြစ်၏။ ဖခင်ဘုန်းကြီးသည် အိမ်စေမိန်းမတဦးနှင့် မလွတ်မကင်းဖြစ်သဖြင့် သက်ဆိုင်ရာ သာသနာပိုင်က အရာမှချကာ နယ်နှင်လိုက်သည်။ ထို့ကြောင့် သူတို့မိသားစုမှာ စားဝတ်နေရေးအခက်အခဲနှင့် ရင်ဆိုင်ရလေသည်။

ဟိုင်းနရစ်သည် ကျောင်းမှထွက်လိုက်ရပြီး စားသောက်ဆိုင်တဆိုင်တွင် အလုပ်ဝင်လုပ်ရ၏။ ထို့နောက် သူသည် ရော့စတော့မြို့သို့ သွားရောက်ပြီးလျှင် စာရင်းကိုင်ပညာကို သင်ကြားလေသည်။ စာရင်းကိုင်ပညာတတ်မြောက်သောအခါ ကုန်သည်တဦးက သူ့ကို အလုပ်ပေးကာ စေလွှတ်သဖြင့် ဗင်နီဇွဲးလားသို့ ခရီးထွက်ခဲ့ရ၏။ လမ်းတွင် သင်္ဘောပျက်သဖြင့် ဒတ် (ချ်) တွင် သောင်တင်နေပြန်သည်။ ဟိုင်းနရစ်ကား အချိန်ကို အလကားမဖြစ်စေပဲ ဒတ်(ချ်)နှင့်၊ အင်္ဂလိပ်စကားကို သင်ကြားလေသည်။ ထို့နောက် ပြင်သစ်၊ ပေါ်တူဂီ၊ အီတာလျံနှင့် စပိန်ဘာသာစကားများကိုလည်း သင်ကြားပြန်၏။



ထို့နောက် သူသည် ကမ္ဘာအရပ်ရပ်သို့ သင်္ဘောဖြင့် လှည့်လည် သွားလာနေခဲ့လေသည်၊ သူသည် စာပေများမှတဆင့် ရှေးဟောင်းဂရိနိုင်ငံအကြောင်းကို သိရှိလာရပြီးလျှင် ဂရိ



နိုင်ငံသို့ သွားလိုသောဆန္ဒ ဖြစ်ပေါ်လာလေသည်။ ရှေးဟောင်းနှင့် ခေတ်သစ် ဂရိဘာသာ နှစ်မျိုးလုံးကိုလည်း သင်ကြားလေ့လာလေသည်။


တနေ့တွင် ဂရိနိုင်ငံသို့ သွားရန် အကြောင်းပေါ်လာသဖြင့် သူ့ဆန္ဒ ပြည့်ဝသွားလေသည်။ ဂရိနိုင်ငံသို့ ရောက်ရှိကာ လှည့်လည်သွားလာနေစဉ် ဂရိမိန်းမပျိုတဦးနှင့် အိမ်ထောင်ကျသည်။ ဟိုင်းနရစ်သည် ဂရိကဗျာဆရာကြီး ဟိုးမား၏ အစ်လယက်အမည်ရှိ ကဗျာရှည်ကြီးကို ဖတ်ရ၏။ ထိုကဗျာတွင် ထရွိုင်မြို့ကြီးအလွန်ခမ်းနားကြီးကျယ်ကြောင်း၊ ထရွိုင်မြို့၏အရှေ့တောင်ဖက်တွင် နတ်မင်းကြီးဇုစ်မြန်းရာ အိုင်ဒါတောင်တည်ရှိကြောင်း၊ ဂရိနှင့်ထရွိုင်မြို့သားတို့၏ ထရိဂျန်စစ်ပွဲကို နတ်မင်းကြီးဇုသည် အိုင်ဒါတောင်ထိပ်ပေါ်မှ ရှုစားခဲ့ကြောင်း စသည်တို့ ရေးထား၏။

ဟိုင်းနရစ်သည် ထရွိုင်မြို့ကို ရှာဖွေဖော်ထုတ်ရန် ကြံစည်ပြီးလျှင် ထရွိုင်မြို့တည်ရှိနိုင်မည့်နေရာကို သုတေသနပြုလေတော့၏။ နှစ်ပေါင်းများစွာ သုတေသနပြုပြီးသောအခါ ထရွိုင်မြို့သည် တူရကီကမ်းခြေမှ ၁၀ မိုင်အကွာ ဗာနာဗာရှီမြို့အနီး မြေအောက်တွင် တည်ရှိမည်ဖြစ်ကြောင်းကို သိရလေသည်။ ထို့ကြောင့် ထိုနေရာသို့ သွားရောက်ပြီးလျှင် စတင် တူးဖော်လေတော့သည်။ ရက်ပေါင်းများစွာ ပင်ပင်ပန်းပန်း တူးဖော်ပြီးသောအခါ ဟိုးမား၏ ကဗျာတွင်ပါရှိသည့်အတိုင်း ကြီးကျယ်ခမ်းနားသည့် မြို့တော်ဟောင်းကြီးနှင့် တကွ မြောက်မြားလှသော ရတနာများကို တွေ့ရလေ၏။ ဟိုင်းနရစ်ကား အကြံအစည် အောင်မြင်ဖြစ်၍ အတိုင်းမသိ ဝမ်းမြောက်နေတော့သည်။




သူသည် ရွှေ ငွေရတနာများကို ဘာလင်ပြတိုက်သို့ ပေးပို့လှူဒါန်းလိုက်၏။ သူ့အဖို့ ရွှေငွေရတနာများမှာ မက်မောစရာ မဟုတ်ပေ။ ထရွိုင်မြို့ ကို ရှာဖွေတွေ့ရှိသူ ဟိုင်းနရစ်ရှလီမန် ဟူသော အမည်နာမသည်သာလျှင် မက်မောစရာဖြစ်ပေသည်။


နွေရာသီ ကျောင်းပိတ်လိုက်သဖြင့် ကျော်ကြီးတို့ အတန်းသားအားလုံး ကျောင်းရှေ့တွင် စုရုံးကြကာ အားရက်အတွင်း ဘာလုပ်ကြမလဲဟု ဆွေးနွေးကြ၏။
ဆရာမဆီကိုဒို့ဘာတွေ လုပ်နေတယ်ဆိုတာ စာရေးပြီး အကြောင်းကြားကြမယ်
ငါတော့ ငါ့ဖွားဖွားအိမ်ကို သွားမယ်
သို့ဖြင့် ကျော်ကြီးက သူ့အတွေ့အကြုံများကို အောက်ပါအတိုင်း စာရေးလိုက်၏။
ကျွန်တော် ရွာတရွာမှာ လူတရာခန့်ကို ရေထဲမှ ဆယ်ပေးခဲ့ပါသည်။
သူတို့ဝမ်းသာကြ၍ကျေးဇူးတင်စကားပြောသည်။
မင်းကြောင့် ဒို့အသက်မသေတာကွ
တနေ့တွင် မီးရထား လမ်းမျှက်နေစဉ် ရထားကြီးတစင်း လူအပြည့်နှင့် မောင်းလာသဖြင့် ကျွန်တော်တွန်းရပ်လိုက်ရပါသည်။
ရထားပေါ်ကလူတွေ အားလုံးပြေးဆင်းလာကြ၍ မင်းတယ်သတ္တိရှိပါလားဟု ပြောပြီး အချီက ချီမကြပါသည်။ ပြီးတော့ ကျွန်တော့် လိပ်စာကို တောင်းကြပါသည်။


သူတို့လိပ်စာများကိုလည်း ပေးပါသည်။ အချို့က လက်ဆောင်တွေ ပေးပါသည်။ ကျွန်တော်က ဘာကိုမျှ မယူလိုပါဟု ပြောလိုက်ပါသည်။
အချို့က ကျွန်တော့်ကို ဓာတ်ပုံရိုက်ကြပါသည်။ သူတို့နှင့်လိုက်ဖို့ ပြောသော်လည်း ဖွားဖွားမသိပဲ ကျွန်တော် ဘယ်ကိုမျှသွားလို့မဖြစ်ပါ။
တနေ့တွင် အိမ်တဆောင် မီးလောင်ပါသည်။ အိမ်ထဲမှာ လူတွေပိတ်မိနေသဖြင့် ကူညီရန် ပြေးသွားပါသည်။
အိမ်ထဲသို့ ရောက်သောအခါ မီးလောင်နေသော ဆင့်တုံးကြီးများ ပြုတ်ကျပါသည်။ ဆင့်တုံးငါးတုံး ကျွန်တော့်အပေါ်သို့ ကျလာရာ အသာ မထားရပါသည်။
အိမ်ထဲတွင် ပိတ်ကျန်ရစ်သော ကလေးကို ကယ်လိုက်သဖြင့် အိမ်ပိုင်ရှင်များက ကျေးဇူးတင်ကာ ကျွန်တော့်ကို ပုတ်လောက်ရှိသော ဖရဲသီးတလုံး လက်ဆောင်ပေးပါသည်။
ကျွန်တော် ရန်ကုန်ပြန်လာခဲ့ပြီး နောက်တနေ့တွင် ကားလမ်းကိုဖြတ်ကူးနေသော အဖွားအိုတယောက်ကို တွေ့ရပါသည်။


ကူညီသင့်သည်ဟု ယူဆကာ ပြေးသွားပြီး ကျွန်တော်ကူညီပါရစေ ဖွားဖွားဟု ပြောကာ အဖွားအိုကို တဖက်သို့ ပို့ပေးပြီး ပြန်ခဲ့ပါသည်။
ထို့နောက် လမ်းနှစ်ဖက်လုံးမှ အဖွားအိုများကို တွေ့ရသဖြင့် ကူညီပေးခဲ့ရာ အဖွားအိုတရာခန့် ရှိမည် ထင်ပါသည်။
အဖွားအိုသုံးယောက်ကသာ မဖြတ်ကူးလိုဟု ငြင်းကြပါသည်။
ဤကားကျောင်းပိတ်ရက်အတွင်းကျွန်တော်၏ လုပ်ဆောင်ချက် အမှန်များပင် ဖြစ်ပါသည်။
ကျောင်းပြန်ဖွင့်သောနေ့တွင် ဆရာမက ကျောင်းသားများ ရေးပို့သော စာအားလုံးကို အထန်းထဲတွင် ဖတ်ပြပါသည်။
သို့သော် ကျော်ကြီး၏ စာကိုကား မဖတ်ပြပါ။ အဘယ်ကြောင့် စာမဖတ်ပြသည်ကို သင်တို့တွေးမိလိမ့်မည်ထင်ပါသည်။

# အမှောင်ထဲတွင် ဝတ္ထုပစ္စည်းများကို ဘာကြောင့် မမြင်နိုင်သနည်း



မည်းမှောင်နေသော အခန်းထဲသို့ ဝင်သွားပါက ဘာကိုမျှ မမြင်ရသည်ကို သင်သတိထားမိပေမည်။ တံခါး သို့မဟုတ် ပြူတင်း ပေါက်တခုခုကို ဖွင့်၍ အလင်းရောင်ဝင်စေမှသာလျှင် အခန်းထဲရှိ ပစ္စည်းများကို ကွဲကွဲပြားပြား တွေ့မြင်နိုင်ပေမည်။ ဘာကြောင့် ဤသို့ ဖြစ်ရပါသနည်း။ ဝတ္ထုပစ္စည်းတခုခုကို မြင်နိုင်ရန်မှာ ယင်းပစ္စည်းမှ လာသော အလင်းရောင်သည် မျက်စိပေါ်သို့ ကျရောက်ရပေမည်။



အချို့ပစ္စည်းများမှာ မိမိတို့ကိုယ်တိုင် အလင်းရောင်ထုတ်လွှင့် ပေးသောကြောင့် ယင်းတို့ကို မြင်နိုင်သည်။ ဥပမာ–နေ၊ လင်းနေ သော မီးသီးတို့သည် အလင်းရောင်ကို ကိုယ်တိုင် ထုတ်လွှတ်သည်။ အချို့ပစ္စည်းများမှာ မိမိတို့ကိုယ်တိုင် အလင်းရောင်မထုတ်လွှတ်နိုင်ပေ။ အခြားမှလာသော အလင်းရောင်ကို ရောင်ပြန်ဟပ်စေခြင်းဖြင့် ယင်း တို့ကို မြင်ရသည်။ ဤကဲ့သို့သော ပစ္စည်းများမှာ–လ၊ ကုလားထိုင်၊ စားပွဲ၊ စာအုပ်စသည်ဖြင့် မြောက်မြားစွာ ရှိလေသည်။

တင်လှဦး

## သိပ္ပံပဟေဠိ ဉာဏ်စမ်း



ဖန်ခွက်ထဲရှိ ရေတွင် ပေါ လောပေါ်နေသော ရေခဲ တုံး ငယ်ငယ် တ တုံးကို လက်နှင့် မထိစေပဲ အပ် ချည်ကြိုးဖြင့် ကြွပါလာ အောင် ဆယ်ယူပြပါ။ ကြိုးစကို အဖျားထုံး ခြင်း ကွင်းလျှောလုပ် ခြင်း မပြုရ။

အဖြေ။ ကြိုးစ အဖျားကို ရေဝ အောင် ဆွတ်ပြီး ရေခဲ တုံး မျက် နှာ ပြင် ပေါ် တွင် လှဲလျက် တင်ထား ပါ။ အိမ်သုံး ဆားကို ကြိုးစ ဖုံးအောင် ဖြူး၍ တမိနစ်ခန့် စောင့်ပြီး ကြိုးစမှ ကိုင်ကာ ဆွဲတင် လိုက်ပါ။

# တောင်ကုတ်တောင်ကြား လမ်း

တောသားကြီး မှံနှံ့သာ



ကျွန်တော် ပဉ္စမတန်း စာမေးပွဲ ဖြေ ဆို ပြီး သော နှစ် က ဖြစ်ပါသည်။ နွေရာသီကျောင်း ပိတ်လိုက်သောအခါတွင် ကျွန်တော့်ဖေဖေ ရှိရာ ပိန္နဲစခန်းသို့ ကျွန်တော် အလည် လိုက်သွားပါသည်။ ပိန္နဲစခန်း ဟူသည်မှာ ကျွန်တော်တို့ ပထဝီဘာသာ၌ သင်ရသော တောင်ကုတ်တောင်ကြားလမ်းပေါ်တွင် တည်ရှိပါသည်။ အကျဉ်း ထောင်များမှ အပြစ်ကျနေသော ရဲဘက် ကြီးများ လမ်းဖောက်လုပ်ရာစခန်း ဖြစ်လေသည်။

ပထမဦးစွာ ကျွန်တော့် ဖေဖေအကြောင်းကို ပြောပါရစေ။ ဖေ ဖေ သည် ထောင် မှူး တယောက်ဖြစ်၏။ သူသည် လမ်းဖောက်လုပ်ရန်အတွက် ရဲဘက်ကြီးများနှင့်အတူ ပိန္နဲစခန်းသို့ သွားရောက် နေရခြင်း ဖြစ်ပါသည်။ ထိုတောင်ကုတ် တောင်ကြားလမ်းပေါ်၌ ပိန္နဲစခန်းအပြင် သပြေစခန်း၊ နေပူတောင်စခန်းဟူသည့် ရဲဘက်စခန်းများလည်း ရှိပါသေးသည်။

ရန်ကုန်မှ သွားရောက်လျှင် ပထမဦးစွာ ပြည်မြို့သို့ သွားရ၏။ ထိုမှတဆင့် ဧရာဝတီမြစ်ကို ဖြတ်ကျော်လျက် ပန်းတောင်းမြို့သို့ သွားရပါသည်။ တောင်ကုတ်တောင်ကြားလမ်းမှာ ပန်းတောင်းမြို့ကလေးနှင့် ရခိုင်တိုင်းရှိ တောင် ကုတ် မြို့ က လေး ကို ဆက်သွယ်သွားသောလမ်း ဖြစ်ပါသည်။ ဖေဖေရှိရာသို့ ကျွန်တော် လိုက် သွား သော အ ခါ စာထဲ၌သာ သင်ခဲ့ရသော အနောက်ရိုးမ တောင်တန်းကြီးကို မျက် မြင် ကိုယ် တွေ့ ရ ပါ တော့ သည်။ တောင်များမှာ အထပ်ထပ်၊ သစ်တောများမှာ အထပ်ထပ်ပင်၊ ဖြူဖွေးသော မြူခိုးများမှာ တောင်များ၏ ဘေးပတ်လည်နှင့် တောင်ကြားများတွင် ရစ်သိုင်းလျက် တွေ့ရသည်။

ဤမျှထူထပ်လှသော တောကြီးတောင်ကြီးထဲတွင် သားရဲတိရစ္ဆာန်များ၊ ကျေးငှက်များ ရှိကြသည်ဟုသိရပါသည်။ ကျွန်တော် ရောက်ရှိစဉ်မှု မျောက်များကိုသာ အများဆုံး တွေ့ရပါသည်။

ကားလမ်း တလျှောက်လုံးမှာလည်း ဖြောင့်ဖြောင့်ဖြူးဖြူး တော့ မဟုတ်လှ။ အချို့နေရာတွင် ကွေ့ကောက်၏။ အချို့နေရာတွင် ချောက်ကမ်းပါးဘေးမှ ကပ် လျက် ရှိ ၏။ တ ခါ တ ရံ မူ တောင်နှစ်လုံးကြားမှ ဖြတ်သွားရတတ်၏။ ကား စီးရသည်မှာ ရင်တထိတ်ထိတ် ရှိလှပေတော့သည်။

တနေ့တွင် ကျွန်တော်သည် ဖေဖေနှင့်အတူ ရဲဘက်ကြီးများ လမ်းဖောက်လုပ်ရာသို့ လိုက်ပါသွားပါသည်။ ထိုအခါ ဖေဖေက —

"ကျားတွေဆင်တွေပေါ်တဲ့၊ သွားရ လာရတာ မလွယ်ကူတဲ့ ဒီတောတောင်ကြီးထဲကို ဖေဖေတို့ ရဲဘက်ကြီးတွေ ဘာဖြစ်လို့ လမ်း ဖောက်နေရတယ် ဆိုတာ သား သိ သ လား" ဟူ၍ မေးပါသည်။ ကျွန်တော်က ခပ်ပေါ့ ပေါ့ပင် –

"ကားတွေ လူတွေ သွားလာနိုင်အောင်ပေါ့" ဟူ၍ ဖြေလိုက်ပါသည်။

"သားပြောတာမှန်ပါတယ်၊ ဒါပေမဲ့ မပြည့်စုံသေးဘူး။ ဖေဖေတို့ ရဲဘက်ကြီးတွေရဲ့ လုပ်အားကြောင့် ဒီလမ်း ပြီးသွားယင် ရခိုင်ပြည်နဲ့ ဗမာပြည် သွားရေးလာရေး လွယ်ကူသွားမယ်။ ကုန်ပစ္စည်းတွေလဲ သယ်ယူတာ၊ ပို့တာ လွယ် ကူမယ်။ ဖေဖေတို့ တိုင်းရင်းသားအချင်းချင်းလဲ ပိုပြီး ရင်းနှီးလာမယ်။ ဒါကြောင့် ဖေဖေတို့ ဒီလမ်းမကြီးကို ဖောက်ကြတာ"

ဖေဖေ့စကားကို ကျွန်တော် သဘောပေါက်ပါသည်။ ကျွန်တော့် ဆန္ဒမှာလည်း တိုင်းရင်းသားအချင်းချင်း ပိုမိုရင်းနှီးစေလိုပါသည်။ တိုင်းရင်းသား အချင်းချင်း ရင်းနှီးချစ်ကြည် ညီညွတ် ကြ လျှင် ဘယ် ရန် သူ မျှ ကျူး ကျော် စော် ကား ရဲ မည် မဟုတ် ဟူသော ကျွန်တော်၏ ဆရာမ စကားကြောင့် ဖြစ်ပါသည်။

ရဲဘက်ကြီးများကား နွေစဉ်ပင် ဤလမ်းမကြီးကိုဖောက်လုပ် ကြ ပါ သည်။ ကျွန် တော် လည်း နောက်နွေများမှ စ၍ ဖေဖေနှင့်အတူ လိုက်ပါပြီး ရဲ ဘ က် ကြီး မျ ား နှ င့် အ တူ ကျောက်များကို သယ်ယူ ထုခွဲပါသည်။ လမ်းခင်းပေးပါသည်။ ရဲဘက်ကြီးများနှင့်အတူ လုပ်အားပေးခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ပြန်ခါနီးအထိလုပ်အားပေးခဲ့ပါသည်။ ဤချစ်ကြည်ရေး လမ်းကို မြန်မြန်ပြီးစေလိုသော ဆန္ဒကြောင့် ဖြစ်ပါသည်။ ကျွန်တော်ပြန်လာခဲ့သောအခါ လုပ်အားပေး အတွေ့အကြုံများကိုလည်း ရခဲ့ပါသည်။ ရဲ ဘက် ကြီး များ နှင့်လည်း သိကျွမ်း ရင်းနှီးခဲ့ရပါသည်။ အနောက်ရိုးမ တောင်တန်း ကြီး ကို လည်း ကိုယ်တိုင်ရောက်ရှိ မြင်တွေ့ခဲ့ရပါသည်။

ထို့ကြောင့် ဤတောင်ကုတ်တောင် ကြား လမ်း ကို ကျွန်တော် ဘယ်သောအခါမျှ မေ့တော့မည်မဟုတ်ပါ။ ပို၍ မေ့ပျောက် နိုင် မည် မဟုတ်သော အရာကား ဤလမ်းဖောက်လုပ်ရာတွင် ကျွန်တော်၏ လုပ်အားများ ပါဝင်ခဲ့ရခြင်းပင် ဖြစ်ပါသတည်း။

## လမ်းဖြတ်ကူးလျှင်

ခရီးသွားလာ
လမ်းကူးဖြတ်ယင်၊
ခဏရပ်လို့ စောင့်ရမယ်။
ဘယ်ဘက်စောင်းကာ
အသာလှည့်လို့၊
လာတဲ့ကားတွေ ကြည့်ရမယ်။
ဘယ်ဘက်ပြီးယင်
ညာကိုကြည့်လို့၊
ကား ရှိမရှိ သိရမယ်။
နောက်ပြီးတော့ကွယ်
ဘယ် ပြန်ကြည့်လို့၊
ကားရှင်းသည့်ချိန် ကူးရမယ်။
အရင်လိုက်ာ ဖြတ်မပြေးနဲ့၊
ဖြေးဖြေးသွားမှ
ဘေးကင်းမယ်။
အန္တရာယ်ကင်းအောင်
သတ်မှတ်ထားတဲ့၊
မျဉ်းဝါကျားက ကူးဖြတ်ကွယ်။
ကူးမယ်၊ ဖြတ်မယ်။ ။

သလ္လာ - လှသွေး



R. 517

# ဝါးလရပ်ဖျံ



မြောက်ဝင်ရိုးစွန်းဒေသတွင် တွေ့ရသော တိရစ္ဆာန်တမျိုးဖြစ်သည်။ ယင်းတို့သည် ရေခဲမျောတုံးကြီးများပေါ်တွင် လိုက်ပါနေထိုင်လေ့ရှိပြီး၊ ကမ်းပေါ်သို့လည်း တက်ရောက်နေထိုင်လေ့ရှိသည်။ ပင်လယ်ဖျံနှင့် အသွင်ချင်းတူသည်။ သို့သော် ဝါးလရပ်ဖျံတွင် အပေါ်မေးရိုးမှ အောက်သို့ ကုပ်ဆင်းနေသော အစွယ်ရှည်နှစ်ချောင်းစီပါရှိသည်။ အချို့ အစွယ်များမှာ လက်မ ၃၀ ခန့်အထိ ရှည်သည်။ ဝါးလရပ်ဖျံအကြီးတကောင်၏ အလျားမှာ ဆယ်ပေခန့် ရှည်ပြီး၊ ပေါင်ချိန် ၂၀၀၀ မှ ၃၀၀၀ အထိ လေးသည်။

ဝါးလရပ်ဖျံသည် အစွယ်ရှည်များကို ပင်လယ်အောက်ခြေရှိ မြေပြင်မှ အစာများ တူးဖော်ယူရာတွင် အသုံးပြုသည်။ ရန်သူကိုတိုက်ခိုက်ရာတွင်လည်း အသုံးပြုသည်။ ခရု၊ ကမာ၊ ပုစွန်ဆိတ် စသည့် သတ္တဝါများနှင့် ရေမှော်ပင် အချို့ကို စားသည်။ အပေါ်နှုတ်ခမ်းရှိ အမွေးမြှင်ရှည်များဖြင့် အစာကိုစစ်ယူသည်။ ယင်းတို့တွင် အပြင်ဖက်၌ နားပေါက်များမရှိပေ။ ယင်းတို့၏ နားကို အရေပြားနှင့် ကြွက်သားများက ဖုံးအုပ်လျက် ရှိပေသည်။

ဝါးလရပ်ဖျံများသည် အုပ်ဖွဲ့၍ နေထိုင်လေ့ရှိကြသည်။ ရေထဲတွင် လျင်မြန်စွာ ကူးခပ်သွားလာနိုင်သော်လည်း ကုန်းပေါ်တွင် နှေးကွေးသည်။ ကျယ်လောင် အသံများကို ပြုနိုင်သည်။ အန္တရာယ် မပေးတတ်သော်လည်း ယင်းတို့အထဲမှ တကောင်ကောင် အတိုက်ခိုက် ခံရလျှင် ဝိုင်းဝန်းခုခံတိုက်ခိုက်ကြသည်။

အက်စကီးမိုး လူမျိုးများက ဝါးလရပ်ဖျံများကို အစာအတွက် ဖမ်းဆီးသတ်ဖြတ်လေ့ ရှိသည်။ ဝါးလရပ်ဖျံ၏ အဆီနှင့် အစွယ်တို့မှာ တန်ဖိုးရှိသည်။ ယခုအခါ ဝါးလရပ်ဖျံများ၏ အရေအတွက်မှာ လျော့နည်းစ ပြုနေပြီဖြစ်သည်။



ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅ အမှတ် ၅

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ တပို့တွဲလဆန်း ၁-ရက် (၃-၂-၇၃)


## ညီအစ်ကိုနှစ်ယောက် နှင့် မြင်းနှစ်ကောင်


ပန်းချီ-ဦးဘကြည်
ဓါတ်လမ်း-မောင်မြတ်မင်း



စနေနေ့တိုင်း ထုတ်ဝေသည်။


တခါက တယောက်ကိုတယောက် အလွန်
ချစ်ခင်လေးစားကြသောညီအစ်ကိုနှစ်ယောက်
ရှိလေသည်။ အလွန် ကြွယ်ဝချမ်းသာသော
သား... ယောကျ်ားဆိုတာ
မြင်းစီး
ကောင်းရတယ်
ဟုတ်ကဲ့၊
အဘ၊
ဖခင်ကြီးက သားငယ်ကို မြင်းညိုတကောင်
ဝယ်ပေး၍ –
သားကြီးကို မြင်းကွက်ကျားတကောင် ဝယ်
ပေးပြီး မြင်းစီး လေ့ကျင့်စေလေသည်။
သားတို့ ... ဒီနေ့ ... မကျည်းလှရွာ က. ဦးအာဖြွယ်
ထံသွားရမယ်၊
စပါးဘိုး ငွေ
ရစရာ
ရှိတယ်
တနေ့တွင် ဖခင်ကြီးက သားများ အ,တ,တ
ဖြစ်နေမည်စိုး၍ ပညာပေးရန် စိတ်ကူးဖြင့် –
အေး... သားတို့ မြင်းတွေနဲ့ သွားကြပေါ့။ ဒါပေမယ့်
အရင်ရောက်တဲ့လူရဲ့မြင်း က -
နောက်မှ ရောက်
ရမယ်။
လုပ်နိုင်တဲ့
သူ ကို -
အဘ
ဆုချ
မယ်
မကျည်းလှရွာဟာ
-၁၂- မိုင်ထဲပါကွာ -
ဟုတ်ကဲ့
ဒါလောက်တော့
ဝေးတယ်
မခေါ်ပါဘူး
ထိုမှတ်ချက်ကို ကောင်းစွာ နားမရှင်းသော်
လည်း ဆုရရှိရန်စိတ်စောပြီး ခရီးထွက်ကြ၏။


ခရီးအတော်ရောက်မှ –
ဟော့-ညီလေး
အဘ-ပြောတာက (အရင်ရောက်တဲ့လူရဲ့မြင်းက နောက်မှ ရောက်ရမယ်) လို့ မဟုတ်လား
ဟာ-အကိုကြီးကလဲ- မဖြစ်နိုင်တာဘဲ--- နားကြားလွဲဖြစ်ထင်တယ်
မဟုတ်သေးဘူးကွ၊ ကဲလေ-ပြန်မေးရင်ကောင်းမယ်၊ ဒါ တော့ ဒီအတိုင်းဘဲ ကြားတယ်ကွ
အိမ်သို့ရောက်၍ ဖခင်ကြီးအား မေးရာ ....
အေးပါ – ဒီအတိုင်းပါဘဲ သားတို့ရယ် –
?
?
ထို့ကြောင့် အတွေးရခက်ခက်နှင့် ထွက်ခဲ့ရာ –
တဦးကိုတဦး ကျော်တက်မိလျှင် နောက်ပြန်ဆုတ်နေတတ်၍ ခရီးမတွင်ပဲ ဖြစ်နေ၏။
သူတို့နှစ်ဦး ရှေ့တက်လိုက် နောက်ပြန်ဆုတ်လိုက် လုပ်နေသည်ကို အဖိုးအိုတဦးက မြင်လျှင် –
သူငယ်တို့- ဘာဖြစ်နေကြတာလဲ


ညီအစ်ကိုနှစ်ဦးက အကျိုးအကြောင်း ပြောပြလေရာ အဖိုးအိုက သဘောပေါက်သွားပြီး -
ဟားဟား-ဟားဟား တန်တော့ ... မင်းတို့ အဘ က - ဉာဏ်စမ်း လိုက်တာ ဖြစ်မယ်
ဒါဖြင့်-ဘယ်လို လုပ်ရမှာလဲ အဖိုးရဲ့
x x x x x x x x x x x x x x x
ထိုစကား ကြားလိုက်ရလျှင် ညီအစ်ကို နှစ်ယောက်လည်း ဒုန်းစိုင်း၍ ထွက်သွားလေတော့၏။
ညနေခင်း နေဝင်ချိန်ရောက်သော် ....
အဘ၊ သားတို့ပြန်လာပြီ- ငွေလဲရလာပါတယ်
ဟေ-သားကြီး တယောက်ထဲ လား
ဟုတ်တယ်-အဘ ညီငယ်နောက်က လိုက် လာပါတယ် ---- ဟိုမှာလေ ...
ဘါလို့ အတူတူ မခေါ်လာတာလဲ သားကြီးရယ်
အဘက (အရင် ရောက်တဲ့ လူရဲ့ မြင်းဟာ နောက်မှ ရောက်ရမယ်) ဆိုလို့ - မြင်းချင်းလဲစီးပြီး ရှေ့နောက်ထွက်ပြီး ပြန်ရတာပါ အမေရယ်
ဪ
အေး-ဟုတ်တယ်- အဘ-က-ဉာဏ်စမ်းတာ သားတို့ကို ဆုချရမယ်..


ဆင်ကလေး ပိုပို
ရေးဆွဲသူ ကာတွန်းမြေဇာ
ဆင်ကလေး ပိုပိုသည် ကျောင်း တက်ရမှာ ပျင်းနေသည်။
ငါကျောင်းမတက်ဘဲ သူငယ်ချင်းတွေနဲ့ သွားကစားဖို့ မေမေ့ကို ဘယ်လို လိမ်ရဦးမှာ!
အား-ဟုတ်ပြီ အကြံရပြီ-
မေမေ-သား ခေါင်းကိုက်နေလို့ ကျောင်းမသွား တော့ဘူး
ဟင်!
ဘယ်လိုဖြစ်တာလဲ သားရယ်-ကဲ ကဲ အိပ်ရာထဲသွားလှဲနေ ခုမေမေမအားသေး ဘူးနော်
ပိုပိုဟာ အိပ်ရာထဲမှာ လှဲနေရင်း
ခု ဆို-မေမေ မီးဖိုထဲမှာအလုပ် များနေတော့မယ်


အား—
အစ်ပေါ့-မေမေ
အလုပ်များနေတယ်
ခုနေတုန်းလစ်ထွက်ပြီး
သူငယ်ချင်းတွေဆီ
သွားကစားမယ်—
ဘယ်သူ့ဆီ
အရင်သွားကစားရမလဲ ?-အဲ...
မောင်မြည်းဆီ
သွားမယ်
ဒေါ်ဒေါ်မြည်း
မောင်မြည်းကော-
ကျောင်း
သွားတယ်လေ
မင်းကော
ကျောင်းမတက်
ဖူးလား ?
ကျွန်တော်-ဟို
ဟို-ဟို-ဟို-
မင်းကျောင်းပြေးတဲ့
နောက်ငါ့သားနဲ့
လာ-မကစားရဘူး-



သူ့သားနဲ့ မကစားဖူးတော့ ဖိုးဝက်ဝံနဲ့ သွားကစားမှာပေါ့- ဟင်း!
ဒေါ်ဒေါ်ဝက်ဝံ ဖိုးဝက်ဝံကောဗျ
ဟဲ့ပိုပိုပါလား ဖိုးဝက်ဝံကျောင်းသွားတယ်လေ-
ဒေါ်ဝက်ဝံသည် ပိုပို ကျောင်းပြေးသည်ကို သိလာသောအခါ
နင်ငါ့သားနဲ့ လာမကစားပါနဲ့ဟယ် တော်ကြာ ငါ့သားလေး နင့်လိုကျောင်းပြေး နေပါ့မယ်-
သွား-သွား
ပိုပိုဟာ သူ့အဖြစ်ကို ဝမ်းနည်းလွန်းလို့ ငိုရှာသတဲ့။ ထိုအချိန်တွင်
ဟဲ့-သား-သား မေမေဖြင့် ရှာ လိုက်ရတာ-
ပိုပိုသည် သူ့မေမေကို အမှန်အတိုင်း ဖွင့်ဟ ဝန်ခံလိုက်လေသည်။
ကျောင်းပြေးတာကော မေမေ့ကို လိမ်တာကော ခွင့်လွှတ်ပါ မေမေ နောက်မဖြစ်စေ ရပါဘူးနော်---
အေး— မင်း ကျောင်းမပြေးတော့ဘူး ဆိုယင် ဒို့သားတွေနဲ့လာ ကစားနိုင်တယ်
ဟုတ် ဟုတ်ကဲ့
ပိုပိုသည် နောင်တွင် ကျောင်းပြေးရဲတော့ မည် မဟုတ်ချေ။

# ရာသီဥတု

နိုးလွင်မြင့်

ကဆဲ


ကမ္ဘာ၊ အင်္ဂါ၊ သောကြာ၊ စနေစသည့် ဂြိုဟ်ကြီးများသည် လောကဓာတ်တခုလုံးအား အလင်းရောင်ပေးနေသော နေလုံးကြီးကို လှည့်ပတ်၍ နေကြလေသည်။ ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာသည် နေကို ၃၆၅ ရက်လျှင် တပတ်ကျ လှည့်ပတ်လျက်ရှိ၍ ထိုရက်ကာလကို တနှစ်ဟု သတ်မှတ်ထားပေသည်။





ကမ္ဘာသည် တနှစ်တွင် နေကို တပတ်လှည့်ပတ်ခြင်းဖြင့် ရာသီဥတုအမျိုးမျိုးကို ပေါ်ပေါက်စေသည်။ ကမ္ဘာသည် နေကို လှည့်ပတ်ရင်း ၂၃ ၁/၂ ဒီဂရီ တိမ်းစောင်း နေသော ဝင်ရိုးပေါ်တွင် အနောက်မှ အရှေ့သို့ လည်နေသည်။ ဤသို့ လှုပ်ရှားနေသော အနေအထားတွင် နေမှ အလင်းရောင်နှင့် အပူတို့ရိုက်ခတ်ရာမှ နေ့ညနှင့် အမျိုးမျိုးပြောင်းလဲသော ရာသီဥတုတို့ ဖြစ်ပေါ်ရပေသည်။





ကမ္ဘာသည် မြောက်ဖက်စွန်းမှ တောင်ဖက်စွန်းသို့ စိတ်ကူးဖြင့်ဖြတ်၍ ဆွဲထားသော ဝင်ရိုးစွန်းပေါ်တွင် လည်ပတ်ရာ၌ တပတ်ပြည့်ရန် ၂၄ နာရီကြာ၍ တပတ်ပြည့်တိုင်း တရက်ကုန်ဆုံး လေသည်။ လည်နေ သော ကမ္ဘာ့မျက်နှာပြင် အစိတ်အပိုင်းနှင့် နေရောင်ခြည် တိုက်ဆိုင်မိပါက ထိုအချိန်သည် နေ့ဖြစ်၍ နေရောင်ခြည်နှင့် မတိုက်ဆိုင်ပါက ညဖြစ်လေသည်။ အကယ်၍ ကမ္ဘာ့ဝင်ရိုးစွန်းသည် မတိမ်းစောင်းပဲ တည့်မတ်နေမည်ဆိုပါက




ကမ္ဘာလုံး၏အလယ်ကိုပတ်၍အရှေ့မှအနောက်သို့ စိတ်မှန်းဖြင့် ဆွဲထားသော အီကွေတာဒေသ တလျှောက်တွင် နေ့အခါ၌ နေသည် ဦးခေါင်းတည့်တည့်ပေါ်၌ ရှိနေရပေမည်။ သို့သော် ကမ္ဘာသည် ဝင်ရိုးပေါ်၌ မတည့်မတ်ပဲ တိမ်းစောင်းစွာ လည်လျက် ရှိပေသည်။ ထိုပြင် နေကိုလည်း လှည့်ပတ်နေသဖြင့် အချိန်တာ မညီ






ညာသော နွေနှင့် ညများ၊ ရာသီ ဥတုများ ဖြစ်ပေါ် လာကြသည်။

ကမ္ဘာ၏ သမပိုင်းဒေသများတွင် တနှစ်လျှင် ဥတုလေးမျိုးရှိ၍ ဥတုတမျိုးလျှင် သုံးလမျှ ကြာလေသည်။ မြောက်ပိုင်းဒေသတို့တွင် ဧပြီနှင့်မေလတို့သည် နွေဦးဥတုဖြစ်၍ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတို့သည် နွေဥတု၊ စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလတို့သည် ဆောင်းဦးဥတု၊ ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့သည် ဆောင်းဥတုဖြစ်လေသည်။ ကမ္ဘာ့တောင်ဖက်ခြမ်းတွင်မူ ရာသီဥတုနှင့် လများမှာ မြောက်ဖက်ခြမ်းနှင့် မတူပေ။ နွေဦးဥတုသည် စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလတို့ဖြစ်၍၊ ကျန်ဥတုတို့သည် အစဉ်အတိုင်း ဖြစ်ကြသည်။




ပင်လယ်ကမ်းခြေဒေသများသည် ပင်လယ်၏ လွှမ်းမိုးမှုကို ခံရသဖြင့် ယင်းတို့၏ရာသီဥတုသည် ကုန်းတွင်းဒေသများကဲ့သို့ လွန်စွာမကွာခြားလှပေ။ ဥတုတခုမှ တခုသို့ ပြောင်းလဲရာ၌လည်း ပြောင်းလဲမှုသည် မသိမသာဖြစ်လေသည်။

သမပိုင်းဇုံမှအပဖြစ်သော ဒေသများ၏ ရာသီဥတုမှာ တနှစ်လျှင် လေးခုခြား၍ မရတော့ပေ။ အပူပိုင်းဒေသ အများတွင် ရာသီဥတုသည် နေ၏အနေအထားထက် ရွာသော မိုးအပေါ်တွင် မူတည်၍ နေပေသည်။ စိုစွတ်သောဥတု သို့မဟုတ် မိုးဥတုနှင့် ခြောက်သွေ့သော ဥတုဟူ၍ တနှစ်တာ ကာလကို ခွဲခြားလေသည်။ အိန္ဒိယ မြန်မာနိုင်ငံနှင့် မုတ်သုံရာသီလေ ရရှိသော ဒေသတို့တွင်မူ နွေ၊ မိုးနှင့် ဆောင်းဟူ၍ ဥတုသုံးမျိုးဖြစ်သည်။ ဝင်ရိုးစွန်းဒေ သ များ တွင် ဆောင်းနှင့် နွေအကူးသည် လွန်စွာလျင် မြန် သ ဖြင့် ကြားဥတုများဖြစ်သော နွေဦး နှင့် ဆောင်းဦး ဥ တု တို့ သည် မ ထင်ရှားတော့ပေ။







မေနုမေနုလေးရဲ့
သတ္တိပြိုင်ပွဲ
ဦးသူယေ်ချင်းတွေအတွက်ပျော်စရာအလုပ်တခုငါစီစဉ်လာတယ်ကွ- ဘာလဲသိလား- သတ္တိပြိုင်ပွဲလေ
သတ္တိပြိုင်ပွဲဟုတ်လား
အေး- ဒို့ဝဲဖွာသတ္တိအရှိဆုံးဘယ်သူဆိုတာရွေးထုတ်မလို့လေ-
ဟာ- ကောင်းတါပေါ့
ဒါဖြင့်ပြိုင်ပွဲစမယ်- နဲ့ပ တ်တစ်ဝကြီး နဲ့ကြွက်နီနဲ့နပမ်းလုံးပြိုင်ပွဲ - နိုင်သူက ဒုတိယပွဲကိုဆက်ယှဉ်ပြိုင်ရမယ်
နပမ်းပြိုင်ပွဲတွင်ကြွက်နီကို ဝကြီးကနိုင်လိုက်သည်-
ပဲ့ဦး-ပဲ့ဦး-အောက်ကလူကိုညှာပါအုံး- အသက်ထွက်သွားအုံးမယ်
ဒုတိယပွဲမှာဝကြီးနဲ့ငါနဲ့ဗောက်ဆုံးတိုးပြိုင်ရမယ်ဟုတ်လား ဝကြီး
စိန်လိုက်- ဖိုးယေ်ရ


၆ မောက်ဆင်ပွဲတွင် ဝကြီးမှာဖိုးယော် ကိုမယှဉ်နိုင်-
တော်ပြီ- မေးရိုး ပြုတ်သွားလား မသိဘူး
တတိယပွဲစဉ်လုံ့ဖြိုးပြိုင်ပွဲတွင်ဖိုး ယော်ကိုကြွက်နီက အရှုံးပေးလိုက်ရ-
အွန့်
နိုင်းသတ္တိပြိုင်ပွဲကလဲအသားနာတာဘဲရှိ တယ်-ဘယ်သူ့ဘယ်သူမှလဲမနိုင်ဘူး တော်ပြီ-ပြန်ကြမယ်
ဟော့-ချာတိတ်တွေ နွားဆိုးလွတ် လာတယ်-ပြေးကြပြေးကြ
အမလေး
အမေရေ ကယ်ပါအုံး
ဟာ ချာတိတ်မလေးပါလား ဒီကွာဘဲ


ဖိုးယယ်မှာ နွားရှာမှ ပြေးနေသော ကလေးကို ပွေ့ချီပြီး သစ်ပင်ကွယ်သို့ ဝင်လိုက်သည်-
မကြာမီ နွားဆိုးကြီးကို လူကြီးများ ပြန်လည်ဖမ်းမိလာခဲ့သည်။
သစ်ပင်ပေါ်သို့အကြောက်လွန်ကာ တက်ပြေးမိသူများမှာ ရှက်ရှက်နှင့် ပြန်ဆင်းခဲ့ကြရ၏။
ကျေးဇူးတင်လိုက်တာ ခလေးရယ်-မင်း ဝင်ကယ်ပေလို့ အဒေါ့်သမီးလေး အသက်ချမ်းသာရာရရတယ်-
အေးကွာ-ဦးလေးကလဲ ညစာကိုချက်ကျွေးပြီး ဂုဏ်ပြုပါရစေ-လာခဲ့ကြနော်
ဟုတ်ကဲ့-လာခဲ့ပါ့မယ် ဦးလေး
အင်း-မမြော်လင့်ဘဲ ဖြစ်ပေါ်လာရတဲ့ သတ္တိပြိုင်ပွဲမှာ မင်းပဲ တကယ့်ကို သတ္တိရှင်တယောက် ဖြစ်သွားတာဘဲ နော်
ပြီး


# တံလျှပ်ဘာကြောင့် ဖြစ်ပေါ်သနည်း

ပူပြင်းသော နွေရာသီနေ့လယ်တွင် လမ်းမ တလျှောက် ခပ်ဝေးဝေးသို့ လှမ်းကြည့်လိုက်ပါက တံလျှပ်ကို တွေ့မြင်နိုင်ပေသည်။ ရုတ်တရက် ကြည့်ပါက တံလျှပ်ကို ရေဟုပင်ထင်မှတ်ကြပေမည်။ တံလျှပ်ကို ကျယ်ပြန့်ညီညာသောလမ်း၊ သဲပြင်၊ ငြိမ်သက်သော ရေပြင်တို့ပေါ်တွင် တွေ့မြင်နိုင်ပေသည်။

တံလျှပ်ဖြစ်ပေါ်ရန် ညီညာ၍ ကျယ်ပြန့်သောနေရာ ဖြစ်ရမည်။ ယင်းနေရာပေါ်တွင် ပူ၍စွတ်စိုသော လေလွှာရှိရမည်။

ယင်းလေလွှာတွင် ရေမှုန်ကလေးများ ပါဝင်သောကြောင့် အလင်းရောင်ကို ရောင်ပြန်ဟပ်စေနိုင်သည်။ ယင်းလေလွှာက မိုးကောင်းကင်ကို ရောင်ပြန် ဟပ်စေသောကြောင့် အဝေးမှ ကြည့်လိုက်ပါက ယင်းနေရာတဝိုက်တွင် ရေလှိုင်းကဲ့သို့လှုပ်ရှားနေသည်ဟု ထင်ရပေမည်။ ယင်းကား တံလျှပ်ပင် ဖြစ်သည်။

တင်လှဦး



# သစ်ရွက် တိရစ္ဆာန် ကလေးများ




သစ်ရွက်မျိုးစုံကို ရှာပြီး ကပ်ထူစက္ကူဖြူပေါ်၌ ပုံတွင် ပြသထားသည့်အတိုင်း တိရစ္ဆာန်ပုံများဖြစ်အောင် ကော်ဖြင့်ကပ်ပါ။ မျက်လုံး အတွက် စက္ကူကို ရေးဆွဲ၍ အသုံးပြုပါ။ သစ်ရွက်ကို ကတ်ကြေးဖြင့်ညှပ်၍လည်း ပြုလုပ်နိုင်သည်။

# လွှတ်လပ်စေချင် ပရိယာယ်ဆင်

လှမွန်



မြမာလာ အမည်ရှိ အညာ ဆန်သင်္ဘောကြီးသည် ရေဝတီ မြစ်ကို ဆန်၍ တအိအိ ခုတ် မောင်းလျက်ရှိသည်။

တူ …………ဝူ …………ဝူ

"ချောက်မြို့ ဆိပ် ကမ်း ကို ဆိုက်တော့မယ်ဟေ့"ဟု ဖေဖေ က ပြောပါသည်။ ဆိပ်ကမ်းသို့ ဆိုက်ခါနီးတိုင်း ကျွန်မ အလွန် ပျော်ပါသည်။ ဆိပ်ကမ်းတွင် ကုန်တင် ကုန်ချခြင်း၊ လူတွေ ဆင်းကြ တက်ကြခြင်း၊ စားကြ သောက်ကြ ခြင်းတို့မှာ ရှုပ်ရှက် ခတ်နေပါသည်။ ဆိပ်ကမ်းကခွာ လျှင် ထိုဆိပ်ကမ်းကြီးကို ကြည့် ၍ ကြည်နူးရပြန်ပါသည်။

"ဟော — သင်္ဘော ထွက် တော့မယ်၊ ဥသြ ပြန် မှုတ် ပြီ၊ သောင်းကြည်မရေ မြန်မြန်လာ ဟေ့"ဟု သောင်းကြည်မ၏ အ မေက ခေါ်လိုက်သည်။

သောင်းကြည်မသည် ကျွန် မနှင့် အတူ ဆိပ်ကမ်းကို ရပ် ကြည့်နေရာမှ ကဗျာကရာ ပြေး သွားသည်။ သောင်းကြည်မ၏ မျက်နှာကား ရှုံ့လျက် မကျေ နပ်သော အမူအယာကို ပြနေ သည်။ သောင်းကြည်မ၏အမေ သည် သောင်း ကြည် မ အား ထန်းလပတ် တောင်းကြီးထဲတွင် အဝပ် ခိုင်းပြီးလျှင် စောင်နှင့် ခေါင်း အုံး များ ကို အပေါ်မှ ဆင့်တင်၍ ဖုံးထားလိုက်သည်။

ဆိပ် ကမ်း က သင်္ဘောခွာ လျှင် လက်မှတ်စစ်တွေ လာပါ သည်။ သူ တို့ သည် သောင်း ကြည်မကို တွေ့မသွားပါ။

သောင်းကြည်မ၏ အမေ သည် သောင်းကြည်မ အတွက် သင်္ဘောတဝက်ခ ပေးရမည် စိုး သောကြောင့် ပြည်မှ စတင် စီး လာကတည်းကပင် တလမ်းလုံး ဤကဲ့သို့ ဖွက်လာခဲ့ပါသည်။

"ခင်ဗျားနှယ်ဗျာ မတွန့်တို့ သင့်တဲ့ နေရာမှာ တွန့်တိုရန် ကော၊ ကလေးအတွက် သင်္ဘော တဝက်ခဟာ ဘယ်လောက်များ တာမှတ်လို့၊ သူ့ခမျာ တလမ်း လုံး ဒုက္ခရောက်နေရှာတာ၊ ပေး လိုက်ပါ"ဟု ဖေဖေက သောင်း ကြည်မ၏ မေမေကို ပြောပါ သည်။ သို့သော် သောင်းကြည် မ၏ အမေက ဈေးသည်ဖြစ်၍ အလွန်ပင် တိုင်းထွာ တတ်ပါ သည်။ သောင်းကြည်မအတွက် သင်္ဘောတဝက်ခ မတန်ဟု ဆို ကာ မပေးပဲနေပါသည်။

သောင်းကြည်မတို့ မိသားစု နှင့် ကျွန်မတို့မိသားစုသည် မန္တ လေးသို့ ဘုရားဖူး သွားကြမည် ဖြစ်ပါသည်။ သင်္ဘောကြီးနှင့် ခရီးသွားရသည်မှာ အလွန်ကြာ ပါသည်။ သို့သော် ကျွန်မ မ ရောက်ဘူးသော ဒေသများ၊ မ မြင်ဘူးသောရှုခင်းများကို ခရီး စဉ်တလျှောက်တွင် တွေ့ရသော ကြောင့် ပျင်းစရာ အကြောင်းမ ရှိပါ။ "ဘုရားဖူးရင်း လိပ်ဥတူး ရမယ်"ဟု ဖေဖေက ပြော၍ ခရီးစဉ် ဗဟုသုတများကို မှတ် သားရသည်မှာ အကျိုး ရှိလှပေ သည်။

"ငါတော့ သိပ်စိတ်ညစ်တာဘဲ။ တခါတခါ ပုန်းယင် နာရီဝက်ကျော်ကျော်ကြာတာ၊ မှုန်းနေတာဘဲ"ဟု ပုန်းအောင်းရာမှ ထွက်လာသော သောင်းကြည်မသည် ညည်းညူ၍ပြောသည်။ သူတကိုယ်လုံး ချွေးတွေ စို့ရွှဲနေသည်။ သူတကာကဲ့သို့လွတ်လွတ်လပ်လပ် မနေရ သောကြောင့် စိတ်ညစ်နေရှာသည်။

"မေမေ ဆူချင် ဆူပေစေ၊ နောက် တဆိပ်ကမ်းဆိုယင် ငါ မပုန်း တော့ ဘူး"ဟု သောင်းကြည်မက နှုတ်ခမ်းစူ၍ ပြောပါသည်။

ညောင်ဦး ဆိပ်ကမ်းမှ သင်္ဘောထွက်ခွာသောအခါတွင် သောင်းကြည်မ မရှိတော့။ ပျောက်၍ နေသည်။ လက်မှတ်စစ်တွေလည်း လာခါနီး ပြီ။ သောင်းကြည်မ၏ အမေကား သောင်းကြည်မအား လက်မှတ်စစ် မိမည်ကိုငဲ့၊ ရေထဲကျမည်ကိုငဲ့၊ ဆိပ်ကမ်း၌ ကျန်ရစ်ခဲ့မည်ကိုငဲ့ အမျိုးမျိုး စိုးရိမ်ပူပန်နေသည်။

ကျွန်မတို့အနီးသို့ လက်မှတ်စစ်များရောက်လာသည်နှင့် တပြိုင်နက် သောင်းကြည်မလည်း ရောက်လာပါသည်။ အားလုံးပင် အံ့သြ ထိတ်လန့်ရပါသည်။ သောင်းကြည်မကဗိုက်နာသောကြောင့် နောက်ဖေး သွားနေကြောင်း၊ ယခုအိမ်သာက ပြန်လာကြောင်း ပြောပြပါသည်။

"ဒီကလေးမက ဘယ်ကလဲ၊ ဘာကြောင့် လက်မှတ် မဝယ်တာလဲ"

လက်မှတ်စစ်က မေးပါသည်။

"ညောင်ဦး ဆိပ်ကမ်းက တက်လာတာပါ၊ သမီးလေးပါ"

သောင်းကြည်မ၏ အမေက မုသားသုံး၍ ဖြေသည်။

"မဟုတ်ဘူး ဦးဦး။ ကျွန်မ ပြည်က စီးလာတာပါ။ သူတို့နဲ့ အတူတူဘဲ"

သောင်းကြည်မကကျွန်မကို လက်ညှိုးညွှန်၍ ပြောပါသည်။ သောင်းကြည်မ၏ အမေကား မျက်စိမျက်နှာ ပျက်သွားသည်။ လက်မှတ်စစ်က သောင်းကြည်မ၏အမေကို ဆူပါသည်။ သောင်းကြည်မ၏ အမေသည် သောင်းကြည်မအတွက် လက်မှတ်ဝယ်ရလေသည်။

သောင်းကြည်မ၏ အမေသည် သောင်းကြည်မကို ဆူလည်းဆူသည်။ ရိုက်လည်း ရိုက်သည်။ သို့သော်သောင်းကြည်မကား မငိုချေ။ တောင်းထဲ၌ ပုန်းအောင်းရသောဒုက္ခမှ လွတ်ကင်းပြီဖြစ်၍ ဝမ်းသာနေသည်။

လွတ်လွတ်လပ်လပ်ခရီးသွားလိုသော သောင်းကြည်မနှင့် ကျွန်မမှာ ကျွန်မတို့၏ အကြံကို လူကြီးများမရိပ်မိသောကြောင့် ကျိတ်၍ ရယ်မိကြလေသတည်း။

# ရှမ်းအိုးစည်ဝိုင်း

ပတ်ဗေဗေ့ထုံ ဗေဗေ့ထုံ၊
ရှမ်းရိုးမက အိုးစည်ပုံ။
ကြေးမောင်းသံစုံ မြိုင်မြိုင်တီး၊
လင်းကွင်းသံက ဟီး။

ခေါးလွယ်ကြီးနဲ့ သိုင်းကဟန်၊
ထိုးကွင်းမင်ကြောင်လှန်။
ဟေးဝါးအော်သံ တဝါးဝါး၊
အိုးစည်ဝိုင်းတော်သား။

ကျွားကျွားယားယားခုန်ပျံကာ၊
ယဉ်ကျေးမှုရှိးရာ။
ညီညီညာညာ ပါဝင်နွှဲ၊
သီချင်းသံပြိုင်ဟဲ။
ရှမ်းတို့အိုးစည်ပွဲ။ ။

မင်း (မန်းတက္ကသိုလ်)



# ငှက်တော်ပြာ

R. 517




ငှက်တော်ပြာသည် အသံခပ်မာမာနှင့် ပြတ်တောင်း ပြတ်တောင်း အော်လေ့ရှိသည်။ ကိုယ်အလျား ၂၆ လက်မခန့် ရှိရာ အမြီး တခုတည်းကပင် ၁၈ လက်မခန့် ရှည်သည်။ လည်ကုပ်တွင် အဖြူကွက်ကြီးရှိ၍ ကျောသို့တိုင်အောင် ရောက်ရှိသည်။ အမြီး၏ အဖျားပိုင်းတို့သည် ဖြူဖွေးနေ၍ အဝေးကပင် ထင်ရှားစွာ မြင်နိုင်သည်။ ငှက်တော်ပြာကို ငှက်အောင်မ သို့မဟုတ် ငှက်စပ်ဟုလည်း ခေါ်ကြသည်။ ပျံသန်းသည့်အခါ နိမ့်လိုက် မြင့်လိုက်နှင့် နှေးကွေးစွာ ပျံသန်းတတ်သည်။

မတ်လမှ မေလအထိ ငှက်တော်ပြာကလေးများ ပေါက်ပွားသည်။ အသိုက်ကို သစ်ပင်ငယ်များတွင် သစ်ကိုင်းခြောက်၊ သစ်မြစ်များဖြင့် ပြုလုပ်၍ သစ်ရွက်များဖြင့် ဖုံးကွယ်ထားတတ်သည်။ တမြုံလျှင် ဥသုံးလုံးမှ ခြောက်လုံးအထိ ရှိတတ်သည်။ အရောင်မှာ အနီနု အပြောက် အကျား ကလေးများ ပါရှိသော ပန်းရောင် ဖြော့ဖြော့ ဖြစ်၏။ ဥ၏အရွယ်မှာ ပျမ်းမျှအလျား ၁.၂၆ လက်မ၊ ပြက် ၀.၉၄ ရှိသည်။

အအုပ်အသင်းဖွဲ့၍ သွားလာလေ့ရှိပြီး တနေရာမှ တနေရာသို့ အလွန် မြင့်မားသော ကောင်းကင်ယံမှ ပျံသန်းလေ့ရှိ၏။ ပန်းရုံနှင့် ချုံပုတ်များတွင်လည်း ကျက်စားလေ့ ရှိသည်။ ဥ၊ ငှက်ပေါက်စ၊ ပိုးကောင်မွှားကောင်၊ သစ်သီးသစ်ဥ စသည်တို့ကို စားသည်။

ငှက်တော်ပြာကို မြန်မာနိုင်ငံ ကွင်းပြင်နှင့် တောင်ခြေရှိ တောများတွင် အနှံ့အပြား တွေ့နိုင်သည်။

စိုးမြင့်




၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၆။

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ တပို့တွဲလဆန်း ၈ ရက် (၁၀-၂-၇၃)




စနေနေ့တိုင်း ထုတ်ဝေသည်။

# မောင်ရွှေရိုး

ပန်းချီ-ဦးဘကြည်·ဓါတ်လမ်း-တင့်ထားဆွေ




ဘကြီး— လာစမ်းပါ— (တောက်) လာပါဟ (တယ်)
သို့သော် နွားကြီးသည် ခပ်ရိုင်းရိုင်း ဖြစ်နေသောကြောင့် မလိုက်ပဲ ရုန်းကန်နေသဖြင့်....
ခဏလေး နေပါအုံးဗျာ-
မနိုင့်တနိုင်ဖြစ်နေသည့်အဆုံး၌ နွားကိုသစ်ပင်တွင် ချည်ထားပြီး အကူအညီရှာရာ ခပ်လှမ်းလှမ်းတွင် လူတယောက်ကိုတွေ့၍....
အင်း - ငါ့ကို တကယ် သာမန်လူ ထင်နေလို့ ခေါ်နေတာဘဲ
အော ဘာလုပ် ရမလဲကွ
ခဏလေး ပါဗျာ
သို့သော် ထိုသူမှာ ဆင်းရဲသား ဟန်ဆောင်၍ စနည်းနာ ထွက်လာသော ဘုရင် ဖြစ်နေသည်။
ဦးလေးရယ် ဟို နွားကြီးကို ဟိုဘက် ရွာ သွားပို့နိုင်လို့ ဆွဲပါတယ်၊ တကတဲ ရုန်းကန်နေလို့ ခက် နေတယ်။ အဲဒါ ဦးလေးဝိုင်းဆွဲပေး ပါလား။ နှစ် ယောက်အား ဆိုယင်တော့ ရမှာပါ...
ကျနော် - ဘာရရ - ခင်များကို တဝက် ခွဲပေးပါမယ်....
အနားသို့ရောက်လျှင်...
ဘုရင်ကြီး ကူပြီးဆွဲပေးမှ နွားကြီးလည်းမရုန်းသာတော့ပဲ လိုက်လာလေသည်။
ဟဲ - မောင်ရင် - ကျုပ်သွားတော့မယ်၊ မင့်စကားအတိုင်း - မင်းဘာဘဲရရ - ကျုပ်ကို တဝက် ခွဲပေးဘို့ မမေ့နဲ့.
ပေးမယ် - ဦးလေး စိတ်ချ -
ဖြောင့်ဖြောင့် တန်းတန်း လိုက်လာ၍ ခရီးအနည်းငယ်သွားမိလျှင်....


ဘုရင်ကြီးသည် နန်းတော်သို့ အလျင်အမြန် ပြန်သွားပြီးနောက်မင်းချင်းတယောက်ကို ခေါ်၍
ထိုမင်းချင်းသည် ပြေးလိုက်သွားပြီး....
ထို့နောက် မောင်ရွှေရိုး ခရီးဆက်ပြန်၏။
သူဌေးကြီးအိမ်သို့ ရောက်သွားသောအခါ....


အေး-ရပါတယ်။ မောင်ရင်-အမေ မေ့အုံးလေး၊ထည့်သက် ကလေးနဲ့ရေနွေးကြမ်း သောက်သွားပါအုံး
ကျနော်ပြန်ပါအုံးမယ်။ သူဌေး ကြီးက နွားပို့ပြီးယင် အသပြာ ငါးမူး တောင်းယူသွားလို့ မှာလိုက်ပါတယ်။
နွားကြီးက လှတယ်နော်
နွားအပ်ပြီးသော်--
မောင်ရွှေရိုး ပြန်ထွက်လာစဉ် လမ်းခုလတ်၌ ဘုရင်ကြီးနှင့် တွေ့ပြန်၍-
ဟာ-ဟန်ကျလိုက်တာ-ခင်ဗျား ဒီမှာအဲ ရှိနေသေးသကိုး။ ကျနော်ရလာတဲ့ ငွေထဲက- တဝက်တိတိ ပေး ရအုံးမယ်။
ဘယ်လောက် ရလာသလဲကွဲ့
အားလုံးပေါင်း ဦးလေးအတွက် အသပြာ-၂၅-ကျပ် နဲ့ တမတ်ရပါတယ် ဗျာ။ ဦးလေးရယ် ဒီနေ့တော့ကြဲကြဲမန်ဖြင့် လပ်ကောင်းတဲ့နေ့ဘဲ
ဟင်-ဒီကောင်လေးဟာ-ဘာလို့ငါ့ကိုအမှန်အတိုင်း မပြောဘဲ-လိမ်ပြောပါလိမ့်။ ငါက အသပြာတရာတိတိ ပေးခိုင်းလိုက်တာဘဲ။ ဘာလို့များ လျှော့ပြောပါလိမ့်။ ငါထင်သလို-ဦးရိုးသားသား မှ ဟုတ်ပါ့စ......
ဘယ်နဲ့လဲ-မောင်ရင်-ကျုပ်ပေးခဲ့တာ-အသပြာ ၂၅ ကျပ်တမတ်ဆိုယင်-ဖွင်းရခဲ့တာ-အားလုံး ငါးဆယ်နဲ့ ငါးမူးဆိုတော့ ကတ်သီးကတ်သတ် မရှိနိုင်ဘူးထင်တယ် မှန်မှန်ပြော ပါလေ...
ဦးလေးရယ်-တကယ်ပါ။ နွားရှင်သူဌေးကြီး အိမ်က နွားပို့ခရတာက-အသပြာ-ငါးမူးရယ်။ လမ်းမှာလူတယောက် မေးလိုက်လာပြီး-ဘုရားကြောင်း ကြောင်းနဲ့-ဘုရင်ကြီးက ပေးခိုင်း တယ်ဆိုပြီး အသပြာ ငါးဆယ်လာပေးပါတယ်။ ရတာကတော့ ဒီလောက် ပါဘဲ။ ဦးလေးမယုံ နိုင်ယင်-အသပြာအုံး ဆယ်ပြည့်အောင်ထပ် ဖြည့်ပေးပါ့မယ်။ ကျနော်-လေလိမ်တာ ပါဘူး.....




တကယ်နော်.... ကဲ ဒီလိုဆိုရင် - ဦးနဲ့ ခဏလိုက်ခဲ့
ဘာလုပ် မလို့လဲ ဦးလေးရဲ့
ငါတို့ကို - ပြစရာလေး ရှိလို့ ။ မင့် အသပြာတွေ ခေါင်းဘဲ ယူခဲ့ ပါအုံး
ဘယ်သူလဲ
ငါပါဟဲ့
ဒုံး ဒုံး ဒုံး
အလို ဒီလူက ငါ့ကို ဘယ်များ ခေါ်လာ ပါလိမ့်
ခေါင်းချင်း ငကျော်လှ-ကို ရှေ့တော်သို့ - အမြန် သင့် ခေါ်ချေ
လာ
ဟာ- ဒါ ရှင် ဘုရင်ကြီး ဘဲ.... ဒုက္ခ ဟဲ့
မှန်လှပါ ဘုရား
မောင်ဖင်းကို အသပြာထုပ် လာပေးတာ - ကျွ် ခေါင်းချင်း မဟုတ်လော...
ဟုတ် - ဟုတ်ကဲ့ ဘုရား
ကိုင်း - ငကျော်လှ - သင်သည် ကျွ်သူငယ်အား အသပြာထုပ် - အမှန် အတိုင်း အပ်ပါ၏လော
အဆောင်တော်တွင်းသို့ရောက်ပြီး မကြာမီ
ဟိုက် - လက်မှုး လက်ကြပ်တော့ဖြစ်နေပြီ... လိမ်ပြောလို့တော့ ရမယ့်ပုံ မပေါ်ဘူး...
မှန်လှပါဘုရား - ကျွန်တော်မျိုးသည် အသပြာ - ၁၀၀ - ထုပ်ထဲမှ အသပြာ - ၅၀ - ကို နှုတ်ယူထားပြီး - ကျန် - ၅၀ - ကိုသာ ထိုသူငယ် အား ပေး အပ်မိကြောင်း ပါဘုရား
သယ်... ကိုင်းလိုက်လေ.... သင်သည် - ကျွ်ကဲ့သို့ သေးငယ်သောကိစ္စ တွင်ပင် သစ္စာမရှိ - ရိုးသားဖြောင့် မရှိပါက - အလွန် အရေးကြီးသော ပြည်တွင်းပြည်ပ ကိစ္စများ အတွက်မှု အဘယ်မှာ ယိုတ်ချ ရနိုင် အံ့နည်း....
သင်ကဲ့သို့ လိမ်လည် တတ်သူ - သစ္စာမရှိသူကို ငါ၏ ထံပါးတွင် ထားရှိက မြွေပွေးကို ဆဲပိုက်- ပိုက်သည်နှင့် သာ တူချေတော့မည်တကား.... သင်သည် ငါ၏ ရှေ့နန်းတော်နှင့်မထိုက် ။ ယခုပင်လျှင် ထွက် ခွါစေ... တချက်လွှတ် အမိန့်တော်......


ထိုအချိန်တွင် သူကြီးသည် အိမ်ပြန်ရောက်လာပြီး မိမိနွားအကြောင်း မေးစဉ်—
တဖက်ခြံမှလူက ကြားလိုက်သဖြင့်....
ထိုသတင်းကိုကြားလျှင် ချက်ချင်းပင် နန်းတော်သို့
နန်းတွင်း ဝင်ခွင့်ရသော်....
ထိုအခါမှ ရိုးသား၍ ကူညီတတ်သည့် မောင်ရွှေရိုးမှာ ရယ်နိုင်လေတော့သတည်း။

# လတ္တီတွဒ်နှင့်လောင်ဂျီတွဒ်


စိုးလွင်မြင့်
ကဆ

ကမ္ဘာ့မြေပုံများတွင် မြောက်မှ တောင်သို့ရှင်း၊ အရှေ့မှ အနောက်သို့ရှင်း ဖြတ်သန်းဆွဲထားသော မျဉ်းများကို တွေ့ကြပေလိမ့်မည်။ မြောက်မှ တောင်သို့ ဆွဲထားသော မျဉ်းသည် လောင်ဂျီတွဒ်မျဉ်းဖြစ်၍ အရှေ့မှ အနောက်သို့ ဆွဲထားသော မျဉ်းသည် လတ္တီတွဒ်မျဉ်း ဖြစ်သည်။ ယင်းတို့ကို ဒီဂရီ အမှတ်အသားဖြင့် မှတ်သား ပြသထားသည်။ ဤမျဉ်းများကို မှတ်သားအသုံးပြုခြင်းဖြင့် ကမ္ဘာ့ဒေသတို့၏ တည်နေရာများကို လွယ်ကူတိကျစွာ ရှာဖွေနိုင်ပေသည်။



လတ္တီတွဒ်

ကမ္ဘာ့မြေပုံ အလယ်ဗဟိုတွင် အရှေ့မှ အနောက်သို့ ဆွဲထားသော မျဉ်းကို အီကွေတာဟု ခေါ်လေသည်။ အီကွေတာနှင့် တကွ ယင်းနှင့်အပြိုင် ဆွဲထားသော လတ္တီတွဒ် မျဉ်းများသည် ကမ္ဘာကို ဝန်းရံပတ်နေသည့် စက်ဝိုင်းများပင် ဖြစ်သည်။ ထိုမျဉ်းများကို ရေတွက်ရာ၌ အီကွေတာမှ စတင်၍ တောင်ဖက်နှင့် မြောက်ဖက်သို့ ရေတွက်လေသည်။ ပြထားသော အီကွေတာ စက်ဝိုင်းသည် အကြီးဆုံးဖြစ်၍ မြောက်ဖက်သို့ တက်သွားသော လတ္တီတွဒ် စက်ဝိုင်းများသည် တဖြည်းဖြည်း သေးငယ်သွားပြီး၊ နောက်ဆုံး မြောက်လတ္တီတွဒ် ၉၀° သို့ ရောက်သောအခါ အစက်အပြောက်မျှသာ ဖြစ်သွားတော့သည်။ အီကွေတာမှ တောင်ဖက်သို့ ဆင်းသွားသော လတ္တီတွဒ်မျဉ်းများသည်လည်း ထိုအတိုင်းပင် ဖြစ်လေသည်။



လောင်ဂျီတွဒ်

မြောက်မှ တောင်သို့ ဆွဲထားသော လောင်ဂျီတွဒ် မျဉ်းများမှာ ကမ္ဘာလုံးမြေပုံတွင် အခွံခွာထားသော လိမ်မော်သီးကဲ့သို့ အမြောင်းလိုက် ဖြစ်နေသည်။ ဝင်ရိုးစွန်းနှစ်ခုကို ဖြတ်သွားသော ထိုမျဉ်းများသည် စက်ဝိုင်းကြီးများပင် ဖြစ်သည်။ ယင်းတို့သည် တခုနှင့်တခု ရှယ်တူကြသော်လည်း ပြိုင်၍ကား မနေကြပေ။ လန်ဒန်မြို့အနီးရှိ ဂရင်းနစ်မြို့ကိုဖြတ်၍ ဆွဲထားသော လောင်ဂျီတွဒ်ကို သုညဒီဂရီ ဗဟိုထား၍ ထိုမှ အရှေ့သို့ ၁၈၀° နှင့် အနောက်




သို့ ၁၈၀° အထိ ဆွဲသွားထားသည်။ ထို့ကြောင့် ကမ္ဘာတွင် လောင်ဂျီတွဒ်ပေါင်း ၃၆၀° အထိ ရှိလေသည်။ ယင်းတို့ကို တခါတရံ မရီဒီယန်ဟုလည်း ခေါ်လေသည်။





ကမ္ဘာ့ဒေသ တနေရာမှ အရှေ့ဖက်သို့ ခရီး မိုင်ပေါင်း များစွာ သွားရောက်သူသည် သူ၏ နာရီလက်တံကို တဖြည်းဖြည်း မြန်စေရပေသည်။ အနောက်ဖက်သို့ သွားရာ၌မူ နာရီလက်တံကို တဖြည်းဖြည်း နောက်ဆုတ်၍ နှေးစေရပေမည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာသည် မိမိ၏ ဝင်ရိုးပေါ်၌ တပတ် သို့မဟုတ် ၃၆၀° လျှင် ၂၄ နာရီကျ လည်ပတ်၍နေသည်။ ထို့ကြောင့် ကမ္ဘာ့အရပ်ဒေသ တခုသည် ၃၆၀° တပတ်လည်ရန် ၂၄ နာရီကြာသဖြင့် ၁၅° လျှင် တနာရီ ကြာပေသည်။ ကမ္ဘာသည် အနောက်မှ အရှေ့သို့ လည်ပတ်သဖြင့် ကျွန်ုပ်တို့ နေထိုင်ရာဒေသ၏ အရှေ့ဖက်ကျသော အရပ်တို့သည် ကျွန်ုပ်တို့ထက် နေရောင်ခြည်ကို အလျင် ရရှိသည်။ တနည်းအားဖြင့် သူတို့၏ အချိန်နာရီသည် ကျွန်ုပ်တို့ထက် နောက်ကျ လေသည်။ ထိုနည်းအတူ ကျွန်ုပ်တို့ အနောက်ဖက်ရှိ ဒေသတို့သည် နေရောင်ကို ကျွန်ုပ်တို့ထက် နောက်ကျစွာ ရရှိသဖြင့် သူတို့၏ အချိန်နာရီသည် ပိုမိုစောနေလေသည်။ အချိန် အတိုးအလျော့သည် ၁၅° လျှင် တနာရီ ဖြစ်သဖြင့် ဥပမာ ဂရင်းနစ် (၀°)တွင် အင်္ဂါနေ့နံနက် ၆ နာရီအချိန်ဖြစ်လျှင် ယင်း၏ အရှေ့ဖက် လောင်ဂျီတွဒ် ၁၈၀° ရှိ ဒေသများတွင် ထိုနေ့ညနေ ၆ နာရီအချိန် ဖြစ်နေပေမည်။ ထိုအချိန်၌ အနောက် လောင်ဂျီတွဒ် ၁၈၀° ဒေသတွင် တနင်္လာနေ့ည ၆ နာရီအချိန် ဖြစ်နေပေမည်။ စင်စစ် အရှေ့လောင်ဂျီတွဒ် ၁၈၀° နှင့် အနောက် လောင်ဂျီတွဒ် ၁၈၀° မျဉ်းတို့သည် တထပ်တည်းပင်ဖြစ်သည်။ ထို့ကြောင့် ထိုမျဉ်းဒေသတွင် အရှေ့မှ အနောက်သို့ ဖြတ်ကျော်လျှင် အင်္ဂါနေ့မှ တနင်္လာနေ့သို့ တရက်ဆုတ်သွား၍ အနောက်မှ အရှေ့သို့ ဖြတ်ကျော်လျှင် တနင်္လာနေ့မှ အင်္ဂါနေ့သို့ တရက်တိုးသွားရလေသည်။




ဇာတ်လမ်း
သရုပ်ဖော်
မောင်ကြည်သစ်/အောင်ရှင်
ဟေ့ မြန်မြန် နင်းပါကွ ၊ မိုးဇော်ရ
ကျောင်းပိတ်ရက် တရက် နံနက်စောစောတွင် မိုးဇော်နှင့် ဖိုးတုးတို့သည် မိတ်ဆွေများအား ခွင့်ပန်၍ မြို့နှင့် ဆယ်မိုင်ခန့်ဝေးသော တောင်ပေါ် ရွာလေး တရွာသို့ အပျော် စက်ဘီးစီး ခရီးထွက်ခဲ့ကြသည်။
သူတို့သည် မမချင်စိတ်ဖြင့် အပြိုင်စီးလာကြသည်။ သူတို့သည် တယောက်တပြန် ကျော်တက်နေကြသည်။ နောက်ဆုံးတွင် –
ဟား
ဟား
ဖိုးတုးက မိုးဇော် ဖိနှင့်စီးနေမှန်း သိသဖြင့် မြန်မြန်နင်းစေရန် မခံချင်အောင် စ လိုက်သည်။ မိုးဇော်ကတော့ မရိပ်မိပေ။
ဖိုးတုးသည် အရှိန်နှင့် ဆက်၍ နင်းလာရာ တနေရာအရောက်တွင်–
ဟင်


ဖိုးတုးသည် ပေါက်ပေါက်အား မတင်ဝဲ ဆက်နင်းလာသည်။ ခရီးတဝက်ခန့် အရောက်တွင် –
ဟေး၊ မသေချင် ရပ်လိုက်
လူဆိုးကြီးသည် ဓားပြ၍ ဖိုးတုး၏ စက်ဘီးကို လုယူထွက်ပြေးသွားသည်။
မကြာမီ မိုးဇော် ရောက်လာသည်။
လူကြီးသည် လေကလေး တချွန်ချွန်ဖြင့် စက်ဘီးကို နင်းသွားသည်။
ဖိုးတုးသည် စက်ဘီးကို တဟုန်ထိုး နင်းထွက်သွားသည်။


ပေါက်ပေါက်သည် မိုးဇော်ကို ဦးဆောင်၍ ခေါ်လာသည်။ သူတို့သည် တောင်ဆင် ခြေလျှောအတိုင်း ပြေးဆင်းလာကြသည်။
သူတို့သည် အာလူးခင်းတခုကို ဖြတ်ကျော်လာကြသည်။
အဲဒါ၊ ငါ့ဦးလေး အာလူးခင်းဘဲ
သူတို့သည် အာလူးအိတ်ကို ထမ်းပြီး ပြေးလာကြသည်။ မကြာမီ လမ်းပေါ်သို့ ရောက်လာသည်။
လူဆိုးသည် တောင်ကိုပတ်၍ ဖောက်ထားသော လမ်းအတိုင်း နင်းလာသည်။ ဆင်ခြေလျှော လမ်းကွေ့တခု အရောက်တွင် -
ဟဲ့ ဟဲ့ အာလူး၊ အို
အာလူးများကို တက်နင်းမိသဖြင့် စက်ဘီးကို မထိန်းနိုင်ပဲ အရှိန်ဖြင့် လဲကျကာ လူဆိုးကြီးသည် မေ့မြောသွား၏။
ဖိုးတူးနှင့် ရဲသားတဦး ရောက်လာကြသည်။

# အိမ်များတွင် ဘာကြောင့် ပြူတင်းပေါက် ဖောက်ထားရသနည်း



ပိတ်ထူခြင်ထောင်ထဲတွင် သင်တို့ ကြာရှည်စွာ အိပ်နိုင်မည် မဟုတ်ပေ။ ပူအိုက်၍ အသက်ရှူ ကျပ်လာပေလိမ့်မည်။ အသက်ရှူကျပ်ရခြင်းမှာ သင်တို့ ရှူထုတ်လိုက်သော လေတွင် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ ပါသောကြောင့် ဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အလွန်အမင်း များလာပါက အသက်ရှူကျပ်ပြီး မွန်းမေ့ သေစေနိုင်လေသည်။ ထို့ကြောင့် အိမ်တွင် လေဝင်လေထွက် အတွက် ပြူတင်းပေါက်များကို ထားရသည်။

ပြူတင်းပေါက် မရှိပါက အသက်ရှူထုတ် လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့သည် အိမ်ထဲတွင်ပင် စုပုံနေပေမည်။ ပြူတင်းပေါက်ကြောင့် လေဝင်လေထွက် လွယ်ကူ ကောင်းမွန်ပြီး ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ စုပုံမှုကို နည်းပါးစေသည်။

ထို့ပြင် ပြူတင်းပေါက်မှတဆင့် နေရောင်ခြည် ဝင်နိုင်သည်။ နေရောင်ခြည်သည် အိမ်ထဲရှိ လေကို ခြောက်သွေ့စေသည်။ လေထဲရှိ ရောဂါပိုးမွှားများကိုလည်း သေစေနိုင်စွမ်း ရှိသည်။ ထို့ကြောင့် အိမ်တွင် ပြူတင်းပေါက်များ များလေ ကောင်းလေ ဖြစ်သည်။

တင်လှုံဦး



နီ၊ ဝါ၊ ပြာ ဆေးရောင်ခြယ်ပါ။



# ဇွဲကပင်တောင်

ဒသုအာတမော

ကျနေ့ာ်ကို "ဇွဲကပင်" လို့ ခေါ်ကြပါတယ်။

ကျနော့် အရပ် အမြင့် ကို ပြောပြလိုက်မယ်ဆိုယင် တော်တော် အံ့သြသွားလိမ့်မယ် ထင်ပါတယ်။ ကျနော့်အရပ်ဟာ ပင်လယ်ရေပြင်ကနေ ပေပေါင်း ၃၀၀၀ နီးပါး မြင့်ပါတယ်။ ဒါကြောင့်လဲ အတော်ဝေးတဲ့ အခြားနေရာတွေကနေ ကြည့်ယင် ကျနော့်ကို မြင်တွေ့နိုင်တယ်။ ကျနော်နေတာက ကော်သူးလေပြည်နယ် "ဘားအံမြို့"နားက ကျေးလက် တောရွာတွေရဲ့ ပတ်ဝန်းကျင် အနီးအနားမှာပါ။

ကျနော့်ဆီလာလည်ကြပါ။ ဘားအံမြို့ကနေ "ဖါးရင်းနယ်–ပိုင်ရမ်းသွားကားလမ်း"အတိုင်း ရှစ်မိုင် လောက် ခရီး ဝေး တဲ့ "တော်ပုံရွာ"ကို လာခဲ့ပါ။ ထိုရွာလေးဟာ ကျနော့်ရဲ့နောက်နားမှာရှိပါတယ်။

တော်ပုံရွာကနေပြီး ကျနော့်ရဲ့ ခြေရင်းမှာရှိတဲ့ "စခန်းကြီး"ကိုသွားယင် ကွင်းပြင် တောစပ်စတဲ့ လှပတဲ့ ရှုခင်းလေးတွေကို ဖြတ်သန်းလာရပါမယ်။

စခန်းကြီးမှာ ဗုဒ္ဓဘုရားရှင်ရဲ့ ကိုယ်ပွားစေတီနဲ့ ဘုန်းတော်ကြီးကျောင်းကို တွေ့ရမယ်။ ပြီးတော့ စရပ်၊ ရေတွင်းစတဲ့ ကျနော့်ထံလာသူတွေ ခိုနားအပန်းဖြေဖို့အရာနဲ့ ပြည့်စုံတဲ့ အကြိုတော်တွေကို တွေ့ရပါလိမ့်မယ်။

ကျနော့်ရဲ့ အထွတ်အမြတ် ဦးခေါင်း ထိပ်မှာ "ဇွဲကပင် စေတီ" ကို တည်ထားကိုးကွယ်ထားပါတယ်။ ဇွဲကပင်စေတီအထိ ရောက်ဖို့ သုံး မိုင် ခရီး ရှိ တဲ့ လမ်းအတိုင်း တက်ရောက်ယင် သဗ္ဗါကြည်ညိုစွာ ဖူးမြင်နိုင်ပါတယ်။

ကျောက်ခက် ကျောက်ပန်းတွေ၊ ကျောက်နံ့ရဲ့တွေ၊ သစ်ပင်မျိုးစုံတွေရှားပါးတဲ့ဘားဂမုန်း၊ လိပ်ဂမုန်း၊ ဂမုန်းနီ၊ ကညာဂမုန်း စတဲ့ ပန်းအနွယ်ဝင်တွေနဲ့ ကျေးငှက် တောတိရစ္ဆာန်ငယ်လေးတွေကိုလဲ လမ်းမှာ တွေ့မြင်နိုင်ပါတယ်။

အထက် ရေတံခွန်ကျောင်းစခန်းကိုရောက်ယင် ထူးခြားတဲ့ နှစ်ပေါင်းတရာကျော်က ရာဝင်စဉ်ဆိုးကြီး တွေကိုလဲ တွေ့ရမယ်။ ကျောင်းထိုင်ဆရာတော်ကိုလဲ ဝင်ရောက် ဖူးတွေ့နိုင်ပါတယ်။

ရွှေရင်စို့၊ စိုင်တမော့၊ ဒိုးပင်ခေါင်းလောင်း၊ မောင်ရင်လိမ့်ကျဆိုတဲ့ စခန်းတွေကိုလွန်ယင် ကျနော့်ရဲ့ ဦးခေါင်းမှာ တည်ထားတဲ့ "ဇွဲကပင် စေတီမြတ်"ကို ကြည်ညိုစွာ ဖူးမြင်နိုင်ပါပြီ။

ကျနော့်ဆီလာယင် လမ်း

မှာမောလို့ ရေဆာ ရေငတ်တဲ့ ဆင်းရဲဒုက္ခနဲ့ တွေ့မှာလဲ မပူပါနဲ့။ ကျောက်စက်ကျ စမ်းရေအေးကိုလဲအားပါးတရသောက်သုံးနိုင်ပါတယ်။

ကျနော့်ခေါင်းပေါ် ရောက်ယင် သာယာလှပတဲ့ ကော်သူးလေပြည်နယ်ရဲ့ ရှုခင်းကို စိတ်ကြည်နူးစွာ မြင်တွေ့ရပါမယ်။

ကရင်၊ ပအိုဝ်စတဲ့ တိုင်းရင်းသား ညီရင်းအကို အမျိုးသားတွေရဲ့ စိုက်ခင်းတွေ၊ စနစ်သစ်စိုက် ခင်း တွေ ကို လဲ တက် ကြွအား ရ စွာ ကြည့် လို့ မ ဝ နိုင်အောင်ဖြစ်မှာသေချာပါတယ်။

ဘား အံ မြို့ တော် နဲ့ မကော်သူးလေ ကျေးလက် တောရွာတွေလဲ ကြည့်မဆုံး ရှုမဆုံးတွေ့ရမှာ ဖြစ်ပါတယ်။

ဘား အံ ဆိပ် ကမ်း မှာရှိတဲ့ သစ်လုပ်ငန်း ဌာနအတွက် သံလွင်မြစ်ရေပြင်မှာ လူးလာလှုပ်ရှား နေ တဲ့ သစ် ဖောင် တွေ နဲ့ လုပ်သားကြီးများရဲ့ လှုပ်ရှားမှုများ ကို ရေး ရေး မြင် နိုင် ပါတယ်။

ရိုးသား ပွင့်လင်းတဲ့ တိုင်းရင်းဖွား ပြည်ထောင်စုသား ကရင် အမျိုးသားများနဲ့လဲ အကျွမ်းတဝင် မိတ်ဆွေဖြစ်နိုင်ပါသေးတယ်။

ကျနော့်ဆီလာခဲ့ကြပါ။ဖြစ်နိုင်ယင် ကျနော့်နောက်ဖက်ကလာကြပါ။လမ်းသာယာတယ်။ ဖြောင့်ဖြူး ပြေပြစ်ပါတယ်။

ကျနော့်ရဲ့ ဦးခေါင်းထိပ်အထိ လာမယ်ဆို၊ ကျနော့်ကိုနေပါ့မယ်။ ဇွဲရှိတဲ့လူတိုင်း ကျနော့်ဦးခေါင်းပေါ်အထိ လာနိုင်ပါမယ်။ သုံးမိုင်ခရီး အကွေ့ အကောက် အခက်အခဲ အဆင်းအတက်တွေကိုဖြတ်လာသူတိုင်း ကျနော့် ဦးခေါင်းပေါ် ရောက်ကြမှာဘဲ ဖြစ်ပါတယ်။


ရှမ်း ရိုး မ၊ ပဲ ခူး ရိုး မ စ တဲ့ တောင်တန်းကြီးတွေနဲ့ ကျနော်ဟာ ညီရင်းအကိုတွေပါဘဲ။ ကျနော်တို့အားလုံး မြန်မာပြည်ထဲမှာ နေကြတာပါ။ ကျနော်တို့အားလုံး ရာဦးအပေါ် တဦး ချစ်ကြ၊ ခင်ကြ၊ ရိုသေမြတ်နိုးကြပါတယ်။

ကျနော့်ဒေသမှာရှိတဲ့ တိုင်းရင်းသားတွေကိုလဲ သွေးစည်းဖို့အတွက် တခြား ကျနော့်အကိုကြီးတွေဆီ သွားလည်ဖို့ တိုက်တွန်းပါတယ်။ မြန်မာပြည် အနှံ့မှာ ရှိတဲ့ ပြည်ထောင်စုသားအားလုံးကိုလဲ ကျနော့်ဆီ လာလည်ကြဖို့လေ့လာကြဖို့ ရိုသေစွာ ဖိတ် ကြား လိုက် ပါ တယ်ခင်ဗျား။

## နေ့မြတ် ပြည်ထောင်စု

ပြည်ထောင်စု ပြည်ထောင်စု၊
တိုင်းရင်းသားတွေ ညီအောင်ပြု။
ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာ၊
လေးဆယ့်ခွန်စွန်း ထောင့်ကိုးရာ။
ဖေဖော်ဝါရီ ဆယ့်နှစ်ရက်၊
ရှမ်း ချင်း ကချင် သွေးစည်းလျက်။
ချစ်ကြည်မပျက် ကရင် ဗမာ၊
ပင်လုံစာချုပ် ချုပ်ခဲ့တာ။
နှစ်ဆယ့်သုံးပါ ခေါင်းဆောင်များ၊
ဗိုလ်ချုပ်အောင်ဆန်း ရှေ့ဆောင်သွား၊
နယ်ချဲ့သမား မျက်ဖြူလန်၊
ခွဲထုတ်အုပ်ချုပ် မရပြန်။
တို့ပြည်မြန် လွတ်လပ်ရေး၊
ပေးရ သူမနေး။
လွတ်လပ်ရွှေပြေး မီးရှူးပမာ၊
သမိုင်းတင်လို့ မမေ့အပ်ပါ။
သည်မေတ္တာ ပုံစံပြု၊
နေ့မြတ် ပြည်ထောင်စု။ ။

အ၊ မ၊ က၊ ၁၇၊ မရမ်းကုန်း



# ငှက်ပြာခြောက်



ငှက်ပြာခြောက်သည် လူများ တွေ့ရခဲသော လူသိနည်းသော ငှက်ဖြစ်သည်။ ကိုယ်အလျားမှာ ငါးလက်မ ခြောက်လက်မခန့်ရှိ၍ ငှက်မသည် ငှက်ဖိုထက် ဖြော့တော့သော အရောင်ရှိသည်။ အချို့ ငှက်ပြာခြောက်မျိုးတို့တွင် အောက်ပိုင်းဖြစ်သော လည်ချောင်းမှ ဝမ်းပိုက်အထိ အပိုင်းသည် တရောင်တည်းဖြစ်နေသည်။

ငှက်ပြာခြောက်၏ အသံမှာ ကျယ်လောင်လှသော်လည်း အမျိုးမျိုး ပြောင်းလဲလေ့ ရှိသည်။ တခါတရံ စူးရှသော အသံကို ကြားရသည်။

ငှက်ပြာခြောက် သားပေါက်သော အချိန်သည် မတ်လမှ ဧပြီလအတွင်းဖြစ်၍ တမြုံလျှင် ၃ ငါးလုံးမှ ခုနစ်လုံးအထိ တခါတရံ လေးလုံးရှိတတ်သည်။ ဥ၏အရောင်မှာ အဖြူတွင် အနီပြောက်၊ ခရမ်းရောင် ပြောက်ကလေးများ ပါရှိ၍ အရွယ်မှာ ပျမ်းမျှ အလျား ၀.၇၈ လက်မနှင့် ပြက် ၀.၅၆ လက်မ ရှိသည်။

အခြား မျိုးတူငှက်များနှင့် အအုပ်အသင်းဖွဲ့၍ နေတတ်သည်။ လွင်ပြင်နှင့် တောင်ခြေများတွင် အတွေ့ရများ၍ မန်ကျည်းပင်နှင့် ကုက္ကိုပင်များတွင် ကျက်စားလေ့ ရှိသည်။ မြေကြီးပေါ်မှ ပုရွက်ဆိတ်များ၊ ခြများကို ရှာဖွေ စားသောက်၍ အုတ်နံရံများ၊ ကျောက်စွန်းကျောက်ခက်များ၊ မြစ်ကမ်းခြေများသို့လည်း သွားရောက်တတ်သည်။



ငှက်ပြာခြောက်ကို မြန်မာနိုင်ငံ အနှံ့အပြား၊ အထူးသဖြင့် ချင်းတောင်နှင့် မြန်မာနိုင်ငံအရှေ့မြောက်ပိုင်း ဒေသတို့တွင် တွေ့ရှိနိုင်သည်။

စိုးမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ တပို့တွဲလဆန်း ၁၅ ရက် (၁၇-၂-၇၃)

## စစ်သူကြီး နှင့် သားနှစ်ယောက်

ဇာတ်လမ်း-
ရှမ်းနီကြိုင်သင်း-












အင်း- ညီတော်နောင်တော်နှစ်ပါးတော့ ခေတ်အင်အားရှေ့ဆောင်နေကြပြီ။ ဒါ ငါ့အခွင့်အရေးပဲ။ ဒါမှမဟုတ် ငါတို့ ဘုရင်ကြီးအုပ်စိုးခဲ့တဲ့ တကောင်းပြည်ကြီး အကုန်ပါသွားမှာ ဝဖြောကြီးမှာ။
တနေ့တွင်
ငါ့သားတို့- ဖေဖေတော့ အသက်အရွယ်ကြီးကြပြီ။ တိုင်းပြည်အတွက် ဘာမှ အထောက်အကူ မပေးနိုင်တော့ဘူး။ ဖေဖေ့ကိုယ်စား ငါ့သားနှစ်ယောက်က တတိုင်းတပြည်ဆီမှာ သွားပြီး အမှုထမ်းကြပေတော့။
အင်း- ငါ့သားနှစ်ယောက်တော့ တဦးနဲ့တဦး ခွဲကြရမယ်ဆိုလို့ ဝမ်းနည်းပမ်းနည်း ဖြစ်နေကြပြီ။ ဒါပေမဲ့ ငါ့အကြံကို ဖျက်လို့ မဖြစ်ဘူး။ ငါ့အတွက်ထက် ငါ့တိုင်းပြည်အတွက်ကို ငါကြည့်ရမယ်။
ထို့နောက်တနေ့တွင် သားကြီးနေမျိုးကျော်နှင့် သားငယ်သူရကျော်တို့သည် ဖခင်ကြီးအား ကန်တော့၍ ခရီးထွက်လာခဲ့ကြသည်။
မကြာမီ လမ်းခွဲရတော့မည့် ကသဲပင်ကြီး အနီးသို့ ရောက်လာခဲ့ကြသည်။
အင်း- ညီလေးနဲ့ကိုကြီး ဒီနေရာမှာ ခွဲရတော့မယ်။ မခွဲခင် ညီလေးကို မှာချင်တာကတော့ ညီလေး ကျောက်ဂူအရပ်မှာ ကျန်းကျန်းမာမာ ရှိကြောင်း သိရနိုင်အောင် အခွင့်သာတိုင်း ဒီကသစ်ပင်ကြီးမှာ စားထစ်ကြပေးပါ။ ကိုကြီးလည်း ညီလေးသိအောင် စားထစ်ကြပေးမယ်နော်။
ဟုတ်ကဲ့ စိတ်ချပါ အကိုကြီး။


စစ်အောင်နိုင်သော ဗိုလ်တော်များ နန်းတွင်းဝယ်
ပျော်မြူးရွှင်မြူးလျက်ရှိပေသည်။


ဇလပျံမောင်လည်း အခွင့်သာသဖြင့် လေသစ်ပင်
ကြီး ဆီသို့ ပါလိုက်သည်။
မေ - ညီမလေး -
ဟဲ - အကိုကြီး -
ဇလပျံမောင်နှင့် သူ့ရဲမောင်တို့ ဆင်းနားကြသို့၊ ညီတော်ဆော် တပ်မှူးပါသား နှစ်ဦး လိုက်လံချောင်းမြောင်းနေသည်ကို သူတို့နှစ်ဦး မသိကြချေ။
အပေါ်တော်နှစ်ဦး သတင်းပေးချက်ကြောင့် တပ်ပြည်သို့ပြန်ရောက်လာသော ဇလပျံမောင်အား ညီတော်က ဖမ်းချုပ်ထားလိုက်သည်။ ဇလပျံမောင်က အကျိုးအကြောင်း လျှောက်ထားသော်လည်း နားမခံခဲ့ချေ။
သူရဲကောင်းသည် အခွင့်သာတိုင်း တသစ်ပင်ကြီးဆီသို့ ... ပေးသော်လည်း သူ့အစ်ကိုကြီး ဇလပျံမောင်ဆော် ... ကိုမတွေ့ သဖြင့် ... ပူပန်နေသည်။
အင်း- အကိုကြီးတော့ တခုခုဖြစ်နေပြီနဲ့ တူတယ်။




# ဝန်းကျင်လေ






ကျွန်ုပ်တို့ ဝန်းကျင်မှ လေထုသည် လဟာပြင်အတွင်း အထက်သို့မိုင် ၁၀၀ ကျော်အထိ ပျံ့နှံ့တည်ရှိနေသည်။ သို့သော် အထက်သို့ မြင့်တက်သွားလေ လေထုသည် ပါးသွားလေဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်ရှင်နေနိုင်ရန် လေကို ရှူနေကြရသည်။ အချိန်ရှိသရွေ့ ရှူနေကြရသဖြင့် ဝန်းကျင်၌ လေရှိမှန်းကို ဂရုမပြုမိကြချေ။ လေပြည်လေညှင်း သို့မဟုတ် တိုက်လေအဖြစ် ထိတွေ့ခံစားရသော အခါ၌ဖြင့်၊ သစ်ရွက်သစ်ခက်များ လှုပ်ရှားရာ၌ဖြင့်၊ တိမ်တိုက်များ ရွေ့ရှားရာ၌ဖြင့်၊ ရေပြင်၌ လှိုင်းဂယက်များ ထရာ၌ဖြင့် ထိုထိုသော လှုပ်ရှားမှုတို့ကို တွေ့ရှိမှသာ ကျွန်ုပ်တို့ ဝန်းကျင်၌ လေရှိကြောင်းကို သတိပြုမိကြ ပေတော့သည်။ အချို့နေရာ၌ လေသည် ကမ္ဘာ့မြေပြင်မှထွက်ခွါ လွင့်တက်သွား၍ အချို့နေရာတွင် မြေပြင်သို့ ထိုးဆင်းလာသည်။




လေသည် ဓာတ်ငွေ့ဖြစ်သဖြင့် ယင်း၏ လှုပ်ရှားမှုကို မတွေ့မမြင်နိုင်ပေ။ လေတွင် အဓိကအားဖြင့် အောက်စီဂျင်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့နှစ်မျိုး ပေါင်းစပ်ပါဝင်နေသည်။ အခြားဓာတ်ငွေ့များ ကဲ့သို့ပင် လေတွင်လည်း အလေးချိန်ရှိသည်။ လေ၏ဖိအားကို ဗာရိုမီတာခေါ် လေဖိအားတိုင်း ကရိယာဖြင့် တိုင်းတာနိုင်သည်။ လေဖိအားသည် အစဉ်တူညီ၍ မနေပေ။ အပြောင်းအလဲရှိသည်။ နေ၏အပူရှိန်သည် ဤပြောင်းလဲမှုကို ဖြစ်စေသော အဓိက အကြောင်းရင်းဖြစ်သည်။ လေလွှာထုသည်နေမှတိုက်ရိုက်ကျရောက်သော အပူရောင်ခြည်နှင့် ကမ္ဘာ့မျက်နှာပြင်မှတဆင့် ပြန်ဟပ်သော အပူတို့ကြောင့် ကျယ်ပြန့် ပေါ့ပါးလာသည်။ ထိုအခါ လေဖိအား နည်းလာသည်။ လေသည် ပေါ့ပါး၍ အထက်သို့လွင့်တက်သွားသောအခါ ထိုနေရာ







သို့ အနီးဝန်းကျင်မှ လေး၍အေးသော လေများ စီးဝင်လာသည်။ ဤလေတို့သည် ခပ်ထန်ထန်နှင့် လျင်စွာ စီးဝင်လာပါက ကျွန်ုပ်တို့သည် လေပြည် လေညှင်းနှင့် တိုက်လေအဖြစ်ခံစားရသည်။ နေ့အခါ အေးသောပင်လယ်မှ နွေးသော ကုန်းမြေသို့ တိုက်ခတ်သောလေကိုပင်လယ်လေပြည်ဟုလည်းကောင်း၊ညအခါ အေးသော ကုန်းမြေမှ နွေးသော ပင်လယ်ပြင်သို့ တိုက်ခတ်သော လေကို ကုန်းလေပြည်ဟုလည်းကောင်း ခေါ်သည်။




နေ့အချိန်တွင် ချိုင့်ဝှမ်းရှိလေနှင့် တောင်စောင်းပတ်ဝန်းကျင်ရှိ လေတို့သည် နေ၏ အပူရှိန်ကြောင့် အနီး အနား လွင်ပြင်မှ လေတို့ထက် ပူနွေး ပေါ့ပါးကာ အထက်သို့ လွင့်တက်ကြသည်။ ယင်းသည် ချိုင့်ဝှမ်းလေပြည်ပင်ဖြစ်၍ နေဝင်သွားသောအခါ ချိုင့်ဝှမ်း တောင်စောင်းတို့သည် အေးလာသည်။ ထိုအခါ လေအေးတို့သည် လေး၍ တောင်းစောင်းဒေသမှ ချိုင့်ဝှမ်းသို့ စီးဆင်းကြတော့သည်။ ယင်းသည် တောင်လေပြည်ပင်ဖြစ်၏။

လေသည် ပတ်ဝန်းကျင် လေထုထက် ပူနွေး၍ ပေါ့ပါး သွားသော အခါ ယင်း၏ ဖိအားသည် နည်းသွားပေရာ ထိုဒေသကို လေဖိအားနည်း ရပ်ဝန်းကျင်ဟူ၍လည်းကောင်း၊ ပတ်ဝန်းကျင် လေထုထက် အေးပြီး လေးလံလာသောအခါ ထိုဒေသကို လေဖိအားကြီးရပ်ဝန်း ဟူ၍လည်းကောင်း ခေါ်ဆိုလေသည်။ လေသည် ဖိအားကြီး ရပ်ဝန်းမှ ဖိအားနည်း ရပ်ဝန်းသို့ အစဉ်စီးဝင်တိုက်ခတ်တတ်ပေသည်။ အီကွေတာရပ်ဝန်းဒေသသည် ကမ္ဘာ့လေဖိအားနည်း ရပ်ဝန်းဒေသကြီးပင် ဖြစ်သည်။ ထိုဒေသတွင် လေတို့သည် ပူပြင်း၍ အထက်သို့ မြင့်တက်သွားသဖြင့် လေအလွန်နည်းပါး လေသည်။ ထို့ကြောင့် သဘော်ာ ရွက်လွှင့်သူများက ထိုဒေသကို ဒေါလဒရမ် လေငြိမ်ပိုင်းဟု ခေါ်ကြသည်။





ဇာတ်လမ်း
ကာတွန်း
တနေ့တွင် သီတာတို့မောင်နှမတစုသည် မေမေနှင့်အတူ မေမေ့အစ်မတယောက်အိမ်သို့ ရောက်သွားကြ၏။
သီတာတို့မောင်နှမတွေပါလား ဘယ့်နှယ်မလာစဘူး အလာထူးလို့ပါလား လာကြ..လာကြ..
မေမေထွက်သွားပြီးနောက်–
ဟုတ်ကဲ့ ကြီးကြီး
ဟဲ့ ဘာလုပ်ကြမလို့လဲကွဲ့



ကိစ္စမရှိပါဘူးကွယ် ကြီးကြီးပြန်လာမှ လုပ်ပါ့မယ်..
မေမေ့ကပြောထားတယ် ကိုယ့်အိမ်မှာဘဲ ဖြစ်ဖြစ် တခြားအိမ်မှာဘဲ ဖြစ်ဖြစ်..အချော မစားရဘူးတဲ့ ကိုယ်နဲ့တန်တဲ့ တာဝန်ယူရမယ်..တဲ့..
ဟုတ်တယ် ပြီးတော့ တယ်.. ငယ်ငယ် ပြီးတာနဲ့ ကြီးသွားတော့ မှ မလုပ်တတ် တတ်ဖြစ်သွား တတ်တယ်
ဟေ..ဟုတ်လား..ဒါဖြင့်..ငါ့တူတွေ တူမတွေ ကအိမ်မှာ ဘယ်လိုတာဝန် တွေယူများ ယူကြသလဲ..
ကျနော်က ရေတင်ပြီး ပေးတယ်
သမီးက ထမင်း အိုးတည်ရတယ်.
နီလာက ဟင်းကန်စွန်းဆေးပြီး ထမင်းပွဲပြင်ရတယ်
ဝိုးဝိုးက ခလေးထိန်း ရတယ်..
ငါ့တူတွေ တူမတွေက တော်တယ်ဟုတ်ပါလား အေး..အသက်ငယ်ပေမယ့် ကြီးတယ် မှုဟုတ်ဘူး..
ဒီလိုဆိုတော့ ချက်ပြုတ် တဲ့နေရာမှာ ခိုးတွေ့ တာပေါ့ကွယ်.. ဆန်ကို မီးဖိုထဲက စဉ့်အိုးထဲမှာ ဆန်လေးလုံး လောက်ယူ ချက်ခဲ့ပါ.. ရေတင်ပြီးကျ ကြော်အိမ်ထဲမှာ.. ကြီးကြီး စေ့သွားမယ်


ဟောတော့! လွယ်အိတ် ပြနေပြီ...
ခပ်မြဲမြဲ လုပ်မနေနဲ့ ကိုယ့်လွယ်အိတ် ကိုယ်ချုပ်ပါလား မငှားနိုင်ဘူး
ဟဲ-ဟဲ-မနီလာ လွယ်အိတ်ခဏ ငှားပါလားဟင်
မငှားချင်လဲ နေပေါ့၊ နက်ဖြန်မှ မေမေ့ ကိုချုပ်ခိုင်းမယ်၊ အမြဲ လေးက သေးသေး လေးဘဲ
အပျင်းထူလိုက် တာဟယ်၊ ခုချုပ် လိုက်ယင် ခဏလေး ပြီးတယ်
တူးမာ... ဖေါင်တိန် ယူသွားဘို့ မေ့နေ ဦးမယ်
ဟုတ်ကဲ့ ယူသွားပါ တယ်
ဟိုက်! မရှိတော့ဘူး
ကလေးတို့ စာရေးဘို့ အချိန် ရောက်ပြီ
အမလေး — ဖေါင်တိန်ကလေး ပျောက်သွားပြီ
နင်က အပ်ချုပ် ရမှာ ပျင်းတာကိုး

# စည်သွတ်အစားအစာများသည် ဘာကြောင့် အထားခံသနည်း

အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ ပုပ်သိုးခြင်းမှာ ဗက်တီးရီးယားများကြောင့် ဖြစ်သည်။ ဗက်တီးရီးယားတို့သည် ပူနွေးသော နေရာတွင် ပေါက်ပွား နေထိုင်နိုင်ကြသည်။ သို့သော် အလွန်ပူလွန်းသောနေရာနှင့် အလွန် အေးလွန်းသော နေရာများတွင်မူ မရှင်သန်နိုင်ကြပေ။ စည်သွတ်ဗူး ပြုလုပ်ရာတွင် အစားအစာများကို အများအားဖြင့် ဒီဂရီ ၁၂၀ အထိ အပူပေးပြီး ဗူးကို လေအလုံ ပိတ်ထားသည်။ မြင့်မားသော ယင်းအပူချိန်ကြောင့် ဗက်တီးရီးယားများ သေကြေ ပျက်စီးကုန်ကြသည်။ လေအလုံ ပိတ်ထားသောကြောင့်လည်း နောက်ထပ် ဗက်တီးရီးယားများ ဗူးထဲသို့ မဝင်ရောက်နိုင်တော့ချေ။ ထို့ကြောင့်စည်သွတ်အစားအစာများသည် ဗက်တီးရီးယားများ ကင်းစင်ပြီး ကြာရှည်စွာ အထားခံရခြင်း ဖြစ်သည်။ ယင်းကြောင့်ပင် သင်တို့ဈေးမှ ဝယ်လာသော နို့ဆီ၊ ငါးသေတ္တာ စသော စည်သွတ်ဗူးများကို မည်သည့် အချိန်တွင် ဖောက်၍ အသုံးပြုသည် ဖြစ်စေ အမြဲလတ်ဆတ်နေသည်ကို တွေ့ရခြင်းဖြစ်လေသည်။



တင်လှဦး

## " လက်ဝှေ့ပွဲ "



ဤပုံကို မျက်နှာနှင့် ၆ လက်မခန့် ခွာ၍ မျက်စိကို တဖက်မှိတ် တဖက် ဖွင့်ပြီး တလှည့်စီ ဖွင့်ပိတ် ပြုလုပ်ပါ။ လှုပ်ရှား လာပါလိမ့်မည်။




ကျွန်တော့်တွင် အမေ မရှိပါ။ အမေသည် ကျွန်တော် ခြောက်နှစ်သားအရွယ်က သေဆုံးသွားပါသည်။ အဖေသည် ဘတ်စ်ကားဆရာဖြစ်သော်လည်း ဘတ်စ်ကားမှာ ကိုယ်ပိုင်မဟုတ်ပါ။ တနေ့ နှစ်ကျပ် ပေးကာ ငှားနှင်းရသဖြင့် အဖေ့မှာ သိပ်မကျန်ပါ။

အဖေသည် စိတ်ညစ်သည် ဟုဆိုကာ ညဖက်တွင် အရက် သောက်လာတတ်ပါသည်။ ထို အခါ ကျွန်တော်သည် အဖေ့ အား မကောင်တော့ပါ။ ကြာတော့ အဖေသည် အရက်နှင့် သာ အချိန် ကုန်နေပါသည်။ ယခု ကျွန်တော့်အသက် ကိုးနှစ်ရှိပါ ပြီ။ ကျောင်း မနေရသေးပါ။ အဖေ၏ ကြမ်းတမ်းသော ဘဝ ကို မြင်မိ၍ အဖေလို မဖြစ်ရ အောင် စာတွေ အများကြီး တတ်ချင် ပါသည်။

ကျွန်တော်သည် အဖေ့ကို အားကိုးနေလျှင် ကျောင်းနေ ရမည် မဟုတ်ကြောင်း သိလာ ပါသည်။ ထို့ကြောင့် ကျွန်တော့် လုပ်အားဖြင့် ကျောင်း နေနိုင် ရန် ဆုံးဖြတ်လိုက် ပါသည်။ ကျွန်တော်၏ တအိမ်ကျော်မှ ဦးထူးသည် ရေခဲချောင်းသည် ကြီး ဖြစ်ပါသည်။ ကျွန်တော် နှင့်လည်း ခင်ပါသည်။ ဦးထူး တွင် ကျွန်တော်နှင့် ရွယ်တူ သားတယောက် ရှိပါသည်။ ဦး ထူးသည် ရေခဲချောင်းရောင်း၍ သားကို ကျောင်းထားရာ ယခု သုံးတန်းသို့ပင် ရောက်နေပါပြီ။ တညနေ ဦးထူး ဈေးရောင်းပြန် ချိန်တွင် ကျွန်တော်သည် သူ့ဆီ သွား၍ ရေခဲချောင်း ရောင်းလို ကြောင်း ပြောပြလိုက်ပါသည်။ ဦးထူးသည် ကျွန်တော်၏ အခြေ အနေကို သိထားသူ ဖြစ်သော ကြောင့် အလွယ်တကူပင် လက်ခံပြီး မနက် သူ နှင့် လိုက် ခဲ့ ရန် ပြောပါသည်။ ကျွန်တော် လွန်စွာ ဝမ်းသာ မိပါသည်။ ထို အကြောင်း ကို အဖေ့ အား ပြောပြ ရန် စဉ်း စား မိ သော်လည်း စိတ်ဝင်စားမည် မဟုတ် သောကြောင့် လုံးဝအသိမပေး ပဲ နေလိုက်ပါသည်။

နောက်တနေ့မနက် အဖေ ဆိုက်ကားနင်း ထွက်သွားသော အခါ ကျွန်တော်သည် အိမ်ကို တံခါးပိတ်၍ဦးထူးနှင့်လိုက်သွား ပါသည်။ ရေခဲချောင်း စရောင်း သည့်နေ့တွင် ကျွန်တော့်အတွက် အမြတ်တကျပ် ကျန်ပါသည်။

ကျွန်တော်သည် ဈေးကား ဂိတ် ကျောင်း အစ ရှိ သည့် လူစည်ကားသည့် နေရာတို့တွင် လိုက် ၍အော် ရောင်း ပါ သည်။ စရောင်းခါစတွင် ရှက်မိသော် လည်း ကျောင်းနေနိုင်ရေး အ တွက် ကောင်းသော နည်းလမ်း ဖြင့် ပိုက်ဆံ ရှာနေခြင်း ဖြစ် သော ကြောင့် နောင် သော် ရှက်စိတ်များ ပျောက်သွား ပါ သည်။

ပူးပြင်းလှသော နေရောင် အောက်တွင် ရေ ခဲ ချောင်း ရောင်းရသည်မှာ ပင်ပန်းလှပါ သည်။

ကျွန်တော်ဈေးရောင်း ပြန်လာ ချိန် တိုင်း တွင် အ ဖေ မရောက်သေးပါ။ မှောင်ခါနီး လောက်မှ ပြန်လာ တတ်သဖြင့် ကျွန်တော် ဈေးရောင်းနေသည်ကို မသိသေးပါ။ ကျွန်တော်က လည်း အဖေအတွက် လုပ်စရာရှိ သည် များ ကို လုပ် ၍ ဟန်မပျက်နေခဲ့ပြီး ကျွန်တော်၏ စု ဗူး လေး ကို သာ တ မ မ ဖြင့် ကြည်နူးနေမိပါသည်။

တနေ့ ဈေးဝနားတွင် ရောင်းနေစဉ် ဆိုက်ကား တစီးသည် ကျွန်တော့် အနီးတွင် လာရပ်ကာ "ဟေ့ - ချာတိတ်၊ ဦးလေး ကိုလဲ ဆယ်ပြားတန် တချောင်း ပေးကွာ" ဟူသော အသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ –

"ဟာ - အဖေပါလား" ဟု ကျွန်တော့်နှုတ်မှ အလိုလို ထွက်သွားပါသည်။ အ ဖေ လည်း ကျွန် တော့် ကို ကြည့် ကာ အံ့အားသင့်နေပြီး နောက် ဒေါသ သံဖြင့် –

"ဟင်–သားပါလား။ မင်းကို ဘယ်သူကရောင်းခိုင်းလို့လဲ။ အိမ်ကို ဘယ်လိုလုပ်ထားခဲ့သလဲကွ"

"ဘယ်သူမှ ရောင်းခိုင်းတာ မဟုတ်ပါဘူး။ ကျွန်တော့် ဖာသာ ကျွန်တော် ရောင်းတာပါ။ ကျောင်းနေချင်လို့ ကျောင်းစရိတ် ရအောင် ရှာနေ တာ ပါ အဖေ။ အိမ်ကိုလဲ တံခါး ပိတ်ထားခဲ့ပါတယ်။ ကျွန်တော့်ကို အကူအညီပေးတဲ့ ဦးထူးတောင် သူ့ရဲ့သားကို ဈေး ရောင်း ပြီး ကျောင်း ထား နိုင် သေးတယ်။ ကျွန်တော့် ကိုတော့ အဖေက ငယ်ပါသေးတယ်ဆိုပြီးကျောင်းမှ မထားဘဲ။

အ ဖေ သည် ခေါင်းကြီး အောက်စိုက်ကာ ခဏမျှ ငိုင်နေ ပြီးနောက် –

"အေးကွာ - အဖေ မင်းအပေါ်မှာ တာ ဝန် တွေ လစ်ဟင်းခဲ့တာ အမျှားကြီး ဝမ်းနဲပါတယ်။ အဖေ နောင်တ ရပါပြီ။ ကျောင်းတွေဖွင့်မှ မင်းကို ကျောင်းထားဖြစ်အောင် ထားပါမယ်ကွာ။ အဖေ ဂတိပေး ပါတယ်"

ကျွန်တော်သည် အဖေ့ထံမှ မ မြော် လင့် သော စ ကား ကို ကြားလိုက်ရ၍ ထခုန်မိ မတတ် ဝမ်းသာသွားပြီး....

"ကျွန်တော့်မှာလဲ ပိုက်ဆံစုတာ အတော်ရနေပြီ အဖေ။ ဒါပေမယ့် ကျောင်းစရိတ် ပိုရအောင် ကျောင်းတွေ မဖွင့်ခင် ဒီရေခဲချောင်းဘဲ ဆက်ရောင်းပါရစေ အဖေ"

"ရောင်းပေါ့ သားရဲ့၊ မင်းအတွက် လုံလုံလောက်လောက် သုံးရတာပေါ့"

ကျွန်တော်သည် အဖေ့ထံမှ ထွက်လာသောအခါ လွန်စွာ ရွှင်လန်းဝမ်းမြောက်လျက် ပေါ့ပါး သွက်လက်၍ နေပါတော့သည်။

× × ×

## ထမနဲ့ပွဲ တပို့တွဲ


ယွန်းလုနွေဆန်း အောင်ပုံပန်း၊
သဲတုန်အေးခိုက်ချမ်း။
ပွင့်ပန်းသရဖီ ပေါက်လဲညီ၊
ပွင့်ကြဝေဝေစီ။
ကုံရာသီစက် ခေါ်ဆိုမြွက်၊
နှင်းရည်တစက်စက်။
ထက်အောက်တခွင် နှယ်စုံပင်၊
ထမနဲထိုးဘို့ပြင်။
လူရှင်ကမ်းဖိတ် ဆန်တစိတ်၊
ထိုးမွှေအားခဲကြိတ်။
တပိဿာနော် ဆီရွှဲသော်
မြေပဲတခွက်ကျော်။
နှမ်းလှော်ပြီးညား တခွက်သား၊
ထည့်ခတ်တဆယ်ဆား။
ကျပ်သားသုံးဆယ်
အုန်းသီးရယ်၊
ဂျင်းလည်းသုံးဆယ်ကွယ်။
တဖယ်တအိုး စုပေါင်းထိုး၊
ဆောင်းညရှေးမူရိုး။ ။

ဒေးဒရဲ မောင်သန့်စင်



R. 517

# ဧရွှေငှက်



ဧရွှေငှက်တို့သည် ခြောက်ကောင်မှ ခုနစ်ကောင်အထိ အအုပ်အသင်း ကလေးများဖွဲ့ကာ သွားလာနေထိုင်လေ့ရှိသဖြင့် ယင်းတို့ကို ညီအမ ခုနစ်ဖော် ဟူ၍လည်း ခေါ်သည်။ အမြီး ၅၃ လက်မ အပါအဝင် ကိုယ်အလျားမှာ ၁၀ လက်မခန့် ရှိသည်။ ပျံသန်းရာတွင် တရှိန်ထိုး ပျံတက်ပြီး အမြီးကို ယပ်တောင်သဖွယ် ဖြန့်ထားတတ်သည်။ သို့ရာတွင် ဝေးဝေး မပျံနိုင်ပဲ နေးလည်း နေးသည်။ ဝင်းခြံများ၊ တောချုံစပ်များတွင် ဆူဆူညံညံနှင့် သွားလာ ကျက်စားနေတတ်သည်။ ပိုးကောင်၊ မွှားကောင်များကို ရှာဖွေစားသဖြင့် စိုက်ပျိုးလုပ်ကိုင်သူတို့အား ကူညီရာရောက်၍ အသုံးဝင်သည်။

ဧပြီလမှ မေလကုန်အတွင်း ဧရွှေငှက်ငယ်ကလေးများ ပေါက်ပွားလေသည်။ ဥခွံများမှာ ပြာလဲ့လဲ့ အရောင်ရှိပြီး တမြုံလျှင် ဥသုံးလုံးမှ လေးလုံးအထိ ရှိတတ်သည်။ တဥလျှင် ပျမ်းမျှ အလျား ၀.၈၉ လက်မနှင့် ပြက် ၀.၇၃ လက်မရှိ၏။ အသိုက်များကို မြက်၊ ကျူရွက်၊ ကိုင်းရွက်များဖြင့် ချုံဖုတ်နှင့် မြက်တောထဲတွင် ပြုလုပ်ထားတတ်သည်။

မြန်မာနိုင်ငံ အပူပိုင်းဒေသတွင် အတွေ့ရများသောငှက် ဖြစ်သည်။

စိုးမြင့်




၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၀။

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ တပို့တွဲလဆုတ် ၇ ရက် (၂၄-၂-၇၃)





စနေနေ့တိုင်း ထုတ်ဝေသည်။


ဖေဖေ့ - သားသား အတွက် မွေးနေ့လက်ဆောင်၊ ကောင်းကောင်း မွေး၊ သူ့ကြီးလာရင် - သား အတွက် - သိုးမွေး အင်္ကျီတွေ ပေးလိမ့်မယ်၊
ထွန်းလှသည် မွေးနေ့၌ ဖခင်ထံမှ သိုးကလေး တကောင် လက်ဆောင်ရသည်။
သူသည် သိုးလေးကို အလွန်ချစ်၍ ကောင်းစွာ ပြုစုသဖြင့် တနေ့တခြား ကြီးလာ၏။
ငြိမ်ငြိမ် နေနော်
အသား နာ သွား အုံးမယ်
အတော်လေး ကြီးလာ၍ အမွေးများ ရှည်လာသော တနေ့တွင် သိုးမွေးများကို ညှပ်လေသည်။
ထိုသိုးမွေးများကို အဖွားထံယူသွားပြီး —
ဖွားဖွား ရယ် - ဒီသိုး မွေး တွေကို ရှင်းပြီး သိုးမွေး ချည်မျှင် ပေးပါလား ဟင်------
ဟုတ်ကဲ့ ဖွားဖွား
သိုးမွေးချည်များရသော် အိမ်အနီးရှိ ပန်းချီဆရာထံသွား၍ ဆိုးဆေးတောင်းပြန်၏။
ဦးလေး - ဒီ သိုးမွေးချည် တွေကို အရောင် ဆိုးဖို့ - ဆေးနဲနဲ ပေးပါ
ဟယ် - ချာတိတ် ပန်းချီဆေး နဲ့ ချည်ဆိုး လို့ ဘယ်ရမလဲကွဲ့
ဟုတ်ကဲ့


ရော့ - ခလေး ... ပထမ ရေနွေးလေးနဲ့ ဖျော်၊ သေသေချာချာမွှေ -- ပြီးတော့
× × × × × × × × × × × ×
ဟုတ်ကဲ့
ထွန်းလှသည် လှေကလေးဖြင့် တဖက်ကမ်း ကူးပြီး (တာပင်တိုင်) နှင့် ချည်ဆိုးဆေးများ ဝယ်၏။
သုံးကြိမ် - သုံးခါ တော့ နှစ်ပြီးပြီ၊ စင်အောင် ညှစ်ပြီး ဟိုဘက်က - ချုပ်ဆေး ထဲစိမ်ရမယ် ---
အိမ်ပြန်ရောက်သော်ထွန်းလှအလုပ်များနေ၏။
နောက်နေ့တွင်အရီးသာဒွေးထံရောက်သွားပြီး
နွေးလေးရယ် - ကျနော့် သိုးမွှေးတွေကို - အထည် ဖြစ်အောင် - ရက်ပေး ပါနော်
နွေးလေးက - ရက်ပေး ချင်ပါတယ်၊ ဒါပေမယ့် နွေးလေး သမီးကို - ကြည့် မယ့်သူ မရှိလို့ကွဲ -
ကျနော် ထိန်းပေး မှာပေါ့
ထိုအခါမှ စ၍ ကလေးထိန်းတော့သည်။
ကြည့်နေနော် - အဲ -- ငါ့လေး ရေကျူး မသေဘူး။
ငါ့လေး ရေကျူး မသေဘူး
ခစ်ခစ်
ဘူး
လေး ငါးရက်ကြာသောအခါ သိုးမွှေးထည် ရ၍ အပ်ချုပ်ဆရာထံ ပြေးသွားပြီး -
အကြီး ရယ် - ကျနော့် ကို ဒီသိုးမွှေးအထည်နဲ့ အင်္ကျီ ချုပ်ပေးပါ - ... နော် - အကြီး
အေးလေ---ငါခိုင်းတာ လုပ်ပေးမယ် - ချုပ်ပေး မှာပေါ့
နောက်နေ့မှ စ၍ ထွန်းလှသည် နေ့စဉ် နွားစာကျွေးသည်သာမက -


အပ်ချုပ်သည့်ကြီး ခိုင်းထားသမျှသော အလုပ်များကို လုပ်ပေးနေလေသည်။
အင်္ကျီချုပ်ပြီးသောအခါ–
ကဲရော... မင်းလိုချင်တဲ့အင်္ကျီ တကယ်တော့ မင်းဟာ လုပ်အားပေးပြီး ရတာပဲ
လုပ်အားခ – ပေါ့ကွယ်
ပျော်တယ် ပျော်တယ် ပျော်တယ် ပျော်တယ် ပျော်တယ်
ထွန်းလှသည် အပျော်ကြီး ပျော်၍ အိမ်ပြန်လာရာ –
မြို့ဝင်၌ သိုးကလေးနှင့် တွေ့သဖြင့်–
ဟေ့ – သိုးလေးရယ် ငါ အနွေးထည်ရလို့ မင်းကို ကျေးဇူး တင်ပါတယ် ကွာ
ဘာ...... ဘာ
ထွန်းလှစိတ်ထဲတွင်ကား သိုးကလေး အော်သံကို (သဘောကျ၍ ရယ်သံ) ဟုပင် ထင်နေလေသတည်း။


တခါက ဖား၊ ကြက်၊ ဖြူနှင့် လိပ် မိတ်ဆွေ လေးဦးတို့ သည် သစ်ငုတ်တို တခု ပေါ်၌ အိမ်ဆောက်၍ နေထိုင်ကြ၏။
တနေ့တွင် တောစပ် တနေရာသို့ လမ်းလျှောက် ထွက်ကြရင်း ရယ်စရာကောင်း သောလှည်းတစီးကို တွေ့ကြလေသည်။
ဟာ! ဟိုမှာလှည်းတစီး ဘီးတွေကလဲကြီးစဉ့် ငယ်လိုက်တာနဲ့ ထူးဆန်းသလိုဘဲ
ဘီးတွေကလဲ မညီမညာနဲ့ ရယ်စရာကောင်းလိုက်တာ
အေး ဟ
အောက်မှာလဲ မှိုတွေပေါက်နေပုံထောက်တော့ ဒီနေရာမှာထားတာ ကြာပြီနဲ့တူတယ်
ဟား ဟား ရယ်စရာကောင်းလိုက်တာ
မြေထဲမှ ယုန်ကလေးတကောင် ထွက်လာပြီး ရယ် သဖြင့် သူတို့က ယုန်ကလေးအား မေးကြလေ၏။
ဘာဒါခင်ဗျားရဲ့ လှည်းလား
မဟုတ်ပါဘူး ဦးကြက်ဖရဲ့ လှည်းပျော့ သူတချိန်လုံး ဒီလှည်းကို လုပ်နေတာ၊ မပြီးဘူးဗျ ခုတော့ပြင်ကြ တော့မယ်
ဒီလိုဆိုတော့ ဒါကိုယူသွားကြရအောင် အသုံးဝင်ချင် ဝင်မှာ လာတွန်း
အယ်
ကြည့်မယ်
အေး ဟုတ်တယ်
တွန်းကွ
သို့သော် လှည်းကား တအားတွန်းကြသော်လည်း အနည်းငယ်မျှ မရွေ့ပဲ နောက်ဆုံး၌ တဖက်သို့ မှောက် သွားတော့သည်။
အမလေး မှောက် မှောက်


ယုန်ကလေးသည်ခွက်ထိုးခွက်လန် ရယ်မောနေလေသည်။
ဟားဟားဟား ဒီလောက်အသုံးမကျတဲ့လှည်းကိုဘယ်သူလိုချင်မလဲ ဟဲဟဲ
ဖားကလေးတို့သည် လှည်းကို မထားရက်သည့်အတွက် ယုန်ကလေး၏ ပြောင်လှောင် ရယ်မောသံကို ဂရုမစိုက်နိုင်ပဲ အကြံထုတ်ကြလေ၏။
ဟာ နို့တဘီးစီဖြုတ်ပြီး ရှိမ့်သွားကြရအောင်
အေးဟုတ်တယ် ရိုက်ကွဲခဲ့ရင်လည်း ယင်ကျွတ်တယ်
အသေးဆုံးဘီးကို ကျုပ် ဒုတိယဘီးကို ကိုရွှေလိပ်၊ တတိယဘီးကို ကိုရွှေကြက်ကြီးပေါ့
သို့ဖြင့် အသီးသီး လှိမ့်သွားကြသည်ကို ယုန်ကလေးက ကြည့်ရင်း ရယ်မောကာ ကျန်ရစ်ခဲ့လေသည်။
ဟား ဟား ဟား အရွယ်မတော်တဲ့ဘီးတွေကိုဘာလုပ်ကြမလဲမသိဘူး
ထိုနောက် ထိုဘီးများကိုအသုံးချနိုင်ရန် အမျိုးမျိုး စဉ်းစားရင်း အကြံတမျိုးစီ ရကြလေ၏။
ဒို့က အသေးဆုံးဘီးဖြစ်လို့ ချည်ငင်တဲ့ ဗိုင်းကလေး လုပ်မယ်
ဒို့ကတော့ တွန်းလှည်းကလေး လုပ်မယ်
ဒို့က ရေတွင်းမှာရေ သယ်ရလွယ်အောင် တပ်ရမယ်
မကြာမီ စိတ်ကြိုက်ပစ္စည်းများ ဖြစ်အောင် အကောင်အထည် ဖော်ကြလေ၏။
ဒို့တော့ ပြီးပြီ
ငါ့တော့ လိုသေးတယ်
ဘီးအကြီးဆုံးရသော ကိုရွှေကြက်ကြီးကို ဝိုင်းကူကြရပြန်သည်။
လုပ်ကြပါ အုံးဟ
လုပ်အားပေးတဲ့ အချိန် ဟဲဟဲ
အိုး


သို့ဖြင့် အရွယ်မတူသော ဘီးများ အသုံးဝင်လာလေ၏။
ဖါး ဖါး x
ကိုရွှေဖါး x မိုးခေါ်တာလား
လိပ်ကလေးက ရေတွင်းမှ ရေကိုခပ်ကာ ခြံကို ရေလောင်းသည်။
ဖြူကလေးက တွန်းလှည်းဖြင့် တောတွင်းမှ အသီးအနှံများကို သယ်ယူလာသည်။
ကြက်ဖကြီးက ကြိတ်စက်တွင် ဂျုံကို ကြိတ်သည်။
တနေ့သောအခါ ယုန်ကလေးသည် ဖားကလေးတို့ မိတ်ဆွေတစုထံသို့ အလည်လာလေသည်။
ကျုပ်ခြံက ထွက်တဲ့မုန်လာဥ အနီ - ရော့
ကျုပ်တောထဲက သယ်လာတဲ့ အသီးအနှံတွေရော့
ယူသွားကြပါ
အုံး - ဟဲဟဲ

# နေနှင့်အပူရှိန်

စိုးလွင်မြင့်　ကဒ



နေမှအပူရရှိကြောင်း ကျွန်ုပ်တို့ သိရှိကြပြီး ဖြစ်လေသည်။ နေရောင်ခြည်၏ နွေးထွေးသော သို့မဟုတ် ပူပြင်းသော ရိုက်ခတ်မှုကို ကျွန်ုပ်တို့ ခံစားကြရသည်။ နေရောင်ခြည် မထွန်းလင်းသော ညအခါသည် ထွန်းလင်းသောနေ့အခါထက် အေးမြလေသည်။

နေသည် အရွယ် အစားအားဖြင့် ကမ္ဘာထက်အဆပေါင်း သန်းနှင့်ချီ၍ ပိုကြီးပြီး အငွေ့အဆင့်တွင်သာ ရှိသေးသော အပူလုံးကြီးဖြစ်သည်။ နေမျက်နှာပြင်၏ အပူချိန်မှာ ဒီဂရီ တသောင်းခန့်ဖြစ်၍ အတွင်းပိုင်းတွင် ဒီဂရီ ၁၅ သန်းခန့် ရှိမည်ဟု ဆိုသည်။


ကောင်းကင်ပြင်၌ မီးသား တိမ်လိပ်တို့ မည်မျှ များပြားစေကာမူ တက်လာသော နေ၏အပူရှိန်ကြောင့် လေထုသည် ပူပြင်းကာ ကျွန်ုပ်တို့သည် ပူပြင်းမှုဒဏ်ကို ခံရတတ်သည်။

နေရောင်ခြည်၏ အပူသည် တကမ္ဘာလုံးတွင် ညီမျှစွာ မကျရောက်ပေ။ ကမ္ဘာ၏ အလယ်အီကွေတာတပိုက်တွင် တနှစ်ပတ်လုံးပူပြင်းစွာရရှိပြီး ယင်းမှ မြောက်ဖက်နှင့်တောင်ဖက်သို့ အပူသည် လျော့သွား၍ ဝင်ရိုးစွန်းသို့ နီးသွားလေ အေးသွားလေ ဖြစ်သည်။

နေ၏ ရောင်ခြည်တို့သည် ကမ္ဘာအား မျဉ်းပြိုင်တန်းများအဖြစ် ကမ္ဘာ့ဝန်းကျင်မှ လေထုကိုဖြတ်သန်း၍ ရိုက်ခတ်ရာ မျဉ်းပြိုင်အတိုဆုံးနှင့် တိုက်ရိုက်ကျရောက်ရာ နေရာဒေသသည် အပူပြင်းဆုံး ခံစားရသည်။ သို့သော် ထိုပြင်းသောအပူကို တနေရာတည်း၌ တနှစ်ပတ်လုံး မခံစားရပေ။ ကမ္ဘာသည် နေကို လှည့်ပတ်နေရာတနှစ်တွင် နှစ်ကြိမ်၊ မတ်လ ၂၁ ရက်နှင့် စက်တင်ဘာလ ၂၃ ရက်နေ့များတွင် နေ၏တိုက်ရိုက် တည့်မတ်သော ရောင်ခြည်သည် အီကွေတာပေါ်သို့ ကျရောက်သည်။ ဤအချိန်တွင် ကမ္ဘာ၏ တခြမ်းသည် အလင်းရောင်ပိုင်းတွင် ကျရောက်၍ကျန်တခြမ်းသည် အမှောင်ပိုင်းတွင်ကျရောက်သည်။ ထို့ကြောင့် ကမ္ဘာ၏ မည်သည့်ဒေသတွင်မဆို နေ့နှင့်ညအချိန်တာတို့ တူညီကြသည်။



ဇွန်လ ၂၁ ရက်တွင် ကမ္ဘာသည် ယင်း၏ ပြိဇာလမ်း အလယ်တွင် ရောက်ရှိနေရာ မြောက်ဝင်ရိုးစွန်းသည် နေဖက်သို့ ၂၃½ တိမ်းစောင်းနေသည်။ ထို့ကြောင့် နေရောင်ခြည်သည် မြောက်ယဉ်စွန်းတန်းပေါ်တွင် တည့်မတ်စွာ




ကျရောက်သည်သာမက မြောက်ဝင်ရိုးစွန်းကိုကျော်လွန်ကာအာတိတ်စက်ဝိုင်းတခုလုံး ၆၆½° မြောက်ကိုပင် ထွန်းလင်းလေသည်။ ကမ္ဘာ့တောင်ဖက်ခြမ်းတွင်မူ ရောင်ခြည်သည် ဝင်ရိုးအထိ မရောက်ပဲ ၂၃½° လျော့ကာအန္တာတိတ် စက်ဝိုင်းအထိသာထွန်းလင်းလေသည်။ ဤအချိန်၌ မြောက်ပိုင်း အာတိတ် ဒေသအားလုံးတွင် အစဉ်သဖြင့် နေ့အချိန် ဖြစ်နေသည်။ ကမ္ဘာ့တောင်ခြမ်းတွင် အန္တာတိတ်စက်ဝိုင်းမှ တောင်ဝင်ရိုးစွန်းဖက်ရှိဒေသများမှာ **နေ၏** အလင်းကို လုံးဝမရကြပေ။

ဒီဇင်ဘာလ ၂၂ ရက်တွင်မူ ဇွန် ၂၁ ရက် ကကဲ့သို့ မဟုတ်တော့ပဲ ဆန့်ကျင်ဖက်ဖြစ်သွားသည်။ ထိုအချိန်၌ နေရောင်ခြည်သည် တောင်ယဉ်စွန်းတန်းပေါ်တွင် တည့်မတ်စွာကျရောက်သည်သာမက တောင်ဝင်ရိုးစွန်းကို ကျော်လွန်ကာ အန္တာတိတ်စက်ဝိုင်း တခုလုံးကို ထွန်းလင်းလေတော့သည်။

ကမ္ဘာ့မျက်နှာပြင်သည် တောင်ကုန်း၊ လွင်ပြင်၊ ချိုင့်ဝှမ်း၊ ပင်လယ်ပြင် စသည်တို့ဖြင့် မညီညာ ဖြစ်နေသဖြင့် နေ၏အပူကို ရရှိပုံမှာလည်း မညီညာပေ။ အမြင့်ပေ ၁၀၀ တက်တိုင်း ၁°(တစ်ဒီဂရီ) ဖာရင်ဟိုက် အပူချိန် ကျဆင်းပေရာ တောင်တန်းတောင်ထိပ် တို့သည်မြေနိမ့်လွင်ပြင်ထက် ပိုမိုအေးလေသည်။ ပင်လယ်၏ မြူမြင်မှုကြောင့် ပင်လယ် အနီး ကမ်းခြေဒေသတို့သည် ပင်လယ်နှင့်ဝေးကွာသော ကုန်းတွင်း ဒေသတို့ထက် နွေအခါတွင် ပိုမိုအေးပြီး ဆောင်းအခါတွင် ပိုမိုနွေးလေသည်။ နေရောင်ခြည်သည် လေထုကို ပူနွေးစေပြီး ကမ္ဘာ့မျက်နှာပြင်သို့ ကျရောက်ကာ ထွန်းလင်းလေသည်။ ကမ္ဘာ့မျက်နှာပြင်မှတဖန် ရောင်ပြန်ဟပ်၍လေထုကို ပူစေပြန်သည်။ သို့ဖြင့် ကမ္ဘာ့ဝန်းကျင်အနီးရှိ လေထုသည် နေ၏အပူကို ရောင်ပြန် ဟပ်နည်းဖြင့် အများဆုံး ရရှိလေသည်။







ခွေးကလေး
ဝေါင်ဝေါင်
ကာတွန်းမြေဇော
ခွေးကလေး ဝေါင်ဝေါင်ဟာ သူကိုယ်သူ အထင်သိပ်ကြီးတယ်။ ဘယ်သူနဲ့မှလဲ အပေါင်း အသင်း မလုပ်ဘူး။
ငါဘယ်သူ့မှ ဂရုစိုက်ဖို့ မလိုဘူး
သူ့ဖခင်ကြီး သူ့သီးခြားနေလေ့ရှိတယ်။ အိမ်ထဲက အိမ်ပြင်လဲ ဘယ်တော့မှ မထွက်ဘူးတဲ့။
အိပ်လိုက်စားလိုက်နဲ့ တယ်ကောင်း
အဲဒီအချိန်မှာ....
ညောင်...
ညောင်...
ဟင်! ဘာသံပါ လိမ့်
ကိုယ့်ကို ကိုယ်တတ်သိတယ်လို့ ထင်နေတဲ့ ဝေါင်ဝေါင်ဟာ ညောင်ညောင်သံကို ဘာသံမှန်းမသိဘူးတဲ့။
တကောင်ကောင်ရဲ့ အော်သံဘဲ ဖြစ်မယ်
ဒါပေမဲ့ အော်သံရှင်ကို သူရှာမတွေ့ဘူး။
ခက်တော့တာဘဲ အော်သံရှင်ကို ခုထိ မတွေ့ပါလား



အပြင်ထွက်ရှာတော့ ကိုကြက်ဖကို တွေ့သတဲ့။
ညောင်! ဆိုတာ ခင်ဗျားလား
ဟားဟား- ဟား-
ငါက- အောက်အီး-အီး အွတ်!
ဝေါင်ဝေါင်ဟာ တွေ့တဲ့သူတိုင်းကို လိုက်မေးတယ်။
ညောင်ညောင်- ဆိုတာ မင်းလား
ညောင်ညောင် ဆိုတာ ငါမဟုတ်- ငါက ကျိ ကျိ-ကျိ!
ဟုတ်သားဘဲ
ညောင်!
ဟော-
ဟော့ ဖိုးများ ညောင် ဆိုတာ မင်းလား



ပျားက ညောင်လို့ မြည်မလားကွ
ဗီ-ဗီ-ဗီ-
အမလေး တုပ်တယ်ဗျ
ခွေးဖြစ်ပြီး ညောင်ဆိုတာတောင် မသိဘူးတဲ့ဟာင်း
ညောင်ဆိုတာ မင်းလား ဟင်
ဟား—မင်း ငတုံးဘဲ
ငါဟာ-ငါ့ဖါသာ သီးခြားနေ ခဲ့လို့ အသိဉာဏ်မတိုးတော့ဘူး
ဝေါင်ဝေါင်ဟာ ပတ်ဝန်းကျင်ကို လေ့လာဖို့ လိုသေးကြောင်း နားလည်သွားပြီး ....
ကျနော်ဟာ ရှင်ကလို ကိုန်းကြီးခန်းကြီး မှာန တလုလုနဲ့ မနေတော့ပါဘူး ကျနော့်ကိုသာ--
ညောင်-ဆိုတာ ငါဘဲပေါ့ · မင်း ပတ်ဝန်းကျင်နဲ့ကင်းကွာလွန်းလို့ ဒို့တိုင်ပင်ပြီး - ဒီရာက်လမ်းကို ဆင်လိုက်တာ - ဟဲဟဲဟဲ ·

# သားငါးဟင်းသီးဟင်းရွက်များသည် ရေခဲသေတ္တာတွင် အပြင်မှာထက် ဘာကြောင့် အထားပိုခံသနည်း



ဆောင်းရာသီမှာထက် နွေရာသီတွင် ထမင်း၊ ဟင်း၊ ဟင်းသီးဟင်းရွက်နှင့်သားငါးများ ပုပ်သိုးလွယ်သည်ကို သင်တို့ သတိပြုမိကြပေလိမ့်မည်။ ပူနွေးသော နေရာတွင် ဗက်တီးရီယားများ ပေါက်ပွား နေထိုင်နိုင်ကြသည်။ ဗက်တီးရီးယား များကြောင့် အသားနှင့် ဟင်းသီးဟင်းရွက်များ ပုပ်သိုးခြင်းဖြစ်သည်။ ရေခဲသေတ္တာကိုဖွင့်၍သင့်လက်ထည့်ကြည့်ပါကအပြင်မှာထက်များစွာ အေးမြသည်ကို သင်တွေ့ရပေမည်။ အအေးသည် ဗက်တီးရီးယားများပေါက်ပွားမှုကိုဟန့်တားနိုင်သည်။ အချို့ကို သေကြေပျက်စီးစေနိုင်သည်။ ထို့ကြောင့်ရေခဲသေတ္တာတွင် ထားသော သားငါး၊ ဟင်းသီးဟင်းရွက်များမှာ တာရှည်စွာ အထားခံခြင်းဖြစ်ပေသည်။

တင်လှဦး



## ဆင်ကလေးမိုမို

တဖက်တွင်ရှိသော ဆင်ရုပ်၏ အစိတ်အပိုင်းအားလုံးကို ကပ်ပြားထူထူပေါ်တွင် ကပ်ပြီးညှပ်ထုတ်ပါ။ ထို့နောက် ပုံတွင် ပြထားသည့်နေရာများ၌ ဆက်စပ်တပ်ဆင်ပါ။ မတ်တတ်ရပ်နေသော ဆင်ရုပ်ကလေးမိုမို ဖြစ်လာလိမ့်မည်။



# ဒေါသပိုင်းကြီး

ကိုချစ်မှုန်း <သံတွဲ>



ကျနော်သည် ယနေ့ ရွာလယ်ဒိုးဝိုင်းမှ ငွေငါးကျပ် နိုင်ပါသည်။ ထို့ကြောင့် ကျနော် အလွန်ပျော်နေပါသည်။ အမေ့ရှေ့တွင် ငွေငါးကျပ်ကိုင်၍ ခပ်ကြွားကြွားလုပ်ရန် အိမ်သို့ပြေးလာခဲ့သည်။ အမေ့ကိုကား မတွေ့ပါ။ ညီမလေး သာလျှင် တယောက်တည်း ကစားနေပါသည်။

"ဟေ့ မငယ် အမေကော"

"အမေ စပါးသယ်ဘို့ သွားတယ်အကို"

"မငယ် – ဒီမှာ ကြည့်စမ်း"

ကျနော်သည် ညီမလေးအား ငွေငါးကျပ်တန်ကို ထုတ်ပြလိုက်ပါသည်။ ညီမလေးကား ဘာမှ မဖြစ်သလိုနှင့် ကစားမြဲ ကစားနေသည်။ ထို့ကြောင့် ခပ်ကြွားကြွား မေးကြည့်လိုက်သည်။

"နင်ဒီပိုက်ဆံ မလိုချင်ဘူးလား"

ညီမလေးက တချက်မော့ကြည့်၍ နှုတ်ခမ်းများရွဲ့ကာ–

"ဟင့်အင် - မလိုချင်ဘူး၊ အကိုပိုက်ဆံမှာ ဒေါသတွေနဲ့"

ကျနော်သည်အတော့်ကိုအံ့သြသွားမိသည်။ ထို့ကြောင့်–

"ဟေ့ - ကောင်မလေး၊ ငါ့ပိုက်ဆံမှာ ဘယ်မလဲ ဒေါသပြစမ်း။ မပြနိုင်ယင်တော့ အသေဘဲ ရော့"

ညီမလေးသည် ရိုက်မည်ဆို၍ ငိုမဲ့မဲ့ မျက်နှာလေးဖြင့်–

"မပြတတ်ဘူး၊ အမေ့မေးကြည့်၊ အမေရယ် ပြောတတ်တယ်"

"နင် အမေစပါးသယ်တဲ့နေရာကို သိလား"

"ဘကြီး သာဦးတို့ တလင်းမှာပေါ့"

ကျနော်သည် ဘကြီးသာဦးတို့ လယ်ကွင်းဆီသို့ အပြေးသွားမိသည်။ အမေသည် ခြစ်ခြစ်တောက်ပူသော နေရောင်အောက်တွင်စပါးသယ်နေသည်ကို တွေ့ရသည်။ အမေသယ်နေသော စပါးပုံကြီးကို ကြည့်၍–

"ဒီစပါးတွေက ဘယ်ခါသယ်လို့ကုန်မှာလဲအမေ"

"ညနေကျတော့ ပီးမှာပေါ့သားရဲ့"

အမေသည် ချွေးသီးချွေးပေါက်များကို သုတ်ရင်း –

"ဒီစပါးသယ်ပြီးယင် အမေ့မှာ ပိုက်ဆံဘယ်လောက် ရမှာလဲဟင်"

"သုံးကျပ်လောက် ရမှာပေါ့သားရဲ့"

"ပင်ပန်းပါတယ် အမေ၊ မသယ်ပါနဲ့တော့"

"အို – အမေ မသယ်ယင် ပိုက်ဆံ မရတော့ဘူး။ ပိုက်ဆံမရှိယင် နင်တို့မောင်နှမ ထမင်းငတ်မယ်၊ မုန့်ငတ်မယ်ကွဲ့"

ကျနော်သည် အမေ့စကားဆုံးလျှင် အိတ်ထဲမှငွေငါးကျပ်ကိုထုတ်၍ အမေ့အားပေးလိုက်ပါသည်။ အမေက မယူပါ။ တအံ့တသြနှင့် ကြည့်ပြီး မသက်သာသော သဘောဖြင့် –

"ဘယ်ကရတာလဲသားရဲ့"

ကျနော်က မဆိုင်းမတွပင်-

"ဒိုးပွဲက နိုင်လာတာလေ။ ယူပါ အမေရဲ့"

အမေ့ မျက်နှာသည် တမဟုတ်ခြင်း တင်းမာ သွားပြီး–

"သွားစမ်း၊ ငါ့ကို ဒီပိုက်ဆံမျိုး လာမပေးနဲ့။ ငြင်းကြ၊ ခုန်ကြ၊ ရန်ဖြစ်ကြနဲ့ ဒေါသအိုးပေါက်ကွဲတဲ့နေရာက ပိုက်ဆံကို ဘာလုပ်မှာတုံး။ နင်တော့ အိမ်ကျမှ ငါ့အကြောင်း သိစေ့မယ်။ သွားစမ်း ချမြန်မြန်"

ကျနော်သည် ငွေငါးကျပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ပြီး အိမ်ဖက်သို့ လှည့်ခဲ့ရ ပါသည်။ ခပ်လှမ်း လှမ်းချုံကွယ် တနေရာမှ အမေ့ကို ကျနော် ပြန်ကြည့်လိုက်သည်။ အမေကား စပါးများကို ကျုံးလိုက်သယ်လိုက်နှင့် အတော့ကို ပင်ပန်းနေပါသည်။ နေပူထဲမှာ တနေကုန်အောင်လုပ်မှ ငွေသုံးကျပ်သာလျှင် ရပေမည်။ ခဏလေးနှင့် ကျနော် ရလာသော ငွေ ငါးကျပ်ကို အမေဘာပြုလို့ မယူပါသနည်း။

အမေသည် ကျနော်တို့ မောင်နှမကို နေရာတကာတွင် အလိုလိုက်၏။ သို့သော် ဒိုးထိုး၊ မျောက်ပန်းလှန်၊ ရွှေပစ်ခြင်း များကို ပြုလုပ်လျှင်ကား အမေသည် ကျနော့်အား ဆူပါတော့သည်။ ရိုက်ပါတော့သည်။ ဘယ်လိုပင် ဆူဆူ၊ ရိုက်ရိုက်၊ ကျနော်ကား မမှတ်ခဲ့ပေ။ ကျနော်မှတ်ခဲ့သည်က ဒိုးဝိုင်းမှ ပိုက်ဆံ မနိုင်သောကြောင့်ဟု သာထင်ခဲ့ပါသည်။ ယခုပိုက်ဆံ ရလာသည်။ အမေ့အဆူကို ခံရသည်။ အရိုက်လည်း လွတ်မည် မဟုတ်။ ညနေဖက် အိမ်ကို အမေ ပြန်ရောက်လာလျှင် ....

ကျနော် မတွေးဝံ့တော့ပါ။ ကျနော့်ကို အမေ ရိုက်ပါတော့မည်။ သို့သော် ကျနော်သာ ဒိုး မထိုးခဲ့လျှင် ရိုက်လိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် ကျနော်သည် ချုံကွယ်မှ ထွက်လိုက်ပြီး ရွာလယ် ဒိုးဝိုင်းသို့ ပြေးလာခဲ့မိသည်။ ဒိုးဝိုင်မှငြင်းကြ၊ ခုန်ကြ၊ ဆူညံကြနှင့် ကြောက်ခမန်းလိလိကြားရသည်။ ဒေါသများ ပေါက်ကွဲရာ ဒေသကြီးပါလား ဟု ကျနော် တွေးလိုက်မိပါသည်။ ဒိုးဝိုင်းသို့ ယခု လာခဲ့ခြင်းကား ကစားရန်မဟုတ်ပေ၊ ညီမလေးပြောသော ဒေါသငွေငါးကျပ်ကို ဆုံးရှုံးသူများအား အညီအမျှ ဝေပေးရန် လာခဲ့ခြင်း ဖြစ်ပါသည်။ ထို့နောက် အမေ့ဆီသို့ သွားပေအုံးမည်။ မုံ့ဘိုး တောင်းရန်မဟုတ်။ ဒိုးပွဲမှရသောငွေမျိုး ပြရန်မဟုတ်တော့။ စပါး ကျုံးသော အလုပ်ကို ကူလုပ်ရန်ဖြစ် ပေသတည်း။

# လမ်းစဉ်လူငယ် ဒို့လူငယ်

လမ်းစဉ်လူငယ် ဒို့လူငယ်၊
ဖွဲ့စည်းကြမြို့ကွယ်။

လမ်းစဉ်လူငယ် ဘယ်လိုမွဲ၊
ပြောပြအုံးမယ်ကွဲ။

ခြောက်နှစ်မှ ဆယ်နှစ်အရွယ်၊
တေဇလူငယ် ခေါ်ပါတယ်။

ဆယ်နှစ်ကျော်လို့ ဆယ့်ငါးနှစ်၊
ရှေ့ဆောင်လူငယ်ဖြစ်။

ဆယ့်ခြောက်နှစ်မှ
နှစ်ဆယ့်ငါးအရွယ်၊
လမ်းစဉ်လူငယ် ဒို့လူငယ်။

လူငယ်လူရွယ် ပတ္တမြား၊
အနာဂါတ်ရဲ့အား။ ။

မောင်နီညွန့် (၁၀)



# စာဖြူ



စာဖြူ၏ အလျားမှာ လှပရှည်လျားသော အမြီးမပါလျှင် ကိုးလက်မရှိသည်။ စာဖြူ၏ အော်သံသည် မာဆတ်ဆတ်ဖြစ်သည်။ သို့သော် ယင်း၏ သီချင်းသံသည် သာယာနာပျော်ဘွယ် ရှိပေသည်။ အမည်နှင့် လိုက်လျောစွာ ဖြူဖွေးသော အတောင်များဖြင့် တင့်တယ်လှပသည်။

စာဖြူငယ်လေးများပေါက်ပွားချိန်သည် မတ်လမှ မေလအတွင်း ဖြစ်သည်။ မြေပြင်မှ ပေလေးဆယ်ခန့်မြင့်သော သစ်ပင်ထက်တွင်အသိုက် လုပ်လေ့ရှိ၏။ အသိုက်ကိုမြက်၊ သစ်ရွက်၊ ရေညှိစသည်တို့ဖြင့် သေသပ်နိုင်ခံ့စွာ ပြုလုပ်သည်။ ဥ၏ အရွယ်အစားမှာ ပျမ်းမျှအလျား ၀.၈၀ လက်မနှင့် ပြက် ၀.၆၀ လက်မရှိ၍ အရောင်မှာ ပန်းနုတွင် အနီစက်ကလေးများရှိသည်။

စာဖြူ၏ ခြေထောက်သည် တိုတောင်းကာ ကောင်းစွာ မသန်သဖြင့် သစ်ပင်ပေါ်၌သာအနေများသည်။ ပိုးသန်းရင်းပုစဉ်းများကိုဖမ်းယူစားသောက်သည်။ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်း တွင် စာဖြူများ ပေါက်ပွားလေ့ရှိသည်။

စိုးမြင့်




ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

၂၅ ပြား

အတွဲ ၅။ အမှတ် ၉။

# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ တပို့တွဲလဆုတ် ၁၄ ရက် (၃-၃-၇၃)




စနေနေ့တိုင်း ထုတ်ဝေသည်။

# ဥစ္စာပစ္စည်း ဟူသည်

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - မြသွေး





မောင်လှသည် စိတ်ကူးစိတ်သန်း ကောင်းသောသူ ဖြစ်သဖြင့် မြည်းကြီးကို လွှတ်လိုက်ပြီး....
ဦးရဲ့ မြည်းက - ထူးဆန်းတဲ့ မြည်းဘဲ၊ သူ့အတွက် - သူများတွေ စဉ်းစားပေးတာကို
မကြိုက်ဘူး၊ သူဟာ ပညာရှိတဲ့ တိရစ္ဆာန်ဘဲ
ပေါ်မှ
မြည်းသည် နားစွင့်ထောင်ကာ အလိုအလျောက် သွားလေ၏။
ထို့ကြောင့် ထိုလူကြီးက
မင်းရဲ့ ချိုသာတဲ့ နှုတ်က - တနေ့မှာ မင့်ကို အကျိုးပေးပါလိမ့်မယ်.... ရော့ - မင့်အတွက်
ဒီလောက်ကျေးဇူးရှိရတာ အရေးမကြီးပါဘူး ဦးရယ်
တနေရာရောက်သောအခါ စိတ်ကူးယဉ်ပြီး စမ်းသပ်လေတော့၏။
ဒီလူကြီးပေးတာကလဲ ဆန်းလိုက်ပါဘိ၊ သစ်စေ့ကွေ့ မှိုမြင်တွေ ထဲကလို - တန်ဖိုးရှိတဲ့ သစ်စေ့တွေများ ဖြစ်နေရော့သလား.... စမ်းကြည့်ရုံးမှာဘဲ
ငါ၏ ရွှေမျောက်သို့ ဘုရင့်သမီး၏ ပွဲတော်အုပ် - ရောက်စေ....
တဲ - သစ်စေ့ တန်ဖိုးဖြင့် ထန်းတများ မြောက်တက်ပြီး - ဆယ်မိုင်ခရီး ပေါက်စေ
ငါ၏ထံပါး - ဘေးကါကွယ်ရန် - ဘုရင့်တပ်သားများ ---- ရောက်စေ......
ဘာမျှမဖြစ်၍ ငေးမှိုင်နေစဉ် နှာခေါင်းကို ပျားတုတ်လိုက်၍ နာလှသဖြင့်—
ဝှီ
ဗွီ
ဖျွီ
တဲ ဟာ....
အလကား သစ်စေ့
တွေ.....
သွားပေတော့
အား -
ကျွတ် ကျွတ်
ထိုအခိုက် ရှဉ့်တကောင်ရောက်လာပြီး သစ်စေ့တစေ့ကိုယူ၍ ပြေးသွားလေ၏။
ဟာ - တယ်ဟုတ်ပါလား၊ - ပုံပြင်တွေထဲကလို နောက်ဆုံး သစ်စေ့ယူသွားပြီးမှ - ရွှေငွေတွေ ရှိတဲ့ တွင်းလိုက်ပြမယ်ထင်တယ်..... ဟဲ....
ဟုတ်ပါပြီ......
ဟဲ


သို့သော် ရှဥ့်ကလေးသည် နောက်ဆုံး၌ နှုတ်ဆက်ဖော်ပင် မရပဲ သစ်ပင်ပေါ်သို့ တက်ပြေးသွားလေသည်။
တောက် .......
တယ်--ဒီရှဥ့်ကလဲ ပုံပြင်ထဲကလိုလဲ မဖြစ်ပါလား
စိတ်ပျက်ပျက်ဖြင့် ခရီးဆက်သွားရာ လမ်းတွင် သရက်သီးများတွေ့၍ တက်ခူး၏။ သို့သော် တလုံးတည်းသာခူး၍ရသဖြင့် မကျေနပ်ချေ။
အင်း
ပုံပြင်တွေထဲမှာ လိုလဲ မဟုတ်ပါလား
ခရီးဆက်သွားရာ လမ်းဘေး၌ သရက်သီးတင် လှည်းဆိုက်ထားသည်ကို တွေ့၍ နှိုက်စားလိုက်၏။
မောင်ရယ်၊ သရက်သီးကို ကြိုက်သလောက်စားပါ။ ဒီလို စားတဲ့ အတွက်-ငါ့လှည်းဘီးကို-ဆိုင်းကူတပ်ပေးရမယ်
ဒါပေမယ့်-ကြီးတော်ရယ်-ကျနော်က-ဘာတခုမှ-မလုပ်ရဘဲနဲ့တခုခုကို အလကားလိုချင်တာ---အလုပ်လုပ်မှ စားရတာမျိုး တော့-မဖြစ်စေချင်ပါဘူး
ဒါမှ-မို့ကို ခရီးဆက်လို့ရမှာ
ဘိုးမှ မလုပ်ယင်-နင့်ကို-တာဘဲ ပေးမယ်
ဖြန်း
မောင်လှသည် နာကျင်စွာဖြင့် ခရီးဆက်ထွက်လာရာ
တနေရာသို့ရောက်သော် တယောသံကြားရသဖြင့်
လှည့်ကြည့်လိုက်ပြီး
ဟာ--ငါ့ဘဖို့ တတိယ အကြိမ်မြောက် တွေ့ပြန်ပြီ
ကောင်း ပုံပြင်ထဲမှာလို ငါ့ကို-ကယ်မယ့် တန်ခိုးရှင်ဖြစ်နိုင်တယ်


ထိုသို့ စိတ်ကူးပေါ်ပြီး တယောသံကို လိုက်၍ တေးသွားအတိုင်းလေချွန်သည့်ခဏ၌
မောင်လှသည် ယုံကြည်လာပြီး အဖိုးအိုနား ဝင်ထိုင်ကာ တေးချင်း ဆုံးသည်အထိ လေလိုက်ချွန်လေသည်။
အဖိုးအိုသည် ပို၍ သွက်လက်စွာ တီးတော့၏။
သေချာပါတယ်
တေးချင်း ဆုံးသောအခါ မောင်လှသည် ထမင်းထုပ်ကိုဖြေကာ အဖိုးအိုနှင့်အတူ စားလေ၏။
ရေရှာထွက်ကြရာ စမ်းချောင်းနား ရောက်လာ၏။
မကြာမီ နွယ်ကြိုးဖြင့် တွယ်ဆင်းကြပြီး စမ်းရေသောက်ကြလေသည်။
ရေသောက်ပြီး ကမ်းပါးပေါ် ပြန်ရောက်လျှင်




ဘယ်လို - သုံးဦး မြောက်လဲ
ပုံပြင်တွေထဲမှာလိုပေါ့... တတိယမြောက် ခရီး - သုံးခါမြောက်တဲ့ အလုပ် - သုံးဦးမြောက်တွေ ခံရတဲ့သူပေါ့၊ အဲဒီ - တတိယမြောက်လူဟာ တန်ခိုးရှင်ဖြစ်ပြီး ကျနော့်ကို အကျိုးပေးမယ့် ပုဂ္ဂိုလ်များ ဖြစ်နေလားမသိ
ဒီဟာ - မင်း တွေ့ချင်တဲ့ ပုဂ္ဂိုလ်ဖြစ်နေပြီထင်တယ် - ဟေ ----
ဟာ .... ဟုတ်ပါပြီ။ ကျနော် ထင်တဲ့ အတိုင်း ဖြစ်နေပါပြီ ဟီ ---- ဝမ်းသာလိုက်တာ၊
အဘကြီး ရယ် - ကျနော်လေ အိမ်က ထွက်လာပြီး လမ်းခုလတ်မှာ - လှည်းအင်ယာက် ဖြည်း တကောင်ကို တွန်းနေတာ တွေ့တော့ xxxxxxxxxxxxxx အခုမှ အဲ ကျနော် မြော်လင့်နေတဲ့ ပုဂ္ဂိုလ်ကို တွေ့ရတော့တယ်၊
မျှော်တွေ့ကတော့ - ငါရဲ့ လက်ချောင်းတွေမှာ တန်ခိုး ရှိတယ် --- တဲ့၊ အဲဒါ့ ဘာမဆို လုပ်နိုင်တယ်လေး ငါဟာ တနေ့ကုန် အပ်ချုပ်တယ်၊ နေ့လည်နဲ့ ညဘက် နားတဲ့အချိန် မှာသာ - တယော ထိုးတယ် ကွ
အဘကြီး လဲ - အလုပ် လုပ်တယ် ---- ဟုတ်လား ...
ဟုတ်တယ်၊ ပြီးတော့ - မျှော် လဲမျှော်တယ်၊ ကြည့် လေ -- တယောထိုးနေ တော့ မျှော်တာပေါ့ --- မင်းရဲ့ လက်ချောင်း တလေးတွေ မှာလဲ - တန်ခိုး ရှိတယ် - သိလား တကယ့်ကို တန်ခိုး ရှိတယ် ကွ။
ဒါပေမယ့် ... အဘကြီး အလုပ်လုပ်တာနဲ့ - ကျနော် လိုချင်တဲ့ကိစ္စ ဘာမှ - မဆိုင်ဘူး။
မဆိုင်ဘူး ... ဟုတ်ပါ့မလား ... အဲဒီလို ဆိုရင်တော့ - ဝမ်းနည်းပါတယ်၊ ဆိုင်မယ် ထင်လို့ ....
ကျနော်က - ဘာတခု ကိုမှ မလုပ်ရဘဲနဲ့ တခုခုကို အလကား လိုချင်တယ်



အဲဒီလိုဆိုယင်တော့ - ကောင်းပြီ - သင့်အား လက်ဆောင်တခု ပေးအံ့.........
ဟုတ်ကဲ့ပါ ဘဘကြီး
မှန် ပေးတောင် ပေးပြီးလေပြီ တကား......
ဘာများပေးလိုက်လဲ-ဘဘကြီးရဲ့-----
ဆုံးမပြဦးပါလေ... အဲဒါဟာ - ငါ အလကားပေးတဲ့လက်ဆောင်ပေါ့
ဆိမ်မှာလဲ-ရ-နိုင်တာပါဘဲ----
ငါဟာ - အင်္ဂလိုချုပ်တယ်။ အားတဲ့ အချိန်မှာ - တယောထိုးတယ်။ အခု အားလပ်ချိန် ပြီးသွားပြီ။ မင်းရဲ့ စွန့်စားခန်း လဲပြီး ဆုံးသွားပြီ အဲဒီတော့ - ငါ အလုပ်ပြန်လုပ်လိုက်အုံးမယ်၊ ကဲ - သွားကြစို့.-----
ဟင်.....ခဏလေးနေပါအုံး---- ဒါနဲ့ကျနော့် လက်ချောင်းလေးတွေမှာ တန်ခိုးရှိတယ်လို့ ဘဘကြီး ခုနက ပြောတာ- ဘာတန်ခိုးတွေရှိတာလဲ...ဟင်
ရှိပြီလားကွဲ---
မင်း-သစ်သီးစားချင်တော့-မင်းလက်နဲ့ဘဲ ခူးခဲ့ရတယ် မဟုတ်လား၊ တခါ ရေဆင်းသောက်ဖို့ ... လိုတော့လဲ-မင်းလက်နဲ့ဘဲ ဖြတ်ခဲ့ရတယ် မဟုတ်လား။ ။ အဲ-မှတ်ထား- အလုပ်မလုပ်ဘဲနဲ့တော့ ဘယ်ဥစ္စာပစ္စည်းမှ ရ-မှာမဟုတ်ဘူး။ ပစ္စည်းဥစ္စာရအောင် မင်းရဲ့ လက်ချောင်းကလေးတွေက ဖန်ဆင်းနိုင်တယ်ကွဲ----
ကဲ - ပြန်သွားတော့မယ်၊
ထိုအခါမှ သဘောပေါက်ပြီး—
အင်း
အဲ
ဟုတ်သားဘဲ
သစ်သီးစားချင်တုန်းက - ကိုယ့်ဟာကိုယ်ခူးစားရတယ်၊ ဘယ်သူမှလာခူးမပေးဘူး။ ရေသောက်ချင်တုန်းကလဲ ကိုယ့်ဟာကိုယ်ဆင်းသောက်ရတယ်၊ ဘယ်သူမှ ယူမပေးဘူး------
ငါ နားလည်ပြီ။ အလုပ်လုပ်တာ အကောင်းဆုံးဘဲ။
ရွာပြန်ရောက်သော် မိဖြူနှင့် သွားတွေ့ပြီး
ဖြူဖြူရယ်-ဖြူ့အတွက် ရွှေတွေ-ငွေတွေဟာ ဟောဒီလက်ချောင်းလေးတွေမှာ ရှိတယ်..
ဒီလိုဆိုယင်-ကိုလှ-အလုပ်လုပ်တော့မယ်ပေါ့- ဖြူ-ကလဲ နှစ်ဆတိုးအောင် အလုပ်လုပ်မှာပေါ့...

# တိုက်လေ



ကုန်သည်လေ


အချို့ အရပ်ဒေသတွင် တိုက်လေသည် အရပ်မျက်နှာ တခုတည်းမှ ရက်သတ္တပတ်မှ လများတိုင်အောင် တိုက်ခတ်၍ အချို့ဒေသတွင် ရက်အနည်းငယ်မျှသာ တိုက်ခတ်သည်။ ထိုရက်များအတွင်း ရာသီဥတု အပြောင်းအလဲ ဖြစ်ပေါ်တတ်သည်။

ရေကြောင်းတွင် ရွက်သင်္ဘောဖြင့် သွားလာသော ခေတ်က ရွက်လွှင့် သွားလာနိုင်ရန် မှန်မှန်နှင့် ခပ်ထန်ထန်တိုက်ခတ်သော တိုက်လေသည် သင်္ဘောသားများအဖို့ အရေးပါ လိုအပ်ပေသည်။ ထိုစဉ်က ရွက်သင်္ဘော သို့မဟုတ် လှေတို့သည် အများအားဖြင့် ကုန်ကူးသန်းရောင်းဝယ်ရေးအတွက်သာ သွားလာကြသဖြင့် ယင်းတို့ ရွက်လွှင့်ရာ ရပ်ဝန်းကျင်ရှိ လေတို့သည်လည်း ကုန်သည်လေများဟု တွင်လာကြသည်။

ကမ္ဘာတွင် တိုက်ခတ်သောလေများသည် နေအပူရှိန်၏ ပြုပြင်မှုကြောင့် ဝင်ရိုးစွန်းများတွင် လေ၏ဖိအားများပြီးလျှင် အီကွေတာဖက်သို့ နည်းလာပေသည်။ အကြောင်းမှာ နေ၏ အပူရှိန်သည် အီကွေတာ တလျှောက်တွင်များ၍ ဝင်ရိုးစွန်း တဖက်တချက်တွင် နည်းပါးသွားသောကြောင့် ဖြစ်သည်။ ကမ္ဘာသည် ဝင်ရိုးပေါ်၌ လည်မနေပါက တိုက်ခတ်သော လေကြောင်းများသည် တည့်မတ်နေပေမည်။ သို့သော် ကမ္ဘာလည်နေသဖြင့် ကုန်သည်လေသည် မြောက်ကမ္ဘာခြမ်းတွင် လေဖိအားကြီးဒေသမှ လေဖိအားနည်းရာ အီကွေတာဖက်သို့ အရှေ့ မြောက်လေကြောင်းအဖြစ် တိုက်ခတ်၍ တောင်ကမ္ဘာခြမ်းတွင် အရှေ့တောင် လေကြောင်းအဖြစ် တိမ်းစောင်း၍ တိုက်ခတ်သည်။ ရှေးအခါက ကုန်ကူးသန်းသူတို့သည် လှေသင်္ဘောတွင် မြင်းများတင်ဆောင်၍ အနောက်အိန္ဒိယ ကျွန်းစုသို့အသွား လေငြိမ်သဖြင့် ခရီးမဆက်နိုင်ခင် မြင်းများရေငတ်၍ သေဆုံးကြရသဖြင့် ယင်းတို့ကို စွန့်ခဲ့ရသော ဒေသကို မြင်းစွန့်လေငြိမ် ရပ်ဝန်းဟုခေါ် တွင်သည်။ ကမ္ဘာလည်နေသောကြောင့် ယင်းလေဖိအားကြီး အပူလျော့ပိုင်း ဒေသမှ တိုက်ခတ်သော လေတို့သည်လည်း ကမ္ဘာ့တောင်ခြမ်းတွင် မြည်ဟည်းလေးဆယ် လေ




အဖြစ် အနောက်မြောက်မှရင်း၊ မြောက်ကမ္ဘာခြမ်းတွင် အနောက်လေအဖြစ် အနောက်တောင်မှရင်း လေကြောင်းပြောင်းလဲ၍ တိုက်ခတ်သည်။ ဝင်ရိုးစွန်းအရှေ့လေတို့သည် ကမ္ဘာ့မြောက်ခြမ်းတွင် ဝင်ရိုးစွန်း လေဖိအားကြီးဒေသမှ အရှေ့မြောက် လေကြောင်းအဖြစ်ရင်း၊ ကမ္ဘာ့တောင်ခြမ်းတွင် အရှေ့တောင် လေကြောင်း အဖြစ်ရင်း တိုက်ခတ်သည်။





ကမ္ဘာ့လေထုဖိအားအလိုက် ဒေသများ ခွဲခြားမည်ဆိုလျှင် လေးမျိုးရှိသည်။ ယင်းတို့မှာ အီကွေတာတလျှောက်နှင့် ပတ်ဝန်းကျင်ရှိ လေဖိအားနည်း အီကွေတာရပ်ဝန်း၊ အီကွေတာမှ မြောက်နှင့်တောင် ၃၀° နှင့် ၃၅° အကြားရှိ လေဖိအားကြီး အပူလျော့ပိုင်းဒေသ၊ လေဖိအားနည်း ဝင်ရိုးစွန်းနား ဒေသနှင့် လေဖိအားကြီး ဝင်ရိုးစွန်းဒေသတို့ ဖြစ်လေသည်။


မုတ်သုံရာသီလေသည် ကုန်းနှင့်ရေပြင်အပူချိန် ကွာခြားမှုကြောင့် ဖြစ်ပေါ်လာသည်။ ရှေးအခါ အာရေဗျပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာတွင်း၌ ရွက်လှေများဖြင့် ကုန်ကူးသန်းသူများသည် ဆောင်းဥတုတွင် ကုန်းတွင်းလေဖိအားများရာမှ လေဖိအားနည်းသော ပင်လယ်သို့ရင်း၊ နွေဥတုပင်လယ်မှ ကုန်းတွင်းသို့ရင်း တိုက်ခတ်သော ထို မုတ်သုံ ရာသီလေကို လေ့လာ သိရှိခဲ့ကြသည်။ မြန်မာနိုင်ငံသည် မုတ်သုံရာသီလေ ရရှိသောနိုင်ငံပင် ဖြစ်သည်။

အရပ်ဒေသအလိုက် အမျိုးမျိုးကွဲပြားခြားနားသော တိုက်လေများ ရှိကြသည်။ ဥရောပတောင်ပိုင်း အဲလပတောင်တန်းများတွင် တိုက်ခတ်သော ပူနွေးခြောက်သွေ့သည့် လေများကို ဖွန်လေဟုရင်း၊ မြောက်ဖက်တောင်တန်းများမှတိုက်ခတ်သော အေး၍ခြောက်သွေ့သည့် မြေထဲပင်လယ်လေများကို မစ္စတရယ်နှင့်ဗိုးရားလေဟုရင်း ခေါ်ကြသည်။ မြောက်အမေရိကတိုက် ရော့ကီးတောင်တန်းတွင် တိုက်ခတ်သော ဖွန်လေနှင့်အလားတူ ချီနွတ်လေသည် ဆီးနှင်းများကို အရည်ပျော်အောင် တိုက်ခတ်လေသည်။ လေစီးကြောင်း၏ နယ်ပယ်မှာ ကျဉ်းမြောင်းပြီး အမြင့်ပေ နှစ် သောင်း ကျော် တွင် တနာရီ မိုင် ၂၀၀ မှ ၃၀၀ နှုန်း တိုက်ခတ်သော လေကြောင်းမှာ ဂျက်လေစီးကြောင်း ဖြစ်သည်။ ဤ လေစီး ကြောင်း မျိုးကို မြန်မာနိုင်ငံ၌လည်း အမြင့်ပေသုံးသောင်းမှ လေး သောင်း ကျော် တွင် တွေ့ရကြောင်း သိရသည်။




ဖိုးရွှေယုန်သည် မည်သို့မျှ မပြောတော့ပဲ သီချင်းတအေးအေးနှင့် သူ့အလုပ်ကိုသာ ဆက်လုပ်နေတော့သည်။


ထိုအချိန်တွင် မြည်းသည် ထိုနေရာမှ လစ်ထွက်သွားပြီး သစ်ပင်ရိပ်အောက်တွင် ခေတ္တ မှိန်းအိပ်နေ၏။
တောကမှာ နေတတ်မှ၊ ငြိမ်ကျတယ်
ဖိုးရွှေယုန်၏ဇနီး ဒေါ်ငွေယုန်ကား မီးဖိုချောင်တွင် အလုပ်များနေ၏။
ကိုရွှေယုန်ရေ၊ မောင်မောင်နဲ့ စားရအောင်၊ ကောင်း ကောင်းချက်မှ၊
ဒေါ်ငွေယုန်၏ ဟင်းအိုးမှ အနံ့များ ထွက်နေပေပြီ။ ဟင်းနံ့တို့သည် လေညှင်းနှင့်အတူ ပါလာကြသည်။
သစ်ပင်ရိပ်တွင် အသာမှေးနေသော မြည်း၏ နှာခေါင်းသို့ ဟင်းနံ့တို့ရောက်သွားလေ၏။
ဟာ တယ်မွှေးတာပဲ၊ အနံ့ပါလား
မြည်းသည် လျင်မြန်စွာ ခုန်ထလိုက်ပြီး ဟင်းနံ့လာရာသို့ လိုက်ခဲ့သည်။
ဤသို့ဖြင့် မြည်းသည် ဖိုးရွှေယုန်ထံသို့ ရောက်လာသည်။
စားကောင်းမယ့်၊ အစား အသောက်ဖြစ်ရမယ်
ဖိုးရွှေယုန်ရေ ကြည့်စမ်း၊ ဘယ်ကအနံ့လဲ မသိဘူး
ဪ


ထိုအချိန်တွင် ဒေါ်ငွေယုန်ရောက်လာပြီး -
အမောပြေအောင် ဒါလေး စားလိုက်နော်
ထိုအခါ ဖိုးရွှေယုန်က အလုပ်ကို ခေတ္တ ရပ်ပြီး စတင်စားလေသည်။
တယ်ကောင်းပါလား ဟရို့
မြည်းသည် စားချင်လွန်း၍ အကြံထုတ်၏။
ဟေ့၊ ဖိုးရွှေယုန်ရို့
နောက်တကြိမ်ကြုံရင် မင်းကိုကူညီမယ်လို့၊ ငါကတိပေးခဲ့တာမှတ်မိမှာပေါ့
မှတ်မိပါတယ်ဗျ
ဟဲ၊ အခု ငါကူညီဖို့လာပြီ၊ မင်းနဲ့အတူ ကူညီစားပေးမှာပါကွ၊ ဒါမှ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ မြန်မြန်စားလို့သွားမှာမဟုတ်လား
ကျေးဇူးတင်ပါတယ်ဗျာ
ဒီတကြိမ်မှာတော့၊ ခင်ဗျား ဝိုင်းစားဖို့ မလိုပါဘူး၊ ကျုပ်တယောက်ထဲတတ်နိုင်ပါတယ်ဗျ၊ ဝမ်းနည်းပါတယ်
ထိုအခါ လူလယ်လုပ်လိုသော မြည်းသည် ရှက်ရှက်နှင့် ထွက်ခွာ သွားရလေတော့ သတည်း။
ပြီး


# ရေစိမ်းထက် ကျိုချက်ပြီးရေက ဘာ့ကြောင့် အန္တရာယ် ပိုကင်းသနည်း



ရေသည် ရောဂါပိုးမွှားများ ရှင်သန်ပေါက်ပွားရန် အကောင်းဆုံး နေရာဖြစ်သည်။ ချောင်း သို့မဟုတ် မြစ်ကမ်းဘေးရှိ ရွာတရွာ၌ ကူးစက် ရောဂါဖြစ်လျှင် ကမ်းတလျှောက်ရှိ ရွာများသို့ ကူးစက်တတ်လေသည်။ ဤသို့ ကူးစက်ခြင်းမှာ ရေကြောင့်ဖြစ်သည်။ ထို့ကြောင့် ရွာတရွာတွင် ကူးစက်ရောဂါ ကျရောက်ပါက ယင်းရွာရှိ ရေတွင်း၊ ရေကန်၊ ချောင်း မြောင်းများကို ပိုးသတ်ဆေး ခတ်ရသည်။ သို့သော် ပိုးသတ်ဆေးကို လူတိုင်း အသုံးမပြုနိုင်ပေ။ အကောင်းဆုံး ပိုးသတ်နည်းတခုမှာ ရေကို မိနစ် ၂၀ ခန့် ဆူပွက်အောင် ကျိုချက်ခြင်းပင်ဖြစ်သည်။ ထိုအခါ ရေထဲ ရှိ ရောဂါပိုးမွှားများ သေဆုံးကုန်ကြသည်။ ယင်း ကျိုချက်ပြီးရေကို စိတ် ချလက်ချ သောက်သုံးနိုင်ပေသည်။ ထိုအခါ ရေအရသာ ပေါ့ရှပ်ရှပ် ဖြစ်တတ်သည်။ အရသာ ပိုကောင်းစေရန် ရေကျက်အေးကို ခွက်တခု မှ တခုသို့ လောင်းသွန်ခြင်းဖြင့် လေပျော်ဝင်ပြီး ရေမှာ အရသာ လေး လာပေမည်။




တင်ယု ဦး



ဝ၊ ါ၊ နီ၊ ညို၊ ပြာ ဆေးရောင်ခြယ်ပါ။

# အန္တရာယ်

ဒေါက်တာဇော်ဝန်း




ယခင်က အိမ်တွင် ခွေး မမွေးဘူးပါ။ ငမဲ ရောက်လာသောအခါ ကျွန်တော် အလွန်ပျော်သည်။ ရောက်စက ငမဲသည် ပိန်ပိန်သေးသေးလေးဖြစ်သည်။ နောက် မကြာမီမှာပင် အစားကောင်းသော ကြောင့် ဝဝဖြိုးဖြိုး ဖြစ်လာသည်။ ငမဲကား ခွေးထီးလေး ဖြစ်သည်။ သူတကိုယ်လုံး နက်မှောင်သော အမွေးရောင်ရှိသည်။

ငမဲကား လူစိမ်းသူစိမ်းမြင်လျှင် လိုက်ဟောင်သည်။ နားပါးသည်။ အသံ လာရာကို မတွေ့မချင်း လိုက်ရှာ၍ ဟောင်တတ်သည်။ အိမ်စောင့် ဖော်ရသဖြင့် ခွေးမွေးတာ ကောင်းသားဘဲဟု ကျွန်တော် ထင်မိသည်။ သို့သော် ဖေဖေက တခါက ဤသို့ ပြောဘူးသည်။

"သား ခွေးဟာ လူ့ရဲမိတ်ဆွေဘဲ။ သခင်ကို တွယ်တာတတ်တယ်။ ကျေးဇူး လဲ သိတတ်တယ်။ ဒါပေမဲ့ မီးလိုဘဲ အန္တရာယ်များတယ်။ မီးဟာ သုံးတတ်မှ အကျိုးရှိသလို ခွေးဟာလဲ မွေးတတ်မှ အကျိုးရှိတယ်။ သတိထားကွဲ"

ခွေးသည် မီး ကဲ့သို့ အန္တရာယ်များသည်ဆိုခြင်းကို ကျွန်တော် နားမလည်ပါ။

ငမဲသည် ကျွန်တော့်အပေါ် တွယ်တာသည်ကတော့ အမှန်ပါ။ မနက် ကျွန်တော်ကျောင်းသွားလျှင် ခြံဝအထိ လိုက်ပို့သည်။ ကျောင်း က ပြန် လျှင်လည်း ရောက်ရာနေရာက ပြေးလာပြီး ခရီးဦးကြို ပြုတတ်သည်။ သူ့ကို စလျှင် ရှေ့လက်နှစ်ဖက်ဖြင့် ကိုယ်ပေါ်သို့ ခုန်တက်လေ့ရှိသည်။

ငမဲသည် အိမ်တွင်သာ အမြဲနေတတ်သည်။ ခြံပြင်သို့ သိပ်ထွက်လေ့မရှိ။ တခါက လမ်းမပေါ်တွင် ပြေးလွှားနေစဉ် သူ့ကို ကားပွတ်မိဘူးသည်။ ထိုအချိန်မှစ၍ မော်တော်ကားကို သူ့အကြောက်ဆုံး ဖြစ်သွားသည်။

တခါသော် ကျွန်တော်သည် ငမဲကို လူကိုက်တတ်ရန် ရှူးတိုက်သင်ပေးကြည့်သည်။ အချိန်ရှိသရွေ့ ယင်းသို့ သင်ပေးရာ မကြာမီပင် သူသည် ရောက်စကနှင့်မတူတော့ပဲ အခြား ခွေးများကဲ့သို့ တွေ့ကရာ ကိုက်တတ်လာသည်။

တနေ့တွင် နီမာသည် ကျွန်တော်နှင့် ကစားရန် ရောက်လာသည်။ နီမာကို မြင်လျှင် ငမဲသည် ထုံးစံမပျက် လိုက်ဟောင်သည်။ ကျွန်တော်တို့လည်း သူ့ကို သိပ်ဂရုမစိုက်မိကြပါ။ ခါတိုင်းလိုပင် အဝေးသို့ မောင်းထုတ်သည်။ ပြီးနောက် ကျွန်တော်တို့ ကစားနေကြသည်။

ထိုအခိုက် ငမဲသည် နီမာ အနားသို့ အသံမပေးပဲ ကပ်လာသည်။ နီမာက နောက်ဆုတ်လိုက်သည်။ အမှတ်တမဲ့မို့ ကျွန်တော် သတိ မထားလိုက်မိပါ။

နီမာ အော်သံကြားမှပင် ငမဲ လက်ချက် ဦးသွားမှန်း သိရ တော့သည်။

ကျွန်တော်သည် ငမဲကို တွေ့ရာ ကျောက်ခဲနှင့် ကောက် ပေါက်မိသည်။ ငမဲလည်း တ ကြိုး တည်း လစ် ပြေး သွား သည်။

နီမာ အနားသို့ ဖေဖေနှင့် မေမေတို့ ရောက်လာကြသည်။ နီမာ ခြေသလုံး ရှိ ခွေးကိုက် သော နေရာက သွေးများစို့နေ သည်။ ဖေဖေက ခွေးကိုက်ရာ ကို သေချာစွာကြည့်ပြီး ပြော သည်။

"သွားရာ နှစ်ပေါက် တွေ့ရ တယ်။ သိပ်တော့ မနက်ဘူး။ ဒါပေမဲ့ လာ အခုဘဲ ဆေးရုံ သွားပြမယ်။ ဆေးထိုးမှ ဖြစ် မယ်"

ဖေဖေ့စကားကို ကြားလျှင် ကျွန်တော် စိတ်မကောင်းတော့ ပါ။ ကျွန်တော် ဂရုမစိုက်မိခြင်း ကြောင့် နီမာခွေးကိုက်ခံရသည် မဟုတ်ပါလား။ ယခုမှပင် ငမဲ ကိုက် တတ် နေပြီ ဖြစ်ကြောင်း ကျွန်တော် သိရ တော့ သည်။ ကျွန်တော်ဘာလုပ်ရမည်နည်း။ ငမဲကိုအိမ်တွင်မမွေးရုံမှတပါးအ ခြား နည်းလမ်းမရှိပါ။ သို့သော် အိမ်တွင် အဖော်ရသည်မို့ သူကို တခြား ပို့ရမှာလည်း မပို့ရက် နိုင်။ ထိုအခါမှ ခွေးမွေးရသည် မှာ မကောင်းမှန်း ကျွန်တော် နားလည်မိသည်။

နီမာကား နေ့စဉ် ဆေး ဆက် ထိုး နေ ရ သည်။ ငမဲကို လည်း ယခင်ကလို လွှတ်မထား ဝံ့တော့ပါ။ သူ့ခမျာ ဖေဖေ ဝယ်လာသော သံကြိုးဖြင့် အမြဲ ချည် နှောင် ထား ခြင်း ခံနေရ တော့သည်။

တခါက ဖေဖေ ပြောဘူး သော စကားကို ကျွန်တော် ကြားယောင်မိပြန်သည်။

"ဖေဖေတော့ ခွေးမွေးရမှာ သိပ်ကြောက်တယ်။ ကိုက်တတ် တဲ့ခွေး မွေးရတာ အကြောက် ဆုံးဘဲ။ အဲဒီခွေး ရူးသွားယင် အ ကိုက် ခံ ရ တဲ့ သူ ခွေးရူးပြန် တတ်တယ်။ ဒါကြောင့် ခွေး ကိုက်ယင် ပေါ့ပေါ့ဆဆ မထား သင့်ဘူး။ ဆေးရုံကို ချက်ချင်း ပြပြီး ဆေးထိုးရမယ်"

ထိုနေ့မှ စ၍ ငမဲ ရူး မ ရူး ကြည့်ရသည်မှာ ကျွန်တော်အဖို့ အလုပ်ပိုတခု ဖြစ် တော့ သည်။ ငမဲ မရူးသဖြင့် တော် ပါ သေး သည်။ တနေ့တွင် ဖေဖေခြံဝ၌ တစုံတခုသောအရာဖြင့် အလုပ် များနေသည်ကို ကျွန်တော်တွေ့ ရသည်။ ထိုအရာကား "ခွေး ကိုက်တတ်သည်" ဟူသော ဆိုင်း ဘုတ်ပင်တည်း။

"ခွေးဟာ မီးလိုဘဲ အန္တ ရာယ်များတယ်" ဟူသော ဖေ ဖေ၏ စကားမှာ အလွန်မှန် ကြောင်း ကျွန်တော် နားလည် ပါပြီ။


# တောင်သူ လယ်သမားနေ့

မတ်လ ၂ ရက် မော်ကွန်းဝင်၊
ရဲခဲ့သမိုင်းစဉ်။
ခေတ်ဟောင်းပြုပြင်
တော်လှန်ရေး၊
အောင်ပွဲဆင်ခဲ့လေး။
ဂုဏ်သွေးစုတ်တဲ့ အရင်းရှင်၊
တင်ခဲ့ယင်ပလ္လင်။
ကျေးစူးရှင် လယ်သမား၊
ရွှေတန်းတင်လို့ထား။
လုပ်အားကြီးမား တို့လယ်ယာ၊
စက်မှုထူထောင်ကာ။
အမိမြန်မာ သာယာရေး၊
သမိုင်းဝင်တဲ့ တော်လှန်ရေး။ ။

လက်ပံနီ (ရေနံ့သာ)



# ငှက်လက်မ



ငှက်လက်မဆိုသည့်အတိုင်း အမြီးနှစ်လက်မမှ သုံးလက်မ အပါအဝင် အလျား ငါးလက်မသာရှိ၍ သေးငယ်လှသည်။ ညိုမည်းသော အတောင်ထိပ်ဖျားရှိ အဖြူမှတ် ကလေးများနှင့် မည်းနေသော နှုတ်သီးတို့ကို အဝေးကပင် ထင်ရှားစွာ တွေ့မြင်နိုင်သည်။ စိုက်ပျိုးခင်းနှင့် မြက်တောများ၌ ကျက်စားလေ့ရှိပြီး သူတို့၏အသံမှာ အောင်မြင်လှသည်။ သော့တွဲကို လှုပ်ရှားလိုက်သည့် အသံမျိုးဖြစ်၏။ ပျံသန်းရာ၌ ဖြတ်လတ်သန်စွမ်းမှု မရှိလှသော်လည်း သန်မာသော ခြေထောက်ရှိသဖြင့် မြေပေါ်၌ ကျင်လည်စွာလျှောက်၍ ရှာဖွေစားသောက်နိုင်သည်။

မြက်ပင်၊ သစ်ပင်၊ ချုံဖုတ်များတွင် အသိုက်ပြုလုပ်၍ ငှက်လက်မကလေးများသည် မတ်လမှ စက်တင်ဘာလအတွင်း ပေါက်ပွားကြသည်။ ဥ၏အရောင်မှာ စိမ်းပြာဖြစ်၍ အညိုပြောက်များရှိသည်။ တဥလျှင် ပျမ်းမျှအလျား ၀.၆၁ လက်မနှင့် ပြက် ၀.၄၅ လက်မရှိသည်။ မြန်မာနိုင်ငံတွင် ပေ ၄၀၀၀ အမြင့် ဒေသအထိ ငှက်လက်မများကို တွေ့ရသည်။



စိုးမြင့်



ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၅။ အမှတ် ၁၀။

ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ တပေါင်းလဆန်း ၇ ရက် (၁၀-၃-၇၃)

# အောင်ညို၏ သတ္တိ

ဇာတ်လမ်း ဂယက်နီ
သရုပ်ဖော် ဦးအိန်








သွား အလကား အကောင်ကြီး!
ဟား! ဟား ဖင့်ခွေးက အကြောက်ကောင်ကြီးကွ
ဖင့်ခွေးက သင်လို့ရမဲ့ အကောင်ကြီးမဟုတ်ဘူး
ဆက်သင်ပေး..ဖင့်ခွေးတတ်မှ ဒို့ကိုတခါလာကြွားအုံးပေါ့! ဟားဟားဟား
သွား ဖင့်ကိုမွေးထားရတာ အလကားဘဲ ကြောက်ကြီး
စဉ်းစား
အောင်ညိုကို ကျွန်တော် လေ့ကျင့် သင်ကြားခဲ့သည်မှာ ကြာပါပြီ။ လွှင့်ပစ်လိုက်သော အရာတခုကို ကောက်ယူစေခြင်း....


ကြက်ကလေးများကို ဖမ်းယူခဲ့စေခြင်း၊ ထိုင်နေ ခိုင်းခြင်း စသည်များကို
ခိုင်းသမျှ ပြုလုပ်တတ်သော်လည်း ယခုမူကား သူသည် ကျွန်တော် အရှက်ရအောင် လုပ်နေလေပြီ။
ဆူညံ ဆူညံနဲ့ ဘာသံတွေပါလိမ့်
သူခိုး! သူခိုး
သူခိုး!
ဝုန်း
အမလေး..ဗျ



မိပြီ…မိပြီ
ခွေးလိမ္မာကြီး ကြောင့် ဖမ်းမိ တာဗျို့
ဒါ မင်းခွေး လား
ဟုတ်ကဲ့
မင်း ခွေးက တယ် ဟုတ်ပါလား ရူဆိုးကို ရွေးကိုက်တတ်တယ် ဒါမှ ကောင်းတာကွ
ဒါမှ အောင်ဦ့ သတ္တိကွ
ကျော်ကြီးနဲ့ ဘလှတို့ ကို ပြောပြရဦးမယ်
ပြီး


မေမေရှာအောင်
ဝက်ပု ပါဝင်သည်
ရေးဆွဲသူ ကာတွန်းစိုးမြေမြ
ဝက်ပုဟာ သူ့မေမေကို မကျေနပ်ဘူး။
မေမေဟာ ငါ့ကိုအမြဲတမ်း ဆူတယ်-
အပြင်ထွက်လယ်ယင်လဲဆူ- စာမကြည့်ယင်လဲဆူ- အို- ငါစိတ်ညစ်တယ်
ဖြစ်ချင်ရာဖြစ်- ငါ- ဒီအိမ်မှာ မနေတော့ဘူး
ဝက်ပုဟာ အိမ်က ထွက်လို့ အတန်ကြာတော့ ငိုနေတဲ့ ကြက်ပေါက်စလေးကို တွေ့တယ်။
ဟဲ့ ဘာဖြစ် လို့လဲ
ကျနော့်မေမေ ပျောက်လို့ဗျ အဟီး-ဟင့်
ကဲ လာ-လာ- ငါလိုက်ရှာပေးမယ်


ခဏကြာတော့....
မေမေ မသိဘဲ ဘာလို့ လယ်ရှတာလဲ-နောက် လယ်ယင်ရိုက် မယ်
ကျေးဇူးတင်ပါတယ် ဝက်ကလေးရယ်
ဝက်ပုဟာ သူများကို ကူညီလိုက်ရလို့ သိပ် ဝမ်းသာနေတာပေါ့။
ထို့နောက်....
ဟ-ကြောင်ကလေး နွားနို့ဘယ်လိုလုပ် သောက်နေတာလဲ
အဲဒီအချိန်မှာ ကြောင်ကလေး မေမေရောက် လာပြီး....
ကြည့်စမ်းကြည့်စမ်း ကောင်းကောင်းမသောက်ဖူး တယ်လေ-
သူတို့လဲ-ငါ့မေမေလိုဘဲ ဘာလို့များ ဆူပူ နေပါ ပြီနော်-
ထိုအချိန်တွင်....
ဟေ့ကောင် အပါးမဝနဲ့ ငါ ဆိတ်လိုက်မယ်နော်-ဥပ်လိုက်


မင်းတို့ညီအကိုချင်း ဘာလို့ သင့်သင့်မြတ်မြတ်မနေတာလဲ နေ့တိုင်းပြောနေရတာဘဲ
မင်းတို့ကိုပြောနေရတာနဲ့ အိမ်မှာတခြားလုပ်စရာတွေမလုပ်ရဘူး အမေပြောတာမင်းတို့ကိုဆူလဲမဆူချင် ဘူးပြောလဲမပြောချင်ဘူး မင်းတို့ လိမ္မာကြစမ်းပါ
အင်း
အမေပြောတာ ဆူလဲမဆူချင်ဘူး ပြောလဲမပြောချင်ဘူး လိမ္မာကြစမ်း ပါတဲ့- ငါ့မေမေလဲ ဒီလိုဘဲနေမှာ
ငါ-မေမေ့ပေါ်အထင်မှား နေမိ- ငါအိမ်ပြန်သွားမယ်
အမလေး သားငယ်ဘယ် သွားနေတာလဲမေမေဖြင့် စိတ်ပူလိုက်ရတာ
မေမေ!
သားလေး- နောက် မေမေ- မဆူရအောင် လိမ်လိမ်မာမာ နေပါတော့မယ်
အေးအေး
ပြီး

# လေမုန်တိုင်း



တခါတရံ လေတို့သည် အလွန် ကြောက်မက်ဘွယ် ကောင်းအောင် ပြင်းထန်သည့် လေမုန်တိုင်းများအဖြစ် လှုပ်ရှား တိုက်ခတ်လေသည်။ အေးသောလေစိုင်နှင့် နွေးသောလေစိုင် နှစ်ခုတို့ ဆုံစည်းရာမှ လေမုန်တိုင်းတို့သည် ဖြစ်ပေါ်လာရပေသည်။

လေပြင်း မုန်တိုင်းများသည် တနာရီလျှင် မိုင် ၄၀ နှုန်းခန့်မှစ၍ မိုင် ၁၀၀ ခန့်အထိပင် တိုက်ခတ်ပေရာ ယင်းတို့သည် အဆောက်အအုံများကို ပျက်စီးစေ၍ သစ်ပင်များကို အမြစ်မှပင် ကျွတ်ထွက်စေသည်။ မြင့်မားသော ပင်လယ် ရေလှိုင်းကြီးများကိုလည်း ဖြစ်ပေါ်စေသည်။


ပူ၍စိုထိုင်းသော လေတို့သည် မြေမျက်နှာပြင်မှ အထက်သို့လွင့်တက်၍ အေးသောလေတို့နှင့် တွေ့ဆုံသောအခါတွင် မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်တတ်လေသည်။ အေးသောလေနှင့် တွေ့ဆုံသောအခါ လေစီးကြောင်းကြီးများ၊ လေဝဲကတော့ကြီးများနှင့် တိမ်တိုက်ကြီးများ ဖြစ်ပေါ်လာသည်။ လေထဲရှိ လျှပ်စစ်ဓာတ်များကြောင့် မိုးကြိုးမုန်တိုင်း ကျရောက်ရာ၌ မိုးခြိမ်းသံနှင့် လျှပ်စစ်ပြက်ခြင်းများ ဖြစ်ပေါ်လေသည်။ မိုးကြိုးမုန်တိုင်း ဖြစ်ပေါ်သော တိမ်တိုက်များ၏ လျှပ်စစ်ဓာတ်မများသည် မြေပြင်ပေါ်ရှိ ဓာတ်ဖိုရှိရာသို့ ရွေ့ရှားရာ၌ ယင်း လျှပ်စစ်ဓာတ်တို့၏ ကွာခြားမှုသည် မို့သန်းတရာသို့ အရောက်တွင် စတင်၍ မိုးကြိုးပစ်လေတော့သည်။



လေပြင်းမုန်တိုင်းနှင့် မိုးကြိုးမုန်တိုင်းတို့သည် ကမ္ဘာ့အနှံ့ ဖြစ်ပေါ်နိုင်သော်လည်း လေဆင်နှာမောင်း၊ ရေဆင်နှာမောင်းနှင့် ဟာရီကိန်း ခေါ် ခေါ်ငလေကြမ်းတို့သည် ဒေသအလိုက် ဖြစ်ပေါ်တတ်ပေသည်။

လေဆင်နှာမောင်း အများအားဖြင့် ကျရောက်သော ဒေသတို့မှာ အမေရိကန်ပြည်ထောင်စု တောင်ပိုင်းနယ်များ၊ ဩစတြေလီးယား အရှေ့တောင်ပိုင်းနှင့် အိန္ဒိယအနောက်မြောက်ပိုင်းတို့ ဖြစ်လေသည်။ လေဆင်နှာမောင်းသည် အလွန်ပြင်းထန်သော လေမုန်တိုင်းဖြစ်၍ ကတော့ပုံဖြစ်နေသော မီးခိုးရောင်တိမ်သားအတွင်း လေတို့သည် အထက်သို့ ဝေ့ဝဲကာ တိုက်ခတ်သွားသည့် လေပွေတခုပင် ဖြစ်သည်။ အလွန်ပူ၍ စိုထိုင်းသော လေထု

သည် အေး၍ ခြောက်သွေ့သော လေထုနှင့် တွေ့ဆုံပူးပေါင်းမိပြီး လေပူသည်အထက်သို့ ရစ်ဝဲ၍ တက်ကာ နောက်ဆုံး တနာရီလျှင် မိုင် ၄၀၀ မှ ၅၀၀ အတွင်းပြင်းစွာတိုက်ခတ်တတ်ပေသည်။ လေဆင်နှာမောင်းသည် သံမဏိ တန်တားကြီးများ၊ သစ်ပင်ကြီးများကို အခြေအမြစ်မှ ပြုတ်ထွက်စေကာ သံလမ်းပေါ်မှ ရထားတွဲများကိုပါ မ,ယူနိုင်စွမ်း ရှိလေသည်။



လေဆင်နှာမောင်း

ရေဆင်နှာမောင်းမှာ ပင်လယ်သမုဒ္ဒရာ၌ ဖြစ်ပေါ်သော လေဆင်နှာမောင်း တမျိုးပင် ဖြစ်သည်။ လေပွေသည် ရေများကို စုတ်ယူလွှင့်တက်သွားရာ တခါတရံ ငါးကလေးများ ပါသွားသဖြင့် ယင်းတို့၏ အကြေးခွံ အရောင်ကြောင့် တောက်ပနေတတ်ပေသည်။ ပင်လယ်မှကုန်းတွင်းသို့ ဖြတ်ကျော်သောအခါ ရေဆင်နှာမောင်းသည် လေဆင်နှာမောင်းအဖြစ်သို့ ပြောင်းလဲသွားသည်။

ဟာရီကိန်းခေါ် ခေါင်လေကြမ်းသည် လေဆင်နှာမောင်းထက်ပင် ကြောက်မက်ဘွယ်ကောင်းပေသေးသည်။ ဟာရီကိန်းသည် အနောက်အိန္ဒိယ ကျွန်းစု၏ ဟန်ရကင်ခေါ် မုန်တိုင်းနတ် အမည်မှ ပြောင်းလဲလာသောအမည်ဖြစ်သည်။ ယင်းကို အိန္ဒိယနိုင်ငံ၌ အပူပိုင်း ဆိုင်ကလုံးဟူ၍၎င်း၊ တရုပ်နှင့် ဂျပန်နိုင်ငံတို့၌ တိုက်ဖွန် လေမုန်တိုင်း ဟူ၍၎င်း ခေါ်ဝေါ်သည်။

ရေဆင်နှာမောင်း



ဗင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာတို့တွင် လေမုန်တိုင်းကို ဆိုင်ကလုံးဟုခေါ်လေသည်။ လေတိုက်နှုန်း တနာရီ မိုင် ၃၀ ကျော်ပါက မုန်တိုင်းငယ်ဟု သတ်မှတ်၍၊ မိုင် ၄၀ ကျော်ပါက ဆိုင်ကလုံး မုန်တိုင်းဟု၎င်း၊ မိုင် ၆၀ ကျော်ပါက ဆိုင်ကလုံး မုန်တိုင်းကြီးဟု၎င်း သတ်မှတ်ထားလေသည်။

အပူပိုင်းဒေသများတွင် ပင်လယ်ပြင်ရှိ ရေအပူချိန်များပြီး လေများ စုဆုံရာနေရာများ၌ မုန်တိုင်းများ စတင် ဖြစ်ပေါ်တတ်လေသည်။ မြန်မာနိုင်ငံသို့ မိုးအကြိုနှင့် မိုးနှောင်းကာလများတွင် မုန်တိုင်းများ ဝင်ရောက်လေ့ရှိသည်။ သို့သော် ပြင်းထန်သောမုန်တိုင်း ကျရောက်မှုမှာ နည်းပါးလေသည်။


ကြက်တူရွေးကလေး ရွှေဝါ
သရုပ်ဖော်
ဇာတ်လမ်း
ခန့်ထယ်
☆ကြက်တူရွေးကလေး ရွှေဝါတွင် ဖိုးဉာဏ် အမည်ရှိ သူငယ်ချင်း ငှက်ကလေးတကောင်ရှိသည်၊
☆ဖိုးဉာဏ်သည် အမည်နှင့်လိုက်အောင် အလွန်ဉာဏ်ကောင်းသော ငှက်ကလေးဖြစ်သည်...တနေ့သော် ရွှေဝါတကောင်ထဲ ဆော့ကစားနေစဉ် ကျားဆိုးကလေးဖိုးတော ထောင်ထားသော ပိုက်ကွန်းမိရာ
ရုန်းလို့မလွတ်ပါဘူးကွ.....
ကျွန်ုပ်ကို သတ်စားမလို့လားဟင်.. အသက်ချမ်းသာပေးပါကိုဖိုးတောရယ်
ဟဲ ဟဲ ဟဲ ဟဲ...
မင်းလိုတလုပ်စာလောက်ရှိတဲ့ငှက်ကလေးကို ငါစားလို့ဘာအကျိုးထူးမှာလဲ၊ဝမှာမှမဟုတ်ဘဲဟာ...လှောင်ချင်ရုံအလှမွေးမလို့ပါကွ
သို့နှင့်...ဖိုးတောအိမ်သို့ရောက်သော်...
ကဲ... အဲဒါ မင်းအတွက်လှောင်အိမ်ပဲ
ဖိုးတောနှင့်သူငယ်ချင်းတသိုက်သည် လှောင်အိမ်ထဲမှရွှေဝါကို စကားပြောခိုင်းနေကြသော်လည်း ရွှေဝါမှာမျက်နှာငယ်စွာနှင့် အမှုမဲ့မျက်ရည်ကျနေရှာလေသည်


တနေ့သော်
ဟေ့ ရွှေဝါ…ငါဒီနေ့တောလည်ထွက် မလို့၊ မင်းသူငယ်ချင်းတွေရှိတဲ့နေရာကိုလဲရောက်မယ် ..ဘာမှာလိုက်ချင်သေးသလဲ…
တခြားတော့မမှာချင်ပါ ဘူး။ ဖိုးဉာဏ်ကိုတွေ့ ရင်သာ မင်းသူငယ် ချင်းရွှေဝါ လှောင် ချိုင့်ခံဖြစ်နေတယ်လို့ ပြောလိုက်ပါခင်ဗျာ..
အေး အေး
ဖိုးတေသည်ဖိုးဉာဏ်အားအဆင်သင့်ပင်တွေ့သည်
ဟေ့… မင်းကိုရွှေဝါက မှာလိုက်တယ်၊ သူတော့ ငါ့ရဲ့လှောင်အိမ်ထဲမှာရှိနေတယ်တဲ့..၊ ဒါ ဒါ မင်းလဲလိုက်ချင်ရင်
ထိုစကားကိုကြားသည်နှင့်တပြိုင် နက်ဖိုးဉာဏ်သည် သစ်ကိုင်းထက်မှ အောက်ရှိ ထူထပ်လှသော ချုံဖုတ် ထဲသို့ ထိုးစိုက်ကျသွားသည်….
ဖိုးတေသည်လွန်စွာအံ့အားသင့်သွားရာမှ
အံ့မယ်…သူ့သူငယ်ချင်းရွှေဝါကို အတော်ချစ်တယ်ထင်တယ်ဗိုက် ထိခိုက်ဖို့ရင်ကွဲနာကျသွေပြီ အ ဟတ်ဟတ်ဟား၊
အိမ်သို့ရောက်သောအခါရွှေဝါအားဖိုးဉာဏ်၏ အဖြစ်ကိုတဟားဟားရယ်ရင်း ပြောပြလိုက်ရာ
ဟင်…သူသေပြီ ..ဟုတ်…ဟုတ်လား


ရွှေဝါသည်လည်းရုတ်တရက်လဲကျကာ အသက်ရှုလုံးဝရပ်သွားလေတော့သည်
အလို... ရွှေဝါလဲ ရင်ကွဲနာကျသေပြန်ပြီ
အဖော်ဖြစ်စရာကောင်းတဲ့ကောင်နှစ်ကောင်ဘဲ သူငယ်ချင်းရဲ့မကောင်းသတင်းကို ကြားရုံနဲ့ အသက်သေရတယ်လို့
ဟား ဟား ဟား
ဖိုးတေသည်လှောင်အိမ်ကိုဖွင့်ကာ ရွှေဝါ၏ရုပ်အလောင်းကိုအပြင်သို့ထုတ်ယူလိုက်၏ထိုစဉ်
ဟိုက် တကယ်သေတာမှမဟုတ်ဘဲ
လွတ်ပြီ လွတ်ပြီကွ
ရွှေဝါသည်ဖိုးတေအပေါ်၌ဝဲပျံကာ...
ဖိုးဉာဏ်ပြလိုက်တဲ့နည်းပရိယာယ်ကောင်းကို ပြန်ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်
အမှန်တော့ ဖိုးဉာဏ်ဟာ တကယ်သေတာမဟုတ်နိုင်ပါဘူး ကျနော့်ကိုအဲဒီလိုဟန်ဆောင်ပြီး အခုလိုလွတ်မယ်ဆိုတဲ့နည်း ပေးလိုက်တာပါ
ဟုတ်တယ်ရွှေဝါ မင်းအယူအဆမှန်တယ်..
ဟင် ဖိုးဉာဏ် မင်းလိုက်လာတယ်ဟ
ကျားဖိုးတေလည်း မည်သို့မျှမတတ်သာတော့ပဲ ဒေါသအိုးပေါက်ကွဲကာ ကျန်ရစ်ခဲ့လေသတည်း..
ဟင်း တောက်
ဖိုး


# ယပ်ခတ်လျှင် ဘာ့ကြောင့် အပူသက်သာသနည်း



ပူအိုက်သော နွေရာသီနေ့များတွင် ကျွန်ုပ်တို့သည် ပူအိုက်မှုဒါဏ်ကို ခံစားရသည်။ ဤသို့ ခံစားရခြင်းမှာ ကျွန်ုပ်တို့ခန္ဓာကိုယ်မှ အပူသည် အပြင်သို့ ပျံ့ထွက်မှုနည်းသောကြောင့်ဖြစ်သည်။ ခန္ဓာကိုယ်ထဲတွင် ကျွန်ုပ်တို့စားလိုက်သော အစားအစာများသည် လောင်ကျွမ်းပြီး အပူထွက်လာသည်။ ယင်းအပူသည် ခန္ဓာကိုယ်ပတ်ဝန်းကျင်ရှိ အေးသောလေထဲသို့ ပျံ့နှံ့ထွက်သွားသည်။ ထိုအခါ ပူအိုက်ခြင်းကို ကျွန်ုပ်တို့ မခံစားရတော့ပေ။ သို့ရာတွင် ပူအိုက်သောနေ့များတွင် ပတ်ဝန်းကျင်လေက ပူနေသည်။ ထိုအပြင် လေကလည်း ငြိမ်နေပါက ခန္ဓာကိုယ်မှ အပူသည် အပြင်လေထုထဲသို့ ပျံ့နှံ့ရန် လွန်စွာခက်ခဲသွားသည်။ ထိုအခါ ပူအိုက်လာသောကြောင့် ယပ်ခတ်ချင်စိတ် ပေါက်လာသည်။ ယပ်ခတ်ပေးခြင်းဖြင့် ငြိမ်နေသောလေကို လှုပ်ရှားစေသည်။ ပိုမို အေးသောလေနှင့် ခန္ဓာကိုယ်တို့ ထိတွေ့စေသည်။ ထိုအခါ ချွေးအငွေ့ပျံခြင်း မြန်လာသည်။ ချွေးအငွေ့ပျံသောအခါ ခန္ဓာကိုယ်မှ အပူကို သယ်ထုတ်ယူဆောင်သွားသည်။ ခန္ဓာကိုယ်မှ အပူလျော့နည်းသွားသောအခါ အအိုက်သက်သာလာသည်။ ထို့ကြောင့် ယပ်ခတ်ပေးခြင်းဖြင့် အပူသက်သာနိုင်လေသည်။

တင်လှဦး

## လှေလှော်ကစားရအောင်



ဘေးတွင် ရှိသည့် အရုပ်ကို အစက်များပြထားသည့် နေရာမှ ညှပ်ထုတ်ပြီး၊ ကပ်ထူပြား တခု ပေါ်တွင် ရှေ့ဖက်နှင့် ကျောဖက်၌ တပုံစီကပ်ပါ။ ထို့နောက် အောက်တွင် ပြထားသည့် အတိုင်း ကပ်ပြားဘေးတွင် အပေါက် ဖောက်၍ သားရေကြိုး တပ်ပြီး လှည့်ကစားပါ။



# အခိုးမှ အကောင်းသို့

ဒဂုံတင်ဦး



မေမေ့ကို မကြောက်။ ဖေဖေကိုတော့ကြောက်သည်။ ဖေဖေမရှိသည့်အခါများ မေမေ့ဆီက မုန့်ဖိုးအတင်းအဓမ္မ တောင်းသည်။ မရလျှင် ခိုးယူသည်။ မောင်လေး တော်တော် ဆိုးနေပြီ။

“မမ-မောင်အေးလေ လမ်းထိပ်မှာ ဖဲကစားနေတယ်”

မြင့်စိုးလေးက လာပြောရာသည်။ မေမေ တုတ်တချောင်း ဖွက်ပြီး လိုက်သွားသည်။ သို့သော် မေမေ့ကို မြင်တော့ မောင်လေး ထွက်ပြေးသွားသည်။

“မောင်လေး စာကျက်တော့လေ။ စာမေးပွဲကြီး နီးလာပြီ။ စာမတတ်ယင် သူများ အောက်ကျတယ် မောင်လေးရဲ့”

ညကပဲ ဆုံးမသည်။ အခု လမ်းထိပ်ရောက်နေပြီ။

တခါက အိမ်က ပိုက်ဆံ ငါးကျပ်ယူပြီး မြို့ထဲမှာ ရုပ်ရှင်နှစ်ပွဲတောင် ဆက်ကြည့်သည်။ အပြန်ကျတော့ ဖေဖေနဲ့တိုးပြီး အိမ်ကျတော့ရိုက်တာ မေမေတောင် ငိုမလို ဖြစ်သွားသည်။ ဒါလည်းမမှတ်ဘူး။ သူကြောက်သော မေမေ့အစ်ကိုဆီ နေခင်ကျင်အောင် ပို့ထားသည်။ မထူးခြား။ သားရေပင်အချိန်ဆိုလျှင် မောင်လေးလက်မှာ အပြည့်။ ဂေါ်လီပစ်ချိန်ဆိုလျှင် နို့ဆီခွက်နှင့် အပြည့်။ ဖေဖေကသူနှင့် သင့်တော်မည့် စာအုပ်မှန်သမျှ မလွတ်တမ်း ဝယ်ပေးသည်။ သူက များလာသော စာအုပ်တွေကို ကုလားဆိုင်မှာ ရောင်းသည်။ ပြီးတော့ ပိုက်ဆံကြေးဖြင့် အမျိုးမျိုး ကစားသည်။ ရွှေလျှောက်မောင်လေးခက်ပြီ။ လမ်းသရဲလား၊ လမ်းဂျပိုးလား၊ မောင်လေးအစား ရင်လေးလှသည်။

“ဒေါ်ဒေါ်ရေ မောင်အေး မုံ့ဟင်းခါး စားသွားတယ်။ အဲဒါ ပိုက်ဆံကို မေမေက ပေးမယ်တဲ့”

မုံ့ဟင်းခါးသည် ဒေါ်အေးမိက မောင်လေးစားသွားသော မုံ့ဟင်းခါးဖိုး အကြွေး လာတောင်းသည်။ ဒုက္ခပဲ၊ မောင်လေး တော်တော်ဆိုးနေပြီ။

“ခမေမေ ဒါဘယ်သူလုပ်တာလဲ။ ကျမစာအုပ်တွေ မှင်တွေ စိုကုန်ပြီ”

“ဘယ်သူ ရှိမလဲ၊ ညည်း မောင်လေးပေါ့”

ဒေါ်သ ထောင်းကနဲ ထမိသည်။ အံကြိတ်ပြီး အသံခပ်မာမာနှင့် အော်လိုက်သည်။ ဒီလိုဆိုပြန်တော့လည်းကျောက်ဆင်းတုအလား မလှုပ်မရှက်။ ဒီတော့ မောင်လေးကို ရိပ်စားမိလာသည်။ မောင်လေး နည်းနည်းတော့ သိလာသည်လား မသိ။ ခံမပြောတော့။ ပြောလျှင် နာခံချင်သောစိတ် ရှိသည်ကို ကျမသိနားလည်သည်။ ဖေဖေကလည်း အလုပ် မအားတော့

မသွန်သင်နိုင်။ ဒီတော့ ကျမမှာ တာဝန်ဖြစ်လာသည်။

"ဟော တော့ - မတင်တင်မာ၊ ညည်းမောင်ကိုညည်းဘယ်လို လုပ်လိုက်တာလဲ။ သိပ်လိမ္မာနေပါလား။ မောင်အေးဆိုတာ အခုမှဘဲ နာမယ်နဲ့ညီတော့တယ်"

မေမေက အံ့ဩစွာချီးကျူးလိုက်သည်။ မအံ့ဩပဲ နေပါ့မလား။ အိမ်မှုကိစ္စ အဝဝတွင် မောင်အေးပါလာသည်။ ကိုယ့်လုံချည် အင်္ကျီကို ကိုယ်တိုင်လျှော်လာသည်။ စာကျက်ချိန် စာကျက်လာသည်။ မေမေခိုင်းသမျှလုပ်သည်။ မေမေ့ စကားနားထောင်လာသည်။

"သမီး - မင်းမောင်လေးကို မင်းဘယ်လို ပြောင်းလဲအောင်လုပ်လိုက်တာလဲ။ ပြောပါအုံး။ ဖေဖေ ဝမ်းသာလိုက်တာကွာ"

"ဒီလိုပါ ဖေဖေ။ မောင်လေးကို ကျမ သူငယ်ချင်းအိမ်ကို ခေါ်သွားတယ်။ ဒါတောင် သူက မလိုက်ချင် လိုက်ချင်နဲ့။ ဟိုကျတော့ သူငယ်ချင်းအိမ်ဘေးက လှူဦးလေးကို ပြလိုက်တယ်။ သူကလေးက မောင်လေးနဲ့ ရွယ်တူဘဲဖေဖေ။ မောင်လေးနဲ့ ခင်မင်သွားတော့ လှူဦးအကြောင်း မောင်လေးသိလာပြီး ပြောင်းလဲ သွား တာ ဘဲ ဖေဖေ"

"လှူဦးအကြောင်း သိတာနဲ့ ပြောင်းလဲ လာ ရော လား သမီးရဲ့"

"မပြောင်းလဲဘဲ နေပါ့မလား ဖေဖေရယ်။ မောင်လေးက သူ့ကိုယ်သူ နား လည် ပြီး ရှက်သွားတာပေါ့။ ကြည့်လေ၊ လှူဦးက မိဘ အလုပ် ဖြစ် တဲ့ ကားတို့၊ မီးရထားတို့၊ စုပ္ပုံးတို့ ပေါ့ဖေဖေ၊ ကျောင်းလွတ်ယင် အဲဒါတွေအတွက် ကုန်ကြမ်းအဖြစ်နဲ့ နို့ဆီခွက်ကို အရပ်တကာမှာ လိုက်ဝယ်ပေးတယ်။ ညဆိုယင်လဲ ကျောင်းစာတွေ ကျက်မှတ်ရ။ ပြီးတော့ လှေဖြတ်ထားတဲ့ သူ့မိခင်ကြီးနေရာမှ ထမင်း ချက်။ ဟောင်းနွမ်းနေတဲ့ အင်္ကျီ တွေ ကို သူဘဲလျှော်။ ဒါတွေကို မောင်လေးတွေ့သွား သိသွားတော့ပြောင်းလဲသွားတာပေါ့ဖေဖေ"

"ဟယ် - တယ်ဟုတ်တဲ့ ငါ့သမီးပါလား"

ဖေဖေက အားရ နှစ်သက်စွာ ပြောလိုက်သည်။ အခုမောင်လေး အစစအရာရာ စည်းကမ်းရှိလာပြီ။ ပိုက်ဆံရဲ့တန်ဘိုးကို သိ လာ ပြီ။ မောင် လေးကြောင့် အ နား မ နေ ရသော မေမေ့ပါးစပ်သည် အခုမှအနားရလေပြီ။ ပြောင်းလဲလာသော မောင်လေးကို ဖေဖေက အင်္ကျီတထည်၊ လုံချည်တထည် ဆုချသည်။ ကျမလည်း အခုမှ စိတ်အေးရတော့သည်။ ရှေလျှောက် မောင်လေး၏ စာအံသံသည် တရပ်ကွက်လုံး မကြားနိုင်သော်လည်း ကျမတို့ မိသားစု အကျက်တော့ ကြားရမည်မှာ မလွဲပါ။

## မေမေ့မျက်နှာ

လဝါဝါ လဝါဝါ၊
ပြည့်ပြည့်ဝဝ ထိန်ထိန်သာ။

လဝါဝါ သာနေဆဲ၊
သားသားပျော်ရွှင်မြဲ။

မဲကာမှောင်ကာ ပိန်းပိတ်ကာ၊
လဝါကွယ်သည့်ခါ။

မှောင်တာမဲတာ သားမကြိုက်၊
လကိုအမျှော်စိုက်။

မျှော်နေခိုက်မှာ ဝင်းဝင်းဝါ၊
အလင်းဖြာကျလာ။

သားသားမော့ကာ
ကြည့်လိုက်တော့၊
မေမေ့မျက်နှာပေါ့။

ကြော့ကြော့မော့မော့
ပြုံးရွှင်စွာ၊
လထက် မိုပြီးသာ။

ဘယ်အခါမှ ကွယ်မသွား၊
အမြဲပြည့်တဲ့ကား။' ။

ကျောက်ဆောင် (မလှိုင်)




R. 517



# စာခေါင်းကွက်

မိုးစာ၊ စာဝတီး ဟူ၍လည်း သိရှိကြသော စာခေါင်းကွက်သည် ငှက်ငယ်မျိုးဖြစ်သည်။ အလျား ခြောက်လက်မမျှသာရှိသည်။ မြန်မာနိုင်ငံရှိ စာကလေးများတွင် ဤစာခေါင်းကွက်သည် ထင်ရှားသောစာမျိုးဖြစ်၏။ ရွှင်ပြလန်းဆန်းစွာဖြင့် ခုန်ကာပျံကာ သွားလာလှုပ်ရှားနေတတ်ပြီး တကောင်နှင့်တကောင် စကားပြောနေသကဲ့သို့ အသံတကျစ်ကျစ် လုပ်နေတတ်ကြသည်။ အအုပ်အသင်းဖွဲ့ကာ သီးနှံများကို ဖျက်ဆီးတတ်သော်လည်း ပိုးနှံကောင်နှင့် လူတို့အား အန္တရာယ်ဖြစ်စေသော ပိုးမွှားများကိုလည်း ဖျက်ဆီးစားသောက်ကြသည်။

ထန်းပင်၊ ဆူးပင်၊ မြက်တောနှင့် နေအိမ်တို့တွင် အသိုက်ပြုလုပ်၍ တမြုံလျှင် နှစ်ဥမှ ငါးဥအထိ ရှိတတ်သည်။ ဥခွံသည် ဖြူဖွေး၍ တဥလျှင်ပျမ်းမျှအလျား ၀.၈၅ လက်မနှင့် ပြက် ၀.၅၀ လက်မရှိ၏။ စာခေါင်းကွက်ကို မြန်မာနိုင်ငံလွင်ပြင် ဒေသများနှင့် ပေ ၄၀၀၀ အမြင့် တောင်ပေါ် ဒေသများအထိ တွေ့ရှိနိုင်သည်။



စိုးမြင့်

၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၁၁။

# ရွှေသွေး ဂျာနယ်

ပုံးသိ

၁၃၃၄ ခု၊ တပေါင်းလဆန်း ၁၄ ရက် (၁၇-၃-၇၃)



စနေနေ့တိုင်း ထုတ်ဝေသည်။


ရေထမ်းလုပ်သားနှင့် အကြော်သည်တို့တွင် ပြုံးချိုဆိုသော သားလေးတယောက် ရှိ၏။
အခြားကလေးများ၊ ကြောင်ကလေး၊ ငှက်ကလေးများကို တွေ့လျှင် စိတ်အား ငယ်ရှာ၏။
မိဘများ အလုပ်သွား၍ အိမ်တွင်တယောက်တည်းနေခဲ့ရလျှင် ပြုံးချိုမျှော်လေ့ ရှိသူကား
ရုပ်သေးကပြီး၍ ဘကြီးထွန်းပြန်ခါနီးတိုင်း
တနေ့တွင် ဘုရားပွဲတော်ရှိ၍ ရပ်ကွက်ထဲ၌ လူပြတ်နေပြီး ပြုံးချိုအိမ်စောင့်လျက်ကျန်ခဲ့စဉ်


အေး - ဦးကြီးက - ဆရာဝန်ကွဲ့။ ဒေါက်တာပေါ့ .... မင်း မြေထောက်တဖက် မကောင်းဘူးဆိုတာ သိရလို့လာတာ ... ဖြစ်မယ် ... ငါ ကုမယ် - ပျောက်မှာဘဲ။ ပိုက်ဆံလဲ မယူပါဘူး။ အခမဲ့ ကုပေးချင်တယ် ......
မင်း မိဘတွေ ရှိရင်တော့ - ပြောပြီး ခေါ်သွားရ ကောင်းသား၊ ခုတော့ ခက်တယ်။ ဦးကြီးက - နိုင်ငံခြားသွားရမယ်။ ၃-နှစ် လောက်ကြာမယ်။
ဒီရောဂါ ကုမယ် -၂ -ရက်နေ ပျောက်မှာဘဲ။ ဦးကြီးက ဒီအရပ်မှာ နေတာ မဟုတ်ဘူး --- ဟိုဘက် မြို့ကကွဲ .... အခုဘဲ ပြန်ရမှာ .......
မောင်ပြုံးချိုမှာမချင့်မရဲဖြစ်ပြီးစိတ်ငယ်သွားကာ
ဦးကြီးရယ် -၂ -ရက်ထဲနဲ့ ပျောက်မယ်ဆိုတော့ လိုက်ခဲ့ပါရစေ၊ ဦးကြီး စာလေးတစောင် ရေးခဲ့ပါလား၊ နောက်၂-ရက် နေမှ လိုက်ခေါ်ပါလို့ပေါ့
အေး ... ဟုတ်သားဘဲ၊ ဒါဖြင့် စာရေးခဲ့ပြီး - ခုဘဲ သွားကြရအောင် ....
နောက်တနေ့တွင် အရပ်ထဲ၌—
ဟဲ့-ပြုံးချိုလေး အိမ်က ပျောက်သွားသတဲ့
ဝင်း၀,မှာ စာတစောင် ချိတ်ခဲ့သတဲ့
သားရယ်-ဘယ်လိုဖြစ်တာလဲ ...
စာကိုလဲ ဖတ်ကြည့်ကြပါဦး တော်ရို့ ...
အမယ်လေး ကျုမတော့ ရူးရချေရဲ့
စာကိုယူဖတ်လိုက်ကြသောအခါ တွေ့ရသည်ကား ...
ဘာတဲ့လဲ ... ဖတ်ကြစမ်းပါဦး
အမှန်မှာ ထိုလူကြီးသည် ဆရာဝန်မဟုတ်ချေ။ ကလေးများကို လိမ်ခေါ်ပြီး သူတောင်းစားလုပ်ခိုင်းသော သူသာဖြစ်လေသည်။
သူ့ကို - ငလိမ် - လို့ခေါ်ကြ .. မင်းတို့ မှတ်ထားကြ
ဟုတ်ကဲ့ ဆရာကြီး
ကဲ ... သွားကြ ငလိမ်-က ဒီနေ့ ဒါ-ရအောင် တောင်းခဲ့


ပိုက်ဆံတောင်း၍မရပဲပြန်လာသည့်နေ့များ၌ ထိုလူကြီးကရိုက်၏။ ကြိမ်း၏။ ညှဉ်းဆဲ၏။
ငါက- မပြေး
ညဥ့်နက်၍ အားလုံး အိပ်နေချိန်များတွင် ဖြိုးချိုသည် တယောက်တည်း တွေး၍ ကျိတ် ငိုရတော့သည်။
သို့သော် တခုသောညတွင် စိတ် ဆုံးဖြတ်၍ စွန့်စားကာထွက်ပြေးလေတော့၏။
ထော့နင်း ထော့နင်းနှင့် သွားနေခိုက်-ရုတ် တရက် မိုးကြီး ရွာချလိုက်ပြန်ရာ....
ထိုအချိန်တွင် အနားကပ်၍ အယ်ဖေးရှင်း ခွေးကြီးဟောင်သံထွက်လာသဖြင့် လန့်ပြီး ကြောက်ကြောက်နှင့် ခုန်လိုက်ရာ---


ခြေ မခိုင်ပဲ လဲကျ သွား၏။ သို့သော် မအော်ရပဲ ဖြစ် နေစဉ်---
အိမ်ထဲသို့ ပွေ့ခေါ်လာပြီး ကြည့်ရာ....
(ဒေါက်တာ) ဆို သော စကားကို ကြားလိုက်လျှင်---
ထိုသို့အော်ပြီး မိုက် ကနဲ ဖြစ်ကာ မေ့ မျော သွားလေ တော့၏။
ဒေါက်တာ ကုသပေး၍ နောက်တနေ့ အိပ် ရာမှ နိုးလာသောအခါ....
တဖြည်းဖြည်း သက်သာလာပြီး နေကောင်း သောတနေ့၌ဆရာဝန်ကြီးကတော်ကမေး၍-


ကလေး - ဘယ်မှာ နေသလဲ၊ ကလေး ဖေဖေ - မေမေ - က ဘယ်သူလဲ ..
အဲ
အင်း ဟင်
ဟို
ဟင်
ကိစ္စ မရှိဘူး၊ ခေါင်းရှုပ်အောင် မတွေးနဲ့ ...
မင့်ခြေထောက် - တဖက်က - ဘယ်လိုဖြစ် တာလဲ။ သိလား
ငယ်ငယ်က - လဲကျပြီး ဖြစ်တာတဲ့။ အဲဒါ ဆေးကုလို့ ရ - လား
ဟင် ...... ဟင် ..
ရတာပေါ့
ထို့ဖြင့် ခွဲစိတ်၍ ပလာစတာ စည်းပြီးသော် —
ပြီး ပြီ - ၄၅ ရက်လောက် ပလာစတာ စည်းထားရမယ်၊ ပလာစတာ ဖြေပြီးရင် - ကောင်းသွားမယ်၊
ဟင်း - ပျော်လိုက် ဝမ်းသာလိုက် တာ
ခြေထောက်လဲ ကောင်းသွားမယ်၊ အကယ်တိုက်လဲ မွေးစားမယ်၊ ကျောင်းလဲ ထားမယ်၊ သူများ လိုပဲ - ကစားနိုင်မယ်၊
ငါ ခုန်ပျံ ရတော့မယ် လျှောက်ပေါက် ရတော့မယ် လိုက်တမ်း - ပြေးတမ်း ကစားရတော့မယ်
ရက်စေ့လျှင် ဖြီးချသည် —
ဟာ - တကယ် လျှောက်နိုင်ပြီ
အဲ - ကောင်းသွားပြီ။ ထ, လျှောက်ကြည့် စမ်း .....
တကယ် ဆိုတော့ ဒီနေ့ဟာ - မင်း ဘဝသစ် - ရတဲ့ နေ့ပဲ ...
ဟီး .... ပျော်လိုက် တာ ....
ဒါဖြင့် - သူ့ကို - ဘတ်ဒေး - လုပ် ပေးရအောင် .... နော် - မောင်
ထို့နောက် ဝဖြိုး လာသည်အထိ၊ ကုသပြီး လျှင်သားအဖြစ်မွေးစားကာ မွေးနေ့ပွဲကျင်း ပလေ၏။
မှုတ်သား - မှုတ် --- ဟုတ်ပြီ ...
ဟက်ပီး ဘတ်ဒေး ဒီးယား ပြုံးချို .... ဟက်ပီး ဘတ်ဒေး တူး ယူ ...
ဟုတ်ပြီ
စားသောက် ပြီးကြသောအခါ---
အခု သား သားတို့ကို - ရုပ်သေးပြ မယ် .....
ဆေး .... - ဟေး ဟေး
ဟင် ..... ဘကြီးထွန်းနဲ့တူ လိုက်တာ ...... ဒါပေမယ့် ... ဒီလူကြီး က - ပိန်တယ်၊ ဆံပင်ဖြူတယ် .... ဟုတ်ပါဘူး ထင်ပါရဲ့ လေ
မင်းသား ရုပ်လေး ဟယ်
ရုပ်သေးဆရာကြီး ဝင်လာလျှင်....



ဟုတ် ပါပြီ
သရုပ်အင်ကြင်း အင်ကြင်း ဝေဆာ
ယင်းမာ ယင်းမာ ကြိုင်ကြိုင် ကြိုင်လှိုင်းရယ်
ဘကြီး ဖွန်
ဟေ
ပြုံးချို လေ
ပြုံးချိုရယ်... မသေလို့ တွေ့ရတာ...
ဒေါက်တာကြီးရယ်၊ ဒီလိုပါ။ သူလေးက-ကျနော်တို့ ရွာက... မိဘကလဲဆင်းရဲ၊ မြေကလေးလဲမသန် ×××× ×××××× တာနဲ့ လိုက်ရှာ ရင်း-အခုလာတွေ့တော့ ဖြေထောက်ကလဲကောင်းနေ၊ လှလို့၊ ဝလို့၊ မှတ်တောင်-မမှတ်မိဘူး။ ဝမ်းသာ လိုက်တာ။ သူ့မိဘ တွေများ သိယင်.........
ဒါဖြင့် ဆရာကြီး သူ့မိဘတွေကို သွားခေါ်ခဲ့ပါလား၊ စရိတ်စက-လုံလောက်အောင် ပေးမှာပေါ့.... ပြုံးချိုကိုတော့ ခဏထားခဲ့ အုံးမှဖြစ်မယ်
ခေါ်ပေးပါ့မယ်..... သူတို့လဲ ဝမ်းသာ ကြမှာပါ။
မိဘများ ရောက်လာသော်--
ဒီသူငယ်ဟာ-ကျနော်တို့နဲ့ဝေးဝေး ရေစက်ကြီးပါတယ်။ ကျနော်တို့ကလဲ-ကလေးမရှိတော့ သူ့ကို မခွဲနိုင်တော့ဘူး။ ဒီတော့ ကျနော်တို့ မွေးမယ်။ ခင်များတို့လဲ ဒီကိုပြောင်းလာပါ။ စားဝတ်နေရေး အတွက် ဘာမှမပူနဲ့။ နေဘို့ အိမ်ပေးထားမယ်။ အလုပ်လဲ ပေးထားမယ်။ သားသားနဲ့လဲ နီးနီးနေရမယ်။ ဘယ့်နဲ့လဲ.....
ပြုံးချိုက ဒေါက်တာပေးထဲ့ အသက်အဲ ရှိပါတယ်။ ဒေါက်တာ့ သဘောပါ၊
ချစ်တော့ ချစ်တယ် ဒယ်ဒီရေ့-မီယိုမေယာပါနဲ့ ချူးတယ်၊ နခမ်းမွှေး ချူးတယ် ဟီဟီ---ဟီဟီ--
ပြုံးချိုသည် ထိုနေ့မှစ၍ ထာဝစဉ် ပြုံးချိုနိုင် လေသတည်း။
မြ

# မိုး နှင့် နှင်း




ကျွန်ုပ်တို့ ကမ္ဘာကို လွှမ်းခြုံထားသောလေလွှာထုထဲတွင် အခြားဓာတ်များနှင့်အတူ ရေငွေ့များလည်း ပါဝင်နေပေသည်။ ရေခိုးရေငွေ့တို့ကို ဖြစ်ပေါ်စေသည့် အရာများတွင် အများဆုံးမှာ ပင်လယ်သမုဒ္ဒရာများပင် ဖြစ်လေသည်။ မြစ်ချောင်းအင်းအိုင်နှင့် သစ်ပင်တို့လည်း ပါဝင်သည်။

ကမ္ဘာ့မျက်နှာပြင်၏ လေးပုံ သုံးပုံမျှဖြစ်သော သမုဒ္ဒရာမှ ရေတို့သည် နေ၏ အပူရှိန်ကြောင့် အငွေ့ပျံ၍ ထိုအငွေ့တို့ကို လေက ကုန်းပိုင်းသို့ သယ်ဆောင်သွားသည်။ ကမ္ဘာ၏ အခြောက်သွေ့ဆုံးသော အပိုင်းများမှာပင်လျှင် လေထဲ၌ ရေငွေ့ရှိနေသေး၍ လေသည် လုံးဝခြောက်သွေ့လျက် မနေပေ။ ရေတို့သည် အစိုင်အခဲ သို့မဟုတ် အရည်ဘဝမှ အငွေ့ပြန်ခြင်းဖြင့် ရေခိုးရေငွေ့ဖြစ်သွားပြီး ထိုမှတဖန် ငွေ့ရည်ဖွဲ့ခြင်းဖြင့် အစိုင်အခဲ သို့မဟုတ် အရည်အဖြစ်သို့ ပြန်၍ပြောင်းလဲကြပြန်သည်။ ဤသို့ဖြင့် ရေငွေ့များကို ပင်လယ်သမုဒ္ဒရာမှ ကုန်းပိုင်းသို့ လေများက သယ်ယူလာပြီးလျှင် မြစ်ချောင်းနှင့်ရေခဲမြစ်များကယင်းတို့ကို ရေအဖြစ်ဖြင့် ပင်လယ်သမုဒ္ဒရာသို့ ပြန်လည်ပို့ဆောင်ကြပြန်သည်။




ပူနွေးခြောက်သွေ့သောလေသည် အေးသောလေထက် ရေခိုးရေငွေ့ကို ပိုမိုသယ်ဆောင်နိုင်လေသည်။ ထိုသို့ သယ်ဆောင်ရာမှ လေပူတို့သည် အေးလာသောအခါ ရေခိုးရေငွေ့အားလုံးကို မသယ်ဆောင်နိုင်တော့ပေ။ ထိုအခါ ရေခိုးရေငွေ့ အချို့သည် မိုးရေမိုးပေါက်အဖြစ် အေးခဲလေတော့သည်။ အလွန်အေးသော ဆောင်းဥတု နေ့များတွင် ကျွန်ုပ်တို့ အသက်ရှူထုတ်လိုက်သော လေတွင် ပါသွားသည့် ရေခိုးရေငွေ့တို့သည် အေးသောလေနှင့် တွေ့ဆုံပြီး မြန်စွာအေးခဲသွားကာ ဖြူသောအခိုးအငွေ့စုအဖြစ် စုရုံးနေသည်ကို တွေ့မြင် နိုင်ပေသည်။ ဤဥပမာအရပင် ကောင်းကင်၌ ပူနွေးစိုထိုင်းသော လေတို့သည် အေးသောလေတို့နှင့် ထိတွေ့ရာမှ မိုးတိမ်များ ဖြစ်လာရပေသည်။

လေတိုက်ခတ်ရာ လမ်းကြောင်းတွင် တောင်တန်း၊ ကုန်းမြင့်များနှင့် စောက်နောက်လျှောစသည်တို့ တားဆီးနေပါက လေထုတွင်ပါလာ

သော ရေငွေ့တို့သည် တောင်တက်မိုးအဖြစ် ရွာချတတ်လေသည်။ ပတ်ဝန်းကျင် လေများသည် လေဖိအား များရာဖက်မှ လေဖိအား နည်းရာ ဗဟိုတခုသို့ စုဆုံတိုက်ခတ်လာကြသည်။ ဤသို့ လေများဆုံကာ တွန်းကန်မှုဖြစ်ပေါ်ရာမှ နွေး၍ပေါ့သော လေစိုင်၏အောက်သို့ အေး၍လေးသော လေများတိုးဝင်လာသည်။ ထိုအခါ လေစိုင်များကို အထက်သို့ တက်စေကာ မိုးတိမ်များဖြစ်စေပြီး မိုးရွာစေသည်။ ဤသို့သောမိုးသည် ပြင်းထန်မှုမရှိပဲ အချိန်ကြာကြာနှင့် မှန်မှန်ရွာတတ်လေသည်။



နှင်းပွင့်များ

ပူနွေးစိုထိုင်းသော လေတို့သည် ပေါ့ပါး၍ ကမ္ဘာမြေမှ အထက်သို့ တက်သောအခါ အေးလာသည့်အတွက် ရေခိုးရေငွေ့ အချို့သည် မိုးအဖြစ် ရွာကျမြဲဖြစ်၏။ သို့သော် အကယ်၍ ပတ်ဝန်းကျင်လေထု၏ အပူချိန်သည် ရေခဲအမှတ်၏အောက်သို့ ကျရောက်နေပါက အဆိုပါ ရေခိုးရေငွေ့တို့သည် မိုးအဖြစ်မဟုတ်ပဲ အေးခဲကာ ရေခဲပွင့်များ (ရေခဲပုံဆောင်ခဲများ) အဖြစ် ရွာကျတတ်လေသည်။ နှင်းပွင့်ဖတ်သည် အခြားမဟုတ် တပြေးညီညာ ပေါင်းစပ်နေသော ရေခဲပွင့်များပင် ဖြစ်သည်။ အထက်အမြင့်ပိုင်း၌ နှင်းပွင့်ဖတ်များ အဖြစ် ရွာကျလာသော်လည်း ကမ္ဘာမြေ မျက်နှာပြင်အနီးရှိ အပူချိန်သည် မြင့်မားနေက မိုးရေအဖြစ် ပျော်သွားတတ်ပေသည်။


မိုးပွင့်မိုးသည် အချို့အဝက် အရည်ပျော်နေသောနှင်း၊ သို့မဟုတ် အချို့အဝက် အေးခဲနေသော မိုးရေပေါက်များပင် ဖြစ်သည်။ ယင်းတို့သည် မိုးရေ သို့မဟုတ် နှင်းနှင့်အတူ ပါလာတတ်ပေသည်။ မိုးသီးများသည် မိုးကြိုးမုန်တိုင်းများ ကျရောက်ချိန်၌ ဖြစ်ပေါ်တတ်သည်။ မိုးသီးကို ခွဲကြည့်မည်ဆိုပါက ကြက်သွန်နီဥမှာကဲ့သို့ နှင်းနှင့် ရေခဲလွှာ တို့သည် အလွှာအထပ်လိုက် ဖြစ်နေသည်ကို တွေ့ရှိရပေမည်။ ကြီး၍လေးလံသော မိုးသီးများ ကျရောက်ပါက စိုက်ပျိုး သီးနှံများ၊ နေအိမ်များနှင့် တိရစ္ဆာန်များပင် ထိခိုက် ပျက်စီး တတ်ပေသည်။





သရဲမ
●ဒေါင်းမျိုးညွန့်
နီနီနှင့် မြမြသည် အမွှာညီအမ ဖြစ်သည်။ နီနီသည် ဒေါသ အ လွန် ကြီး ပြီး စိတ် လည်း ကောက်တတ်သည်။
ဘာဖြစ်လို့ ရှုတ်ခမ်း ရှည်နေတာလဲ မမနီ-ဟင်
ဘာဖြစ်ဖြစ် နင်နဲ့ ဘာ ဆိုင်လဲ-သွား
တယ်..ဂဏန်းတွက်လို့မရလို့ စိတ်ညစ်နေရတဲ့ကြားထဲ ဒီကောင် မတ်က တမျိုး- ကဲဟါကဲဟါ သွား
ဟယ်-ကြည့်စမ်း ကြည့်စမ်း ခွေးကောင်လေး-ငါ့ခဲတံ ယူဆော့နေတယ် ပေးစမ်း ပေးစမ်း ကဲဟာကဲဟါ သွား-
နောက်တခါ ငါ့ခဲတံ ယူဆော့ အုံးမလား-ဟင် ကိုင်းဟာ- ကိုင်းကိုင်း
အောင်မယ် လေးဂျ
ဒေါင်
ဒေါင်
မနီ...လာခဲ့စမ်း--ဘာဖြစ်လို့ ခဲတံကို ချိုးပစ်ရတာလဲ-ဟင်၊ ခလေးကိုလဲ ရိုက် လိုက်တာ..
သူက နီနီ့ခဲတံကို ဘာလို့ယူဆော့သလဲလို့၊ ရိုက် မှာပေါ့-ဟွန်း
အံမာ-ကြည့်စမ်း-ဒီတခါ ခွင့်လွှတ် လိုက်မယ်-နောက်ဆို အသေဘဲ-ကြား လား-သွား-ရှုတ်ခမ်းကလဲ ရှူထား လိုက်တာ သရဲမ ပုံပေါက်နေ ဖြီ..


မေမေဆူသဖြင့် နီနီသည် တယောက်တည်း ကျိတ်၍ စိတ်ကောက်နေလေသည်။
မမနီ..မေမေက ထမင်းစားမယ်တဲ့
သွားမစားဘူး လာခေါ်မနေနဲ့
ဖြူဖြူမှာမူ နီနီကဲ့သို့မဟုတ်၊ သည်းခံတတ်ပြီး အမြဲတမ်း ပျော်ပျော်နေတတ်သည်။
ပျော်ပျော်နေတတ်သောကြောင့် ဖြူဖြူမျက်နှာလေးသည် အမြဲတမ်း ပြုံးရွှင်နေသဖြင့် ဆွေမျိုးများက ခင်လပြည့်ဟု ခေါ်ကြလေသည်။
လေး·ရော့



ဒေါ်သအလွန်ကြီးပြီး စိတ်အလွန် ကောက်တတ်သော နီနီ၏မျက်နှာမှာမူ အမြဲတမ်းသုန်မှုန်လျက် နှုတ်ခမ်းချွန်ထွက်နေသောကြောင့် ဆွေမျိုးများက သူ့ရဲမဟု ခေါ်ကြလေသည်။
သရဲမတို့များ အမြဲ စိတ်ကောက်နေတာဘဲ
သည်းခံတတ်သော ဖြူဖြူကို မောင်ငယ်ညီမငယ်များက ခင်မင်ကြသော်လည်း နီနီကိုမူ –
ဟေ့ ကောင်.. ရိုက်ယိမ့်မယ် ယာဒွဲ . . . .
ညအိပ်ရာဝင်သော် နီနီသည် ကျိတ်၍ဒေါ်ပွနေမိလေသည်။
ဖြူဖြူနဲ့ ငါဟာ အမြွှာညီအမဘဲ၊ ဘာကြောင့် ဖြူဖြူ့ကျတော့ ခင်လပြည့်လို့ ခေါ်ပြီး ငါ့ကျတော့ သရဲမလို့ ခေါ်ကြတာလဲ မသိဘူး၊ ဟွန်း.. သူက ငါ့ထက်လဲ ပိုမလှဘဲနဲ့.. တောက် –
ထို့ကြောင့် မိုးလင်း၍ ဖွားဖွား လာသောအခါ မေးကြည့်ရာ –
သမီးနဲ့ ခင်လပြည့်ဟာ အမြွှာမို့ ရုပ်ချင်း အတူတူပါဘဲကွယ်၊ ဘယ်သူကမှ ပိုမလှ ဘယ်သူကမှ ပိုရုပ်မဆိုးပါဘူး၊ ဒါပေမဲ့
ခင်လပြည့်ဟာ ပျော်ပျော်နေတတ်ပြီး သည်းခံစိတ်ရှိတာကြောင့် ပိုလှ သဏ္ဍာန်ထင်ရတာပါ
သမီးကျတော့ ဒေါ်သကြီး စိတ်ကြီးပြီး မျက်နှာက အမြဲတမ်းသုန်မှုန်ပြီး နှုတ်ခမ်း အမြဲ ရှုထားတာကြောင့် ဆွေမျိုးတွေက သမီးကို သရဲမ လို့ နောက်ပြောင်ပြီး ခေါ်ကြတာပါ၊ ဒီတော့ ဒေါ်သ သိပ်မကြီးနဲ့လေ၊ စိတ် သိပ်မကောက်နဲ့ပေါ့
နီနီသည် ဒေါ်သမကြီး စိတ်မကောက် တော့သောကြောင့် ဖြူဖြူကဲ့သို့ လှလာသည်။ ဆွေမျိုးများကလည်း သရဲမဟု မခေါ်ကြတော့ပေ။


## ဆားဖြင့်သွားတိုက်ခြင်းကို အဘယ်ကြောင့်ရှောင်သင့်သနည်း



ကျွန်ုပ်တို့ မြန်မာလူမျိုး အများစုသည် အိပ်ရာဝင်၊ အိပ်ရာထ သွားတိုက်သောအခါ ဆားနှင့် သွားတိုက်လေ့ရှိသည်။ အချို့မှာ ဆားနှင့် မီးသွေးမှုန့်ရောပြီး တိုက်တတ်သည်။ ဆားသည် ဗက်တီးရီးယားများကို သေစေနိုင်စွမ်းရှိသည်ကားမှန်၏။ သို့သော်ဆားသည် ကျစ်လစ်မာကျောသော ပွင့်ပုံရှိ အ စိုင်အခဲတမျိုးဖြစ်သည်။ ထို့ကြောင့် ဆားပွင့်မှ ချွန်ထက်သော ထောင့်ချွန်းများသည် သွားနှင့် ပွတ်တိုက်မိသောအခါ သွား၏အပေါ်ယံ အကာကြွေကျောက်လွှာကို ပွန်းစေသည်။ ခြစ်ရာ အစင်းကြောင်းများ ထင်စေသည်။ ကြွေ ကျောက်လွှာသည် သွား၏ အမာဆုံးသော အပိုင်းဖြစ်သည်။ ထိုပြင် အာရုံကြောများလည်း မရှိသောကြောင့် အပူအအေး အက်ဆစ်ဒဏ်စသည်တို့ကို ခံနိုင်ရည်ရှိသည်။ သွား၏အတွင်းပိုင်းတွင်ကား အာရုံကြောများ ရှိသောကြောင့် အပူအအေးနှင့် အက်ဆစ်ဒဏ်ကို ခံနိုင်စွမ်း မရှိပေ။ ယင်းတို့နှင့်တွေ့ထိပါက ကျင်ခြင်း၊ နာခြင်း ဖြစ်ပေါ် လာပေသည်။ တခါတရံ ရေခဲရေ သောက်လိုက်သောအခါ သွားကျင်ခြင်းမှာ ရေခဲရေနှင့် သွား၏အတွင်းပိုင်း ထိတွေ့မိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သွား၏ အပေါ်ယံအကာကို ပွန်းပဲ့စေတတ်သော ဆားဖြင့် သွားတိုက်ခြင်းမှ ရှောင်ကြဉ် သင့်ပေသည်။ အကောင်းဆုံးမှာ သွားတိုက်ဆေးကို အသုံးပြုရန် ဖြစ်သည်။

## ငါးလေးမွေးမလား






ငါးပုံများကို ညှပ်ထုတ်၍ ကပ်ထူပြား တဖက်တချက်တွင် ကော်ဖြင့်ကပ်ပါ။ ဆူးတောင်ပေါ်ရှိ အနက်စက်နေရာတွင် ဖေါက်၍ အပ်ချည်ကြိုးဖြင့် ချည်ပြီး ကျန်အစကို ခဲလုံးကလေးတွင် ချည်ပါ။ ငါးလေးကို ရေစို ခံနိုင်စေရန် ဖယောင်းဖြင့် တိုက်ထားပါ။

# အမေ့အောင်ပွဲ သားအောင်ပွဲ

ကန့်ဘလူ ခင်မောင်ရည်



သားကို အမေကဆရာကြီး ဖြစ်စေချင်၏။ သား ကြီးလာလျှင် သားတို့ကျောင်းက ဆရာကြီးလိုဖြစ်အောင် စာကြိုးစားဖို့ ည အိပ်ရာဝင်တိုင်း အမေက သားကိုပြောသည်။

ဆရာကြီး သည် သားတို့ ဆရာကြီးဖြစ်ရုံသာမက တရွာလုံး၏ ရွာမိရွာဖလည်း ဖြစ်သည်၊၊ ရွာကိစ္စ၊ ရပ်ကိစ္စ တွင် ဆရာကြီးသည် အမြဲတမ်း ဦးဆောင်ပါဝင်သည်။ သားကိုယ်တိုင်ပင် ဆရာကြီးကို အားကျနေပြီဖြစ်၏။

သား စာကျက်နေ တိုင်း အမေက အနားသို့လာပြီးအားပေး သည်။ သား အနား တွင် အမေ သည် ပြောင်း ဖူး ဖက်ဆေး လိပ် ကို လိပ် နေ တတ်သည်။ ဝါဖတ် ဗိုင်းငင်၍လည်း နေ တတ် သည်။ သား အိပ် မှ အမေအိပ်လေသည်။

"အမေ သားတို့ အရွယ် ဆယ်နှစ်၊ ဆယ့်တနှစ်က စစ်ကြီး ဖြစ်နေလို့ စာမသင်ခဲ့ရဘူး။ ဒါကြောင့် သားစာဖတ်နေတာကို မြင်ရယင် ဝမ်းသာ ကြည်နူးရတယ်" ဟု အမေက မကြာခဏ ပြောရှာသည်။ စာမ ဖတ် တတ် သော အ မေ့ ကို ကြည့်၍ သား စိတ် မ ကောင်း ဖြစ်ရ၏။

ယခုနှစ်နွေက သားတို့ရွာတွင် အသုံးလုံးကျေ သင်တန်းများ အစိုးရက လာရောက်ဖွင့်ပေးသဖြင့် အမေ့ဆန္ဒ ပြည့်ဝခဲ့ရပြီ။ စာတတ်ချင်သော အမေသည် စာသင်ရတော့၏။ အမေ့ကို သားကိုယ်တိုင်က စာသင်ပေး၏။ သို့ဖြင့် သား လည်း အမေ ဖြစ်စေချင်သော ဆရာကြီး ဖြစ်လာရ၏။

သား စာကျက်ရာတွင် အမေလည်း အတူလာ၍ စာကျက်သည်။ အမေ မဖတ်တတ်သော စာများကို အမေက သားကို မေးသည်။ သားက အမေ့ကို စိတ်ပါလက်ပါနှင့် ပြပေးသည်။ တခါတရံ အမေ ဖြစ် စေ ချင် သော ဆရာကြီး၏ပုံမျိုးဖြင့်ပင် သားက စာပြပေးရာ သားကို ကြည့်၍ အမေက ရယ်၏။

နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သဖြင့် တနွေလုံး အမေ့ကို စာသင်ပေးရ၏။ တ နွေ လုံး သားဆရာကြီးဖြစ်နေ၏။ သားတို့ကျောင်း ပြန်ဖွင့်သောအခါ အမေ စာဖတ်တတ် နေပေပြီ။ အမေ့ကို ရွာအသုံးလုံးကျေသင်တန်း ကြီးကြပ်မှု ကော်မီတီက စစ်ဆေးပြီး ကျွမ်းကျွမ်းကျင်ကျင် ဖတ်တတ်အောင် တအုပ်လုံး ပြန်ဖတ်ခိုင်းထားသည်။

တနေ့ကမူ ရွာတွင် စာဖတ်ပြိုင်ပွဲပြုလုပ်၏။ အမေတို့ အသုံးလုံး သင်တန်းသူများ အားလုံး ယှဉ်ပြိုင်ရ၏။ သားတို့

ဆရာကြီးနှင့် မြို့မှ လူကြီးများက စစ်ဆေးသည်။ အမေသည် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ တစောင်ကို ဖတ်ရမည် ဖြစ်၏။

စင်မြင့်ပေါ်ရှိ အသံချဲ့စက်မှ အမေ၏ စာဖတ်သံကို အဝေးကပင် သား ကြားနေရသည်။ သားပျော်လိုက်ဘီခြင်း။ ပြိုင်ပွဲတွင် အမေဆုရ၏။ မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာခဲ များနှင့် စာအုပ်၊ ခဲတံများကို ပိုက်၍ အမေစင်မြင့်ပေါ်က ဆင်းလာသည်။ သား အမေ့ဆီကို ပြေးသွားသည်။ အမေသည် သားကို ပွေ့ချီ၍ သားတမျက်နှာလုံးကို မွှေးတော့၏။

အမေ၏ စာဖတ် တတ် ချင်သောဆန္ဒသည် ပြည့်ဝခဲ့ပေပြီ။ အမေ ဖြစ်စေချင်သော ဆရာကြီးလည်း သား တနေ့လုံးဖြစ်ခဲ့ရပြီ။ သည်နေ့သည် အမေ၏ အောင်ပွဲနေ့ ဖြစ်၏။ သား၏ အောင်ပွဲနေ့လည်း ဖြစ်၏။ ထိုနေ့ကား စက်တင်ဘာလ ၈ ရက်၊ ကမ္ဘာ့ စာမတတ်သူများ ပပျောက်ရေး နေ့ပင် ဖြစ်သတည်း။






# ရိုးရာတပေါင်းပွဲ

နွေအလှကို တေးဖွဲ့ဆို၊
ဥဩတွန်သံချို။

ရွှက်ပျိုနုစိမ်း မြရောင်လိမ်း၊
လေရူးသုန်လို့ယိမ်း။

အေးငြိမ်းသာယာ မိုးတိမ်ပြာ၊
တပေါင်းသည်ချိန်ခါ။

နေခြည်ဖြာလို့ ထိန်ထိန်လင်း၊
ရွှေရည်သွန်သို့ဝင်း။

ကြူကြူသင်းတဲ့ သရဖီ၊
ဖူးကြပွင့်ကြပြီ။

စေတီသဲစု အလေးပြု၊
ပွဲတော်နွေရတု။

ပေါင်းစုညီညာ၊ ကောင်းမှုဖြာ၊
အိုးစည်ဗုံမောင်းသာ။

ပျော်ကာရွှင်ကာ ကခုန်နွဲ့၊
မြန်မာ့ရိုးရာ တပေါင်းပွဲ။ ။

ဗန္ဓုရဝင်း


R. 517

# စာဘုန်းကြီး



သာယာ ချိုအေးစွာ မြည်ကြွေးတတ်သော စာဘုန်းကြီးသည် များလှစွာသော စာအမျိုးမျိုးတွင် တမျိုးအပါအဝင်ဖြစ်သည်။ လယ်ကွင်းများ၊ ကိုင်းတောများ၌ ကျက်စားလေ့ရှိ၍ စာဘုန်းကြီး၏ အစာမှာ မြက်၊ သစ်စေ့၊ အသီးအနှံများဖြစ်သည်။ သူ၏အမောက်မှာညို၍ ကျောနှင့် တင်ပါးမည်းကာ အောက်ပိုင်း ညိုမည်းသည်။ ကိုယ်အလျားမှာ ခြောက်လက်မခန့်သာ ရှိ၏။

မိုးဥတုတွင် စာဘုန်းကြီး ငှက်ကလေးများပေါက်ပွားသည်။ အသိုက်ကို ဆူးပင် သို့မဟုတ် ပရွက်ဆိတ်အုံ အနီးအနားတို့တွင် မြက်၊ ဝါးရွက်၊ သစ်ခေါက်၊ သစ်ကိုင်းခြောက်များဖြင့် မြှုလုပ်လေ့ရှိသည်။ ယင်းတို့၏ဥမှာ ပျမ်းမျှအလျား ၀.၇၉ လက်မနှင့် ပြက် ၀.၅၄ လက်မ ရှိသည်။ တမြုံလျှင် နှစ်ဥမှ သုံးဥအထိ ရှိတတ်သည်။ ယင်းတို့ကို မြန်မာနိုင်ငံ တောင်ပိုင်း၌ အတွေ့ရများ သည်။



စိုးမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၅ အမှတ် ၁၂

# ရွှေသွေး ဂျာနယ်

၁၃၁၄ ခု တပေါင်းလဆုတ် ၆ ရက် (၂၄-၃-၅၃)



## တော်လှန်ရေးနေ့




မတ်လ ၂၇ ရက်

စနေနေ့တိုင်းထုတ်ဝေသည်။

# ဇော်မလ

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - မရိုးမြင့်




အရပ်ထဲကို ဂျပန်တွေရောက်လာပြီး ---
မပေးနိုင်ဘူး
မပေးဘူး
မပေး ...
မ ....
ညနေဘက်ကိုမြသိန်း အိမ်ပြန်ရောက်တော့....
ဟင် ------
တောက်
ဟင်း
ဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖက်ဆစ်တိုက်ဖျက်ရေး အဖွဲ့တွေ မြို့တိုင်း ရွာတိုင်းမှာ လျှို့ဝှက်စွာဖွဲ့စည်းလျက်ရှိတယ်။


တညမှာ လျှို့ဝှက်တပ်စခန်းမှ သတင်းရတယ်။
...... အရေးကြီးတဲ့ လျှပ်နှလက်နက်တင် တပ်ခွဲတစ်ခွဲ - သူရဲ့သမိန်ရွာ ဘက်က - စစ်တောင်း မြစ်အတိုင်း လာနေတယ် .... တိုင်း - ရှ ဌာနချုပ်က - သတင်းပို့တယ်...
ငပုတွေ စခန်းချမယ့်နေရာကို - တိတိကျကျ ကင်းထောက်ဖို့လိုတယ်...... ပြီးတော့ - လမ်းက ဖြတ်တိုက်ရမယ်...
ကင်းထောက်ဖို့ ကျနော် သွားပါရစေ .... ကျနော့် မြင်း - ဇော်မလ - နဲ့ဆိုယင် မြန်လဲမြန်ပါတယ် ဗိုလ်ကြီး
ကော်င်းပြီ - ရဲဘော် မြတ်စံ တာဝန် ယူပါ.
ဖေ့သီးကြီးရေ့ - တိုင်းမြည်နဲ့ လူမျိုးအတွက် ကြိုးစားလိုက်ပေအုံးကွဲ
အသံသဲ့သဲ့ ကြားသလိုလိုရှိလို့ ---
ကိုမြတ်စံဟာ တော လမ်း အ တိုင်း စစ် တောင်းမြစ်ကမ်းတလျှောက် လိုက်ပြီး ကင်း ထောက်တယ်။
သစ်ပင်ပေါ် တက်ကြည့်တော့ ခပ်လှမ်းလှမ်း - တနေရာမှာ ဖောင့်တခုကို တွေ့ရတယ်။ ဒါနဲ့
မြင်းကို ချုံထဲတနေရာသို့ ခေါ်သွားပြီး အနီး ကပ်နေတဲ့ချုံထဲက ချောင်းကြည့်တယ်။
ဟာ......
အစစ်ပေါ့ - ငပုတွေ တွေ့ပြီ...


စစ်အင်အား လက်နက်အင်အားကိုသိရတော့ ဇော်ဗလထံ သွားပြီး လှုံ့ဆော်ကာ လွှာကန်ခုန်တက်ကာ ဖုန်းမှိုင်းလေတော့ရာ မြင်းခွာသံကြောင့် —
သစ်ပင်ပေါ်က ငှက်တွေ လန့်ပျံကြတဲ့အတွက် တပ် ဆုတ်ရလို့ သွေးပျက်နေတဲ့ ဂျပန်တွေဟာ ရှုတ်ရှတ်သဲသဲဖြစ်ပြီး....
များမကြာမီ ငှက်သံများလဲငြိမ် သေနတ်သံများလဲတိတ်သွားပြီး (ရန်သူမရှိဘူးကောင်းတယ်.... ကောင်းတယ်) ဟူသောအသံကို ကြားလိုက်ရတယ်။
ဝေးလံတဲ့ တောထဲတနေရာမှာတော့ ....
ကိုမြတ်စံဟာ မြင်းပေါ်ကဆင်းပြီး ....
အဲဒီလို အမိန့်ပေးပြီး ကိုမြတ်စံက ချုံတခုထဲသို့ ဝင်သွားခိုက် ဇော်ဗလက ခရီးဆက် သွားလေတယ်။


ဇော်မလဟာ တော်လှန်ရေးတပ်သားတွေ စခန်းချနေတဲ့ နေရာကို ပြန်ရောက်တော့-
ဟီး ဟီး
ဇော်မလက ရှေ့ကနေ ကဆုန်စိုင်းပြီး ပြေးသွားတယ်၊ ရဲတော်တွေက နောက်ကလိုက်ကြတယ်၊
ဟီး ဟီး
ကိုမြတ်စံ လဲနေတဲ့ နေရာရောက်တော့ ဇော်မလက ချုံအကြားမှာရပ်ပြီး မြည်တယ်၊
ရဲဘော်
ရဲဘော်မြတ်စံ
ရဲဘော်မျိုးမြင့်တို့ ချုံထဲဝင်ရှာတော့
ဟာ
ရဲဘော်
ဟော


ရဲဘော် မြတ်စံ၊ ကျနော်တို့လေ၊ သတိထားပါ
အဲဒီလိုဆိုပြီး အသက်ထွက်သွားတော့တယ်။
လက်ထဲမှ စာရွက်ကိုတွေ့လို့ဖတ်ကြည့်တော့ -
ဒီ - ပန်းချီကားထဲက - ဖင်း ဘကြီး - ဦးမြတ်စံ နဲ့ သူ့မြင်း ပါ - ဖက်ဆစ် တော်လှန်ရေးတုန်းက တိုင်းပြည်နဲ့ လူမျိုးအတွက် ကို အသက်ပေးပြီး ဆောင်ရွက်ခဲ့တဲ့ - အညတရ - ရဲဘော် တွေအဲ ပေါ့ကွယ်
မြင်းကြီး ဇော်မလ - ကော ဖေဖေ
သူ့ သခင် ကျဆုံး တဲ့ နေရာမှာဘဲ ဘုံး ဘုံး လဲပြီး သေသွား ရှာတယ် သွား ရယ်
အလေး ပြုပါတယ် ဘကြီးရယ်

# ရာသီဥတုနှင့်မိုးတိမ်


ဆိုးလွင်မြင့်　　ကဆု




မိုးများဒေသမှနေအိမ်

မိုင် ရာပေါင်းများစွာ ကျယ်ပြန့်သည့် ရပ်ဝန်း ဖြစ်သော်လည်း ရက်သတ္တပတ်မှ လများစွာတိုင်အောင် ရာသီဥတု အပြောင်းအလဲ မရှိသော နေရာဒေသ အများအပြား ကမ္ဘာ၌ ရှိပေသည်။ အများအားဖြင့် လေတို့သည် ဒေသတခုတွင် အရပ်မျက်နှာတဖက်တည်းမှ တိုက်ခတ်၍ အပူချိန်လည်း တသမတ်တည်း ဖြစ်ကာ မိုးဥတု၌သာ မိုးရွာတတ်ပေသည်။ သို့သော် ဗြိတိန်နိုင်ငံ၊ ကနေဒါအရှေ့ဖက်ကမ်းခြေနှင့် နယူးဇီလန်တောင်ကျွန်းတို့ကဲ့သို့သော အနောက်လေရရှိသည့် အေးသော ဒေသမျိုးတို့တွင် ရာသီဥတုသည် တနစ်ပတ်လုံး အပြောင်းအလဲ ဖြစ်ပေါ် နေပေသည်။ ပင်လယ်လေလွှမ်းမိုးသော ပူနွေးသည့်မြေထဲပင်လယ်နှင့် အမေရိကန် ပြည်ထောင်စု အနောက်ဖက်ကမ်းခြေဒေသတို့မှာမူ ရာသီဥတုသည် ဆောင်းဥတုတွင်သာ အပြောင်းအလဲဖြစ်ပေါ် သည်။


လေပူနှင့် လေအေးတို့သည် တွေ့ဆုံကြရာ၌ ဝဲဂရက်များ၊ ရာသီဥတု အပြောင်းအလဲများနှင့် တိမ်တိုက်များကို ဖြစ်ပေါ်စေသည်။ ပူနွေးပေါ့ပါးသော လေတို့သည် အေးသော လေ၏ အပေါ်သို့ တက်ရောက်သောအခါ မိုးလေဝသအခေါ် အားဖြင့် နွေးနိုင် လေစိုင်ခဲသည် ဖြစ်ပေါ်လာသည်။ ထိုအခါ နွေးသောလေအချို့သည် တိမ်တိုက်အဖြစ် စုရုံး မိကြသည်။ ကောင်းကင်အမြင့်တွင် အနားစွန်း ညီညာဖြောင့်တန်း၍ ပါးလွှာသောတိမ်တိုက်တို့ကို တွေ့မြင်ရပါက ထိုနွေးနိုင် လေစိုင်ခဲတို့ စတင်ဖြစ်ပေါ် ကြောင်း သိရှိနိုင်ပေသည်။ အဝေး မိုးကုပ်စက်ဝိုင်း၌မူ တိမ်တို့သည်ထူ၍နိမ့်ကာ မိုးလည်း ရွာနေပေမည်။




အေးနိုင်လေစိုင်ခဲ




နွေးနိုင်လေစိုင်ခဲ




မိုးပါးဒေသမှနေအိမ်

လေအေးသည် ပူနွေးသော လေထုကို အောက်မှနေ၍ တိုးဝင် တွန်းတင်လိုက်ရာ၌ မိုးလေဝသအခေါ်အားဖြင့် အေးနိုင်လေစိုင်ဆုံသည် ဖြစ်ပေါ်လာသည်။ လေအေးတို့သည် လေနွေးထုအတွင်းသို့ သပ်ရိုက် သွင်းလိုက်သည့်အလား တိုးဝင်ကာ လေနွေးအချို့ကို မိုးတိမ်အဖြစ် စုရုံးစေ၍ မိုးရွာကျစေသည်။ မိုးတိမ်တို့သည်အထက်သို့ မြင့်၍မြင့်၍ တက်သွားပေရာ မိုးတိတ်သောအခါ၌ ကောင်းကင်ပြင်တွင် မိုးတိမ်တိုက်တို့ ပျောက်သွားပေသည်။ နွေးနိုင်လေစိုင်ဆုံထက် အေးနိုင်လေစိုင်ဆုံသည်ရွာသွန်းမှုအချိန် တိုတောင်းလေသည်။

တခါတရံ အပူပိုင်းဒေသမှ ပူနွေးသောလေစီးကြောင်းနှင့် ဝင်ရိုးစွန်းဒေသမှ အေးသော လေစီးကြောင်းတို့သည် တခုနှင့်တခု တွေ့ဆုံ ဖြတ်သန်းကြရာ၌ အနားသားတို့သည် လှိုင်းထ၍ ကွေ့ကောက်သွားပြီး လေနွေးနှင့်လေအေးစီးကြောင်းတို့သည် တခုနှင့်တခု အပြန်အလှန် ရစ်ပတ်၍ စီးဝင်လေသည်။

ပူနွေးသောလေသည် အေးသော လေထက် ဖိအားနည်းသဖြင့် ယင်းကို လေဖိအားနည်းရပ်ဝန်း သို့မဟုတ် လေချိုင့်တိမ်ဟုလည်း ခေါ်သည်။ တခါတရံ ဆိုင်ကလုန်းဟုလည်း ခေါ်သည်။ လေချိုင့်တိမ်သည် မြောက်ကမ္ဘာခြမ်းတွင် အရှေ့ဖက်သို့ ဦးတည်သွားလာသည်။ နွေးနိုင်လေစိုင်ဆုံ ဖြတ်သန်းရာ၌ မိုးရွာသွန်း၍ လေချိုင့်တိမ်၏ဗဟို ဖြတ်သန်းသည်အထိ မိုးသည်းထန်တတ်ပေသည်။ ထို့နောက် ရာသီဥတုသည် အေးနိုင်လေစိုင်ဆုံကြောင့် ဖြစ်ပေါ်သော ရွာသွန်းမှုအထိ သာယာနေတတ်သည်။ လေတို့သည် လက်ဝဲရစ် တိုက်ခတ်ပြီး လေချိုင့်တိမ် ဖြတ်ကျော်သွားရာ၌ လေကြောင်းတို့လည်း ပြောင်းလဲသွားတော့သည်။ လေချိုင့်တိမ်၏ ဗဟိုအရပ်သည် လေထုအင်အားကြီးမား ပြင်းထန်တတ်သည်။ မြေပြင်မှ လေအေးစီးကြောင်း ဖြတ်တောက်တိုက်ခတ်သော အခါ၌ လေနွေးထုသည် လွင့်တက်သွား၍ လေချိုင့်တိမ်သည် ပျောက်သွားပေသည်။ ထိုဖြတ်၍တိုက်သော လေအေးကြောင့် ဖြစ်ပေါ်လာသော ရပ်ဝန်းကို လေဖိအားကြီးရပ်ဝန်း သို့မဟုတ် အင်တီဆိုင်ကလုန်းဟု ခေါ်သည်။ ထိုလေဝဲ၏ ဗဟို၌လေတို့သည် ပေါ့ပါး၍ မိုးမရွာပေ။ ကြည်လင်တောက်ပသော ကောင်းကင်နှင့် ပူနွေးသောနေ့တို့ကို ဖြစ်ပေါ်စေသည်။



နှင်းကျသောဒေသမှအဆောက်အအုံ


ဓါတ်လမ်းနှင့် သရုပ်ဖေါ်
ရှေးသရောအခါ ကျားနှင့်ဝက်သည် မိတ်ဆွေဖွဲ့၍ အတူတကွ နေကြ၏။
တနေ့တွင် ဝက်ကို စားလို၍—
ကျုပ်ညက သင့်ကိုစားရတယ်လို့အိပ်မက်မက်တယ် ဒါကြောင့်သင့်ကိုကျုပ်က စားထိုက်တယ်
အိပ်မက်ထဲမှာစားရတာနဲ့ အပြင်မှာတကယ်မစား ထိုက်ပါဘူး အဆွေချင်း
ထိုက်တယ်
မထိုက်ဘူး
သူတို့နှစ်ဦးမှာ အငြင်း ပွားနေကြ၍—
နောက်ဆုံးတွင်ဘုရင်ကြီးထံ၌အဆုံး အဖြတ်ခံရန် နှစ်ဦးသား သဘောတူ သွားကြလေ၏။
ကျွန်တော်မျိုး အိပ်မက်ထဲမှာ ဒီ ဝက်ကိုစားရတယ်လို့မက်ပါတယ် ဒါကြောင့်၊တကယ်စားထိုက် မထိုက် အဆုံးအဖြတ်ပေးတော်မူပါ
ထိုစဉ် အနီးတွင်ရှိသော မိဖုရားကြီးက သူလည်း ဝက်သားကို စားလို၍ ဝက်ကြီးမကြားရအောင် တိုးတိုး ပြောလိုက်လေ၏။
အင်း အင်း
အိပ်မက်ထဲမှာစားရယင်အပြင် မှာလဲစားထိုက်တာပေါ့မောင်တော်


ထိုအခါ ဘုရင်ကြီးသည် ခဏကြာမျှ စဉ်းစားပြီးနောက် အမိန့်ချလိုက်လေ၏။
ကျွန်တော်မျိုး အားသနားသဖြင့် သုံးရက်အချိန်ပေးတော်မူပါ၊ သုံးရက်ခဲ့သောနေ့တွင်၊ အမှုကိုချေနေနဲ့ လာကြောက်ထူချေပါမည်အရှင်
အမိန့်တော် အတိုင်းနာခံပါ မည်အရှင်
ဝက်ကြီးသည် တတောဝင် တတောထွက်ဖြင့် ရှာနေလိုက်ရှာရာ သုံးရက်မြောက်သော်လည်း-
ဟော ဟဲ----
ဟော ဟဲ....
ရှာနေမရ၍ စိတ်ညစ်ညစ်ဖြင့် မြေကြီးကို တူးမိ တူးရာ တူးဆွနေမိသောအခါ-
တောင်းပန်ပါတယ်ဗျာ


ကဲ ဒါဖြင့် ဘာမှမပူနဲ့၊ ကျုပ်ပဲ ရှေ့နေလိုက်ပေးမယ်၊ အမှုက ဘယ်လိုအမှုလဲ ကိုဝက်ကြီးရဲ့
အမှုက... ဒီလိုပါ ခင်ဗျာ------
ဝက်ကြီးက ဖားပြုပ်ကို အမှုအကြောင်း ရေလည်အောင် ပြောပြပြီး ဘုရင်ကြီးထံ သွားကြလေ၏။
နန်းတော်ထဲသို့ ရောက် သော အခါ ဖားပြုပ်သည် တုံးလုံးပက်လက်အိပ်နေလေသည်။
ဝေါ ဝေါ ဝေါ
ကဲ ရှေ့နေကြီးက ဝက်ကြီးရဲ့အမှုမှာ ဘယ်လိုလျှောက်လဲချင်သလဲ
မှန်လှပါ၊ ကျွန်တော်မျိုး အိပ်ပျော်သွားပြီး အိပ်မက်ထဲမှာ ကျွန်တော်မျိုးနဲ့ မိဖုရားကြီး ပေါင်းဖော်ရတယ်လို့ အိပ်မက် ဆန်းဖြင့်မက်ပါတယ်-
ဒါကြောင့်မို့ အိပ်မက်ထဲက အတိုင်း မိဖုရားကြီးနဲ့ ကျွန်တော်မျိုးကြီးဟာ တကယ်ပေါင်းလိုက်မလိုက် အမိန့်တော် မြတ်ချမှတ်တော်မူပါ အရှင်မင်းကြီး
ထိုအခါ ဘုရင်ကြီးက အမိန့်ချလိုက်လေသည်။
အသင်ကျားက အိပ်မက်ထဲမှာစားရုံနဲ့ ဝက်ကိုတကယ်မစားလိုက်ဘူး မောင်မင်း----ဟင်းဟင်း
ပြီး

# ငါးမွေးထားသော ဖန်ပုလင်းမှ ရေကို ဘာကြောင့် မကြာခဏ လဲပေးရသနည်း



အိမ်တွင် ငါးလှကလေးများကို ဖန်ပုလင်းတွင်ဖြစ်စေ၊ လေးထောင့် ဖန်သေတ္တာတွင်ဖြစ်စေ အလှမွေးတတ်ကြလေသည်။ ထိုသို့ မွေးရာတွင် ရေကို မကြာခဏလဲပေးရန် သတိပြုရမည်။ ရေကို မေ့၍မလဲမိပါက မွေးထားသောငါးများ သေဆုံးသွားနိုင်သည်။ အကြောင်းမှာ ငါးများသည်လည်း လူများကဲ့သို့ အသက်ရှူရန် လေလိုပေသည်။ လူတို့သည် လေကိုရှူခြင်းဖြင့် အောက်ဆီဂျင်ကို ရလေသည်။ အောက်ဆီဂျင်မရလျှင် သေဆုံးသွားပေမည်။ ငါးများမှာမူ အောက်ဆီဂျင်ကို ရေထဲမှ ရရှိလေသည်။ အောက်ဆီဂျင်ဓာတ်ငွေ့သည် ရေထဲတွင် အနည်းငယ်ပျော်ဝင်နိုင်သည်။ ထိုအနည်းငယ်မျှသော အောက်ဆီဂျင်ကို ငါးများသည် ပါးဟက်များမှ ထုတ်ယူသည်။ ကြာလာလျှင် ရေထဲတွင် အောက်ဆီဂျင် ကုန်ခန်းသွားပေမည်။ ထို့ကြောင့် အောက်ဆီဂျင်ကုန်ခန်းသွားသောရေကို သွန်ပစ်ပြီး ရေသစ်ကို လဲထည့်ပေးခြင်းဖြင့် ငါးများ အောက်ဆီဂျင်ကို ဆက်လက်ရရှိနိုင်ပေသည်။ ရေမှော် ရေညှိနှင့် ကျောက်ခက်ပင်များကို ထည့်ပေးခြင်းဖြင့် ငါးများအတွက် အောက်ဆီဂျင်ကို ပိုမိုရရှိသည့်အပြင် ငါးများစားသုံးရန် အစာအဖြစ်လည်း အသုံးပြုနိုင်ပေသည်။ အပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ကိုရှူသွင်းပြီး အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်ပေးသည်။

တင့်လှဦး



နီ၊ ဝါ၊ လိမ်မော်နှင့် အစိမ်းရောင်ခြယ်ပါ။

# ဝမ်းနည်းဝမ်းသာ

ဒေါက်တာလဝန်း



အောင် ဘော် သည် အိမ်နောက် ဖက် သို့ ထွက် ခဲ့ ၏။ ကစွန်းညွန့်များကိုမြင်လျှင် သူ စိတ်ကူးနှင့် မြူးနေ၏။

"ဒီ ကစွန်းခင်းက ရောင်းရသမျှပိုက်ဆံကိုစုပြီး ကျောင်းလုံချည်စိမ်းတထည် ဝယ်ရမယ်။ ငါ့လုံချည်လေးက ဟောင်းနေပြီ မဟုတ်လား။ ငွေမလောက်ယင်တော့ အမေ့ကို စိုက်ခိုင်းရ မှာ ဘဲ လေ" ဟု တွေး ရင်း အောင်တော်သည် ကစွန်းရွက်ဘိုး ရမည့်ငွေကို မှန်းဆကြည့်၏။ ဤကစွန်းခင်းမှ နေ့စဉ် တမတ်ငါးမူး စသည်ဖြင့် သူ့စုဗူးထဲသို့ မပြတ်ဝင်နေပြီမဟုတ်ပါလော။

အောင် ဘော် သည် မနက်ဖြန် ဈေးပို့ရန် ကစွန်းရွက်များ လိုက်ခူးသည်။ ကစွန်းရွက်ခူးပြီးသော် အိမ်ပေါ်သို့ တက်ခဲ့၏။ သူ့မေမေသည် ဆေးလိပ်ဗန်းကို ဖယ်၍ ကစွန်းရွက်များကို ယူစည်းသည်။

"ဒါအားလုံး ဘယ်လောက်ဘိုးရှိမှာလဲအမေ"

"ဒါဆို တကျပ်ဘိုးလောက် ရတာပေါ့သားရယ်"

ထိုအခါ အောင်ဘော်သည် တစုံတခုကို စဉ်းစားမိ၏။ "အခု ငါ့စုဗူးထဲမှာ ငွေ ငါးကျပ်နီးပါးရှိနေပြီ။ မနက်ဖြန် အမေ ဈေးကပြန်လာလို့ ငွေတကျပ်ထပ် ရ ယင် ငါ့ လုံ ချည် ဘိုး ရ အောင် အလွန်ဆုံးနှစ်ပတ်ကြာကြာဘဲ စောင့်ရတော့မယ်"

အောင်ဘော်သည် အပျော်ကြီး ပျော်နေ၏။

နောက် တ နေ့ ကျောင်းဆင်း ၍ အိမ် သို့ ရောက် လျှင် အောင်ဘော်သည် သူ့မေမေဆီသို့ ပြေးဝင်သွား၏။

"အမေ သားအတွက် ဈေးဘိုးဘယ်လောက်ရလဲ ဟင်"

အောင်ဘော်က စိတ်အားထက်သန်စွာ မေးလိုက်၏။

သူ့မေမေသည် ငွေတကျပ် ထုတ်ပေးရင်း စိတ်မကောင်းစွာ ဆို၏။

"သား - မင်းဘာမှ စိတ်မကောင်း မဖြစ်နဲ့နော်။ အမေ သားကို ပြောစရာ တခုရှိလို့"

"ဟင် - ဘာများလဲ အမေရယ်၊ ဘာဖြစ်လို့လဲ ဟင်၊ ပြောမှာ ပြောပါအမေ"

သူ့မေမေ ပြောမည့်စကားကို အောင်ဘော် အလွန်ကြားချင်နေ၏။

"နေ့လယ်က ဘကြီးသာရင်ရဲ့ နွားတွေလွတ်လာပြီး ဝင်မွှေသွားလို့ သားရဲ့ ကစွန်းခင်း...."

"ဟင် - ကျွန်တော့် ကစွန်းခင်းလေး ကုန်ပြီလား အမေ။ ဖြစ်မှဖြစ်ရလေ အမေရယ်....၊ အဲဒီတော့ ဘကြီး သာရင်က ဘာပြောသလဲအမေ။ အမေက ကော ဘာမှ မပြောလိုက်ဘူးလား"

"ဘယ်ပြောလို့ ကောင်းပါ့မလဲသားရယ်။ မင်း သိ တဲ့ အတိုင်း အမေတို့ အကူအညီလို

ယင် ဘကြီးသာရင်ကိုဘဲ အားကိုးနေရတယ် မဟုတ်လား”

သူ့အမေက အကျိုးအကြောင်း ပြောပြသည်။

“ကဲ - အမေ၊ ကျွန်တော်အခုဘဲ ဘကြီးသာရင်တို့ အိမ်ကို သွားအုံးမယ်”

အောင်ဘော်သည် ကစွန်းခင်းကို မျှော်ကြည့်ပြီးနောက် ဘကြီးသာရင်အိမ်ဖက်သို့ ထွက်ခဲ့လေ၏။

“ဘကြီးသာရင်၊ ဗျို့ဘကြီးသာရင်”

“အော် .... ငအောင်လား။ လာလေကွာ။ ဘာကိစ္စတုန်း”

အောင်ဘော်သည် ဘကြီးသာရင်အိမ်ပေါ်သို့ တက်ခဲ့၏။

“ဘကြီး နွားတွေ ဖျက်စီးပစ်လို့ ကျွန်တော့် ကစွန်းခင်းလေး ပျက်သွားပြီဗျ”

“အေးလေ - ငါလဲဘဲ စိတ်မကောင်းပါဘူး ငအောင်ရယ်....၊ ဒါနဲ့ မင့်အမေပြောတော့ ဒီ ကစွန်းခင်းက မင်း စိုက်ထားတာဆို။ ဟုတ်လား”

“ဒါပေါ့ ဘကြီးသာရင်ရ။ ခုတော့ ကျွန်တော့်ကစွန်းခင်း တော်တော်နဲ့ တက်ပါအုံးမလားဗျ။ ဒီကစွန်းက ဈေးအမြဲပို့နေရတာ”

“မအေးပါကွာ - ဒို့လဲ အမှတ်တမဲ့နေမိလို့ ခုလို ဖြစ်သွားရတာပါ”

“ဒါဘဲ။ နောက်ကို ဘကြီး နွားတွေ ဂရုစိုက်ပါဗျာ။ ကဲ ကျွန်တော်ပြန်မယ်”

ဘကြီးသာရင် စိတ်မကောင်း ဖြစ်နေမည်ကို အောင်ဘော်တွေးမိသေး၏။ သို့သော် သူ ဘာမျှ မတတ်နိုင်တော့ပြီ။ အောင်ဘော်သည် သူပြောချင်တာကို ပြောလိုက်ရသဖြင့် စိတ်ကျေနပ်သွား၏။

မိုးချုပ်လေပြီ။ အိမ်ရှေ့က ဘကြီးသာရင် အသံ ကြားရသည်ဟု အောင်ဘော်ထင်မိ၏။ သူသည် အခန်းထဲတွင် စိတ်ပျက်စွာ အိပ်နေသည်။

မကြာမီ သူ့အနီးသို့ သူ့မေမေ ရောက်လာ၏။

“သား - လူလေး ထပါအုံးကွဲ့။ ခုဘဲ ဘကြီးသာရင် လာသွားတယ်။ မင်းညနေက စိတ်မကောင်းဖြစ်နေမှန်းသိလို့ လာတာ။ မဟုတ်မခံတတ်တဲ့ မင်းရဲ့ စိတ်ဓာတ်ကိုလဲ သူသဘောကျတယ်လို့ ပြောသွားတယ်။ ရော့၊ ဒီမှာမင်းဘို့ ငွေတဆယ် အတင်းပေးသွားတယ်။ အမေ လက်မခံဘဲ ညင်းတာ မရဘူး။ ကဲ - သားရယ် ဘကြီး သာရင် စိတ်ချမ်းသာသွားအောင် ယူလိုက်ပါကွယ်”

သူ့မေမေသည် အောင်ဘော်အား ပြုံးပြုံးကြီး ကြည့်ရင်းဆို၏။

အောင်ဘော်သည် တခါမျှ မကြုံစဘူး ဝမ်းနည်းဝမ်းသာ ဖြစ်နေမိလေသတည်း။

## တော်လှန်ရေးနွေ


တထောင့်ကိုးရာ
လေးဆယ့်ငါး၊
လေရှူးသစ်ရွက် ချွေကစား။
တောင်ကြားတောထဲ
မြိုင်အစွန်၊
ဥသြ ခွန်းဆင့်တွန်။
နှစ်ဆယ့်ခုနှ် တို့မတ်လ၊
တော်လှန်ရေးကိုစ။
တေဇဗိုလ်ချုပ်
ခေါင်းဆောင်တင်၊
ဖက်ဆစ်ဂျပန်နှင်။
ပါဝင်ကြိုးစား တိုင်းရင်းသား၊
အားလုံး ညီနောင်များ။
ပြောက်ကျားရဲဘော်
တပ်မတော်၊
ပြည်သူ့တပ်မတော်။
တောင်ပေါ် မြေပြန့်
ခြားမကန့်၊
အောင်ပွဲကမ္ဘာ့ပျံ့။ ။

စန္ဒာမြင့်



R. 517

# မြီးညှောင့်ငှက်



မြီးညှောင့်ငှက်သည် ရာသီဥတုကိုလိုက်၍ အရောင်ပြောင်းလဲတတ်သော ငှက်ဖြစ်၍ သူ၏ ရှည်လျားသောအမြီးကို အမြဲလှုပ်နေသောကြောင့် မြီးညှောင့်ငှက်ဟု တွင်လေသည်။

မြီးညှောင့်ငှက်သည် ပုံသန်းနေရင်း အော်တတ်သည်။ ရေအိုင်၊ စမ်းချောင်း အနီးအနားတွင် အအုပ်အသင်းဖြင့် သွားလာနေသည့်အခါ လျင်မြန်ဖြတ်လတ်စွာ လမ်းလျှောက်တတ်သည်။ ခေါင်းကို ရှေ့တိုးနောက်ဆုတ် လုပ်တတ်သည်။ သစ်ပင်ပေါ်မှာထက် တန်တားလက်ရမ်းများ ပေါ်တွင် နားလေ့ ရှိ၏။ ယင်းတို့ စားသောက်သော အစာမှာ ပိုးမွှားများ ဖြစ်သည်။

မြန်မာနိုင်ငံ၌ တွေ့ရသော မြီးညှောင့်ငှက်များမှာ ဒေသပြောင်းရွှေ့တတ်သော ငှက်မျိုးဖြစ်၍ ဆောင်းရာသီ၌သာ ရောက်ရှိလာတတ်သော ဧည့်သည်ငှက်များ ဖြစ်လေသည်။

စိုးမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။




# ရွှေသွေး ဂျာနယ်

၁၃၃၄ ခု၊ တပေါင်းလဆုတ် ၁၃ ရက် (၃၁-၃-၇၃)




စနေနေ့တိုင်းထုတ်ဝေသည်။




နောက်တနေ့ နံနက်—
မြန်မြန်သွားပါရှင်၊ ရထား မမှီဘဲနေဦးမယ်၊
မှီပါတယ်ကွာ၊ မင်းတို့ကတော့ တကဲ၊
အမယ်လေး—ရထားကို မှီရုံလေးကွဲ ရှိတယ်၊ အရေး မကြီးဘူး၊ မှီဖို့ပြီးတာကွဲ၊
သို့နှင့်
အင်း—ကိုမြန်ဆန်တို့ မြို့တော်ရောက်ပါပြီ၊ ကိုမြန်ဆန်တို့ အိမ်ကို ... တာကွဲ ကောင်းပါတယ်၊
ကိုမြန်ဆန်တို့ မြို့သူမြို့သားတွေ ကြည့်ကြတာ သေပြဲ ... ကြည့်ကြတာ တယ်မိုက်တာကွဲ၊ မြို့လေးကလည်း သိပ်သန့်ရှင်းတာကွဲ၊
အင်း—ကိုမြန်ဆန်တို့ အိမ်လေးကလဲ သေသေ သပ်သပ်နဲ့ ကြည့်လို့ အတော်ကောင်းတာကွဲ၊
အလို—ကို ... —လာဟ—လာ—လာ—




နောက်တစ်နေ့ နံနက်-
ခေါ ခေါ ခေါ
ထတော့ ကိုဇွေးကျွေး- ခုနစ်နာရီထိုးပြီ
ဒေါက် ဒေါက်
အင်း-ထ တာပေါ့-
ခုနစ်နာရီ ခွဲနေပြီ-ထတော့လေ ကိုဇွေးကျွေး-
အင်း-အင်း-
ခေါ- ခေါ-
ဟဲ-တယ်မွှေးတဲ့ ယမင်းကြော်လေး ပါလား၊ မဖြစ်ဘူး၊ မြန်မြန် အဝတ်အစားလဲပြီး သွားစားမှကွ၊
သို့ သော်-





# ခေါင်းဆောင်း





ဦးထုပ် ခေါင်းဆောင်း စွပ်သည့် အလေ့အထကို ၁၈ ရာစုနှစ်ခန့်က စတင် ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။ ဦးထုပ်ဆောင်းခြင်း၏ မူလအကြောင်းမှာ ပူလွန်း အေးလွန်းသော ရာသီဥတုဒဏ်ကို ကာကွယ်ရန် ဖြစ်ခဲ့၏။ နောက်မှ ချွတ်တွင် အသုံးပြုတတ်လာကြဟန် ရှိသည်။

ကမ္ဘာ့မြောက်စွန်းပိုင်း ဂရင်းလန်းကျွန်းနေ အက်စကီးမိုးတို့သည် လွန်ကဲသော အအေးဒဏ်ကို ခံနိုင်ရန် သားမွေးခေါင်းစွပ် စွပ်ထားလေ့ရှိကြ၏။ ထိုနည်းတူ ဆိုက်ဗီးရီးယား၊ ရုရှ၊ ကနေဒါနှင့် ကမ္ဘာ့ အအေးပိုင်းဒေသများ၌လည်း သားမွေးဦးထုပ် ဆောင်းလေ့ရှိကြသည်။




သားမွေးဦးထုပ်ဆောင်းလျက် လာရောက်ခဲ့ကြသော အင်္ဂလိပ်၊ ပြင်သစ်များကို အစွဲပြုကာ ဥရောပတိုက်သားများကို ''သိုးဆောင်း'' လူမျိုးဟု မြန်မာများက ခေါ်ဝေါ်ကြခြင်းဖြစ်၏။ မြန်မာ အမိုးအိုအချို့ ဆောင်းတွင်း၌ သိုးမွေးခေါင်းစွပ် စွပ်ထားလေ့ရှိသည်ကို တွေ့မြင်နိုင်၏။ ခရီးသွားရာ၌ ဖြစ်စေ၊ လုပ်ငန်းခွင်၌ဖြစ်စေ၊ ရာသီဥတုဒဏ်ကို ခံနိုင်ရန်အပြင်၊ မတော်တဆအန္တရာယ်ကို ကာကွယ်နိုင်ရန် ဦးထုပ်ဆောင်းလေ့ ရှိကြရာမှ၊ စစ်ဦးထုပ်၊ စစ်သံခမောက်၊ မီးသတ်သမား ခမောက်၊ ကုန်တင်ကုန်ချ လုပ်သား များနှင့် ကျောက်မီးသွေး တွင်းတူးသမားများ၏သံခမောက်များ၊စက်ရုံ လုပ်သားများ၏ သံ (သို့မဟုတ်)

ပြုစုသရုပ်ဖော်







ဖိုက်မာခမောက်များ၊ လယ်သမားများ၏ ဝါးခမောက်များ၊ ခွဲစိတ်ကုသခန်း ဆရာဝန်နှင့် သူနာပြုဦးထုပ် စသည်များ ပေါ်ပေါက်လာရခြင်းဖြစ်၏။

ထို့အပြင် ဝတ်စား ဆင်ယင်မှုတွင် တင့်တယ်လှပမှုအတွက်လည်း ကျား မ ကလေးများပါ ဦးထုပ်လှလှများ ဆောင်းစွပ်ဆင်မြန်းလေ့ရှိကြပြီး၊ ရာထူး ဌာနန္တရအလိုက် ကွဲပြား ခြားနားစေရန်လည်း လူမျိုး ဘာသာအလိုက် သတ်မှတ်ထားသော ဦးထုပ် ခေါင်းဆောင်းများ ရှိ၏။ အင်္ဂလန်နိုင်ငံတွင် ဘုရင်သည် သရဖူ၊ ပုပ်ရဟန်းမင်းကြီးသည် မိုက်တာခေါ် ခေါင်းစွပ် မြင့်မြင့်ကြီးဆောင်း၍၊ လူကြီးလူကောင်းများကမင်းပွဲ စိုးပွဲတွင် ပိုးဦးထုပ်အမြင့်ကြီးများကို ဆောင်းကြသည်။ မြန်မာနှင့် ယိုးဒယားဘုရင်များအဖို့ မကိုဋ်သည် အထွတ်အမြတ်ထားသည့် ဦးထုပ်တမျိုးဖြစ်၍၊ မှူးကြီးမတ်ကြီးများက ဓောင်းခေါ် ကတ္တီပါရွှေကွပ် ဦးထုပ်ကြီးများကို၎င်း၊ စစ်သူကြီးများက မောက်ရူကို၎င်း၊ ရဲမက်များက မောက်တိုကို၎င်း ဆောင်းကြသည်။ ရသေ့ဆောင်းသည့် သားရေဦးထုပ်ပြားကြီးကို ဒေါက်ချာဟု ခေါ်၏။ ယနေ့ မြန်မာနိုင်ငံတွင် ကျောင်းသားများ တန်ဖိုးထားကြသည်မှာ လူရည်ချွန် ဦးထုပ်ဖြစ်၏။ တက္ကသိုလ်ဘွဲ့နှင်းသဘင်၌ ဘွဲ့ယူဝတ်စုံ ဝတ်ပြီးလျှင် ဦးထုပ်သော်၎င်း၊ ခေါင်းပေါင်း သော်၎င်း တခုခု ဆောင်းရ၏။ နီပေါ(ဂေါ်ရခါး) အမျိုးသမီးများသည် ပန်းသီ ရွှေချ ဦးထုပ်တမျိုးကို ရာသက်ပန် ဆောင်းထားပြီးနောက် သမီးဖြစ်သူသို့ ဆက်လက်၍ အမွေသဘော ပေးအပ်လေ့ရှိ၏။

ယခုအခါ လူတိုင်းလို ဦးထုပ်ချွတ်၍ အလေးပြုခြင်းဖြင့် ယဉ်ကျေးမှု ရှိသေမှု ပြကြ၏။ ဦးထုပ်ယဉ်ကျေးမှုကား မရပ်မနား ထွန်းကားဆဲဖြစ်လေသည်။



မောင်ညစ်ပတ်
အကြောင်း
ဟိုရှေးရှေးတုန်းက မောင်တိုးလို့ခေါ်တဲ့ ကောင်လေးတယောက်ရှိတယ်။ သူဟာ ဘယ်တော့မှ ရေမချိုးချင်ဘူးတဲ့။
သူ့ကို ရေချိုးဖို့ အတင်းဆွဲခေါ်ကြတယ်။
လာခဲ့စမ်း ရေချိုးရမယ်
ဗျာ
ဒါပေမဲ့ သူက အတင်းရုန်းထွက်ပြေးတယ်။
သွား သွား - ရေချိုးဖို့ မလိုပါဘူး
ကြည့်စမ်းပါအုံး၊ အပြင်ထွက် လမ်းလျှောက်မလို့တဲ့။ သူ့လက်တွေဟာ ညစ်ပေလို့၊ ပါးတဖက်က မင်တွေပေလို့၊ ဟိုဖက်ပါးမှာလဲ ရောင်စုံခြယ်ဆေးတွေပေလို့၊ အဲဒီမနက်က သူဟာ ပန်းချီဆွဲတယ်ဆိုဘဲ။
လမ်းမှာ သူနဲ့သိတဲ့ ကောင်မလေးတယောက်နဲ့ တွေ့တော့ ကောင်မလေးက သူ့ကို မမှတ်မိဘူး။
မေမေ၊ ဟိုမှာ လာနေတာ ဘာကောင်ကြီးလဲ
မေမေလဲ မသိဘူး၊ ဒို့၊ ဟိုဖက်ကို ကျော်ပြီး လျှောက်ကြမယ်
ဗုတ်ကောက်နဲ့ လမ်းလျှောက်နေတဲ့ အဖိုးကြီးတယောက်ကလဲ သူ့ကိုတွေ့တယ်ဆိုယင် မျက်မှန်ကိုချွတ်ပြီး တအံ့တဩ ကြည့်တယ်။
?
ဟီး ဟီး
ဟင်


နောက်တော့ ရှောင်ပြေးပါလေရော။
သူ့နဲ့ ရင်ဆိုင်မောင်းလာတဲ့ ကားတစီးဟာ ချက်ချင်း ရပ်သွားပြီး တဖက်ကို ချိုးကွေ့သွားတယ်။
ဘာကောင် မှန်းမသိဘူး
လမ်းပေါ်က ရဲသားကြီးဟာ မောင်တိုးကို မြင်တာနဲ့တပြိုင်နက်....
စခန်းမှူးက မီးသတ်ကို ချက်ချင်း အကြောင်း ကြားလိုက်တယ်။
မီးသတ်
ကလင် ကလင်


မီးသတ်ရဲဘော်တွေဟာ အသင့်ရှိနေတဲ့ မီးသတ်ကားတွေနဲ့ ထွက်ခွါလာကြပြီး....
မီးသတ်ဗိုလ်ကြီးဟာ အမိန့်ပေးရင်း မှေ့လဲသွားတော့တယ်။
ရေပိုက်တွေဖွင့်ပြီး ပက်—
ပက်— ပက်
မီးသတ်ရဲဘော်တွေ ရေနဲ့ ပက်ဆေးလိုက်တော့မှ လမ်းလယ်မှာရပ်နေတဲ့ မောင်တိုးဟာ တကိုယ်လုံး သန့်ရှင်းသွားပြီး သူဟာ သာမန် ကောင်လေးတယောက်ဖြစ်မှန်း လူတွေက သိလာတယ်။
မောင်တိုးကိုယ်မှ ထွက်သွားတဲ့ ရောင်စုံဆေးရည်တွေကို ခလေးတွေကယူပြီး ပန်းချီဆွဲကြတယ်ဆိုဘဲ။
အခုတော့ ခလေးတွေအားလုံး မောင်တိုးနဲ့ အတူ ကစားချင်ကြပြီ။ ရေခဲမုံ့သည်ကြီးက တောင် သူ့ကို ရေခဲချောင်း လက်ဆောင်ပေးသေးတယ်၊
ပြီး


## ထီးတွင် ဘာ့ကြောင့် ပိတ်နက်ကို အသုံးပြုရသနည်း



ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကို မိုးရေမစိုစေရန်နှင့် နေပူဒဏ်မှ ကာကွယ်ရန် ထီးကို အသုံးပြုကြသည်။ အများအားဖြင့် ထီးကို ပိတ်နက်ဖြင့် ပြုလုပ်ကြသည်။ အနက်ရောင်သည် ရှိသမျှ အရောင်များထဲတွင် အပူနှင့် အလင်းရောင် အများဆုံး စုတ်ယူထားနိုင်သော အစွမ်းသတ္တိ ရှိသည်။ ထို့ကြောင့် ပိတ်နက်ထီးကို နေပူတွင် ဆောင်းထားပါက ပိတ်နက်သည် နေရောင်ခြည်မှ အပူနှင့် အလင်းရောင်ကို စုတ်ယူလိုက်သောကြောင့် ကျွန်ုပ်တို့သည် အပူဒဏ်ကို များစွာ မခံစားရတော့ပေ။ အခြားအရောင်နှင့်ထီးများမှာ ပိတ်နက်ထီးလောက် ကာကွယ်နိုင်စွမ်း မရှိပေ။ ထို့ကြောင့် အရောင်နှင့်ထီးများကို အပူဒဏ်ကာကွယ်ရန်ထက် အလှကိုင်အတွက်သာ အသုံးများလေသည်။

တင်လှဦး

## လက်ချောင်းပြဇာတ် ကရအောင်



# ကြိုးစားတော့မယ်

အပြုံး (မနော)



"ဘရန်ဆိုင်း"သည် ဒုတိယတန်း ကျောင်းသားလေး ဖြစ်သည်။ သူသည် ဂျင်းဖော့အမျိုးသား ကလေး တစ်ယောက် ဖြစ်သည်။ ဘာ မြန်မာစာ မကျက်ချင်၊ မြန်မာစာကို အလွန်စိတ်ပျက်သည်။ ဆရာမကလည်း သူ့စာမရလျှင် အပြစ် ပေးသည်။ ဂဏန်း မတွက်လျှင်လည်း ဆူသည်။ ဘရန်ဆိုင်း ကျောင်းပင် မနေချင်တော့။ တောင်ယာကို သာ သွားချင်သည်။

သည်လိုနှင့် ဘရန်ဆိုင်း စာမရသဖြင့် ဆရာမက အတန်းရှေ့တွင် မတ်တတ် ရပ်ခိုင်းထားသည်။ အတန်း သား များ ကို ဘရန်ဆိုင်း မကြည့်ဝံ့။ ရှက်သည်။ ဆရာမကို မုန်းသည်။

ထို့ကြောင့် နေ့လယ် ကျောင်း ဆင်း ချိန် တွင် ဘရန် ဆိုင်း အခန်းထောင့် တနေရာ တွင် ထိုင်နေသည်။

"ဆရာမကို ငါ မချစ်ဘူး။ စာမရယင်လဲ ဒဏ်ပေးတယ်။ ဂဏန်း မရယင်လဲ ဆူတယ်။ အားကြီးဆိုးတယ်။ နောက်ကို သူပေးတဲ့ စာတွေ မကျက်ဘူး။ ဂဏန်းလဲ မတွက်တော့ဘူး" ဟု ဘရန်ဆိုင်း တ ယောက် ထည်း ပြောနေသည်။

ဘရန်ဆိုင်း နေမကောင်း၍ ကျောင်း နှစ် ရက် ပျက် သွား သည်။ နေပြန်ကောင်းလာသည် ကို ဘရန်ဆိုင်း ပျော်မိသည်။ သူ ချစ် သော တောင် ယာ သို့ လည်း သွား ရ ပေ တော့ မည်။ တောင်ယာသို့ ရောက်လျှင် ပိန်းတော့ အများကြီးကောက်မည်။ ပလိုင်းအပြည့် ထည့်၍ ပြန်ခဲ့မည်။ တောထဲ သို့ လည်း လျှောက်လည်မည်ဟု တွေးရင်း ဘရန်ဆိုင်း ပျော်မိသည်။

ဘ ရန် ဆိုင်း ကျောင်း ကို တော့ မသွားချင်။ ကျောင်း ရက်ပျက်ထားသဖြင့် ဆရာမကို ဘရန်ဆိုင်းကြောက်သည်။ ခွင့်စာမတိုင်မိသဖြင့် ပို၍ကြောက် မိသည်။ ဒါပေမဲ့ ဘရန်ဆိုင်း ကျောင်းသို့လာရသည်။ ကျောင်းမသွားလျှင် "အနူး" က ရိုက်ပေမည်။ အနူး ရိုက်မှာကို တော့ စိုးရိမ်သည်။ ဆရာမ ရိုက် သည်က မနာသော်လည်း အနူး ရိုက်သည်က သိပ်နာသည်။ ထို့ ကြောင့် ဘရန်ဆိုင်း ကျောင်း သို့ လာခဲ့ရသည်။

ဆရာမက မြန်မာစာကို ရှင်းပြသည်။ ရှင်းပြ ပြီးသောအခါ လက်ရေးလှရေး၍ ပြစေသည်။ ဘ ရန် ဆိုင်း သည် လက်ရေးလှ ရေးပြီး ဆရာမအနီးသို့ မဝံ့မရဲ တိုးကပ်သွားသည်။ ဆရာမက ကျောင်းသားများ၏ စာအုပ်ကို စစ်ရင်း ဘရန်ဆိုင်းကို မြင်သွား သည်။

"အို - ဘ ရန် ဆိုင်း လေး ပါ လား။ အခု နေကောင်းသွားပြီ လား။ နောက်နေမကောင်းယင် ခွင့်တိုင်နော်။ ဟုတ်လား"

ဆရာမက စကားပြောရင်း ဘ ရန် ဆိုင်း မျက် နှာ လေး ကို ကြည့်လိုက်သည်။ ဘရန်ဆိုင်း၏

ပါးဖောင်းဖောင်းလေးကို ဆရာမ မြင်သွားသည်။

"ဟင် - ဘရန်ဆိုင်း၊ ပါး ယောင်နေတာလား"

"အေး"

"အိုး - အဲလို မပြောရဘူး လေ။ ဟုတ်ကဲ့လို့ ပြောရတယ် သိလား။ ဘရန်ဆိုင်းက ပါး ဖောင်းဖောင်းလေးနဲ့ ဆိုတော့ သိပ်ချစ်စရာကောင်းတာဘဲ"

ဆရာမက ဘရန်ဆိုင်းအား ကြင်နာစွာ ကြည့်ရင်း သူ့ ပါး လေးကို လက်ဖြင့် စမ်းကြည့် သည်။ ဘရန်ဆိုင်းက ဝမ်းနည်း၍ မျက်ရည် ဝိုင်းလျက်၊ ဘရန် ဆိုင်း မျက်ရည်ဝိုင်းလာသည်ကို ဆရာမ မြင်သွားလေသည်။

"ဆရာမကိုင်လိုက်တာ သိပ် နာသွား လို့ လား ဟင်။ ဆေး ကော လိမ်းရဲ့လား။ ဆေးလိမ်း မှ အမြန်ပျောက်မှာ၊ ဆေးလိမ်း နော်"

ဆရာမကပြောရင်း ဘရန် ဆိုင်း စာအုပ်ကို စစ်သည်။

"ဘရန်ဆိုင်း လက်ရေးက အရင်ထက် လှလာတယ်။ ဒီလို မှပေါ့။ အနှုန်းပို လှလှလေး အမြဲ ရေးနော်။ စာလဲ ကြိုးစားနော်။ သိလား။ ဘရန်ဆိုင်းက စာ ကြိုးစားမှာပါ"

ဘရန်ဆိုင်းသည် သူ့ခုံရှိရာ သို့ ပြန်လာခဲ့သည်။ ကျ လုလု မျက်ရည်တို့ကိုလည်း သုတ်လိုက် သည်။ ဘရန်ဆိုင်းက ဆရာမကို ပြန်ကြည့်လိုက်သည်။ထို့နောက် ဘရန်ဆိုင်း တ ယောက် ထည်း တိုးတိုးလေး စကားပြောနေမိ သည်။

"ဆရာမ ရှရီးအိုင်၊ လက် ကာဖုံ့လုခရာကျွဲနာ၊ လက်ရဲစွန် ခ ရာ ကာ နာ၊ လက် ကာ ရှ ကု စနာ"

အဓိပ္ပာယ်ကတော့ ဆရာမ သင်တဲ့စာကို ရအောင် ကျက် မယ်၊ လက်ရေး လှအောင်ရေး မယ်၊ စာကြိုးစားတော့မယ်တဲ့။



# သွေးမော်ကွန်း

ခါနွေဦးရဲ့ ရက်မြတ်ပွန်၊
မတ်လနှစ်ဆဲ့ခွန်။

တိုက်ပွဲဝင် ပြည်သူများ၊
တထောင့်ကိုးရာ လေးဆဲ့ငါး။

ပြည်ချစ်သားက
ခေါင်းဆောင်ကာ၊
ဗိုလ်ချုပ်အောင်ဆန်းပါ။

ပြည်မြန်မာ လွတ်မြောက်ရေး၊
သွေးချွေး အသက်ပေး။

ဖက်ဆစ်သူခိုး ရမ်းကားတာ၊
လူထု မခံပါ။

ညီညီညာ တိုက်ဖျက်ဌား၊
ဖက်ဆစ် ဝေးရာရှား။

နယ်ချဲ့သမား အရင်းရှင်၊
ဒို့စွမ်းအားကို သိစေချင်။

သမိုင်းဝင် သွေးမော်ကွန်း၊
နိုရဲအရောင်တွန်း။ ။

ဒုဋ္ဌဝတီ - မြဲသောင်း



R. 517


# ငှက်ဆတ်



မြန်မာနိုင်ငံရှိ ငှက်များတွင် ငှက်ဆတ်သည် ထင်ရှားသော ငှက်မျိုးဖြစ်၍ အလျား ၁၀ လက်မ ရှိ၏။ ဦးခေါင်းထိပ်တွင် ပြာလဲ့တောက်ပသော အကွက်တခု ရှိသည်။ လှပသော ငှက်မျိုးဖြစ်၍ အသံမှာ ကျယ်လောင် စူးရှ၏။ အစာ စားနေစဉ် သာ ယာ ညှင်း ပျောင်း စွာ အော်တတ်၍ သူ့ကို နှောင့်ယှက်လျှင်မူ စူးစူးရှရှ အော်လေသည်။

ကောင်းစွာ ပျံသန်းနိုင်သော်လည်း မမြန်လှပေ။ ပျံသန်းရင်း ပိုးမွှားများကို ဖမ်းယူစားတတ်၏။ သစ်ပင်ရှိ ရွက်ကြို ရွက်ကြားများမှ ပိုးမွှားများကိုလည်း ရှာဖွေစားသောက်သည်။

ဧပြီလမှ ဩဂုတ်လအတွင်း သားပေါက်သည်။ ဥများမှာ တဥနှင့်တဥ မတူကြပေ။ အချို့မှာ အဖြူသက်သက်ဖြစ်၍ အချို့မှာ အညိုရောင် ရောလျက် အပြောက်အကွက်များ ထနေသည်။ တမြုံလျှင် လေးဥမှ ရှစ်ဥအထိ ရှိသည်။ တဥလျှင် ပျမ်းမျှ အလျား ၁.၀၈ လက်မနှင့် ပြက် ၀.၇၆ လက်မ ရှိသည်။



ငှက်ဆတ်ကို မြန်မာနိုင်ငံ တွင် တောင်ခြေနှင့် သစ်တောများ၌ တွေ့ရသည်။

စိုးမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၅။ အမှတ် ၁၄။

# ရွှေသွေး ဂျာနယ်

၁၃၃၄၊ နှောင်းတန်ခူးလဆန်း ၅ ရက် (၇-၄-၇၂)

## မိုးမိုးလေး၏ လိပ်ပြာတောင်ပံ







စနေနေ့တိုင်း ထုတ်ဝေသည်။



တနေ့တော့ သူဟာ လိပ်ပြာလေးတွေကို လိုက်ပြီး ဖမ်းပြန်တယ်။
ဖမ်းမိတဲ့ လိပ်ပြာလေးတွေကို သံဆန်ကာ လှောင်အိမ်ထဲမှာ ထည့်တယ်။
ပြီးတော့ တောင်ပံတွေ ကျိုးမတတ် လွတ်မြောက်အောင် ပျံသန်းရုန်းကန်နေတဲ့ လိပ်ပြာလေးတွေကို ကြည့်ပြီး အရသာခံနေတယ်။
သူဟာ တောင်ပံ လှလှလေး တွေကို သိပ်သဘောကျတယ်။
တနေ့မှာ လိပ်ပြာ လေးတွေကို လိုက်ဖမ်းရင်း ခလုတ်တိုက် လဲကျပြီး မေ့သွားပါရော။
အဲဒီလို မေ့နေတုန်း စိတ်ကူးယဉ်ထဲမှာ လိပ်ပြာနတ်သမီးလေးပေါ်လာပြီး သူ့အင်္ကျီပေါ်က နှစ်သက်တဲ့ လိပ်ပြာတောင်ပံလှလှလေးတစုံကို သူ့ကိုယ်မှာ တပ်ပေးသွားတယ်။


ဒါပေမဲ့ သူ့ခရီးသာမှုဟာ မကြာပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပင့်ကူအိမ်ကြီးကို ဝင်တိုးမိလို့ပါဘဲ။
ဖိုးဖိုးလေးဟာ မိုးပေါ်ကို ပျံတက်သွားတယ်။ ကျယ်ဝန်းတဲ့ လဟာပြင်ထဲမှာ ပျံသန်းရတာမို့ သိပ်ကိုဝမ်းသာ ကျေနပ်နေတာပေါ့။
လွှတ် မြောက် အောင် ရုန်း ပေမယ့် မရ။ မကြာခင်ဘဲ ပင့်ကူကြီး ရောက်လာပြီး သူ့ကို ရဲတိုက်ကြီးဆီ ခေါ်ဆောင်သွားတယ်။
မနက်ဖြန် နင့်ဦးနှောက် ကို ဖောက်စားမယ်
ဝင်… အချုပ်ခန်းထဲ…



အခန်းထဲရောက်တော့ ပင့်ကူကြီး ဦးနှောက်ဖောက်စားထားလို့ သေနေတဲ့ ပိုးကောင်တွေကို တွေ့ရတယ်။
သူဟာ လွတ်မြောက်ရေးအတွက် နံရံ လေး ဖက်ကို ပျံသန်းတိုးဝှေ့ကြည့်တယ်။
ငါ ပိတ်လှောင်ခဲ့တဲ့ သတ္တဝါလေးတွေလဲ ငါ့လို စိတ်ဆင်းရဲခဲ့ကြမှာဘဲ
ဒါပေမယ့် ထူထဲတဲ့နံရံကြီးတွေ၊ ခိုင်မာတဲ့ တံခါးကြီးတွေကို သူဘယ်လိုမှ မထိုးဖောက်နိုင်ရှာဘူး။ တောင်ပံလေးတွေလဲ မှဲ့ရှိကုန်ပြီ။
နောက်တနေ့မှာ ပင့်ကူကြီးဟာ သူ့ဆီကို ဝင်လာပြီး—
ကဲပေါ့ ဦးနှောက် ဖောက်ရမယ်
ဟုတ်ကဲ့ ဦးနှောက် ကို ကြိုက်သလို ဖောက်ပါ
ဒါပေမယ့် ကျနော့်ကို ရေနွေးပူနဲ့ မလောင်း ပါနဲ့ဗျာ


အရင် အကောင်
တွေနဲ့မတူ
ပါကလား
ရေနွေးမှကြို
ပိုကြောက်သတဲ့
ကောင်းတဲ့ နည်းကို
ရေနွေးမှနဲ့ ဆောင်း
သတ်ရမယ်
ဒီကွဲပါဘဲ
ပင့်ကူကြီး ရေနွေး သွားကျိုနေတုန်း
ဒိုးနိုးလေးက တံခါး အကွယ်ကနေ
စောင့်နေတယ်။ သူ့မှာလဲ အကြံ
နဲ့ပေါ့။
မကြာခင်ဘဲ ပင့်ကူကြီးဟာ ရေနွေးအိုးကြီးကို သယ်လာတယ်။




ပင့်ကူကြီးလဲ ရေနွေးအိုးထဲကို ဦးစိုက်ပြီးကျသွား ရော ဒိုးဒိုးလေးလဲ ''လွတ်ပြီဟေ့'' ဆိုပြီး ဝမ်း သာအားရ အချုပ်ခန်းအပြင်ကို ပြန်ထွက်ခဲ့တယ်။







လေဝင်ပေါက်တွေကလဲ ကျဉ်းမြောင်းတဲ့ အတွက် မထွက်နိုင်ဘူး။ ထုထဲတဲ့ နံရံကြီးတွေကို အတင်း ဝင်ရောက် တိုးဖွေဖြိုဖျက်ပေမယ့် ဘယ်ရမလဲ။ သူတောင်ပံတွေသာ စုတ်ပြဲကုန်တာပေါ့။
ဒီ တောင်ပံလှလှလေးတွေဟာ ကိုယ့်ခြေ ကိုယ့်လက် အားကိုးနိုင်တဲ့ ငါ့ အတွက် မလိုပါဘူး
သွားပေတော့
တောင်ပံတွေ ကျိုးသွား တော့ ကျောကုန်းမှာ နာလို့ အော်လိုက်မိတယ်။
နောက်ဆုံးမှာ တောင်ပံ လေးတွေကို စိတ်နာပြီး ချိုးဖွဲ့ ဆုတ်ဖြဲ ပစ်လိုက်တော့တယ်။
အမှန်တော့ တောင်ပံကျိုးလို့ မဟုတ်ဘူး။ သူမွေးနေ ကုန်း သူ့ကျောကို ပုရွက်ဆိတ်တွေကိုက်လို့ နာတာပါ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ဖိုးဖိုးလေးဟာ နောင်တတော့ ရသွားပါတယ်။
ငါ့ပျော်ရွှင်မှု အတွက် သူတပါးကို ဒုက္ခမပေးတော့ဘူး



# မိုးလေဝသ


စိုးလွင်မြင့်

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်ကပင် ဂရိလူမျိုးတို့သည် မိုးလေဝသကို ကြိုတင်သိရှိနိုင်ရန် ကြိုးစားခဲ့ကြသည်။ သူတို့သည် ရွေ့ရှားနေသောမိုးတိမ်၊ ကောင်းကင်၏အရောင်အဆင်း၊ လေ၏စိုထိုင်းမှုနှင့် လေပြောင်းလဲတိုက်ခတ်ပုံတို့ကို ကြည့်ရှု ခန့်မှန်းခဲ့ကြသည်။ ထိုသို့သော သွင်ပြင်လက္ခဏာနှင့် ပြောင်းလဲမှုတို့ ဖြစ်ပေါ်လာပြီးနောက် မိုးလေဝသသည် တမျိုးတဖုံ ပြောင်းလဲ သွားတတ်ကြောင်းကို သူတို့လေ့လာ မိကြသည်။



အပူချိန်၊ လေထုဖိအား၊ တိုက်လေ၊ မိုး၊ နှင်း၊ နှင်းပွင့်ဖတ် စသည်တို့သည်လည်း မိုးလေဝသနှင့်ပတ်သက်သော လက္ခဏာများပင် ဖြစ်သည်။ အရပ်ဒေသတခုရှိ လေထု၏ အခြေအနေကို တနေ့တာစီအတွက် ထင်ပြခြင်းကို မိုးလေဝသခန့်မှန်းသည်ဟု ခေါ်သည်။ မိုးလေဝသ ပညာရပ်ကို လေထု၏ ရူပဗေဒပညာဟုလည်း ခေါ်ကြသေးသည်။ ဒေသတခု၏ မိုးလေဝသ အခြေအနေသည် ကာလရှည်ကြာ မပြောင်းမလဲ ဖြစ်နေက ယင်းကို ရာသီဥတုဟု ခေါ်သည်။






မိုးတိမ်တို့သည် ကောင်းကင်၌ မြင့်မားနေက မိုးမရွာတတ်ပေ။ ပါးလွှာသည့် တိမ်တို့သည် ကောင်းကင်သို့ မြင့်မားစွာ တက်ရောက်ပြီး နေကို ဖုံးကွယ်တတ်ပေသည်။ ရေခဲပွင့်ကလေးများ ပါဝင်သော ထိုတိမ်မြင့်လွှာတို့သည် နေကို ပတ်လျက် စက်ဝိုင်းသဏ္ဍာန် ဖြစ်ပေါ်နေခြင်းကို နေထီးဆောင်းသည်ဟု ခေါ်သည်။ ထို့အတူ လသည်လည်း ထီးဆောင်းတတ်ပေသည်။ နေ၏ ထီးသည် ကြီးမား ကျယ်ပြန့်လျှင် မကြာမီ မိုးရွာတတ်ပေသည်။



ဝေးသော အရပ်ဒေသမှ ရာသီဥတု အခြေအနေကို သိရှိခြင်းဖြင့် မိမိ နေထိုင်ရာ ဒေသ၏ အခြေအနေကို ပိုမို မှန်ကန်စွာ တွက်ဆနိုင်ကြောင်းကို ၁၈၅၄ ခုနှစ်က ပြင်သစ်လူမျိုး လာဗဲရယေး ဆိုသူက ပထမဦးစွာ စူးစမ်း တွေ့ရှိခဲ့သည်။ ယနေ့ မိုးလေဝသ ခန့်မှန်း တွက်ဆ သူတို့သည် ပင်လယ် ကမ်းရိုးတန်းရှိ မီးပြတိုက်များ၊ ပင်လယ်ကူး သင်္ဘောများ၊ လေယာဉ်ပျံများ၊ ရေဒါများ၊ ဂြိုဟ်တုများနှင့် အခြားနိုင်ငံများမှ ပေးပို့သော မိုးလေဝသ သတင်းများကို ရရှိသည်။ မိုးရေချိန်၊ လေထုဖိအား၊ အပူချိန်၊ လေတိုက်နှုန်း စသည် တို့ကို ကရိယာမျိုးစုံဖြင့် တိုင်းတာရသည်။ အထက်လေကြောင်း တိုင်းတာမှုများကို ဟိုက်ဒရိုဂျင်ဓာတ်ငွေ့သွင်း ပူဖောင်းများကို အထက်သို့လွှတ်၍ မှန်ပြောင်းတမျိုးဖြင့် ကြည့်ရှုတိုင်းတာရသည်။

မြန်မာနိုင်ငံ၌ တနိုင်ငံလုံးမှ ရရှိသည့် မိုးလေဝသတိုင်းတာချက်များနှင့် အခြား နိုင်ငံများ မှ ပေးပို့သည့် တိုင်းတာချက်များကို စုပေါင်း၍ မိုးလေဝသ အခြေပြမြေပုံများတွင် ရေးမှတ်ရသည်။




ကျော်မိုးနှင့် နီတွတ်တို့ ကျောင်းမှအပြန်....
နောက်တနေ့တွင် နီတွတ်သည် အိမ်မှ လက်မှတ် အဟောင်းများကို ယူလာ လျက်
..ကော.. တွေ့တယ် မဟုတ်လား..
နောက်တနေ့တွင် ကျော်မိုးသည် နီတွတ်လုပ်သကဲ့သို့
လက်မှတ်စစ်ကြီးသိသွားသောအခါ....
ဟင်.. ငါ့ကိုဖမ်း တော့မယ်..


ကျနော့်ကိုဖမ်းမလို့လား.. ခင်ဗျား..
ဘယ်ကလာ ဖမ်းရမှာလဲ - ငါ့တူကို လူတွေကအားစီးမယ် ဘာလို့ကားခပေးကြရသလဲ ဆိုတာပြောပြမလို့ကွဲ..
ဒီလိုကွဲ.. ဟဲဒီကါးကြီးတွေကို ဦးတတွေက နိုင်ငံခြားကနေ..ငွေအများကြီး ပေးပြီးဝယ်ထားကြရတာ..ဒါကြောင့်လူတွေကားစီးတဲ့ခါ
ခရီးသွားခအနေနဲ့ ပိုက်ဆံပေးကြရတယ် အဲဒီပိုက်ဆံတွေနဲ့ နောက်ထပ်ကားတွေ အများကြီးဝယ်ကြရတယ်...
ဟိုမှာတွေ့လားကားတစီးမှာလူတွေအများကြီး စီးနေကြရတယ်..အန္တရာယ်ဖြစ်နိုင်တာပေါ့..
ဒါကြောင့်နောက်ထပ်ကားတွေဝယ်နိုင်ပြီး ခရီးသည်တွေ.. သက်တောင့်သက်သာ..စီးနိုင်ဘို့..ခရီးသည်တိုင်းမှာ တာဝန်ရှိတယ် ဒါကြောင့်မို့ လူတိုင်းကားစီးမယ်ဆိုကားခပေးကြရတာပေါ့ ကွဲ နားလည်ပြီလား...
ဟုတ်ကဲ့
ကျော်မိုး၏ အပြန်လမ်းတွင်
ဟို..ဦးလေးကြီး ရှင်းပြတဲ့အတိုင်း ဒီတွတ်ကိုလူမှန်းနားလည်အောင်ရှင်းပြဦးမယ်..

# ပိန်ပိန်နှင့် တုတ်တုတ်

ဇါတ်လမ်း မောင်သဲရာ

ရုပ်ရှည်ကာတွန်း မိုးယဉ်





# အီစွပ်ပုံပြင်များ

မင်းယုဝေ-ပြန်ဆိုသည်

## မြည်းနှင့်လား


တခါသော် လူတယောက်သည် မြည်းတကောင်နှင့် လားတကောင်၏ ကျောများပေါ်တွင် ဝန်စည်များ တင်ဆောင်လျက် ခရီးတခုကို သွား၏၊ မြည်းသည် မြေညီလမ်းကို သွားရသောအခါ ကောင်းစွာ သွားနိုင်၏။ တောင်ကုန်းလမ်းကို သွားရသော အခါ တွင်ကား လားကဲ့သို့ အလေ့အကျင့်မရှိသဖြင့် ပင်ပန်း ခက်ခဲစွာ သွားရ၏။ ထို့ကြောင့် သူက လားအား သူ့ကိုကူညီသောအားဖြင့် သူ့ကျောပေါ်ရှိ ဝန်စည်အချို့ကို ခွဲဝေသယ်ဆောင်ပါရန် တောင်းပန်ပြောဆို၏။ သို့ရာတွင် လားကား မကူညီပေ။

အတန်ကြာသော် မြည်းသည် လွန်စွာ မောဟိုက်လာပြီးလျှင် တောင်ကုန်းလမ်း တခုအဆင်း၌ ခြေချော်လဲကာ သေဆုံးသွားလေသည်။ ဤတွင် သခင်ဖြစ်သူသည် မြည်းကျောပေါ်ရှိ ဝန်စည်များကို လားကျောပေါ်သို့ ပြောင်းရွှေ့တင်၏။ ထို့မှမက မြည်းရေကိုခွာကာ လားကျောပေါ်သို့တင်ပြီးလျှင် အားလုံးကို သယ်ဆောင်စေ၏။

လားသည် ဝန်စည်အားလုံးနှင့် မြည်းရေကို ပင်ပန်းကြီးစွာဖြင့် မချိမဆန့် သယ်ဆောင်ရာမှ "ဩော်–ငါသည် မြည်းကိုသာ ကူညီခဲ့ပါက ယခုကဲ့သို့ ဒုက္ခရောက်ရမည်မဟုတ်၊ ယခုမူကား–ငါ့အပြစ်နှင့် ငါခံနေရလေပြီ တကား"ဟူ၍ ညည်းညူပြောဆိုလိုက်လေ၏။

ဥပဒေသ။ ။သူ့ကို မကူညီလျှင် မိမိလည်း ဒုက္ခရောက်တတ်သည်။

## ပစ်တိုင်းထောင်မဲ့ ကြွက်ငယ်ငယ်



# လုပ်အားတန်ဘိုး

ခင်မောင်အေး <ရတနာ>



ကျမဟာ နှင်းဆီပင်ကလေး ဝယင် ဖြစ်ပါတယ်။ ကျမကို နီလာက ပိုင်ပါတယ်။ ဒါပေမဲ့ နီလာက ကျမကို တကယ်မချစ်ပါဘူး။

ကျမရဲ့ ဘဝဟာ အလှအပ ကင်းမဲ့နေရတဲ့ဘဝပါ။ ကျမရဲ့ ခန္ဓာကိုယ်ဟာ အရောင်အဆင်း မဲ့ခြောက်နေပါတယ်။ စိမ်းလန်းစိုပြေမှု မရှိပါဘူး။ ဘယ်ရှိပါ့မလဲ၊ နေ့ရှိသ၍ နေပူဒဏ်ကို ခံနေရတာကိုး။

နီလာဟာ ကျမကို ရေမလောင်းခဲ့ဘူး။ မြေဩဇာလဲ မချပေးခဲ့ဘူး။ နံနက်ခင်းရဲ့ မြူနှင်းတွေကိုပဲ ကျမ သောက်သုံးခဲ့ရပါတယ်။ ကျမမှာ မြူနှင်းတွေရဲ့အသက်ပဲရှိပါတယ်။ ခုဆိုယင် ထမနဲပွဲတော်ကြီး ပြီးဆုံးလို့ တပေါင်း ပွဲတော်ကြီးပင် ရောက်ပါတော့မယ်။ နောက်ဆို ကျမရဲ့အသက်သခင် မြူနှင်းကလေးတွေနဲ့ ဝေးရပါတော့မယ်။

အခု ကျမရဲ့ သဏ္ဍာန်ကို ကြည့်ကြပါအုံး။ အသွေးအရောင်က မဲ့ခြောက်ခြောက်။ လက်တွေက အရှုပ်ကြိုးပြတ်။ ကျမကို ကာကွယ်မဲ့ ဆူးကလေးတွေက ပျော့တော့တော့ ချည့်နဲ့နဲ့။ ကျမဘဝဟာ ကယ်မဲ့သူ မရှိယင် သေရမှာပါဘဲ။

ဒါပေမဲ့ ကံကောင်းချင်လို့လား မပြောတတ်ဘူး။ တနေ့ ဟိုဘက်အိမ်ကတူးမာ အလည်လာရင်း ကျမကို တွေ့သွားပါတယ်။ တူးမာက "ဒီနှင်းဆီပင်ကလေး သေတော့မယ်" လို့ နီလာကို ပြောပါတယ်။ နီလာကဂရုမစိုက်ပါ။ တူးမာက ကျမကို သနားနေပုံ ရပါတယ်။ ကျမကလဲ "တူးမာ ကျမကို ကယ်ပါလို့" ထုတ်ပြော လိုက်ချင်ပါတယ်။ ဒါပေမဲ့ ကျမမှာ လှုပ်ရမ်းနိုင်တဲ့ အင်အားမရှိတော့ဘူး။ တူးမာက ကျမကို ကိုင်ကြည့်ပါတယ်။ ကျမမှာ အသက်ရှိသေးကြောင်း သူသိသွားပြီး "နီလာ မင်းနှင်းဆီပင်ကလေး ငါ ယူသွားမယ်နော်" လို့ ပြောလိုက်ပါတယ်။ ကျမလဲ အလွန် ဝမ်းသာသွားပါတယ်။

တူးမာက ကျမကိုသူတို့အိမ်ဘက် ယူသွားတော့ နီလာက "ဒီအပင်ရှင်မှာလဲ မဟုတ်ပါဘူးကွာ" လို့ လှမ်းပြောလိုက်ပါတယ်။ ကျမစိတ်ထဲမှာ မခံချင်လိုက်ပါဘိ။ တနေ့တော့ တွေ့ကြသေးတာပေါ့လို့ ကျမ ကြုံးဝါးလိုက်ပါတယ်။

အခု ကျမကို တူးမာပိုင်ပါပြီ။ တူးမာ ကျမကို အသေအချာပြုစုပါတယ်။ ပထမဦးစွာ ကျမရဲ့ အိုးထဲက - ခြောက်ခန်းနေတဲ့ မြေကြီးတွေကို တူးဆွပေးပါတယ်။ မြေဩဇာအသစ်များထည့်ပေးပါတယ်။ နံနက်တိုင်း ညနေတိုင်း ရေမှန်မှန်လောင်းပေးပါတယ်။

ပကြာမီ ကျမဟာ စိမ်းလန်းစိုပြေ လာပါတယ်။ အရောင်အသွေး ပြောင်းလဲ လာပါတယ်။

ပိန်ခြောက်နေတဲ့ ကျမကိုယ်လုံး
ကလေးဟာ ကုတ်ခိုင် လာပါ
တယ်။ ကျမရဲ့ အလှကို ကာ
ကွယ်ဖို့ ဆူးကလေးတွေဟာလဲ
ချွန်ထက် မာကျော လာကြပါ
တယ်။ ကျမရဲ့အလှဖြစ်တဲ့ နှင်း
ဆီပွင့်ကလေးတွေတောင် ဖူးငုံ
လာကြပါပြီ။ မကြာမီ ပွင့်အာ
လာကြပါတော့မယ်။

တနေ့တော့ အလည်လာ
ရင်း နီလာ ကျမကို တွေ့သွား
ပါတယ်။ ကျမရဲ့ ပြောင်းလဲနေ
တဲ့ဘဝကို သူမြင်ရတော့ အလွန်
အံ့သြနေပုံရပါတယ်။ သူ့မျက်
နှာကလဲ ပြန်လိုချင်တဲ့ ဆန္ဒမျိုး
ပြနေပါတယ်။ ကျမရဲ့ အပွင့်က
လေးတွေက စွင့်စွင့်ကားကား
နဲ့ သူ့ကို လှောင်ပြုံကြပါတယ်။

"နီလာ- မင်းဟာ ငါ့အပေါ်
မှာ ပြုစုယုယမှု၊ ဂရုစိုက်မှုတွေ
နဲ့ ကိုယ်ပိုင်ရင်းနှီးမှု လုပ်အား
တွေကို ဘာတခုမှ အသုံးမချခဲ့
ဘူး။ ဒါကြောင့် ငါဟာ မင်း
အတွက် ဘယ်လိုမှ မလှပ မပွင့်
လန်း နိုင်ခဲ့ဘူး။ တော- ငါ့ကို
ဂရုတစိုက် ပြုစု ယုယတဲ့သူရှိ
တော့ ငါဟာ ပွင့်လန်းလာပြီ
မှုတ်လား"

ကျမပြောနေတာကို နီလာ
နားလည် ဟန် တူပါတယ်။
အလွန် နောင်တ ရနေသလို
ခေါင်းကြီးငိုက်စိုက် ချထားပါ
တယ်။

ဟုတ်ပါတယ်။ တူးမာရဲ့
ကိုယ်ပိုင်ရင်းနှီးမှု လုပ်အားတွေ
ကြောင့် ကျမဘဝဟာ ပွင့်လန်း
ခဲ့ရပါပြီ။ လှပခဲ့ရပါပြီ။

တူးမာရဲ့ မျက်နှာ ဝိုင်းဝိုင်း
ကလေးဟာ ကျမကို ကြည့်ပြီး
ပြုံးနေပါတယ်။ သူ့ အပြုံးဟာ
ဖိုးလမင်းကြီး ပြည့်ဝန်းသာသနေ
ပုံနဲ့ တူလှပါတယ်။

ကျမရဲ့ဘဝ အလှအပတွေ
ဟာ တူးမာအတွက် ဖြစ်ခဲ့ရပါ
ပြီ။ ဖြစ်လဲ ဖြစ်ထိုက်ပါတယ်။
ကျမ လုံးဝ ကျေနပ်ပါတယ်။






## ပြည်သူ့စစ်

လေးမြှားတုတ်ချွန်
ဓားလှံတွေလို့
တိုက်ပွဲထဲက ဒိုင်မဖေ။

သောင်းကျန်းသူတွေ
ရွာမထိနဲ့၊
ကြည့်မနေဘူး မောင်တို့ရေ။

တိုက်ဟေခိုက်ဟေ
အင်နဲ့အားနဲ့၊
ရွာသားအားလုံး
တာဝန်ကျေ။

ကိုယ့်ရွာကိုယ့်မြေ လုံခြုံမှုကွက်၊
ပြည်သူ့စစ်သား ဇာနည်ကွ။

အောင်ပန်းသာမြေ
ညှာခင်ရေလောင်းလို့၊
မမေ့မဆုတ်အောင်း ဖော်ရွာရေ။

ကောင်းမေ မြိုင်ဝေ။ ။

ပန်းတက္ကသိုလ်

B. 517



# ယောင်ယင်

ယောင်ယင်ကို အောင်လောင် ဟုလည်း ခေါ်သည်။ ယောင်ယင်သည် ငှက်ကြီးမျိုး ဖြစ်၍ အလျား ၅၂ လက်မ ရှိသည်။ ပုံသန်းနေစဉ် အဝါမှတ်ကြီးများကို အဝေးကပင် မြင်နိုင်၏။ အာလုပ်သံများဖြင့် ဆူညံစွာနေတတ်သည်။ အဖို အမ တသက်ပန် ပေါင်းသင်းနေထိုင်ကာ အအုပ်အသင်းဖွဲ့၍လည်း နေသည်။

ယောင်ယင်သည် သစ်သီးနှင့် အသားများကိုစားသည်။ တခါတရံ မြွေများကို စားသည်။ ဇန်နဝါရီလမှ ဧပြီလအတွင်း ယောင်ယင်ငှက်ကလေးများ ပေါက်ပွားသည်။ သစ်ခေါင်းတွင် အသိုက်လုပ်၍ နေထိုင်သည်။ ဥများမှာ မာ၍ အပြောက်များရှိ၏။ ဥပုံသဏ္ဌာန်အမျိုးမျိုးဖြစ်သည်။ တဥလျှင် ပျမ်းမျှအလျား ၂.၆၀ လက်မနှင့် ပြက် ၁.၈၈ လက်မရှိ၏။

ယောင်ယင်ကို မြန်မာနိုင်ငံတွင် တောင်ခြေနှင့် ပေ ၄၀၀၀ အမြင့် ဒေသအထိ တွေ့မြင်နိုင်ပေသည်။

စိုးမြင့်



၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၁) က ကင်းလွတ်ခွင့်
အမှတ် ၈၁/၂၈၈ အရ ကာဂန်ခီကတ်ဂေ့ဂျ်၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၁၅။

# ရွှေသွေး ဂျာနယ်

## သင်္ကြန်

၁၃၃၄ ခု နှောင်းတန်ခူးလဆန်း ၁၂ ရက် (၁၄-၄-၇၃)





စနေနေ့တိုင်းထုတ်ဝေသည်။


# လှေသူကြီး ဦးဖိုးကြွား

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-လှလှ




ခရီးထွက်သွားပြီး လမ်းကျတော့ ဘဲဥ ဟင်း ချက်မလို့ ဘဲဥသွားယူတော့ —
ဟောဗျ
ဆရာရေ..... ဘဲဥဟုတ်ဘူး.... မိကျောင်းဥတွေ ဘဲ......
ဟား ဟား ဟား
ဟား ဟား ဟား
ဟား ဟား
အဲဒီလို ကြောက်ကြောက်နဲ့ ဆက်လှော်သွားတုန်း ရေအောက်က ငမန်းကြီး လိုက်လာတာ ဘယ်ဖြစ်မလဲ။
မကြာမီ ငမန်းကြီးက အစွယ်နဲ့ထိုးလိုက်တော့ ဦးဖိုးကြွားက ခုန် ရှောင်လိုက်ပြီး
တက်မကြီးနဲ့ ပြန်ချလိုက်တာ
ဘယ်ထိသွားတယ်တော့မသိဘူး အမြီးနဲ့ခတ် လိုက်လို့ လှေပါမှောက်တက်သွားပြီး—


ဦးဖိုးကြွားနဲ့ ကိုလံဘားတို့ဟာ ငပလီကမ်းခြေမှာ သွားကျသတဲ့။
ငပလီမှာဘဲ အပန်းဖြေနေကြစဉ် တနေ့တော့ သတင်းစာထဲမှာ ကိုငှက်ရိုး သတင်းတွေ့လို့
ဟာ... ကိုလံဘား.... ကိုငှက်ရိုး သတင်းပါလို့ ဗျို.... ကျုပ်တို့တခါ သွားဖူးတယ်တဲ့..... ပရိုမြို့လေးမှာ ဆိုဘဲ....... ကဲ...လိုက်သွား ကြရို့....
လေယာဉ်ပျံ စင်းလုံးငှါးပြီး လိုက်သွားတယ်။
ငါ့ဒီမှာတော့.
လမ်းခုလတ်က ငုံ့ကြည့်လို့ ကိုငှက်ရိုးကို မြင်တော့ ထခါထဲ လေထီးနဲ့ ခုန်ချလိုက် သတဲ့။
အောက်ရောက်တော့ ကိုငှက်ရိုးနဲ့ တွေ့ပြီး လေထီးစနဲ့ ရွက်ချုပ်ပြီး ခရီး ဆက်ထွက်သွားတယ်ကွဲ့။
ကဲ-ဒီနေ့တော့-ဒါလောက်နဲ့ဘဲ
တော်ကြအုံးပေါ့ ကွာ.နော်
အဲဒီ ဦးဖိုးကြွားဆိုတာ ရှိသေးလား
ရှိတာပေါ့ဟ
ဘယ်မှာနေလဲ-ဟင်
အဲဒီ-ဦးဖိုးကြွားဟာ........ကြီးလာတော့....
(...ဟဲ ဟဲ...)
ကျုပ် ဖြစ်လာ တာလေ... ဟဲဟဲ


ဝင်းဆွေမင်း
တကိုယ်ကောင်း
ကျောက်ဖြုန်းသည် သူ့ပစ္စည်းနှင့် ပတ်သက်လာလျှင် သဝန်တိုတတ်၏။
တနေ့ ကာတွန်းစာအုပ်ဖတ်နေစဉ် ....
ဟဲ့.. လာမကြည့်နဲ့ သွား ကွာ..
ဒီကောင် ကြည့်လို့မရအောင်..
ခဏလေး ကြည့်မှာပါကွာ..
ကျွီ
သစ်ပင်ပေါ်ကို တက်နေမယ်
ချွတ်
ဒီ့အတွက်တွေကြည့်ယင် ဒီလိုဖြစ်မှာမဟုတ်ဘူး - ခုတော့ မင်းက တကိုယ်ကောင်းဆန်တဲ့ကိုး


ရေးဆွဲသည်
ဟေ့ကောင်ဝဏ္ဏ . မင်းကို အောင်ထူးက မိုက်ယင်တယောက်ကြေး ချချင်တယ်တဲ့ . . .
အောင်မယ်.တောက် လူပါးဝလိုက်တာ ချမယ်လို့ ပြောလိုက် . .
တကယ်လား
မနက်ဖြန်ညနေ ဘောလုံးကွင်း ကိုလာခဲ့
ဝဏ္ဏပြန်သွားသော်....
ဟား.ဟိုမှာ အောင်ထူးပါလား
ဟေ့ . . အောင်ထူး ခဏ နေပါအုံး ပြောစရာ ရှိလို့
မင်းကို. ဝဏ္ဏက တယောက်ကြေး ချချင်တယ်တဲ့. အဲဒါ ချမယ်ဆိုရင် မနက်ဖြန်ညနေ ဘောလုံးကွင်း ကိုလာခဲ့. .
အေး.လာ ခဲ့မယ်
တွေ့ကြ သေးတာ ပေါ့
နောက်တနေ့ ဘောလုံးကွင်းတွင် ....
ငါကတော့. နိုင်လှကြီးပေါ့


ငါက. တစ်. နှစ်. သုံး လို့
အော်လိုက်ယင် မင်းတို့
နှစ်ယောက် ချကြပေတော့
ကဲ. အဆင်သင့်ပြင်ထားကြ
တစ်. နှစ် . .
သုံး
ကဲမှတ်ထား
ဟေ့ကောင်တွေ. ငါ့ကို
ဘာလို့ဝိုင်းထိုးကြတာလဲ
ငါက ဒိုင်လူကြီးလေကွာ
မနေ့က မင်းပြန်သွားပြီး
ငါနဲ့ဝက္ကညဈေးတန်းမှာတွေ့ခဲ့ကြလို့
မင်းညာပြောမှန်း သိပြီးပြီ . .
အဲဒါကြောင့် တဦးနဲ့တဦး
ခိုက်ရန်ဒေါသဖြစ်အောင်လုပ်တတ်တဲ့
မင်းကိုနောက်မလုပ်ရဲအောင် ဆုံး
မလိုက်တာ. ဟားဟား
ဟား
ဟား

# နေ့လကြတ်ခြင်း

ဈိး လွင်မြင့်   ကဆ့





လသည် ကမ္ဘာကို လှည့်ပတ်လျက်ရှိရာ ကမ္ဘာနှင့် နေ၏အကြားသို့ ဖြတ်သန်း ရောက်ရှိလာရ ပေသည်။ ဤသို့ရောက်ရှိ နေချိန်တွင် နေနှင့်လတို့ တတန်းတည်း ကျရောက်နေသည်ကို ကမ္ဘာက မြင်ရချိန်၌ နေသည် မည်းမှောင်သွားပေသည်။ ထိုသို့ နေလုံးမည်းကာ မှောင်မိုက် သွားသည်ကို နေကြတ်သည်ဟု ဆိုကြလေသည်။ တနည်းအားဖြင့် လက နေကို ကာဆီးလိုက်ခြင်းပင် ဖြစ်သည်။



လကွယ်နေသည့်အချိန်တွင် နေ၊ လနှင့် ကမ္ဘာတို့ တတန်းတည်း ဖြစ်နေသည့်အခါမျိုး၌ နေကြတ်တတ်ပေသည်။ သို့သော် လသွားလမ်းသည် တိမ်းစောင်းနေသဖြင့် လဆန်းသည့် အခါတိုင်း နေမကြတ်တတ်ပေ။


ကမ္ဘာမြေမှ ကြည့်ရှုသူတဦးအနေနှင့် လဝန်းသည် နေအဝန်းအပိုင်းတခုလုံးကို ဖုံးလွှမ်းသွားသည်ကို တွေ့မြင်ပါက ယင်းကို သမ္ဗကြတ်သည်ဟု ခေါ်လေသည်။ နေဝန်း၏ တစိတ်တပိုင်းကိုသာ ဖုံးလွှမ်းမိက အပိုင်းကြတ်သည်ဟုရင်း၊ နေဝန်းတခုလုံးကို လဝန်းတခုလုံးက ဖုံးမိသော်လည်း မည်းမှောင်နေသော လဝန်း၏ပတ်လည်တွင် နေဝန်း၏ အလင်းရောင်သည် ကွင်းသဏ္ဍာန် ပေါ်နေပါက ယင်းကို ကွင်းကြတ်ဟုရင်း ခေါ်ဆိုလေသည်။ လထက် နေသည်







မကြာခဏ ကြတ်တတ်ပေသည်။ သို့သော် နေကြတ်သည်ကို မြင်ရသည့်နေရာမှာ ကျဉ်းမြောင်းလှသည်။ နေ၏ထွန်းလင်းမှုကြောင့် ကမ္ဘာပေါ်၌ ကျရောက်လာသောလ၏ အရိပ်ဧရိယာသည် အလွန်သေးငယ်လေသည်။ ထိုအရိပ်၏ ပျမ်းမျှအချင်းမှာ မိုင် ၉၀ သာ ရှိသည်။ သမ္ဗကြတ်ခေါ် နေလုံးဝကြတ်ခြင်းကို ထိုဧရိယာအတွင်းမှသာ မြင်ရပြီးမှ မြင်ရသည့် အချိန်မှာလည်း မိနစ်အနည်းငယ်သာ ကြာလေသည်။

ကမ္ဘာသည် နေကိုလှည့်ပတ်၍ လက ကမ္ဘာကို လှည့်ပတ်လျက်ရှိရာ ကမ္ဘာသည် နေနှင့် လ အကြားသို့ ဖြတ်သန်းရောက်ရှိရပေသည်။ အကယ်၍ တတန်းတည်း ဖြစ်နေပါက နေ၏ထွန်းလင်းမှုကြောင့် ကမ္ဘာ၏ အရိပ်သည် လပေါ်သို့ကျရောက်လေသည်။ ထိုအခါ လ၏ အလင်းရောင်သည် ပိန်းပိတ်မှောင်မိုက်သွားရာ ထိုအခြင်းအရာကို လကြတ်သည် သို့မဟုတ် လငပုပ်ဖမ်းသည်၊ ရာဟုဖမ်းသည်ဟု ဆိုကြလေသည်။





လပြည့်နေသည့် အချိန်တွင် နေ၊ ကမ္ဘာနှင့် လတို့တတန်းတည်း ကျရောက်နေသည့်အခါမျိုး၌သာ လကြတ်တတ်ပေသည်။ သို့သော် လသွားလမ်းသည် ၅° မျှ တိမ်းစောင်း၍ နေသဖြင့် လပြည့်သည့် အခါတိုင်း လမကြတ်ပေ။

နေကြတ်သည့်အခါမှာကဲ့သို့ပင် ကမ္ဘာ၏ အရိပ်သည် လတခုလုံးကိုဖုံးလွှမ်း၍ လုံးဝမှောင်မိုက်သွားပါက ယင်းကို သမ္ဗကြတ်သည်ဟုရင်း၊ အချို့ အပိုင်းကိုသာ ဖုံးမိပါက အပိုင်းကြတ်သည်ဟုရင်း ခေါ်ဆိုသည်။ လသည် နေကဲ့သို့ မကြာခဏ မကြတ်တတ်သော်လည်း လကြတ်သည်ကို နေကြတ်သည်ထက် ပိုမိုကျယ်ပြန့်စွာ မြင်ရလေသည်။ လဝန်းတခုလုံး ကြတ်ရာ၌ နှစ်နာရီအထိ ကြာရှည်တတ်ပေသည်။




စာမေးပွဲနီးပြီ ဖြစ်သောကြောင့် ဖိုးကျော်သည် ၉ ၁၅ နာရီ နက်သည်အထိ စာကျက်နေလေသည်။
အိပ်ပါတော့ သားရယ်၊ မနက် စောစောမှ တခါထ ကျက်ပေါ့. မေမေ နှိုးပါ့မယ်
အိပ်ရာဝင်သော် ဖိုးကျော်သည် မနှစ်က အတွေ့အကြုံများကို စဉ်းစားနေမိလေသည်။
အင်း.. မနှစ်က ငါ အာလွှတ် လိုက်လို့ စာမေးပွဲ ကျတာဘဲ.
မနှစ်က ဖိုးကျော်သည် ကျောင်းတက်ပျင်းသဖြင့် မကြာခဏ နေမကောင်း ချင်ယောင် ဆောင်ခဲ့သည်။
ဖိုးကျော် ဖျားနေလို့ ခွင့်တိုင် လိုက်ပါကွယ်.. နော်.
တခါတရံ ဆွေမျိုးများအိမ်သို့ မေမေက ခိုင်းလိုက်လျှင် ကိစ္စပြီးသော်လည်း မပြန်သေးပဲ-
နာရီဝက်လောက် အချိန် ဖြုန်းလိုက်မှဘဲ.. ဒါမှ အိမ်ရောက်ယင် ကျောင်းချိန်မမှီလို့ ကျောင်းတက်ရမှာ မှုတ်ဖူး
ကျောင်းတွင်လည်း ဗိုက်နာဟန် ဆောင်သည်။
ဖိုးကျော် ဗိုက်အောင့်လို့-ဟုတ်လား-ကဲ ကဲ နီတွတ်တို့ရေ ဖိုးကျော်ကို အိမ်ပြန် ပို့ပေးလိုက် ကြပါကွာ.
နေ့တဝက်ဆင်းပြီး အိမ်မပြန်ပဲ လမ်းတွင် ဝင်ကစားနေတတ်သည်။
ကျောင်းလွှတ်တဲ့အချိန် ကျမှ အိမ်ပြန်ရမယ်..


တခါတရံ ခွင့်တိုင်စာ ညာတင်ပြီး ကျောင်းပြေး တတ်သည်။
ကျောင်းပြေးတာ ဆရာတွေများ ရိပ်မိမလား မသိဘူး
တနေ့တွင် ဖိုးကျော် ကျောင်းပြေးသည်ကို သာအေးက သိသဖြင့် လူကြီးများနှင့် တိုင်ပြောရာ -
ကိုင်း ဟဲ့ ကိုင်း - နောက် တခါ ကျောင်း ပြေးဦး မလား ဟင် - ကိုင်း -
ထို့ကြောင့် နောက်နေ့တွင် သာအေးကို အညှိုးဖြင့်
ကဲကွာ - ငါ ကျောင်းပြေး တာ တိုင်ပြောတဲ့ကောင် မှတ်ထား
ရက်ပျက်များသဖြင့် စာမေးပွဲကြီး နီးသော် ဖိုးကျော်၏ မှတ်စုစာအုပ်ထဲတွင် သင်ခန်းစာများ စုံစုံလင်လင် မရှိပေ။ ထို့ကြောင့် -
ဖိုးထောင်ထံမှ စာအုပ်များကို ခိုးယူပြီးသော်လည်း စာကျက်ချိန်မရှိတော့သောကြောင့် -
သို့သော် ကျောင်းသို့အလာ လမ်းတွင် မိုးသဲကြီး မဲကြီးရွာသောကြောင့် ပေါင်မှစာများပျက်ကုန်ရာ -


ထို့ကြောင့် နောက်နေ့တွင်မူ
အင်း. ဒီနေ့တော့ မိုးမိုးယင်မပျက်အောင် စာရွက်ပေါ်မှာ ခဲတံနဲ့ကျဲပြီး ပေါင်မှာသ ရေကြွင်းနဲ့ ချည်သွားရမယ်.
သို့သော် စာမေးပွဲခန်းထဲရောက်၍ အခြားသူများ တက်ကြွစွာဖြေနေကြသော်လည်း ဖိုးကျော်မှာမူ—
ဆရာကလဲ ငါ့နားက မခွါဘူး. အချိန်လဲ စေ့တော့မယ်. ဒုက္ခပါဘဲ.
ထို့ကြောင့် အောင်စာရင်းများကြေညာသော် ဖိုးကျော်ကျပြီး စာအုပ်အခိုးခံရသော ဖိုးထောင်မှာမူ အောင်သွားလေသည်။
ဟေ့ကောင် ဖိုးထောင် မင်းမှာ ကျက်စရာ စာအုပ်မရှိဘဲနဲ့ စာမေးပွဲအောင်တယ်နော်.
စာအုပ်ပျောက်လဲ ဘာအရေးလဲကွ. ငါက တနေ့ပေးတဲ့စာ တနေ့ မှန်မှန် ကျက်လို့ ဖြေနိုင်တဲ့ အတွက် အောင်တာပေါ့ကွ.
ဖိုးကျော်သည် ကျောင်းမှန်မှန် မတက်မိသည်ကို နောင်တရပြီး သူ ကျောင်းပြေးစဉ်က တိုင်ပြောသော သာအေးကို လိုက်ရှာကာ—
ငါ ကျောင်းပြေးတာကို မေမေ့ဆီ လာတိုင်တုန်းက မင်းကို လက်သီးနဲ့ ထိုးမိတာ တောင်းပန်ပါတယ်ကွာ.
ကိစ္စမရှိပါဘူးကွာ
ထို့ကြောင့် မနှစ်က အတွေ့အကြုံများကို သင်ခန်းစာယူပြီး ကြိုးစားအားထုတ်သဖြင့် ဖိုးကျော်သည် စာမေးပွဲ ဖြေရမည်ကို မကြောက်တော့ပေ။
အင်း-ညဉ့်နက်ပြီ- အိပ်မှဘဲ မနက်ကျမှ အစောကြီး ထပြီး ထပ်ကျက်ရဦးမယ်-


## အီစွပ်ပုံပြင်များ

မင်းယုဝေ-ပြန်ဆိုသည်။

# သားတကောင်ပေါက်သောခြင်္သေ့မ

တရံရောအခါ တောတိရစ္ဆာန်များသည် မည်သူ သားအများဆုံး ပေါက်သည်ဟူ၍ ပြောဆိုကာ တကောင်နှင့်တကောင် ဂုဏ်ပြိုင်လျက်ရှိ၏။ တကောင်က သားတကောင်ပေါက်သည်ဟု ပြောဆိုရာ တကောင်က သားနှစ်ကောင် ပေါက်သည်ဟု ပြောဆိုကာ ဝါကြွား၏။ ထိုအခါ တကောင်က သားသုံးကောင် ပေါက်သည်ဟုဆိုကာ ဝါကြွားပြန်၏။ နောက်ဆုံး တကောင်က သားဆယ့်နှစ်ကောင် ပေါက်သည်ဟု ဝါကြွားပြောဆိုလိုက်ရာ ကျန်အကောင်များ အရှက်ရသွားကြသည်။

ယင်းသို့ ဂုဏ်ပြိုင်ရာမှ နောက်ဆုံးတွင် သူတို့သည် ခြင်္သေ့မတကောင်ထံ ရောက်သွား၏။ သူတို့က ခြင်္သေ့မအား "အဆွေခြင်္သေ့မ သင်သည် သားမည်မျှပေါက်ဖွားပါသနည်း" ဟူ၍ မေးမြန်းကြ၏။



ထိုအခါ ခြင်္သေ့မက "ငါသည် သားတကောင်သာ ပေါက်ပါသည်။ သို့ရာတွင် ငါပေါက်သောသားကား သင်တို့ အားလုံး ကြောက်ရွံ့ရသည့် ခြင်္သေ့ပင် ဖြစ်ပေသည်" ဟူ၍ တည်ငြိမ်စွာ ပြောဆိုလိုက်ရာ တိရစ္ဆာန်အားလုံးငြိမ်ဆိတ်သွားကြလေ၏။

ဥပဒေသ။ ။အရေအတွက်ထက် အရည်အချင်းသာ အဓိကဖြစ်သည်။



## ကြက်ဥပြုတ်ကြမလား

ကြက်ဥတလုံးကို မကျက်တကျက် (ဟတ်ဗွိုင်) ပြုတ်ရာ လေးမိနစ်ကြာ၏။ ကြက်ဥလေးလုံးကို မကျက်တကျက်ပြုတ်ရန် ဘယ်နှစ်မိနစ်ကြာမည်နည်း။

အဖြေ။ လေးမိနစ်သာကြာမည်၊ ကြက်ဥလေးလုံးကို တချိန်တည်း ထည့်ပြုတ်နိုင်သောကြောင့် ဖြစ်၏။

# ကျေးဇူးဆပ်ကြရအောင်

မညွှာနီး



ဖေဖေ သည် ပေါက် ပေါက်ကို ကျောင်း ပေါက် ဝ တွင် ချထားခဲ့ပြီး ရုံးသို့ စက်ဘီးစီး၍ ထွက်သွားသည်။ ဖေဖေသည် ဤသို့ပင် နေ့စဉ်နေ့တိုင်း ပေါက်ပေါက်ကို ကိုယ်တိုင်စက်ဘီးဖြင့် တင်နင်း၍ ကျောင်းပို့ ပေးလေသည်။

ပေါက်ပေါက်သည်ကျောင်းဝင်းထဲသို့ မဝင်သေးပဲ အပေါက်ဝတွင် ယောင်ပေပေလုပ်နေ၏။ ဖေဖေ မမြင်နိုင်လောက်အောင် ဝေးသွားမှ စိုးစိုးတို့နှင့် ချိန်းထား သော ကုက္ကိုပင် ကြီးဖက်သို့ ထွက် လာ ခဲ့ လေဘည်။ သည်နေ့ ပေါက်ပေါက်၊ စိုးစိုးနှင့် သက်အောင်ဇော်တို့သည် ကျောင်းပြေး၍ ရုပ်ရှင်ကြည့်ရန် တိုင်ပင်ထားကြသည် မဟုတ်ပါလား။

ထိုစဉ် သူ့ရှေ့သို့ ဆိုက်ကားတစင်း ထိုးရပ်လာသည်။ ဆိုက်ကားပေါ်မှ တတန်းထဲသားဖြစ်သော မင်းထွေး ဆင်းလာသည်ကို တွေ့လိုက်ရသည်။ ပေါက်ပေါက်သည် မင်းထွေး မမြင်စေရန် တဖက်သို့လှည့်၍ ခပ်သုတ်သုတ် လျှောက်ခဲ့လေသည်။

"ဟေ့ ကောင် – ပေါက်ပေါက်၊ ဘယ်တုံးကွ"

မမြင်အောင် သတိထား၍ လျှောက်ခဲ့ပါမှ သူ့ကို တွေ့မြင်သွားသော မင်းထွေးက လှမ်းခေါ်နေပြီ ဖြစ်၏။ ပြောပြောဆိုဆို မင်းထွေးလည်း သူ့အနားရောက်လာပြီး ပခုံးကို လှမ်းဖက်လိုက်၏။

"ဘယ်မှ မ ဟုတ် ပါ ဘူးကွ၊ ဒီဘက်နား ခဏသွားမလို့"

ပေါက်ပေါက်သည် သူ့ပခုံးကို ဖက်ထားသော မင်းထွေး၏ လက်ကို ပုတ်ချလိုက်ရင်း မကျေနပ်သံနှင့် ဖြေလိုက်သည်။

"မင်း ကျောင်းပြေးအုံးမလို့ မဟုတ်လား ပေါက်ပေါက်။ မပြေးချင်ပါနဲ့ကွာ၊ မင်းကြီးလာယင် ခုနက ငါ့ဖေဖေလို ဆိုက်ကား ကြီး နင်း စား နေ ရ လိမ့်မယ်"

မင်း ထွေး စ ကား ကြောင့် ပေါက်ပေါက်သည် အံ့အားသင့်သွား ၏။ မင်း ထွေး ကို လည်း မေးလိုက်မိသည်။

"ဟင် – မင်းကို လိုက်ပို့ပို့နေတဲ့ အဲဒီဆိုက်ကားသမားကြီးက မင်းဖေဖေ၊ ဟုတ်လား"

"အေး ပေါ့ ကွ။ ငါ့ ဖေ ဖေ အရင်းပေါ့။ ငယ်ငယ်က မင်းလိုဘဲကျောင်းပြေးပြေးနေလို့ ခုလိုဆိုက်ကား နင်းစားနေရတယ်လို့ ဖေဖေက ငါ့ကို ခဏခဏ ပြောဘူး တယ် ကွ။ ငါ့ ကို လဲ အဲ ဒါကြောင့် ကျောင်းမပြေးဘို့ စာကြိုးစားဘို့ ခဏခဏ ဆုံးမတယ်ကွ။ ကြီးလာယင် သူ့လိုဆင်းရဲပင်ပန်းမှာစိုးလို့တဲ့ကွ"

ပေါက် ပေါက် သည် မင်းထွေး ပြောသမျှကိုငြိမ်၍ နားထောင်နေမိသည်။ မင်းထွေးက ဆက်ပြောပြန်သည်။

"ဟိုတလောက ဖေဖေ လူကြီး တ ယောက် ကို တင် နင်း ရတယ်တဲ့ကွ။ အဲဒီ လူကြီးဟာ ဖေ ဖေ နဲ့ ငယ် ငယ် တုန်း က ကျောင်းနေဘက် သူ ငယ် ချင်း

ဖြစ်နေတယ်တဲ့။ သူလဲ ဖေဖေလိုဘဲ ငယ်ငယ်က ဆင်းရဲတာဘဲ။ ဒါပေမဲ့ သူက ကျောင်းမပြေးဘူး၊ စာလဲ ကြိုးစားတယ်တဲ့။ ဖေဖေကတော့ ကျောင်းလဲ ခဏခဏ ပြေးတယ်၊ စာလဲ မကြိုးစားဘူးတဲ့ကွ။ အဲဒီလူကြီးဟာ အခု ပိုက်ဆံတွေ အများကြီးရတဲ့ အရာရှိကြီး ဆိုလား ဖြစ်နေပြီတဲ့။ ဖေဖေ့ကိုတွေ့တော့ သူက ငွေငါးဆယ် အတင်း ပေးသွားသတဲ့။ ဖေဖေ့ဘဝကိုမြင်တော့ စိတ်မကောင်းပုံဘဲတဲ့။ အကူအညီ လိုယင်လဲ တောင်းဘို့ပြောသွားသေးတယ်တဲ့ကွာ....''

ပေါက်ပေါက်သည် မင်းထွေးကို တွေတွေကလေး ကြည့်နေသည်။ စိတ်ထဲတွင်လည်း မင်းထွေး၏ ဖေဖေကို သနားသလို ဖြစ်လာမိသည်။ ထို့ကြောင့် မင်းထွေးကို လှမ်းမေးလိုက်လေသည်။

"မင်းတို့ဖေဖေ ဆိုက်ကားနင်းယင် သိပ်မောမှာဘဲနော်"

"ဟာ- မောတာပေါ့ကွ။ တခါတလေများ လူဝကြီးတွေကို တင်နင်းရယင် သေချင်စော်နံသွားတာဘဲလို့ အိမ်ပြန်လာယင် ဖေဖေက မေမေ့ကို ပြောပြောနေသံ ငါကြားရတယ်ကွ။ ညနေကျ ဖေဖေ အိမ်ပြန်လာယင် ဖေဖေ့တကိုယ်လုံး ချွေးတွေနဲ့ကွာ။ အဲဒီလို မြင်လိုက်ယင် ငါဖေဖေ့ကို သိပ်သနားမိတာဘဲ''

မင်းထွေးသည် ဤသို့ပြောနေရင်းက ဝမ်းနည်းသံ ပေါက်လာသည်။ ထို့နောက် လက်သီးနှစ်ဖက်ကို ဆုပ်၍ အသံကျယ်ကျယ်ဖြင့် ကြွေးကြော်လိုက်ပြန်၏။

"ငါကြီးလာယင် ဖေဖေ့လို ဆိုက်ကား မနင်းစေရဘူးကွ။ စာကြိုးစားပြီး ဖေဖေ့ သူငယ်ချင်းလို ပိုက်ဆံတွေအများကြီး ရတဲ့ အလုပ်လုပ်ပြီး ရှာကျွေးပြမယ်ကွ"

မင်းထွေး၏ အမူအရာကို ကြည့်၍ ပေါက်ပေါက်သည် တုန်လှုပ်သွားလေသည်။ ခေါင်းထဲသို့လည်း အသိတခု ဝင်လာသည်။ ပေါက်ပေါက်သည် မင်းထွေး၏ လက်ကို လှုပ်ရမ်းလိုက်ရင်း စကားတခွန်းကို စိတ်အားထက်သန်စွာ ပြောလိုက်လေ၏။

"အေး - ဟုတ်တယ်။ မင်းပြောတာဟုတ်တယ်။ ငါလဲကြီးလာယင် ဖေဖေတို့ကို အလုပ်လုပ်ပြီး ရှာကျွေးမယ်။ ငါကျောင်းမပြေးတော့ဘူးကွာ။ ရှေ့လျှောက်စာကြိုးစားမယ်ဟေ့"

မင်းထွေးသည် ပေါက်ပေါက်၏ လက်ကို ပြန်လည်ဆုပ်ကိုင်ရင်း ပြုံးကြည့်နေ၏။ ပေါက်ပေါက်ကလည်း သူ့ကို ပြုံးပြလေသည်။

ထို့နောက် သူတို့နှစ်ယောက်သည် တယောက်ပခုံးတယောက်ဖက်၍ ကျောင်းပေါက်ဝဆီသို့ လျှောက်ခဲ့ကြလေတော့သတည်း။

# နှစ်သစ်ကူးပွဲတော်

ပန်းပိတောက်မင်း ဝင်းဝါထိန်၊
နှစ်ကူးသင်္ကြန်ချိန်။
တနှစ်တကြိမ် ဖူးပွင့်ကြ၊
ထုံသင်းမွှေးကြိုင်စွ။
နွေဂိမှာန လရာသီ၊
ရေပက်လောင်းကြသည်။
ရှေးထုံးအညီ ယဉ်ယဉ်ကျေး၊
နွှဲပျော်ကြတယ်လေး။
ကုသိုလ်ရေးလဲ မမေ့ပါ၊
ဘုရားကျောင်းကန်မှာ။
သီလယူကာ မေတ္တာပွား၊
အေးချမ်းလှပေသား။
အညစ်ကျေးများ ကင်းပါစေ၊
ရည်ရွယ်ချက်နဲ့ပေ။
အတာရေ သဘင်ပွဲ၊
နှစ်တိုင်းဆင်ယင်နွှဲ။
မြိမ့်မြိမ့်သဲသဲ ပြည်တခွင်၊
ရိုးရာဓလေ့ပင်။
လူတိုင်းဘဝင် ပျော်ရွှင်မွေ့၊
နှစ်သစ်ကူးတဲ့နေ့။ ။

မောင်အေးကျော်



# တောင်ပီစုး



တောင်ပီစုးသည် ဦးခေါင်းထက်တွင် ထင်ရှားသော အမောက်နှင့် ထူးခြားသော ငှက်ဖြစ်၏။ ယင်း အမောက်သည် နားနေသည့်အခါ လဲနေသော်လည်း ကြောက်လန့်သည့်အခါ ထောင်လာ၏။ ကိုယ်အလျားမှာ ၁၂ လက်မရှိ၏။ သာယာစွာ အော်တတ်၍ စူးစူးရှရှလည်း မြည်ကြွေးတတ်သည်။

ထူသော မြက်ခင်းများကို နှစ်သက်၍ မြက်ခင်းပေါ်တွင် သွားလာနေတတ်၏။ သစ်ရွက်များကို လှန်လှော၍ ပိုးကောင်ငယ်နှင့် ပုရွက်ဆိတ်များကို ရှာဖွေစားသောက်သည်။

နွေရာသီတွင် တောင်ပီစုး သားကလေးများ ပေါက်ပွားသည်၊ အသိုက်ကို သစ်ပင်သို့မဟုတ် အဆောက်အအုံရှိ အပေါက်တွင် မြက်၊ သစ်ရွက် စသည်တို့ဖြင့် ပြုလုပ်လေသည်။ ဥ၏ အရောင်မှာ အမျိုးမျိုးဖြစ်၍ အခွံသည် ချောမွတ်သည်။ တမြုံလျှင် သုံးဥမှ ဆယ်ဥအထိ ရှိတတ်၍ တဥလျှင် ပျမ်းမျှ အလျား ၁.၀၀ လက်မနှင့် ပြက် ၀.၆၆ လက်မ ရှိ၏။

တောင်ပီစုးကို ဥရောပတိုက်၊ အာဖရိကတိုက်နှင့် အာရှတိုက်တို့တွင် တွေ့ရ၏။ မြန်မာနိုင်ငံမှ တောင်ပီစုးသည် နေရာပြောင်းရွှေ့တတ်၍ မြန်မာနိုင်ငံအလယ်ပိုင်းတွင် အများဆုံး တွေ့ရသည်။

စိုးမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၇၂၉-၇၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးသင်းကြွယ်က ပေါင်းလွှတ်ခွင့် အမှတ် ၀၁၂၈၈ အရ ၁၁၁ ဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ခုဇိဝ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

R. 517

အတွဲ ၅ အမှတ် ၁၆


# ရွှေသွေး ဂျာနယ်

## ဘိုးခိုးကြိုး

ပန်းချီ - ဦးဘကြည်

ဇာတ်လမ်း - ရန်အောင်

၁၃၃၅၊ ဦးတန်ခူးလဆုတ် ၄ ရက် (၂၁-၄-၇၃)




စနေနေ့တိုင်းထုတ်ဝေသည်။


သာယာကုန်းရွာ၊ရွာဦးဆရာတော်၏ကျောင်းတွင်ကျောင်းသားများပြေးလွှားကစားနေကြ၏။
ထိုသို့ကစားရင်း ကလေးနှစ်ယောက်တိုက်မိရာ
တယောက်ကဒေါသတကြီးထိုးကြိတ်သဖြင့်
ကျန် ကျောင်းသား များက ဆိုးကြီးနှင့် ကြွက် တို့ကို ဆွဲငင်ကာ ဆရာတော်ထံသို့
ခေါ်ဆောင်လာကြလေသည်။
ဟဲ့ - ကြွက် - ဘာဖြစ်လာတာလဲ
တပည့်တော် တိုက်မိတာ.. ဆိုးကြီးက ထိုးပါတယ် ဘုရား


ဟဲ့ - ဆိုးကြီး
မကျေနပ်ယင်
ငါ့ကို တိုင်ရမယ်၊
မထိုးရဘူးဆိုတာ
မသိဘူးလား။
ဆိုးကြီး
မကစားနဲ့။
မတ်တတ်
ရပ်နေ။
ဆိုးကြီးသည် ကစားနေကြသည့် ကျောင်းသားများကို ကြည့်ရင်း မတ်တတ်ရပ်နေရသည်။
တနေ့တွင်
ဒီနေ့ - ဆိုးကြီး ကျောင်းမလာပါဘူးဘုရား
ဆိုးကြီးကို-လိုက်ရှာပြီး ခေါ်ခဲ့ကြ။ အဖေါ်နှစ်ယောက် ကျောင်းကခေါ်သွား
တင်ပါ့
ကျောင်းသားများ လိုက်ရှာ၍ တွေ့လေလျှင်
ဟိုမှာ ဆိုးကြီးဟုတ်လား
ဟုတ်
ဟာ - အစစ်ပေါ့
အသာလေးလာကြ။ အဝေးကတွေ့ယင် ထွက်ပြေးသွားမယ်
ဆရာတော်ထံပြန်ရောက်လျှင် ဆိုးကြီးထံမှ ရသည့် ဂွလေးနှင့် ကြက်တူရွေး အသေကလေးကိုပါ ပြသလေသော် –
ဆိုးကြီး ၊ ပစ်သတ်ခဲ့တဲ့ ကြက်တူရွေး လား
ဟုတ်ပါတယ် ဘုရား


သူများ အသက်ကို မသတ်
ရဘူး လို့ - ငါပြောထားတယ်ဟုတ်
လား ....
ဟုတ်ပါတယ် ဆရာ
သူများ အသက်
သတ်တဲ့လူ သတိတရား
ရအောင် ဆုံးမရမယ်
ဆိုးကြီး၏လည်ပင်းတွင် ကြက်တူရွေး သေဆွဲ
ပြီး ကျောင်းသားများကို နောက်ကလိုက်ပါကြ
စေကာ ရွာထဲတွင် လှည့်လည် ပြသကြ၏။
ကြက်တူရွေးကို ဘယ်သူသတ်တယ်
ဆိုးကြီးသတ်တယ် ဆိုးကြီးသတ်တယ်
သတ်တာ ကောင်းသလား
မကောင်းဘူး
မကောင်း ဘူး
ကျောင်းနေစဉ် ဆိုးကြီးသည် တိရစ္ဆာန်
များကို မသတ်တော့ချေ။
အင်း . ရှက်စရာ ကောင်းလိုက် တာ......
တော်ပြီ...
မလုပ်တော့ဘူး
သို့သော် နောင်အခါ ကျောင်းထွက်ပြီး ကြီး
ပြင်းလာသော အခါတွင် မုဆိုး အလုပ်ဖြင့်
အသက်မွေးလျက် ကောင်းကင်ပိုက်ထောင်
လိုထောင်
ဟား.... သစ်ပင်ပေါ်
မှာ ခိုနားတတ်တဲ့
ငှက်တွေ - ကောင်းကင်
ပိုက်နဲ့ ဖမ်းယင်
ရတာဘဲ
ငှက်များကို ပြောင်းဝါးဖြင့် မှတ်လိုမှတ်



တယ်ချိုး၊ တယ်ခါတို့ဖြင့်များကာ ငှက်များကို ထောင်ဖမ်းလိုဖမ်း
ငုံးများကို အသံတုဖြင့် ခေါ်ကာ ပိုက်ဖြင့် ထောင်လိုထောင်ပြုလုပ်နေလေသည်။
ထို အကြောင်းကို ကြားလျှင် ဆရာတော်သည် ကျောင်းသားတယောက်ကို အခေါ်လွှတ်ပြီး
မောင်ဆိုးကြီး တိရစ္ဆာန်တွေကို သတ်ဖြတ်နေတယ်ဆို...
မှန်ပါတယ် ဘုရား
သူ့တပါး အသက်သတ်ယင် - အန္တရာယ်ဆိုးနဲ့ သေတတ်တယ်၊ အသက်တို တတ်တယ်
တပည့်တော် ဆင့်ခြင်ပါ့မယ် ဘုရား
ထိုနေ့မှစ၍ ကိုဆိုးကြီးသည် တောင်သူလယ်သမားလုပ်ကာ အသက်မွေး၍နေတော့၏။
ထို့နောက် အိမ်ထောင်ကျပြီး ဦးဆိုးကြီးဖြစ်လာ၏။
အဲဒါ - ကိုဆိုးကြီး ယာခင်းပေါ့၊ ခုတော့ ကိုဆိုးနဲ့ ချစ်ဇနီးလေးရဲ့ ယာခင်းအဲ - ဟဲ ဟဲ



တနေ့တွင် ဦးဆိုးကြီးသည် အထုံဝါသနာ
ကို မစွန့်နိုင်သဖြင့် အမဲလိုက်ထွက်စဉ်
ဟာ - သမင်တကောင်ပါလား
ဘယ်ပြေးမလဲ - နင်
သမင်ကိုမြားထိပြီးလဲသွားစဉ်ပါလာသော
ဓားနှင့် ပြေးပိုင်းလိုက်ရာ —
သမင်မကြီးဝမ်းတွင်းမှ သမင်ကလေး ထွက်
ကျလာသည်ကိုတွေ့၍ ငေးငိုင်နေစဉ်
ခေါင်းပြောင်းသံတခု ထွက်ပေါ်လာ၏။
ဦးဆိုးကြီး မိန်းမ
ဖျက်နှာမမြင်နိုင်လို့
သေလူမြောပါး
ဖြစ်နေတယ်
လိုက်ခေါ်
နိုင်းလို့
ဦးဆိုးကြီးသည် အုလျားဖားလျား ပြန်ပြေး
တော့၏။
ရှာလိုက်ရတာများ
မောလို့
ကဲ-ဟါပါ
မြန်မြန်
ပြန်မှဖြစ်
မယ်
အိမ်သို့ ရောက်သော အခါ အခန်းတွင်း၌
ဝမ်းဆွဲနှင့် အခြားမိန်းမများ ဝိုင်းဝန်း ပြုစု
နေကြသည်ကို တွေ့ရလေ၏။
အမယ်လေး
သေရချည်ရဲ့
မကာယနိုင်
ဘူးတော့
ဘုရားလား
တော့




အတော်ကြာသော် ဦးဆိုးကြီးမိန်းမ ညည်းသံ တိတ်သွားပြီး ဝမ်းဆွဲဆရာမ ထွက်လာကာ –
ဒီမှာ-ကလေး.... အသက်ပါမလာဘူး
ကျုပ်မိန်းမ ကော
မျောမေ့ နေတယ်
ဦးဆိုးကြီးသည် ကလေးသေကိုသုသာန်တွင် တွင်းတူးကာ မြှုပ်လေသည်။
အပြန်တွင် ရွာဦးကျောင်း ဆရာတော်ထံ ရောက်သွားပြီး လျှောက် တင် ထားသည် ကား ....
ဘုရား တပည့်တော်-နောင်တရပါပြီ၊ နောက်ကို-သူ့တပါး အသက် မသတ်တော့ပါဘူး ဘုရား
သာရေခေါ်ပါ သကွယ်။ အိမ်မှာ ဖမ်းထားတဲ့ တိရစ္ဆာန်တွေ ရှိယင် အားမဲ့ လွှတ်လိုက်၊
အိမ်ပြန်ရောက်လျှင်ရောက်ချင်း ဖမ်းဆီးထားသည့် ငှက်များကို လွှတ်လိုက်တော့၏။
နင်တို့ကို အားမဲ့လွှတ်တဲ့ အတွက် - ငါ့မယား ကျန်းမာလာ ပါစေ....
ဇနီးသည်ကို ဆေးဆရာဖြင့် ကြပ်ကြပ် မတ်မတ် ကုသပြုစုသဖြင့် များမကြာမီ
ကျန်းမာလာသောအခါ၌ကား
ရှင်မရယ် - ငါတော့ နောက်ကို သူများအသက် မသတ်တော့ဘူး၊ မကောင်းမှုဟာ မကောင်းကျိုးကို ပေးတယ်ကွဲ့
ရှင်ဒီလိုသိလာလို့ ဝမ်းသာလိုက်တာရှင်
ဖြိုး


# မြေငလျင်

စိုးလွင်မြင့်



ကမ္ဘာ့မြေ၏ အပေါ်ယံမြေလွှာ လှုပ်ရှားမှုကို မြေငလျင်လှုပ်သည်ဟု သိရှိကြသည်။ ဤလှုပ်ရှားမှုသည် ကမ္ဘာ့မြေမျက်နှာပြင်၏ အောက်ပိုင်းမှ စတင် လှုပ်ရှားလာခြင်းဖြစ်၏။ ကမ္ဘာ့အတွင်းပိုင်း၌ ပူလောင်ကာ အရည်ပျော်နေသည့် သတ္တုများ၊ ကျောက်များရှိသည့် ဒေသရှိသည်။ ယင်း၏ အထက်တွင် ကျောက်ရည် သတ္တုရည်တို့ အထက်တက် အောက်ဆင်း လှုပ်ရှားနေသောဒေသနှင့် ယင်း၏ အပေါ်တွင်မှ ကျောက်သားထုဒေသဟူ၍ ဒေသကြီးများရှိကြောင်း အကြမ်းအားဖြင့် သိရသည်။ ထိုကျောက်သားထုကို လစ်သိုစဖီယာဟု ခေါ်၍ ယင်းအပေါ်၌ ပင်လယ်သမုဒ္ဒရာများ၊ တိုက်ကြီးများနှင့် တိုင်းနိုင်ငံတို့ ရှိကြသည်။ လွန်ခဲ့သည့်နှစ် သန်း ၂၇၀ ခန့်က ယင်း လစ်သိုစဖီယာရှိ ကျောက်သားထုတို့မှာ လှုပ်ရှားပူလောင်သောချော်ရည်ပျော်ရည်တို့ကြောင့် ကွဲအက်ကြရပြီးလျှင် မူလက ပူးတွဲနေရာမှ အာဖရိကတိုက်၊ အမေရိကတိုက် စသည်ဖြင့်ကွဲပြားသွားခဲ့ရလေသည်။ ဤသို့ဖြင့် မြေသား ကျောက်သားတို့သည် အက်ပြတ်ရွေ့ရှားလာရာ ကမ္ဘာ့အရပ်ရပ်၌ မြေငလျင် လှုပ်ခဲ့ကြရသည်။ ကမ္ဘာ့တိုက်ကြီးများမှာ တဖြည်းဖြည်း ရွေ့ရှားမှုကြောင့် တတိုက်နှင့် တတိုက်ဝေးကွာ သွားရဆဲ ဖြစ်လေသည်။ မီးတောင်များအောက်မှ ချော်ရည်များ လှုပ်ရှားရာ၌ သို့မဟုတ် မီးတောင် ပေါက်ကွဲရာ၌လည်း မြေငလျင် လှုပ်တတ်ပေသည်။ ငလျင် အစဉ်လှုပ်ရှားတတ်သော နေရာဒေသတို့မှာ ပင်လယ် သမုဒ္ဒရာ၏ အောက်၌ဖြစ်၍၊ အထူးသဖြင့် ကမ္ဘာ့ မီးတောင်ရပ်ဝန်းများနှင့် ကမ္ဘာ့မြေသားကျောက်သားတို့ အက်ပြတ် ရွေ့ရှားနေသော နေရာတို့ပင်ဖြစ်၏။ ကမ္ဘာ့ မည်သည့်အရပ်၌မဆို တနေ့လျှင် မြေငလျင် အနည်းဆုံးတကြိမ်လှုပ်ရှားကြောင်း သိရှိရသည်။







ငလျင်လှုပ်ရှားမှုကြောင့် အနည်းဆုံး လှိုင်းသုံးမျိုးတို့ ဖြစ်ပေါ်ရလေသည်။ ဤလှိုင်းတို့ကို ငလျင်မှတ်စက်ဖြင့် တိုင်းတာနိုင်ပေသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏အောက် နက်သောနေရာ၌ ကမ္ဘာ့ လှုပ်ရှားမှုအင်အားကြောင့် ကျောက်တုံးကျောက်ချပ်ကြီးတို့သည် ရုတ်တရက် ကွဲအက်ကျိုးပျက်ရလေသည်။ ထိုကွဲအက်ပြီး လှုပ်ရှားတိုးတိုက်မှု အရှိန်ကြောင့် ပတ်ဝန်းကျင်ရှိ ကျောက်တို့သည်လည်း ယိမ်းယိုင် လှုပ်ရှားသွားရသည်။ ဤသို့ဖြင့် လှိုင်းတို့သည် အဆင့်ဆင့် ဖြစ်ပေါ်လာပေသည်။

အဓိကအားဖြင့် မီးတောင် ပေါက်ကွဲမှုကြောင့်ဖြစ်သော ငလျင်နှင့် မြေပြောင်း ငလျင်ဟူ၍ မြေငလျင်နှစ်မျိုးရှိသည်။ ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်စေသော ငလျင်မှာ မြေပြောင်းငလျင်ဖြစ်၏။ ယင်းငလျင်သည် မြေလွှာပြတ်လွဲခြင်းကြောင့် ဖြစ်ပေါ်ရခြင်း ဖြစ်ပေသည်။


ကမ္ဘာမြေကြီးသည် လွန်ခဲ့သည့် နှစ်သန်းပေါင်း များစွာမှစ၍ လှုပ်ရှားလာခဲ့ရာ အတွင်း၌ ကျောက်လွှာ မြေလွှာတို့သည် ကွဲအက်ကြေမွပြီး ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တည်နေကြသည်။ ယင်းကျောက်လွှာ မြေလွှာတို့ကိုပင် နေနှင့် လတို့က ဆွဲငင်ပြန်သောကြောင့် အထက်အောက် နိမ့်ခြင်း မြင့်ခြင်းများ ဖြစ်ပေါ်ကာ မြေငလျင်လှုပ်ရကြောင်း သိပ္ပံပညာရှင်တို့ တိုင်းတာသိရှိကြပေသည်။


ပင်လယ်သမုဒ္ဒရာ၏ အောက်ခင်း သို့မဟုတ် အနီးအနား၌ မြေငလျင်လှုပ်ရှားပါက ပင်လယ်ရေလှိုင်းကြီးများ ဖြစ်ပေါ်ပြီး ကမ်းခြေတလျှောက် ရေလွှမ်းမိုးကာ လူတို့၏ အသက်အိုးအိမ်နှင့် ပစ္စည်းဥစ္စာတို့ကို ကြီးစွာ ပျက်စီးဆုံးရှုံးစေနိုင်ပေသည်။ ၁၉၂၃ ခုနှစ်က ဂျပန်နိုင်ငံ တိုကျိုနှင့် ယိုကိုဟားမား မြို့ကြီးများတွင် မြေငလျင် လှုပ်ရှားမှုကြောင့် လူပေါင်း ၂၅၀,၀၀၀ ခန့် သေကြေခဲ့ရလေသည်။ ထိုစဉ်က မြေငလျင်ကြောင့် အဓိက ရေပေးသောပိုက်လိုင်းမှာ ပြတ်ကွဲသွားစဉ် ထမင်းဟင်း ချက်ပြုတ်သည့် မီးဖိုများ ပွမ်းထိုးမှောက်ခုန် ဖြစ်သွားသဖြင့် မီးအကြီးအကျယ် ကူးစက်လောင်ကျွမ်းဆုံးရှုံးခဲ့ရလေသည်။





မိတ်ဆွေသုံးဦး
သူတို့သည် အလွန် စိတ်ကူးယဉ်ကြသူများ ဖြစ်လေသည်။
တခါတုန်းက တောအုပ်တခု၌ မိတ်ဆွေသုံးဦး ရှိကြသည်။
ရေးဆွဲသူ ကာတွန်း မြေဇာ
ယုန်ကလေးသည် သစ်ကုလားအုပ်ကို ကြည့်ရှုရင်း
ငါသာသူ့လို လည်ပင်းရှည်ယင် ကောင်းမှာ- ဒါမှ သစ်ပင်ပေါ်ကအသီး အရွက်တွေစား နိုင်မှာ
နွားသည် ဇီးကွက်ကိုကြည့်ရှုရင်း
ငါသာ သူ့လို ပျံနိုင်ယင် သိပ်ကောင်းမှာ
ခွေးအဖြူ ရေကူးနေသော ဘဲများကို ကြည့်ရှုရင်း အညီးသီး စိတ်ကူးယဉ်ကြည့်နေ၏။
ငါသာ ဘဲဖြစ်ယင် ရေထဲက ငါးလေးတွေ စားရမှာ-
နောက်တနေ့နံနက်တွင် ထူးဆန်းစွာပင် သူတို့၏ စိတ်ကူးယဉ်မှုအတိုင်း ဖြစ်နေကြ၏။
ဟဲလို-မစ္စတာ ဇီးကွက်
ဟဲလို 'သစ်ကုလားအုပ်ယုန်'
ဟဲလို ဘဲခွေး


သို့သော်
အာဂိ ဂိ-
လည်ပင်းရှည်ကြီးနဲ့
ခုန်လို့မလွယ်ပါလား
ငါ့တွင်းထဲဝင်တာ
ခေါင်းပေါ်နေပြီ-
ဘဲ ခွေးကို ကြည့်ပါဦး
ဟ-ဟ
ဘာကောင်လဲ
ကွ
ဟား
ဟား
ဟား
ဟား
ဟား
ဟင် !
ငါ့အမဲ ရိုးကို
ဝါးလို့မရပါလား
နွားကွက်မှာ ကောင်းကင်သို့ ပျံသန်းကြည့်၏။
ဟာ
ဓါတ်ကြိုးနဲ့ ငါ့ ကိုယ်
ငြိနေပြီ- ဒုက္ခ
ပါဘဲလား
ဟင်-ညလဲ အိပ်လို့မရဘူး-အိုဖီကွက်က
နေ့အိပ်ပြီး-ည- အစာရှာတာဘဲ-ငါတော့
အခက်တွေ့ပြီ-


မိတ်ဆွေသုံးဦးတို့သည် မိမိတို့အဖြစ်ကို စဉ်းစား ရင်း လမ်းလျှောက်လာကြရာ —
တနေရာတွင် လူတို့ကျားကိုထောင်ထားသော ပိုက်၌ မိသွားကြလေသည်။
ဦးကွပါဘဲ— လူတွေက ဦးကို အထူးအဆန်းဆိုပြီး ပြန်လွှတ်တော့မှာ မဟုတ်ဘူး
ဦးဘဝတော့ လူတွေမိုယင် လွတ်လပ်တော့မှာ မဟုတ်ဘူးကွာ
ငါတော့—နဂိုရ် ဘဝဘဲပြန်ရောက် ချင်ပါပြီ
အင်း ငါလဲ ဒီလိုဘဲ— နဂိုရ် ဘဝပြန်ရောက် ချင်ပြီ—
အဲဒါ—တန်ဘူ တန်ဘူမတွေး· ကိုယ်နဲ့သင့်တော်ရာ မသင့်တော်ရာမတွေးလို့ဘဲ
နောက်တနေ့တွင် သူတို့သည် နဂိုဘဝသို့ ပြန် ရောက်သွားကြရသဖြင့်—
လူများက သူတို့ကို ကျားမဟုတ် ခြင်္သေ့မဟုတ် ၍ ပြန်လွှတ်လိုက်လေသည်။
တော်ပြီ တော်ပြီ နောက်မျိုးဆို မဟုတ်က ဟုတ်ကတွေ မတွေးတော့ဘူး
ဖြိုး

# အီစွပ်ပုံပြင်များ

မင်းယုဝေပြန်ဆိုသည်။



## သစ္စာဖောက်သော ခါငှက်


တနေ့သ၌ ငှက်ဖမ်းသမားတယောက်သည် ပိုက်ကွန်ဖြင့် ငှက်များကို ထောင်ဖမ်းရာ ခါတကောင်ကို ဖမ်းမိလေသည်။

ငှက်ဖမ်းသမားသည် ပိုက်ကွန်အနီးသို့ ချဉ်းကပ်သွားသောအခါ ခါက ထိတ်လန့်စွာ အော်မြည်ရာမှ "အဆွေ ကျွန်ုပ်ကို လွှတ်ပါ။ အကယ်၍ သင်သည် ကျွန်ုပ်ကို လွှတ်ပါက အခြားသော ခါငှက်အများသင့်ပိုက်ကွန်အတွင်းသို့ ဝင်ရောက်လာအောင် ကျွန်ုပ် လှည့်ဖျားခေါ်ဆောင်လာပါမည်" ဟူ၍ ပြောဆို၏။

ထိုအခါ ငှက်ဖမ်းသမားက "အို ငှက်မိုက် သင့်ကို ငါမလွှတ်နိုင်တော့ပါ။ မိမိလွတ်မြောက်မှုအတွက် အပြစ်မဲ့သော မိတ်ဆွေများအပေါ် သစ္စာဖောက်ဝံ့သူကို လွှတ်သင့်ပါသလော။ သစ္စာဖောက်မှုအတွက် သေဒဏ်ထက်မက ကြီးလေးသော ပြစ်ဒဏ်ပင် ပေးသင့်ပေသေးသည်တကား" ဟူ၍ ပြောဆိုလိုက်လေသည်။

ဥပဒေသ။ အမှုတကာတို့တွင် သစ္စာဖောက်မှုသည် အယုတ်ညံ့ဆုံး ဖြစ်သည်။

## နံရံတွင် ပူဖောင်း ကပ်နေအောင် လုပ်နည်း



# ကောင်းသောအာတုယူခြင်း

လှဖွန့်



ငွေမောင်း မော်တော်သည် ပုခန်းငယ်မြို့မှ ချောက်မြို့ သို့ နေ့စဉ် အချိန်မှန် ပြေးဆွဲလျက် ရှိပါသည်။ ပုခန်းငယ်မြို့မှ လက်လုပ် လက်စား ဈေး သည် တို့သည် ငွေမောင်းမော်တော်ဖြင့် ချောက်မြို့သို့ လိုက်၍ ဈေးဝယ်ကာ ပုခန်းမြို့ပေါ် တွင် ပြန်လည် ရောင်းချကြပါသည်။

ယနေ့ တနင်္ဂနွေနေ့ ဖြစ်သောကြောင့် မော်တော်သည် ပို၍ ကျပ်ပါသည်။ ကုန်လည်း များပါသည်။

စိုးသိမ်းသည် သူတကာတွေ ပြောဆို နေကြ သည်ကို နား ထောင်၍ ဟိုကြည့် သည်ကြည့် ဖြင့် ငေးနေသည်။

"ဟေ့ ခ လေး၊ မင်း တယောက်ထဲလား"

စိုးသိမ်း၏ အနီးရှိ လူကြီး တယောက်က မေးသဖြင့် စိုးသိမ်း လန့်သွားသည်။

"ဟုတ် – ဟုတ်ကဲ့၊ ကျွန်တော် တယောက်ထဲပါ"

"မင်း ချောက်က ပြန်လာတာလား။ ကျောင်း ပိတ် တဲ့ နေ့မို့ ချောက်ကို အလည်သွားဟန်တူတယ်"

"ကျွန်တော် ချောက် ကို မြေပဲဆားလှော် သွားဝယ်တာပါ ခင်ဗျာ"

စိုးသိမ်းက သူ့ရှေ့ရှိ မြေပဲ ဆားလှော်ပုံးကို လက်ညှိုး ထိုးပြရင်း ဖြေလိုက်သည်။

ထို လူကြီးသည် စိုးသိမ်း ပြသောမြေပဲလှော်ပုံးကို ကြည့်၍ ပြုံးသည်။

"မင်း ကျောင်း မ နေ ဘူးလား"

"နေပါတယ် ခင်ဗျာ။ အခု ခြောက်တန်းရောက်ပါပြီ"

"ဒါဖြင့် မြေပဲဆားလှော်က ဘယ်သူရောင်းသလဲ။ မင်းတို့ အိမ်မှာ အိမ်ဆိုင် ဖွင့် ထား သလား"

"မြေပဲဆားလှော်ကို ကျွန်တော် ကျောင်းတက်ရင်းရောင်းပါတယ်။ အိမ်ဆိုင် မဖွင့်ပါဘူး"

"မင်းမိဘတွေက ဘာလုပ်သလဲ"

"အဖေက ရေလုပ်သားပါ။ ငါးဖမ်းပါတယ်။ အမေကတော့ ငါးရောင်းပါတယ်"

"မင်းမှာ မွေးချင်း ဘယ်နှစ်ယောက် ရှိသလဲ"

"သုံးယောက် ရှိပါတယ်။ ကျွန်တော်က အကြီးဆုံးပါ"

ထို လူ ကြီး သည် စိုးသိမ်း အား နောက်ထပ် မည်သို့မျှ မမေးတော့ပဲတခုခုကိုစဉ်းစား၍ နေသည်။

မော်တော်မှာ ပုခန်းငယ်မြို့ သို့ ရောက်ရန် တဖြည်းဖြည်း နီးကပ်လာသည်။ ထိုလူကြီးသည် စိုးသိမ်းဘက်သို့လှည့်၍–

"ဟေ့ သူငယ်၊ ဦးဦးကို မြေပဲဆားလှော် တမတ်ဘိုး ရောင်းကွာ။ မင်းမှာလဲ ဈေးဦးပေါက်တာပေါ့။ ဒါနဲ့မင်းနာမယ် ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်နာမည် စိုးသိမ်းလို့ ခေါ်ပါတယ်"

ထိုလူကြီးသည် မြေပဲဆား

လှော် ထုပ်များကို ဖောက်၍ စားနေသည်။

"မင်းအဖေနဲ့အမေရဲ့နာမယ် ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်အဖေနာမည်က ဦးတင်၊ အမေ့နာမယ်က ဒေါ်သိန်းမြပါ"

ထိုအခါလူကြီးသည်စိုးသိမ်းအား ကြည့်၍ ပြုံးနေပြန်သည်။

စိုးသိမ်းမှာ ထိုလူကြီးက မကြာခဏ မေးခွန်းတွေ မေးသောကြောင့် စိတ်ရှုပ်နေသည်။ ပုခန်းငယ် ဆိပ်ကမ်း သို့သာ မြန်မြန် ရောက်ပါစေ တော့ဟု စိုးသိမ်းဆုတောင်းနေသည်။

ပုခန်းငယ်ဆိပ်ကမ်းသို့ မော်တော်ဆိုက်သည်နှင့် တပြိုင်နက် စိုးသိမ်းသည်မြေပဲဆားလှော်ပုံးကိုဆွဲ၍ "ဦးဦး သွားတော့မယ်" ဟု နှုတ်ဆက်ကာ အပြေးဆင်းသည်။

"နေပါအုံး မောင်စိုးသိမ်းရ၊ ဦးဦးလဲ အတူလိုက်မှာပေါ့"ဟုဆိုကာ ထိုလူကြီးသည် စိုးသိမ်း၏ နောက်မှ လိုက်လာသည်။ စိုးသိမ်းသည် ထိုလူကြီး နှင့် ပတ်သက်၍ တလမ်းလုံး အမျိုးမျိုး စဉ်းစားနေလေသည်။ ထိုလူကြီးသည် စိုးသိမ်း၏ အိမ်အထိပင် နောက်မှ လိုက်လာသောကြောင့် စိုးသိမ်း အံ့သြ၍နေသည်။

"ဟေ့ မောင်တင်၊ ငါ့ကို မမှတ်မိတော့ဘူးလား" ဟု အိမ်ရောက်လျှင် ဖျောက်ချင်းပင် ထိုလူကြီးက ပိုက်ကြိုးတပ်နေသော စိုးသိမ်း အဖေအား မေးလိုက်သည်။

"မှတ်မိတာပေါ့ ကျော်မြင့်ရာ၊ မင်း အခုဘာလုပ်နေသလဲ"

"ငါ အခု အလယ်တန်းပြ ဆရာဖြစ်ပြီကွာ။ ဒီမြို့ကိုပြောင်းရလို့ အခုလာတာ။ မကြာခင်မှာဘဲ ငါ့အိမ်သားတွေ ပြောင်းလာလိမ့်မယ်။မော်တော်မှာ မင့်သားနဲ့တွေ့လို့ မေးမြန်းကြည့်ပြီးတွေ့ရအောင် လိုက်လာတာကွ"

"သား-အဲဒါ ဖေဖေ့ သူငယ်ချင်းဘဲ။ ငယ်ငယ်တုန်းက သူလဲ သားလိုဘဲ မြေပဲဆားလှော်ရောင်းပြီး ကျောင်းတက်ရတယ်။ ဖေဖေသာ မကြိုးစားခဲ့လို့ အခုလို ဆင်းရဲနေရတာ။ အမှန်တော့ သူနဲ့ ဖေဖေဟာ ဘဝတူဘဲကွ"ဟု စိုးသိမ်း အဖေက စိုးသိမ်းအား ပြောပြသည်။

"အေး-ငါလဲမော်တော်ပေါ်မှာ မင့်သားနဲ့ တွေ့ပြီး ငါ့ဘဝ ငါပြန်သတိရလာတယ်။ ငါဟာ အရင်တုန်းက မင်းတို့လိုဘဲ ဆင်းရဲခဲ့တာဘဲ။ ငါ့ရဲ့ကြိုးစားမှုကြောင့် အခုလိုအောင်မြင်တာပါကွာ"

စိုးသိမ်းသည် သူ့အဖေနှင့် သူ့အဖေ၏သူငယ်ချင်းတို့စကားပြောနေကြသည်ကို နားစိုက်ထောင်လျက် သူ့အဖေ၏ သူငယ်ချင်းကဲ့သို့ ကျောင်းဆရာဖြစ်ရန် ဆက်လက်ကြိုးစားမည်ဟု ဆုံးဖြတ်ချက် ချလိုက်လေသတည်း။

## အင်းဝ

အင်းဝမြို့ကို အလည်သွားဖို့၊
လိုက်မလားကွဲ့ မောင်တို့ရယ်။
အနှစ်တထောင်
ညောင်ပင်ကြီးရဲ့၊
အရိပ်ထီးက အေးမြတယ်။
မောင်မောက်ငယ်ငယ်
ဆော့ကစားတဲ့၊
နေရာများလား သိဘူးကွယ်။
ရတုလင်္ကာ ပျို့တွေရေးဘို့၊
အတွေးလေးများ ရခဲ့မယ်။
ညောင်ရွက်ခတ်သံ
ကာရန်ပေးလို့၊
ကဗျာရေးတိုင်း အလှကြွယ်။
ဝန်းတွေ လှေတွေ
လယ်စွေကြားက၊
လုပ်သားကောင်းတို့
ပေါဝှဲ့နယ်။
ကြည့်ဖွယ် သိဖွယ်။ ။

ကိုလေး(အင်းဝကျက်ရည်)



R. 517

# စွန်



စွန်၏ကိုယ်အလျားမှာ ၂၄ လက်မ မှ ၂၀ လက်မခန့်အထိ ရှိ၏။ ပုံသန်းစဉ် ယင်း၏ အမြီးနှစ်ခွကို ထင်ရှားစွာ မြင်ရသည်။ ပေါ့ပါးဖျတ်လတ်စွာ ပျံသန်း၍ ကောင်းကင်တွင် ဝဲနေတတ်သည်။ ဝါတွင်းတွင် စွန်ကို မတွေ့မမြင်ရ၍ ဥပုသ်စောင့်သော ငှက်ဟု ခေါ်ကြသည်။

ညစ်ညစ်အော်တတ်ပြီး အသံမှာ စူး၍ ရှည်လျား၏။ လူ၏အနီးအနားနှင့် အမှိုက်ပုံနားတဝိုက်တွင် စွန်တို့ အစာရှာဖွေရန် ရောက်လာတတ်သည်။ ငှက်ကလေးများ၊ ကြွက်ကလေးများကို အလစ်သုတ်ယူပြေးဘတ်သည်။ တခါတရံ ကျီးကန်းနှင့် အခြားစွန်များထံမှ အစာကို လုယက်စားသောက်သည်။

နှိုဝင်ဘာလမှ ဖေဖော်ဝါရီလအတွင်း စွန်သားပေါက်ကြ၏။ အသိုက်ကို သစ်ပင်ထက်တွင် ပြုလုပ်လေ့ရှိ၏။ ကမြုံလျှင် တဥမှ လေးဥအထိ ရှိသည်။ တဥလျှင် ပျမ်းမျှ အလျား ၂.၂၀ လက်မနှင့် ပြက် ၁.၇၅ လက်မရှိ၏။ စွန်သည် မြန်မာနိုင်ငံသို့ ဆောင်းတွင်းမှသာ ရောက်လာသော ငှက်များဖြစ်သည်။



စိုးမြင့်


၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးတင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ ဒဇ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၅။ အမှတ် ၁၇။

# ရွှေသွေး ဂျာနယ်


၁၃၃၅၊ ဦးတန်ခူးလဆုတ် ၁၁ ရက် (၂၀-၄-၇၃)





စနေနေ့တိုင်းထုတ်ဝေသည်။



အလုပ်လုပ်သော ဖေါက်ဖေါက်
ပန်းချီ - ဦးတကြည်
ဇါတ်လမ်း - မြသွေး
ငါလဲ ကြီးလာယင် စံပြလုပ်သား ဖြစ်ချင်တယ် သတ္တဝါများရဲ့ အကျိုးဖို့ လုပ်ငန်းတွေ လုပ်ရမယ်.....
ဆင်လိမ္မာလေးပေါက်ပေါက်သည် အလုပ်သမားတပ်ကြီး ချီတက်သည်ကို ကြည့်ပြီး တွေး၏။
ဒါပေမယ့် - ခက်တာက - ဘယ်က စပြီး - ဘာတွေ လုပ်ရမလဲ မသိ
ပေါက်ပေါက် နားရွက်ကြီး ကတော့ ပျံနေတာဘဲ.. ထီးလုပ်ဆောင်းရယင်
ထိုအခိုက် မိုးသည်းထန်စွာ ရွာချလိုက်၏။ စိုရွှဲနေသော မြေခွေးလေးတကောင် ရောက်လာပြီး–
ဒီအကြံ မဆိုးဘူး
ငါကလဲ ကူညီချင် နေတာနဲ့ အတော်ဘဲ
ဘဲ့နဲ့လဲ ချာတိတ် တွေ
သို့ဖြင့် သတ္တဝါငယ်လေးများကို နားရွက်ကြီးနှစ်ဘက်ဖြင့် မိုးကာပေးထားလေသည်။
မိုးမရွာတော့ - ဘာများ လုပ်ရမလဲ မသိ ဘူး----
နောက်တနေ့တွင် မိုးမရွာတော့ဘဲ နေပူနေ၍ သတ္တဝါများအကျိုးပြုရန် ခက်နေပြန်၏။


ထိုအခိုက် ယုန်တကောင်ရောက်လာပြီး
အာပါး - ဒီနွားမောင်းမျိုး ဆိုယင် - ရေပက် လို့ကောင်း မှာဘဲ
ဟုတ်လား - ကျုပ်ကလဲ-အာလုပ် လုပ်ချင်တာနဲ့ - အတော်ဘဲ
ထိုကြောင့် ပေါက်ပေါက်သည် အနီးအနား၌ရှိသော စမ်းချောင်းထဲမှ ရေများကို စုတ်ယူကာ သစ်ပင်များကို ရေလောင်းတော့သည်။
ညဘက်တွင် အားလုံး အိပ်နေကြသော်လည်း
ပေါက်ပေါက်ခမျာ သတ္တဝါများ ကောင်းကျိုးဆောင်ရွက်ရန် ဘာများ လုပ်ရမည်နည်းဟုတွေးရင်း မအိပ်နိုင်ဖြစ်ရှာသည်။
တချိန်တွင် ညှော်နံ့ရ၍ လှည့်ကြည့်ရာ -
ဟာ — ဒီမီးကျွမ်းဖြင့် တတောလုံး မီးလောင်မှာဖြင့် သတ္တဝါလေးတွေ သေကုန်လိမ့်မယ် -----
ငါ ဘာလုပ် ရပါ့မယ်.
သစ်ငုတ်တို မီးလောင်နေသည်ကိုတွေ့၍ -


အော် - အဲ - ငါနေ့လည်က - သစ်ပင်ရေလောင်း
သလို လုပ်ယင် - ရမှာဘဲ ...
ထင်တယ်
အဲ ...
ဟုတ်ပါပြီ၊
ထိုသို့ တွေးမိပြီး စမ်းချောင်းဘက်ပြေးသွားကာ
ရေတဝကြီးစုတ်ယူလာလျက် ပက်ဖြန်းလိုက်၏၊
ဟယ် - သစ်ငုပ်တို
ကြီး မီးလောင်ထားတယ်။
ရေတွေလဲ စိုနေတယ်။
တနေ့တော့ - ပေါက်ပေါက် - ငြိမ်း
တာ ဘဲ ဖြစ်ရမယ်
မောင်မင်းကြီးသား - ကျေးရွာတင်လိုက်တာ
တောမီးသာ လောင်ယင် - အားလုံး ဒီမနက်ဆို
ယင် - ယုန်ကောင် - ရှဉ့်ကောင် - သမင်ကောင် - မြွေအကောင်
နံနက်လင်း၍ တိရစ္ဆာန်များ အားလုံးနိုးလာကြပြီး တအံ့တသြ ဖြစ်နေကြသည်၊
ပေါက်ပေါက်ကို
ကျေးဇူး ဆပ်တဲ့
အနေနဲ့
ဂုဏ်ပြုပွဲ
လုပ်ကြရအောင်။
အေး။
ဟုတ်တယ်။
လုပ်ပါ။
.... ဂုဏ်ပြုသော အားဖြင့်
သားတော် ဆိပ် နှင့် မီးသတ် ဗိုလ်ဝတ်စုံ
ကတော့ ပါတယ် .......
သတ် .......
ဗိုလ်ပေါက်ပေါက်
ကို
အလေး ......
....ပြု
သို့ဖြင့် ဂုဏ်ပြုပွဲ ကျင်းပကြလေသည်၊


ဆင်ခြင်ဉာဏ်နဲ့တဲ့
ဖြူဝါ
ရေးဆွဲသူ
ကာတွန်းမြေရာ
အိမ်တဆောင်ရှိ ကြောင်မကြီးတကောင်၌ ဖြူဝါ အမည်ရှိ သားကလေးတကောင်ရှိ၏။
ဟောဒီအိမ်ဘေး အမှိုက်ပုံမှာ လာ လာ စားတဲ့ကြွက်ကလေး ကို ကျွန်တော် ဖမ်းပြမယ်
သူ့မေမေက ကြွက်ဖမ်းနည်းသင်ပေးထား သဖြင့် ဖြူဝါသည် သူ့မည်မျှတော်ကြောင်း ကို သူ့မေမေအား ပြလိုလှသည်။
ဒါပေမဲ့ ကြွက်ဖမ်း တယ်ဆိုတာမလွယ်ဘူး ဒီကောင်တွေက သိပ်လျင်တာသားရဲ့
ကျွန်တော့်မှာ အကြံဉာဏ်ကောင်းတခု ရှိပါတယ် - ကျွန်တော် မိအောင် ဖမ်းပြမယ်
အေး - ဒါမှ သား-ဘယ်လောက် တော်တယ်ဆိုတာ မေမေ သိမှာ ဖမ်းပြစမ်း
တညနေတွင်
နဲ့နဲ့တောင် မှောင်လာပြီ အမှိုက်ပုံမှာ အစာ သွားရှာမှ
ကြွက်ကလေးတကောင်သည် အမှိုက်ပုံ၌ အစာ ရှာနေစဉ် အနီးပိုက်လုံးအတွင်းမှ မျက်လုံးနှစ် လုံးပိုင်ရှင်ကိုမူ သတိမထားမိချေ။


လျှပ်တပြက် အချိန်အတွင်းမှာပင်
ဟိတ်! ဖိုဖြ
လွှတ်ပါဗျ လွှတ်ပါဗျ ကျွိ-ကျွိ-
မင်းဟာငါ့ပထမဆုံးမိတဲ့ကြွက်ဘဲ ပိုက်လုံးထဲကိုဖြစ်ညှစ်ဝင်နေတာကွ အတော်အကြံပိုင်တဲ့ငါဘဲ ဟားဟား-ဟားဟား
လွှတ်ပါ ကျွန်တော့်ကို လွှတ်ပါ
ဆူဆူညံညံနဲ့ ဘာဖြစ်နေကြတာလဲ
ဖွဲ့ဝါက အကြောင်းစုံ ရှင်းပြလိုက်ရာ
ဘာ, ဒီကြွက်ကို မင်းဖမ်းတယ် ဟုတ်လား ငါမယုံပါဘူးကွာ ဟားဟား
ကဲ-ကျွန်တော် လက်တွေ့ပြမယ် ဘဲဒီကြွက်ကိုသာကြည့်ထား
ဒီမယ်- ပိုက်လုံးထဲ ကောက်သွားပြီ မြင်လား


ဒီလိုချောင်းပြီး ဖမ်းတာမှ
ယုံပြီလား ဟင်!
တကောင် မှမရှိ တော့ဘူး -
ခင်ဗျားတို့ ဘယ်မှာလဲ ?
ခင်ဗျားတို့ ဘယ်မှာလဲ
ဟဲ့ဟဲ့ ဘာဖြစ် တာလဲ သား
ဖြူဝါသည် သူ့မေမေကိုတွေ့တော့ ငိုယိုပြီး သူ့အဖြစ်ကို ပြောပြလေသည်။
ဖါးပြုပ် ဂယ်ပေါ့ မေမေရယ်
ဖြူဝါ၏ စကားအဆုံး၌ သူ့မေမေက အားရပါးရ အော်ရယ်လိုက်ပြီး -
သားက မစဉ်းစား မဆင်ခြင်ဘဲ လုပ်တာကြီး-ဒီအတိုင်းဆို ဖါးပြုပ် က ပို အကြံ ပိုင် နေတာပေါ့- နောက်ဘာ လုပ် လုပ် စဉ်းစားဆင်ခြင် ဉာဏ် သုံးဖို့မေ့မယ်-
ထိုအချိန်၌ ကြွက်ကလေးက သူ၏ မိတ်ဆွေကောင်းဖြစ်သော ဖားပြုတ်အား -
ကျေးဇူးတင်ပါတယ် ဗျာ, ခင်ဗျားကယ်တဲ့ အသက်ဘဲ ရှိတော့တယ် ကျွန်တော်ဒီနေ့က အပြီး ပြောင်း လိုက် တော့မယ်

# မြန်မာနိုင်ငံ ကြေးနန်းဆက်သွယ်ရေး

ကာတွန်း၊ မောင်မောင်သက်



ကြေးနန်း ရိုက်ခြင်းသည် ကြေးကြိုးဖြင့် တဆင့် ရပ်ဝေးသို့ သတင်းစကားပေးပို့ခြင်းကို ဆိုလိုသည်။ ကြေးနန်းရိုက်နည်း မပေါ်မီအခါက တနိုင်ငံနှင့်တနိုင်ငံ ဆက်သွယ်ရေးများကို စာဖြင့်သာ ပြုလုပ်ခဲ့ရသည်။ ထို့ကြောင့် ပို့လိုက်သော စာများသည် ခရီးအလိုက် ကြန့်ကြာပြီးမှ လိုရာသို့ ရောက်နိုင်ခဲ့ကြပေသည်။ ၁၉ ရာစုအတွင်းသို့ ရောက်လာမှ ခေတ်မီ ကြေးနန်း ရိုက်နည်းကို အောင်မြင်စွာ တီထွင်နိုင်လာခဲ့ကြပေသည်။



ကြေးနန်း ဆက်သွယ်ရေးတွင် စကားပြောကြေးနန်း (တယ်လီဖုန်း)၊ ကြိုးမဲ့ကြေးနန်း (ဝိုင်ယာလက်)၊ ဓာတ်ပုံကြေးနန်း (ဖိုတိုတယ်လီဂရမ်) လုပ်ငန်းများ ပါဝင်သည်။ မြန်မာ ကြေးနန်းရိုက်နည်း စံနစ်ကို မော့ (စ်) ၏ ကြေးနန်းရိုက်နည်း တီထွင်ပြီးနောက် အင်္ဂလိပ်စာ မတတ်သော ယောမြို့စား အတွင်းဝန် ဦးဘိုးလှိုင်က တီထွင်ခဲ့သည်။ ယင်းပုဂ္ဂိုလ်တီထွင်ခဲ့သော ''လိပိဒိပိကာကျမ်း'' သည် ယခုတိုင် အထင်အရှားရှိသည်။ ၁၈၇၃ ခုနှစ် မင်းတုန်းမင်း လက်ထက်တွင် မြန်မာနိုင်ငံ ကြေးနန်းဆက်သွယ်ရေးကို စတင်အသုံးပြုခဲ့လေသည်။



မြန်မာနိုင်ငံတွင် ရန်ကုန်မြို့၌ စကားပြောကြေးနန်း တယ်လီဖုန်းကို ၁၈၈၄ ခုနှစ်တွင် စတင်၍ အသုံးပြုပြီး ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးကို ၁၉၀၄ ခုနှစ်တွင် အသုံးပြုခဲ့လေသည်။ မြန်မာနိုင်ငံ၏ ကြေးနန်း ဆက်သွယ်ရေးလုပ်ငန်း သမိုင်းနောက်ခံကို ပြန်ကြည့်လျှင် ၁၈၆၁ ခုနှစ်တွင် အောက်မြန်မာပြည်နှင့် ရခိုင်တိုင်းတို့၌ ကြေးနန်းဆက်သွယ် အသုံးပြုလျက်ရှိသည်။



မြန်မာနိုင်ငံသည် ကမ္ဘာ့ကြေးနန်း ဆက်သွယ်ရေး အဖွဲ့သို့ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ပါဝင်နိုင်ခွင့် ရရှိခဲ့သည်။ ထိုနောက် ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင်ကမ္ဘာ့စာပို့တိုက် အဖွဲ့သို့ ပါဝင်ခွင့်ရခဲ့လေသည်။




မြန်မာနိုင်ငံ၌ မိုက်ကရိုဝေ့ (ဖ်) ရေဒီယိုတယ်လီဖုန်းကို ၁၉၅၉ ခုနှစ်မှစတင်၍အသုံးပြုခဲ့သည်။ ယခုအခါ ပြည်ပနိုင်ငံများ ဖြစ်ကြသော စင်ကာပူ၊ ယိုးဒယား၊ မာလာယု၊ အင်ဒိုနီးရှား၊ဖိလစ်ပိုင်၊ ဟောင်ကောင်၊ ဂျပန်၊ အိန္ဒိယ၊ သီဟို၊ ပါကစ္စတန်၊ အင်္ဂလန်၊ ဒိန်းမတ်ဆွစ်ဇာလန်၊ ကိုရီးယား၊ အမေရိကန်၊ ရုရှနှင့် တရုပ်ပြည်သူ့ သမတ နိုင်ငံများသို့ တိုက်ရိုက်ဆက်သွယ်နိုင်လေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် လက်ရှိ ဆက်သွယ် လုပ်ကိုင်နေသော စကားပြောကြေးနန်း (တယ်လီဖုန်း) ဆက်သွယ်ရေး ရုံးပေါင်း ၁၀၃ ရုံးရှိသည်။ စကားပြော ဆက်သွယ်နိုင်သော မြို့ပေါင်းမှာ ၁၅၁ မြို့ရှိပြီး ကြေးနန်းဆက်သွယ်ရေး ဌာနရုံးပေါင်း ၂၇၇ ရုံးရှိလေသည်။ ယခုအချိန်တွင် ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းများ ယခုထက် တိုးတက်အောင် ဆက်လက် လုပ်ကိုင်ဆောင်ရွက်လျက် ရှိလေသည်။




မောင်ဦး၊ မောင်ထူး၊ မောင်တုး နှင့် ကျော်ကျော်တို့သည် အလွန်ခင်မင်သော သူငယ်ချင်းများဖြစ်ကြသည်။
သူငယ်ချင်း
ကစားအတူ စားအတူနှင့် တယောက်ကို တယောက်လည်း အလွန် ညှာတာကြသည်။
သို့သော် ကျော်ကျော်က ခပ်အေးအေး နေတတ်သလောက် မောင်ဦး၊ မောင်ထူးနှင့် မောင်တုးတို့မှာ အလွန်အနှောက်အယှက် သန်ကြလေသည်။
ဝက်ဆီမတ်
ထို့နောက်


ဇော်ထူးသည် ဆန်အိတ်အောက်ချရမည်ကို ခက်နေသဖြင့် -
တောက်!
ဟား ဟား ဟား
ကျောင်း၌လည်း ဆရာများ ရှေ့တွင်သာ ခပ်အေးအေး ခပ်ကုပ်ကုပ် နေကြ သော်လည်း ဆရာများ ကွယ်ရာ၌မူ -
ဟား ဟား
ထို့ကြောင့် မောင်ဦး၊ မောင်ထူး၊ မောင်တူးနှင့် အတူ ကျော်ကျော့် ကိုပါ သူငယ်ချင်း များက ဝိုင်းပယ်ထားကြလေသည်။


ထို့ကြောင့် ကျော်ကျော်သည် မောင်ဦး၊ မောင်ထူးနှင့် မောင်တုးတို့ကို စိတ်ဆိုးစ ပြုလာ၏။
တောက်.. ဒီကောင်တွေ အရုပ်ကျတာနဲ့ ငါပါ ရောပြီး ဝိုင်းပယ် ခံနေရပြီ ဒီကောင်တွေနဲ့ ပေါင်းရတာ ဘာမှ အကျိုး မရှိဘူး..
ထို့ကြောင့် ကျော်ကျော်သည် မောင်ဦးတို့ တတွေကို ရှောင်နိုင်သမျှ ရှောင်ပြီး ခပ်ကင်းကင်းနေလေသည်။
ဟာ.. မမရေ.. မောင်ထူးတို့လာနေပြီ ကျော်မရှိဘူးလို့ ပြောလိုက်ပါနော်..
ဟေ
ကျော်ကျော်ကို မတွေ့သဖြင့် အားလုံး စိတ်ပျက်သွားကြလေသည်။
ကျော်ကျော် မပါယင် ပျော်မှာ မှုတ်ဖူးကွ
အားကျာ နို့လဲ အိမ်ပြန်ပြီး စာကြည့်နေတာ ကောင်းပါတယ်
မောင်ဦးတို့ ပြန်သွားပြီးနောက် မမက မေးသဖြင့် ကျော်ကျော်က အကြောင်းစုံ ရှင်းပြသောအခါ–
အဲဒါ မင်း တကိုယ်ကောင်း ဆံတာပဲ ကျော်ကျော်.. ကိုယ်လွတ်ရုန်းတာပဲ..
ဟင်.. ဘာ ဖြစ်လို့လဲ
မောင်ဦးတို့ဟာ ဘယ်လောက်ပဲ အရုပ်ကျကျ မင်းနဲ့ သူငယ်ချင်းဟာ သူငယ်ချင်းပဲ မှတ်ထား၊ သူတို့ အရုပ်ကျလို့ မပေါင်းဘူးဆိုတာထက် အရုပ်ကျတာဟာ အကျိုးမရှိတဲ့ အကြောင်း၊ လူချစ်သူခင် ခံတဲ့ အကြောင်း၊ မင်း နားလည်သလို သူတို့လဲ နားလည်လာအောင် ရှင်းပြသင့်တာပေါ့.. ..ခုတော့------
ညအိပ်ရာဝင်သော်–..
အင်း.. မမ ပြောတာ ဟုတ်တယ်၊ ငါဟာ သူငယ်ချင်းတွေ အပေါ် တကိုယ်ကောင်း ဆံတာ.. ကိုယ်လွတ်ရုန်းတာ.. မနက်ဖြန် ကျောင်းရောက်မှ မောင်ဦးတို့ကို ပြောပြပြီး ခါတိုင်းလို အတူတူ ပြန်နေရမယ်..



## အီစွပ်ပုံပြင်များ

မင်းယုဓေ ပြန်ဆိုသည်


### ရေနစ်သော သူငယ်

တခါသော် သူငယ်တယောက်သည် မြစ်သို့ဆင်း၍ ရေချိုးစဉ် ရေနက်ထဲသို့ ရောက်သွားကာ ရေနစ်အံ့ဆဲဆဲ ဖြစ်နေသည်။ ဤတွင် သူသည် သူ့ကို ကယ်ကြပါရန် ဟစ်အော် အကူအညီတောင်း၏။

ထိုအခိုက် လူတယောက်သည် မြစ်ကမ်းအနီးမှ ဖြတ်သန်းသွားရာ သူငယ်၏ အော်သံကြားသဖြင့် ကမ်းစပ်သို့ ဆင်းလာ၏။ ထို့နောက် သူသည် သူငယ်အား ဆယ်တင်ခြင်းမပြုပဲ၊ ရေနက်ထဲသို့ဆင်း၍ မဆင်မခြင် ရေချိုးရမည်လောဟူ၍ ပြစ်တင် ဆူပူကြိမ်းမောင်းခြင်းသာ ပြု၏။

ထိုအခါ သူငယ်က ''အို– ဘကြီးခင်ဗျာ၊ ကျွန်တော့်ကို ပထမဦးစွာ ဆယ်တင်ပါဦး။ ထို့နောက်မှသာ ဘကြီးနှစ်သက်သလို ပြစ်တင် ဆူပူကြိမ်းမောင်းခြင်း ပြုပါ'' ဟူ၍ ဟစ်အော် ပြောဆိုလိုက်လေသည်။

ဥပဒေသ။ ။အရေးကြုံစဉ် ကူညီခြင်းသာ အဓိကဖြစ်သည်။




### မီးခြစ်ဆံမျက်လှည့်

လက်ကိုင်ပုဝါ အနားကွပ်ခေါက်ရိုးအတွင်းထဲသို့ မီးခြစ်ဆံတချောင်းကို ကြိုတင်သွင်းထားပါ။ ထို့နောက် သင်၏ သူငယ်ချင်းများရှေ့တွင် မီးခြစ်ဆံတချောင်းကိုပြပြီး လက်ကိုင်ပုဝါအလယ်တွင်ထား၍ထုပ်ကာ စောစောက ကြိုတင်သွင်းထားသော မီးခြစ်ဆံကို အသံမြည်အောင် ချိုးပြပါ။ ထို့နောက် လက်ကိုင်ပုဝါကိုဖြန့်၍ မီးခြစ်ဆံမကျိုးပဲရှိသည်ကို ပြပါ။ သူငယ်ချင်းများ အံ့ဩသွားလိမ့်မည်။

# အရှက်ဆိုသည်မှာ

သရက်မောင်ညိုသွေး



"ဂျစ်တူးရေ ဟိုလမ်းထိပ်က ဒေါ်သူဇာ အိမ် သွားမေးပါကွယ်၊ အဝတ်လျှော်ဘို့ ရှိသေးလားလို့"

မေမေသည် ခိုင်းစရာရှိလျှင် ကျွန်တော့်ကိုသာ ခိုင်းလေ့ရှိပေသည်။ ကျွန်တော်တို့ အိမ်တွင် အိမ်သား အားလုံးပေါင်း နှစ်ယောက်သာ ရှိပါသည်။ ကျွန်တော်၏ အဖေမှာ ကျွန်တော် ငယ်စဉ်ကပင် ဆုံးသွားသည်ဟု သိရပါသည်။ ထို့ကြောင့်ပင် ကျွန်တော့်ကိုသာ လက်တိုလက်တောင်း ခိုင်းနေရပါသည်။

လမ်းထိပ်ရှိ ဒေါ်သူဇာအိမ်သို့ ကျွန်တော် ထွက်ခဲ့ပါသည်။ ဒေါ်သူဇာအိမ်တွင် ကျွန်တော့် အရွယ် ကောင်မလေး တယောက် ရှိနေမှန်း ကျွန်တော် သိသည်။ ကောင်မလေးမှာ အမြဲတမ်း အဝတ်အစား လှလှလေးများ ဝတ်ထားပြီး၊ သန့်သန့်ရှင်းရှင်း ရှိသည်။ ကျွန်တော့်မှာ ကောင်မလေးလို မဟုတ်၊ စုတ်ပြဲသောအင်္ကျီ၊ ပေကျံနေသော လုံချည်နှင့်မို့ ကောင်မလေးနှင့် တွေ့ရမှာ ရှက်မိပါသည်။

ထို့ကြောင့်ပင် ဒေါ်သူဇာ အိမ်သို့ မသွားတော့ပဲ လမ်းထဲတွင် အချိန်ကုန်အောင်နေလိုက်ပါသည်။ နောက် မေမေ့အား အဝတ်လျှော်စရာ မရှိဟု ပြောလိုက်သောအခါ မေမေက ယုံကြည်နေပေသည်။

သည်ကနေ့ ဘယ်အိမ်မှာမှ အဝတ်လျှော်စရာ မရှိ၍ မေမေ ညည်းတွားနေသံကို ကြားရပါသည်။

ကျောင်းတက်ချိန် နီး၍ ကျွန်တော် ထမင်းစားသောအခါ ထမင်း မစားနိုင်တော့။ ငပိရေကျိုနှင့်မို့ မစားနိုင်ခြင်း ဖြစ်ပါသည်။ ခါတိုင်းနေ့များဆိုလျှင် ဝမ်းဘဲဥကြော်တော့ စားရပါသေးသည်။ သည်နေ့တွင် ဘယ်အိမ်ကမှ အဝတ်မလျှော်ခိုင်းသဖြင့် ပိုက်ဆံမရတော့ပါ။ ထို့ကြောင့် ဝမ်းဘဲဥ ဝယ်စရာ ပိုက်ဆံလည်း မရှိတော့ပါ။

ကျွန်တော် ထမင်းမစားနိုင် ဖြစ်နေသည်ကို မေမေ သိပါသည်။ မေမေ့မျက်နှာ မကောင်းပါ။

မေမေသည် ကျွန်တော့် အဖြစ်ကိုကြည့်၍အင်္ကျီအိတ်ထဲသို့လက်နှိုက်ကြည့်ပါသည်။ ပိုက်ဆံ အကြွေငါးပြားမှအပ ဘာမျှ ပါမလာပါ။ ခါတိုင်းနေ့များတွင် မုန့်ဘိုး ဆယ်ပြားတော့ ကျွန်တော် ရပါသည်။ သည်နေ့တွင်မူ ငါးပြားသာ ရပေတော့မည်။

ကျောင်းတွင် နေ့လယ် မုန့်စားလွှတ်ချိန်၌ ကျွန်တော်မှာ အလွန် ဆာလောင်နေပါတော့သည်။ ထမင်းဝအောင် မစားနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ မုန့်ဝယ်စားပြန်သည့်အခါ ပိုက်ဆံ ငါးပြားဘိုးသာ ဝယ်စားနိုင်၍ ဗိုက်ဆာသော ဝေဒနာမှာ မပျောက်ခဲ့ပါ။ ထို့ကြောင့် ညနေပိုင်း ကျောင်းပြန်တက်သော

အခါ စာသင်ရာတွင်စိတ်ပါလက်
ပါ မရှိနိုင်ဖြစ်နေပါတော့သည်။

ဆရာသည် ဘုန်းကြီး ကျောင်းသားလေး မောင်ခွေး အကြောင်းကို စီကာပတ်ကုံး ပြောပြနေပါသည်။

မောင်ခွေးလေးမှာ မိဘမဲ့ ဖြစ်၍ ငယ်စဉ်ကပင် ဘုန်းကြီး ကျောင်းတွင် နေရကြောင်း၊ ထိုမှကြိုးစား၍ ပညာသင်ကြား လာရာ မူလတန်း အောင်ခဲ့ ကြောင်း၊ ရှေ့ဆက် ပညာသင် ကြားနိုင်ရန် မိမိကိုယ်ကို အမြဲ တမ်း နှိမ့်ချပြီး မရှက်မကြောက် ခိုင်းသမျှ အလုပ်ကို လုပ်၍ ရသ မျှ ပိုက်ဆံကို ချွေတာစုဆောင်း ကာ ပညာသင်ကြားလာရာ နောက်ဆုံး ရုံးတရုံး၌ ရုံးအုပ် စာရေးကြီး ဖြစ်သွားကြောင်း ကို ဆရာက ပြောပြပါသည်။ အလုပ်ဆိုသည်မှာ ဂုဏ်ယူစရာ ဖြစ်ကြောင်း။ မည်သည့်အလုပ် ပင်ဖြစ်ဖြစ် ရိုးသားစွာလုပ်ကိုင် လျှင် ရှက်စရာ မလိုကြောင်း။ သူတပါးပစ္စည်း ခိုးခြင်း၊ လိမ် လည်ပြောဆိုခြင်းမဟုတ်၍ ရှက် စရာ မရှိကြောင်းများကို ပြော ပြပါသည်။

ကျောင်းဆင်း၍ အိမ် ရောက်လျှင် မေမေ့မျက်နှာရွှင် ပြနေပါသည်။ ကျွန်တော့်ဘို့ ထမင်းခူးခပ်ပြီးလည်း ဖြစ်နေပါ သည်။ ဟင်းမှာလည်း ဝမ်းဘဲဥ ပင် မဟုတ်တော့ပဲ ငါးဆီပြန် ကြော်ဖြစ်နေခြင်းအတွက် ကျွန် တော် အံ့သြနေပါသည်။

မေမေသည် ရွှင်ပြသော မျက်နှာဖြင့် —

"စားလေ သား၊ ဒီနေ့ မင်းအတွက် ရတဲ့လုံချည်ရယ်၊ အင်္ကျီစလေးရယ်ထုတ်ဘို့ အမေ့ မှာ ပိုက်ဆံ မရှိလို့ ဟိုဘက်အိမ် ကအဒေါ်က အမေ့ကို တဆယ် အမြတ်ပေးလို့ထုတ်လိုက်တယ်။ ဒါကြောင့် ဟင်းကောင်း ချက်နိုင်တာပေါ့"

ဟင်းကောင်းနှင့် ထမင်း စားနိုင်ရေးအတွက် ကျွန်တော် ရမည့် လုံချည်အင်္ကျီစလေးများ ဆုံးရှုံးခဲ့ရပြန်ပြီ။ ကျွန်တော့် ကိုယ်တွင် စုတ်ပြဲနေသောအင်္ကျီ ပေကျံနေသော လုံချည်များ ကား ဟောင်းနွမ်းနေပေပြီ။

အကယ်၍သာ မနက်က အဝတ်လျှော်ဘို့ အိမ်များကို သွားမေးခဲ့လျှင် အမေ့မှာ ပိုက် ဆံရှိ၍ ဟင်းကောင်းနှင့်လည်း စားရမည်၊အင်္ကျီ လုံချည်အသစ် လည်း ဝတ်ရပေမည်။ ယခုမူ ရှက်စရာမဟုတ်သည်ကို ရှက်နေ မိ၍ ကျွန်တော်၏ အင်္ကျီသစ် လုံချည်သစ်လေးများ ဆုံးရှုံးခဲ့ ရပြီ။ ကျောင်းတွင် ဆရာပြော သော အလုပ်ဆိုသည် ရှက်စရာ မဟုတ်ကြောင်း၊ သူများပစ္စည်း ခိုးယူခြင်း၊ လိမ်လည် ပြောဆို ခြင်းသာ ရှက်ဖွယ်ဖြစ်ကြောင်း များကို ပြန်လည်ကြားယောင် လာရင်း ကျွန်တော့်မှာ နောင် တများစွာ ရမိခဲ့ပါသည်။

# တည်ဆောက်သော လက်များ

"တူကို ကိုင်သောလက်"

"တံစဉ်ကို ကိုင်သောလက်"

လက်ချင်းရှက်လို့ ဟစ်ကြွေးသံ၊
မြေမိုး သိမ့်သိမ့်လျံ။

အလံတွေ လေမှာဝဲ၊
လုပ်သားတို့ အောင်ပွဲ။


ဇွဲစိတ်ဓာတ်နှင့် အရင်းတည်၊
ငါတို့ တည်ဆောက်မည်။

မိမြန်ပြည် စည်ပင်ရေး၊
လုပ်အား စွမ်းကုန်ပေး။ ။

မောင်သီရိ



R. 517



# ထိုးကွင်းမင်ကြောင်

“မင်သေ့သော်မူ၊ နံတော်နှစ်ဘက်၊ စွန်းမစက်သည်၊ မရှက်ပတ်လည် ဝေးသေးသည်” ဟူ၍ ရတုစာဆို နတ်သျှင်နောင်က ရေးဖွဲ့ခဲ့ပေသည်။ ထိုးကွင်းမင်ကြောင် မပါရှိသော ယောကျ်ားသည် ရှက်ဖွယ်ရာဖြစ်သည်ဟု ရှေးမြန်မာတို့ မှတ်ယူကြ၏။

ထိုးကွင်းမင်ကြောင် ထိုးခြင်းမှာ အသားအရေပေါ်တွင် အနီ၊ အနက်စသည့် ဆေးရောင်များကို ချွန်ထက်သော ဆေးထိုးစုတ်တံဖြင့် ထိုးနှံခြင်းပင် ဖြစ်၏။ ထိုးကွင်းနှင့် မင်ကြောင်မှာ တမျိုးစီဖြစ်သည်၊ ထိုးကွင်းမှာ ပေါင်တွင်ထိုးနှံရခြင်းဖြစ်ပြီး ပုံသဏ္ဌာန်မှာ ဘဲဥပုံအကွင်းများကို တခုနှင့်တခု ဆက်ထားသည့်သို့ ဖြစ်သည်။ မင်ကြောင်မှာ လက်ဖျံ၊ လက်မောင်း၊ ပခုံး စသည်တို့တွင် ထိုးနှံရခြင်းဖြစ်ပြီး ကြောင်ရုပ်၊ ငှက်ရုပ်၊ဖားရုပ် စသည်များဖြစ်၏၊

ထိုးကွင်းမင်ကြောင် ထိုးခြင်းမှာ ယောကျ်ားပီသခြင်းနှင့် ရဲစွမ်းသတ္တိ ရှိခြင်းကို ပြသရန်ဖြစ်၏။ အဆောင်အဖြစ်လည်း ထိုးနှံကြသည်။

ကမ္ဘာပေါ်တွင် ဂျပန်၊ ပေါ်လီနီးရှင်း၊ မာအိုရီစသော လူမျိုးများသည် ထိုးကွင်းမင်ကြောင်ထိုးခြင်း အလေ့အထကို အထူးသဖြင့် ပြုလုပ်ခဲ့ကြသူများဖြစ်၏။ ဘာသာရေးအရ ထိုးကွင်း ထိုးကြသူများ၊ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ်ဖြင့် တသက်တွင် မမေ့နိုင်အောင် ထိုးကွင်းထိုးကြသူများလည်း ရှိပေသေးသည်။



ထိုးကွင်း မင်ကြောင်ထိုးခြင်း ဓလေ့သည် ရှေးက အလွန်ခေတ်စားခဲ့သော မြန်မာမှုတရပ် ဖြစ်သော်လည်း ယခုအခါ တစတစ တိမ်ကော ပပျောက်လျက် ရှိချေပြီ။

မှုံရွာ-ဝင်းဇေဖ

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄ဂ၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀ဂ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

အတွဲ – ၅ အမှတ် – ၁၈


# ရွှေသွေး ဂျာနယ်

# လက်ဆောင်ထူး

ဇါတ်လမ်း - ဦးဦး

သရုပ်ဖော် -

၁၃၃၅၊ ကဆုန်လဆန်း ၄ – ရက် (၅-၅-၇၃)




စနေနေ့တိုင်းထုတ်ဝေသည်။




အဘ ရွှေလူတွင် သားနှစ်ယောက်ရှိ၏။
သူတို့သည် ရပ်ဝေးမှ ညီအမနှစ်ဦးနှင့် အိမ်ထောင်ကျကြသော်လည်း
ဖခင်အိုနှင့်ပင် အတူတကွ နေထိုင်၍ လုပ်ကျွေးပြုစုနေလေ၏။
ရှာကိုအောင်းမေ့လွန်းလို့ပါ အဘ
ကာလ အတန်ကြာသော် ချွေးမနှစ်ဦးသည် ရွာသို့ အလည်ပြန်ခွင့် တောင်း၏။
အခုလို ရွာကို အောင်းမေ့တယ်လို့ပြောတာ
ငါ့ချွေးမတွေဟာ ငါ့တို့သားအဖတွေကို မချစ်ကြလို့ဘဲလား မသိဘူး
ဒို့သားအဖကို ချစ်မချစ် သိရအောင်---
ခက်ခဲတဲ့အလုပ်တခုကို ငါလုပ်ခိုင်းလိုက်မယ် သူတို့တကယ်ချစ်ယင် ငါလုပ်ခိုင်းလိုက်တာကို မရရအောင်လုပ်ပြီး လာခဲ့ကြမှာဘဲ
ဒါကြောင့်မို့---


အေး- ကောင်းပြီ
သမီးတို့ကို ပြန်ခွင့်
ပြုလိုက်မယ် -
ဒါပေမဲ့ -
သမီးတို့ပြန်လာတဲ့အခါ
အဘဖို့ သမီးတို့ရွာက မီးကို
စက္ကူနဲ့ ထုပ်ယူခဲ့ကြရမယ် -
ကောင်းပါပြီ အဘ
ကျွန်မတို့ယူခဲ့ကြပါမယ်
အေး
အေး
ရွာပြန်ချင်ဇောကြောင့် သူတို့သည် လွယ်
လွယ်နှင့် ကတိပေးမိကြ၏။
ရွာသို့ ရောက်သောအခါ ညီအမနှစ်ဦးသည်
ရက်အတန်ကြာမျှ ပျော်ရွှင်စွာ နေကြလေ၏။
ပြန်ချိန်ရောက်
သော အခါ
ဟိုက်၊ အဘမှာလိုက်တာ
အခုမှသတိရတယ်
အဲ - ဟုတ်ပါရဲ့တော်
မေ့နေလိုက်တာ
မီးကို စက္ကူနှင့် မည်ကဲ့သို့ ထုပ်ယူသွားရမည်
ကို ဆွေမျိုးများအား မေးမြန်းသောအခါ
အေး၊ ဒါလဲ မီးကို
စက္ကူနဲ့ မထုပ်တတ်
ကြဘူး - - -
ဆွေမျိုးများက မပြောနိုင် ကြသော အခါ
ပြောနိုင်သူကို ရှာဖွေရန် ထွက်လာခဲ့၏။



ပြောပြနိုင်သူကို မတွေ့သောအခါ စိတ်ပျက်စွာနှင့် ထိုင်ငိုနေကြ၏။
အဘ မှာလိုက်တာ ယူမသွားနိုင်ယင် အိမ် မပြန်နိုင်တော့ဘူး
အခုမှ ဒုက္ခဘဲ
ခလေးမတို့ ဘာဖြစ်လို့ ငိုနေကြတာလဲကွယ့်
အဘက မီးကိုစက္ကူနဲ့ ထုပ်ယူခဲ့ရမယ်လို့မှာလိုက်တာ မထုပ်တတ်ကြလို့ပါဘုရား
ဒါဟာ-ခက်တာမှ မဟုတ်ဘဲ -
စက္ကူကိုပေါ့ ဒီလိုလုပ်ပြီး အထဲမှာ မီးထွန်းလိုက်ယင် စက္ကူနဲ့ ထုပ်ထားတဲ့မီးကို ရကောမဟုတ်လား ကွယ့် -
ရသေ့ကြီးက စက္ကူမီးပုံးတခု လုပ်ပြလေ၏။
ညီအမနှစ်ဦးသည် အလွန်ဝမ်းသာ သွားပြီး ရသေ့ကြီးကို ရှိသေစွာ ရှိခိုးကာ ယောက္ခမအိမ်သို့ ပြန်လာခဲ့ကြလေ၏။
သွားကြပေအုံးတော့ သွားကြပေအုံးတော့
အေး၊ အေး အဘမှာလိုက်တာ ရအောင် လုပ်လာခဲ့ကြလို့ အဘ ဝမ်းသာပါတယ်
စက္ကူဖြင့် ထုပ်လာသော မီးကို ပေးအပ်သောအခါ
ချွေးမနှစ်ဦးက မိမိတို့အား တကယ်ပင် ချစ်ခင်ကြသည်ကို သိရှိသွားပြီး၊ ပျော်ရွှင်စွာဖြင့် အတူတကွ နေထိုင်သွားကြ လေတော့သတည်း။



ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းသည့် ဖိုးတောင်
ကာတွန်း မြေဇာခင် ရေးဆွဲသည်
တောင်တန်းအလွှန်တွင် တောင်ကလေးနှစ်လုံးရှိရာ –
ဖိုးတောင်ဆိုတာ ကျုပ်ပေါ့- ဟိုဘက်က တောင်ဟာ ကျုပ်ထက် အများကြီး နိမ့်တယ်
ငါဟာ ကမ္ဘာကြီးမှာ အကြီးဆုံးတောင်ဘဲ သိလား




နေမင်းသည်ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းသောမိုးတောင်ကိုဆုံးမလို၍ လေမင်းနှင့် မိုးတိမ် တို့ကို ခေါ်ယူ တိုင်ပင် လေသည်။




အစီအစဉ်အတိုင်းနေမင်းက ဖိုးတောင်ကို ဦးစွာ အပူရှိန် ပြင်းပြင်း ပေးလိုက် လေသည်။
ဟားဟား နေ့ရဲ့အပူရှိန် လောက်တော့ ခံတာပေါ့- ခံတာပေါ့!
ထိုနောက် လေမင်းက ဒလကြမ်း တိုက်ခတ် ပေးရာ ဖိုးတောင်မှာ မြေဆီများ မရှိတော့ ပဲခန်းခြောက်ကာ ပတ် ကြား များ အက်ကွန်သည်။
ထိုအချိန်တွင် မိုးတိမ်က မိုးအဖြစ်ရွာချလိုက်ရာ ဖိုးတောင်မှာ မည်သို့မျှ မတတ်နိုင်ရှာပဲ ရေစီးထဲ မျောပါသွားပြီး -
တောင်ကတုံး အဖြစ် ရောက်သွားလေ တော့သတည်း။
အီး-ဟီးဟီး
ငါ့ကိုယ်ငါအထင်ကြီးလွန်းလို့ ခံ့ရတာ- ခံ- ခံ

# ထူးဆန်းသောအားကစားများ

ကြယ်ဖြူ /အာကာ




ယူဂိုဖရစ်ဂျယ်ရီအို အမည်ရှိ အီတလီ တာဝေး လမ်းလျှောက်သမားသည် လမ်းလျှောက်နေစဉ် ဂီတသံကို ကြားရပါက ပိုမိုလျှောက်နိုင်သည်ဟု ဆိုသည်။ မယ်လဂျီယံနိုင်ငံတွင် ကျင်းပသော အိုလံပစ်ပွဲတွင်မူ ဂီတပိုင်းဖြင့် လမ်းလျှောက်ခဲ့ရာ မကြိုက်သော တီးလုံးများကို တီးမိသဖြင့် ဂီတသမားများကို ဆူပူကြိမ်းမောင်းခဲ့သည် ဟူ၏။




၁၈၅၄ ခုနှစ်က ဩစတြေလျ လူမျိုး ဝီလုံ ဆိုသူ၏ အစွမ်းပြပွဲကို ကျင်းပခဲ့သည်။ ပထမဆုံး သူသည် အမြန်ဆုံး အပြေးသမားနှင့် ကိုက် ၁၀၀ ပွဲတွင် နိုင်အောင်ပြေးခဲ့သည်။ ဒုတိယ မြေပြင်တွင် ဖြန့်ကြဲထားသော ကြက်ဥအလုံး ၃၀ ကို ပါးစပ်ဖြင့် ခက်ခဲစွာ ကောက်ရသည်။ တတိယ ၅၆ ပေါင် အလေးကို ခေါင်းပေါ်မှ ကျော်ပစ်ရသည်။ စတုတ္ထ ကိုက် ၁၀၀ နောက်ပြန်ပြေးရသည်။ ပဉ္စမ ကိုက် ၁၀၀ ခြေတပေါင်ကျိုး ပြေးရသည်။ ဆဋ္ဌမ ဆယ်ပေါင် လေးသောတူကို ပေ ၈၀ အဝေးသို့ရောက်အောင် ပစ်ရသည်။ သတ္တမ နှစ်ပေါင်လေးသောကျွင်းကို ပေ ၁၄၀ အဝေးသို့ ရောက်အောင် ပစ်ရသည်။ အဋ္ဌမ မြင်းလှည်းဘီး တဘီးကို မိုင်ဝက်လှိမ့်ရသည်။ အားလုံးကို ၂၅ မိနစ်အတွင်း လုပ်ဆောင်ရခြင်း ဖြစ်သည်။

၁၈၉၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ကုမ္ပဏီတခုမှထုတ်လုပ်သော လူ ၁၀ ယောက်စီး စက်ဘီးမှာ ကမ္ဘာပေါ်တွင် အကြီးဆုံး စက်ဘီးဖြစ်သည်။ ထိုစက်ဘီးမှာ ယခုအခါ မစ်ရှီဂန်မြို့ရှိ ဟင်နရီဖို့ ပြတိုက်ပိုင် ပစ္စည်းဖြစ်နေပေပြီ။ ယင်းစက်ဘီးဖြင့် ဥရောပတိုက်ကို ခရီးတပတ် ထွက်ခဲ့ရာ ရောက်ရာ အရပ်တွင် တအံ့တဩ ဖြစ်စေခဲ့သည်။ တနာရီလျှင်မိုင် ၆၀ နှုန်းခန့် သွားနိုင် သည်ဟု ဆိုသည်။



တောင်ပစိဖိတ်ကျွန်းများတွင် နေထိုင်သော ပိုလီနီးရှန်း လူမျိုးများသည် ရေထဲတွင် ကျင်လျင် ကြလေသည်။ တချိန်က တွန်ဂန် ကျွန်းသား များ သည် ရေအောက် လမ်းလျှောက်ပွဲတမျိုးကို ကျင်းပ ခဲ့ကြသည်။ သစ်သား ငုတ်နှစ်ချောင်းကို ရေအောက်တွင် ကိုက် ၇၀ ခန့် အကွာခွာ၍ စိုက်ထားသည်။ ပြိုင်ပွဲဝင်သူများသည် လေးလံသော ကျောက်တုံးများကိုပိုက်၍ ရေအောက်သို့ဆင်းကာ ငုတ်တိုင်တတိုင်မှ တတိုင်သို့ လမ်းလျှောက်ပြိုင်ကြရသည်။






''အနုမြူအားရှင်'' ဟု ခေါ်ကြသော ဂျင်မီပိုင်းအမည်ရှိ တောင်ဝေလ နယ်သား တဦးသည် ငါးနာရီအတွင်း ပြိုင်ဖက် ၂၅ ယောက်ကို အနိုင်ထိုးခဲ့သည်။ နောင်အခါ ထိုသူသည် ကမ္ဘာ့ ဖလိုင်းဝိတ် ချမ်ပီယံ ဖြစ်ခဲ့သည်။ စိတ်ဝင်စားဖွယ် ကောင်းသည်မှာ သူ့ကိုယ် အလေးချိန်သည် ပြိုင်ဖက်များ ထက် အမြဲပေါ့နေခြင်းဖြစ်သည်။

ဩစတြေလျ သားတို့၏ အားကစားဆန်း တမျိုးမှာ တောင်ပေါ်မှ လှိမ့်ဆင်းသည့် အားကစားနည်းဖြစ်သည်။ တခါတရံ စည်လွတ်များအတွင်း ဝင်လျက် ပြိုင်ပွဲဝင်ကြသည်။ တောင်ကုန်း၏ အခြေသို့ ဦးစွာရောက်သူသည် အောင်နိုင်သူ ဖြစ်သည်။ မက်အာသာနှင့် ကူရာယုံဆောယား အမည်ရှိ လူနှစ်ဦးမှာ နာမည်ကြီး ချမ်ပီယံများ ဖြစ်ကြသည်။





တောင်အမေရိကတိုက်ရှိ အရန်ကန်နီ အင်ဒီယန်းများသည် ဟော်ကီနှင့်တူသော ကစားနည်းတမျိုးကို ကစား ခဲ့ကြသည်။ တုတ်ဖျားများတွင်ကွင်းဖြစ်အောင် ကောက်လိမ်ထားပြီး ဘောလုံးသဏ္ဌာန် အလုံးတခုကို ရိုက်ကစားကြခြင်း ဖြစ်သည်။ ''ချူကာ'' ကစားနည်းဟု ခေါ်ကြသည်။ ယင်းကစားနည်းသည် စစ်ပွဲအတွက် အထောက်အကူ ဖြစ်သည်ဟု ယူဆကြသည်။


ဖိုးဇော်နှင့် ချိချိတို့ မောင်နှမ နှစ်ယောက် အရိပ်ထဲတွင်ဂေါ်လီများနှင့်ကစားနေစဉ်-
ဟိုး-ဟိုး-ဟိုး
အမလေး သရဲ
နေ့ခင်းကြောင်တောင်သရဲခြောက်တယ် လို့တခါမှမကြားဘူးပေါင်-
ဖိုးဇော်က မယုံသဖြင့် ချုံကွယ်မှ နေ၍ အသာချောင်းပြီး လေးခွနှင့်ပစ်လိုက်ရာ-
ဂါသရဲအစစ်မဟုတ်ဘူး ပေစီပါဟ-မခြောက်တော့ဘူး
ပြီး



ဖြေဖြေဖြေဖြေဖြေ
အပြောကြီးသူ
ကိုဖော်သည် အလွန် အပြော
ကြီးသောသူတယောက်ဖြစ်၏။
ဟေ့! ကိုဖော်
ငါဆွဲထားတဲ့-ပုံလေး
ဘယ်လောက်
လှသလဲ-ဟွန်း
ပုံဆွဲတာများ
ဘာခက်တာမှတ်လို့
ဒီကောင်တယ် အပြော
ကြီးတဲ့ကောင်ဘဲ-
ဘာခိုင်းခိုင်း သူတတ်တာ
ချည်းဘဲ-ဟင်း!
တနေ့—
ဟေ့!
ကိုဖော်ငါ့လို
စက်ဘီး စီးတတ်
လားကွ ?
ဟား-ဟား ---
ဘာခက်တာမှတ်လို့
စီးတတ်တာပေါ့
ကိုဖော်အား-စက်ဘီး
စီးခိုင်းလေရာ-
ဟော သလို
ကိုင်-ဟောသလို
တက်-
ဟောသလိုနင်း
ချွင်း
အား!
ဟား- ဟား- စက်ဘီး
စီးတတ်တယ်ဆိုကွ ---
နောက်ကိုအပြောကြီးအုံး
အား...
အား...


ကျောင်းပိတ်ရက်
မမရေ ကျွန်တော်တို့ ကျောင်းပိတ်ပြီ
ကျောင်းတွေပြန်ဖွင့်သောအခါ


## အီစွပ်ပုံပြင်များ

မင်းယုဝေ ပြန်ဆိုသည်

### ခွေးနှင့်သူခိုး

တနေ့သ၌ သူခိုးတယောက်သည် အိမ်တအိမ်ကို ဝင်ခိုးရန် အတွက် ခြံစည်းရိုးကို ကျော်တက်လေသည်။ ထိုအခြင်းအရာကို အိမ်စောင့်ခွေးကမြင်လေရာ ဟိန်းဟောင်လေ၏။ ထိုအခါ သူခိုးက "ငါသည် သင့်သခင်၏မိတ်ဆွေ ဖြစ်သည်။ ငါ့ကို မဟောင်ပါနှင့်" ဟူ၍ ခွေးအား ချော့မော့ ပြောဆို၏။


သို့ရာတွင် ခွေးကား သူခိုးစကားကို အသိအမှတ်မပြု၊ ဆက်လက်၍ဟောင်မြဲဟောင်၏။ ဤတွင် သူခိုးက ခွေးငြိမ်သက်စေရန်အတွက် အစာအချို့ကို အိတ်တွင်းမှ ထုတ်ယူကာ ခွေးထံ ပစ်ချကျွေးမွေး၏။



ခွေးသည် သူခိုးကျွေးသောအစာကို လုံးဝမစားပဲ သူခိုးအား "အစကငါသည် သင့်ကို လူဆိုးဟူ၍ ထင်မှတ်ရုံသာ ရှိသည်။ ယခုမူကား ဤတံစိုးလက်ဆောင်တို့ကို ထောက်ခြင်းဖြင့် သင်သည် လူကောင်း မဟုတ်၊ လူဆိုး ဖြစ်ကြောင်း အသေအချာ သိရလေပြီ" ဟူ၍ ပြောဆိုကာ ပြင်းထန်စွာ ဟိန်းဟောင်လေသတည်း။

ဥပဒေသ။ ။တံစိုးလက်ဆောင်သည် လူဆိုး၏ လက်နက်တခုဖြစ်သည်။

## မာလကာသီး ဂျင်ကလေး



# ဗမာ့ခွေး

မောင်ချစ်ဖွယ်



ညီညီတို့အိမ်ဘေးတွင် မော်လီဆိုသော ကောင်မလေး နေသည့် အိမ်ရှိသည်။

သူတို့အိမ်တွင် အယ်လ်ဇေးရှင်းဟု ခေါ်သော ကြောက်စရာ ခွေးကြီးနှစ်ကောင် ရှိပါသည်။

သူတို့ခြံထဲသို့ လူစိမ်း ဝင်လာလျှင် ခွေးကြီးများက လိုက်ကိုက်တတ်ပါသည်။ ထို့ကြောင့် သူတို့ခြံထဲသို့ လူစိမ်းများ၊ အလှူခံများ၊ သူတောင်းစားများ မဝင်လာရဲပေ။ ထို့ကြောင့် ညီညီသည် ခွေးမွေးချင်သော စိတ်ပေါက်လာသည်။

ထို့နောက် ညီညီသည် တောမှ ဖိုးလေးထံသို့ စာရေး၍ ခွေးမွေးချင်သဖြင့် ပေးရန် တောင်းရာ ဖိုးလေးဖြစ်သူက ခွေးတကောင် လာပေးလေသည်။ ခွေးရသောအခါ ညီညီသည် အလွန်ပျော်လေသည်။

"ဖိုးလေး၊ ခွေးနာမယ် ဘယ်လိုပေးထားလဲ"ဟု မေးရာ –

ဖိုး လေး ဖြစ် သူ က "အနီရောင်အမွေးတွေနဲ့မို့ ဇော်နီလို့ခေါ်တယ်။ အင်းခွေးစပ်ကွ၊ အကောင်ကြီး မြန်တယ်။ မင်းဒီနာမယ် မကြိုက်ယင် ပြောင်းပေါ့"ဟု ပြောပါသည်။

ညီ ညီ က "ကောင်း တယ် ကောင်းတယ်။ ဒီနာမယ်ဘဲခေါ်မယ်"ဟု ဆို၏။

ညီညီက "ဇော်နီ၊ ဇော်နီ အို့အို့"ဟု ခေါ်၍ ထန်းလျက်တခဲပေးလိုက်ပါသည်။ နောင်သော် ဇော်နီသည် ညီညီခေါ်ရာနောက်သို့ တကောက်ကောက်လိုက်လေတော့သည်။

တနေ့တွင် မော်လီသည် ညီညီနှင့် အတူ လာကစားရာ ညီညီ၏ခွေးကို မြင်သွားသည်။

"ဟာ နင့်ခွေးက ဘယ်ဆိုးလို့တုန်း။ နင့်ကို ခင်သားဘဲ။ ဒို့ခွေးတွေလောက်လဲကြီးတယ်။ နင်သူ့ကို ဘာကျွေးလဲ"ဟု မေးရာ –

ညီညီက "နင် တို့ လို တော့ နွားနို့တို့ဘာတို့ မတိုက်နိုင်ဘူး။ ထမင်းရည်နဲ့ ထမင်းကျန် ဟင်းကျန်ဘဲ ကျွေးတယ်"ဟု ပြန်ပြော၏။

"ဒါပေမဲ့ နင့်ခွေးက ဗမာခွေးဆိုတော့ သတ္တိကောင်းမှာ မဟုတ်ပါဘူး"ဟု မော်လီက အထင် သေး စွာ ပြော လိုက် သည်။

ထိုအခါ ညီညီက အားကျမခံ "အံမာ ဘာလို့သတ္တိမကောင်းရမှာလဲ။ ဖိုးလေးက အင်းခွေးစပ်တွေဘဲ၊ ရဲတယ်၊ သစ္စာ ရှိတယ်လို့ ပြောသွားတယ်"

တဖြည်းဖြည်းနှင့် ဇော်နီသည် ကြီးလာလေသည်။ ဇော်နီရှိသဖြင့် လူစိမ်းများ အိမ်ဝင်းထဲသို့ အရမ်းမဝင်ရဲကြပေ။

တနေ့သောအခါ လမထွက်သောကြောင့် ခြံဝင်းတခုလုံး မှောင်မည်းနေသည်။

ညီညီသည် ခြံဝင်းတံခါးကို စောစောပိတ်၍ ဇော်နီကိုလွှတ်ထားပြီး စိတ်ချလက်ချအိပ်လေသည်။ ညဥ့်လယ်ပိုင်းတွင် ခြံထဲ

မှ ဇော်နီ၏ဟောင်သံကို ကြားရသည်။

နံနက် အရုဏ်တက်လောက်တွင် ညီညီတို့ ဖွားဖွားသည် ဘုရားဆွမ်းတော်ကပ်ရန် အိပ်ယာမှထရာ အိမ်ရှေ့လှေကားဝမှ "ဂွီးဂွီး"ဟူသော အသံကြားသဖြင့် မီးဖွင့်၍သွားကြည့်ရာ —

"အမလေး၊ လာကြပါအုံး၊ ဟောဒီမှာ ဇော်နီရယ်သွေးတွေနဲ့"ဟု အော်သဖြင့် တအိမ်သားလုံးနိုး၍ ပြေးလာကြလေသည်။ ဇော်နီသည် အိမ်ရှေ့ဝင်ပေါက် လှေကားထစ်ပေါ်တွင် ဆောင့်ဆောင့်ထိုင်၍ တဂွီးဂွီးနှင့် မြည်နေသည်။ သေသေချာချာ ကြည့်သောအခါ သူ၏လည်ပင်းတွင် ချွန်ထက်သော အရာဖြင့် ထိုးထားဟန်ရှိသော အပေါက်တပေါက်ကို တွေ့ရသည်။ ထိုအပေါက်မှကျသော သွေးများသည် လှေကားတွင် ရဲနေပါသည်။

ညီညီသည် တုန်ရင်သော အသံဖြင့် "လုပ်ပါအုံး၊ လုပ်ပါအုံး၊ တော်ကြာ ကျွန်တော့်ခွေး သေသွားအုံးမယ်"ဟု ပြောကာ သူ့ခွေးကို အတင်း ပွေ့ချီလေသည်။

ညီညီ့အဖေက ဇော်နီ၏ဒဏ်ရာကို သွေးတိတ်အောင် လုပ်၍ ပတ်တီး စည်း ပေး လေ သည်။ "စိတ်မပူပါနဲ့ကွာ၊ မင်းခွေးမသေနိုင်ပါဘူး။ မိုးလင်းတာနဲ့ တိရစ္ဆာန်ကု ဆရာဝန်ဆီ သွားပြမယ်"ဟု ပြောပါသည်။

ထိုစဉ် မော်လီတို့အိမ်သားများလည်း နိုးလာ၍ ညီညီတို့အိမ်သို့ လာကြလေသည်။ မော်လီဖေဖေက "ခြံတံခါးပွင့်နေတာ တွေ့တယ်"ဟု ပြောရာ —

ဖွားဖွားက "အမလေး တော်ပါသေးရဲ့။ ဒမြတွေဖြစ်မှာဘဲ။ ခြံထဲဝင်လာတုန်း ဇော်နီနဲ့တွေ့ပြီး အထဲဝင်လို့ မရတာနဲ့ ဇော်နီကို လှံနဲ့လား၊ ဓားနဲ့လား တခုခုနဲ့ ထိုးသွားတာဖြစ်မှာဘဲ။ ဒီခွေးကယ်ပေလို့သာပေါ့၊ နို့မို့ ဒို့အိမ်တော့ ဒမြ တိုက် ခံ ရ မှာ ကျိန်းသေ"ဟု ပြောလေသည်။

တဖြည်းဖြည်း မိုးလင်းလာသောအခါ မော်လီတို့ အိမ်မှကားနှင့် ဖေဖေသည် ဇော်နီကိုတင်၍ တိရစ္ဆာန် ဆရာဝန်ထံ ခေါ်သွားလေသည်။

"ငါ့တူရာ စိတ်ပူမနေပါနဲ့။ ငါ့တူခွေးလေး အသက်ရှင်ပါတယ်။ ဘယ်လောက် အသက်ပြင်းတဲ့ ခွေးလဲ။ နောက်ပြီး သတ္တိလဲ ရှိတယ်။ ဒီလောက် လည်ပင်းကဒဏ်ရာကြီးနဲ့တောင် လဲမနေဘဲ အိမ်ပေါက်ဝက ထိုင်စောင့်နေတာ၊အိမ်အပေါ် သစ္စာရှိလို့ပေါ့ကွဲ့။ ဒီခွေးမျိုး ငါ့တူရတာအင်မတန်ကံကောင်းတယ်"ဟု မော်လီဖေဖေက အားပေး နှစ်သိမ့်လေသည်။

ထိုအခါ ညီညီ၏ မျက်နှာသည် ဂုဏ်ယူသော အပြုံးနှင့် ရွှင်လန်းလာလေသတည်း။ ။

# လုပ်သား

ပချွက်ဆိတ်လေး နီနီ၊
ဆန်စေ့ကြီးကိုချီ။

စွမ်းပါသည့် အို လုပ်သား၊
တက်ကြွ ဝင့်ကြွားကြွား။

စာကလေး တကျီကျီ၊
အိမ်ဆောက်ပါလေပြီ။

စွမ်းပါသည် အို လုပ်သား၊
တက်ကြွ ဝင့်ကြွားကြွား။

စားရေးနေရေး အသွယ်သွယ်၊
လှုပ်ရှားရပါတယ်။


အမြင်ကျယ်တဲ့ အို လုပ်သား၊
ဂုဏ်ယူဝင့်ကြွားကိုယ့်လုပ်အား။

ကျိုက်လတ် - မောင်ညိုသွေး



B. 517

# ဒုယင်



ဒုယင်သည်အထက်တန်းကျ၍ မင်းနှင့်စပ်ဆိုင်ရာ၌အသုံးပြုသော အင်္ကျီတမျိုးဖြစ်၏။ ဒုယင်ကို တုယင်ဟူ၍လည်း ခေါ်ဝေါ် သုံးစွဲကြသည်။

အထက်တန်း ကျလျှင် ဒုယင်၊ အောက်တန်းကျလျှင် ဖျင်ဟူ၍ ရှေးဆိုရိုးစကားရှိသည်။ ဒုယင်ကား မင်းနှင့် မင်းညီမင်းသားတို့သာ ဝတ်ဆင်ရသော မင်းခမ်းမင်းနားဝင် အင်္ကျီ ဖြစ်ပေသည်။

ပုဂံခေတ်က ရေးထိုးခဲ့သော ပုဂံမြို့လက်သည်းရှည်ဘုရား ကျောက်စာတွင် ဒုယင် ဟူသော အသုံးအနှုန်းကို တွေ့ရသည်။ သို့ဖြစ်ရာ ပုဂံခေတ်ကတည်းကပင် မြန်မာ့ နန်းတွင်း၌ ဒုယင်ကို သုံးစွဲနေကြပြီဖြစ်ကြောင်း သိနိုင်သည်။

ဒုယင်၌ လက်ရင်းသည်ကျဉ်း၍ လက်ဖျားသည် စွင့်ကား၍ နေသည်။ လက်ဖျားနှင့် ထောင့်အစွန်းဖျား၌ အကော့အညွှတ်များ ပါရှိလေသည်။



နှောင်းမင်းတို့လက်ထက်တွင်ကား လည်ချာ၊ စလွယ်စသည်တို့ တပ်ဆင်က ဒုယင်ကို ပို၍ ခမ်းနားအောင် ပြုပြင်၍ သုံးစွဲခဲ့ကြလေသည်။

မုံရွာ-ဝင်းဇော

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ ၅၊ အမှတ် ၁၉၊

# ရွှေသွေး ဂျာနယ်


၁၃၃၇-ခု၊ ကဆုန်လဆန်း ၁၁ ရက် (၁၂-၅-၇၅)


## အာ တလုံး ကျော်တဲ့ ဆိတ်ကလေး


ပန်းချီ - ဦးဘကြည၊
ဇာတ်လမ်း - သိပ္ပံမောင်၊





စနေနေ့တိုင်း ထုတ်ဝေသည်။



အရေး၊ အဖတ်၊ အတွက် - ဆိုတဲ့ (အ)သုံးလုံး ထဲက - (အ) တလုံး သောက်တော့ ကျေပါ သေးတယ်
ရွာတရွာမှာ တစ်ကနေ တဆယ်အထိ ရေ တတ်တဲ့ မောင်မောင်ဆိတ်ဆိုတာ ရှိသတဲ့၊ ဒါကြောင့် (အ) တလုံးကျေတဲ့သူလို့ ခေါ် ကြတယ်
အာ
တစ်
ငါ့ကိုယ်ငါ ရေကြည့်တာပါ၊ နင့်ကိုပါ - ရေလိုက် ရမလား
တနေ့တော့ ရေအိုင်ထဲမှာ အရိပ်တွေ့တာနဲ့ (တစ်) လို့ ရေလိုက်တဲ့အခါမှာ အနီးရှိနွား မကလေးက....
ဟဲ - မလုပ်ပါနဲ့ ဟယ်
ငါသိပ်ကြောက်တယ်ဟ၊ ပြီးတော့ - ငါ့မေမေကလဲ ခွင့်ပြုမှာဟုတ်ဘူး
ငါက - တစ်
နင်က နှစ်
ဟား ဟား
အမေရေ----
အမေ့
ဟဲ့ - အလန့် တကြား ... ဘာဖြစ် လာတာ လဲ


ရေတယ်၊ ဟုတ်လား ဘာလဲ ရေတယ် ဆိုတာ
ဒေါ်ကြီးနွားဟာ နားမလည်ဘဲ ရှိနေစဥ်....
မောင်မောင်ဆိတ် လိုက်လာပြီး....
တစ် က ကျွန်တော်
နှစ် က မလေးနွား
သုံး က ဒေါ်ကြီးနွား ပေါ့...
ထိုအခြင်းအရာကို ဦးဂျိုကုပ် တွေ့လေသော်
ဟဲ့ဟဲ့
မောင်မောင်ဆိတ်သည် ပြန်လှည့်လာပြီး....
ကျွန်တော်က-တစ်-လေ.....မလေးနွားက နှစ်..
ဒေါ်ကြီးနွား က သုံး
ဘာသနွားသိုး က.....လေး ပေါ့
ဟော- ရေတယ် ဆိုတာ ဘာလုပ် တာလဲ.. ဗျင်



ထိုအခါ ဦးဂျိုကုပ်သည် ဒေါသထွက်ကာ မောင်မောင်ဆိတ်ကို လိုက်ရာမှ ....
အမယ်. တယ်ဆိတ် ငါးဝတဲ့ ကောင်ပါး လား --- တောက် သေဘို့သာ မှတ်ပေ တော့
ဦးရွှေမြင်းရှေ့မှ ဖြတ်ပြေးကြသဖြင့်
တင်
တဲ
အာရေး - ဂျိုကုပ်သိုင်း - အာမြစ်တယ် ရှိတယ် ---
မိဆိုးတယ်နော် မကောင်း ဘူး
ဟာဗျာ -- ဟို - ငဆိတ်ပေါ - ရှေ့ကြီးတွေကို ရေလား - ပါးလီးနဲ့ - ဆိတ်ငါးဝဈွန်းလို့
ဘိ
ဦးရွှေမြင်းက အတင်းလိုက်ဆွဲပြီး မေးလေ၏။
ထိုအခိုက်မောင် မောင် ဆိတ်ပြန် လှည့်လာပြီး
လွယ်လွယ်လေးပါ... ကျနော်က - တစ် အားမလေးက - နှစ် အာမကြီးက - သုံး / ဦးဂျိုကုပ်က.လေး ရှုမြင်းသိုင်က - ငါး - ပေါ့ ---- ဟဲဟဲ
စုပေါင်း၍ ဆူညံစွာလိုက်ကြပြန်ရာ
အား...ကောင်း ကောင်း မိအိပ်ရသူး၊ ဒိန် - ဒိန် - ဆူလယ်၊ ညံလယ်။ ဟာ... ဘါဖြစ်တာလဲ --- ဒေါ့ကြီး တာ - မိကောင်း ဘူးလေ ----
ရေလို့ဗျ
ရေလို့ကွ
ရေလို့ ခင်
ရေလို့
ဘါ
မောင်မောင်ဆိတ် ပြန်လှည့်လာပြန်ပြီး ....
ရှင်းရှင်းလေးပါဗျာ၊ တစ်၊နှစ်၊သုံး၊ လေး၊ငါး။... ------ဗြိုးတော့-- ထောင်ကဲဝက်ကြီး က.... ခြောက် ....ဟားဟား
ဒွိတ်


ထို့ကြောင့် ထအုပ်ကြီးလိုက်ကြပြန်ရာ မြစ်ကမ်း
ပါးသို့ ရောက်သွား၏ ။ လှေတစင်းတွေ့သဖြင့်
မောင်မောင်ဆိတ်သည် ခုန်တက်လိုက်၏။
နောက်မှလိုက်လာသော ဦးရွှေမြင်း၊ ဦးဂျိုကုပ်၊ ခေါ်ကြီးနွား၊ မလေးနွား တို့လည်း ခုန်တက်ကြရာ....
လှေကလေးမှာ ဆိပ်ကမ်းမှ ကွာထွက်သွားပြီး ဦးပိုင်းကစိုက်ကြကာ သွက်သွက်ခါသွား၍
တက်မကိုင် ဦးငန်းက ကြောက်အား လန့်အားနှင့် ထခုန်၍ အော်လေတော့သည်။
ဟော့ -
အာလူမြစ်
တာလဲကွ
မင်းတို့ထဲ - ရေတက်တဲ့သူပါယင် ---
မြန်မြန်ရေစပ်း၊ ဒီလှေက
ဆယ်ယောက်ထဲနိုင်တာကွ


ထိုအခါ မောင်မောင်ဆိတ်က လှေဦးမှထပြီးရေလိုက်ရာ ကျန်လှေများကပါ လိုက်ရေကြ၏။
တစ်
နှစ်
သုံး
လေး
ငါး
ခြောက်
ဖြိုးတော့.... လှေထိုးသားများလဲက ကိုခွေးကြီးက ခုနစ်
ကိုရွှေကြောင်က-ရှစ်
ဦးကြက်ဖက - ကိုး
တဖန်မောင်မောင်ဆိတ်က ဆက်၍


နောက်ဆုံး ကျန်နေတဲ့ တက်မကိုင် လှေ
မှူးကြီးကတော့ - တဆယ် - ပါ
ဟော- ဟုတ်လား
အဲဒီလိုလဲရေပြီးရော လှေကလေးဟာ ပြန်တည်ငြိမ်သွားလို့ ဝမ်းသာကြသတဲ့။
ထိုအခါမှ မောင်မောင်ဆိတ်ကို ချီးကျူးကြပြီး—
အဲဒီနေ့မှစ၍ သူတို့ ဆယ်ယောက်ဟာ သမဂ္ဂါယမစံနစ်နဲ့ လှေကူးတို့လုပ်ငန်း လုပ်ကြသတဲ့။
အရေကောင်းတဲ့ မောင်မောင်ဆိတ်ကတော့ လက်မှတ်ရောင်းတဲ့တာဝန် ယူသတဲ့။
နွားမကလေးကတော့ မောင်မောင်ဆိတ်ကို အားကျတာနဲ့ ကျောင်းကိုမှန်မှန်သွားသတဲ့။

# ထူးဆန်းသော အားကစားများ | ကြယ်ဖြူ အာကာ



စက်ဘီးပိုင်ဆိုင်သူတိုင်းသည် တကြိမ်မဟုတ် တကြိမ်တွင် စက်ဘီး စီး ကျွမ်းကျင်ကြောင်း အစွမ်းပြလေ့ ရှိကြသည်။ အထိန်းလက်ကိုင်ကို မကိုင်ပဲစီးခြင်း၊ အခက်အခဲများစွာကို ကျော်ပတ် စီးခြင်းတို့ ဖြစ်သည်။ သို့သော် အချို့ကား ထိုထက် အစွမ်းပြတတ်ကြသေးသည်။ အသက် ၁၄ နှစ်သာ ရှိသေးသော ဆွစ်လူမျိုး ဂျီအိုရန် အင်ဒါဆင်ဆိုသူ လူငယ်ကလေးသည် သစ်ပင် နှစ်ပင်တွင် ဆန့်ချည်ထားသော သံမဏိကြိုး ပေါ်၌ စက်ဘီးဖြင့် ၆ နာရီ မိနစ် ၄၀ အကြာ နေပြခဲ့သည်။





ပြင်သစ်ဘုရင် ပထမဖရန်စစ်သည် အင်္ဂလန် ဘုရင် အဋ္ဌမမြောက်ဟင်နရီ၏ ရေတပ်ကို မနာ လိုဖြစ်ကာ အင်္ဂလိပ် စစ်သင်္ဘောများထက် ကြီး သော သင်္ဘောတစင်းကို တည်ဆောက်ခဲ့သည်။ ထိုသင်္ဘော၏အမည်မှာ 'လာဂရန်ဒီဖရန်ကွိုက် ဖြစ်ပြီး၊ ၁၀ ၂၄၀ ရှည်လျားသည်။ သင်္ဘော ပေါ်တွင် တင်းနစ်ကစားကွင်း ပါရှိသည်။ ထို သင်္ဘောသည် မုန်တိုင်းကြောင့် နစ်မြုပ်ခဲ့သဖြင့် ဖရန်စစ်မှာ ဝမ်းနည်းခဲ့ရသည်။



ရောက်လိုရာ ရောက်စေ ခရီးပေါက်လျှင် ပြီးစတမ်းဟု ဆိုလျှင် ခေါ်တွေ့ မီးပုံးပျံ သည် အခြားယာဉ်များထက် အကုန်အကျ သက်သာ မည်ဟု သင်ယူဆမိပေလိမ့်မည်။ လောင်စာဆီ၊ ဗက်ထရီ၊ လှုပ်ရှားမည့် အစိတ်အပိုင်း စသည် များ မလိုသောကြောင့်ဖြစ်သည်။ သို့သော် လူ လေးယောက်စီး မီးပုံးပျံ ထဲတွင် ထည့်ရသော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့၏ တန်ဖိုးမှာ ၂၀၀၀ ကျပ် နီးပါးရှိပြီး ဓာတ်ငွေ့ကို အမြဲလဲပေးရကြောင်း သင်သိလျှင် အထင်နှင့်တခြားစီဖြစ်ကြောင်းတွေ့ ရမည်။

အင်္ဂလန်နိုင်ငံ ဂလော့စတာရှိုင်းယား နယ်တွင် တနှစ်လျှင် တကြိမ် ဒိန်ခဲလှိမ့် ပြိုင်ပွဲ ကျင်းပပေးလေ့ရှိသည်။ ရှေးရာအဝတ်အစားကို ဝတ်ဆင် ထားသော လူကြီး တဦးက ပြိုင်ပွဲကို အစပြု ပေးရသည်။ ဒိန်ခဲတုံးကြီးကို တောင် စောင်းအတိုင်း လှိမ့်ချပေးလိုက်ရာ ကလေး များက ပြေးလိုက်ကြသည်။ ဒိန်ခဲကို ဦးစွာ မှီနိုင်သူသည် အောင်နိုင်သူဖြစ်ပြီး ဆုရ သည်။ ဒိန်ခဲကိုလည်း အပိုင်ရရှိသည်။





အမေရိကန် ပြည်ထောင်စုရှိ ဂျော်ဂျီယား နယ်သား ပေါအင်ဒါဆင်သည် ၁၉၅၆ ခုနှစ် အိုလံပစ် အလေးမ ချန်ပီယံဖြစ်ပြီး ကမ္ဘာ့စံချိန် သစ်များကို တင်ထားခဲ့သူ ဖြစ်သည်။ သူသည် ကြေးစား နပန်းလုံးသမားလည်းဖြစ်သည်။ သူ အရပ်မှာ ၅ ပေ ၁၀ လက်မသာရှိပြီး ကိုယ်အ လေးချိန်မှာ ၃၃၆ ပေါင် ရှိသည်။ သူသည် နှစ်တန်ကျော် လေးသော သံတုံးများကိုထမ်းပိုးနိုင်သည်တဲ့။



လူသားတို့၏ စိတ်ဝင်စားဖွယ်အကောင်း ဆုံးသော လှုပ်ရှားမှုနှုန်းတခုမှာ တနာရီလျှင် ၆၁၄ မိုင် ဖြစ်သည်ဟုဆိုလျှင် အံ့သြကြလိမ့် မည်။ ကမ္ဘာ့အမြန်ဆုံးလူသားပင်လျှင် တနာရီ လျှင် ၂၃ မိုင်ထက် ပို၍မြန်အောင် မပြေးနိုင် ခြင်းကြောင့်ဖြစ်သည်။ သို့သော် လေထု ပါး သောနေရာတွင် လေယာဉ်မှ ခုန်ချသော မိုး ကောင်းကင် ဒိုင်ဗင်ထိုးသမားတဦး၏ နှုန်းမှာ တနာရီလျှင် ၆၁၄ မိုင်နှုန်း ရှိခဲ့ဘူးသည်။



သာနုကြီးတို့ မြင်းကလေး
ဟေ့.မင်းဒါလောက် ဘဝင် မြင့်နေယင်ငါနဲ့ ရေကူး ရေငုပ်ပြိုင်မလား
ဟား ဟား ဟား ငါလို ခြေလက်အစုံ ရှိသူက မင့်လိုခြေမပါ လက်မပါငနဲ့ကို ဘာ မပြိုင်ဝံ့ရမလဲကွ
သို့နှင့် မြင်းကလေးသည် ငါးကလေးနှင့် ရေငုတ်ပြိုင်ရလေတော့သည်။
မှ အရေးနိမ့်နေပြီ ဖြစ်သော်လည်း ကြိုးစားရှာသည်။
မည်မျှပင် ကြိုးစားပြီး အားတင်းကာငုတ်သော်လည်း နောက်ဆုံးတွင် အရှုံးပေးလိုက်ရသည်။
ဟဲ ဟဲ


မနေ့က ကျက်ခိုင်းလိုက်တဲ့ စာတွေရ ကြရဲ့လား —
ရပါတယ် ဆရာ-
ဟာ! ငါ စာမကျက်လာခဲ့ဘူး - ငါ့ကို စာမေးရင် နောက်ကနေ ပြောပြကွာ ဖိုးညီ —
အေး
ဟေ့ ခင်မောင်အေး ထဆိုပြစမ်း
ဖိုးညီသည် ခင်မောင်အေးကို နောက်မှ စာဆိုပြီသည်။
ဟေ့ ဘယ်ကောင် ပြောပြနေတာလဲ ထစမ်း
ဖိုးညီ ဆရာ
ကိုယ်ချစ်တဲ့ သူငယ်ချင်း စာမရလို့ စာပြောပြတာ - ကိုယ့်သူငယ်ချင်းကို ချစ်ရာ မရောက်ဘူး နှစ်ရာရောက်တယ်ကွ ဘာဖြစ်လို့လဲ ဆိုတော့ - နောက်ဆိုင်ငါ စာမရပေမဲ့ ပြောပြမဲ့သူ ရှိသွားဘဲ ဆိုပြီး စာမကျက်တော့ဘူး - ဒဲ့ နောက်ဆို ဖိုးညီ ကိုစာ မပြောပြနဲ့ ခင်မောင်အေး ပြောပြနဲ့ တော့
ဟုတ်ကဲ့


နိုင်နိုင်သည် လူမောင်လေး အထွေးဆုံး တွေးကို စာသင်ပြနေသည်။
ဟားဟားဟား
ဟားဟားဟား
ဝိုင်းပြောင်ကြသဖြင့် ဟူးမှာ ရှက်ပြီး ထွက်ပြေးလေသည်။

အီစွပ်ပုံပြင်များ မင်းယုဝေ ပြန်ဆိုသည်



## ပညာရှိသော ပျံလွှားငှက်


တနေ့သ၌ လယ်သမားတယောက်သည် သူ့လယ်တွင် လျှော်စေ့များကို ပျိုးကြဲနေ၏။ ထိုအချိန်တွင် အနီးရှိ ခြံစည်းရိုးပေါ်၌ ပျံလွှားငှက်တကောင်နှင့် အခြားသောငှက်များသည် နားခိုလျက်ရှိ၏။

ပျံလွှားငှက်သည် လယ်သမား၏ အပြုအမူကို အကဲခပ်ကြည့်ရှုပြီးလျှင် ငှက်အများအား "အဆွေတို့ လယ်သမား လျှော်စေ့များပျိုးကြဲနေသည်ကို သတိပြုပါ။ သူပျိုးကြဲသမျှသောလျှော်စေ့များကို သင်တို့အားလုံး ကောက်၍စားပစ်ရမည်။ သို့မဟုတ်က တနေ့တွင် သင်တို့ဒုက္ခရောက်ရအံ့" ဟု ပြောဆိုအကြံပေး၏။


ငှက်များကား ပျံလွှားငှက် အကြံပေးပြောဆိုသည်ကို လုံးဝမနာယူ၊ လျစ်လျူပြု၍သာနေ၏။ သို့ဖြင့် မိုးရွာလာသောအခါ လျှော်စေ့များမှ လျှော်ပင်များ ပေါက်လာ၏။ မကြာမီ လျှော်ပင်ကြီးများ ကြီးထွားလာရာ လယ်သမားသည် လျှော်ပင်မှ လျှော်ကြိုးရအောင် ပြုလုပ်၏။ ထို့နောက် လျှော်ကြိုးဖြင့် ပိုက်ကွန်ယက်ကာ ငှက်များကို ထောင်ဖမ်းလေ၏။ ဤတွင် ပျံလွှားငှက်၏ စကားကို နားမထောင်ခဲ့သော ငှက်များစွာတို့မှာ ပိုက်ကွန်တွင် ဖမ်းမိကာ၊ သတ်ဖြတ်ခြင်း ခံရလေ၏။

ဥပဒေသ။ ။ရန်မျိုးစေ့ငယ်မှ ကြီးမားသော ရန်စွယ်ကြီး ဖြစ်လာတတ်သည်။

## ဇီးကွက် လက်စွပ်ကလေး




(က)ကို ကပ်ထူကပ်၍ ညှပ်ထုတ်ပါ။ (ခ) အတိုင်း ကြိုးကိုကပ်ပါ။ အစနှစ်ခုကို (ဂ) အတိုင်း ကပ်ပါ။ လှပသော ဇီးကွက်လက်စွပ်ကလေး ရပါလိမ့်မည်။



# အရည် အချင်း

မောင်မောင်ဌေးဝင်း



ကျော်ကျော်သည် ဖိုးဇော် အကြောင်း စဉ်းစားနေမိသည်။ ဖိုးဇော်၏အမည်အပြည့်အစုံမှာ ဇော်ဟိန်းဦးဖြစ်သည်။ သို့သော် အများက ဖိုးဇော်ဟုပင် ခေါ် ကြသည်။ ဖိုးဇော်သည် လူချစ် လူခင် ပေါသူဖြစ်သည်။

ကျော်ကျော်နှင့် ဖိုးဇော်တို့ သည် တတန်းတည်း သားများ ဖြစ်ကြသည်။ အိမ်ချင်းလည်း မျက်နှာချင်းဆိုင်။ ကျော်ကျော် သည် ဖိုးဇော်နည်းတူ စာတော် သည်။ စာမေးပွဲ စစ်လျှင် ပထမ နေရာကို တယောက် တလှည့်စီ ဆိုသလို ယူနေကျ ဖြစ်သည်။ သို့သော် ကျော်ကျော်ကိုဖိုးဇော် လောက် လူသိမများ။ ခင်မင်သူ မပေါ။ "ဘာကြောင့်ပါလိမ့်။ သူ့ လောက်တော့ ငါလဲ တော်တာ ဘဲ" ဟု ကျော်ကျော်မကြာခဏ စဉ်းစားနေမိသည်။

× × ×

"ဖိုးဇော်တယောက် ကား တိုက်ခံရလို့တဲ့"

ထိုသတင်းသည် တောမီး ပမာ ပျံ့နှံ့သွားသည်။

သူ ငယ် ချင်း ဖြစ် သော် လည်း ကျော်ကျော်သည် သိပ် စိတ်မဝင်စားမိ။ "အသက်မသေ တာ တော်သေးတာပေါ့" ဟု စိတ်ထဲ တွေးမိရုံသာဖြစ်၏။ သူ စိတ်ဝင်စားသည်မှာ စာကြိုးစား ဘို့ဘဲ ဖြစ်သည်။ သို့သော် မေမေ ၏ "သတင်း သွားမေးလိုက်ပါ သားရယ်။ မေမေတို့လဲ ဆေးရုံ က မဆင်းခင် အားတဲ့ တနေ့ တော့ သွားရမယ်။ အိမ်နီးနား ချင်း သူငယ်ချင်းဆိုတာ ဒီးပိုဘဲ တဦးနဲ့ တဦး ကြည့်ရှု စောင့် ရှောက်ဘို့ တာဝန်ရှိတယ်ကွဲ့" ဟု သော စကားကြောင့် ဆေးရုံသို့ ထွက်ခဲ့ရသည်။

ဆေးရုံသို့ ရောက်သောအခါ သူ့အရင် ရောက်နှင့် နေသော ပရိသတ်ကို တွေ့ရ၏။ ရပ်ကွက် ထဲမှ မိတ်ဆွေများသာ မက၊ ကျောင်းမှ ဆရာ ဆရာမများ၊ သူ ငယ် ချင်း ကျောင်း သူ ကျောင်းသားများ၊ စုံလဲ စုံလှ သည်။ သူတို့သည် ဧည့်သည် များအတွက် ဆေးရုံ ဖွင့်ချိန် မရောက်သေးသဖြင့် လှေကား တဝိုက်တွင် ကိုယ့်အုပ်စုနှင့်ကိုယ် ဝိုင်းဖွဲ့ စကားပြောနေကြသည်။

"ဖိုးဇော်က သိပ်ကူညီတတ် တာကွ၊ ဟိုတလောတုန်းကဘော လုံး ကစားရင်း ငါ့ခြေ သလွတ် တိုင်လည်သွားတာ သူကိုယ်တိုင် ငါ့ခန္ဓာကိုယ်ကြီးထမ်းပြီး အိမ် အရောက် ပို့ပေးတယ်။ သူက ရှေးဦးသူနာပြုစုနည်းလဲ တတ် တယ်ကွ"

"ဖိုးဇော် သူများကို ကူညီ တတ်တာတော့ ပြောမနေနဲ့။ မနှစ်က မိုးတွင်းတုန်းက ကြည့် ပါလား။ အဘကြိုင် သမီးလေး ဒီလမ်းထိပ်က မြောင်းကြီးထဲ ကျပြီး မျောပါသွားတာ ဒို့တွေ ကြောင်နေတုန်း သူဘဲ အတင်း ဆင်းဆယ်တာမဟုတ်လား။အဲဒီ တုန်းက သူတောင်ဘာနဲ့ဆောင့် မိတယ် မသိဘူးနဖူးပေါက်သွား သေးတယ်"

"သူငယ်ချင်း အပေါင်း အ

သင်း အပေါ် သူစိမ်း သူကျက် မရွေး ကူညီတဲ့၊ သည်းခံတဲ့ ဖိုးဇော်လို ကောင် မျိုး တော့ ရှားပါတယ်”

လူငယ်ဝိုင်းတွင် ပြောနေကြ သည်ကို ကျော်ကျော် ကြားရ ခြင်းဖြစ်သည်။ လူကြီးဝိုင်းဘက် မှ အသံကိုလည်း နားစွင့်မိရာ –

“ဖိုးဇော်က သူ တ ပါး ကို ကူညီတတ်ရုံတွင် မကဘူး၊ ရိုး သားမှုလဲရှိတယ် ဆရာမရဲ့။ ကျွန်တော့် သမီးလေး ကစားရင်း ဆွဲကြိုး ဘယ်နေရာ ပြုတ်ကျန်ခဲ့ တယ်မသိဘူး။ အဲဒါ ဖိုးဇော် ကောက်ရလို့ ပြန်ခဲ့တာပေါ့”

“ဖိုးဇော်က စာလဲ တော် တယ် ဦးရဲ့။ အတန်းထဲမှာလဲ ထိပ်ဆုံးကဘဲ”

“စာတော်ရုံတင် မကဘူး၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု လုပ် ငန်းတွေမှာလဲ တက်တက်ကြွကြွ အမြဲဦးဆောင်လေ့ရှိတယ် ဦးရဲ့။ ကျောင်းကောင်စီမှာဆိုလဲသူ့ဘဲ အားထားနေရတာ။ သူက အ တက် ကြွ ဆုံး ဘဲ”

“သည်နှစ် လူရည်ချွန်ရွေးပွဲ မှာ ဖိုးဇော်ဘဲရမယ် ထင်တယ်။ လူရည်ချွန် ဆိုတာ ဖိုးဇော်လို ဘက်စုံတော်တဲ့ ကျောင်းသား တွေအတွက် ဆုဘဲမဟုတ်လား”

လူကြီးဝိုင်းကလည်း ဖိုးဇော် ချီးမွမ်း ခန်း ချည်း ဖြစ်သည်။

“ကျမသမီးလေးအသက်ကို ဒီသူငယ် ကယ်လိုက်တာပါဘဲ ရှင်။ ခလေးက ကားလမ်းဖြတ် အပြေး၊ ကားက လမ်းကြားထဲ က ကွေ့အထွက်၊ အနားမှာ ရှိတဲ့ ဒီသူငယ်က သမီးလေးကို လိုက် အဆွဲ တိုက်မိသွားတာ ပါဘဲ။ ခလေးကိုသူကဖက်ပြီးကာလိုက် လို့ ခလေး ပွန်းပဲ့ရုံဘဲ ဖြစ်ပြီး သူ့ကိုကားနဲ့တိုးမိသွားတာပေါ့။ ဘရိတ်ဖမ်းလိုက်တယ် ဆိုပေမဲ့ အရှိန်နဲ့ဆိုတော့ ဘယ်သက်သာ ပါ့မလဲ။ ကျမ သမီး လေးမှာ ဒီသူငယ်ပေးတဲ့ အသက်ဘဲ ရှိပါ တော့တယ်ရှင်”

ထိုစဉ် ဧည့်သည်များအတွက် ဆေးရုံဖွင့်ချိန် ရောက် သဖြင့် ဆေးရုံပေါ် သို့ တက်ခဲ့ကြသည်။

ခုတင်ပေါ်တွင် ပက်လက် ဖြစ်နေသော ဖိုးဇော်၏ လက် တဖက်နှင့် ခြေထောက်တဖက် တို့တွင် ပတ်တီး စီးထားရပြီး၊ ဦးခေါင်းမှာလည်း ပလာစတာ သုံးလေးခု ကပ်ထားသည်ကို တွေ့ရသည်။ ဖိုးဇော်မှာ သူ၏ နကိုနေ အတိုင်း ခပ်ပြုံးပြုံး ပင် ဧည့်သည်များနှင့် နှုတ်ဆက် စကားများ ပြော နေ သည်။ ဖိုးဇော် ခုတင်ဘေးရှိဘီဒိုပုလေး ပေါ်တွင် ဧည့်သည်တို့၏ လက် ဆောင်မုံ့ထုပ်များ၊ သကြား လုံးထုပ်များ၊ သစ် သီး များ၊ အားဆေးပုလင်း၊ ဂလူးကို့(စ်) ဘူးများဖြင့် ပြည့်နေလေသည်။

× × ×

ကျော်ကျော်ဆေးရုံမှ ပြန် လာသောအခါ သူမကြာခဏ စဉ်းစားမိခဲ့သည့် “ဘာကြောင့် ဘာလိမ့်” ဟူသော အဖြေကို ရခဲ့ပြီဖြစ်၏။

## ညောင်ရေသွန်းတဲ့ပွဲ

ဗုဒ္ဓမြတ်စွာ တရားရှာ၊
အေးရိပ် မှိုင်ဟောမာ။

မြက်ထမ်းလာတဲ့ သုဒ္ဓိယ၊
သဒ္ဓါဇောဟုန်ကြွ။

ဦးနှိမ်ချလို့ စိတ်ကြည်ဖြူ၊
ရှစ်ဆုပ် မြက်ကိုလှူ။

သည်အလှူ မြေမှာခင်း၊
ဗောဓိ ညောင်ခြေရင်း။

ရွှေရောင်ဝင်းတဲ့ ပလ္လင်ယံ၊
ထက်ဝယ်တည်နေစံ။

ငါးမာရ်အောင်တဲ့ တရားမင်း၊
ဗောဓိရွှေညောင်လင်း။

ဆင်မင်းနေ့ကြုံ လကဆုန်၊
ပြည့်ဝန်း လငွေယုန်။

အိုးစည်ဗုံနှင့် ကခုန်ရွှဲ၊
ညောင်ရေသွန်းတဲ့ပွဲ။ ။

ဗန္ဓုရဝင်း





# ဒေါင်းလန်း

အစားအသောက်များထည့်၍ စားရန် သစ်သား၊ ဝါးစသည်တို့ဖြင့် ပြုလုပ်၍ ယွန်းဖြင့် သရိုးကိုင်ထားသော ခြေထောက် တပ်ထားသည့် ဘန်းပြားကြီးများကို ဒေါင်းလန်းဟု ခေါ်သည်။

ဒေါင်းလန်းသည် မည်သည့်ကာလက စတင်ပေါ်ပေါက်ခဲ့သည်ကို အတိအကျ မသိရပေ။ ဝန်ကြီးပဒေသရာဇာ၏ ထန်းတက်သမား တျာချင်းမှ "နှီးဒေါင်းလန်းကြီး ခူးပြီးသောခါ သမီးနှင့်သား များလို့မဝင်သာ" ဟူသည့်စာပိုဒ်ကို ထောက်၍ မြန်မာသက္ကရာဇ် ၁၀၀၀ ကျော်ခန့်ဖြစ်သော ညောင်ရမ်းခေတ် ကတည်းကပင် ဒေါင်းလန်း ပေါ်ပေါက်နေပြီဖြစ်ကြောင်း ယူဆနိုင်သည်။ အချို့ပညာရှင်များကမူ ပုဂံခေတ်ကတည်းကပင် ဒေါင်းလန်းကို အသုံးပြုနေပြီဖြစ်ကြောင်း ဆိုကြသည်။ မည်သို့ဆိုစေ ဒေါင်းလန်းသည် မြန်မာတို့၏ ရိုးရာအသုံးအဆောင်တခုဖြစ်သည်ကား ထင်ရှားပေသည်။

တယောက်စားအရွယ် ဒေါင်းလန်းငယ်ကလေးများလည်းရှိ၍ အများ[illegible]စားနိုင်သော ဒေါင်းလန်းကြီးများလည်း ရှိသည်။ ဒေါင်းလန်းကြီးဖြင့် အများပိုင်[illegible]သောက်ရာတွင် လူလေးယောက် စားမည်ဆိုပါက ဒေါင်းလန်းပေါ်တွင် ထမင်းလေးပုံ ပုံထားပြီး အလယ်တွင် ဟင်းခွက်များထားကာ စားသောက်ရ၏။ ထမင်းကို လက်နှင့်နယ်၍ စားကြရာ၌ တယောက်၏ ထမင်းပုံမှ အရေများသည် အခြားတယောက်၏ ထမင်းပုံသို့ စီးဆင်းကာ ရောနှောသွားတတ်သော်လည်း မရွံရှာပဲ ရင်းရင်းနှီးနှီး စားသောက်ကြ၏။ ဤအချက်ကိုရည်၍ "လက်ရေတပြင်စီး" ဟူသော စကား ပေါ်ပေါက်လာခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ကျေးလက်များတွင်မူ ဒေါင်းလန်းကို ယနေ့တိုင် အသုံးပြုနေကြဆဲဖြစ်သည်။



မျှ ကင်းနေဖ



ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်ပုံနှိပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးအောင်ကြိုင်က ပင်းလွှတ်ခွင့် အမှတ် ၁၁၂၈ ဘရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
[illegible] စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၈၀၂) တွင် ဦး[illegible]က ရိုက်နှိပ်သည်။

အတွဲ ၅ အမှတ် ၂၀

# ရွှေသွေး ဂျာနယ်

ဇာတ်လမ်း - ထွန်းမင်းထွန်း

သရုပ်ဖော် - ဂဆု

၁၃၁၅ ခု၊ ကဆုန်လဆုတ် ၃ ရက် (၁၉-၅-၅၃)




ဂုနေနေ့တိုင်း ထုတ်ဝေသည်။


ဘောဂဝတီပြည်တွင် ဘာရာဏာမင်း စိုးစံ၏။
မင်းကြီးများ
ဘုရား
သမီးတော် ရူပစန္ဒာသည် ချောမော၍
ပညာဉာဏ် ထက်မြက်သဖြင့် ကျော်ဇော၏။
ခုနစ်ပြည်ထောင် မင်းသားတို့သည် ထို
မင်းသမီးကို အလိုရှိကြ၍ သမီးကညာ
ဆက်ရမည်ဟု သဝဏ်လွှာ ပို့ကြရာ–
သယ် ----
ရှိုင်းလိုက်လေ
တိုင်းငယ်ပြည်ငယ်
ဖြစ်လို့ဒေါကားကြတယ်
မဆက်နိုင်ဘူး ---
သွား
ဘာရာဏာမင်းက ခါးသီးစွာငြင်းပယ်လိုက်၍
သမီးရတနာကို အပ်မည်လော
ကျွန်ုပ်တို့နှဲ့-စစ်ခင်းမည်လော
အသင်မင်းကြီး
ကြိုက်ရာရွေးလော့
ခုနစ်ပြည်ထောင် မင်းသားတို့သည် ဘောဂဝတီပြည်ကို စစ်တပ်များဖြင့် ဝိုင်းကြတော့၏။


တောက်၊ လက်ရုံး အားကိုးနဲ့ အနိုင်အထက်ပြုလိုသူတွေကို ငါကိုယ်တိုင်ထွက်ပြီး နှိမ်နင်း မပပ်ဖျော်သည်တော်များအား သင့်ရှိစေ - - -
ခမည်းတော်ဘုရား.. သမီးတော်တဦးအတွက်နဲ့ ပြည်သူအများ မနစ်နာစေသင့်ပါဘုရား
သမီးတော်ရဲ့အရေးဖြစ်လို့ သမီးတော်ကို ဖြေရှင်းခွင့် ပေးတော်မူပါဘုရား
သမီးတော်လေးဟာ ပညာရှိသူဖြစ်လို့ သမီးတော်ကိုဘဲ ဖြေရှင်းခွင့်ပေးသင့်ပါတယ်မောင်တော်ဘုရား
ဒါမိ၊ ဒါဖြင့်၊ ယခုအရေးကို သမီးတော်ဘဲ ဖြေရှင်းစေများ
ထိုအခါ ရူပစန္ဒာသည် မြို့ရိုးသို့တက်၍
အသင်မင်းသားတို့လက်နက် အားကိုးနဲ့ပြုမူခြင်းဟာ အားလုံးကိုအကျိုးယုတ်စေနိုင်ပါတယ်
ကျွန်ုပ်ရဲ့မေတ္တာပန်းကိုယူလိုကြရင်၊ ကျွန်ုပ်မေးတဲ့ပုစ္ဆာကို ဖြေကြားကြပါ၊ မှန်ကန်စွာဖြေနိုင်သူကို ကျွန်ုပ်ရဲ့မေတ္တာပန်း ချပ်နှင်းပါမယ်
အေး၊ ဟုတ်တယ်
သဘောတူတယ်
မေးချင်တာ မေးပါ၊ ဖြေဖို့အသင့်ဘဲ


ခုနစ်ပြည်တောင် မင်းသားတို့သည် ဗာရာဏသီမင်း၏ နန်းတော်ထဲသို့ စုရုံး ရောက်ရှိလာကြလေသည်။
ရူပစန္ဒာ မင်းသမီးကလေး မှာမူ တင်းတိမ် ခုနစ်ထပ် နောက်မှနေ၍ ပထမဦးစွာ မောဟကုမ္မာရ မင်းသားကိုမေး၏။
အသင်မင်းသား၊ လောက၌ အနီးဆုံးနေရာနဲ့ အဝေးဆုံး နေရာကို-ညွှန်ပြပါဘော့
ဒီမေးခွန်းဟာ ခလေးကတောင် ဖြေနိုင်တဲ့ မေးခွန်းဘဲ။ အနီးဆုံးနေရာဟာ မြေကြီး ပေါ့၊ အဝေးဆုံးနေရာကတော့ ခေါင်း ပေါ်က ကောင်းကင်ပေါ့-
ကဲ၊ နောက်တခု ဖြေပါအုံး၊ အသင် မင်းသားဟာ ဘယ်အရပ်က လာ ခဲ့ပြီး၊ ဘယ်အရပ်ကို သွား နေပါသလဲ---
ဟားဟား၊ ဒီမေးခွန်းကပိုပြီး တော့တောင်လွယ်သေးတယ်၊ ကျွန်ုပ်ဟာ ဥတ္တာနဂရ မြို့က လာခဲ့ပြီး၊ သာဂဝတီမြို့ ကိုသွားနေတာပေါ့


အသင်မင်းသား၊ နောက်ဆုံး ပုစ္ဆာကို ဖြေပါဦး၊ လောကဝယ် ဖြည့်၍မပြည့်သော အရာ၊ မှောင်လွန်း သောနေရာ၊ နက်လွန်း သောအရာ၊ တိုင်း၍မရသောအရာ၊ အလျှင်မြန်ဆုံး အရာ၊ အခိုင်မာဆုံး အရာ၊ အမှုဆုံး အရာ၊ အအေး မြဆုံးသောအရာတို့ကား အဘယ်နည်း
ဖြည့်လို့မပြည့်တာကပင်လယ်၊ မှောင်လွန်းတဲ့နေရာက မြေတိုက်၊ နက်လွန်းတဲ့အရာကသမုဒ္ဒရာ၊ တိုင်းလို့မရတဲ့အရာက မြေပြင်နဲ့ ကောင်းကင်၊ အဟမ်း-အဟမ်း
အလျှင်မြန်ဆုံးအရာက သိန္ဓောမြင်းပေါ့၊ အခိုင်မာဆုံးအရာက တော့သံကြိုးပေါ့၊ အမှုဆုံးအရာကတော့မီး၊ အအေးမြဆုံး အရာကတော့ ဆီးနှင်းခဲပေါ့၊ ကဲ-မဟုတ်ဘူးလား---
အသင်မင်းသားဖြေတာတွေအားလုံး မှားပါတယ်၊ အကြောင်းမှို အသင်မင်း သားဟာ ကျွန်ုပ်ရဲ့ မေတ္တာပန်းကို မရနိုင်တော့ပါ
ဟိုက်
ဟား-ဟား ဟား-ဟား
ကျန် မင်းသား ခြောက်ဦးမှာလည်း ပုစ္ဆာကို မှန်အောင် မဖြေနိုင်ကြ၍ လက်လျှော့ကြရလေ၏။
မလွယ်ပါလား
ငါဖြေတာ ကမှားပါလိမ့်
မဖြေဘဲနေ ကောင်းသား
စေတုတ္တရာပြည်မှ မင်းသား ပညာကုမ္မာရသည် တက္ကသိုလ်ပြည်မှ ပညာသင်ပြီး ပြန်လာရာ —


ထင်းခွေသမားနှစ်ဦးနှင့်တွေ့သဖြင့် ရူပစန္ဒာ
မင်းသမီး၏သတင်းကို ကြားသိသွားလေ၏။
သို့ဖြစ်၍ –
အရှင်မင်းကြီး၊ ကျွန်ုပ်ဟာ ခေတ္တရာပြည်က မင်းသား ပညာကုမ္မာရ ဖြစ်လို့၊ ကျွန်ုပ်ကိုလဲ ပုစ္ဆာ မေးဆိုခွင့်ပြုပါ
ဘာရာဏာမင်းထံ ဝင်ရောက်ပြီး ခွင့်တောင်းလေ၏။
အိမ်း – မေးဆိုလေ အသင်မင်းသား
ကောင်းလှပါပြီ အရှင်မင်းကြီး
အသင်မင်းသား၊ လောကနဲ့ အနီးဆုံးနေရာနှင့် အဝေးဆုံးနေရာကို ညွှန်ပြပါလော့
ရူပစန္ဒာသည် ယခင်ပုစ္ဆာအတိုင်း မေးလေ၏။
အသင်မင်းသမီး၊ လောကနဲ့ အနီးဆုံးနေရာကား မျက်လုံးဖြစ်ပါတယ်၊ အဝေးဆုံး နေရာကား အမတနန်း ဖြစ်ပါတယ်
လွဲပြီကွ
ကောင်းပါပြီ၊ နောက်တခု မေးပါဦးမယ်၊ အသင်မင်းသားသည် ဘယ်အရပ်ကလာခဲ့၍ ဘယ်အရပ်သို့ သွားနေပါသလဲ –


အသင်မင်းသမီး၊ ကျွန်ုပ်မူလလာခဲ့သော နေရာကားမသိနိုင်ပါ၊ သို့သော်ကျွန်ုပ်ဟာ မိခင်ရဲ့ဝမ်းတိုက်အတွင်းမှလာခဲ့ပြီး၊ ယခုအခါ မရဏနန်း သို့ရှေးရှုပြီးသွား နေပါတယ်
နောက်ဆုံးပုစ္ဆာကိုဖြေပါဦး၊ လောကနှင့် ဖြည့်၍မပြည့်သောအရာ၊ မှောင်လွန်းသော အရာ၊ နက်လွန်းသောအရာ၊ တိုင်း၍မရသော အရာ၊ အလျင်မြန်ဆုံးအရာ၊ အခိုင်မာဆုံးအရာ၊ အပူဆုံး အရာ၊ အအေးမြဆုံးသော အရာစသည်တို့ကား အဘယ်နည်း
ဖြည့်လို့မပြည့်တဲ့အရာဟာဝမ်းတစ်ထွာဖြစ်ပါတယ်၊ မှောင်လွန်းတဲ့အရာဟာကိလေသာဖြစ်ပါတယ်၊ နက်လွန်းတဲ့အရာဟာမောဟဖြစ်ပါတယ်၊ တိုင်းလို့မရ တဲ့အရာဟာလောဘဖြစ်ပါတယ်၊ အလျင်မြန်ဆုံးအရာကစိတ်၊ အခိုင်မာဆုံးအရာကသမုဒယ နှောင်ကြိုး၊ အပူဆုံးအရာကား ဒေါသမီး၊ အအေးမြဆုံး အရာကားမေတ္တာရေစင် ဖြစ်ပါတယ်
အသင်မင်းသား၏အဖြေအားလုံး မှန်ကန်ပါတယ်၊ ဒါကြောင့်မို့ အသင်မင်းသားအား ကျွန်ုပ်ရဲ့ မေတ္တာပန်းကို အပ်နှင်းပါ တယ်
တင်းတိမ်ကိုလှစ်ကာ ပြောလိုက်လေ၏။
ထိုအခါ ခုနစ်ပြည်ထောင်မင်းသားတို့မှာ ဝမ်းနည်း ပက်လက်ဖြစ်ကာ မှိုင်တွေကျ သွားကြ လေတော့၏။
ဟင်း
သွားပြီ
ဆုံးပြီ
အသင်ခုနစ်ပြည်ထောင်မင်းသား တို့၊ မေတ္တာဟူသည် လက်ရုံးအား ကိုးဖြင့်ယူ၍မရနိုင်သည်ကို မှတ်သွားကြပါကုန်လော့
ဟူ၍ ရူပစန္ဒာမင်းသမီးက နောက်ဆုံး မှာကြားလိုက်လေသတည်း။
ပြီး

# ထူးဆန်းသောအားကစားများ | ကြယ်ဖြူ/အာကာ



အိုင်ယာလန်ပြည် မိသ်နယ်တွင် ရှေးက ရက် ၃၀ ကြာ အားကစားပွဲတော်တရပ် နှစ်စဉ်ကျင်းပလေ့ ရှိခဲ့သည်။ ယင်းပွဲတော်ကို ဘီစီ ၁၉ ရာစုခန့်က စတင် ကျင်းပခဲ့ကြသည်ဆိုရ၏။ အပြေး၊ အခုန်၊ ကျောက်တုံးပစ်၊ လှံတံပစ် စသည့် ပြိုင်ပွဲအမျိုးမျိုး ပါဝင်သည်။ ၁၁၆၈ ခုနှစ်တွင် အိုင်ယာလန်ပြည်ကို နော်မန် လူမျိုးတို့ ဝင်ရောက် တိုက်ခိုက်ပြီးနောက် ထိုအားကစားပွဲတော်မှာ ရပ်စဲသွားတော့သည်။


၁၉၀၈ ခုနှစ်တွင် ပြင်သစ်သတင်းစာတစောင်က ကြီးမှူး၍ ကမ္ဘာပတ် မော်တော်ကား ပြိုင်ပွဲတရပ် ကျင်းပခဲ့သည်။ ကား ခုနစ်စင်းသည် နယူး ယောက်မြို့မှ စတင်ထွက်ခွာ၍ အလာစကာနယ်မှ ရုရှပြည်ဖက်သို့ ရေခဲနေသော ဗယ်ရင် ရေလက်ကြားကို ဖြတ်သွားရမည် ဖြစ်သည်။ ရေလက်ကြားတွင် ရေခဲများ အရည်ပျော်နေသဖြင့် ကားများမှာ သင်္ဘောဖြင့် ဖြတ်ကူးခဲ့ကြရသည်။ အခက်အခဲ အမျိုးမျိုးကို ကျော်ဖြတ်ခဲ့ရပြီးနောက် "သောမတ်" အမည်ရှိ အမေရိကန်ကားက ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ ပထမဦးစွာ ပန်းဝင်နိုင်ခဲ့သည်။



ပေါ်တူဂီနိုင်ငံတွင် မိုင် ၁၂၀၀ မြင်းပြိုင်ပွဲတရပ် ကျင်းပခဲ့ဘူးကြောင်း သိရှိရသည်။ ယင်းပြိုင်ပွဲတွင် အာရပ် မြင်းမျိုးဖြစ်သော အယ်မာခေါ် မြင်းက ပထမ ရခဲ့သည် ဆိုရ၏။ အင်္ဂလန်နိုင်ငံသို့ အာရပ်မြင်းများကို ရောမဧကရာဇ် လူစီယပ် ဆက်တီမီယပ် ဆီဗီရပ်က ယူဆောင်လာ၍ ယင်းမြင်းများသည် အေဒီ ၂၁၀ ခန့်တွင်ကျင်းပခဲ့သော ဗြိတိန်နိုင်ငံ၏ ပထမမြင်းပြိုင်ပွဲ တွင် ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်ဟု သိရသည်။



အင်္ဂလန်နိုင်ငံ လက်စတာ ရှိုင်ယာနယ်တွင် နှစ်စဉ် အီစတာ မန်းဒေးနေ့၌ ရွာနီးချင်း နှစ်ရွာသည် ရိုးရာပွဲအဖြစ် ပုလင်းကန်ပွဲ ကျင်းပလေ့ ရှိသည်။ ပုလင်းဟု ဆိုသော်လည်း သစ်သားစည်ငယ်များသာ ဖြစ်သည်။ ပုံတူ ပြုလုပ်ထား သော သစ်သားစည်ငယ် နှစ်



လုံးတွင် ဘီယာထည့်ထား၍ ကျန်တလုံးတွင် ရေထည့်ထားသည်။ တဖက်ရွာမှအခြားတဖက်ရွာ နယ်သတ်မျဉ်းသို့ရောက်အောင် ကန်ကြရသည်။ ပထမ စည်နှစ်လုံးကို ရွာမှလူများက ယူကြ၍ ကျန်တလုံးကိုဘီယာဖြစ်စေ၊ ရေဖြစ်စေ ပြိုင်ပွဲဝင်သူများက သောက်ကြသည်။

လွန်ဆွဲပြိုင်ပွဲသည် ရှေးရှားမှ အနှေးကွေးဆုံးပြိုင်ပွဲပင် ဖြစ်၏။ တဖက်နှင့်တဖက် အားချင်း မျှနေပါက အရှုံးအနိုင်အတွက် အချိန်ကြာမြင့်စွာ ကြိုးပမ်းကြရပေသည်။ ၁၈၈၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဂျူပါးပိုနယ်၌ စခန်းချလျက် ရှိသော ဗြိတိသျှတပ်မတော်သားအချင်းချင်း လွန်ဆွဲပြိုင်ပွဲတရပ် ကျင်းပရာ အနိုင်ရရှိသော အထင်းသည် ၁၂ ပေအကွာအဝေးကို ၂ နာရီ ၄၁ မိနစ်တိတိကြာအောင် ဆွဲခဲ့ရသည်။ တနာရီလျှင် ၀.၀၀၀၈ မိုင်နှုန်းမျှသာ ရွေ့ခြင်းဖြစ်၏။



အင်္ဂလန်နိုင်ငံ ဒယ်ဗွန်နယ်ရှိ ဗစ်ဒယ်ဖတ်မြို့တွင် နှစ်စဉ် ဇွန်လ၌ တောရစ် မြစ်ကူးတန်တားကိုဖြတ်၍ လမ်းလျှောက်ပြိုင်ပွဲ ကျင်းပလေ့ရှိသည်။ အဆိုပါ ပြိုင်ပွဲမှာ နာရီတီးခေါက်သံကို ပြိုင်ရခြင်းဖြစ်၏။ နံနက် ရှစ်နာရီတိတိ အချိန်တွင် ဘုရားကျောင်းမှ နာရီသံ စတင်တီးခေါက်စဉ် ပြိုင်ပွဲဝင်သူအားလုံး တန်တားကို ကျော်ဖြတ်ကြရသည်။ နာရီသံ ရှစ်ချက်တီးခေါက်ရန် အချိန် ၂၂ စက္ကန့်ကြာသည်။ ထိုအချိန်အတွင်း တန်တားတဖက်သို့ ရောက်အောင် လျှောက်ကြရလေသည်။





တခါက ထိပိဘုရင်ကြီးထံတွင် အမှုထမ်းနေသော မောင်ဇော်မြတ် ခေါ် လူယုံတော်လေး တယောက်ရှိလေသည်။
မှန်လှပါ
ထိုလူယုံတော်ကလေးမှာ ဘုရင်ကြီး ကိုယ်တိုင် ယုံကြည် စိတ်ချရသဖြင့် အခြား အမတ်များက မရှုစိမ့် ဖြစ်လာကြသည်။
တိုင်းပြည်မှာကား တနေ့တခြား စည်ကား တိုးတက်လျက်ရှိ၏။
တနေ့သော် ဘုရင်ကြီးလက်အောက်၌ အမှုထမ်း နေသော နယ်စားကြီးတဦးသည် ဘုရင်ဖြစ်လို၍ အကြံ ထုတ်နေလေသည်။
ပိပိ ရိရိ နဲ့ ပိုင်မှ ဖြစ်မှာ
မှန်လှပါ


အထူးသဖြင့်နန်းတွင်းအခြေအနေကို
သိဖို့လိုတယ်ဆိုမှ ဘုရင်ကြီးကို ဉာဏ်
ဆင်ပြီးလှည့်ကြရမှာ
အဲ ဘုရင့်လူယုံတော်လေး မောင်ဇော်
မြတ်ဆီကို မေးမှ၊ သူ့အရင်က ငါ့နယ်
မှာနေသွားဘူးတယ်
အိုး...
ထိုနောက် ဘုရင်၏လျှို့ဝှက်ချက်များကို ပြောပြ
ရန် မောင်ဇော်မြတ်နှင့် အပေးအယူ လုပ်လေ
သည်။
နန်းတွင်းလျှို့ဝှက်ချက်အခြေအနေ
တွေအားလုံးသာပြောပြမယ်
ဆိုရင် မြောက်မြားစွာနဲ့ ရာထူး
အတွက်ငါတာဝန်ယူတယ်
အင်း မဆိုး ဘူး
ထိုအခါ လူယုံတော်လေးသည် ခေတ္တမျှ
စကားမပြောပဲ တွေသွားလေသည်။
× Δ.× ÷ –+ .1 = .
Δ . D O . - × . Δ . .
စဉ်းစားပေါ့ကွာ
ခဏကြာသော် လူယုံတော်လေးသည်
အသိတခု ဝင်လာသည်။ ထိုအသိကား ----
သစ္စာရှိရမယ်
သစ္စာရှိရမယ်
ဒီကောင်တော့ မက်စရာတွေ ကိုမျှော်မှန်းပြီး ပြောတော့ မှာ.ဘဲ
ကောင်းပြီ ရယ်စားကြီး၊ ဘုရင့်ရဲ့
လျှို့ဝှက်ချက်မှန်သမျှကို ဖွင့်ပြောပါမယ်


အကယ်၍ဘုရင်ကြီးသိသွားပါက ကျွန်တော်မျိုး၏အသက် သေရပါမယ်။
ဒါကြောင့် အဲဒီလို ဖွက်ချက်တွေကို မပေါက်ကြားအောင်ထိန်းသိမ်းနိုင်ပါ့မလား . .
နယ်စားကြီး၏ ဖြေကြားချက်ကို ကြားရသော အခါ လူယုံတော်လေးသည် ရယ်မောလျက်-
ဟို ဖွက်ချက်ပါဆိုမှ ဘယ်ပေါက်ကြားပါ့မလဲကွာ .
မင်းရူးများနေသလား ငါကတိ သစ္စာရှိပါတယ်
နယ်စားကြီးကတိတည်သလို ကျွန်တော်မျိုးလဲ ဘုရင်ကြီး၏ ဖွက်ချက်ကို သချိုင်းတွင်း ပြည်နိုင့်သူ့မျိုး အတွက် သစ္စာရှိစွာဖြင့် စောင့်ထိန်းရလိမ့်မယ်။
နယ်စားကြီးသည် ရုတ်တရက်သော် ကြောင်သွားပြီး ငိုင်နေလေသည်။
ထိုနောက် သူကိုယ်သူ ရိပ်မိကာ အရှက်ကြီး ရှက်၍ ထွက်သွားလေတော့၏။
ဟား
ဟား
ဟား
ဟား
တောက်!
ပြီး

အီစွပ်ပုံပြင်များ – မင်းယုဝေ ပြန်ဆိုသည်။



## သိုးယောင်ဆောင်သောဝံပုလွေ


တခါသော် ဝံပုလွေတကောင်က မိမိသည် သိုးယောင်ဆောင်ခြင်းဖြင့် သိုးအုပ်တွင်းသို့ ဝင်နိုင်က သိုးများကို အလွယ်တကူ ဖမ်းဆီးကိုက်သတ်စားနိုင်မည်ဟူ၍ အကြံပြု၏။ သို့အကြံပြုသည့်အတိုင်း သူသည် သိုးရေတခုကို ခြုံလျက် စားကျက်သို့ ထွက်လာသော သိုးအုပ်တွင်းသို့ ဝင်နေလိုက်သည်။

ယင်းသို့ ဝံပုလွေ၏ သိုးယောင်ဆောင်မှုကို သိုးများသာ မက သိုးကျောင်းသားပါ မရိပ်မိ မသိရှိပေ။ သို့ဖြင့် ညနေဘက်သို့ရောက်သောအခါ သိုးကျောင်းသားသည် အခြားသိုးများနှင့်အတူ ဝံပုလွေကို စားကျက်မှ မပြီးလျှင် သိုးခြံတွင်းသို့ သွင်းထားလိုက်၏။

ထို့နောက် ထိုညမှာပင် ညစာ စားပွဲအတွက် သိုးသား အလိုရှိသဖြင့် သိုးကျောင်းသားသည် သိုးခြံတွင်းသို့ ဆင်းကာ သိုးရေခြုံထားသော ဝံပုလွေအား သိုးအမှတ်ဖြင့် သတ်လိုက်လေ၏။ ဤတွင် ဝံပုလွေသည် သိုးများကို မစားလိုက်ရတော့ပဲ သူသာလျှင် အစားခံလိုက်ရလေ၏။

ဥပဒေသ။ ။အယောင်ဆောင်က ဘေးတွေ့ရ။

## သစ်သီးစုံ အရုပ်များ လုပ်ကြမလား



ပုံတွင်ပြထားသည့်အတိုင်း ဟင်းသီးဟင်းရွက်များဖြင့် အရုပ်မျိုးစုံ လုပ်ကစားနိုင်ပါသည်။ သည်ထက်ဆန်း၍ လှသော အရုပ်ကလေးများကိုပင် ထွင်၍စမ်းသပ်ကစားကြည့်ပါ။ အသီးအရွက်တို့ကို ဆက်ရာ၌ ပင်အပ် သို့မဟုတ် သွားကြားထိုးတံများကို အသုံးပြုနိုင်ပါသည်။

# မိတ်ဆွေပေး သောအသိ

မြတင်ရည်



တူးမာနှင့် ထွေးထွေးတို့သည် တတန်းတည်းတွင် စာအတူသင်ရသည့် သူငယ်ချင်းများ ဖြစ်ကြသည်။ တရပ်ကွက်တည်းတွင် အတူ နေထိုင် ကြသဖြင့်လည်း အလွန်ခင်ကြသည်။ ထို့ကြောင့် ကျောင်းတွင် တယောက်တရက်စီ အပြန်အလှန် မုံ့ဝယ်ကျွေးကြသည်။

တနေ့တွင် သူတို့နှစ်ယောက် ကျောင်းသို့ သွားစဉ် လမ်း၌ တူးမာက –

"ဟော့ – ဟိုမှာ ကပ်စေးနဲ လာနေပြီ"ဟု တနေရာသို့ လက်ညှိုးထိုး၍ ပြော လိုက် သည်။ တူးမာညွှန်ပြရာသို့ ထွေးထွေး ကြည့်လိုက်သောအခါ အတန်းထဲမှ မခင်လေး ဖြစ်နေသည်။

"မခင်လေးကို ဘာဖြစ်လို့ ကပ်စေးနဲလို့ ခေါ်တာလဲ"

"သူ့အိမ်က မုံ့ဘိုးပေးတာကို စုထားပြီး ကျောင်းကိုတော့ ထမင်းဗူးဘဲ ယူလာစားတယ်။ ဒီလိုလဲ မုံ့ဝယ်မစားဘူး။ ဒါကြောင့် သူ့ကို ကပ်စေးနဲလို့ခေါ်တာပေါ့"

"နင်ကရောဘာပြုလို့ထမင်းဗူး မယူလာတာလဲ"

"ထမင်းဗူးသယ်ရတာ သိပ်ရှုပ်တာဘဲ။ ဒါကြောင့် ထမင်းဗူးကို ဘယ်တော့မှ မယူဘူး"

တူးမာက မကျေမနပ်စွာဖြင့် ပြန်ပြောလိုက်သည်။ မုံ့စားကျောင်းဆင်းချိန်ရောက်လျှင်–

"တူးမာဒီနေ့ နင့်အလှည့်နော်၊ ငါ့ကိုမုံ့ဝယ်ကျွေးရမယ်"

"အေးပါဟ၊ လာ–မုံ့ဆိုင်သွားမယ်"

မုံ့ဈေးတွင် မခင်လေးကို တွေ့သဖြင့် ထွေးထွေးက –

"မခင်လေး မုံ့စားပါအုံး"

"ထမင်းဗူး ပါလာလို့ မစားတော့ပါဘူး"

မုံ့ဆိုင်တွင် တ ယောက် နှင့် တယောက် အပြန်အလှန် ဝယ်ကျွေးနေသဖြင့် အိမ်မှပေးလိုက်သည့် မုံ့ဘိုးအပြင် စာအုပ်ဘိုးများကိုပါ သုံးမိ၍ ကုန်သွားလေသည်။

သို့နှင့် ကျောင်းတက်ခေါင်းလောင်းထိုးသွားသဖြင့် အတန်းသား အားလုံး အတန်းထဲဝင်၍ ကိုယ့်နေရာကိုယ် ထိုင်ကြသည်။ ဆရာမသည် ခဲတံနှင့် ပလာစာအုပ်များကိုပိုက်၍ အတန်းထဲသို့ ဝင်လာသည်။

"နာမည် ခေါ် တဲ့ လူတွေ ပိုက်ဆံပြား ငါးဆယ်စီယူလာပြီးပေးကြ"

ဆရာမက အ တန်း သား များအား ပြောလိုက်သည်။

နာမည်ခေါ်သော အတန်းသားအားလုံးပင် ဆရာမထံမှ စာအုပ်နှင့်ခဲတံကိုဝယ်ကြသည်။ တူးမာနှင့် ထွေးထွေးတို့နာမည်ကို ခေါ်သောအခါ နှစ်ယောက်စလုံး ပိုက်ဆံ ကုန်နေ သဖြင့် ဆရာမထံ မသွားပဲ နေရာမှာ ထိုင်နေကြသည်။ ထို့ကြောင့် ဆ ရာ မ နှင့် အ ခြား ကျောင်းသား များ က တူး မာ တို့ နှစ်ယောက်ကို ကြည့်နေကြသည်။

"တပည့်တို့က ဈေးစရာကျန်သေးလို့ စာအုပ် မဝယ်ကြတာလား"

ဆရာမက တူးမာနှင့် ထွေး

ထွေးအား လှမ်း၍မေး လိုက်သည်။

စင်စစ် တူးမာတွင် ရေးစရာစာအုပ် နောက်ထပ် မရှိတော့ပါ။ မြန်မာစာအုပ်နှင့် ဂဏန်းစာအုပ်များတွင်လည်း စာရွက်လွတ် အနည်းငယ်သာ ကျန်တော့သည်။ ထွေးထွေးစာအုပ်ထဲ တွင် လည်း စာ မျက် နှာ အနည်းငယ်သာ ကျန်တော့သည်။

"မဟုတ်ပါဘူး ဆရာမ"

တူးမာတို့နှစ်ယောက်ပြိုင်တူဖြေလိုက်ကြသည်။

"ဒါဖြင့်ပိုက်ဆံမပါလို့လား။ မနေ့က ဆရာမ မှာ လိုက် သား ဘဲ"

သူတို့ နှစ်ယောက် စ လုံး ၏ မျက် နှာ များ နီ ရဲ သွား သည်။ တယောက်နှင့် တယောက်လည်း ဘယ် လို လုပ် ကြ မလဲ ဟူသော အကြည့်ဖြင့် ကြည့်နေမိသည်။

"သူတို့ ပိုက်ဆံမပါလာသေးလို့ ဖြစ်မှာပါဆရာမ။ ကျမဆီက စိုက်ပေးထားပါရစေ"


မ ခင် လေး က ရုတ်တရက် ထကာ ပိုက်ဆံတကျပ်ကိုဆရာမအားပေး၍ စာအုပ်နှစ်အုပ်နှင့် ခဲတံနှစ်ချောင်းကို တူးမာတို့ အ စား သွားယူပေးသည်။

တူး မာ ရော ထွေး ထွေး ပါ အ လွန် အံ့ အား သင့် သွား ကြ သည်။ သူတို့ အလွန်ကပ်စေးနဲသည်ဟု ထင်နေသော မခင်လေးသည် သူတို့၏ စာအုပ် ရရှိရေး အခက်အခဲနှင့် အရှက်ကို ကာကွယ်ပေးသွားပေသည်။

ကျောင်း ဆင်း သော အ ခါ တူးမာသည် မခင်လေးကို ကျေးဇူး တင် ကြောင်း ပြုံး ၍ ပြော လိုက်သည်။ အနားမှ ထွေးထွေး ကိုလည်း –

"ဒို့လဲ နက်ဖြန်ကစပြီး မခင်လေးလိုပိုက်ဆံစုရအောင်နော်" ဟု တိုးတိုးလေး ပြောလိုက်သည်။






## အရပ်လေးမျက်နှာ

နေထွက်ရာရပ် မျက်နှာအပ်၊
ကိုယ်ကိုစန့်စန့်ရပ်။

ဖြောင့်ဖြောင့်မတ်မတ်
လက်ဝဲယာ၊
ဘေးသို့ဆန့်တန်းပါ။

နေထွက်ရာ "အရှေ့"ပဲ၊
ကျောဘက်"အနောက်" စွဲ။

လက်ဝဲဘက်က
"မြောက်" မှတ်ပါ၊

လက်ျာ "တောင်" ရပ်သာ။

ကြည့်ပါသွားပါ ဘယ်မလွဲ၊
အရပ်လေးမျိုးခွဲ။ ။

စန္ဒာမြင့်

R. 517



# မြန်မာအက

အကဟူသည်မှာ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို အချက်ကျကျ လှုပ်ရှားခြင်းပင် ဖြစ်၍ ထိုသို့လှုပ်ရှားရာတွင် သဘော၊ သရုပ်၊ အဓိပ္ပာယ်အမျိုးမျိုး ပါရှိလေသည်။

''ကခြင်းအစ လက်မြှောက်က''ဟူ၍ ဆိုစကားရှိ၏။ ကလေးသူငယ်များ ပျော်ရွှင်မြူးတူးသဖြင့် လက်ကိုမြှောက်ကာ လှုပ်ရမ်းဆော့ကစားခြင်းသည်ပင် အက၏အစဟူ၍ ဆိုစမှတ်ပြုကြသည်။

မြန်မာအကကို စံနစ်တကျ သင်ယူမည်ဆိုပါက စည်းနှင့်ဝါးသည် အခြေခံ ဖြစ်၏။ ''စည်း၊ ဖနှောင့်၊ ဗျောက်၊ ဖဝါး''ဟူသော နည်းစံနစ်အတိုင်း စတင်သင်ယူရသည်။ စံနစ်ကျသော မြန်မာအက၏ အင်္ဂါရပ်များမှာ လက်လှုပ်ရှားရုံမျှသာမဟုတ်ပဲ ခေါင်း၊ ခါး၊ ခြေ စသည်တို့ကိုလည်း ဆိုင်းချက်နှင့်အညီ ယိမ်းနွဲ့လှုပ်ရှားတတ်ရပေမည်။ ''ခေါင်း ခါး ခြေ လက်၊ ဤလေးချက်၊ မပျက်စေရ သုခုမ''ဟု ဆိုထုံးရှိပေ၏။

မြန်မာအကတွင် တဦးတယောက်တည်း ကခုန်ပါက တပင်တိုင်ဟုခေါ်၍ယောကျ်ားနှင့်မိန်းမ တွဲယှဉ်ကခုန်ပါကနှစ်ပါးသွားဟု ခေါ်သည်။ အများစုပေါင်းကခုန်ပါက ယိမ်းဟု ခေါ်ပေသည်။ ကခုန်သူ၏ သရုပ်သကန်ကို မူတည်၍လည်း ကဟန် ကွဲပြားမှု ရှိ၏။ ဘီလူးကသည် ကြမ်းတမ်း ခက်ထန်၍ မင်းသမီးကသည် နွဲ့ပျောင်း ညင်သာလေသည်။



တောင်ငူဘုရင် ဘုရင့်နောင်နှင့် ကုန်းတောင်ဆက်ဘုရင် အလောင်းဘုရားတို့ ထက်ထက်တွင် ယိုးဒယားမှ သုခုမအနုပညာများ မြန်မာနိုင်ငံသို့ ဆင့်ပွားရောက်ရှိလာခဲ့၏။ ထိုအခါမှစ၍ မြန်မာအကသည် ပို၍စည်ပင်လာခဲ့လေသည်။

မုံရွာ ဝင်းဖေ

၂၅ ပြား

ရန်ကုန်မြို့၊ ၂၂၉-၂၃၁ ကုန်သည်လမ်း စာပေဗိမာန်ထုတ်ဝေရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ-၅ အမှတ်-၂၁


# ရွှေသွေး ဂျာနယ်

၁၃၃၅ ခု၊ ကဆုန်လဆုတ် ၁၀ ရက် (၂၆-၅-၇၃)

## တစ္ဆေ မကြောက်သူ

ပန်းချီ၊ ဦးဘကြည်

ဇါတ်လမ်း၊ ချစ်ပု



စနေနေ့တိုင်း ထုတ်ဝေသည်


မောင်ဖေသန်းသည် နေဝင်ရီတရောတွင် လမ်းတပတ်လျှောက်ရန် အိမ်မှထွက်လာရာ
ကလေးငယ် နှစ်ယောက် ကစားနေသည်ကို တွေ့၍ သူကိုယ်သူ လူကြီးတယောက်အနေဖြင့်
ဟေ့ - ဘာလို့ ဒီအချိန်ထိအောင် လမ်းမှာ ကစားနေကြတာလဲ ။ သရဲခေါင်းပြတ်ကို မကြောက်ဘူးလား
သရဲပုံပြင်ထဲမှာသာ - သရဲခေါင်းပြတ်တို့ - ဘီလူးတို့ ရှိတာ
ယုံတမ်းစကားတွေ
သရဲခေါင်းပြတ် မရှိဘူးဆိုတာ - သေချာရဲ့လား ။ ဒါဖြင့်ယင် - ကုလားမခေါင်းပြတ် ကိုမြင်ဘူးလို့
ကုလားမခေါင်းပြတ်ဆိုတာ - ဘာလဲ
ကုလားမခေါင်းပြတ် ဆိုတာ - မျက်လုံးကြီးတွေက - ပုဂံမြားလောက် ရှိတယ် ဖြီးကော့
××××××××××
××××× ညမှောင်ယင် - အပြင်မှာထွက်ကစားနေတဲ့ ကလေးတွေ တွေ့ယင် ဖမ်းသွားသတဲ့
ထိုအခါ ကလေးနှစ်ယောက်သည် ကြောက်ကြောက်နှင့် အိမ်သို့ ပြန်ပြေးကြလေလျှင်
မောင်ဖေသန်းသည် အလွန်သဘောကျသွားလေသည်။
ဟားဟား ဟားဟား
ချာတိတ်တွေ.......
ငါ တစ္ဆေပုံပြင်ထွင်လိုက်တာ လန့်ဖျပ်ပြေးကုန်ပြီ....
ဟားဟား
ခေါင်းမပြတ်ကြီး ပါလို့ဆိုနေ ဘယ်ကလာ - မျက်စိ ဘာတွေ့ရှိပါ့မလဲ......
ဟဲ - ဟဲ
ကြောက်ကိုကြောက်သည် လွန်းပါတယ်.....


မောင်ဖေသန်းသည် ဆက်လက် သွားပြန်ရာ ကြက်ခြံထဲသို့ ကြက်များမောင်းသွင်းနေသော မဖွားခင်ဆိုသူ ကလေးမကို တွေ့ပြန်သော်
ကျွတ်
ကျွတ်
ဒီကောင်ကြီးက - ဘယ်သွားအုံး မလို့လဲ.... ဝင်လေ
ဟဲ့- ဖွားခင်၊ အိမ်ထဲမဝင်သေးဘူးလား၊ မှောင် ရပြီး နေပြီ၊ ကုလားမခေါင်းပြတ် ကြီး- နင့်ကိုလာဆွဲလိမ့်မယ်၊ ဝင်တော့လေ
ဟင်
ဟုတ်လား
မဖွားခင် အိမ်ထဲဝင်ပြေးလျှင်
ဟား – တစ္ဆေ အကြောင်း လုပ်ပြော လိုက်တာ ကောင်မလေး ကြောက်ပြီး ပြေးမှာ— ဟီး —
ဆက်၍ လျှောက်သွားပြန်သော် ကမ်းစပ်၌
ဟဲ.... တွေ့ပြန်ပြီ အမဲတယောက်၊ လှန့် လိုက်အုံးမယ်
အနားသို့ အသာကလေး ကပ်သွားပြီး ချောက်လှန့်၏။
ဟိတ်
ဘာလုပ် တာလဲဗျ
သို့သော် လုံးဝကြောက်လန့်ခြင်း မရှိသဖြင့်
ဟို...... ကုလားမ ခေါင်းပြတ် အကြောင်း ကြားပြီး ပြီဟား
ဟင် - ဘယ်လို တဲ့လဲ


ကုလားမ ခေါင်းပြတ် တစ္ဆေလေ××××××××××××× အဲဒါ မှောင်ယင် တွေ့တဲ့ လူကို ဖမ်းသွားသတဲ့......
ဟာ - ဒီလိုဆို ပြန်တော့မယ်
ငါးမျှားသူလည်း ကြောက်ပြီး ပြန်ပြေးပြန်၏။
မောင်ဖေသန်းသည် သူ့လုပ်ဇာတ်အောင်မြင်သည်ကို အကျေနပ်ကြီး ကျေနပ်နေ၏။
ဟားဟား - ဟားဟ တစ္ဆေအကြောင်း ပြောယင် ကြောက်တတ်တာဘဲ ဟဲဟဲ - ဟဲဟဲ
ထိုနောက်မှ နေရောင်ခြည် ပျောက်လုဆဲဆဲကို သတိရကာ
ဟော့ဗျ - ဘာလိုလိုနဲ့ တကယ်မှောင်လာပြီပါလား
တကယ်မှောင်ယင တကယ့်တစ္ဆေများ လာမလား
မြန်မြန် ပြန်မှဘဲ...
ခပ်သုတ်သုတ်လေး ပြန်လာရာ တနေရာ၌ ခလုတ်တိုက်ပြီး လဲလုမတတ်ဖြစ်သွားစဉ်
အသံပြဲကြီးတခု နားထဲ ကြားလိုက်ရသဖြင့် ထိတ်လန့်ကာ ပြန်၍ပင် လှည့်မကြည့်ဝံ့တော့ပဲ တကြိုးတည်း အိမ်သို့ ပြေးလေ၏။
ခင်းဘယ်သူလဲ...... အချိန်မတော် ဘာလို့ လျှောက်သွားနေရတာလဲ
အိမ်ထဲမှ မောင်ဖေသန်း၏ မိခင်က သားကို တွေ့လျှင် စိတ်ပူပြီး
ဟဲ့ လူကလေး ဘာဖြစ်လာတာလဲ
ကျနော့်ကို တစ္ဆေလား ဘာလဲမသိဘူး လိုက်တယ်နဲ့ တူတယ်
တယ် - ဒီကောင် လေး နင့်စိတ်က ထင်နေတာ၊ ဘယ်ကလာ သရဲ၊ တစ္ဆေရှိမှာလဲ......
ပြီး

# မောင်ထိုးဝါး


ဟေ့၊ ထိုးဝါး- မင်းခြေထောက်ရှည်ကြီး ဖယ်ပါဟ၊ နွား-ပြောရင်းဆိုရင်း တိုက်မိပြီ
ထိုးဝါးတို့ သူငယ်ချင်း တစု ပျော်ပွဲစားရန် ပြင်နေကြသည်။
ဦးစားမဲ့ အစာတွေ မှောက်ကုန်ပါပြီ
မင်းတို့တတွေ၊ ထိုးဝါးရဲ့ ချက်စောင်းထိုးမနေကြပါနဲ့၊ လာ-ဦးသာထူး ခြံထဲက သရက်သီးသွားခိုးစားရအောင်
ဟေ့ ဦးသာထူးကြီး လာနေပြီ၊ ပြေးကြ
ခြံထဲသို့ရောက်ပြီး မကြာမီ
မြန်မြန်၊ ဒီခြံစည်းရိုးနောက်ဘက်မှာ ဝင်ပုန်းနေမယ်၊ ဒီလို ဦးသာထူး မတွေ့နိုင်ပါဘူး


ထိုးဝါး၏ အရပ်မှာ အလွန်ရှည်သော ကြောင့် လုံအောင်မပုန်းနိုင်ခဲ့ပေ။
?
အော် ဒီလိုကိုး
ဒီ အရပ်ရှည်ရှည် အကောင်ကလေး ကြောင့်၊ မင်းတို့ကိုငါလွယ်လွယ်မိတာ ဘဲ၊ လာခဲ့ကြ၊ ငါ့ခြံထဲက အမှိုက်တွေ ရှင်းပေးမှ ပြန် လွှတ်မယ်
ဟူး၊ ဒီ အဝိုင်းဆိုယင်၊ ထိုးဝါးရဲ့ အရပ်နဲ့နဲ့ ပုသွားအောင် လုပ်ပစ်မှဖြစ် မယ်ကွ
ဟုတ်တယ်
သူတို့အားလုံး တဲသို့ ပြန်ရောက်သောအခါ
တွန်းပေး တွန်းပေး၊ ဒါမှ ရှည်နေတဲ့ အရပ်ကြီး နဲ့နဲ့ ပုသွား မယ်၊ ဟုတ်ပြီကွ
အိုး
အူး
အား
အား
ဝုန်း
တန်ဘူးမဟုတ်တန်ဘူး ပေါ့၊ ရော့-ဒီ့အလေးတုံး တွေကိုဆွဲထား၊ ဒါမှ အလေးတွေရဲ့ဆွဲအား ကြောင့်
နဲ့နဲ့ပု ဖြစ်သွားမယ်


လာကြဟေ့
ထိုင်ပင်အရိပ်မှာ အောင်ရှည်နေတုန်း၊ ဒို့လည်း တပေါ်ချောက် ရအောင်
ဟာ၊ အလေးလွန်း တွေကြောင့် တန်တား ကျိုးသွားပြီ
အမလေး
ဗုံး
ထိုစဉ် ဦးသာထူးရောက်လာပြီး—
ကြည့်စမ်း၊ မင်းတို့ကြောင့် တန်တားကျိုးသွားပြီ၊ ပြန်မပြင် ပေးယင်၊ မင်းတို့တော့ အသိအဲ
အဲ မျာ
!
ကဲ၊ တန်တားတိုင်ကို ပြန်စိုက်ဘို့ ရေထဲ ကယောက်ဆင်းဟေ့
အား ဘယ်ပြုမှာလဲ ရေကအနက်ကြီး
ကျော်စွမ်းရှိပါဘူး ငါ အတက်တော့ တံမြက်မလော်ပါ
ဟုတ်သားဘဲ
သူတို့သည်တန်တားကိုကောင်းစွာပြင်လိုက်နိုင်၏။
ဘယ်ဆိုးလို့လဲ၊ နဂိုအတိုင်း ပြန်ဖြစ်သွားပြီ၊ ကဲ-မင်းတို့ကို ဆုချတဲ့အနေနဲ့ ငါ့ခြံထဲက သရက်သီးကိုကြိုက်သလောက် ချူးစားကြပေတော့
မလွယ် ပါဘူး မှီမှ မမှီအဲ
ငါတယောက်ခဲ လုံးရှိပါသေး တယ်ကွ
ဒီလိုဆိုတော့လဲ၊ မင်း အရပ်ရှည်တာ၊ အသုံး ဝင်သားဘဲ၊ ဒို့မင်းကို အရပ်ပုအောင် ရှုပ်တာမအောင် မြှင့်ပေးလို့ပေါ့

ပြီး

# မျက်စိ ရဲ့မြင့်/ကျော်ကျော်



လူ၏ကိုယ်ခန္ဓာအစိတ်အပိုင်း များစွာထဲတွင် မျက်စိသည် အရေးအပါဆုံး အစိတ်အပိုင်း တခုဖြစ်သည်။ မျက်စိဖြင့် စာပေဖတ်ခြင်း၊ ပန်းချီလက်ရာများကို ကြည့်ရှုခံစားခြင်း၊ သဘာဝ တောတောင် အလှအပကို မြင်တွေ့ခြင်း စသည်ဖြင့် ကမ္ဘာလောကကြီးကို ကျွန်ုပ်တို့သိမြင်တွေ့ရှိလာကြပေသည်။


အနံ့မရနိုင်လောက်အောင်ဝေးသော၊အသံမကြားနိုင်လောက်အောင်ဝေးသော အရပ်များရှိ အရာဝတ္ထုများကို မျက်စိဖြင့် ကြည့်မြင် သိရှိနိုင်သည်။ ထို့ကြောင့် မျက်စိသည် နား၊ နှာခေါင်းတို့ထက် ပိုမို အသုံးဝင်သည်ဟု ဆိုနိုင်သည်။

ဤမျှအရေးပါသော မျက်စိကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်သင့်သည်။ ဥပမာ– အလင်းရောင် များလွန်းလျှင် ဖြစ်စေ၊ အလင်းရောင် နည်းလွန်းလျှင်ဖြစ်စေ ကြာရှည် မကြည့်သင့်ပေ။ မျက်စိကို မထိခိုက်မိစေရန်လည်း အမြဲသတိထားသင့်ပေသည်။

အလင်းရောင်ကို ညှိယူပုံ




မျက်နက်သည် အလင်းရောင် အနည်းအများကို လိုက်၍ သူ့ငယ်အိမ်ကို အကျဉ်းအကျယ် ပြုလုပ်ပေးသည်။




ဓာတ်ပုံရိုက် ကင်မရာတွင်လည်း ထို အတိုင်းပင် ဖြစ်သည်။

သာမန်မျက်လုံးသည် အကွာအဝေး နေရာအမျိုးမျိုးရှိ အရာဝတ္ထုများကို ကြည့်ရန်အတွက် မျက်တွင်းမှန် အထူအပါး ဖြစ်အောင် အကြောများဖြင့် ပြုပြင်ပေးသည်။




အနီးရှိအရာဝတ္ထုကို ကြည့်ရန်အတွက် မျက်တွင်းမှန်သည် ထူလျက်ရှိ၏။




အဝေးရှိ အရာဝတ္ထုကို ကြည့်ရန်အတွက် မျက်တွင်းမှန်သည် ပါးလျက်ရှိ၏။

အနီးမှုန် မျက်လုံး
(မျက်လုံးအိမ် တိုနေသည်)



အနီးမှုန်မျက်လုံးအတွက် နှစ်ဖက်ခုံးမှန် သုံးရသည်။






အဝေးမှုန် မျက်လုံး
(မျက်လုံးအိမ် ရှည်နေသည်)




အဝေးမှုန်မျက်လုံးအတွက် နှစ်ဖက်ခွက်မှန် သုံးရသည်။





အရာဝတ္ထုမှလာသော အလင်းရောင်တန်းများသည် မျက်စိ ရှေ့ဆုံးပိုင်းရှိ မျက်ကြည်ကိုဖြတ်၍ မျက်နက်အလယ်ရှိ သူငယ်အိမ်ကို ဆက်လက်ဖြတ်သန်းလာခဲ့သည်။ နောက်ပိုင်း မျက်ကြောလွှာပေါ်တွင် အရုပ်ထင်လာသည်နှင့် အာရုံကြောမှ ဦးနှောက်သို့ သတင်းပို့သည်။







စက်ပစ္စည်း အစိတ်အပိုင်းများတွင် ဆီထည့်ပေးရသကဲ့သို့ မျက်ရည်သည် မျက်စိကို စွတ်စိုနေစေရန်နှင့် သန့်ရှင်းနေစေရန် ပြုလုပ်ပေးသည်။



ပြတင်းပေါက်တွင် ရှိသော ယင်းကာကဲ့သို့ မျက်ခွံသည်လည်း အားကောင်းသော အလင်းရောင်ကို ကာကွယ်ပေးသည်။




ပြတင်းပေါက်တွင် တပ်ဆင်ထားသော ကန့်လန့်ကာကဲ့သို့ မျက်တောင်များသည် ဖုန်နှင့် အညစ် အကြေးများကို မဝင်နိုင်အောင် ကာကွယ်ပေးသည်။




မျက်ခုံးတန်းများကား အိမ်ရှိ တံစက်မြိတ်တန်းကဲ့သို့ မျက်စိအိမ်ကို ကာကွယ်ပေးသည်။

လက်ျာဖက်မျက်စိမှ လာသော အာရုံကြောများသည် လက်ျာဖက် ဦးနှောက်ခြမ်းသို့ ဝင်လာပြီး လက်ဝဲဖက်မျက်စိမှ လာသော အာရုံကြောများသည် လက်ဝဲဖက် ဦးနှောက်ခြမ်းသို့ ဝင်လာသည်။

ဤသို့ဖြင့် မျက်လုံးအိမ် အသီးသီး၏ နောက်ခံ မျက်ကြောလွှာများပေါ်တွင် ထင်လာသော အရုပ်များသည် အာရုံကြောများမှတဆင့် ဦးနှောက်သို့ ထင်မြင်လာခြင်း ဖြစ်သည်။


ပိန်ပိန် နှင့်
ဂျူဂျူ ပါဝင်သော
ကြီးသူကိုလေးစား
မိုးယံ လက်ရာ
တခါက တက္ကသိုလ်ကျောင်းသား ပိန်ပိန်သည် ကျောင်း ရက်ရှည်ပိတ်သဖြင့် မိဘထံ ပြန်လာစဉ်....
တက္ကသိုလ် ကျောင်းသားကြီးမို့ သူ့ကိုယ်သူ မိဘများထက် ပိုနားလည်သည်ဟု အထင် ရှိကာ....
'အဖေတို့ မသိပါဘူးဗျာ' ဟု မကြာခဏ ပြောလေ့ရှိသည်။
အဖေတို့က ဘာတန်းမှအောင်တာမှတ်ဘူး ကျနော်ပြောသလိုလုပ်စမ်းပါ။
အင်း–ဒီအတိုင်း ဆက်ကြည့်နေလို့ မဖြစ်တော့ဘူး၊ တနည်းနည်းနဲ့ ပညာပေးမှ။
အဲ–ဒီအကြံ မဆိုးဘူး....
ပိန်ပိန်ရေ- နွားလေးလွတ်သွားလို့ အဖေ့ကိုတင်းကုပ်ထဲ ပြန်သွင်းပေး စမ်းကွယ်၊ ငါ့သားလိမ္မာပါတယ်။



ဝိန်ဝိန်သည် နွားလေးကို တွန်းသွင်းရန် ကြိုးစားသည်။ နွားကလည်း တောင့်ထားသည်။
ဝိန်ဝိန်သည် တအားတွန်းပြန်သည်။
အီး - မလွယ်ပါလား
တနာရီခန့်ကြာသော်
သွင်းလို့မရဘူးလား ငါ့သား၊ အဲဒီလို မတွန်းရဘူးကွဲ့.
ဒီပညာဟာ တက္ကသိုလ်မှာ မရနိုင်ဘူး၊ နွားရှေ့ကို သွား၊ နွားပါးစပ်ထဲ လက်ညှိုးထည့်၊ အဲဒီခါ - နွားလေးက မင်းရဲ့လက်ကို နွားမကြီးနို့ထင်ပြီး စို့မယ်၊ မင်းက ဖြည်းဖြည်းဆွဲခေါ်ပြီး တင်းကုပ်ထဲ သွင်းပေတော့
ဟုတ်သဟ - အမေတို့ ဘယ်သိပါလား၊ ငါ့ကို ငါ တက္ကသိုလ်ရောက်လို့ တော်လှပြီ မှတ်နေတာ. ငါမသိတာ တွေအများကြီးပါလား
နောင်ကို ငါ လောကပညာ မသင်ခဲ့ပေမဲ့ ပညာရှိကြတဲ့ မိဘကို အမြဲရိုသေလေးစားပါတော့မယ်


မိကျောင်း နှင့် ယုန်
တခါက မိကျောင်းကြီးတကောင်သည် မြစ်ဆိပ်တနေရာမှ တိတ်တဆိတ်စောင့်ကာ ရေသောက်လာသော တိရစ္ဆာန်ငယ်များကို ဖမ်းယူစားသောက်၍ နေလေသည်။
တနေ့တွင် ဖိုးယုန်သည် ထိုနေရာသို့ ရောက်လာပြီး
သစ်တုံးကြီး ပါလား
အဟီး လာပြန်ပြီ ငါ့အစာတကောင်
မိကျောင်းကြီးသည် ဖိုးယုန်ကိုမြင်၍ ကျေနပ်နေ၏။ သို့သော် ဖိုးယုန်က....
သစ်တုံးဆိုတော့ ထင်းဆိုက်ရတယ်၊ မီးစွဲ မစွဲ မီးခွတ် တင်ကြည့်မှ
မိကျောင်းကြီးမှာ ဖိုးယုန်၏ အစမ်းသပ်ကို မခံနိုင်၍ ထွက်ပြေးရလေတော့၏။



အိစ္ဆပ်ပုံပြင်များ - မင်းယုဝေ ပြန်ဆိုသည်။

## လိမ်ညာသူ၏ပရိယာယ်

တခါသော် လူတယောက်သည် သစ်သား နတ်ရုပ်တုတခုကို ထုလုပ်၏။ ထိုနောက် ဈေးသို့ သွားလျက် ထိုရုပ်တုကို ရောင်းချ၏။ သို့ရာတွင် ဝယ်သူတဦးမျှ မရှိချေ။


ထိုအခါ သူသည် ဝယ်သူတို့ စိတ်ညွတ်လာစေရန် ''နတ်ရုပ်ရောင်းရန်ရှိသည်၊ နတ်ရုပ်ရောင်းရန်ရှိသည်။ သည်နတ်ရုပ်သည် သင်တို့အား လပ်လာဘပေါများ၍ ကြွယ်ဝ ချမ်းသာအောင် မစနိုင်သည်'' ဟု ဟစ်အော်ရောင်းချနေ၏။

ထိုအခိုက် အနီး၌ ရပ်နေသော လူတယောက်က သူ့အား ''အဆွေ သင်၏နတ်ရုပ်သည် သင်ပြောသကဲ့သို့ လပ်လာဘကို ပေါများစေကာ ကြွယ်ဝ ချမ်းသာအောင် စွမ်းဆောင်နိုင်သည် ဆိုပါက အဘယ့်ကြောင့် ရောင်းချ ပစ်ပါသနည်း။ သင်ကိုယ်တိုင်ပင် ကိုးကွယ်ထားပါလော့'' ဟူ၍ ဆိုလေသည်။


၎င်းတွင် သူက ကျွန်ုပ် ပြောသည့် အတိုင်း သည်နတ်ရုပ်သည် ချမ်းသာမှုကို ဖြစ်စေသည်မှာ အမှန်ဖြစ်ပါသည်။ သို့ရာတွင် ထိုသို့ ဖြစ်နိုင်ရန်မှာ အချိန်အတန်ကြာ စောင့်ဆိုင်းရပါသည်။ ကျွန်ုပ်သည် ယခုချက်ချင်း ငွေအလိုရှိသောကြောင့် ရောင်းချရခြင်း ဖြစ်ပါသည်'' ဟူ၍ လှည့်ဖျား ပြောဆိုပြန်လေသည်။

ဥပဒေသ။ ။လူလိမ်တို့သည် ပရိယာယ် အလွန်များ၏။


## ချားရဟတ်ငယ်ငယ်




အချင်း ၄-လက်မရှိ ကပ်ပြားဝိုင်းကို (၁) ပုံစံဖြတ်၍ (၂) ကဲ့သို့ ကော်ကပ်ပါ။ အရုပ်များကို ကပ်ပြား တွင် ကပ်၍ ဖြတ် ထုတ်ပြီး (၃) အတိုင်း ချားရဟတ်လေး ပြုလုပ် ကစားပါ။





# သင်ခန်းစာပေးသော နာရီကလေး

နီနီနိုင်



ယနေ့ ကျွန်တော် ကျောင်းမတက်ပါ။ ကျောင်းတွင်း သန့်ရှင်းရေးလုပ်ရန် ကျွန်တော်တို့အဖွဲ့ တာဝန်ကျသောနေ့ ဖြစ်သောကြောင့် ဖြစ်ပါသည်။

သည်နေ့ ကျွန်တော်တို့အဖွဲ့ ဘောလုံးကန်ရန် ချိန်းထားကြပါသည်။ နေရာက ရွာတောင်ဘက်က ကွက် လပ် ထဲ ၌ ဖြစ်၍ အချိန်ကလည်း ကျောင်းတက်ချိန်ဖြစ်ပါသည်။

မိုးရွာထဲမှာ ဘောလုံးကန်ရ သည် မှာ အ လွန် ပျော် စ ရာကောင်း ပါ သည်။ သို့ သော် သည်နေ့ ကျွန်တော် ဘောလုံးမကန်ရတော့ပါ။ ကျောင်း သို့ နေ မ ကောင်း ၍ ဆိုပြီး ခွင့်စာပို့ ထား သော ကြောင့် နေ မ ကောင်းသလိုပင် အိမ်၌နေရပေတော့မည်။

"အတူး – ဆေးသောက်ပြီးပြီ လား။ ချွေး ထွက် အောင် စောင်လေး ခြုံထားလိုက်။ ဒါမှ မ နက် ဖန် ကျောင်း တက်နိုင်မှာ။ အိမ်ရှေ့လဲ ထွက်ကြည့်လိုက်အုံး။ အမေ ဈေးခဏသွားအုံးမယ်"

"ဟုတ်ကဲ့ မေမေ"

မနေ့က အိမ်ရှိ စားပွဲတင် နာရီကလေး စက်ရပ်နေ၍ ဖေဖေ ပြင်ခဲ့သည်။ ဖေ ဖေ ပြင် လို့ ကောင်းသွားပါသည်။ ဖေဖေ မည်သို့ ပြင်လိုက်သည်ကို သိချင်လာ၍ နာရီကိုကိုင်ပြီး ကြည့်မိပါသည်။ ကြည့်ရင်း ဖွင့်ကြည့်ချင်စိတ် ဖြစ်ပေါ် လာပါသည်။

ဖေဖေ ပြင် တုန်း က ၁၅ မိနစ်ခန့်သာ ကြာသည်။ မေမေ ပြန်မလာမီ အပြီး လုပ်နိုင်လျှင် ဖြစ် နိုင် ပါ သည်။ ထို့ကြောင့် နာရီကို ဖွင့်ဘို့ဆုံးဖြတ်လိုက်ပါသည်။ အိမ် တံ ခါး ကိုလည်း သေချာစွာ ဂျက်ထိုးလိုက်သည်။

ပထမဆုံး ဝက်အူလှည့်ဖြင့် နာရီအဖုံးပေါ်ရှိ မူလီလေးလုံးကို လှည့်လိုက်ပါသည်။ ပြီးနာရီအဖုံးကို ဆွဲဖွင့်ကြည့်သည်။ သို့သော် လွယ်လွယ်နှင့် ဖွင့်၍မရ။ မှန်ကွဲသွားမည် စိုးသည့်အတွက် ပေါင်နှလုံးကြားထဲ နာရီသွင်းပြီး ဆွဲချွတ်သည်။ အတန်ကြာမှ ကျွတ်ထွက်သွားသည်။ ချက်ချက်–ချက်နှင့် သံပတ်ပေးထားသည့် သံခွေလေးမှာ လှုပ်နေသည်။ ထို အခွေလေးကို လက်နှင့် အသာဖိထားကြည့်သည်။ အသံလည်း မကြားတော့၊ လှုပ်လည်း မလှုပ်တော့။ လက်ပြန်လွှတ်လိုက်မှ ပြန်လှုပ်လာသည်။

နာရီနှိုးစက်ကို စမ်းသပ်ပြန်သည်။ နာရီကို သော့ပေးလိုက်တော့ တဖက်ရှိ သံခွေလေးမှာ ကျဉ်း သွား ပါ သည်။ နောက် ကလင်–ကလင် ဆိုသည့် အ သံ ဆက်တိုက် ထွက် လာ ပါ သည်။ မောင်း တံ က လေး တ ချောင်း က သံခွက်ကလေးတခုကိုခေါက်၍ အသံ မြည် လာကြောင်း သိရပါသည်။ နာရီလက် တံ နှစ်ချောင်းကိုလည်း လက်ဖြင့်လှည့်ကြည့်သည်။ လက် တံ ကြီး ကို သာလှည့်လို့လည်းရသည်၊ ဖြုတ်လို့လည်း ရသည်။ လက်တံ ငယ်ကိုတော့လှည့်၍လည်းမရ၊ ဖြုတ်၍လည်းမရပါ။

ထို နောက် ဟို ဟာ ဖွတ်၊ သည်ဟာတပ်နှင့် တော်တော် အလုပ်ရှုပ်နေပါသည်။ နာရီမှာ တခုစီ ဖြစ် နေ ပါ ပြီ။ သို့ သော် စဖွတ်ကတည်းက သေချာစွာ ကြည့် ထား ၍ ပြန် မတပ် တတ် စရာ အကြောင်းမရှိပါ။

"ဒေါက်– ဒေါက်–ဒေါက်– ဒေါက်"

"ဘုရား – ဘုရား၊ အဲဒါမှ ဒုက္ခ။ မေမေ ပြန် လာ ပြီ ထင် တယ်"

ကျွန် တော် တံ ခါး မ ဖွင့် ရဲ သေးပါ။ ဘာလုပ်ရမှန်းလည်း မသိပါ။

"အ တူး ရေ – ဟေ့ အ တူး၊ အိပ်များပျော်နေလား"

"ဟုတ်ပါပြီ။ မေ မေ အသံ ပါ။ အဲဒါမှဒုက္ခ"

ကျွန်တော့်တကိုယ်လုံး တုန် နေပါပြီ။ ချွေးတွေလည်းစို၊ ရင် ထဲ တွင် လည်း တ ဒိတ် ဒိတ် နှင့် ဖြစ်နေပါသည်။ အ ပြင် ဖက် မှ လည်း တဒုံးဒုံးနှင့် ထုနေပါပြီ။ မဖွင့်လျှင် မဖြစ်တော့ပါ။ ထို့ ကြောင့် နာရီကို ပုဆိုးတထည် နှင့် ထုပ်ပြီး စာ ပွဲ အောက် တွင် ဝှက်ထားလိုက်ပါသည်။ ပြီးမှ–

"လာပြီမေမေ၊ ကျွန်တော် အိပ်ပျော်နေလို့ မ ကြား လိုက် ဘူး"

"ချွေး ရော ထွက် ရဲ့ လား၊ မှန်းစမ်း။ ဟုတ်ပ–ချွေးတွေကို စိုလို့။ လက်တွေက ဘာလို့ အေး နေတာလဲ"

"အော် – ဟို ကျွန် – ကျွန် တော့်လက် စောင် အ ပြင် ထွက် နေလို့ပါ။ ကျွန်တော် အိမ်သာ သွားအုံးမယ်"

မေမေ့ထံမှ အမြန်ဆုံးထွက် မှ ဖြစ်တော့မည်။ ကြာလျှင် မေမေ ရိပ်မိလိမ့်မည်။ အရေး ကြီးသည်က ဝှက် ထား ခဲ့ သည့် နာရီထုပ်ကို အိမ်သာထဲသို့ ယူ သွားရမည်။ အိမ်သာထဲရောက် မှ ပြန်တပ်ရမည်။

ကျွန် တော့် လက် များ မှာ ဖွတ်စဉ်ကကဲ့သို့ မသွက်တော့။ အ မြင် လွယ် သ လောက် လက် တွေ့တွင် မ လွယ် ပါ။ ခက် ပြီ။ ဖေဖေသိလျှင် ကျိန်းသေအရိုက် ခံ ရ တော့ မည်။ ကျွန် တော့် တကိုယ်လုံး ဇောချွေး ပြန်ရပြန် ပါပြီ။ မည်သို့မျှ ပြန်တပ်၍ မရ တော့ပါ။ ပစ္စည်းတွေကို နာရီ ထဲသို့ ဖြစ်သလို ပြန်ထည့်ပြီး အ ဖုံးပြန်ပိတ်၍ မသိမသာ ပြန် ထားလိုက်ဘို့ ကြိုးစားပြန်တော့ လည်း အဖုံးကိုပင် ပိတ်၍မရပါ။ ဖြစ် နိုင် လျှင် အိမ် သာ နောက် ပေါက် က သာ ထွက် ပြေး ချင် စိတ် ပေါက်နေပါသည်။

နောက် ဆုံး တော့ ကျွန် တော်သည် အမှန်ကိုဝန်ခံဘို့ ဆုံး ဖြတ်လိုက်ပါတော့သည်။ နောင် တလည်း အကြီးအကျယ် ရမိပါ သည်။

ဖေဖေရိုက်လည်း ခံပါတော့ မည်။ မေမေဆူလည်း ခံပါတော့ မည်။ ကျွန်တော်မှာ အပြစ်ရှိခဲ့ ပြီကိုး။


## ခွေး နဲ့ ကြောင်

ဝုတ်ဝုတ်-ဝုတ်ဝုတ် ဘော်ဘီဟောင်၊
အိမ်နဘေးမှာ ကြောင်။
ကြောင်နာမည် မိမိနက်
သူချောင်းနေတယ် ကြွက်။
မိမိနက်က ကြွက်သုတ်သ[illegible]၊
အဲဒါ သူ့တာဝန်။
အလုပ်ခွင် ဘော်ဘီဖျက်၊
မိမိ ကြွက်ချောင်းပျက်။
နာနာနှက်မှ ဘော်ဘီကို၊
နောင်ခါ မှတ်အောင်ကို။
အို-အို-အို နေပါအုံး၊
တွေးကြည့်စမ်းပါအုံး။
မျက်လုံးကလေး တလ[illegible]
ရှင်းပြနေပါတယ်။
နှောင့်ရှက်တယ် ဟုတ်[illegible]
သူခိုးမှတ်လို့ပေါ့။
သူပြောတော့လည်း ဟုတ်သည်ပင်၊
အဲဒါ သူ့တာဝန်။
ဆင်ဆင်ခြင်ခြင် ဆုံးဖြတ်မှ၊
တရားနည်းလမ်းကျ။
ဘော်ဘီ ရှင်ပျပျ။ ။

ကြည်စိုး



R. 517



# ကျောက်စာ

ကျောက်သားပေါ်တွင် ထွင်းထုကာ ကျောက်ထက်အက္ခရာ တင်ထားသော စာကို ကျောက်စာဟု ခေါ်၏။ ရှေးမြန်မာဘုရင်များ လက်ထက်က စေတီပုထိုးတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ လယ်ယာမြေ လှူဒါန်းခြင်း စသည်တို့ကို ပြုလုပ်သော ကုသိုလ်ရှင်တို့သည် အလှူရှင်၏အကြောင်း၊ အလှူပစ္စည်းအကြောင်းနှင့် ဆုတောင်းစာ၊ ကျိန်စာတို့ကို ကျောက်စာ ရေးထိုးကာ မှတ်တမ်းတင်ခဲ့ကြသည်။

များစွာသော ကျောက်စာရေးထိုးသူများမှာ ရှင်ဘုရင်များပင်ဖြစ်ရာ ကျောက်စာတွင် ယင်းတို့၏ နန်းတက်ခုနှစ်၊ အစဉ်အဆက်မျိုးရိုးစသည်တို့ကို ထည့်သွင်းမှတ်တမ်းတင်လေ့ ရှိကြ၏။ သို့ဖြစ်ရာ ရာဇဝင်သမိုင်းတွင် မရှင်းလင်းသော အချက်များ ရှိပါက ကျောက်စာနှင့် ညှိနှိုင်းနိုင်ပေ၏။ ''ရာဇဝင်မသိ ကျောက်စာနှင့်ညှိ''ဟုပင် ဆိုစကား ရှိပေသည်။

ရှေးဟောင်း မြန်မာကျောက်စာများတွင် အရေအတွက် အများဆုံးနှင့် အထင်ရှားဆုံးမှာ ပုဂံကျောက်စာများပင် ဖြစ်၏။ ပုဂံကျောက်စာ တချပ်ဖြစ်သော ''မြစေတီကျောက်စာ''မှာ အလွန်ထင်ရှားလေသည်။

ရှေးအကျဆုံးသော မြန်မာစာ အရေးအသားကို ပုဂံကျောက်စာများတွင် တွေ့ရ၏။ ''မြန်မာစာပေအစ ပုဂံကျောက်စာက'' ဟူ၍ပင် ဆိုနိုင်ပေသည်။

မိုးဗွာ ဝင်းဧဗ



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးဟင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ [illegible] ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်ဆုံးက ရိုက်နှိပ်သည်။

အတွဲ-၅
အမှတ်-၂၂


# ရွှေသွေး ဂျာနယ်

၁၉၇၅ ခု၊ နယုန်လဆန်း ၂ ရက် (၂-၆-၇၅)

## ပါကြီးဒေါ်- ဖိုးကျော်

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-ဂယက်နီ






စနေနေ့တိုင်း ထုတ်ဝေသည်။



အိမ်ရှေ့ထွက်လာပြီး ဘောလုံးကိုပြစားနေစဉ်
အမယ် - ဖိုးကျော် ဘောလုံးက တယ်လှပါလား ဟေ့
ဟုတ်ကဲ့ ဟီဟိ
လေးလေး ဝယ်ပေး တာ
များမကြာမီ ကလေးများ ဝိုင်းလာကြလေ၏။
ဟယ်... ဘယ်လို ဘောလုံးလဲ ကွ
လှလိုက်တာဟာ
ငါကိုင် ကြည့် ချင်တယ် ကွ
မလိုပါဘူး — ငါ့ဘောလုံးကွ၊ မင်းတို့မှာ ဒါမျိုးရှိလား၊ ငါ-ဆိုလိုချင်ရင်ဈေး က-ဝယ်လိုက်တ သိလား။ မင်းတို့နဲ့ မတန်ပါဘူး၊ နဲနဲလေးတောင် မထိရဘူး
မင်း - သိပ်လောဘကြီးတဲ့ ကောင်ဘဲ၊ နို့ - မင်းကို မခေါ်ဘူး
မခေါ်ချင် နေပေါ့
အဲ... ဟယ်
အဲ
အဲ
ဖိုးကျော်သည် တယောက်တည်း ကစား၏။ သူတို့ သူ့ကို မနာလို ဖြစ်ကြမည်ဟု ယူဆ၏။
ဖိုးကျော်သည် ဘောလုံးကို တအားကန် လိုက်ရာ
ကြည့်ကွ
တယ်ဟုတ် ပါလား
လာ - သွားမယ် သူ့နဲ့မကစားဘူး
ဒီကောင် - သိပ် လောဘကြီး တယ်


ဘောလုံးသည် ကားလမ်းမဘက်သို့လိမ့်သွား၍
ဟာ
လမ်းပေါ်ရောက်သွားတော့မှာဘဲ
ဟော့ကောင် - ဘလှ - ဘောလုံးကို ဖမ်းထားလိုက် စမ်းပါ
လှမ်းအော်လိုက်သော်လည်း လမ်းနားမှာ ရပ်နေသော ဘလှက မသိချင်ဟန် ဆောင်နေသဖြင့်
ဘောလုံးသည် လမ်းမပေါ် ရောက်သွားပြီး မော်တော်ကားအောက် ဝင်သွားသောကြောင့်
ဖောင်း
ပေါက်သွားဗျို
ကျနော့် ဘောလုံး ကွဲသွားပြီ
ဟီး ဟီး
ဟီး ဟီး
ဟီး ဟီး
အဲဒါ — မင်း တယောက်ထဲ လောဘကြီးတဲ့ ဒဏ်ပဲ
ကောင်းတယ်
နောက်ဆုံးတွင် ဖိုးကျော်သည် အိမ်သို့ပြန်သွားပြီး သူ့ဦးလေးအား ဤသို့ ပြောပြလေသည်။
........ အဲဒီလို လိမ့်သွားတာဘဲ။ ဒါပေမယ့် ဘလှ - က ဖမ်းမပေးလို့ ဟီး ဟီး ဟီး
အေး ..... အဲဒါ - မင်း အပြစ်ဘဲ၊ သူတို့ပြောတာ မှန်တယ်..... မင်းက သိပ် လောဘကြီးတာကိုး ကွ၊ မင့်ဘောလုံးကို - နဲနဲမှ - မထိရဘူး ဆိုတော့ - သူတို့က အသာ ကြည့်နေလိုက်တာပေါ့ .....
ကျနော် နောက်ကို လောဘ - မကြီးတော့ဘူး


....မင်းက - လောဘလဲ ကြီးတယ်၊ ကြွားလဲ ကြွားချင်တယ်။ — ။ ဆိုးတာက - ဘောလုံး ဆိုတာ - တယောက်ထဲ ကစား လို့မရဘူး - သူအများနဲ့ ပျော်ပျော်ပါးပါး ကစားရတယ်။ ခု - မင်း မရှက်ဘူးလား ...... သူတို့က - မင်းကို - လောဘကြီးတယ် - ပြောပြီး ဘယ်တော့မှ - မင်းနဲ့ - ကစားကြတော့မှာ မဟုတ်ဘူး ....
ထိုအခါ ဖိုးကျော်သည် အလွန်စိုးရိမ်သွားသည်။ ဝမ်းနည်းပက်လက် ငိုလိုက်ပြီး
နောက်ကို ဘယ်တော့မှ လောဘ ကြီးတော့ ပါဘူး။ ကြွားလဲ မကြွား တော့ပါဘူး
နောက်နေ့တွင် သူ၏ ဦးလေးသည် ဖိုးကျော်အား ဈေးသို့ခေါ်သွားပြီး ဘောလုံးဝယ်ပေးပြန်သည်။
ညနေစောင်း ကစားချိန်ရောက်သော်....
အလှရေ
စောအောင်ရေ
သန်းတင်ရေ
ဖိုးမောင်ရေ
တင်ညွန့်ရေ~
ဘောလုံး ကစား ရအောင်
သူတို့အားလုံး ပျော်ရွှင်စွာ ကစားကြလေသည်။
လမ်းဘက် လိမ့်မသွားအောင် သတိထားကြကွ
ထိုအခါ မှစ၍ မည်သူကမျှ ဖိုးကျော်ကို လောဘကြီးသည် ဟု - မပြောကြ တော့ချေ........ ဖိုးကျော် လည်း ကျေနပ် ပျော်ရွှင်စွာ ရှိလေတော့ သတည်း။


ကာတွန်း
ဖား
နှင့်
မြွေ
တခါတုန်းက တောစပ် ရေအိုင်ကလေးတခု မှာ ဖားကလေးတကောင် နေထိုင်တယ်။
အုံအွမ်!
တနေ့တော့ ဖားကလေးဟာ ပျင်းပျင်းရှိတာ နဲ့ ရေအိုင်ရဲ့ ပတ်ဝန်းကျင်မှာ လမ်းလျှောက် နေသတဲ့။
လမ်းလျှောက် တယ်-ဆိုတာက ကျန်းမာရေး လေ့ကျင့်ခန်း တမျိုးဘဲဗျ
ဟောဒီလို ခုန်ပေါက်ပြေးလွှားယင် ပိုပြီး ကျန်းမာ သန်စွမ်း တယ် ခင်ဗျ -
ပြီးတော့ အုန့်!
ဗုဒ္ဓေါ!
ကြည့်စမ်း တော်တော် ဆော့တဲ့ ငနာလေး ကဲ-ခု ဘာတတ်နိုင်သေးလဲ-
အမလေး မြွေကြီး-


ကျနော် ခုန်ပေါက်ပြီး လမ်းလျှောက်လာမိလို့ ခင်ဗျားကို မမြင်မိတာပါ တောင်းပန်ပါတယ်- ကျနော့်ကို လွှတ်ပါနော် —
ဟာ- ဘယ်ဖြစ်မလဲ ဖါး ဆိုတာ ဒို့မြွေ ရဲ့ အစာဘဲ- မင်းကို လွှတ်လိုက်ယင် ငါ သိက္ခာကျ သွားမှာပေါ့-
ကျနော့် အသက်ကို ချမ်းသာပေးပါဗျာ တနေ့ကျယင် ခင်ဗျားကို ကျေးဇူးဆပ် ပါ့မယ် —
ဒှဲ- ဒှဲ- ဒှဲ- ဒီအပေါက်မျိုးက ဦးနေပြီဟ- ငါ့ကိုလာ ပတ်မနေ နဲ့ မင့်ကို စားရမယ်—
မလုပ်ပါနဲ့ဗျာ ကျနော်တကယ်ပြောတာပါ ကျနော်တို့ ဖါးမျိုး ဆိုတာ ငြိုးသားတဲ့ အမျိုးပါတနော့ ကျ ကျေးဇူးပြန်ဆပ် မှာပါ
ကျေးဇူးဆပ်မယ် ဘာညာ ဆိုတာ မရေရာ တဲ့ အလုပ်ဘဲ- ငါကရော့ ပစ္စည်းများစွာနဲ့ ဂါးဘဲဟေ့ ကဲ- မင်း ငါ့ကိုဘာပေးနိုင်မလဲ ခုချက်ချင်းပေး၊ ပေးတဲ့ပစ္စည်း ငါကြိုက်ယင် ခုလွှတ်မယ်—


ကျနော့်မှာ လောလောဆယ်တော့
ပေးစရာ ပစ္စည်းမပါဘူး - ဒါပေမဲ့
ကျနော် ဟောဟို နားက ရေအိုင်မှာ
နေပါတယ် - အဲဒီကို လိုက်ခဲ့ပါ - အဲဒီ
ကျမှ - အပေါက်မရှိတဲ့ နေရာကို ဝင်နိုင်
ထွက်နိုင်တဲ့ ပညာကို ကျနော် သင်
ပေးပါ့မယ် -
အံမယ် - အပေါက်မရှိတဲ့
နေရာကို ဝင်နိုင်ထွက်နိုင်
တဲ့ ပညာ ဆိုပါလား ကောင်း
ပါလေ - ဒီပညာဟာ ငါ့လို
မြွေအတွက်တော့
သိပ် အသုံးဝင်တာပေါ့ - ငါ
လိုက်ခဲ့မယ် - ဟိုကျမှ သင်ပေး
ပေတော့ -
ကဲ မြွေကြီး - ငါနောက်က
လိုက်မယ် ထွက်ပြေး မယ်မကြံနဲ့
အသေဘဲမှတ်
စိတ်ချပါ
ဗျ
မကြာမီ
ကဲ - ရေအိုင် ရောက်ပြီ
ခင်ဗျား က ရေအိုင်ဘေးက
ကြည့်နေ - ကျနော်က အပေါက်မရှိတဲ့
နေရာကို ဝင်နိုင်
ထွက်နိုင်တဲ့
ပညာပြ
ပေးမယ် -
မြွေကြီး ရေ့ - ရေဆိုတာ
အပေါက်မရှိဘူး ဗျ - မှတ်ထား
အပေါက်မရှိတဲ့ နေရာကို
ဝင်နိုင်ထွက်နိုင်တာဟာ
ရေငုပ်တဲ့ ပညာပါဘဲ
အပေါက် မရှိတဲ့ နေရာ
ဝင်ချင်
ထွက်ချင်ရင်
ရေငုပ် သင်
ပေတော့ - ကျနော်
တော့ --
သွားပြီဗျို့
ဟောဗျ
ငါမစဉ်းစား
ယုံမိလို့
ခံရပြီ -



ရှဉ့်သွား။ ရှဉ့်သွားများသည် ကိုက်ဖြတ်ရန်သက်သက်ဖြစ်သည်။ ဆောက်သွား၊ ကတ်ကျေးကဲ့သို့ အစားအစာများကို ကိုက်ဖြတ်နိုင်သည်။ ကိုက်ဖြတ်သတ္တဝါများတွင် ရှဉ့်သွားများ မာကျောလှသည်။



သွားစွယ်။ ပါးစပ်၏ ထောင့် တဖက် တချက်တွင် သွားစွယ် တစုံစီ ရှိသည်။ အစာကို ဆုတ်ဖြဲရန် ဖြစ်သည်။ သားစား တိရစ္ဆာန်ရိုင်းများ၏ သွားစွယ်ကို မာန်စွယ်ဟု ခေါ်သည်။



စွယ်ရုံ။ စွယ်ရုံသည် အစာကို ဆုတ်ဖြဲရန်၊ ကြိတ်ရန် အတွက်ဖြစ်သည်။ သားစားသတ္တဝါများတွင် ခိုင်မာသော အစွယ်နှင့် စွယ်ရုံများ ရှိသည်။




အံသွား။ ပါးစပ်၏ နောက်ပိုင်းတွင်ရှိသော အံသွားများမှာ အစာများကို ကြိတ်ခွဲရန်ဖြစ်သည်။ သီးနှံပင်များကို စားသော တိရစ္ဆာန်များတွင် အံသွားကြီးများရှိသည်။

# သွား

ရဲမြင့် / ကျော်ကျော်

သွားများသည် အရိုးကဲ့သို့ မာကျောပြီး အထက်မေးရိုး အောက်မေးရိုးများပေါ်တွင် ပေါက်လျက် ရှိသည်။ အစာစားရန် သွားသည် အရေးပါသော အခန်းမှ ပါဝင်သည်။ တိရစ္ဆာန် အတော်များများတွင်သွား ပါကြသည်။







ငယ်သွားများကို အနက်ရောင်ဖြင့် ပြထားသည်။ ယင်းတို့၏ အပေါ်ဖက်ရှိ သွားများသည် နောင်အခါ အမြဲတမ်းဖြစ်မည့် ကြီးသွားများဖြစ်သည်။ ခြောက်နှစ်ခန့် အကြာတွင် ငယ်သွားများ ကျွတ်ထွက်ကုန်ပြီး ကြီးသွားများ အစားထိုး ပေါက်လာကြသည်။



ကျွန်ုပ်တို့ လူသားများသည် သီးနှံပင်နှင့် အသား နှစ်မျိုးစလုံးကို စားကြသဖြင့် ကိုက်ဖြတ်ရန်သွား၊ ဆုတ်ဖြဲရန်သွား၊ ကြိတ်ရန်သွား စသည်ဖြင့် လေးမျိုးစလုံးပါရှိသည်။ ကျန်တိရစ္ဆာန်များတွင် နှစ်မျိုးခန့်သာ ပါရှိကြသည်။


ကလေးငယ် မိခင်ဝမ်းမှကျွတ်၍ ခြောက်လခန့် ကြာလျှင် ရှေ့သွားများ ပေါက်လာသည်။ ကျန်သွားများသည် တနှစ်ခွဲမှ သုံးနှစ်အတွင်း ပေါက်လာကြသည်။



ယင်းကဲ့သို့ ငယ်ရွယ်စဉ်အပေါ်သွား၊ အောက်သွား၊ စုစုပေါင်း အချောင်း ၂၀ သာရှိသည်။ အပေါ် ၁၀ ချောင်း၊ အောက် ၁၀ ချောင်းဖြစ်သည်။ ယင်းသွားများမှာ ငယ်သွားများဖြစ်သည်။

ငယ်သွားများ၏နေရာတွင် ကြီးသွားများ အစားထိုးပြီးသောအခါ အပေါ်အောက် သွား ၂၀ ချောင်းဖြစ်လာသည်။ အသက် ၂၀ ဝန်းကျင်သို့ ရောက်သောအခါ အံဆုံးများ ပေါက်လာကြပြီး သွား စုစုပေါင်း ၃၂ ချောင်း ဖြစ်လာသည်။


### သွားများ ဆွေးတတ်ပုံ




ကြွတ်ဝါးစဉ် သွား၏မျက်နှာပြင်၌ ကွဲအက်သွားတတ်သည်။ ဤသို့ဖြင့် ယင်းသွားသည် ဆွေးစပြုလာပြီး သွားတချောင်းလုံး ဆွေးသွားတတ်သည်။



သွားနှစ်ချောင်း၏ အကြားတွင် အစာညပ်နေပြီး အစာဆွေးကာ သွားများလည်း ဆွေးစပြုတတ်သည်။ ထိုအခါ အသားနုတိုင်အောင် ထိခိုက်တတ်သည်။




ကျောက်ဖြစ်သွားချေးများကြောင့် သွားဖုံးကို ထိခိုက်ပြီး သွားဖုံး ဆုတ်တက်သွားနိုင်သည်။ ထိုအခါ ရောဂါဝင်လာပြီးသွားအတွင်းရှိ အသားမျှင်များကို ထိခိုက်နိုင်သည်။



ကျိုးနေသောသွားနေရာတွင် အစားပြန်မစိုက်မိသဖြင့် တတိယသွားသည် တဖက်ရှိသွားကို ယိုင်၍ထောက်နေပြီး သွားကြောများကို ထိခိုက်စေသည်။ ဤသို့ဖြင့် သွားနှစ်ချောင်းလုံး ဆွေးနိုင်သည်။


အပေါ်နှင့်အောက် အံမကျသော သွားများ



အစားအစာကို မျှ၍ စားလျှင် သွား ကြီး ရင့်ခိုင်မာရန် အထောက်အကူပြုသည်။



သွားကို မှန်မှန်တိုက်ဖို့ လိုသည်။ခြောက်လတကြိမ် ဆရာဝန်ထံ သွားရောက် ပြသင့်သည်။




ဆင်းတု
ရုပ်ပွားတော်
ဘိုးပွား၊ အောင်ကျော်နှင့် မေမေဦးတို့
နေကြသည်။
မကြာမီအချိန်တွင်
တွေ့ပြီလား - တွေ့ ပြီ. သစ်ခေါင်းထဲက တွေ့ပြီ -
သစ်ခေါင်းထဲ
မင်းတို့




သစ်ခေါင်းထဲကယူလာတဲ့ ဒီအရုပ်ဟာ သိပ်ဥရုပ်မဟုတ်ဘူး- ဘုရားရုပ်ဖြစ် ရမယ်- ပြောစမ်းပါဦး
ဒို့မလိမ်ပါ ဘူး- တကယ်ပါ
အောင်ကျော်မှာမကျေမနပ်နှင့် အရုပ်ကို ဖွင့်လိုက်ရာ- သုံးယောက်လုံး အံ့ဩထိတ် လန့်သွားကြ၏။
ကျောက်စိမ်းဆင်းတုရုပ်ပွားတော်ကြီး ပါလား- နို့ဘယ်လိုလုပ်ကြမှကောင်းမ လဲ
ထိုအခိုက်ချုံကွယ်မှလူတစ်ယောက်ပြေးထွက် လာပြီး အောင်ကျော့်လက်ထဲမှဆင်းတု တော်ကိုလုယူပြေးတော့၏။
ဝိုးပွားကလျင်မြန်စွာနိုင်မင် ထိုးချမ်း သော်လည်းမမီလိုက်ချေ။
ဟိုက်ကော-
ဝိုးပွားတော်တော်နာသွားလား - ဟင်
ဟော့အေး- နာပါဘူး- ပွတ်သွား တာသာနာတာပါ-


အောင်ကျော်နဲ့မောင်မောင်ဦး - မင်းတို့နှစ်ယောက်ကျောက်ခဲတွေကောက်ပြီး အမြန်လိုက်ခဲ့ရော့ -
မကြီးဓားနဲ့တော့ ချာတိတ်ရေ့ အေးအေးသာနေဦးတော့ -
တိုးပွားကအဆင်သင့်ပါလာသော လေးခွနှင့်ပျကြီး၏နောက်စေ့ကိုဆက်တိုက် ပစ်သွင်းတော့၏။
ပွဲပျော်ပြီးထွက်မပြေးနိုင်အောင် လက်ခေါက်တွေကိုပစ်သိုးထားမှ -
မကြာမီအချိန်တွင်ပျကြီးအချို့ရောက် လာကာကျောက်ဖိမ်းဆင်းတသျှိုး ကိုဖမ်းဆီးလိုက်ကြသည်။
သူတို့လိုမှောင်ခိုသမားတွေရှိနေလို့ - ဒို့ နိုင်ငံကအဖိုးတန်ရတနာတွေခိုးရှုံးနေ ရတာ - အသိစိတ်ဓါတ်ရှိပြီး ဂုဏ်ရွမ်းသတ္တိနဲ့ ပြည့်ရှုံ့တဲ့မင်းတို့လိုခလေးတွေ ဒို့နိုင်ငံမှာအများကြီး လိုအပ်တာပေါ့ကွာ -
ပြီး

# အတွေ့အကြုံ

တရံရောအခါ ခြင်္သေ့ကို တကြိမ်တခါမျှ မမြင်ဘူးသော မြေခွေးတကောင်ရှိလေသည်။ တနေ့သ၌ သူသည် ခြင်္သေ့တကောင်နှင့် ရင်ဆိုင် တွေ့ဆုံမိလေသည်။ ထိုအခါ သူသည်




လွန်စွာ ကြောက်ရွံ့လှသဖြင့် သေရအံ့သကဲ့သို့ ဖြစ်မိလေသည်။

ကာလ အတန်ကြာသော် သူသည် ထိုခြင်္သေ့ကိုပင် ဒုတိယအကြိမ် တွေ့မြင်ပြန်၏။ ထိုအကြိမ်တွင်လည်း သူသည် ကြောက်ရွံ့ခြင်း ဖြစ်မိ၏။ သို့ရာတွင် ပထမအကြိမ်လောက်ကား ကြောက်ရွံ့ခြင်း မပြင်းတော့ပေ။

ထို့နောက် သူသည် ခြင်္သေ့ကို တတိယအကြိမ် တွေ့ဆုံပြန်လေသည်။ သည်အကြိမ်၌ကား သူသည် လုံးဝ မကြောက်ရွံ့တော့ပြီ။ ထို့ကြောင့် သူသည် ခြင်္သေ့အနီးသို့ တိုးကပ်သွားကာ နှုတ်ခွန်းဆက်လေသည်။ ထို့နောက် ခြင်္သေ့နှင့် တသက်လုံး ပေါင်းသင်းဆက်ဆံလာသော မိတ်ဆွေရင်းချာပမာ ရင်းနှီးစွာ စကားပြောဆိုနေလေ၏။

ဥပဒေသ။ အတွေ့အကြုံသည် ရဲစိတ်ကို ဖြစ်စေသည်။




## မုံ့တိုကလေး

နို့ဆီခွက် တခွက်ကို ရာဗာပူဖောင်း အကွဲ (သို့မဟုတ်) စက္ကူပါး တခုဖြင့် ပုံ(က)အတိုင်း သားရေကြိုးဖြင့် ချည်ပါ။ ရာဗာပူဖောင်းကို လက်ဖြင့် တီးလျှင် သာယာသောအသံ ထွက်လာပါလိမ့်မည်။



# အနုပညာ ဆိုသည်မှာ

မောင်ဇွဲဝါ(ဟံဇာ)



ကျွန်တော့်သူငယ်ချင်းများသည် ကျွန်တော့်ကို မုန်းသွားကြသည်။ ကျွန်တော်ထွက်လာသည်ကို မြင်လျှင်ပဲ ခဲနှင့်ပေါက်သည့် လူကပေါက်၏။ ဆေးလိပ်တို့နှင့် ပေါက်သည့်လူက ပေါက်၏။ အချို့ကလေးများက ကျွန်တော့်ကို ဆဲရေးတိုင်းတာ ကြသေး၏။ ကျွန်တော်သည်အလုပ်ကို လုပ်မိသည်မှာ မှားသွားလေသလား ဟု ကျွန် တော် ထင်၏။ ဆရာ ဦး အောင် သန်း ကို ကြောက်၍သာ သည်အလုပ်ကို လုပ်ခဲ့ရ၏။ အ စ က တည်း က ကျွန်တော် မလုပ်ချင်ပါ။

အနုပညာဆိုသည်မှာ သိမ်မွေ့သည်ဟု ကြားဘူးပါသည်။ ခုတော့ ကျွန်တော့် အနုပညာသည် မသိမ်မွေ့ခဲ့ပါ။ ခဲ၊ ဆေးလိပ်တို၊ ဆဲရေးတိုင်းတာသံများနှင့်သာသိမ်မွေ့ခဲ့၏။ ကျွန်တော်လုပ်ချင်သည်က သည်ပြဇာတ်တွင် ပြဇာတ် မင်း သား အ ဖြစ် မ လုပ် ချင် ပါ။ ပ ရိ သတ် ၏ အသနားခံနေရာက နေချင်၏။ ခုတော့ ဆရာ ဦးအောင်သန်း၏ စေခိုင်းချက်အရ လူ ဆိုး ဗိုလ် ဗိုလ်မဲသီးအဖြစ် သရုပ်ဆောင်ရ ၏။ ရက် စက် ရ ၏။ ကြမ်းကြုတ်ရ၏။

ကျွန်တော်လည်း ပေးအပ်သော တာဝန်ကို ပိုင်ပိုင်နိုင်နိုင်သရုပ်ဆောင်၏။ သို့ပေမဲ့ ဆရာကြီး ဆုပေးမည့် အကောင်းဆုံး သရုပ်ဆောင်ဆုကို ကျွန်တော်ရမည် မထင်ပါ။ ကျွန်တော်က လူဆိုးဗိုလ် ဗိုလ်မဲသီး၊ ရခြင်းရလျှင် ပြဇာတ်မင်းသား လုပ်သည့် မောင်အောင်လွင် ရနိုင်၏။ ပြဇာတ်မင်းသား အဖေလုပ်သည့် မောင်ဖေသန်းလည်း ရနိုင်၏။ ကျွန်တော်ကလွဲလျှင် ကျန်တဲ့လူ အကုန်ရနိုင်၏။

သည် နေ့ ကျောင်း အုပ်ဆ ရာ ကြီး၏ အ ကောင်း ဆုံး သရုပ်ဆောင်ဆု ပေးမည့်နေ့မို့ "ပင်နီ" ခန်းမထဲ၌ ကျောင်းသား ကျောင်း သူ အား လုံး ရောက် ရှိ နေ ကြ ၏။ "ပင်နီ" ခန်းမထဲသို့ ကျွန်တော်ဝင်သွားလျှင်ပဲ "ဗိုလ်မဲသီး ကြွ ပါ ခင်ဗျား" ဟု ကျွန် တော် နှင့် တ တန်း တည်း သား သူ ငယ် ချင်း များ၏ ကျီ စယ် သံ ကို ကြားရတော့၏။ ကျွန်တော့် နာမည် "တိုးလွင်" က ယခုတော့ "ဗိုလ်မဲသီး" ဖြစ်လာ၏။ ကျွန်တော် ဝမ်းနည်းမိ၏၊ စိတ်တော့ မဆိုးပါ။

"သူတို့ငါ့ကို ကျီစားတာဘဲ ခွင့်လွှတ်ရမှာပေါ့"

ကျွန်တော့်စိတ်က သည်သို့ တမ်းတမိ၏။ ဆုပေးချိန်သည် နီးလာပေပြီ။ အချို့က မောင်အောင်လွင်ရမည်ဟု ဝေဖန်၏။ အချို့က မောင်ဖေသန်း ရမည်ဟု ထင်ကြေးပေး၏။

ဆရာကြီး ဦး အောင် သန်းက ပ ထ မ ဆုံး ကျေး ဇူး တင် စ ကား ပြော ကြား ၏။ ထို့နောက် ဆရာကြီး၏ အကောင်းဆုံးဆု ရသူကို ကြေညာပါမည်ဟု အခမ်းအနားမှူး ဆရာ ဦး သိန်း မောင် က ကြေ ညာ ၏။

ခန်းမတခုလုံး တိတ်ဆိတ်သွား၏။ အပ်ကျသံပင် ကြားရလိမ့်မည်ဟု ကျွန်တော်ထင်၏။

"မနေ့က အာစရိယ ပူဇော်ပွဲမှာ ကိုယ့်တပည့်တွေရဲ့ပြဇာတ်ကို ကြည့်ရတော့ ဆရာအတော်ဘဲ အားတက်မိတယ်။ ဂုဏ်လဲယူပါတယ်။ တပည့်တွေဟာ တကယ့်အနုပညာသည်ကြီးတွေ မဟုတ်ပေမဲ့ မင်းတို့ရဲ့ တတ်စွမ်းတဲ့ ပညာနဲ့ မင်းတို့လေးတွေရဲ့ တိမ်မြုပ်နေတဲ့ အနုပညာကို ဆရာဦးအောင်သန်းနဲ့ မင်းတို့လေးတွေ တင်ပြ သရုပ်ဆောင်ကြတာဟာ တကယ့်ဝါရင့် အနုပညာသည်ကြီးတွေ ကြည့်ရသလိုပါဘဲ။ ဒီပြဇာတ်မှာ အကောင်းဆုံး သရုပ်ဆောင်ဆုရသူက...."လူဆိုးဗိုလ် ဗိုလ်မဲသီး အဖြစ် သရုပ်ဆောင်တဲ့ ပဥ္စမတန်းမှ ကျောင်းသားမောင်တိုးလွင် ဖြစ်ပါတယ်"

ဆရာကြီးသည် ခေတ္တ နားလိုက်ပါသည်။ ခန်းမတခုလုံး လက်ခုပ်သံများ တသောသော ညံသွားပါသည်။ ကျွန်တော်၏ ဝမ်းသာမှုဟာ ပြောပြလို့မကုန်ပါဘူး။ ဆရာကြီးသည် ချောင်းတချက်ဟန့်လိုက်ပါသည်။လက်ခုပ်သံများလဲ ငြိမ်သွားပါသည်။

"ပြဇာတ်တခုကောင်းတယ်ဆိုတာ ပြဇာတ်မင်းသားကောင်းမှ ကောင်းတာမဟုတ်ဘူး၊ အားလုံးကောင်းမှပြဇာတ်တခုလုံး ကောင်းတာဖြစ်တယ်။ အနုပညာဆိုတာ မိမိကျလာတဲ့တာဝန်ကို အကောင်းဆုံးသရုပ်ဆောင်ဘို့ဖြစ်တယ်။ ဥပမာ – သနားခန်းကနေရယင် ပရိသတ်မျက်ရည်ကျ အောင်၊ သနားလာအောင် သရုပ်ဆောင်ရမယ်။ လူဆိုးခန်းက ဆိုယင်လဲ ပရိသတ်မုန်းအောင် သရုပ်ဆောင်မှ အနုပညာမှန်တယ်လို့ ဆိုနိုင်တယ်။ ဒါကြောင့် အကောင်းဆုံး သရုပ်ဆောင်ဆုကို လူဆိုး ဗိုလ် ဗိုလ်မဲသီး အဖြစ် သရုပ်ဆောင်တဲ့ မောင်တိုးလွင် ရတာဘဲ"

"ကဲ–မောင်တိုးလွင်၊ ဆုယူရန် စင်မြင့်ပေါ်ကို တက်ခဲ့ပါ"

ကျောင်းသားများ၏ ဒုတိယ အကြိမ်မြောက် လက်ခုပ်ဩဘာသံမှာ ပင်နီခန်းမ တခုလုံး သိမ့်သိမ့်တုန်သွားပါတော့သည်။

ကျွန်တော် စင်မြင့်ပေါ်မှ ဆင်းလာသောအခါ "ဗိုလ်မဲသီးကွ၊ ဗိုလ်မဲသီး" ဟု ကျောင်းသား ထု၏ အော်ဟစ် ကြွေးကြော် ချီးကျူးသံသည် မိုးထိလျှံသွားသည်ဟု ကျွန်တော့်စိတ်ထဲမှာ ထင်မိပါသည်။ ကျွန်တော့်ကို ဗိုလ်မဲသီးခေါ်၍ စိတ်မဆိုးတော့ပါ။ ဝမ်းမနည်းတော့ပါ။ ကျွန်တော့် အနုပညာ အတွက် ပီတိပင် ဖြစ်မိပါသေးသည်။ "အော် – အနုပညာ ဆိုတာ သည်လိုပါလား" ဟု ကျွန်တော် တမ်းတဂုဏ်ယူမိပါသည်။

× × ×

# မိုးဦးကျ

ဂျိုးဂျိမ့်ညံကာ
လျှပ်ရောင်လက်လို့၊
အနောက်တောင်ဘက်က
မိုးတွေဆင်။
မိုးရေချိုးယင် သတိထားကွဲ့၊
ရေချိုးမှားတော့ ဖျားသွေးဝင်။
မိုးရေထဲမှာ
လျှောက်ကာပြေးတော့၊
အအေးမိပြီး နှာစေးချင်။
လေတိုက်ထဲမှာ ကွေးကာအိပ်ယင်၊
ချွေးတိတ်ပြီးတော့၊
ညောင်းမှာပင်။
မိုးတွင်းမှာကွယ် ယင်တွေပွားလို့၊
ယင်နားစာတော့ ရောဂါကြဉ်။
မြောင်းပုပ်ရှုံအိုင်
ယင်မပွားအောင်၊
ကြိုးစားပြီးတော့ တူးဖို့ပြင်။
ရွာ့ဝန်းကျင်၊ ရပ်ဝန်းကျင်။ ။

သလ္လာ–လှသွေး



# ပေစာ

B. 517



ပေဆိုသည်မှာ ပေပင်၏အရွက်ကို ဆိုလိုသည်။ စာဆိုသည်မှာ အက္ခရာအရေးအသားဖြစ်သည်။ စာရေးနိုင်အောင် ပြုပြင်ထားသော ပေရွက်များပေါ်၌ ရေးသားထားသည့်စာကို ပေစာဟု ခေါ်သည်။

ပေရွက်ပေါ်၌သာမက ထန်းဖူး၊ ထန်းရွက်တို့၌လည်း ရေးသားကြ၏။ ယင်းတို့ကိုလည်း ပေစာဟုပင် ခေါ်လေသည်။ ပေစာအရေးအသားသည် မြန်မာနိုင်ငံသို့ အိန္ဒိယနိုင်ငံမှတဆင့် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ပေရွက်၊ ထန်းရွက်တို့ကို စာရေးနိုင်သည့်အခြေအနေရောက်အောင် ပြုပြင်ယူရသည်။ ပေစာရေးသားရာတွင် "ကညစ်တံ"ခေါ် သံချွန်တမျိုးဖြင့် ရေးသားရ၏။

ပေစာကို ထုပ်ပိုးသိမ်းဆည်းနိုင်ရန်အတွက် ပေကွက်၏ ဘေးတဖက်တချက်စီတွင် "ပလ္လင်ပေါက်" ခေါ် အပေါက်ကလေးများ ဖောက်ထားရ၏။ ယင်းပလ္လင်ပေါက်များအတွင်း "ပလင်တိုင်"ခေါ် ဝါးတိုင်ကလေးများသွင်းကာ ထိန်းထားပြီး "ကျမ်း"ခေါ် သစ်သားပြားဖြင့် အထက်အောက်ညှပ်၍ ထုပ်ပိုးသိမ်းဆည်းရလေသည်။

လေးဖက် လေးမျက်နှာ ရွှေချထားသော ပေကို "ရွှေမျဉ်းရွှေပိန်းချပေ"၊ အလျားလိုက် ဘေးနှစ်ဖက်ကိုသာ ရွှေချထားသောပေကို "ကြိုဆစ်ပေ"၊ ဟင်္သပြဒါးသုတ်ထားသောပေကို "မျဉ်းနီပေ"၊ ဘေးအစွန်းများကို ဆေးနက်သုတ်ထားသောပေကို "မျဉ်းနက်ပေ" ရိုးရိုးပေကို "ပေကြမ်း" စသည်ဖြင့် ခေါ်ဝေါ် သတ်မှတ်ထားကြသည်။



ပေ၏ စာမျက်နှာကို မှတ်သားရာတွင် ဂဏန်းကို မသုံးပဲ ဗျည်းနှင့် သရကို သံပေါက်တွဲကာ "က၊ ကာ၊ ကိ၊ ကီ" စသည်ဖြင့် အစဉ်အတိုင်း မှတ်သားရလေသည်။

မိုးဈာ ဝင်းဓေ

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၀ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


အတွဲ - ၅ အမှတ် - ၂၃

# ရွှေသွေး ဂျာနယ်

၁၃၃၅ ခု၊ နယုန်လဆန်း ၉ ရက် (၉-၆-၇၃)


## လျှပ်စစ်မီးသီးကလေး လင်းအောင်လုပ်သော ဘယ်သူလဲ?

မောင်လင်းယုန် (ရှမ်းပြည်)





စနေနေ့တိုင်း ထုတ်ဝေသည်



အလို - မီးသီးလေးက ငါ့ကို ပြုံးပြနေပါလား ထူးဆန်းလိုက်တာ။
လျှပ်စစ်မီးသီးလေး ဂျယ်၊ အလင်းရောင်ပေးဖို့ အင်အားကို မင်းဘယ်က ရတာလဲ - ဟင် - ဒါမှမဟုတ် ကိုယ့်အားအင်နဲ့ ကိုယ် အလင်းရောင်ထုတ်ပေး တာလား။
ကိုယ့်မှာ အားအင်ဆိုတာ မရှိပါဘူး ကျွန်ုပ်ကို ဟိုက ဓါတ်အိုင်ကြီးတွေက အားအင်တွေ ပို့ပေးလို့သာ လင်းနိုင်တာပေါ့။
ဪ - ဟုတ်လား - ဓါတ်အိုင်ကြီးဆီ သွားမေးအုံးမှကွာ။
ဓါတ်အိုင်ကြီး ဂျယ်၊ ခင်ဗျား တယ်ကြီး ဟုတ်ပါလား၊ လျှပ်စစ်မီးသီး တွေ လင်းနိုင်အောင် ခင်ဗျားက ဓါတ်အားတွေ လွှတ်ပေးတာဆို။
ဟား - ဟား - ဟုတ်တာပေါ့ - ဟုတ်တာပေါ့။ ဒါပေမဲ့ ငါကကို ဒီဓါတ်အားကို ကိုယ်တိုင် ထုတ်ပေးနိုင်တာ မဟုတ်ဘူးဟေ့၊ ဒီညီအစ် ကိုတွေ ဖြစ်တဲ့ ဓါတ်အိုင်ကြီးတွေ တဆင့် ပြီး တဆင့် ပို့လာတဲ့ ဓါတ်အား ကို၊ ပေါ်ဖြတ် လျှပ်စစ်ဓါတ်အားပေး စက်ရုံက ရတာပါ။
ကောင်းပါပြီ - ဒီဒီလေ ပြောတဲ့ ဓါတ်အားပေးစက်ရုံ ဆိုတာကို၊ ကျွန်တော်သွား မေးလို့ ရမလား။
ရပါတယ်ကွာ၊ ဒီညီအစ် ကို ဓါတ်အိုင်တွေက တဆင့်ပြီးတဆင့် မိုင်းကို လမ်းပြပေး ပါလိမ့်မယ်
ဒီလိုဆို - ကျွန်တော်သွား လိုက်ပါအုံးမယ် ကိုဓါတ်အိုင်ကြီး။


ဖိုးသိချင်ကလေးအား ဓါတ်တိုင်ကြီးများက အဆင့်ဆင့်လမ်းညွှန်ပေးကြသည်။
မြစ်ချောင်းများ၊ တောင်ကုန်းများ၊ လယ်ယာများ အဆင့်ဆင့် ဖြတ်ကျော်သွားကာ နောက်ဆုံးတွင် ဖိုးသိချင်ကလေးသည် ကယားပြည်နယ် လောပိတ ဓါတ်အားပေးစက်ရုံကြီးသို့ ရောက်သွားသည်။
စက်ရုံကြီးက သိပ်ကြီးတာပါလား။ ဓါတ်အားပေးစက်ကြီး
လာဟေ့ ကောင်ကလေး၊
ဒီလိုပါ ခင်ဗျာ၊ ဓါတ်တိုင်ကြီးတွေက တွေ့ပါ။ ဓါတ်အားကို ခင်ဗျားဆီက ရတာတဲ့၊ ဒီလို ဟုတ်ပါသလား။
ဟီး-ဟီး-ဟီး- ဟုတ်သမှ သိပ်ဟုတ်တာပေါ့။ မြန်မာနိုင်ငံတဝှမ်းလုံးက ဓါတ်တိုင်ကြီးတွေကို ဓါတ်အား လွှတ်ပေးနေတာ ကျုပ်ပေ ကိုယ်တိုင်ဟေ့ -
ဒီလိုဆိုတော့ ခင်ဗျားဟာ ဓါတ်အားတွေ ဒီလောက်တောင် ထုတ်ပေးနိုင်တာ၊ အင်မတန် ကြီးလွန်းလို့ပေါ့နော်။



အား-
အား-


ဖြိုးသိချင်လေးသည် ရှမ်းရိုးမပေါ်တွင် စီးဆင်းနေသော တောင်ပေါ်ချောင်းများထဲ ရောက်ရှိပြန်သည့် တောင်ပေါ်ချောင်းများ အားလုံးကိုဖြတ်၍ ချောင်းကြီးတစ်ချောင်းက အကျိုး ရှင်းလင်းပြောပြသည်။
အင်းလေးကန်ကိုရေဖြည့်ပေးနေရတာတော့ ဒီတောင်ပေါ်ချောင်းတွေကပါ၊ ဒါပေမဲ့ ဒီချောင်းတွေကိုမိုးရေတွေနဲ့ ပထမဆုံးဖြည့်လိုက်အောင် ဖြည့်ပေးတယ်ကွ၊
ဪ-ဪ- ခင်ဗျားတို့ ချောင်းတွေကရေအားလုံး မိုးရေကလာတာလား၊
ထို့နောက်
အေးပေါ့ကွ၊ ဟော ဟိုရှမ်းရိုးမတောင်ပေါ်ကို ကြည့်စမ်း၊ မိုးတိမ်တိုက်ကြီးတွေကိုတွေ့တယ်မဟုတ်လား၊ အဲဒီ တိမ်တိုက်မှာ ရေငွေ့တွေပါလာတယ်ကွ၊ ရှမ်းရိုးမတောင်ပေါ်က ဝဲလေအေးနဲ့တွေ့တော့ မိုးက ချတော့တာကိုး၊ အဲဒီလိုနဲ့ ဒီအတိုင်း မိုးရေတွေ ကျလာတော့တာပေါ့ကွ၊
ဒီလိုဆို မိုးတိမ်တိုက်ကြီးဆီ သွားဦးမှာကွ၊
မိုးတိမ်တိုက်ကြီး- မိုးတိမ်တိုက်ကြီး- ချောင်းကြီးတွေရေအား ကောင်းအောင် မိုးရွာ ပေးတာခင်ဗျားဆို၊
အေး ဟုတ်တယ်- ဒါပေမဲ့ မိုးရွာပေးနိုင်အောင် မိုးတိမ်တိုက်ဖြစ်အောင် လုပ်ပေးလိုက်တာကတော့ ... လိုက်ရင် မိုးတိမ်တိုက်ဆိုတာ ဖြစ်မလာနိုင်ဘူး၊



ဖိုးသံချွန်ကလေးသည် လှိုင်းတံပိုးများ ထခုန်နေသော မင်းလားထော်ပင်လယ်ပြင်သို့ ရောက်ကြ ပြန်သည်။
ပင်လယ်ပြင်ကြီး ခင်ဗျား၊ မိုးတိမ်တိုက်ကြီးတွေ ဖြစ်အောင် လုပ်ပေးတာ ခင်ဗျားဆို၊
အေး ငါပဲကွ - မိုးတိမ်တိုက်ကြီးဆိုတာ ငါ့ဆီက ထွက်သွားတဲ့ ရေငွေ့ခိုးကြီးတွေကွ၊
ဒါဆိုရင် ခင်ဗျားဟာ တကယ့်အစွမ်းကောင်းပါကလား တကယ်အားကိုးရတာဘဲနော်၊
ငါ့ကိုအားအကိုးကတော့ ကြီးပါတယ် ဒါပေမဲ့ တိမ်တိုက်ဖြစ်အောင် ငါ့ဟာငါ မလုပ်နိုင်ဘူးကွ၊
ဖိုးသံချွန်သည် မိုးတိမ်တိုက် တစ်ခုကို စီး၍ ကောင်းကင်သို့ တက်သွား၏။ နေမင်းထံသို့ ရောက်အောင်သွားနိုင်၏။ နေမင်းသည် ပြုံးလျှက်သည်။ ထို့ကြောင့် လမ်းတလျှောက် နေမင်းကြီးအား မေးလိုက်တော့သည်။
နေမင်းကြီး - နေမင်းကြီး - ပင်လယ်ရေပြင်က ရေတွေ အငွေ့ပျံပြီး၊ တိမ်တိုက်ဖြစ်အောင် လုပ်တာ ခင်ဗျားဆို၊
ဒီလိုဆိုရင် - ကျေးဇူးကြီးလှပေတာပဲ ခင်ဗျား၊
တကြောင်းတည်းပါကိုးလား၊ နေမင်းကြီးပေါ့ကွ၊ နေမင်းက အပူပေးလို့ ငါတို့ ပင်လယ်ပြင်က ရေတွေဟာ အငွေ့ပျံပြီး မိုးတိမ်တွေ ဖြစ်ကြရတာ၊



# နား

ရဲမြင့်
ကျော်ကျော်

နားကို အပြင်နား၊ အလယ်နား၊ အတွင်းနားဟူ၍ သုံးပိုင်း ပိုင်းထားသည်။ အပြင်နားသည် ကတော့ပုံသဏ္ဌာန်ရှိပြီး ကျဉ်း၍ရှည်သော ပြွန်တစ်ခုရှိသည်။ ထိုပြွန်သည် ဦးခေါင်းရိုးနှင့် ဆက်နေသည်။ အသံလှိုင်းသည် နားကတော့မှ ဝင်လာပြီးထိုပြွန်အတိုင်း နားစည်သို့ ရောက်လာသည်။ နားစည်ကို အလယ်နားဟု ခေါ်သည်။ နားစည်၏ အပြင်ဖက်တွင် အမြှေးပါးဖုံးလျက် ရှိသည်။




နားစည်မြှေး၏ထဲဖက်တွင် အရိုးငယ်ကလေးသုံးခု တွယ်လျက်ရှိသည်။ ထိုအရိုးကလေး သုံးခုမှာ ပုံသဏ္ဌာန်အားဖြင့် တူ၊ ပေ၊ နင်းကွင်းတို့နှင့် တူသည်။ အသံလှိုင်းများသည် နားစည် မြှေးပေါ်တွင် ရိုက်ခတ်ပြီး နားစည်မြှေးကို လှုပ်ရှားစေသည်။ ထိုအခါ တူသည်လည်း တုန် ခါလာ၍ တူက ပေကိုရိုက်ခတ်ပြန်သည်။ ပေ တုန်ခါသဖြင့် နင်းကွင်းလည်းတုန်ခါလာသည်။ ဤနည်းဖြင့် အပြင်နားကို ဖြတ်၍လာသော အသံလှိုင်းများသည် တူ၊ ပေ၊ နင်းကွင်းဟူသော အရိုးငယ်သုံးခု၏ အကူအညီဖြင့် နားတွင်းသို့ ရောက်လာသည်။






၁။ အပြင်နား။ ကတော့တွင်းသို့ လောင်းချလိုက်သော ရေများကို ကတော့ကခံယူသကဲ့သို့ အသံလှိုင်းများကို ခံယူသည်။ နားကို လက်ဖြင့် ကာလိုက်လျှင် အသံလှိုင်းများကို ပို၍ ခံယူနိုင်သဖြင့် ပို၍ကြားရသည်။



၂။ နားစည်။ အသံလှိုင်းများသည် နားပြွန်အတိုင်းဝင်လာပြီး နားစည်ကို သွားရောက် ရိုက်ခတ်လေသည်။ ဘင်ထုတံဖြင့် ဗုံကို တီးလိုက်သည့် အတိုင်းဖြစ်သည်။



၃။ တူ၊ ဓား၊ နင်းကွင်း။ ယင်း အရိုးချောင်းကလေးများသည် အသံလှိုင်းများကို ထေပြည့်လျက် ရှိသော အလယ်နားကိုဖြတ်၍ ပို့လွှတ်လိုက်သည်။ ကြေးနန်း ခလုတ်ဖြင့် ကြေးနန်းသတင်း ပို့သကဲ့သို့ ဖြစ်သည်။



အသံလှိုင်းများသည် နားတွင်း ပြွန်လိမ် အတွင်းသို့ ရောက်လာသောအခါ၊ ပြွန်လိမ် အလယ်ပိုင်းရှိ ရေအိတ်ကိုတိုက်ခတ်သည်၊ ရေအိတ်၏အောက်ခြေတွင် မွေးညှင်းစွန်း ဆဲများ စီတန်းလျက်ရှိနေသည်၊ ထိုမွေးညှင်းစွန်း ဆဲများသည် အာရုံကြောများမှတဆင့် ဦးနှောက်နှင့် ဆက်နေသည်၊ ရေအိတ်ထဲမှရေလှိုင်းတို့သည် မွေးညှင်းစွန်း ဆဲများကို ရိုက်ခတ်သဖြင့် မွေးညှင်းစွန်း ဆဲများတုန်ခါကြသည်၊ ထိုတုန်ခါမှုသည်အကြောများမှတဆင့် ဦးနှောက်သို့ ရောက်သွားကာ အသံကိုကြားလာရသည်။



၄။ နားတွင်း ပြွန်လိမ်။ ယင်း အတွင်းရှိ သေးငယ်သော မွေးညှင်းစွန်း ဆဲ ကလေးများက အသံနှင့် ဦးနှောက်ကို ဆက်သွယ်ပေးကြသည်၊ ကြေးနန်းခုံတွင်လိုရာ ကြေးနန်းကို ဆက်သွယ်ပေးသည်နှင့် တူသည်။




၅။ မွေးညှင်းစွန်း ဆဲ။ ယင်းတို့သည် အသံတခုစီ၏ အသံလှိုင်းများကို ခံယူပြီး ဦးနှောက် ကြောမှတဆင့် ဦးနှောက်သို့ ပို့ပေးသည်၊ ကြေးနန်းကြိုးတလျှောက် အသံသွားပုံအတိုင်းဖြစ်သည်။



ဖြူလေး
ဉာဏ်ကောင်း
သူ့ကို သူ့မိဘတွေက ကျောင်းမထားပေးကြလို့ တနေ့တော့
မေမေ၊ သားကို ခုထိဘာလို့ ကျောင်းမအပ်သေးတာလဲ သားကျောင်းတက်ချင်ပြီ
အိုကွယ်၊ သားတို့မေမေတို့မှာ ဆူးချွန်တွေနဲ့ဆိုတော့၊ ဘယ်သူမှ အနားကပ်ချင်ကြတာမဟုတ်ဘူးကွဲ့
ဟိုရှေးရှေးတုန်းက တကိုယ်လုံးမှာ ဆူးချွန်တွေနဲ့ ဖုံးလွှမ်းနေတဲ့ ဖြူလေးတကောင် ရှိသတဲ့။
ဘာဖြစ်လို့လဲ မေမေ
သူတို့ကို ဆူးတွေရှုးမှာ စိုးလို့ပေါ့ကွယ်၊ ဒီတော့ သားကျောင်းတက်ရင် သားကို ဘယ်သူမှ အပေါင်းအသင်းလုပ်မှာ မဟုတ်ဘူး
မေမေက သူ့သားလေး မျက်နှာငယ်မှာစိုးလို့ ကျောင်းမနေတို့ အတန်တန်တားပေမဲ့
သားကို ဘယ်သူမှ မခေါ်လဲ၊ သားတယောက်ထဲနေတတ်ပါတယ်၊ သားစာသိပ်တတ်ချင်တာဘဲ ဟင့်-ဟင့်
အေးလေ၊ သား ဒီလောက်စိတ်ပါနေရင်လဲ၊ မေမေ ဆရာမကိုပြောကြည့်ပါဦးမယ်
ပထမတော့ ဆရာမက ငြင်းသေးတယ်။ ဒါပေမဲ့ သူ့အမေက ငိုယိုပြီး တောင်းပန်တာနဲ့
အေးလေ၊ ရှင့်သားရဲ့ ဆူးချွန်တွေကြောင့် တခြားကျောင်းသားတွေကို အနှောင့်အယှက် မဖြစ်ဖူးဆိုရင် လက်ခံပါ့မယ်
ကျနော်၊ ငြိမ်ငြိမ်လေးနေမှာပါ
သူ့အမေ ပြောတဲ့အတိုင်းဘဲ ကျောင်းသားတွေ က သူ့ကို လိုလားပုံမရဘူး
ငါ့ကိုယ်က ဆူးတွေ မင်းတို့ကို ရှုးမှာစိုးလို့၊ ငါ့အစွန်မှာ ထိုင်ပါရစေကွာ
မလိုပါဘူး၊ မင်းဟာ မင်းအလယ်မှာထိုင်ပါ၊ အေး ဒို့ကို ရှုးရင်တော့ ဆရာမနဲ့ အတိုင်ဘဲ
ကြောင်


ဖြူလေးဟာ တမနက်လုံး လှုပ်တောင်မှမလှုပ်ရဲဘူး။ ကံဆိုးချင်တော့ နေ့လယ်မုန့်စားဆင်းချိန်မှာ အရှိန်နဲ့ပြေးလာတဲ့ ကျောင်းသားတဦးက သူ့ကို ဝင်တိုက်လိုက်တဲ့အခါ....
အမလေး၊ စူးတယ်ဗျ
အီး ဟီး ဟီး
ပိုသံကြားလို့ ဆရာမက အပြင်ထွက်ကြည့်တယ်။
အောင်မာ၊ ငါထင်တဲ့အတိုင်းပါကလား၊ မင်းနောက်တကြိမ် ဒီလိုဖြစ်ရင် မင်းကိုကျောင်းထုတ်ရမှာဘဲ
ဖြူလေးဟာ စာသင်ရတာတောင် စိတ်မဖြောင့်ရှာတော့ဘူး။ ဒါပေမဲ့ သူ့ဘေးမှာ ထိုင်တဲ့ကောင်လေးတွေဟာ အငြိမ်မနေတတ်တော့ သူ့ကိုကျော်ပြီး နောက်ပြောင်ရင်းက....
အား-စူးတယ်ဗျ
ဟင်
အီး-စူးတယ် ဟီး ဟီး
မင်းကိုဆက်ပြီးလက်ခံထားရင်၊ ငါ့ကျောင်းသားတွေ အားလုံးပြေးကုန်ကြတော့မှာဘဲ၊ ဒီတော့၊ မင်းနောက်ဖြင့် ကျောင်းလာဦး၊ မလိုတော့ဘူး
ဟုတ် ဟုတ်ကဲ့
ကျောင်းသားတွေက ဆရာမကိုသွားတိုင်ကြတယ်။
သနားစရာကောင်းတဲ့ ဖြူလေးဟာ လမ်းတလျှောက်လုံးငိုယိုပြီး အိမ်ကို ပြန်လာတယ်။
ဟင်း ဟင်း၊ ငါတော့ ဒီတသက် စာသင်ရမှာမဟုတ်တော့ဘူး
သူဟာ အပြန်လမ်းမှာရှိတဲ့ တောင်ကုန်းတခုပေါ် ရောက်တဲ့အခါ....
ဝုတ် ဝုတ်
အမလေး ခွေးကြီးဗျ


ဖြူလေးဟာ ခွေးကြီးလက်က ဘယ်လိုမှ ပြေးလို့ လွတ်ပုံမပေါ်တာနဲ့ အရဲစွန့်ပြီး တောင်ကုန်း ပေါ်က လှိမ့်ချလိုက်တယ်။
ဟိုက်
တောင်ခြေ ရောက်တဲ့အထိ အရှိန်မသေသေး တဲ့ ဖြူလေးဟာ အာလူးခင်းထဲရောက်အောင် ဆက်လှိမ့်သွားတယ်။
ဟင်း၊ ဟိုကောင် ဘယ်ရောက်သွား ပါလိမ့်
အား၊ အိုး
ခွေးကြီး သွားလောက်သင့်တော့မှ ဖြူလေးဟာ ငုတ်တုတ် ထထိုင်ရဲတော့တယ်။
အဲ ဟုတ်၊ ငါ့ကိုယ်က ဆူးချွန်တွေမှာ အာလူးတွေစူးပြီး ပါလာတာကိုး
ဖြူလေးဟာ သူ့ကိုယ်ကိုကြည့်ပြီး အကြံတခု ပေါ်လာတာနဲ့ သိပ်ဝမ်းသာသွားတယ်။
ဟာ၊ ဟုတ်ပြီကွ ငါကျောင်းနေ လို့ ရပြီဟေ့
နောက်နေ့နံနက်မှာ ကျောင်းတက်လာတဲ့ ဖြူ လေးကို ကြည့်ပြီး ဆရာမ အံ့ဩသွားတယ်။
ဟင်၊ မင်းကို မနေ့က ငါကျောင်းထုတ်ပြီး ပြီလေ
ဟုတ်ပါတယ် ဒါပေမဲ့၊ ကျွန်တော့် ဆူးတွေဟာ၊ နောက်ထပ် ဘယ်သူ့ကိုမှ ဒုက္ခမ ပေးနိုင်တော့ ပါဘူး
ဒီတော့မှ ဆရာမက သဘောပေါက်သွားပြီး ဖြူလေးကို သနားသွားတယ်။
ဟုတ်ပြီ၊ ဒီလိုဉာဏ်ကောင်းတဲ့ ကျောင်းသားတယောက်ကို လက်ခံဖို့ ဝန်မလေး ပါဘူး
ဟေ့ ဒို့အတွက် ထူးဆန်းတဲ့ သူငယ်ချင်းတ ယောက် ရပြီကွ
ပြီး

အီစွပ်ပုံပြင်များ

မင်းယုဝေ ပြန်ဆိုသည်။

## ကျေးဇူးမသိသောမြွေ

အလွန်အေးချမ်းသော ဆောင်းရာသီ အချိန်ဖြစ်သည်။ တနေ့သော အခါ လယ်သမားတယောက်သည် ဈေးမှ အိမ်သို့ ပြန်လာစဉ် လမ်း၌ မြွေတကောင်ကို တွေ့ရလေသည်။ မြွေသည် အအေးဒဏ်ကြောင့် မလှုပ်ရှားနိုင်ပဲ သေအံ့ဆဲဆဲ ဖြစ်နေသည်။

လယ်သမားသည် မြွေကို ကြင်နာ သနားသဖြင့် အိတ်တွင်း၌ထည့်လျက် အိမ်သို့ယူဆောင်သွားသည်။ အိမ်သို့ ရောက်သောအခါ မြွေကို မီးဖိုဘေး၌ ချထားကာ အနွေးဓာတ် ပေးထားသည်။ မြွေသည် အနွေးဓာတ် ရလာသောအခါ တဖြည်းဖြည်း လူးလွန့် လှုပ်ရှားလာသည်။

လယ်သမား၏ သားသမီးများသည် လူးလွန့်လှုပ်ရှားစ ပြုလာသော မြွေကို ဝမ်းသာအားရ ဝိုင်းဝန်း ကြည့်ရှုနေကြသည်။ သို့ကြည့်နေရာမှ ကလေးတယောက်သည် မြွေအနီး၌ ဒူးထောက်ထိုင်လျက် မြွေကို ယုယစွာ ပွတ်သပ်ပေးသည်။ ဤတွင် မြွေသည် ရုတ်တရက် ခေါင်းထောင်လိုက်ပြီး လျှင် ကလေးကို ပေါက်လိုက်လေသည်။ ထိုအခါ လယ်သမားသည် ပြေးလာပြီးလျှင် မြွေကို ပေါက်တူးဖြင့် ပေါက်သတ်လိုက်လေ၏။

ဥပဒေသ။ ။လူဆိုးသည် ကျေးဇူးမသိတတ်။





## တခုစီတန်ဖိုး ပြောစမ်းပါ

ဖိုးထူးသည် ဝါးပြွေတချောင်းနှင့်ခဲတံတချောင်းကို ၁ ကျပ် ၁၀ ပြားဖြင့် ဝယ်ခဲ့သည်။ ပြွေဖိုးသည် ခဲတံဖိုးထက် ၁ ကျပ် ပိုကျသည်။ ခဲတံနှင့် ပြွေတို့၏ တခုစီ တန်ဖိုးကို သင် ပြောနိုင်ပါသလား။

။ငွါလဖွစ်း၄ဂ၅ ၆ ငွါလးစွဲပ္ဂ၃

းဠဖွစ် ဧဂ၅ ၆ ၄၂ဴ၃ ၄ ငွါလးစွဲဂ္ဂ၁။ ။ဗြ၁ဧ



# စုပေါင်းစွမ်းအား

မောင်မောင်ဝင်း

မကြာမီ ကျွန်တော်တို့ကျောင်းတွင် ဆရာကန်တော့ပွဲ ပြုလုပ်မည် ဖြစ်ပါသည်။ ဆရာကန်တော့ပွဲတွင် ကျောင်းကပွဲနှင့် ဒိုးပတ်ပွဲများလည်း ပြုလုပ်ပါသည်။ ဆုများပေးပါသည်။

"သာဂီ"ဒိုးပတ်ဝိုင်းမှာ နာမည် အကျော်ကြားဆုံး ဖြစ်ပါသည်။ သာဂီ ဒိုးပတ်ဝိုင်းတွင် ကျွန်တော် ခေါင်းဆောင်ဖြစ်ပါသည်။ ဒိုးတီးဆရာဖြစ်ပါသည်။ ငယ်ထွေးက ပြွေမှုတ်သည်။ သော်ဇင်က လင်းကွင်းတီးသည်။ ချစ်တီး၊ တက်ပု၊ ခွေး၊ ဂဠုန်၊ တောက်တွန်းတို့ လူစုက ဝါးလိုက်သည်။ ဝံကျောက်ဒိုးက ကွေးအောင် ကသူဖြစ်ပါသည်။ ပြိုင်ပွဲတွင် နှစ်စဉ် ရွှေတံဆိပ်ဆု ရခဲ့ပါသည်။

ဆရာ ကန်တော့ပွဲမှာ နှစ်ပတ်ခန့်သာ လိုပါတော့သည်။ နေ့စဉ် ကျောင်းဆင်းလျှင် တီးလုံး တိုက်ကြပါသည်။ သီချင်းသစ် သံချပ်သစ်များ စပ်ကြပါသည်။ စီးချက်ဝါးချက် အဖြတ်အတောက် အချိတ်အဆက် ပီရိအောင် ကြိုးပမ်းကြ ပါသည်။ ဟန်ပန် အမူအရာများကိုလည်း လေ့ကျင့်ကြပါသည်။

"ငါ့ ကပဟန်ကိုတော့ ဘယ်သူမှ မရယ်ဘဲ နေနိုင်ကြမှာ မဟုတ်ဘူး။ ဟောဒီလို ပါးကလေးရွဲ့၊ မျက်စိတဖက် မှိတ်ပြီး ကြာပစ်လိုက်ယင် တဟားဟား ဖြစ်ကြမှာဘဲကွ"

ကျောက်ဒိုးက ပြောပြောဆိုဆို အမူအရာလုပ်ပြီး ဦးရွှေရိုးဟန်ဖြင့် ကပြပါသည်။ မှန်ပါသည်၊ ကျွန်တော်တို့အားလုံး ရယ်နေရပါသည်။

"ဒါကြောင့် ပရိသတ်က ငါ့ကို အကြိုက်ဆုံးလို့ ပြောကြ၊ အတော်ဆုံးလို့ ချီးကျူးကြတာကွ။ ဒို့တီးဝိုင်း ရွှေတံဆိပ်ရတာလဲ ငါ့အက ကောင်းလို့ ရတာဘဲ"ဟု ကျောက်ဒိုးက ကြွားပြောလိုက်ပါသည်။

ကျောက်ဒိုး စကားကြောင့် ကျွန်တော့်စိတ်ထဲတွင် မခံမရပ်နိုင် ဖြစ်မိပါသည်။

"ဘာကွ၊ မင်းကြောင့် ရွှေတံဆိပ်ရတယ်။ ဟုတ်မယ် အားကြီးဟုတ်မယ်။ ဒီတီးဝိုင်းမှာ ငါ ခေါင်းဆောင် ကောင်းလို့ကွ။ ပြီးတော့ ငါက ဒိုးပတ်ဆရာဆိုတော့ တီးဝိုင်းမှာ အချုပ်ဘဲ။ ဆုပေးတယ်ဆိုတာ ဒိုးပတ်တီးကောင်းလို့ကွ"ဟု ကျွန်တော်က ပြောပါသည်။ ကျောက်ဒိုးမှာ ကျွန်တော့် စကားကြောင့် ဒေါအလွန်ပွသွားပါသည်။

"အေး-မင်းကောင်းလို့လား ငါကောင်းလို့လား ဆိုတာ သိမယ်။ ငါ ဒီနှစ် မင်းတို့ဝိုင်းမှာ မကတော့ဘူး၊ ထွက်မယ်"

"မင်းမပါလဲနေပေါ့ကွ၊ မင်းသား အသစ်ရှာမယ်"

ကျွန်တော်က မခံချင်စွာဖြင့် ပြောလိုက်ပါသည်။

"မင်းတို့ နှစ်ယောက်လုံး ကိုယ့်ကိုယ်ကို သိပ် အထင်ကြီးကြတယ်။ ရွှေတံဆိပ် ရတာ အားလုံးကောင်းလို့ကွ၊ ညီညွတ်မှုရှိလို့ကွ။ ဒီလိုမညီညွတ်ဘူး ဆိုယင် ငါ မပါချင်တော့ဘူးကွာ" ဟု ငယ်ထွေးက ပြောသည်။

"အေး - ငယ်ထွေးပြောတာ ဟုတ်တယ်၊ ငါလဲ မပါချင်ဘူး" ဟု သော်ဇင်က ပြောသည်။

ဤ သို့ ဖြင့် ကျွန် တော် တို့ တီးဝိုင်းမှာ စိတ်ဝမ်းကွဲပြီး ပျက်သွားပါသည်။

ဆရာ ကန်တော့ပွဲမှာ ရက်သတ္တတပတ်ခန့်သာ လိုပါတော့သည်။ အခြား အတန်းများမှ ဒိုး ပတ် ဝိုင်း များ မှာ အ ပြိုင်အဆိုင် တီးလုံး တိုက်နေကြပါသည်။ ယခင်နှစ်က ဒုတိယဆု ရခဲ့သော "စိန်ဒိုးလေး"တီးဝိုင်းမှာ ရေပန်းအစားဆုံးဖြစ်နေပါသည်။

ဒီနှစ် ပါဝင် မယှဉ်ပြိုင်ရသဖြင့် ကျွန်တော့်စိတ်တွင် မရှိုးမရွ ဖြစ်နေပါသည်။ ကျွန်တော်တို့ ဒိုးပတ်ဝိုင်း ပျက်ရခြင်း အကြောင်းကို ဆရာ ဦးမြတ်တိုး သိသွားပါသည်။

ညနေ ကျောင်း ဆင်း ချိန်တွင် ဆရာ ဦးမြတ်တိုးက ကျွန်တော်တို့ အားလုံးကို ခေါ်ပါသည်။ ဒိုးပတ်တီးရန် ပစ္စည်းများကိုလည်း အဆင်သင့် ပြုလုပ်ခိုင်းပါသည်။

ဆရာ ဦးမြတ်တိုးက ဒိုးပတ်တီးခိုင်းပါသည်။ ဆရာ့စကားကို မတော်လွန်လိုသဖြင့် စိတ်မပါ့တပါဖြင့် တီးကြပါသည်။ တီးရင်း တဖြည်းဖြည်း စိတ်ပါလာကြပါသည်။ မြိုင်မြိုင် ဆိုင်ဆိုင် ဖြစ်လာပါသည်။ ကျောက်ဗိုးကလည်း ကွေးနေအောင် က ပါသည်။

"ကဲ-တပည့်တို့ခဏရပ်လိုက်ပါအုံး။ ဝါးတီးတဲ့ချစ်တီးတို့လူစုက ဝါးမလိုက်ဘဲနေ၊ ကျန်အားလုံး တီးကြည့်ကြစမ်း"

ဆရာ ဦးမြတ်တိုးက ပြောပါသည်။

ဝါးမပါပဲ တီးရသည်မှာ ခြောက်ကပ်ကပ် ဖြစ်နေပါသည်။ စီးဝါး မကိုက်တော့ပါ။

"ကဲ-မင်းတို့တီးဝိုင်းမှာ ဝါးမပါဘဲ နား ထောင် ကောင်း သလား"

မှန်ပါသည်။ ဝါးမပါသဖြင့် နားထောင်ရသည်မှာ ပေါ့ပျက်ပျက်ဖြစ်နေပါသည်။ ထို့နောက် ပြွေမပါပဲ တီးခိုင်းပါသည်။ ထို့နောက် လင်းကွင်းမပါပဲ တီးခိုင်းပါသည်။

ဒိုးပတ်ဝိုင်းတွင် တခုခုလိုနေလျှင် ဆားမပါသောဟင်း စားရသလို နားအရသာ မရှိပါ။

ကျွန်တော်တို့အားလုံး သဘောပေါက်ပါပြီ။ ဒိုးပတ်ဝိုင်း တခု ကောင်းခြင်းသည် တဦးကောင်း တယောက် ကောင်းကြောင့် မဟုတ်၊ အားလုံး စုပေါင်း အားကြောင့် ဖြစ်ပါသည်။ ငါသာလျှင် အတော်ဆုံး အတတ်ဆုံး ဟူသော အထင်အမြင်မှာ မှားယွင်းသောအယူအဆ ဖြစ်ပါသည်။ ကျွန်တော်တို့ စိတ်ဝမ်းမကွဲကြပဲ ညီညွတ်သော စုပေါင်းအားတက်မှုဖြင့်သာ ပထမရွှေတံဆိပ်ဆု ရနိုင်မည်ကို သဘောပေါက်ကြပြီ ဖြစ်ပါတော့သည်။

# ရွာထိပ်တန်တား

ရွာဦးထိပ်က ချောင်းဖြတ်
တန်တား၊
ကျိုးမှာကြောက်လို့ လူမသွား။

တန်တားကလေး ယိုင်နဲ့နဲ့၊
ချောင်းရေစီးနဲ့နှဲ့။

တယောက်တလှဲ့ ဝိုင်းလို့ကူ၊
ဒို့များတိုင်သစ်ထူ။


ပျက်လျှင်မှု ပြင်ခဏ၊
ဒို့များဝိုင်းလုပ်ကြ။

တအိမ်တယောက်ကျ
လုပ်အားပေး၊
ပြီးပေါ့ခဏလေး။

လုပ်အားပေးတဲ့ တန်တားခိုင်၊
နွားလှည်းမောင်းသွားနိုင်။

လဲမှာယိုင်မှာ ဒို့မကြောက်၊
သွားလာအခေါက်ခေါက်။ ။

မောင်မှိုင်းညို(သံလ



R. 517

# ပုရပိုက်



ပုရပိုက် ဟူသည်ကား ရှေးခေတ် မြန်မာစာရေး ကရိယာ တမျိုးပင် ဖြစ်၏။ အများအားဖြင့် ပုရပိုက်ကို စက္ကူဖြင့် ပြုလုပ်ကြသည်။ ရွှေ၊ ငွေ၊ ကြေးဝါ၊ ကြေးနီ၊ သားရေတို့ဖြင့်လည်းပြုလုပ်နိုင်၏။ ပုရပိုက်ချပ်များကို ထပ်၍တခုနှင့်တခု တွဲရာတွင် လက်ဆွဲဘာဂျာကဲ့သို့ တွဲရ၏။

ပုရပိုက်ဖြူနှင့် ပုရပိုက်နက် ဟူ၍ရှိရာ ပုရပိုက်ဖြူပေါ်တွင် စာရေးရာ၌ မင်(သို့မဟုတ်) မင်သေ့ဖြင့် ရေးရပြီး ပုရပိုက်နက်ပေါ်တွင် စာရေးရာ၌ ကန့်ကူဆံဖြင့် ရေးရသည်။ အများအားဖြင့် ပုရပိုက် စာတမျက်နှာတွင် စာကြောင်းရေ ၁၂ ကြောင်း ရှိသည်။

ပုရပိုက်ကို အမျိုးအစား ခွဲရာတွင် ရွက်လွှာ ၁ ရွက်ရှိလျှင် ယင်းကို လွှာချင်း တရေစီးဟု ခေါ်သည်။ ရွက်လွှာ ၂ ရွက်ရှိလျှင် အလွှာတလွှာ၊ ရွက်လွှာ ၃ ရွက်မှ ၅ ရွက်ထိရှိလျှင် လွှာထပ်ကလေး၊ ရွက်လွှာ ၆ ရွက်မှ ၁၁ ရွက်ထိရှိလျှင် လွှာထပ်ကြီး၊ ရွက်လွှာ ၁၂ မှ ၁၆ ရွက်ထိရှိလျှင် ဆူဝက် (တဆူ၏ တဝက်)၊ ရွက်လွှာ ၃၂ ရွက်ရှိလျှင် တဆူ၊ ရွက်လွှာ ၆၄ ရွက်ရှိလျှင် ဆူထပ် စသည်ဖြင့် ခေါ်ကြသည်။



ပုရပိုက်များ၏ အပေါ်ဖုံးကို ယွန်းထိုးခြင်း၊ သစ်စေးသုတ်ခြင်း၊ ဟင်္သပြဒါးသုတ်ခြင်း မှန်စီရွှေချခြင်း စသည်ဖြင့်လှပ ခန့်ညားအောင်ပြုလုပ်ကြသည်။

မိုးဋ္ဌာ ဝင်းဇေ


၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၂၄။

# ရွှေသွေး ဂျာနယ်


၁၃၃၅ ခု၊ နယုန်လဆုတ် ၁ ရက် (၁၆-၆-၇၃)



အေးချမ်းသာယာလှသောညောင်ပင်သာရွာကလေးတွင်ရိုးသားလှသောအလုပ်သမား၊ လယ်သမား၊ ရွာသူရွာသားများ နေထိုင်ကြလေသည်။ သူတို့၏ လုပ်အားခနှင့် ဝင်ငွေများကို အညွှန့်ခူးစားနေသော ဦးဘောဂ ဆိုသူလည်းရှိ၏။

စနေနေ့တိုင်း ထုတ်ဝေသည်။




တခါသော် ထိုရွာကလေးတွင် မိုးကြီးရွာပြီး သီးနှံများ ပျက်ကုန်သဖြင့် -
ချာတယ် - ချန်ဘုတ် သောက်ချင်ဘူး - - - - ဖန်မုံဘီ ချားဂျင်တယ်။ ဝါး - - - -
သားရယ် - ငိုပါနဲ့
ရွာသူရွာသားတို့မှာ ငတ်မွတ်ခေါင်းပါးခြင်း ဘေးဒုက္ခနှင့် ရင်ဆိုင်နေကြရတော့သည်။
- - - - - အကြွေးမရယင် အတိုးငွေ - ရမှာဖြစ်မယ်။ ငွေတိုးပါမရယင် တခုခုတော့ အမြတ်ထုတ်ရမှာဘဲ - - - - ဘယ်သူ့သေသေ ငတေမာယင်ဖြိုး တာဘဲ
သို့သော် ဦးဘောဂသည် ဒုက္ခရောက်နေသော ရွာသူရွာသားများထံမှ အကြွေးများကို တနည်းနည်းဖြင့် ရရှိရန်သာ တွေးနေသည်။
တနေ့တွင် မုဆိုးမကြီး ဒေါ်မဲအိမ်သို့ ရောက်လာ၏။
အော် - ဦးဘောဂ - ပါလား၊ ကြွပါ - ကြွပါ - - -
ထိုင်ပါအုံးလား။ ခရီးရောက် မဆိုက်ဘဲ ပြောရအုံးမယ်၊ သိတော်မူတဲ့အတိုင်းဘဲ - ဒီနှစ် - သီးနှံတွေကပျက်တော့ အကြွေးလေးတော့ - ခဏဆိုင်းပါအုံးနော် - ဟုတ်လား
သို့သော် ပြောသမျှကို ဂရုစိုက်နားမထောင်ပဲ
ဒီမှာ - ဒေါ်မဲ - ခင်များစိုက်ထားတဲ့ - ဗူးပင်ကြီးကတယ်သန်ပါလား
ဟုတ်ကဲ့
ဟော့ - တပည့်တို့ လာကြစမ်း
ဒီ ဗူးသီးတွေ အားလုံး ခူးယူခဲ့



အမေယ်လေး
အမေယ်လေး
ကျန်ပါဖြိုးတော့ ရက်စက်လှချီလား၊ ဒီ ဈေးသီးတွေ ရောင်းလိုရတဲ့ ငွေနဲ့ အလှူ လုပ်မလို့ ဟင့်
ဘာ ရက်စက် ရမှာလဲ---- သူ့ဈေးငွေတော့ ပြန်မဆုပ်ဘဲနဲ့
တဖန် ပန်းပုဆရာ ကိုပညာအိမ် သွားပြန်၍—
အမယ်-မင်း ထွင်း နေတဲ့ ပုံ တယ် ကော်ငြိ ပါလား မှန်းစမ်း၊ ဘယ်ညီရအောင်
ဒါနဲ့ - ဦးရယ် - ဆီးပွားရေး ကျပ်တည်းလို့ - ဦး အကြွေး တော့ ခေတ္တ ဆိုင်းထား ပါဦးနော်
သေး - ...
ဒီအရုပ်လေး -ငါ ယူသွားတော့မယ်၊ လက်ခဆောင်ပေါ့ကွယ်
ဟာဗျာ - ဒါတော့ မလုပ်ပါနဲ့ ။ မှာမြီးလုပ် ခိုင်းထား တာဗျ
ဘာ-ဟာ့ဗျာလဲ ငါ့ ကြွေးကိုတော့ ငွေတိုးတောင် မပေးဘဲနဲ့
ဖြိုးတော့- အဲဒါ ကျနော့် အကြိုက် ဆုံး လက်ရာ ဖြစ်နေလို့ပါ
ထိုနည်းအတိုင်း ပန်းပဲဆရာ ဦးခိုင်မာထံသွား၍ လက်ရာအကောင်းဆုံးဖြစ်သော ငှက်ကြီးတောင်ဓားကြီးကိုဍင်း—
လက်သမားဆရာ ဦးလက်ရာ၏ မြတ်နိုးလှသော မှန်ဘီဒိုကြီးကိုဍင်း၊
ထွီ- တော်တော် မတရားတဲ့လူ…
ရေထမ်းသမား ကိုသာအေးထံမှပင် သူမြတ်နိုးလှသော ကြက်ဖကြီးကိုဍင်း၊


ထိုကဲ့သို့ အမြတ်နိုးဆုံး ပစ္စည်းများကို အနိုင်ကျင့်သိမ်းယူသွားကြောင်း အရပ်ထဲ၌ ပြောကြသည်ကို မောင်စိတ္တဆိုသူ ကြားလျှင်
တောက်
တနေ့၌ ဦးဘောဂထံ ရောက်သွားပြီး-
ဦးရယ်-ဦး အကြွေးငွေကို မဆပ်နိုင်သေးလို့-ကျနော့် အနှစ်သက်ဆုံး ပစ္စည်းကို လက်ဆောင် အဖြစ်ပေး လိုပါတယ်
အေး-မင်း တယောက်ဘဲ အလိုက်သိတတ်တယ်-လက်ခံပါတယ်။ လက်ခံပါတယ်။ ယူခဲ့။ ယူခဲ့
သူနှစ်သက်ဆုံးသောပစ္စည်းမှာ လေးလံသဖြင့် ဘီးတပ်၍ ကြိုးဖြင့်ဆွဲခဲ့ရာ ဝင်းဝ၌-
သွား-သွား မလာနဲ့
နေပါအုံးမျ။ ခင်များတို့ သူဌေးကြီး-ဦးဘောဂ-ကယနေ့ ဆက်ဆက်လာပို့ပါဆိုလို့
သို့ဖြင့် ခွင့်ပြုလိုက်သောကြောင့် ဦးဘောဂကို ပေးလေသော်....
ဟိုက်-
ဟာ----
ထွက်သွား
ခုထွက် သွား
သို့သော် မောင်စိတ္တက လေအေးနှင့်ပင်
သူဌေးမင်းဟာ-ရွာသားတွေထံမှ-အကြွေးငွေ မရသေးယင်-သူတို့အကြိုက်ဆုံးပစ္စည်းကို-သိမ်းယူသွားတယ်လို့သိရပါတယ်။ ကျနော်လဲ ကြွေး မဆပ်နိုင်သေးတော့-ကျနော့် ခေါင်းလျှော်နေ့ထဲက-အကောင်းဆုံးလက်ရာကို လေးတာပါ။ ဒါကို မယူဘူးဆိုယင်-သူတို့ပစ္စည်း တွေကိုလဲ-မယူသင့်ပါဘူး
ဟင်း...... ဟုတ်ပေသားဘဲ
ကဲကွာ မင့်ဟာကြီးသာ မြန်မြန် မြန်ယူသွားစမ်းပါ။
သူတို့ ပစ္စည်းတွေလဲ ငါပြန်ပေး လိုက်တော့ မယ်
ဖြိုး



ကိုယ့်ရုပ် ကိုယ့်ရွာ
ရေးဆွဲသူ — ကာတွန်းမြေဇာ
တခါတုန်းက တောစပ်တနေရာမှ ကြက်မိသားစုတစု နေထိုင်ကြသတဲ့။
အဲဒီမှာ ကြက်တောဆိုတဲ့ ကြက်ကလေး တကောင်ဟာ တခြားကြက်တွေလိုမဟုတ်ဘူးတဲ့။
အလုပ်လုပ်ရတာ ပျင်းလိုက်တာ-အို အမေနဲ့အဖေ ရှာတာကိုအေးအေး ထိုင်စားတာ ကောင်းတယ်-
အနေအထိုင်ကအစ တမျိုးဆိုဘဲ။
မင်းတို့ ငါ့လိုခေတ်မှီအောင် နေကြကွ
ငါဟာ- ပဒိုတက်နိုင်ငံက- ကာတွေ့ရဲ့ ယဉ်ကျေးမှုကို ယူထားတာ- ကြည့်- လမ်းသွားတာကအစ ဘာသွား သွားနိုင်တဲ့အထိ တိုးတက်နေပြီ-ဟင်း ဟင်း
ဟောဒီ ဂီတဟာဆိုယင် ဘာနိုင်ငံမှာ အခုမှပေါ်ပြူလာဖြစ်တာပေါ့— အိုဘာလာဒီ-အိုဘလာဒါ-ဂက်-ဂက်




တနေ့တော့ ကြက်တောဟာ တစုံတရာကို သွားတွေးမိသတဲ့။
ငါတို့ကြက်နိုင်ငံမှာနေရတာ တယ်- ကြက်ဖြစ်ရတာဘဲ ဘဝနာတယ်- ဘဲနိုင်ငံ သွားနေရရင်ဘယ်လောက် ကောင်းမလဲ-
ပြောနေကြာတယ် ဘဲနိုင်ငံ ကိုလစ်မယ်
မကြာမီ
ကျနော့်ကို ခင်ဗျားတို့နိုင်ငံ မှာ နေခွင့်ပြုပါဗျာနော်
ကျနော်ဟာ ခင်ဗျားတို့လိုဘဲ လမ်းလျှောက်တတ်တယ်- သီချင်း ဆိုတတ်တယ်- က, တတ်တယ်- - -
မဆိုးဘူး
ကြိုက်ပြီကွာ- မင်းကို- ငါတယောက် သဘောကျတာနဲ့ဘဲ လက်ခံ လိုက်ပြီ မင်းကြိုက်သလိုနေပေတော့
ကြက်တောဟာ ဘဲနိုင်ငံကို ရောက်စကတော့ ပျော်သတဲ့။ ဒါပေမဲ့ သူဟာ ကြာရှည်မပျော် နိုင်ဘူး။
ဗုဒ္ဓေါ !


ငါဟာ ဘဲနိုင်ငံကိုရောက်ကတည်း
က ငါအလွန်ကြိုက်တဲ့ စပါးလုံးကို
မစားရဘူး - ဒီတီကောင်တွေဟာ
ကျိတ်မှိတ်စားနေရတယ်
ဟေ့ကောင် - ဘာစဉ်းစားနေတာလဲ
လာ - ရေသွားကူးမယ်
ဗျာ !
ကြက်ကလေးဟာ ရေမကူးတတ်ဘူးလို့ ပြောရမှာရှက်တော့ ခပ်တည်တည်နဲ့ ရေထဲခုန်ဆင်းလိုက်တယ်။
ကယ်ကြပါ ကယ်ကြပါ
အာ— ကြက်ရှုပ် !
အလကား ကောင်
ဒါနဲ့များ ဘဲနိုင်ငံ လာသေးတယ်
ငါ - ငါ - မှားပြီ
ကြက်ရှုပ်
တကယ်တော့ - ကိုယ့်ဒေသ ကိုယ့်ရပ်ဌာ ကိုယ့်ရဲ့ အသင့်တော်ဆုံးဘဲ ငါဟာ အမေကျော် ဒွေးဒေါ်လွမ်းတဲ့ ကောင်
နောက်ဆုံးတော့ ကြက်ကလေးဟာ နောင်တရပြီး သူ့ရွာကိုပြန်သွားရှာသတဲ့။ သူ့မိဘများက အတိုင်းထက် အလွန် ဝမ်းသာကြမှာပါပဲ။

# နှာခေါင်း ရဲ့မြင့် ကျော်ကျော်



နှာခေါင်းသည် အသက်ရှူရန်နှင့် အနံ့ခံရန် အစိတ်အပိုင်းတခု ဖြစ်သည်။ အသက်ရှူရန် ဆယ်ပုံကိုးပုံအသုံးဝင်ပြီး၊ အနံ့ခံရန် ဆယ်ပုံတစ်ပုံ အသုံးဝင်သည်ဟုဆိုသည်။ နှာခေါင်းကို အပြင်မှ ကြည့်လျှင် သာမန်ရိုးရိုးသာကိုယ်အင်္ဂါ အစိတ်အပိုင်းတခုဟု မြင်မည်။ သို့သော် အထဲတွင် အလွန်ရှုပ်ထွေး ဖွဲ့စည်းထားသည်။




ကျွန်ုပ်တို့ အသက်ရှူလိုက်သောအခါ လေသည် နှာခေါင်းပေါက်နှစ်ခုမှ ဝင်သွားသည်။ ယင်းနှာခေါင်းပေါက် နှစ်ခုကို အသားနုနှင့် အရိုးနုရောလျက်ရှိသော နံရံဖြင့် ခြားထားသည်။ ရှူသွင်းလိုက်သောလေသည် နှာခေါင်းပေါက်တလျှောက် ဝင်သွားပြီး၊ စာလုပ်၏ အပေါ်ပိုင်းတွင်ရှိသော အပေါက်မှ ထွက်လာကာ လည်ချောင်းတွင်းသို့ ရောက်လာသည်။ လည်ချောင်းတွင်းရှိ လေပိုက်အတိုင်း ဆက်ဝင်သွားပြီး အဆုတ်တွင်းသို့ ရောက်သွားသည်။


နှာခေါင်းပေါက်၏ အတွင်းပိုင်းတွင် စွတ်စိုနူးညံ့သော နှာမြှေးရှိသည်။ ယင်း နှာမြှေးပေါ်တွင် အမွေးများ ပေါက်လျက် ရှိသည်။ ယင်းအမွေးများက လေနှင့်အတူပါလာသော အညစ်အကြေး အမှိုက် စသည်များကို အဆုတ်တွင်းသို့ ပါမသွားအောင် တားဆီးပေးသည်။

နှာခေါင်းအတွင်းပိုင်း အပေါ်ဖက်တွင် အနံ့ခံ အာရုံကြောများရှိသည်။ ဦးနှောက်၏အရှေ့ပိုင်း အောက်မျက်နှာပြင်နှင့် ကပ်လျက် တည်ရှိသည်။ နှာစေးနေလျှင် အနံ့ခံ၍ မရနိုင်ခြင်းမှာ လေသည် ထိုနေရာသို့ မရောက်နိုင်ခြင်းကြောင့်ဖြစ်သည်။

နှာခေါင်းသည် မျက်နှာ၏အလှတွင် အရေးပါသော အစိတ်အပိုင်းတခု ဖြစ်သည်။



အသက် ရှူသွင်းစဉ် လေသည်နှာခေါင်းကိုဖြတ်၍ အဆုတ်သို့ တိုင်အောင် တိုက်ရိုက် တဆက်တည်း ဝင်သွားသည်။



အသက် ပြန်ရှူထုတ်စဉ် လေ အတော်များများသည် အပြင်သို့ ထွက်သွားကြသော်လည်း လေအချို့မှာ နှာခေါင်းထဲတွင်ကျန်ရစ်ခဲ့သည်။

# နှာခေါင်းသွေးယိုခြင်း



အကြောင်းအမျိုးမျိုးကြောင့် နှာခေါင်းမှ သွေးယိုခြင်း ဖြစ်တတ်သည်။ နှာခေါင်းအသားမျှင်များနှင့် ဆက်လျက် သွေးကြောများ ရှိနေသည်။ နှာခေါင်းအသားမျှင်များမှာ အလွန်နုနယ်သဖြင့် အလွယ်တကူ ကျိုးပြတ်နိုင်သည်။ နှာခေါင်းအတွင်း အရေပြားတွင် အနာဖြစ်ခြင်း၊ သွေးတိုးများခြင်း၊ ထိခိုက်မိခြင်း စသည်များကြောင့် နှာခေါင်းသွေးယိုခြင်း ဖြစ်တတ်သည်။

နှာခေါင်းသွေးယိုခြင်းကိုရပ်စေရန် နှာခေါင်းကို ငါးမိနစ်ခန့် ပိတ်ထားစေခြင်းဖြင့် သွေးယိုသော နေရာသည် အလိုအလျောက် ပိတ်သွားပေမည်။



နှာခေါင်းသွေးယိုသူ၏ ကုပ်ပိုးပေါ်တွင် အအေးဓာတ်ရှိသော ရေစိုအဝတ်ကို အုပ်ပေးခြင်းဖြင့်လည်း နှာခေါင်း သွေးယိုခြင်းကို ရပ်စေနိုင်သည်။



စက္ကူလိပ် သို့မဟုတ် အဝက်စလိပ်တခုကို အပေါ်နှုတ်ခမ်းနှင့် အပေါ်သွားဖုံးတို့၏ အကြားတွင် ထည့်ကာ အပြင်မှလက်ဖြင့် ဖိပေးထားလျှင်လည်း နှာခေါင်းသွေးယိုရပ်စေနိုင်သည်ဟုဆိုသည်။

အထက်ပါနည်းများဖြင့် နှာခေါင်းသွေးယိုခြင်းမရပ်လျှင် လူနာကို ဦးခေါင်းနောက်လှန်၍မှီထိုင်ထားစေပြီးနှာခေါင်းပေါ်တွင် အအေးဓာတ်ရှိသော ရေစိုအဝတ်ဖြင့် အုပ်ပေးပါ။





အလွန်ဆိုးရွားစွာ သွေးယိုနေသည်ဆိုလျှင် နှာခေါင်းကိုညှပ်တခုဖြင့် ပိတ်ထားပြီး ဆရာဝန်ကိုခေါ်၍ အကူအညီ တောင်းသင့် ပေသည်။


သိုးမဲလေး
သိန်းဒင်
တက္ကသိုလ်
တခါက သိုးကျောင်းသားလေးမောင်ထွေးဟာရွာပြင် စားကျက်တခုမှာ သိုးကျောင်းရင်းက အိပ်ပျော်သွားတယ်။
ဒီကောင် အိပ်နေတုန်းသူ့သိုး လေးကိုခိုးပြေးသွားမှဘဲ
အိပ်ရာမှ နိုးလာသော အခါတွင် ---
ဟာ ငါ့သိုးဖြူလေးတကောင် မတွေ့ပါလား လိုက်ရှာအုံးမှဘဲ ဒုက္ခပါဘဲ
ဟဲဟဲ ခုလို အိုးမဲတွေ ရေဖျော်ပြီး ဖြယ်လိုက် ယင် သိုးဖြူကနေ သိုးမဲဖြစ်သွား တာပေါ့.
ဟိုသိုးလေး ဟာငါ့သိုးလေးနဲ့ တူလိုက်တာ အကောင်သာ မတူ အသို့ ဦးဗာလ ဆေးဖုံးနဲ့စုတ်တဲ့ ကိုင်ထားမှ လား



ခင်ဗျား စုတ်တဲ့ခွေး ကိုင်ထားတာ ကျွန်တော်မြင်လိုက်သားဘဲ သူကြီး သွားတိုင်မယ် လာလိုက်ခဲ့
ရွာသူကြီးထံရောက်လျှင်
မှန်ပါ သူကြီးမင်း
ဟုတ်ကဲ့
မိုးသည်းထန်စွာ ရွာသွန်းလိုက်သောအခါ
ကဲ မင်းတို့ သိုးလေး ကိုလဲ လှည့်ကြည့် ကြပါအုံး
ဟိုက်! ဆေးတွေ ပျက်ကုန်ပြီ
ဟယ်


ဝင်းမြင့်၏
သရက်သီး
ပေါသော ရာသီ
ဖြစ်သဖြင့် နီနီတို့
အိမ်တွင် ထမင်းစားပြီးတိုင်း
သရက်သီးစားလေ့ရှိသည်။
သမီးရေ... ဒီသရက်သီး ပုပ်နေတယ် လွှင့်ပစ်လိုက်...
ဟုတ်ကဲ့ မေမေ...
အကြီးကြီးဘဲ လွှင့်ပစ်ရမှာနှမြောစရာ ငါစားပစ်လိုက်မယ်
ဤသို့ဖြင့် သရက်သီးအပုပ်ပါလေတိုင်း နှမြောစွာဖြင့် သူ့မေမေ မသိအောင် စားလေ၏။
နောက်ဆုံးတွင် ဗိုက်အရမ်းနာကာ --
ဝမ်းသွားသဖြင့် ဆေးရုံ တင်ရလေသည်။
ထိုအခါမှ နောင်တရလေ၏။
အင်း --- မနှမြောသင့်တာကို နှမြောမိလို့ အခုလို ခံနေရတာဘဲ



အီစွပ်ပုံပြင်များ-မင်းယုဝေပြန်ဆိုသည်။

# ကျီးနှင့်အစာ

တနေ့သ၌ အလွန်တရာ ဆာလောင်မွတ်သိပ်နေသော ကျီးတကောင်သည် နေရောင်အောက်ရှိ မြက်ခင်းပြင်၌ မြွေတကောင် အိပ်ပျော်နေသည်ကို တွေ့ရှိလေ၏။


ထိုအခါ သူသည် မြွေကို လူသူကင်းရှင်းသောနေရာတခုသို့ ယူဆောင်ကာ ကိုက်သတ်စားသောက်အံ့ဟု ကြံစည်၏။ သို့ကြံစည်သည့်အတိုင်းလည်း သူသည် မြွေကို ကုတ်ချီလိုက်လေသည်။ ဤတွင် မြွေသည် ငြိမ်ခံမနေပဲ ကျီးကို ပေါက်လိုက်လေ၏။

မြွေသည် အဆိပ်ပြင်းသော မြွေမျိုးဖြစ်ရာ ကျီးသည် ပြင်းထန်သော ဝေဒနာကို ခံစားရ၏။ ထိုဝေဒနာဖြင့် သေအံ့ဆဲဆဲ အခြေသို့ ရောက်တော့၏။

ဤတွင် ကျီးက ''အစက ငါသည် အစာကိုတွေ့သဖြင့် ကံကောင်းလှပြီဟူ၍ မှတ်ထင်ခဲ့သည်။ ယခုမူကား အစာသည်ပင် ငါ့အား ပျက်စီးခြင်းသို့ ရောက်စေခဲ့ပြီ။ ကံဆိုးခြင်းသို့ ဖြစ်စေခဲ့ပြီ''ဟူ၍ ညည်းတွား ပြောဆိုရှာလေသတည်း။

ဥပဒေသ။ ။အစားမတော် တလုတ်။

## ဘာစာတွေလဲ



# လက်သည်း ရှည်ရှည်

ရောင်ပေစုး



"သားရေ-ထမင်းစားတော့မယ်၊ တက်ခဲ့တော့"

ကျွန်တော်သည် အမေ၏ ခေါ်သံကြောင့် အိမ်အောက်တွင် ကစားနေရာမှ အိမ်ပေါ်သို့ ပြေးတက်ခဲ့ပါသည်။

မီးဖိုချောင်သို့ ရောက်သောအခါ လက်ဆေး၍ ထမင်းစားခုံတွင် ဝင်ထိုင်ကာ ဟင်းများကို အငမ်းမရ ကြည့်နေ၏။

ထိုနောက် ထမင်းနှင့် ဟင်းရည် နှံ့အောင်နယ်ကာ စားလိုက်မည်အပြုတွင် —

"ဟဲ့-- သား၊ မင်း လက် သဲတွေ ရှည်လှပြီဘဲ၊ ဘာဖြစ်လို့ မညှပ်သေးတာလဲ"

ကျွန် တော် တွန့် သွား ပါသည်။ အမေက ဂျီး (ချေး) များ ပြည့်နှက်နေသော ကျွန်တော်၏ လက်သည်းကိုကြည့်၍ ပြောလိုက်ပါသည်။ ကျွန်တော့်အဖို့ လက်သည်း ရှည်ခြင်းကို နှစ်သက်ပါသည်။ ထို့ကြောင့် —

"ဘယ်မှာ ရှည်သေးလို့လဲ အမေရ"

"ဘာ မရှည်သေးဘူး ဟုတ်လား၊ မင်းလက်သဲ မင်းပြန်ကြည့်ပါအုံး။ အေး—ထမင်းစားပြီးလို့မှ မညှပ်ယင် မင်းအဖေလာတော့ ငါတိုင်လိုက်မယ်"

"ဟာ—အမေကလဲဗျာ၊ညှပ်မှာပေါ့"

အဖေနှင့်တိုင်မည်ဟု ပြောသောကြောင့် ညှပ်ပါမည်ဟု မှသား သုံးလိုက်ရ၏။ စိတ်ကတော့ မပါလှ။

ထမင်း စားပြီးသော အခါ ငှက်ပျောသီးကိုင်၍ အိမ်ရှေ့ မီးတိုင်အောက်သို့ ကစားရန် ပြေးဆင်းခဲ့၏။ ရှစ်နာရီသံချောင်းခေါက်မှ ကစားသည်ကို ရပ်၍ အိမ်ပေါ်သို့ တက်ခဲ့၏။ ရောက်သော အခါတွင် စာမကျက်တော့ပဲ အိပ်ရာထဲသို့ တန်းဝင်ခဲ့၏။

"ဟဲ့သား၊ စာမကျက်ဘဲ အိပ်တော့မှာလား"

ကျွန်တော် အိပ်မည် အပြုတွင် အမေက လှမ်းမေးလိုက်ပါသည်။

"စာတွေအားလုံး ကျောင်းမှာပြီးသွားတယ်အမေ"

ကျွန် တော် ဆင် ခြေ ပေးလိုက်သောကြောင့် အမေက ဘာမျှ မပြောတော့ပါ။ ထို့နောက် ခေါင်းချရင်း မှိန်းနေစဉ်မနေ့ကရခဲ့သောခြေထောက် အနာက ယားလာ၍ တဖွဖွ ကုတ်ရင်း အိပ်ပျော် သွားပါတော့သည်။

သောကြာနေ့ နံနက်လင်းလေပြီ။ နိုးလာသည်နှင့် ခြေထောက်ရှိ အနာက စပ်နေ၏။

မျက်နှာ သစ်၍ ပြီးသော အခါ အမေခူးပေးသော ထမင်းကိုစား၍ ကျောင်းသို့ စောစောထွက်ခဲ့၏။

တရက်မှ တရက်သို့ ကူးပြောင်းခဲ့လေပြီ။ ယနေ့ ကြာသပတေးနေ့ဖြစ်၏။ ကျောင်း

တက်နေရင်း ဗိုက်အတွင်းမှ အလွန်နာလာ၍ ဆရာမထံ ခွင့်တောင်းကာ အိမ်သို့ ပြန်ခဲ့၏။ အိမ်သို့ရောက်သောအခါ အမေက ရှိစုမဲ့စု ဆေးများကို တိုက်သော်လည်း ဗိုက် နာ ခြင်း က မပျောက်ပေ။ ဆိုးသည်ကား ခြေထောက်ရှိ အနာက ရင်းနေခြင်းပင် တည်း။

ညဘက်သို့ ရောက်သောအခါတွင် အမေနှင့် လမ်းထိပ်ရှိ ဆေးတိုက်သို့ သွားပါသည်။ ဆေးတိုက်သို့ ရောက်သောအခါ ဆရာဝန်က ဗိုက်ကို နားကျပ်နှင့် စမ်းသပ်ကာ ဆေးတလုံး ထိုးပေးလိုက်ပါသည်။ အနာကိုလည်း ရေနွေးနှင့်ဆေး၍ ဆေးထည့်ပေးပါသည်။

"ဒီကလေး သံရှိတယ်နဲ့တူတယ်။ သံချဆေး အမြန်ဆုံး တိုက်ပေးပါ။ ဒီဆေးပြားကို တနေ့ သုံးကြိမ်တိုက်ပါ။ မနက်ဖန်လဲ လာခဲ့အုံးပေါ့"

"ဟုတ်ကဲ့ ဆရာ လာခဲ့ပါမယ်။ ကျွန်မကို သွားခွင့်ပြုပါအုံး"

အမေသည် ဆရာဝန်အား နှုတ်ဆက်ကာ ကျွန်တော့်ကိုချီ၍ အိမ်သို့ပြန်ခဲ့ပါသည်။

အိမ်သို့ရောက်၍ အိပ်ရာဝင်သောအခါ ဗိုက်နာ သက်သာသော်လည်း ခြေထောက်ရှိ အနာက ကိုက်နေပါသည်။ ထို့ကြောင့် အိပ်မပျော်ပဲ ဟိုတွေးသည်တွေး ဖြစ်နေတော့၏။

"ကလေးတို့ အတန်းထဲမှာ လက်သဲရှည်တဲ့ ကျောင်းသားတွေ ရှိသလားကွဲ့။ လက်သဲရှည် မထားကြနဲ့နော်။ လက်သဲရှည်တာဟာ မကောင်းဘူးကွဲ့။လက်သဲရှည်နဲ့ ထမင်းစားယင် လက်သဲထဲက ပိုးမွှားတွေ ဗိုက်ထဲရောက်ကုန်ပြီး သံကောင်တွေ တုတ်ကောင်တွေ ဖြစ်လာရော။ အေး–အဲဒီတော့ ဗိုက်ရောဂါတွေဖြစ်ကရော။ မြီးတော့အနာတွေကို အဲဒီလက်သဲတွေနဲ့ကုတ်ယင် အနာတွေရင်းလာပြီး နေမကောင်းဖြစ်တတ်တယ်ကွဲ့။အဲဒါကြောင့်လက်သဲရှည်ရှည် မထားကြနဲ့နော်"

ဆရာမ၏ ဆုံးမသြဝါဒများကို တွေးရင်း နားထဲတွင် ထပ်တလဲလဲ ကြား လာ ပါ သည်။ ဟုတ်ပါသည်။ ဆရာမ ပြောခဲ့သော စကားများမှာ အလွန်မှန်နေပါသည်။

ဆရာမ၏ ဆုံးမသြဝါဒများကို ဂရုမပြုမိ ခဲ့ သော ကြောင့် ကျွန်တော် ဖျားနာရခြင်းဖြစ်၏။ နောက်နောင်တွင် လက်သည်း ရှည်ရှည်လည်း မထားတော့၊ မိဘ ဆရာသမားတို့၏ ဆို ဆုံး မ ခြင်း ကို လည်း အ မြဲ မသွေ လိုက်နာပါတော့မည်ဟု စိတ်တွင်းမှ ဆုံးဖြတ်ရင်း ကျိတ်မှိတ်၍ အိပ်လိုက်ပါတော့သည်။

× × ×

# ကြောက်တယ်ဆိုတာ ရှက်စရာ

မဲမဲရယ်မှောင် ညသန်းခေါင်၊
ကင်းမဲ့အလင်းရောင်။

မျက်တောင်မမှေး မအိပ်သေး၊
ဟိုဟိုသည်သည်တွေး။

ဖွားဖွားလေးရဲ့ ရှေးပုံပြင်၊
ညီထွေးပြေးလို့မြင်။

ခုနေစဉ်များ မွေးဖွားဖွား၊
သရဲလာမလား။

ကြောက်အားပိုလို့ ခေါင်ကိုခြုံ၊
ဇောချွေးပြန် ရင်တုန်။

ကြောင်အခုန် မီးဖိုထဲ၊
"ဝုန်း ဒိုင်း"မြည်ယင်ဘဲ။

"သရဲ သရဲ" တကြော်ကြော်၊
ညီထွေးထလို့အော်။

အိပ်ပျော်သူတွေ အတင်းနိုး၊
မြီးတော့ရှက်စနိုး။ ။

ကျော်စမ်းမင်း(လှိုင်မြေ)





# ဒိုင်း၊ လွှား၊ ကာ

ဒိုင်း၊ လွှား၊ ကာတို့ကို စစ်ပွဲတွင် မြားနှင့် ခဲလုံးတို့၏အန္တရာယ်ကို ကွယ်ကာရန်အတွက် အသုံးပြုကြသည်။ သေနတ်လက်နက်များ မပေါ်မီက သုံးသော ပစ္စည်းသာ ဖြစ်၏။ သေနတ်၊ အမြောက်၊ မိုး စသော ဘေးရန်ကိုမူ မကာကွယ်နိုင်ပေ။ ဒိုင်း၊လွှား၊ ကာတို့ကို တုတ်တိုဖြင့် အသံမြည်အောင် ရိုက်နှက်၍ ဆင်၊ မြင်း ချောက်လှန့်ရာတွင်လည်း အသုံးပြုကြသည်။

ဒိုင်း၊ လွှား၊ ကာတို့သည် ရှေးခေတ် မြန်မာတို့၏ စစ်လက်နက် ကရိယာများ ဖြစ်၏။ ဒိုင်း၏ပုံသဏ္ဌာန်မှာ အဝိုင်းဖြစ်၍၊ လွှားနှင့် ကာမှာ လေးထောင့်ပုံသဏ္ဌာန် ဖြစ်လေသည်။

ဒိုင်း၊ လွှား၊ ကာတို့ကို စွဲကိုင်ကာ သိုင်းကသကဲ့သို့ က၍ ခုခံရသော အတတ်မျိုးကို ကာကဟုခေါ်၍၊ ကာကစဉ်တွင် သီဆိုရသော ဇာတိမာန်တေးကို ကာချင်းဟု ခေါ်သည်။



ရှေးမြန်မာ စစ်သည်များသည် လက်ျာဖက်တွင် ဓား၊ လှံ လက်နက်ကို စွဲကိုင်၍ လက်ဝဲဖက်တွင် ဒိုင်း၊ လွှား၊ ကာ တခုခုကို စွဲကိုင် ကြရလေသည်။

မိုးရှာ ဝင်းဇေ

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

အတွဲ ၅။ အမှတ် ၂၅။

# ရွှေသွေး ဂျာနယ်

၁၃၃၅ ခု၊ နယုန်လဆုတ် ၈ ရက် (၂၃-၆-၇၃)

နန်းစဉ်


## ပတ္တမြား

ပန်းချီ-ဦးဘကြည်

ဓါတ်လမ်း-ရန်အောင်




စနေနေ့တိုင်း ထုတ်ဝေသည်။



တိုင်းသူပြည်သား လူအပေါင်းတို့လေး ...... ဒိုး
ဓမ္မရင္ဟပြည် သုမနရာဇါ မင်းကြီး၏ - နန်းစဉ်ပတ္တမြား - ပျောက်သွားရာ......
ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်သူအား - ဆုတော် - လပ် တော်
ပေးသနားတော်မူမည်။ ဘုရင့် အမိန့်တော်.... ဒိုး ဒိုး ဒိုး ဟု ဟု ...
ထိုမောင်းသံတင်း ပေါ်လာပြီးနောက် သက်ရွယ်ကြီးရင့်ပြီဖြစ်၍ အငြိမ်းစားယူထားသော အမတ်ကြီးစိန္တာမလအိမ်၌ –
ဖိုးဖိုး - နန်းစဉ်ပတ္တမြား ဘယ်သူ ခိုးမယ် ထင်သလဲ ဟင်
နန်းတော်ထဲကို ဝင်ထွက်သွားလာနိုင်တဲ့ အရာရှိကြီး တယောက်ယောက်မှာ သာ-ခိုးနိုင်မှာ ပေါ့-မောင်ဉာဏ-ရဲ့
ပတ္တမြားရအောင် ကျွန်တော် ကြိုးစား ချင်တယ်
ဒီလိုဆိုယင် × × × × × × × × × × × × × × × × × × × × × ×
ဟုတ်ကဲ့
တနေ့တွင် အမတ်ကြီး ပညာမလ အိမ်သို့ မောင်ဉာဏ ရောက်သွားပြီး –
အမတ်မင်းထံ အဆုံးမ ခံရန် - ဖိုးဖိုး ကလွှတ် လိုက် ပါတယ်
အေး အေး ....
လောကမှာ - ပညာ မပါသူတို့ မြည့်ရုံ ဖြင်းဟာ - အကောင်း ဆုံး လို့-မှတ်ထား
ဟုတ် ကဲ့
နောက်တနေ့တွင် အမတ်ကြီး အာယုမလထံ၌
အမတ်ကြီးရဲ့ဩဝါဒ ခံရအောင် လာပါတယ်။
ကျန်းမာခြင်းသည် အကြီးဆုံး လပ် ကြီး လို့မှတ် - ထား လား
ဟုတ် ကဲ့


တဖန် အမတ်ကြီး သုခမလထံတွင်
ဖိုးဖိုးက- ဆုံးမဩဝါဒ ခံဘို့လွှတ်လိုက်ပါတယ်
စိတ်ချမ်းသာရတာ လောကမှာ အကောင်းဆုံးဘဲ
ထို့နောက် ဘောဂမလ အမတ်ကြီးထံ၌
စည်းစိမ်ဥစ္စာသည် လောကတွင် အမြတ်ဆုံး ဆိုတာ သိထားရမယ်
ထိုနေ့ညတွင် မြေးအဖိုးတို့ တိုင်ပင်ကြ၏။
နောက်တနေ့တွင် မောင်ဉာဏသည် ဘောဂ မလ အမတ်ကြီးထံ ပြန်လာပြီး —
အမတ်ကြီးထံမှာ အစေအပါးခံရင်း ဆုံးမဩဝါဒကို နာယူဖို့ လာတာပါ......
ဥစ္စာရွှေငွေဟာ အမွန်မြတ်ဆုံးလို့ မြဲမြဲမှတ်
ရက်များမကြာမီ မောင်ဉာဏသည် ရွှေခွက် ကြီးတခု ယူလာပြီးပေး၏။
ဘယ်က ရခဲ့တာလဲ
ခိုးလာခဲ့တာပါ
ဘယ်လိုဘဲရရ ပစ္စည်းရယင် ကောင်းတာဘဲ
တနေ့တွင်လည်း ပုလဲတကုံး ယူလာပြန်၏။
အမှုမပေါ်ဘို့ အရေးကြီးတယ်
အမတ်ကြီး နည်းပေးညွှန်ကြားတဲ့အတိုင်း လုပ်တာပါ


နောက်တခါတွင် မြလက်စွပ်တကွင်း ယူလာပြီး အမတ်ကြီးအား ပေးပြန်ရာ –
များများစားစား တခါထဲရယင် ကောင်းတယ်
ကျွန်တော် ကြိုးစားနေပါတယ်
တနေ့တွင် မောင်ဉာဏက တီးတိုးပြော၏။
ခုသေဒ္ဒါ - သူဌေးကြီးအိမ်ကို - ကျွန်တော်တို့ ခမြ တိုက်ဖို့ စီမံထားပါတယ်
တခြားလူတွေကိုကော ယုံရရဲ့လား
သွေးသားရင်းချာတွေပါ - ယုံရပါတယ်
ညကျယင် လူမသိအောင် ငါပြထားတဲ့ - မလွယ်ပေါက်က ဝင်ခဲ့။ ရော့ သော့ယူသွား
ထိုညဉ့် အမတ်ကြီးအိမ်ရှိ မြေအောက်ခန်းတွင် တွေ့ဆုံကြလေသော် –
ပြော်
ရောက်နေကြဖွကြီး ... ငါ ရှပ်ဖျက်ပေးမယ်၊ လိုက်ခဲ့
ဟုတ်ကဲ့
ကဲ - ရုပ်ဖျက် ဖြီးတော့ - ဘယ် ဆိုးလိုလဲ
ဟောဒီမှာ - လက်နက်တွေ ပုဆိုးခါးပုံတောင်ထဲ ဖွက်ယူသွားကြ ..... ဒါက - ကိုယ့်ခံ လက်ဖွဲ့တွေ ... လက်အောင်းမှာ ချည်သွားကြ ...


ဖြော်-နေကြာအုံး လိုသော်ရှိ-မလိုသော်ရှိ-အရေးကြုံယင်သုံးဘို့ဆေး။ ဒီဆေးတိုက်လိုက်ယင် တညလုံး သတိလစ်ပြီး အိပ်နေမှာဘဲ...
ကဲ-ကဲ သွားကြပေတော့
အောင်မြင်ကြပါစေ
ထိုခဏ၌ ထိုသူများက အမတ်ကြီးကို ဝိုင်းဖမ်း၍ ချုပ်လိုက်ကြလေသည်။
ဟဲ့ ဟဲ့
နန်းစဉ်ပတ္တမြားကြီး-ဘယ်မှာထားသလဲ
ငါ မပြောဘူး
ပတ္တမြားကို မပေးယင် သတ်ရလိမ့်မယ်
သတ်ချင်သတ် မပေးဘူး
ထို့ကြောင့် အမတ်ကြီးကို ကြိုးဖြင့် တုပ်နှောင်ထားကာ ပစ္စည်းလိုက်ရှာကြ၏။
တနေရာတွင် ကျွန်းသေတ္တာကြီးထဲ၌ မောင်ဉာဏပေးထားသော ရွှေခွက်၊ ပုလဲကုံး၊ လက်စွပ်နှင့် နန်းစဉ်ပတ္တမြားကိုပါ တွေ့ရလေ၏။
ဟော
ဟုတ်ပါပေါ့


နန်းစဉ်ပတ္တမြား နဲ့ တခြားပစ္စည်းတွေ ပြန်ရဖို့ လိုက်ရှာရတာ - အတော် အချိန်ကြာသွားတယ်
ကောင်း ကောင်းဘဲ
ရလို့ အချိန်မတော် - ပစ္စည်းတွေနဲ့ အပြင်မှာတွေ့ယင် မသင်္ကာစရာဖြစ် မှာပေါ့
အမတ်ကြီးကို - သူပေးတဲ့ အိပ်ဆေး တိုက်ခဲ့ရအောင်
အေး ကောင်း တယ်၊
ဒို့ ရုပ်ဖျက်ထားတာတွေ ပြန်ချွတ်ဖို့ အဆုံးရို့
သူ့အိပ် ရာပေါ် ထားခဲ့
နံနက် အရုဏ်တက်ချိန်ကျမှ သုံးယောက် သား ဇရမြွေရရ ထွက်သွားကြ၏။
ထိုနေ့၌ ရွှေနန်းတော် အတွင်းဆောင်တွင် -
မှန်းစမ်း: နန်းစဉ် ပတ္တမြား စစ်ရဲ့လားလို့
သေချာလှ ပါတယ်ဘုရား: အစစ်ပါ
လှလိုက်တာ - စွဲနေတာဘဲ
ဖိုးခဲကြီး ပါ
ရှတ်
ထို့နောက် ညီလာခံတွင်....
××× နန်းစဉ်ပတ္တမြား အမှန် ပင်ဖြစ်ပေသည်.... မောင်မင်းဘယ်ကရ ကြောင်း လျှောက်တင် လော့
မှန်လှပါ၊ အမတ်ကြီး ဘောဂဗလ အိမ်မှ ရှာဖွေ တွေ့ရှိခဲ့ရကြောင်း ပါဘုရား
အိမ်း ရိုင်းလိုက်လေ.... ......သယ်....... အမတ်ကြီး ဘောဂဗလ-ကို ယခုပင်လျှင် သွားရောက် ဖမ်းဆီး၍ ရှေ့တော်သို့ အမြန်သွင်းစေ.... မောင်မင်းများ


ဖမ်းဆီးရန် သွားသူတို့ အမတ်ကြီးအိမ်သို့ ရောက်သွားသော် –
အမယ်လေး - ဘုရင့်အမိန့်နဲ့ ဖမ်းမလို့ လာသတဲ့ အရုပ်ကတို့ရဲ့
အမတ်ကြီးက တော့ - ရင်ကွဲနာ ကျပြီး ကံတော်ကုန် နေပါပကော တော့ . . . .
အကျိုးအကြောင်း ပြန်လျှောက်တင်ရာ –
အိမ်း . . . . . .
သူ့ခေါင်းမှာက သူ့ကိုစီရင်တာ ဘဲ
အိမ်း
ဘုရင်ကြီးသည် မောင်ဥာဏဖက်သို့ လှည့်ကြည့်တော်မူပြီး –
ဒါနဲ့ - မောင်မင်းက ဘယ်သူတုံး လျှောက်တင်စမ်း
မှန်လှပါ – ဘုရားကျွန်တော်မျိုးသည် အငြိမ်းစား အမတ်ကြီး စိန္တာမလရဲ့ - မြေး - မောင်ဥာဏ - ဆိုသူပင် ဖြစ်ကြောင်း - သံတော်ဦး တင်ပါသည် ဘုရား
ဪ . . . . မျိုးရိုးအလိုက် တော်ပေသကိုး . . . . မောင်မင်းရဲ့ကြိုးစား မှုကြောင့် - နန်းစဉ် ပဇ္ဇာမြားပြန်ရတာဘဲ။ ဒီတော့ - ကြော်ငြာတော်ရ ထားတဲ့ အတိုင်း ဆုတော်လပ်တော်သနား တော်မူမည် . . . .
မောင်မင်းကို "ဥာဏမလ" ဘွဲ့ အပ်နှင်းပြီး - အမတ်ကြီး ရာထူးပါ ခန့်တော် မူမည် . . . .
အမိန့်တော်မြတ် အတိုင်းပါ ဘုရား
ပြီး








တခါက အယ်လ်ဂျီးရီးယားပြည်သည် အခြားတိုင်းပြည်တပြည်နှင့်စစ်ဖြစ်ခဲ့၏။ ရန်သူတို့က မြို့တော်ကို ဝိုင်းရံထားရာ လပေါင်းအတန်ကြာသောအခါ မြို့တွင်း၌ ရှိသမျှ ရိက္ခာများကုန်သွားသဖြင့် မြို့လူထုမှာ အိမ်မွေးတိရစ္ဆာန်များကို သတ်ဖြတ်စားသောက်ကြရလေသည်။

သို့ဖြင့် အခြေအနေဆိုးရွားလာရာ မြို့ဝန်က လူထုအား "ငါတို့မှာ ရိက္ခာမရှိတော့လို့ စစ်မတိုက်နိုင်တော့ဘူး။ ဒါကြောင့် ရန်သူကို မြို့ထဲဝင်ပြီး သိမ်းပါတော့လို့သာ တယောက်ယောက်က သတင်းပေးချေပါတော့" ဟုပြော၏။

ထိုစဉ် အသက် ၁၂ နှစ်အရွယ်ရှိ "နီလူဖာ" အမည်ရှိ သူငယ်မလေးသည် မြို့ဝန်ထံ ချဉ်းကပ်ရင်း "မြို့ဝန်မင်းရှင် တိရစ္ဆာန်တွေ အကုန် သေကုန်ပြီလား။ ကျမကို နွားကလေးတကောင်လောက် ရှာမပေးနိုင်ဘူးလား" ဟုမေး၏။

မြို့ဝန်က ရှာဖွေစေရာ၊ နောက်ဆုံးတွင် မသတ်ရက်သဖြင့် ကျန်နေသော နွားဖြူလေးတကောင် ရရှိလေသည်။ နီလူဖာက "ကျမ ဆန်နဲ့ပဲ နည်းနည်းစီ လိုချင်ပါတယ်" ဟု တောင်းပြန်၏။ မြို့ဝန်က ပိုက်စိတ်တိုက် ရှာဖွေစေရာ ဆန်အနည်းငယ်နှင့် ပဲစေ့အနည်းငယ် ရခဲ့သည်။ ထိုအခါ "ဆန်နဲ့ ပဲတော့ရခဲ့ပြီ။ ဘာလုပ်မလဲနီလူဖာ" ဟု မြို့ဝန်ကမေး၏။

"အဲဒါတွေကို နွားကလေး ကျွေးလိုက်ပါ" ဟုနီလူဖာက ပြန်ပြောရာ မြို့လူထုမှာ လှုပ်လှုပ်ရွရွဖြစ်သွားပြီး၊ "တမြို့လုံးမှာ စားစရာဆိုလို့ ဒါလေးဘဲရှိတာ၊ နွားကို မကျွေးနိုင်ဘူးဟေ့" ဟု ဆိုကြ၏။ ထိုအခါ နီလူဖာက "ရှင်တို့ ရန်သူလက်က လွတ်ချင်ကြတယ် မှုတ်လား။ လွတ်ချင်ယင် ချက်ချင်း ကျွေးလိုက်ပါ" ဟု ထပ်ပြောသဖြင့် မြို့လူထုသည် ဆန်နှင့်ပဲကို

နွားကလေးအား ကျွေးလိုက်ကြလေသည်။ ကျွေးပြီးသော် –

"မြို့တံခါးဖွင့်ပြီး နွားကလေးကို မြို့ပြင် လွှတ်လိုက်ပါ"ဟု နီလူဖာက ပြော၏။ လူထုက–

"အို - - ရန်သူတွေ ဖမ်းယူထားမှာပေါ့"

"ဟုတ်ပါတယ်။ ရန်သူတွေ ဖမ်းယူမှာပါဘဲ။ ဒါပေမဲ့ နက်ဖြန်မနက်ကျယင် ရန်သူတွေ ထွက်ခွာ သွားကြပါလိမ့်မယ်"

မြို့လူထုလည်း နွားကလေးကို မြို့ပြင်သို့ လွှတ်လိုက်ရာ မကြာမီပင် ရန်သူစစ်သားများ လာဖမ်းသွား၏။ ထိုညလွန်မြောက်၍ နံနက်ရောက်သော် ရန်သူများ ထွက်ခွာသွားကြသည်ကို မြို့လူထုတွေ့ကြရလေ၏။ ထိုအခါ –


"ဘယ်လိုလဲ နီလူဖာ၊ ရန်သူတွေ ဘာ့ကြောင့်ထွက်ခွာသွားကြတာလဲ။ငါတော့မစဉ်းစားတတ်တော့ဘူး" - ဟု မြို့ဝန်ကဆိုရာ၊ နီလူဖာက "မြို့ပြင်ကျေးရွာက လူတွေဆီ သွားပြီးမေးကြည့်ပါ"ဟုဆို၏။ သို့ဖြင့် မြို့ဝန်သည် ကျေးရွာသားတဦးကို ခေါ်၍ မေးကြည့်ရာ ကျေးရွာသားက ဤသို့ပြောပြလေသည်။ နွားကလေးကို ရန်သူတွေ တွေ့တဲ့အခါ "မြို့ထဲက လူတွေဟာ တို့လိုအငတ်ငတ်အပြတ်ပြတ် ဖြစ်မနေဘူးဘူး" လို့ သူတို့ပြောကြပါတယ်။ နောက်ပြီး နွားကလေးကို ဖမ်းယူပြီး သတ်ကြည့်တဲ့အခါ ဝမ်းပိုက်ထဲမှာ ဆန်နဲ့ ပဲကိုတွေ့ပြန်တော့ "ဟာ-တိရစ္ဆာန်ကိုတောင် ဝအောင် ကျွေးနိုင်သေးတာဘဲ သူတို့မှာ ရိက္ခာလုံးလုံး မပြတ်နိုင်ဘူး။ ဒီတော့ မြို့ထဲကို တို့ဘယ်တော့မှ ဝင်နိုင်မှာမဟုတ်ဘူးလို့ဆိုပြီး စိတ်ပျက်လက်ပျက်နဲ့ ဆုတ်ခွာသွားကြပါတယ် မြို့ဝန်မင်း"


ထိုအခါကျမှ ရဲရင့်၍ ပညာရှိသော နီလူဖာကို မြို့လူထုက ချီးကျူးကြလေသတည်း။








မင်းရည့်ရွှန်းတါက
ငါဘဲ… ငါဘဲ…
အံမယ်...တယ်ဟုတ်ပါလား ဘယ်သူဆိုတာပါလိမ့်
ဟာ.. အရူးကြီးဘဲ
ထွေးထွေးကိုခေါ်ပြအုံးမှ
ထွေးထွေးရေ...
ဒို့အိမ်ရှေ့မှာ
အရူးကြီးတယောက်ကွ
လာ..လာ..
ဒို့သွားစကြရအောင်




လိုက်မစနဲ့ကွာ
အဘကို ရှက်လို့ပါ..
အဘကိုကောင်းကောင်း
ကပြမယ်နော် ...
ဘာလဲ
ဘာရေး
လါမပေးနဲ့
လေနဲ့နဲ့လျှော့
ဟား ဟား
နောက်တနေ့ ...... ကျောင်းမှအပြန် ---
မနေ့က ဘရူး ကြီးလမ်းမှာ
တွေ့ခဲ့တယ် သွားစအုံးမလား
အေး ပျော်ဘို့
ကောင်းတယ်
သွားစရအောင်
ဘာပြောလဲ .. ခွေးကောင်
လူကို ဘာအောက်မေ့လဲ..
ကျွတ်
ပြေး ပြေး
မင်းတို့က သေတော့ရူးလို့
ခွဲယ် ...... စိတ်မနဲ့ တဲ့လူမှ
သွားစရတယ်လို့ --- သူတို့
စိတ်က ရူးမှန်တာ မှတ်ဘူး
ခုစိတ်ကောင်းပေမဲ့ တော်ကြာ
ဆိုးချင် ဆိုးလာတာ ... ဒါ..
ဆိုးလာတော့ ခုလို
ခံရတတ်တာပေါ့.


သည်းခံလွန်းလျှင်
ရေးဆွဲသူ၊ ကာတွန်းမြေ ဇာ
ဖိုးကြောင်ဟာ ဖိုးခွေးကိုသံကြိုးနှင့် ချည်ထားချိန် တိုင်း နောက်ပြောင်လေ့ရှိသည်။
ဟာ သံကြိုး ကြီးနဲ့ - ကျွတ်-ကျွတ်
မစ, ပါနဲ့ ကွာ -
စ, တယ်ကွာ ဟီး-ဟီး -
ဒါပေမဲ့ ဖိုးခွေးက ဖိုးကြောင်ကို ဗွေမယူဘူး။ တနေ့တော့ -
ဒီကြွက်ကလေး ဖိုးကြောင်ကို လက်ဆောင် ပေးမှ -
ဟာ-ဟာ ဟေ့- ငါ့အစာ ခွက်ကို--
စားတော့ ဘာဖြစ်လဲ အမြီးပြတ်ရဲ့ ပလပ်-ပလပ် -
မင်းက စေတနာကို တော်တော် မသိတဲ့ကောင်ကွ
အား!
စော်ကားလွန်းတော့ ဖိုးခွေးလဲ ဖိုးကြောင်အပေါ် ဆက်လက် သည်းမခံနိုင်တော့ဘူးပေါ့။

# မုဆိုးမနှင့် ကြက်မ


တရံရောအခါ ဆင်းရဲသူ မုဆိုးမတယောက်၌ ကြက်မတကောင်ရှိ၏။ ထိုကြက်မသည် မုဆိုးမ အတွက် တနေ့လျှင် ကြက်ဥတလုံး နေ့စဉ်အုပေး၏။



တနေ့တွင် မုဆိုးမက ''အကယ်၍ ငါသည် ကြက်မကို ကျွေးနေကျ အစာထက် နှစ်ဆတိုး၍ အစာကျွေးပါက အုနေကျ ကြက်ဥတလုံးမက နှစ်လုံးပို၍ အုပေးလိမ့်မည်'' ဟူ၍ လွဲမှားစွာ စဉ်းစား ဆင်ခြင်မိ၏။ သို့ဖြင့် သူသည် ကြက်မကို အစာနှစ်ဆ တိုးကျွေး၏။ ထိုအခါ ကြက်မသည် တဖြည်းဖြည်း ဝဖြိုး၍ ပျင်းရိလာကာ ကြက်ဥ တလုံးမျှ မအုနိုင် ရှိတော့၏။

ဥပဒေသ။ ဆင်ခြင်ဥာဏ်မရှိလျှင် အကျိုးမဲ့တတ်သည်။

## မည်သူ့လက်ရာနည်း



# ဖေဖေမနှမြောတတ်ပါ

ညွှန့်ညွှန့်ဝင်း




"သားရေ – ကိုအောင်၊ ဖေဖေ့အင်္ကျီချိတ်ထားတာ ဖြုတ်ယူခဲ့စမ်းပါကွယ်"

"ဟုတ်ကဲ့ ဖေဖေ"

ဖေဖေသည် ရုံးသွားရန် ပြင်ဆင် နေ ရင်း မှ ကျွန်တော့်ကို လှမ်းပြောလိုက်ပါသည်။ ကျွန်တော်လည်း အင်္ကျီချိတ်မှ ဖေဖေ့အင်္ကျီကို သွား၍ ဖြုတ်လိုက်ပါသည်။ အ င်္ကျီ အိတ် ထဲ တွင် ပိုက်ဆံအကြွေများကို တွေ့ရပါသည်။ ကျွန်တော်သည် ဖေဖေ့ကိုငှင်း၊ မေ မေ့ ကို ငှင်း လှမ်းကြည့် လိုက် ပါ သည်။ ဖေဖေသည် ကျွန်တော့်ကို ကျောခိုင်းနေသလို မေမေကလည်း မီးဖိုထဲတွင် အလုပ်ရှုပ်နေသဖြင့် ကျွန်တော့်ကို လှည့် ၍ ပင် မ ကြည့်အားပါ။ ထို့ကြောင့် ကျွန်တော်သည် ဖေဖေ့ အင်္ကျီ အိတ် ထဲ မှ မတ်စေ့တစေ့ကို နှိုက်ယူလိုက်ပြီး ကျွန် တော့် အင်္ကျီ အိတ် ထဲ သို့ က ပျာ က ယာ ထည့် လိုက် ပါ သည်။ ထို့နောက် ဣန္ဒြေမပျက်ပင် အင်္ကျီကို ဖေဖေထံသို့ သွားပေးလိုက်ပါသည်။

ဖေဖေရုံးသွားပြီး မ ကြာ မီ ကျွန်တော် ကျောင်း လာ ခဲ့ ပါ သည်။ ယနေ့ ကျွန်တော့်တွင် မေမေပေးသော မုံ့ဖိုး ၁၀ ပြား အပြင် ဖေဖေ့ အင်္ကျီအိတ်ထဲက ကျွန်တော်နှိုက်ယူခဲ့သော မတ်စေ့လည်း ရှိနေသဖြင့် ပီတိဖြစ်နေပါသည်။

ဖေဖေသည် ပိုက်ဆံ အလွန်နှမြောပါသည်။ နေ့စဉ် ကျောင်းမုံ့ဖိုး ၁၀ ပြားထက် ပိုမပေးပါ။ မေမေကလည်း "အိမ်ကလဲ ဝအောင်စားသွားတာဘဲ သားရယ်၊ ကျောင်းမှာ မတည့်တဲ့မုံ့တွေ ဝယ်မစားပါနဲ့နော်" ဟု အမြဲပြောပါသည်။

ကျွန်တော်တို့ အတန်းထဲမှ မင်းဇော်တို့ ကျော်ကျော်တို့ဆိုလျှင် တနေ့ မုံ့ဖိုး ပြား ၃၀ လောက် ပါ လာ ကြ သည်။ မုံ့အမျိုးမျိုးလည်း ဝယ်စားတတ်ကြပါသည်။ ကျွန်တော် သူတို့ကို အားကျ၍ မုံ့ဖိုး ပိုတောင်းလျှင် ဖေဖေရော မေမေကပါ မပေးကြပါ။

ထို့ကြောင့် "ဖေ ဖေ တို့ က သိပ်နှမြောတာဘဲ" ဟု တကိုယ်တည်း ပြောနေမိပါသည်။

ကျွန်တော်သည် ကျောင်းရောက်လျှင်ရောက်ချင်း ပါလာသောပိုက်ဆံ အကုန်ကို ပြောင်းဖူး၊ အသုပ်စုံ၊ ဆီးပြား စသည်တို့ ဝယ်စားလိုက်ပါသည်။

ည နေ ့ ကျောင်း ဆင်း ၍ လမ်းတဝက်လောက် အရောက်တွင် ဗိုက်ထဲမှ နာလာ၍ အိမ်သို့ ခပ်မြန်မြန် ပြန်လာခဲ့ပါသည်။ ထိုနေ့ညမှာပင် အ စား စုံ သွားသောကြောင့် ကျွန်တော် ဝမ်းသွားပါတော့သည်။

မေမေက ခြေ စမ်း ခေါင်းစမ်းလုပ်သလို ဖေဖေက "သားကျောင်းမှာ ဘာတွေဝယ်စားလဲ" ဟု မေးပါသည်။ ကျွန်တော့်အပြစ်နှင့် ကျွန် တော် မို့ ဘာမှ ပြန်မပြောမိပါ။

တညလုံး ကျွန်တော် ဝမ်းခဏခဏ သွားနေ၍ ကောင်း

ကောင်း အိပ်မရပါ။ နောက် တနေ့ နံနက်တွင် ကျွန်တော် ကျောင်း မတက်နိုင်တော့ပါ။ ဖေဖေက ဆရာဝန် ခေါ်ပါသည်။ ဆရာဝန်က ဆေးထိုးပေးပြီး စိုးရိမ်စရာမရှိကြောင်း ပြောသွားပါသည်။ ကျွန်တော်သည် မျက်တွင်း ဟောက်ပက်နှင့် အလွန် ပင်ပန်းနေပါသည်။

ကျွန်တော် ထမင်းမစားရသဖြင့် မေမေက ဆွတ်ပြုတ်လုပ်တိုက်ပါသည်။ ဖေဖေ ညနေရုံးမှပြန်လာသောအခါ ဆရာဝန်ညွှန်ကြားထားသော ဆေးပုလင်းများ၊ နို့မှုန့်ဗူးနှင့် ဘီစကွတ်မုန့်များ ဝယ်လာပါသည်။

ထိုအခါမှ ကျွန်တော်သည် ဖေဖေ မနေ့မြောတတ်ကြောင်း၊ ကျွန်တော်ရောဂါရမည် စိုး၍ သာ မုန့်ဘိုး နည်းနည်းပေးကြောင်း သိရပါသည်။

ဖေဖေကို ကျွန်တော် အိပ်ရာပေါ်မှ ပြောလိုက်ပါသည်။

"ဖေဖေက မနေ့မြောတတ်ဘူးနော်၊ သားဖို့ ဆေးတွေရော မုန့်တွေရော ဝယ်လာတယ်"

ဖေဖေရော မေမေပါ ကျွန်တော့ကို ပြုံးပြုံးကြီး ကြည့်နေကြပါသည်။ ကျွန်တော်လည်း မနေ့က ပိုက်ဆံကို ဖေဖေတို့မသိအောင် ယူသွားကြောင်း၊ မုန့်တွေဝယ်စားကြောင်း ဖွင့်ပြောလိုက်ပါသည်။ တဆက်တည်းပင် နောင်တွင် ဖေဖေတို့ မသိအောင် ဘာမျှမလုပ်တော့ပါဟုလည်း ကတိပေးလိုက်ပါသည်။



## မြန်မာ့တူရိယာ

ကြေးကိုထုတဲ့ တူရိယာ
မောင်းနှင့် ကြေးနှင့်
ယကွင်းပါ။

ကြိုးမှာတဖြာ တမျိုးပ၊
စောင်းကောက်ကလေး
သွင်လှလှ။

သားရေကျတော့ ဗုံမျိုးစုံ၊
ပတ်မကြီးက ဓိတ်ပိန်ထုံ။

လေအစုံ မှုတ်ခါထုတ်၊
ပလွေဝါးနှင့် နှဲကိုလုပ်။

လက်ခုပ်ကတော့
ရှည်လိုက်တာ၊
ဝါးကိုခြမ်း၍ တီးရိုက်ကာ။

တူရိယာ ငါးမျိုးထား၊
မြန်မာ့ဂီတများ။ ။

ပေါင်းတည် မြလှိုင်



R. 517


# မြန်မာ့ ဂျွမ်းဘား



ဂျွမ်းထိုးခြင်း၊ ကြိုးတန်းလျှောက်ခြင်း၊ ဆင်မြင်းတို့အပေါ်တွင် မတ်တတ်ရပ်လျက် သို့မဟုတ် အိပ်လျက်စသည်ဖြင့် အလှစီးနင်းပြခြင်းစသော ပညာရပ်များကို ဂျွမ်းဘားဟု ခေါ်လေသည်။

ဂျွမ်းဘားပညာသည် မြန်မာ့သမိုင်း ဒွာရဝတီခေတ်ကပင် တည်ရှိခဲ့သော ရိုးရာပညာတရပ်ဖြစ်၏။ ရှေးခေတ် မြန်မာ့ ပွဲလမ်းသဘင်များတွင် တူရိယာ အတီးအမှုတ် အမျိုးမျိုး၊ အကအမျိုးမျိုး၊ လက်ဝှေ့ပွဲ၊ နပန်းပွဲ စသည်တို့အပြင် ဂျွမ်းဘားပွဲလည်း ပါဝင်ကြောင်း စာဟောင်းပေဟောင်းများတွင် တွေ့ရ လေသည်။ ရှေးခေတ် မြန်မာ့ တပ်မတော်တို့ စစ်ချီကြရာတွင် ဂျွမ်းဘားသမားများလည်း လိုက်ပါရကြောင်း မြန်မာရာဇဝင်ကျမ်းများတွင် ဖော်ပြပါရှိ၏။

ရှေးခေတ်မြန်မာ့ဂျွမ်းဘားသမားများဝတ်စားဆင်ယင်ပုံမှာ ထိပ်တွင်ရောင်ထုံး၍ ပုဝါနှစ်ထောင်ပေါင်းရသည်။ ထိုးကွင်းများ ပေါ်အောင် ခါးတောင်းကျိုက်ထားရသည်။ အင်္ကျီကား အတွင်းခံ ကတ္တီပါဘောင်းဘီ ဒူးကျဝတ်ပြီး အပေါ်မှ ခါးတောင်းကျိုက်ထားသည်။ ကိုယ်ကာယ အလှ ပေါ်စေရန်အတွက် အင်္ကျီမဝတ်ကြဟု သိရ၏။



ယနေ့ ခေတ်စားနေသော ဂျွမ်းဘားပညာကား ရိုးရာ မြန်မာ့ ဂျွမ်းဘားပေါ်တွင် အခြေတည်၍ ဆင့်ပွားလာခြင်း ဖြစ်ပေသည်။

မှုရှာ — ဝင်းဖေ

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉ - ၁၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၈ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။


အတွဲ ၅။ အမှတ် ၂၆။

# ရွှေသွေး ဂျာနယ်


၁၃၃၅ ခု၊ ဝါဆိုလဆန်း ၁ရက် (၃၀-၆-၇၃)

## သူတပါးကို အထင်သေးသူ

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-ဖူးဖူးဆန်း



စနေနေ့တိုင်း ထုတ်ဝေသည်။


လိပ်တကောင်ဟာ သူနေတဲ့ ရေအိုင်က ဘယ်ကိုမှ မရောက်ဘူးဘူးတဲ့။
အလို - ရေနဲ့လာတော့ ညစ်ပတ်ပြီး - နေထိုင် ရတာကြပ်တည်းလာ ပါလား
နွေရာသီတနေ့မှာ ရေအိုင်ဟာ ရေခန်းစပြုလာတော့ အနေရခက်လာသတဲ့။
မဖြစ်ဘူး - မဖြစ်ဘူး ဒီ့ထက်ရေနဲ့လာယင်တော့ ဒီရေအိုင် နေလို့ မဖြစ်ဘူး
တနေ့ထက်တနေ့ ရေခန်းလာသော်
ဘယ်လဲ ကိုရွှေလိပ်
ဒီအိုင်ရေခန်းပြီး ကြာယင် ကျပ်ပိတ်ပြီး သေကုန် လိမ့်မယ်
ပစ်တော့ မထားခဲ့ ပါနဲ့ဗျာ
မင်းတို့က - ခြေမရှိ လက်မရှိ - ငါး တွေနဲ့
ကုန်းကြောင်း ဘယ်လိုလပ်လိုက် နိုင်ကြမှာလဲ - ကွ



ကျောပေါ် တင်ပြီး ခေါ်သွား ပါလား ဗျ
အေး - ဒီနားကို လာလေ
ဟဲဟဲ
ရေအိုင်ကို စွန့်ခွာပြီး ကုန်းပေါ်သို့ သွားစဉ်
နေကလဲ ပူလိုက်တာ ကြွပ် နေတာဘဲ.... ကြာကြာနေယင် မီးများတောင် ထတောက်မလား မသိဘူး -
သစ်ပင်ရိပ်အောက် ဝင်ခိုအုံး မှဘဲ
ဟောဟဲ
ဟောဟဲ
သစ်ပင်ရင်းသို့ ရောက်သော် မမြင်ဘူးသေး သော သတ္တဝါတကောင်ကို တွေ့၍
အလို...... နင်က-ဘာကောင်လဲ
ကြိုး-ကြိုးလှမြွေ- သိဘူးလား။ အိပ်နေတာ အလကား လာရှုပ် တယ်
မဟုတ်ပါဘူးဟဲ့ - ငါပြောချင်တာက - နင့်လို ဒုက္ခိတ လေးတွေဟာ ဘေးကင်းတဲ့ အရပ်မှာ နေရတာယ်ဟ .... အရေးကြုံပေါ် လာယင် ပြေးနိုင် တာမှ မဟုတ်ဘဲ
မြွေတဲ့ ရှင့် - မြွေ ရှင့်ထက်ပြေး နိုင်တယ်
တော်တော် - သူတပါးကို အထင်သေး တဲ့ လိပ်ငတုံးဘဲ


ထိုအခိုက်တွင် မီးခိုးလုံးကြီးများ တက်လာပြီး လေပြင်းတိုက်လာသဖြင့်
ဟာ
တောမီး လောင်လာပြီ
ကဲ - ရှောမနေနဲ့
မသေမရှင် လိမ်ဖယ်ဖယ် လေး
ပြေး ပေ တော့
ပြောပြောဆိုဆိုနှင့် မြွေလေးပြေးသော်
ပဒိုက် — တယ် မြန်ပါလား
မီးတောက်ကြီးများသည် တဟုန်းဟုန်းထကာ လိပ်အနီးသို့ ရောက်လာ၍
မိမိတွင်ရှိသော ခြေလက်များဖြင့် အစွမ်းကုန် ပြေးသော်လည်း နှေးကွေးလှသဖြင့် မီးလောင်ပြီး သေဆုံးရလေ၏။
ပြီး


သူသည် အတန်းထဲမှ မိဖြူ၏ ကျစ်ဆံမြီးကို ဆွဲပြေးသည်။
အား - နာတယ်
မောင်လှသည် အလွန် နောက်ပြောင် တတ်သော လူငယ်တဦးဖြစ်၏။
မိဖြူကနာ၍ အော်သောအခါ သူသည် ရယ်မော ပြီး ပြေးသွားသည်။
ဟား ဟား
တနေ့တွင် သူသည် စည်ပုံးလွတ်တခုထဲ ဝင်ပုန်း နေပြီး စန်းစန်းလာသောအခါ—
အမယ်လေး တော့
စန်းစန်းသည် အတော်လန့်သွားရှာသည်။
နင်လုပ်တာနဲ့ ငါတော့ ဘယ်နေ့ မှာမေ့ပြီးလဲမလဲ မသိဘူး
မောင်လှသည် မောင်ဘ၏ ထိုင်ခုံတွင် ကြေးသံမှို ချထားရာ မျက်မှန်တပ်ထားရသော မောင်ဘက မမြင်မစမ်းနှင့် ထိုင်မိသောအခါ—


မောင်ဘသည် အတော်စိတ်ဆိုးသွားသည်။
ဒါ၊ ရယ်စရာလားကွ၊ မင်းအဖို့ ရယ်စရာလို့ ထင်ပေမဲ့ ငါ့အတွက် ရယ်စရာ မဟုတ်တော့ဘူး၊ မင်း ဒီလို နောက်တာတွေ ရပ်ဖို့ သင့်ပြီ
ဟုတ်တယ် ဟုတ်တယ်
သည်းမခံနိုင်သူများက ဆရာနှင့်တိုင်၍ ဒဏ်ပေး ခံရသော်လည်း မဖြုန်ပေ။
နောက်တခါ ဆို မင်း အသိ ဘဲ
မောင်လှသည် အမှတ်မရှိပဲ နောက်မြဲတိုင်း နောက်နေသဖြင့် သူငယ်ချင်းများက သူ့အား ဆုံးမရန် နည်းလမ်း ရှာရတော့သည်။
မြင့်မြင့်က သူ၏အကြံကို ပြောပြလိုက်ရာ....
ဒီမှာ၊ မောင်လှ ကို မှတ်သားလောက်အောင် ဆုံးမမှ ဖြစ်မယ် ဒီတော့
ဟုတ်ပြီဟေ့၊ မြင့်မြင့်ပြောတဲ့ အကြံ အတိုင်းဆိုယင်၊ ဒီကောင် နောင်တရမှာဘဲ
ဟုတ်တယ်
နောက်တနေ့ ကျောင်းမုံ့စားဆင်းချိန်တွင်
မောင်လှသည် ထုံးစံအတိုင်း မိမြ၏ကျစ်ဆံမြီးကို တအားဆွဲလိုက်ရာ
ဟဲ့၊ မိမြ၊ ကျစ်ဆံမြီး ကျစ်လာ မြန်ပြီ
ရှင်နော်
အမလေး၊ ငါ့ ကျစ်ဆံမြီး ပြုတ်သွားပြီတော့၊ ဟီး အီး


မောင်လှသည် ကြောက်လန့်ပြီး ကျစ်ဆံမြီး အပြတ်ကြီးကို မိဖြူ၏လက်သို့ အတင်းထိုးပေးကာ ထွက်ပြေးသွားသည်။
မောင်လှသည် ကြောက်ကြောက်နှင့် တနေရာတွင် ပုန်းနေရင်း
ကျောင်းပြန်တက်သည့်တိုင် မောင်လှ ပြန်မလာသေးသဖြင့် သူငယ်ချင်းများက စိတ်ပူနေကြသည်
အား
အတန်ကြာသော် မောင်ဘသည် မောင်လှကို ပြန်ခေါ်လာခဲ့သည်။
ဟား ဟား
ဟား ဟား
သူငယ်ချင်းများက ဝိုင်းရယ်သဖြင့် မောင်လှသည် ရှက်တရက် ကြောင်သွားသည်။
ပြီး



# ဝံပုလွေနှင့် မြေခွေး

(ရက်အင်ဒီးယန်း ပုံပြင်)

ပြန်ဆိုသူ — မုံရွာဝင်းဖေ

သရုပ်ဖော် — ဦးဘကြည်



တခါက မြေခွေး တကောင်သည် အလွန် ဆာလောင်နေသဖြင့် ခွေးတို့၏ ရွာသို့သွားပြီး ခွေးဝတကောင်ကို ဖမ်းယူလာခဲ့၏။ ထို့နောက် သူသည် မီးဖိုလိုက်၏။ ပြီးလျှင် ခွေးကိုယူလာပြီး ပြာပူဖြင့် ဖုံးအုပ်ကာ ကင်လိုက်လေတော့သည်။ ခွေးသားမှာ အလွန်မာသဖြင့် ကြာရှည်ကင်ရမည်ဖြစ်ရာ မြေခွေးသည် ခဏသွားအိပ်နေလေသည်။

ထိုအခိုက် ဝံပုလွေ ရောက်လာ၏။

"မွှေးလိုက်တာဟော့၊ မွှေးလိုက်တာ"

ဝံပုလွေသည် အသားကင်အနံ့ကိုရပြီး သွားရည်ကျနေ၏။ မြေခွေးအိပ်နေသည်ကို ဝံပုလွေတွေ့သော် ကင်ထားသောခွေးကို ဆွဲယူကာ ထွက်ပြေးပါတော့သည်။ ထို့နောက် ခွေးကင်ကို အကုန် စားပစ်လိုက်လေ၏။



မြေခွေးအိပ်ရာမှနိုးသော် ခွေးကင်ကိုမတွေ့သဖြင့် ပြာပုံဆီသို့ သွားကြည့်ရာ ထင်ကျန်နေခဲ့သော ခြေရာများကိုတွေ့ပြီး "သိပြီ၊ သိပြီ။ ဟိုဝံပုလွေ ငါ့အပေါ် လူလယ်လုပ်သွားတာကိုး။ ဒီကောင်ကိုဖမ်းပြီး သတ်ပစ်ရမယ်" ဟု ကြိမ်းဝါးကာ ဝံပုလွေနောက်သို့ ခြေရာခံ၍ လိုက်သွားတော့၏။ ဝံပုလွေလည်း မြေခွေး စိတ်ဆိုးပြီး သူ့ဆီ ပြေးလာနေသည်ကို မြင်သော် ခပ်တည်တည်ဖြင့် "ဗျို့ ကိုမြေခွေး - ကျုပ်ကို ကူစမ်းပါအုံးဗျာ။ ဟိုမှာ ကျောက်စွန်းကြီးပဲ့ကျလာနေပြီဗျ။ ကျုပ်တို့နှစ်ကောင်လုံး သေကုန်လိမ့်မယ်"ဟူ၍ အော်ပြောလိုက်၏။

မြေခွေးသည် အပေါ်သို့ မော့ကြည့်လိုက်ရာ ကျောက်စွန်းကြီး၏ အပေါ်တွင် တိမ်တောင်များ ပြေးသွားနေသဖြင့် တကယ်ပင်ကျောက်စွန်းကြီး ပဲ့ကျလာနေသည်ဟု ထင်ပြီး၊ ဝံပုလွေ၏ဘေးသို့ ခုန်တက်လိုက်ကာ ကျောက်စွန်းကြီးဆီသို့ တအားပြေးကပ်လိုက်၏။ ထိုအခါ ဝံပုလွေလည်း အဝေးသို့ခုန်ထွက်ပြေးပြီး


"ကျောက်စွန်းကြီးကို ထောက်ထားဘို့ ကျုပ်တုတ်ရှာလိုက်အုံးမယ်။ ခဏာမ,ထားပါအုံး" ဟု မြေခွေးကိုပြောထားခဲ့၏။

မြေခွေးလည်း ဝံပုလွေကို စောင့်ရင်းဖြင့် တနေကုန် သွားတော့သည်။ ထိုအခါ သူကို ဝံပုလွေညာသွားကြောင်းရိပ်မိပြီး ဝံပုလွေနောက်သို့ လိုက်သွားပြန်၏။ ဝံပုလွေသည် မြစ်ကမ်းတလျှောက်ပြေးဆင်းသွားပြီး မြေခွေး လာနေသည်ကိုမြင်သော် "လာပါအုံးဗျာ။ ကျုပ်ခင်ဗျားဘို့ ဒိန်ခဲတခြမ်း ချန်ထားတယ်။ ဒါပေမဲ့ ဒိန်ခဲက မြစ်ထဲကိုကျသွားတယ်ဗျ" ဟု ညာပြီးပြောလေ၏။

မြေခွေးသည် မြစ်ထဲတွင် လခြမ်းရိပ် ထင်ဟပ်နေသည်ကို တကယ်ပင် ဒိန်ခဲ ဟု ထင်ပြီး သွားရည်ကျလာကာ "ကျုပ် ဘယ်လိုလုပ်ယူရပါ့မလဲ" ဟု ညည်းတွားလိုက်၏။ ထိုအခါ ဝံပုလွေက "လွယ်ပါတယ်။ ခင်ဗျားရဲ့အမြီးကို ကြိုးနဲ့ချည်ပြီး ကြိုးတဖက်ကို ဒီကျောက်တုံးကြီးနဲ့ ချည်ထားမယ်။ ခင်ဗျားမြစ်ထဲဆင်းပြီး ဒိန်ခဲကို ယူလေ။ ရယင်အော်လိုက်။ ကျုပ်ဆွဲတင်မှာပေါ့" ဟု ပြောပြ၏။

မြေခွေးလည်း အကြံကောင်းပဲ ဟု တွေးကာ သူ့အမြီးကို ကြိုးချည်ခွင့်ပြုလိုက်၏။ ဝံပုလွေလည်း မြေခွေး၏အမြီးကို ကြိုးဖြင့်ချည်ပြီး၊ ကြိုး၏အခြားတဖက်ကို ကျောက်တုံးတွင် ချည်ကာ မြေခွေးကို "ကဲ–ဆင်းနိုင်ပြီ" ဟူ၍ ပြောလိုက်၏။ မြေခွေး မြစ်ထဲသို့ ခုန်ဆင်းသွားသောအခါ ဝံပုလွေလည်း ကျောက်တုံးကိုပါ မြစ်ထဲသို့ပစ်ချပြီး လေချွန်ကာ ထွက်ခွာသွားလေတော့သည်။

ဤသို့ဖြင့် စဉ်းစားဉာဏ်နည်းပါးလှသော မြေခွေး၏ဘဝမှာ ဇာတ်သိမ်းသွားရှာတော့၏။








သည့်နောက်တွင် ရပ်ကွက် ဘောလုံးကစား ပွဲများ၌ မျိုးညွန့်စိန်ကို မတွေ့ရတော့ပါ—


အေးကွယ်
နောက်ရက်များတွင် မျိုးညွန့်စိန်မှာ သူငယ်ချင်း အပေါင်းအဖော်များကို အတွေ့မခံပဲ ရှောင်နေတော့၏
မျိုးညွန့်စိန်မရှိဘူး ကွဲ့



မမလေး-ကျော့မင်းအတွက်စာ-ခုနကဘဲ လှမြတ်ဦးလာပေးသွားတယ်
ဖတ်ကြည့်အုံးမယ်
ဟိုးညွန့်ခိုင်-မင်းဘယ်လိုဖြစ်နေတာလဲ နှီးကိုမခင်တော့ဘူးလား-မင်းရဲ့ကောဂါကိုမင်း အတော်ခင်တွယ်နေပုံရတယ် ငါတို့ကိုတောင်အတွေ့မခံ တော့ဘူး-မင်းတို့-ငါတို့ ဘယ်လောက်ချစ်ကြသလဲ ဆိုတာတော့-မင်း အသိပါဘဲ-ကွာ
ခုဆိုနှီးရဲ့ဘောလုံးအသင်းမှာလဲမင်းမပါလို့ အနိုင်မရနိုင်တော့ဘူး-ကောဂါဆိုတာ မပျော်ဘူးကွ-ဒီကောဂါပါကျုံးဝင်တယ်-ဒီတော့
လဲပေါ့ဆဆနေသရွေ့တော့မင်းခုမှာဘဲ ကောဂါပျောက်အောင်ကုပါကွာ-မင်းကောဂါ ပျောက်မှနှီးသူငယ်ချင်းတွေဘယ်လောက် ဝမ်းသာမလဲ-နော်
မေမေရေ-မေမေ့သားအမြန်မှန်ကူပို့ ဆေးရုံကိုသွားတော့မယ်-လှမြတ်ဦးတို့ အထဲမှာသူတို့ကသားကိုအမြဲတမ်းမျှော် လင့်နေပါတယ်တဲ့-
ရက်သတ္တတပတ်အကြာ
သူငယ်ချင်းတို့ရေ-မင်း ရဲ့ကျန်းမာရေးအခြေအ နေကိုကြားရတာနှီးသိပ်ဝမ်းသာတာဘဲ-ဒီ အပတ်ထဲမှာဘောလုံးပွဲနိုင်အောင်လိုက်တော့ မယ်နော်.
မိုး

# ကမ္ဘာ့အဝဆုံးလူသား



ကမ္ဘာပေါ်တွင် အဝဆုံးလူသားမှာ ရောဗတ်ဟျူ ဖြစ်သည်။ သူသည် ၁၉၂၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အီလီနွိုင်ပြည်နယ်ရှိ မွန်တီစယ်လိုအရပ်၌ ဖွားမြင်သည်။ မွေးမွေးချင်း ၁၁ ၃/၄ ပေါင်ရှိသည်။ အသက်ခြောက်နှစ်သားတွင် ၂၀၃ ပေါင် လေးလာသည်။ ဆယ်နှစ်သား ရောက်သော်အခါ ၃၇၀ ပေါင်ရှိလေပြီ။ ၂၇ နှစ်အရွယ်တွင်မူ ပေါင် ၉၄၅ ထိ တက်လာသည်။ သူ၏ အများဆုံး ကိုယ်အလေးချိန်မှာ ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်၍ ပေါင် ၁၀၆၉ ရှိသည်။ ထိုကိုယ်အလေးချိန်မျိုး ယနေ့ထိ မည်သူမျှ မရှိသေးချေ။ သူ၏ ရင်အုပ်မှာ ၁၂၄ လက်မကျယ်သည်။ ခါး ၁၂၂ လက်မရှိသည်။ လက်မောင်းအိုး လက်မ ၄၀ မျှထိ ကြီးမားသည်။ အသက် ၃၂ နှစ်ရောက်သည့် ၁၉၅၈ ခု ဇူလိုင်လ ၁၀ ရက်နေ့တွင် ခန္ဓာကိုအတွင်း ယူရီယာဓာတ် အလွန်အကျံ့များသည့်ရောဂါဖြင့် ကွယ်လွန်သည်။ သေဆုံးချိန်တွင်ပင် သူ၏ ကိုယ်အလေးချိန်မှာ ၁၀၄၁ ပေါင်ရှိသေးသည်။ သူ့အလောင်းကို အလျား ၇ ပေ၊ အနံ ၄ ပေ ၄ လက်မရှိ ခေါင်းတွင်း ထည့်သွင်းခဲ့ရ၍ ထိုခေါင်းကြီးသည် ပေါင် ၁၁၀၀ ခန့် လေးသည်။ အီလီနွိုင်ပြည်နယ် မောင့်စတားလင်းအရပ်ရှိ ဗင်ဇီးသင်္ချိုင်းတွင် မြှုပ်နှံလိုက်ကြရာ ထိုခေါင်းကြီးကို ဝန်ချီစက်အကူအညီဖြင့် မြေချခဲ့ရသည်။

အောင်သန်းချစ်




## ကျွန်တော့်ကိုကူညီပါ



ဟောဒီအကွက်ကိုးကွက်ထဲမှာရှိတဲ့ ပန်းသီးကိုးလုံး အနက် သုံးလုံးကို ကျွန်တော်စားဖို့မေမေကခွင့်ပြုထယ်။ ဒါပေမဲ့ ကျန်တဲ့ခြောက်လုံးဟာ ဘေးတိုက်ကြည့်ကြည့်၊ ဒေါင်လိုက်ကြည့်ကြည့် နှစ်လုံးစီ ကျန်ရမယ်တဲ့။ ကျွန်တော် ဘယ်အလုံးတွေယူရမလဲ?

# ရေသာခိုစိတ်ဓာတ်

မောင်ကျော်သူ (စက်မှု)



ကျွန်တော်သည် ရေစီး၌ မျောပါနေ၏။ မည်သည့်နေရာသို့ ရောက်သွားမည်ကို မမှန်းဆနိုင်ပါ။ ထို့ကြောင့် "ဟေ့–ငါ ဘယ်ကို ရောက်မလဲ၊ သိယင် ပြောကြစမ်းပါကွာ" ဟု မြင်သမျှသူတွေကို မေးမြန်းရ၏။

ကျွန်တော့်စကားကို ကြားသော သစ်ပင်ကြီးက ခေါင်းခါ၏။ ဝါးများကလည်း မပြောကြ။ လူတွေကလည်း မပြော။ မည်သူ တဦး တယောက်ကမျှ မပြောနိုင်ချေ။ "မင်းဟာ– ဘယ်သောင်၊ ဘယ်စခန်း၊ ဘယ်ကမ်းမှာကပ်မလဲဆိုတာ မင်းကိုယ်တိုင်မှမသိဘဲ တို့ဘယ်သိနိုင်ပါ့မလဲ" ဟုသာ ဖြေကြ၏။

ဟုတ်ပေသည်။ ကျွန်တော့်ခရီးစဉ်ကို ကျွန်တော်ကိုယ်တိုင်မှ မသိတော့ မည်သူက သိပေမည်နည်း။ ကျွန်တော့်ဘဝကား သူတပါးကိုသာ မှီခိုနေရသဖြင့် စိတ်ပျက်စရာ ကောင်းလှ၏။

ရေ ငြိမ် လျှင် ကျွန် တော် လည်း ငြိမ်နေရသည်။ ရေသောလျှင်တော့ ကျွန်တော် မလှုပ်ရှားနိုင်တော့ပါ။ ရေဝဲနှင့်တွေ့သောအခါ ကျွန်တော်လည်း ဝဲလှည့်ရပြီး ရေဝဲကစုပ်ယူလျှင် ကျွန်တော်မြုပ်ရတော့၏။ ရေခန်းလျှင် ကျွန်တော်သည် ရေမျောကမ်းတင် ဖြစ်တော့မည်။ အရာမထင်သော ဘဝလမ်းမှာ အဆုံးသတ်ရပေတော့မည်။

ကျွန်တော်သည် ရေစီးဖြင့် စုန်ဆင်းလာရာ လှေနှစ်စင်းကို တွေ့ရ၏။ လှေတစင်းပေါ် မှ လူများမှာ တုတ်တွေ၊ ထားတွေ တ ဝင့် ဝင့် နှင့် ကြောက် စ ရာ ကောင်း လှ ၏။ လှေ နှစ် စင်း အ နား သို့ ရောက် သွား သော အခါ အားကြီးသူက အားငယ်သူကို မတရားပြုနေကြသည်ကို တွေ့ရ၏။ ထားပြ၍ လုယက်တိုက်ခိုက်နေကြ၏။

"ဟေ့ကောင်တွေ၊ မင်းတို့ဟာ ရေသာခိုသမားတွေဘဲ။ မင်းတို့ဘဝကို မင်းတို့အရှုံးပေးနေကြတယ်။ မင်းတို့ရဲ့မတရားမှုက သက်သေ ပြနေတယ်ကွ။ မင်းတို့မှာရှိတဲ့ အသိဉာဏ်ဟာ အလကားဘဲ"

ကျွန်တော်က ဒေါသဖြင့် အော်ပြောလိုက်သည်။ သို့သော် ကျွန်တော့်အသံကို ရေလှိုင်းတို့က ဖုံးလွှမ်းထားသဖြင့် လုယက်နေသူများ မကြားကြချေ။

"မင်းတို့လူတွေဟာ သက်ရှိသတ္တဝါတွေထဲမှာ အသိဉာဏ်အရှိဆုံးလို့ ဆိုထားတယ်မဟုတ်လား။ မကောင်းတဲ့ အလုပ်ကိုစွန့်ပစ်ပြီး ကောင်းတဲ့ဖက်ရောက်အောင် ကြံဖန်လုပ်ကြပါလား။ မင်းတို့ ဒီလိုသာ ရေသာခိုနေယင်မကောင်းတဲ့ သံသရာမှာဘဲ ကျင်လည်နေရမယ်ဟေ့"

ကျွန်တော် စကားအများကြီးပြောချင်ပါသည်။ သို့သော် ရေစီးက ကျွန်တော့်ကို ခေါ်ဆောင်နေပါ၏။ ကျွန်တော် လုပ်ချင်ရာကို မလုပ်ရ။ ပြောချင်ရာကို မပြောရ။ အစွမ်းအစမရှိသူတဦး ဖြစ်နေရတော့၏။ "ငါဟာ တန်ဘိုးမရှိပါလား" ဟူသော အသိဖြင့် ဝမ်းနည်းရတော့၏။

"ခင်ဗျားကလဲဗျာ– စိတ်ပျက်လွယ်လိုက်တာ။ ခင်ဗျားမှာ အစွမ်းအစလဲရှိ၊ တန်ဘိုးလဲရှိပါတယ်ဗျ။ ရေစီးပေါ်မှာလေ"

ငါးတကောင်က ကျွန်တော့်ကို လာ၍ လှောင်၏။

"ဟေ့ကောင်– မင်း ငါ့ကို မလှောင်နဲ့ကွ၊ သွားစမ်း"

ကျွန်တော်သည် စိတ်တိုနေ၏။ ဒေါသထွက်နေ၏။ စကားလာပြောသော ငါးကို အသေသတ်မည်ဟု လှုပ်ရှားလိုက်သည်။ သို့သော် ရေစီးက ကျွန်တော့်ကို ခေါ်သွားပြန်လေပြီ။ ငါးကလေးက ကျွန်တော့်ကို ရှောင်လျက် အဝေးသို့ကူးခပ်သွားတော့၏။ ကျွန်တော့်မှာ မကျေမနပ်ဖြင့် အဖော်မဲ့စွာ ခရီးဆက်ရပြန်လေ၏။

"ရေသာခိုသမားကို ဘယ်သူမှ ဂရုမစိုက်ပါလား"ဟု ကျွန်တော် သံဝေဂရမိ၏။ "ဖြစ်လေရာဘဝမှာ ရေသာခိုသူ အဖြစ်မရောက်ရပါစေနှင့်"ဟု ကျွန်တော် ဆုမွန်တောင်းမိ၏။

ရေစုန်လျှင် ကျွန်တော်စုန်ဆင်းရသည်။ ရေဆန်လျှင် ကျွန်တော်လည်း ဆန်တက်ရသည်။ ထိုမှ သည်သို့ လူးလာ ခေါက်တုံ့ သွားနေရ၏။ ကမ်းပေါ်ရှိ သစ်ပင်ကြီးက ကျွန်တော့် အဖြစ်ကို ကြည့်၍ ရယ်လေ၏။

"မင်းလဲ ကမ်းနားသစ်ပင်ပါကွာ။ တနေ့ကျတော့ မင်းဘဝလဲ ငါ့ဘဝလိုဘဲ ဖြစ်မှာပါ။ အဲဒီတော့မှ မင်းလှောင်တာကို နောင်တမရနဲ့"

ကျွန်တော်သည် တွေ့သမျှကိုသာ ဒေါသထွက်နေ၏။ မိမိကိုယ်ကို ကောင်းအောင် ကြိုးစားချင်စိတ်မရှိတော့။ ထိုစဉ် –

"သစ်တုံးတတုံးဟေ့၊ ထင်းဆိုက်ရအောင် ဆယ်ကွာ"

ကျွန်တော် ကံကောင်းပြီဟု ဆိုရပေမည်။ ကမ်းတခုသို့ ကပ်မိစဉ် အသိဉာဏ် ရှိသောသူ တယောက်က ကျွန်တော့်ကို ဆယ်တော့၏။

ကျွန်တော့်ကို နေမှာလှန်းသည်။ ခြောက်သွားသောအခါ ကျွန်တော့်ကိုခွဲစိတ်ကြပါသည်။

"အသိဉာဏ်ရှိတဲ့ လူတွေကို ပြောရအုံးမယ်ဗျာ။ ခင်ဗျားတို့ဟာ ရေသာခိုစိတ်ဓာတ်ပယ်ပြီးတော့ ခင်ဗျားတို့ဘဝ ကောင်းအောင် ကြံဆောင်လုပ်ကိုင်ကြပါ။ ခင်ဗျားတို့ဝတ်တဲ့ ပုဆိုးတို့၊ ထမီတို့ ကျွတ်လို့ ရှက်တာထက် ရေသာခိုစိတ်ဓာတ် ရှိသူလို့ အပြောခံရယင် ပိုရှက်ကြပိုနာကြဗျ။ မှတ်ထား။ ဒါဘဲကျုပ်ပြောချင်တယ်"

ကျွန်တော်မှာစရာရှိသည်ကို မှာခဲ့ရပြီ။ ကျွန်တော့် ဘဝကို ရေမျောကမ်းတင်ဘဝမှအကျိုးရှိစွာ အသုံးချရသည့် အတွက် ကျေနပ်ဝမ်းသာနေမိ၏။ ကျွန်တော့်ကိုယ်ကို မီးလောင်ကျွမ်းခံလိုက်ပါပြီ။ အချက်အပြုတ်တို့သည် နူးနပ်၍ ကျက်ကြပါစေသတည်း။

## အမွေ

ပြည်ပေါက်ကံမှာ မင်းကျန်စစ်တဲ့၊
ပြည်ချစ်ပုဂ္ဂိုလ် ဇာနည်မွန်။

မွန်နဲ့မြန်မာ ချစ်ကြည်ရေးကို၊
အရှည်တွေးလို့ လမ်းပြညွှန်။

တိုင်းပြည်ရိကွာ ပေါကြွယ်များဖို့၊
ပုဂံသားတို့ စိုက်ပျိုးထွန်။

မင်းနဲ့ပြည်သူ တစိတ်တဝမ်းမို့၊
ညီကြစမ်းကွဲ့ အားမာန်တံခွန်။

ဘုရားကျောင်းကန် စေတီပေါလို့၊
ဝပြောစည်တဲ့ ပြည်အမွန်။

ပုဂံသားတွေ အမွေပေးတဲ့၊
သွေးစည်းစိတ်ဓာတ် ကြွယ်တံခွန်။
လမ်းပြညွှန်၊ လမ်းပြညွှန်။ ။

သန်းဝင်းနိုင်



R. 517

# မြန်မာပြက္ခဒိန်




ပြက္ခဒိန်ဟူသည်မှာ အချိန်ကို ပိုင်းခြား သတ်မှတ်ခြင်း၊ တနည်းဆိုရသော် နှစ်အပိုင်းအခြား၊ ရာသီ အပိုင်းအခြား၊ လအပိုင်းအခြား၊ နေ့ရက် အပိုင်းအခြား သတ်မှတ်ခြင်းပင် ဖြစ်သည်။

ပက္ခ (လဆန်းလဆုတ်)နှင့် ဒိန (နေ့များ)ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာခြင်း ဖြစ်သဖြင့် ''ပက္ခဒိန်''ဟု သုံးနှုန်းရမည် ဖြစ်သော်လည်း၊ ယခုအခါ ''ပြက္ခဒိန်''ဟုပင် အများက ရေးသား ခေါ်ဝေါ်နေကြသည်။

မြန်မာပြက္ခဒိန်အလိုအရ တနှစ်လျှင် ၁၂ လရှိ၍၊ တလတွင် ရက်စုံလဖြစ်လျှင် ရက်ပေါင်း ၃၀၊ ရက်မစုံလျှင် ရက်ပေါင်း ၂၉ ရက်အသီးသီး ရှိလေသည်။ တန်ခူး၊ ကဆုန်၊ နယုန် စသည်ဖြင့် အစဉ်အတိုင်း ရေတွက်၍ နံပတ်စဉ်အားဖြင့် မဂဏန်းကျသောလသည် ရက်မစုံလ ဖြစ်ပြီး စုံဂဏန်းကျသောလသည် ရက်စုံလဖြစ်၏။

မြန်မာပြက္ခဒိန်တွင် တခါတရံ ဝါကြီးထပ်သောနှစ်များရှိ၏။ ဝါကြီးထပ်ခြင်းမှာ လိုနေသည့်ရက်များကို ဖြည့်ပေးသည့် သဘောသာဖြစ်သည်။ သက္ကရာဇ်ကိုတည်၍ ၁၉ ဂဏန်းဖြင့် စားပြီး စားကြွင်း ၁၊ ၄၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၇ အသီးသီးရသောနှစ်များတွင် ဝါထပ်ရမည်ဟု ပညာရှိများ သတ်မှတ်ထားကြသည်။

မြန်မာ နှစ်ဆန်းတရက်နေ့သည် သာမန်နှစ်၏ တန်ခူးလဆန်း တရက်နေ့မဟုတ်ပဲ၊ သင်္ကြန် တက်ပြီး နောက်တနေ့သာလျှင် နှစ်ဆန်းတရက်နေ့ ဖြစ်၏။ တန်ခူးလသည် နှစ်၏ ပထမလ ဖြစ်သော်လည်း နှစ်ဆန်းမတိုင်မီ ရက်များမှာ နှောင်းတန်ခူးလ၏ ရက်များဖြစ်၍ နှစ်ဆန်းပြီးနောက်ရက်များမှာ ဦးတန်ခူးလ၏ ရက်များဖြစ်သည်။



မုံရွာ ဝင်းဖေ


၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၇ အရထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်



ပေါင်းချုပ်





အတွဲ-၅

အမှတ်-၁-မှ-၂၆-ထိ

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/